# ပါယာသိသုတ္တန်

## တရားတော်

သဲကုန်း အရှင် ဉာဏိဿရ
( သပိတ်အိုင် )



သဲကုန်းအရှင်ဉာဏိဿရ [သပိတ်အိုင်]

သဒ္ဓမ္မသီတဂူချောင်၊ စစ်ကိုင်းတောင်ရိုး

## သဲကုန်း၊ အရှင်ဉာဏိဿရ (သပိတ်အိုင်) ၏

## ကိုယ်ရေး အတ္ထုပ္ပတ္တိအကျဉ်း

၁။ ၁၂၉၈ ခု၊ တပေါင်းလပြည့်နေ့ ပဲခူးတိုင်း၊ ပုတီးကုန်းမြို့တွင် ဖွားမြင်သည်။

၂။ ၁၃၁၈ ခု၊ နယုန်လဆန်း ၄ ရက်နေ့တွင် ရဟန်းဘောင်တက်ရောက်သည်။

၃။ သဲကုန်းမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့၌ ဗုဒ္ဓစာပေကို လေ့လာသင်ကြားခဲ့သည်။

၄။ ၁၃၂၃ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

၅။ ၁၃၂၄–၂၅–၂၆ ခုနှစ်များ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သံဃတက္ကသိုလ်၌ သာသနာပြုနည်းနှင့် ဘာသန္တရပညာရပ်များကို လေ့လာသင်ကြားခဲ့သည်။

၆။ ၁၃၂၇–၂၈ ခုနှစ်များတွင် မြန်မာပြည်အစွန်အဖျား ကျေးလက် တောရွာများသို့ သွားရောက်၍ ပရဟိတလုပ်ငန်း သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၇။ ၁၃၂၉ ခုနှစ်မှစ၍ ၁၃၃၃ ခုနှစ် အထိ ငါးနှစ်တိုင်တိုင် စစ်ကိုင်းတောင်ရိုး အနီးစခန်း ဆရာတော်ထံတွင် ဗုဒ္ဓစာပေကို ဘာသန္တရ ပညာရပ်များနှင့် တွဲဘက်၍ သင်ကြားခဲ့သည်။

၈။ ၁၃၃၄·၃၅–၃၆–၃၇ ခုနှစ်အထိ ၄ နှစ်တိုင်တိုင် မွန်ပြည်နယ် ကျုံကကျေးရွာ၊ "သပိတ်အိုင်တောရ" ကျောင်းတွင် ပဋိပတ္တိ လုပ်ငန်းကို လေ့လာကျင့်သုံးခဲ့သည်။

၉။ ၁၃၃၈ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ "သဒ္ဓမ္မသီတဂူကျောင်း"ကို တည်ထောင်ပြီး မလွန်ဆန်လှူတရားပွဲများမှ စတင်၍ တရား ဟောသည်။

၁၀။ ၁၃၄၂ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် သီတဂူ ရေအလှူတော် စီမံကိန်းကို စတင်ချမှတ်ဆောင်ရွက်သည်။

၁၁။ ၁၃၄၃ ခုနှစ်တွင် အာရှ ၆ နိုင်ငံသို့ သာသနာပြုခရီး ထွက်ခဲ့သည်။

၁၂။ ၁၃၄၄ ခုနှစ်တွင် ကမ္ဘာတပတ် ၁၂ နိုင်ငံ သာသနာပြုခရီး ထွက်ခဲ့သည်။

၁၃။ ၁၃၄၆ ခုနှစ် နတ်တော်လမှစ၍ သီတဂူ သံဃဆေးရုံစီမံကိန်းကို စတင် အကောင်အထည်ဖော်သည်။

၁၄။ ၁၃၄၇ ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် သီတဂူ ရေအလှူတော် စီမံကိန်း ပြီးစီးအောင်မြင်သည်။

သီတဂူ စာအုပ်အမှတ်စဉ် (၃၁)

သဲကုန်း အရှင်ဉာဏိဿရ
(သပိတ်အိုင်)
၏

# ပါယာသိသုတ္တန်
တရားတော်

* ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် (၄၀၁)
* ဘာသာရေး မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၃၃၂)

ပုံနှိပ်ခြင်း

၁၉၇၅၊ စက်တင်ဘာလ၊ (ပထမအကြိမ်)

အုပ်ရေ—၃၀၀၀

ပန်းချီ

မောင်အေးမြင့် (မြန်မာ့ရှိုးရှာဒီဇိုင်း)

တန်ဖိုး

၂၅ကျပ်

ဘလောက်

အဝင်း

အဖုံးရိုက်

နေလွင်အောင်

ထုတ်ဝေသူ

ဦးသိန်းလွင်၊ မိုးပွင့်စာပေ (မြဲ ၀၇၇၅)

အမှတ် ၆၆၊ ၉၃ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ


ဒေါ်အေးမြင့်၊ အောင်ချိုငွေး ပုံနှိပ်တိုက် (မြဲ ၀၂၁၆၆)

အမှတ် ၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။

## သီတဂူမေတ္တာ

၁။ ဘေးရန်မပေါ်လှ၊ လောကတွင်းမှာ
သူသူငါကို၊ ချမ်းသာပြုလတ်
အေးစေတ်မေတ္တာ၊ လှရောင်ဝါ
ပြောင်စွာထွန်းပ ပါစေသတည်း။

၂။ မေတ္တာဖွေးလျှပ်၊ အအေးဓာတ်ဆောင်
အရောင်တွေ့လတ်၊ ဇာတ်အဖြစ်မြဲ
သတ္တဝါ ချမ်းသာပါစေသော်။ ။





# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| စာဖတ်သူများသို့ | က |
| စကားဦး | ၃ |
| **ပထမပိုင်း** | |
| ပလ္လင်ဖွင့် ဘုရားရှိခိုး | ၁၃ |
| မိစ္ဆာဒိဋ္ဌိမှ လွတ်ကြောင်းဒေသနာ | ၁၅ |
| မမ္မကထိက ဒေတဂ်ဘွဲ့ရပုံချင်း ကွာခြားမှု | ၁၆ |
| စိတ္တ(စိတြ)ကထိ မမ္မကထိက ဧတဒဂ်ဘွဲ့ရရှိခြင်း | ၁၇ |
| အရှင်ကုမာရကဿပ ခရီးဒေသစာရီလှည့်လည် | ၁၉ |
| သေတဗျမြို့အဦးက ယင်းတိုက်တောမှာ သီတင်းသုံး | ၂၀ |
| အရှင်ကုမာရကဿပရဲ့ အတိတ်ဘဝ | ၂၁ |
| ရဟန်းခုနစ်ပါးတို့ရဲ့ ပြက်အားတဲ့ ဇွဲ လုံ့လ-ဝီရိယ | ၂၂ |
| ဗုဒ္ဓဂေါတမလက်ထက်တော် ရောက်လာသောအခါ | ၂၃ |
| အနာဂါမ်ဗြဟ္မာကြီးရဲ့ ကူညီမှု | ၂၄ |
| ဝမ္မိကသုတ္တန် နာကြားအပြီး ရဟန္တာဖြစ် | ၂၅ |
| အာသနာ့ဘောင်ရောက်တော့မှ ပေါ်လာတယ် | ၂၅ |
| ကဲ့ရဲ့သတင်း ပြောဆိုကြပြီ | ၂၆ |
| ရှင်ဒေဝဒတ်က လူထွက်ခိုင်းသော်လဲ | ၂၇ |
| ဗုဒ္ဓဖွဲ့ပေးလိုက်တဲ့ ဝိနိစ္ဆယဂုံရုံး | ၂၈ |
| အရှင်ဥပါလိမထေရ် ဆုံးဖြတ်ချက်ချ | ၂၉ |
| အရှင်ကုမာရကဿပ လောင်းလျာမွေးဖွားလာခြင်း | ၃၀ |
| ကုမာရကဿပလို့ နာမည်ပေး | ၃၁ |
| အရှင်ကုမာရကဿပ ရဟန္တာဖြစ်ပြီ | ၃၂ |
| အရှင်ကုမာရကဿပ သေတဗျမြို့ရောက်လာ | ၃၂ |
| အဘိသိက်အသွန်းမခံရတဲ့ ရှင်ဘုရင် | ၃၄ |
| သေတဗျမြို့ရဲ့ အခြေအနေ | ၃၅ |

## မာတိကာ


| | |
|---|---|
| သေတဗျမြို့ကို အပိုင်စားရခြင်းအကြောင်း | ၃၆ |
| ပါယာသိမင်းကြီးရဲ့ ဆင်ခြေဆင်နေ | ၃၇ |
| ပါယာသိမင်းကြီးရဲ့ အယူအဆများ | ၃၈ |
| အရှင်ကုမာရကဿပ ရောက်လာသတဲ့ | ၄၁ |
| ဥစ္ဆေဒဒိဋ္ဌိဆိုတာ ဘာလဲ | ၄၀ |
| အကြောင်း, အကျိုး, အလုပ်ပယ်တဲ့ဝါဒ | ၄၀ |
| အရှင်ကုမာရကဿပအကြောင်း သောက်လှမ်းကြတယ် | ၄၃ |
| စုံစမ်းထောက်လှမ်းတော့ သိကြတယ် | ၄၄ |
| ဗိလိပုဂ္ဂိုလ်မျိုးထံ ချဉ်းကပ်ရယင် | ၄၅ |
| အုပ်စုဖွဲ့ကာ စုရုံးချီတက်သွားကြပြီ | ၄၇ |
| ပါယာသိမင်းကြီး လူအုပ်ကြီးကို တွေ့မြင်သွားပြီ | ၄၈ |
| ပါယာသိမင်း အမတ်ကြီးကိုမေးပြီ | ၅၀ |
| ပါယာသိမင်း အတင်းစုံလင်သိရပြီ | ၅၁ |
| စိုးရိမ်ထိတ်လန့်သွားတဲ့ ပါယာသိမင်းကြီး | ၅၂ |
| သူ့ဝါဒမပျောက်ခင် ငါအလျင်သွားမှ | ၅၄ |
| ပါယာသိမင်းလဲ လိုက်မလို့တဲ့ | ၅၅ |
| ပါယာသိမင်း အရှင်ကုမာရကဿပထံ ချဉ်းကပ်ပြီ | ၅၇ |
| ဝမ်းမြောက်စရာစကား ပြောကြားလို့ | ၅၈ |
| မမေ့နိုင်တဲ့စကား ပြောကြားလို့ | ၆၀ |
| ပါယာသိမင်းနဲ့ သေတဗျမြို့စားများ | ၆၁ |
| ငါ့အုပ်စုကဲ့ပြီးတော့လာကြတယ် | ၆၃ |
| မရှိဂိုဏ်းဆိုတာ ပေါ်ခဲ့ဖူးတယ် | ၆၄ |
| သမ္မာဒိဋ္ဌိလူစားနဲ့ ခွတုတ်သမား | ၆၅ |
| နှစ်ဘက်စလုံး ကျေနပ်အောင်တဲ့ | ၆၆ |
| နာမည်ကြော်ငြာထုတ်သူနဲ့ ခေါင်းရှောင်သူ | ၆၇ |
| လူစုကြီး ငါးစုနဲ့ ပါယာသိမင်းကြီး | ၆၈ |


### ဒုတိယပိုင်း


| | |
|---|---|
| ဥစ္ဆေဒဒိဋ္ဌိကို တမျိုးပြောယင် မရှိဝါဒ | ၇၃ |
| လူတိုင်းကိုယ်စီ အထင်ရှိကြသည် | ၇၄ |

## မာတိကာ


| | |
|---|---|
| ရေလုပ်သားကြီးတယောက် | ၇၅ |
| လှေနောက်ကြိုး မဖြုတ်မိတော့ | ၇၆ |
| ပဲ့ကြိုးမဖြုတ်ပဲ လှေလှော်သလို ဖြစ်နေမယ် | ၇၈ |
| ဒိဋ္ဌိ ၆၂-ပါးတို့ရဲ့ ရေသောက်မြစ်သည် သက္ကာယ | ၇၉ |
| မရှိဝါဒဆယ်ခု(နတ္ထိကဝါဒ) | ၈၀ |
| ပါယာသိမင်းကြီးရဲ့ မရှိဝါဒသုံးခု | ၈၂ |
| ငါမရှိဆိုတာ သဘောပေါက်ယင် | ၈၃ |
| သင်္ခါရတရားတခုက သင်္ခါရတရားတခုကိုရှုတာ | ၈၄ |
| မရှိဆိုတဲ့ "သူ"ကို သဘောကျခဲ့ယင် | ၈၅ |
| ဖန်ဆင်းသူနဲ့ ဖန်ဆင်းခံရသူမရှိ | ၈၆ |
| သူညကို သဘောပေါက်ဖို့ အချက်နှစ်ချက် | ၈၇ |
| ငါမရှိဆိုတာလေးတော့ ချန်ထားကြတယ် | ၈၈ |
| ပါယာသိမင်း သူ့ဝါဒကို တင်ပြပုံ | ၉၁ |
| တွေးခေါ်မြော်မြင်ရေးသမားတို့၏ အရာမဟုတ် | ၉၂ |
| အတွေးအခေါ်သမား ခြေချမရတဲ့ ဗုဒ္ဓအဘိဓမ္မာနယ် | ၉၃ |
| ဒီလိုပုဂ္ဂိုလ်မျိုး မတွေ့ဖူးသေးဘူး—တဲ့ | ၉၅ |
| အများသဘောတူ "ဤ"ကို "ကဲ့"လို့ဖတ် | ၉၆ |
| ကိုယ်ပိုင်အတွေးအခေါ်ဉာဏ် ရင့်သန်ဖို့လိုတယ် | ၉၇ |
| စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်လိုက်တာ | ၉၈ |
| အရှင်ကုမာရကဿပ မေးခွန်းထုတ်ပြီ | ၁၀၀ |
| ပါယာသိမင်းကြီး ကြားဖူးထားတယ် | ၁၀၁ |
| လူပေပ်ဖမ်းတယ်ဆိုတဲ့ အကြောင်းတခု | ၁၀၃ |
| ကံကြောင့်ဖြစ်သော တန်ခိုးသတ္တိ | ၁၀၄ |
| ဗိမာန်တို့ရဲ့ ဓာတ်သဘာဝကို နားလည်ထားတယ် | ၁၀၅ |
| ပါယာသိမင်းကြီးရဲ့ အဖြေ | ၁၀၅ |
| တမလွန်လောက နောက်ဘဝဆိုတာရှိတယ် | ၁၀၇ |
| ကံနဲ့ ကံအကျိုးဆိုတာ ရှိတယ် | ၁၀၉ |
| ပါယာသိမင်းကြီး အယူဝါဒ မစွန့်နိုင်သေး | ၁၁၀ |
| ထောက်ခံပါတယ်—လက်မခံနိုင်သေးဘူး | ၁၁၂ |
| ဘာကြောင့် အယူကို မစွန့်နိုင်တာလဲ | ၁၁၃ |

မာတိကာ


ပါယာသိမင်းကြီးရဲ့ အကြောင်းပြချက် ၁၁၅
သေလုမျောပါး ဖြစ်နေကြတဲ့ အချိန် ၁၁၆
ဒုစရိုက်သမား အပါယ်လားမယ်တဲ့ ၁၁၇
ငရဲ ရှိမရှိ ပြန်လာပြောလှည့်စမ်းပါ ၁၁၉
တယောက်မှ ပြန်လာမပြောကြဘူး ၁၂၀
ဒါကြောင့် တမလွန်လောက မရှိတာ ၁၂၂
အရှင်ကုမာရကဿပရဲ့စေ့ရဥပမာ ၁၂၃
ရာဇဝတ်သားကို သေဒဏ်ပေးမယ် ၁၂၄
ရာဇဝတ်သားက တောင်းပန်လိမ့်မယ် ၁၂၅
ဘယ်လိုမှ ခွင့်မပြုနိုင်တဲ့ ကိစ္စ ၁၂၇
ဒါကြောင့်လဲပဲ တမလွန်လောကဆိုတာရှိတယ်-တဲ့ ၁၂၈
ဥပမာပေး၍ နားချတယ် ၁၂၉
ပါယာသိမင်းကြီးအယူမစွန့်နိုင်သေးဘူး-တဲ့ ၁၃၁

တတိယပိုင်း

ရှိရင်းစွဲဝါဒ ရှိမြဲရှိနေပါသေးတယ် ၁၃၅
ဘယ်လိုအကြောင်းပြမလဲ ပါယာသိမင်း ၁၃၆
သုစရိုက် အကျင့်ရှိတဲ့ မိတ်ဆွေတွေ ရှိပါတယ် ၁၃၇
ရောဂါဝေဒနာ နှိပ်စက်လို့ မကျန်းမာတဲ့အခါ ၁၃၈
ဒီလို အယူဝါဒတွေ ရှိနေတယ် ၁၄၀
သူတို့ပြောသလိုသာ မှန်နေမယ်ဆိုယင် ၁၄၂
နတ်ပြည်ရှိကြောင်း ပြန်ပြောစမ်းပါ ၁၄၄
တယောက်မှ ပြန်မပြောကြလို့ မယုံဘူး-တဲ့ ၁၄၅
ဥပမာတခု ဆောင်ပြဦးမယ် ဒကာတော် ၁၄၇
အရှင်ကုမာရကဿပရဲ့ ဒုတိယမြောက် ဥပမာပေးချက် ၁၄၈
ဒီအတိုင်းစေခိုင်းမှာပါ ၁၅၀
ဒီအတိုင်း အမိန့်ပေးမှာပါ ၁၅၁
သန့်ရှင်းသွားအောင် ရေချိုးခိုင်းမယ် ၁၅၃
ဆံပင်မုတ်ဆိတ် ကျင်စွယ်တွေလဲပယ်ခိုင်းမယ် ၁၅၄
မွှေးမျိုးနံ့သာ လိမ်းကျံပြီး အဝတ်တန်ဆာ ဆင်ခိုင်းမယ် ၁၅၅

# မာတိကာ


| | |
|---|---|
| ပြာသာဒ်ထက်မှာ အာရုံငါးပါး ခံစားစေမယ် | ၁၅၇ |
| မစင်တွင်းထဲ ပြန်ဆင်းချင်ပါ့မလား | ၁၅၈ |
| ဆင်းချင်တော့မှာ မဟုတ်ပါဘူးတဲ့ | ၁၆၀ |
| လူ့ခန္ဓာကိုယ်သည် နတ်တို့အဖို့ အညစ် အကြေး သဖွယ် | ၁၆၂ |
| လူတို့ရဲ့ အနံ့ဟာ နတ်တို့ နှာခေါင်းမှာ နှိပ်စက်တယ် | ၁၆၃ |
| ဥပမာပြ၍ ချေချွတ်တယ် | ၁၆၅ |
| အယူဝါဒကို မစွန့်လွှတ်နိုင်သေး | ၁၆၆ |
| ငါးပါးသီလလုံခြုံတဲ့ ဆွေမျိုးတွေ | ၁၆၇ |
| တာဝတိံသာကို ရောက်ကြမှာပဲ | ၁၆၈ |
| နတ်ပြည်မရှိကြောင်းအထောက်အထား | ၁၆၉ |
| လူ့အသက် နှစ်တရာ နတ်အသက် တနေ့တည | ၁၇၁ |
| ဆက်တမ်းကွာခြားနေတယ် | ၁၇၂ |
| စည်းစိမ်ခံစားကြဦးမှာပေါ့ | ၁၇၃ |
| ပါယာသိမင်းကြီးဝန်ခံတယ် | ၁၇၅ |
| နတ်ပြည်ရှိတယ်လို့ ဘယ်သူပြောလဲ | ၁၇၆ |
| နတ်ပြည်ရှိတယ်ဆိုတာ မယုံကြပါဘူး | ၁၇၈ |
| **စတုတ္ထပိုင်း** | |
| သူ့နောက်ကလူတွေကလဲ မယုံကြည်ကြဘူး—တဲ့ | ၁၈၃ |
| မမြင်ရ မတွေ့ရတဲ့အတွက် သူမယုံဘူး—တဲ့ | ၁၈၄ |
| အကန်းပြော မပြောပါနဲ့ | ၁၈၆ |
| အဖြူ အမဲ အနိမ့် အမြင့် မမြင်ရတဲ့ သူကန်း | ၁၈၇ |
| အကန်းက ဒီလိုပြောမယ် | ၁၈၉ |
| နည်းလမ်းကျတဲ့ ပြောဆိုခြင်း ဖြစ်ပါရဲ့လား | ၁၉၁ |
| မမြင်ရတိုင်းသာ မရှိဘူးဆိုယင်တော့ | ၁၉၃ |
| အရှိဘက်ကရပ်တည်ပြန်တဲ့ ပါယာသိမင်း | ၁၉၄ |
| အကန်းကြီးနဲ့တူလိုက်တာ | ၁၉၆ |
| အန္ဓ—အကန်းဆိုတာ | ၁၉၇ |
| နတ်ကို လူသားတို့မမြင်ရတဲ့အကြောင်း | ၁၉၈ |
| ပသာဒစက္ခုနဲ့မမြင်နိုင်ယင် မြင်နိုင်တဲ့စက္ခုက ဘာလဲ | ၂၀၀ |

## မာတိကာ


ဒိဗ္ဗစက္ခု အဘိညာဉ်ရဖို့ရန် ၂၀၁
တောမျောက်နဲ့တူတဲ့စိတ် ၂၀၃
ဒိဗ္ဗစက္ခုစွမ်းရည် ၂၀၄
ပကတိမျက်စိနဲ့ ကြည့်လို့ဘာမှမမြင်နိုင် ၂၀၆
ဒိဗ္ဗစက္ခုရအောင်အားထုတ်ယင်း မြင်ရမှာ ၂၀၇
နတ္ထိကဝါဒဘက် ဦးတည်နေတဲ့ ပါယာသိမင်း ၂၀၉
မရှိကို အရှိ မလုပ်နိုင်ဘူး–တဲ့ ၂၁၁
သီလဝန္တပုဂ္ဂိုလ်တွေကို တွေ့မြင်ဖူးတယ် ၂၁၂
ကိုယ့်ကိုယ်ကိုသတ်သေကြပါတော့လား ၂၁၄
နတ်ပြည်ရောက်မယ်လဲဆိုသေး၊ သေရမှာလဲကြောက်နေသေး ၂၁၅
အရှင်ကုမာရကဿပရဲ့ ချေပချက်ဥပမာ ၂၁၆
အချိန်ကို မစောင့်နိုင်တဲ့အတွက် ၂၁၈
ပစ္စည်းလဲရှုံး အသက်ပါဆုံးရသည် ၂၁၉
အလကားအသက်ရှည်နေကြတာ မဟုတ်ဘူး ၂၂၁
အတ္တဟိတ ပရဟိတ နှစ်ဝအကျိုးအတွက် ၂၂၂

ပဥ္စမပိုင်း

အယူဝါဒ မစွန့်လွှတ်နိုင်သေးဘူး-တဲ့ ၂၂၇
တမလွန်လောကနောက်ဘဝရှိကြောင်း၊ အကြောင်းပြချက် ၂၂၈
လက်တွေ့စမ်းသပ်ကြည့်မယ် ၂၃၀
အဂ္ဂိရတ်ဇော်မံသလို ၂၃၁
ပါယာသိမင်းကြီး သုတေသနလုပ်ပုံ ၂၃၃
အသက် ဘယ်လိုထွက်တယ်ဆိုတာ ချောင်းကြည့်တယ် ၂၃၄
နောက်ဘဝဆိုတာ မရှိပါဘူးတဲ့ ၂၃၅
ပါယာသိမင်းကြီးရဲ့ သုတေသနမှိုငြိမ်းမှု ၂၃၆
စေဘနာမျိုးစေ့ အဝိဇ္ဇာတဏှာက ရေဓာတ်မြေဓာတ် ၂၃၈
အရှင်ကုမာရကဿပ ဥပမာဆောင်ပြဦးမယ် ၂၃၉
နေ့လယ်နေ့ခင်း အိပ်မက်မက်ဖူးလား ၂၄၁
အမျိုးသမီးငယ်ကလေးတွေ စောင့်ရှောက်နေကြသလား ၂၄၃
စကားကိုကပ်ပြီးပြန်မေးတာ ၂၄၄

## မာတိကာ


မတွေ့လိုက်ကြပါဘူး ၂၄၆
စိတ္တနိယာမသဘော ၂၄၇
တလုံးစီ တလုံးစီ ဖြစ်ကြတာ ၂၄၉
အဝင်အထွက် မတွေ့မမြင်လိုက်ကြပါဘူး ၂၅၀
မတွေ့ရလို့ နောက်ဘဝမရှိဘူး မမှတ်နဲ့ ၂၅၂
အရှင်ဘုရားပြောတာ ယုတ္တိတော့ရှိသားပဲ ၂၅၃
ပါယာသိမင်းကြီးအကြောင်း သာဓကပြမယ် ၂၅၄
အသက်ထွက်သွားတာ မရှိကြောင်း လက်တွေ့စမ်းမယ် ၂၅၆
အလေးချိန်နှစ်ခု ကွာခြားနေတယ် ၂၅၇
ကြွမ်းတမ်းခက်ထရော်သွားတယ် ၂၅၉
အသက်ထွက်သွားတယ်ဆိုယင် ပေါ့ရမှာပေါ့ ၂၆၀
ဟုတ်မယ်မထင်ဘူး မယုံဘူး–တဲ့ ၂၆၁
ဥပမာဆောင်ပြဦးမယ် ဒကာတော်မင်းတရား ၂၆၂
အလေးချိန် ဘယ်လိုခြားနေသွားလဲ ၂၆၃
ပါယာသိမင်းကြီးရဲ့အဖြေ ၂၆၄
ခန္ဓာကိုယ် ပေါ့ပါးနူးညံ့နေရတာက ၂၆၅
အာယု ဥသ္မာ ဝိညာဉ်စွန့်ခွာသွားယင် ၂၆၇
အလေးခေတ်နဲ့ အပေါ့ခေတ် ၂၆၉
ပထဝီတွေ အာပေါတွေ လွှမ်းမိုးလာလို့ ၂၇၀
နောက်ဘဝရှိတယ်လို့ မှတ်လိုက်ပါဒကာတော်မင်းကြီး ၂၇၂


### ဆဋ္ဌမပိုင်း


နောက်ဘဝမရှိကြောင်းအကြောင်းပြပါ ၂၇၇
ရာဇဝတ်သားတယောက် ဖြစ်ဒဏ်ချမှတ်လိုက်တယ် ၂၇၈
မသေမရှင်လေးသတ်ကြ ၂၇၉
ပက်လက်ထားပြီးကြည့်ကြစမ်း ၂၈၁
မှောက်ထားပြီးကြည့်ကြစမ်း ၂၈၂
အသက်ထွက်တာ ရှာကြည့်ကြစမ်း ၂၈၄
ဒီလိုအကြောင်းတွေကြောင့်နောက်ဘဝဆိုတာမရှိဘူး ၂၈၅
နောက်ဘဝပြောင်းတယ်ဆိုတာ မယုံဘူး–တဲ့ ၂၈၆

# မာတိကာ


ဥပမာတခုဆောင်ပြီးမယ်ဒကာတော်မင်းကြီး ၂၈၈
ဘာသံများပါလိမ့် ၂၈၉
ဂါလီဗာကြီးကို လီလီပွတ်တော့ ဝိုင်းကြည့်သလို ၂၉၀
ခရုသင်းသံကြားလို့ ဝိုင်းသာကြတယ် ၂၉၁
အို-ခရုသင်း သာယာတဲ့အသံလေးမြည်စမ်းပါ ၂၉၃
ရိုက်ကာ ပုတ်ကာ နှက်ကာ အသံရှာ ၂၉၄
တောင်တော်မိုက်တဲ့ လူဘော့ပဲ ၂၉၆
ပစ္စုပ္ပန်ရာဇဝင်ကလူတွေ သဘောပေါက်ကြပြီ ၂၉၇
အကြောင်းသုံးပါးဆုံမှ ၂၉၉
ခရုသင်းရဲ့အသံကို ရှာသလိုဖြစ်နေပြီ ၃၀၀
ပင်လယ်ပြင် မမြင်ဖူးတဲ့ တောင်ပေါ်ကဖားကြီး ၃၀၁
ရေတွေပွန်းပြီးသောကုန်တာ- တဲ့ ၃၀၂
ပါယာသိမင်းကြီးက ဥပမာနဲ့ငြင်းဦးမယ် ၃၀၃
အရေပါးရဲ့အကြားမှာ အသက်ရှာကြည့်တယ် ၃၀၅
အရေကနဲ့အကြောတွေကြားမှာ အသက်ရှာ ၃၀၆
အရိုးနဲ့ရိုးတွင်းခြင်ဆီကြားမှာရှာကြည့်ပြန်တယ် ၃၀၇
အသက်ရှိတဲ့အတွက် နောက်ဘဝမရှိ ၃၀၈
အရှင်ကုမာရကဿပကသဲ ဥပမာနဲ့ရှင်း ၃၁၀
မိဘမဲ့မွေးစကလေး ယော်ကောက်ရ ၃၁၁
မှာစရာရှိတာ မှာထားခဲ့တယ် ၃၁၂
ဂျပန်ခေတ်က သုံးခဲ့ဖူးတဲ့ ဆီးလိုက်ပါးဝ ၃၁၃
မီးငြိမ်းသွားတာမသိခဲ့ ၃၁၅
မီးကိုရှာတဲ့သူငယ် ၃၁၆
မီးကို ဒီလိုရှာရတယ် ၃၁၇
ကလေးငယ် မီးရှာသလိုဖြစ်နေပြီဒကာတော် ၃၁၈
ပါယာသိမင်းကြီးရဲ့ လောဂျစ်နည်းကျကျယူဆချက် ၃၁၉


## သတ္တမပိုင်း


ကာလာမတို့ကိုပြောခဲ့တဲ့ ဗုဒ္ဓရဲ့စကားတခွန်း ၃၂၃
အသက်ထွက်တာ မတွေ့ရလို့ နောက်ဘဝမရှိဘူးလို့ ဆိုနိုင်သလား ၃၂၄

# မာတိကာ


| | |
|---|---|
| တော်တော်ဇွဲကောင်းတဲ့လူ | ၃၂၅ |
| သူတို့က ဗီလုံသိထားကြတယ် | ၃၂၇ |
| ဗီအယူဝါဒကို စွန့်လိုက်ကဲမယ်ဆိုယင် | ၃၂၈ |
| သူတို့ကဲ့ရဲ့ပြစ်တင်ပြောဆိုကြလိမ့်မယ် | ၃၂၉ |
| ဘယ်သူတွေ ဘာပဲပြောပြော ဆောင်ထားဦးမယ် | ၃၃၁ |
| အရှင်ဘုရားတို့ရဲ့ အရှိဝါဒကိုတိုက်ခိုက်ဖို့ | ၃၃၂ |
| လှည်းကုန်သည်မှူးနှစ်ယောက် | ၃၃၃ |
| ကန္တာရခရီးကြမ်းမှ အန္တရာယ် | ၃၃၄ |
| လက္ခဏာသုံးချက် မမှတ်သားမိလို့ | ၃၃၅ |
| လက္ခဏာကို နှဒးလည်ထားယင် အကျိုးရှိတယ် | ၃၃၆ |
| ခွဲခြားသိတဲ့ ဉာဏ်ရှိသူ လှည်းကုန်သည်မှူး | ၃၃၈ |
| အကျိုးမဲ့ ပျက်စီးကုန်ကြတော့မှာပဲ | ၃၃၉ |
| ဘာပြုလို့ မစွန့်နိုင်ရတာတုန်း | ၃၄၀ |
| ပြောစရာကြီးဖြစ်လာတော့မှာပဲ | ၃၄၂ |
| ဥပမာ တခုပြီးတခုပေးပြီးတော့ | ၃၄၃ |
| ဝက်မွေးသမား ဝက်စာတွေ့ပြီ | ၃၄၄ |
| ဝက်စာထုပ်ထမ်း အပြန်လမ်းမှာ | ၃၄၆ |
| ဟော့လူ–ခင်ဗျားရူးနေသလား | ၃၄၇ |
| ဘယ်သူမှ လက်မခံပဲ နှင်ထုတ်ကြပြီ | ၃၄၈ |
| ဆန်းကြယ်တဲ့ ဥပမာတွေပြပြီး ဆုံးမတယ် | ၃၄၉ |


**အင္ဂမပိုင်း**


| | |
|---|---|
| မစွန့်နိုင်ခြင်းအကြောင်း ပါယာသိမင်းပြောတယ် | ၃၅၃ |
| ကြေးအန်ကစားသူနှစ်ယောက်ဥပမာ | ၃၅၅ |
| ကြေးသီးကို ဝါးပြီးထွေးပစ်တယ် | ၃၅၆ |
| အနိုင်ရချင်ယင် ဗလိနတ်စာတင်ပေးမယ် | ၃၅၇ |
| အန်စာလုံးတွေ အကုန်ပေးလိုက်တယ် | ၃၅၉ |
| အဆိပ်လူးတဲ့ အန်စာလုံး | ၃၆၀ |
| မိုက်မဲလှတဲ့ကြေးအန်သမား | ၃၆၁ |
| ဒကာတော်မင်းကြီး စွန့်လွှတ်ပါလေ | ၃၆၃ |

ကောသလမင်းတို့ တစ္ဆေ့ကမ္ဘာကြောသိမ့်မယ် ၃၆၄
အရှင်ဘုရားတို့နဲ့ ဝါပြိုင်ဖို့အတွက် ၃၆၅
သူငယ်ချင်းနှစ်ယောက် ရွာပျက်ကြီးကိုသွားကြတယ် ၃၆၇
တယောက်က ဂုန်လျှော်ထုပ်ထမ်းတယ် ၃၆၈
ဝါဂွမ်းထုပ်ကနေ အထည်ထုပ်ထမ်း ၃၆၉
ခဲထုပ်ဆနေ ရွှေထုပ်ပြောင်းထမ်း ၃၇၁
ရွှေထုပ်ထမ်းသမားကို ဝမ်းပန်းတသာကြိုကြတယ် ၃၇၂
ပါယာသိမင်းကို ဆုံးမချော့ချတ်တော်မူတယ် ၃၇၃
ပါယာသိမင်းကြီးလျှောက်ထားပြီ ၃၇၅
ဆန်းကြယ်တဲ့စကား နားကြားလိုလို–တဲ့ ၃၇၆
ဗုဒ္ဓဘာသာအဖြစ်ခံယူကြောင်း ၃၇၇
ဗုဒ္ဓဘာသာ ဥပါသကာအဖြစ်မှတ်တော်မူပါ ၃၇၈
ပါယာသိမင်းကြီးရဲ့ အတွင်းစိတ်ကိုမဆင်ခြင်မိ ၃၇၉
ပါယာသိမင်း ယဇ်ပူဇော်လိုကြောင်း ၃၈၀

နဝမပိုင်း

ကောသလမင်းရဲ့လက်အောက်ခံ ပါယာသိမင်း ၃၈၅
ပါယာသိမင်း အယူစွန့်ပြီ ၃၈၆
ယဇ်ပူဇော်လိုကြောင်း ၃၈၈
ပါယာသိမင်းကြီးမလျှောက်တတ်သို့ပါ ၃၈၉
အကျိုးကျေးဇူးရှိတဲ့ လုပ်ရပ်ဟုတ်မဟုတ် ၃၉၁
မြေညှိ ၃၉၂
မျိုးညှိမိုးညှိ ၃၉၄
အလှူပေးနည်းစနစ်တကျဖြစ်အောင်သင်ပေးနေတာ ၃၉၅
မျိုးနဲ့မိုးဆိုတာက ၃၉၈
အလှူခံပုဂ္ဂိုလ်တွေကြည့်လိုက်ပြန်တော့ ၄၀၀
သန့်ရှင်းမှုသုံးခုဆိုတာဘာတွေလဲ ၄၀၂
ဝိသုဒ္ဓိလေးပါးနဲ့ပြည့်စုံတဲ့ဒါန ၄၀၃
သီးနှံတွေဖွံ့ဖြိုးပြီးတော့ အကျိုးဖြစ်မယ် ၄၀၅
လပေါင်းများစွာ မေးစရာ ၄၀၈

# မာတိကာ


| | |
|---|---|
| လက်ယာရစ်လှည့်တယ်ဆိုတဲ့အဓိပ္ပာယ် | ၄၁၀ |
| ဥတ္တရလုလင်ကိုစေခိုင်းပြီ | ၄၁၁ |
| ပါယာသိမင်းကြီးရဲ့ အလှူပွဲ | ၄၁၃ |
| လှူပုံတန်းပုံညံ့လွန်းလို့ | ၄၁၄ |
| အသက္ကစ္စဒါနဖြစ်နေတယ် | ၄၁၅ |
| ဥတ္တရလုလင်ရဲ့ဆုတောင်း | ၄၁၆ |
| ဒီဘဝဒီမျှနဲ့သာရှိပါစေတော့ | ၄၁၇ |
| ဘာမကျေနပ်စရာရှိပါသလဲ | ၄၁၈ |
| ဥတ္တရလုလင်ရဲ့မကျေနပ်ချက် | ၄၂၀ |
| ဥတ္တရလုလင်လျှောက်တင်လိုက်လို့သာ | ၄၂၂ |
| ဘဝနိဂုံးအဆုံးသတ်ကြတဲ့အခါ | ၄၂၃ |
| ပါယာသိမင်းနဲ့ဥတ္တရလုလင်တို့ခြားနားချက် | ၄၂၅ |
| အရှင်ဂဝံပတိမထေရ် | ၄၂၇ |
| အရှင်ဂဝံပတိမထေရ်ရဲ့အတိတ်ဇာတ်ကြောင်း | ၄၂၈ |
| အရှင်ဂဝံပတိမထေရ်နဲ့ပါယာသိနတ်သားကြီးဆုံကြပြီ | ၄၃၁ |
| ပါယာသိနတ်သားလျှောက်ထားပြီ | ၄၃၃ |
| အသက္ကစ္စဒါနပြုခဲ့မိလို့ | ၄၃၅ |
| ပါယာသိနတ်သားကြီးရဲ့မှတ်တမ်း | ၄၃၆ |
| ဝေယျာဝစ္စပြုလုပ်ကြသူတို့အားကျဖွယ် | ၄၃၇ |
| တရားသိမ်းနိဂုံးဆုတောင်းဂါထာ | ၄၄၁ |

# စာဖတ်သူများသို့

သဲကုန်း အရှင်ဉာဏိဿရ (သပိတ်အိုင်)သည် ပရဟိတ လုပ်ငန်းများတွင် ပါဝင်ကူညီလှူဒါန်းရေး၌ တရားစာအုပ်များဖြင့် အကျိုးအမြတ်များလည်း ပါဝင်နေသည်အလျောက် မိမိအား သင့်တော်သော စာအုပ်များထုတ်ဝေ၍ သင့်လျော်သော ဌာနများကို ဝေငှစေခဲ့ ပါသည်။ တာဝန် ပေးခဲ့ပါသည်။

မိမိအနေဖြင့် ဆရာတော်၏ဆန္ဒကို ဆရာကော် ဖြစ်စေချင်သည့်အတိုင်း ကြိုးစား ဆောင်ရွက်ပေးခဲ့ရပါသည်။ သင့်လျော်သော စာအုပ်အတွက် စာမူများပြုစု၍ လှူဒါန်းလိုသော ဌာနများ လှူဒါန်းသင့်သော ဌာနများကို စုံစမ်းခဲ့ပါသည်။

ပါယာသိသုတ္တန် တရားတော်စာမူပြီးသောအခါ စာအုပ်ဖြစ်ပေါ်လာဖို့ရန် ကုန်ကျစရိတ်အတွက် စေတနာသဒ္ဓါအား ကြီးမားကြသော ဗဟိုတရာ ရုံးရှေ့နေကြီး ဦးကျော်ခင်မြင့်(မောင်ရင့်ကြူး-မြောင်းမြ)ဇနီး ဒေါ်ခင်ခင်စိန်နှင့် သားများက တာဝန်ယူလိုက်ကြပါသည်။

ဦးကျော်ခင်မြင့်တို့ မိသားစုတို့သည် ယခင်ကတည်းကပြီး သီတဂူ စာအုပ်အချို့အတွက်လည်း တာဝန်ယူခဲ့ဖူးပါသည်။ မဟာဝိဘင်္ဂနသုတ္တန် (မဟာဝိဇယစေတီ၌လှူ) သခ္ခာ အသင်္ခတသုတ္တန် (သီတဂူ ရေအလှူတော်၌လှူ)နှင့် သစ္စာတရားတော် (သီတဂူသံဃဆေးရုံ၌လှူ)စာအုပ်များအတွက် ကုန်ကျစရိတ်ကို ဆက်တက်ကြကြ တာဝန်ယူခဲ့ဖူးပါ၏။

ထို့ပြင် သဲကုန်းအရှင် ဉာဏိဿရ (သပိတ်အိုင်)၏ သီတဂူတရားစာအုပ်များ အဆက်မပြတ် ထွက်ပေါ်ရေးအတွက် ကြိုးလာဆောင်ရွက်ရာတွင် မော်တော်ယာဉ်ဖြင့် ကူညီပို့ဆောင်ပေးနေသည့် မိသားစုလည်း ဖြစ်ပါသည်။

ယခုအခါ ပါယာသိသုတ္တန် တရားတော်စာအုပ် ဖြစ်ပေါ်လာပါပြီ။

မကြာမီ အကျိုးအမြတ်များ ရရှိလာပါတော့မည်။

ရရှိလာမည့် အကျိုးအမြတ်များကို ဆရာတော်ကြီး၏ ကြီးမား မွန်မြတ်သော စေတနာမေတ္တာ ဆန္ဒအရ အောက်ပါဌာနများကို ခွဲဝေ လှူဒါန်းမည် ဖြစ်ပါသည်။

## (၁) ကလေးပြုစုရေးဌာန (မိဘမဲ့ကလေးများ)

ယခင်က မိဘမဲ့ကလေးများဂေဟာ ယခု ကလေးပြုစုရေးဌာနကို ၁၉၅၇–ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ယခုအခါ လူမှုဝန်ထမ်းဝန်ကြီး ဌာနလက်အောက်တွင် ကလေးများ ပြုစုရေးဌာန အမည်ဖြင့် ထားရှိပါ သည်။

မိဘများ ကွယ်လွန်သွားကြခြင်း, မိဘဆွေမျိုးများက မကျွေးမွေး နိုင်ခြင်း, မိဘများ ပြစ်ဒဏ်ကျခံနေကြခြင်း, စွန့်ပစ်ထားခြင်း စသော အကြောင်းများကြောင့် မွေးကင်းစအရွယ် လူမမည် ကလေးများမှစ၍ သုံးနှစ်သား အရွယ်ထိ ပြုစုစောင့်ရှောက် ထားကြောင်း သိရသည်။ ထိုကလေးများမှာ ၅၁ ယောက်မျှရှိပြီး ပြုစုစောင့်ရှောက်သူ အမှုထမ်း များမှာ ၄၆ ယောက် ရှိကြောင်းသိရပါသည်။

နောက်တဌာနမှာ–

## (၂) အမျိုးသမီးရိပ်သာ ဝင်ဒါမိယာလမ်း

ထိုအမျိုးသမီးရိပ်သာသည် ယခင်က အမျိုးသမီးများ ကာယ်တင် စောင့်ရှောက်ရေး သို့မဟုတ် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အဖြစ် ပုဂ္ဂလိက အဖွဲ့အစည်းဖြစ်ခဲ့သည်ဟု သိရ၏။ ၁၉၆၄–ခုနှစ်မှ စ၍ လူဝန်မှုထမ်းဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်းယူကာ အမျိုး သမီးရိပ်သာအဖြစ် ထားရှိခဲ့ပါသည်။

လက်ရှိအမျိုးသမီးဦးရေမှာ ၁၀၁–ယောက်ရှိသည်ဟု သိရပါ၏။ အကြောင်းအမျိုးမျိုးကြောင့် လူမှုရေးတွင် အားနည်းနေကြသူလေးများ, ချို့တဲ့နေကြသူလေးများအား ဘဝရပ်တည်နိုင်ရေးအတွက် ပြုစုပျိုးထောင် စောင့်ရှောက်ပေးနေသော ဌာနတခု ဖြစ်ပါသည်။

နောက်တဌာနမှာ–

(၃) ခရစ်ယာန်သီလရှင်များ၏ ဘိုးဘွားရိပ်သာ

ကန်တော်ကလေး ရန်ကုန်

ထိုရိပ်သာတွင် လူမျိုးမရွေး ဘာသာမရွေး၊ အသက် ၇၀-ကျော် အဘိုးအဘွားများကိုသာ လက်ခံ၍ ကျွေးမွေးစောင့်ရှောက် ပါသည်၊ ထိုရိပ်သာရှိ အဘိုးအဘွားတို့၏ စားရေး ဝတ်ရေး ကျန်းမာရေးစသော ကိစ္စများတွင် မပင်ပန်း မဆင်းရဲပါစေခြင်းငှာ ကူညီလှူဒါန်းမည် ဖြစ်ပါသည်။

ယခုလက်ရှိ ဦးရေမှာ–

က။ အဘိုး ၁၁၅ ယောက်

ခ။ အဘွား ၁၁၁ ယောက်

ရှိကြောင်း သိရပါသည်။

ဖော်ပြပါဌာနများကို ဤပါယာသိသုတ္တန် တရားတော် စာအုပ်မှ ဖြစ်ပေါ်လာမည့် အကျိုးအမြတ်များကို ခွဲဝေလှူဒါန်းမည်ဖြစ်ပါသည်။

ထို့ကြောင့် ဤစာအုပ် ဖြစ်မြောက်လာရေးအတွက် အားပေး တိုက်တွန်းကြသော ပုဂ္ဂိုလ်များနှင့်တကွ အထူးသဖြင့်–

၁။ စာအုပ်အတွက် ကုန်ကျသော ပစ္စယာနုဂ္ဂဟတာဝန်ကို ရှင်လန်းစွာ ထမ်းဆောင်ကြသော ဦးကျော်ခင်မြင့် မိသားစုတို့အား လည်းကောင်း၊

၂။ တရားတိတ်ခွေများဖြင့် ထောက်ပံ့ကူညီသော ဦးထွေးမောင် ဓမ္မအောင်လံဘော်အသံသွင်းဌာန အမှတ် ၆ဂ ကျိဘော်လမ်း ပုဇွန်တောင် ရန်ကုန်မြို့အား လည်းကောင်း၊

၃။ စာမူပြုလုပ်ရာ၌ ပါဝင်ကူညီဆောင်ရွက်ပေးသော ဦးဂန္ဓမာ ဓမ္မာစာရိယ ဘီအေတိုက်ကျောင်း အရှေ့ပိန္နဲကုန်းတိုက် မန္တလေးလမ်း၊ ရန်ကုန်မြို့အား လည်းကောင်း၊

၄။ လက်ရေးစာမူကို လက်နှိပ်စက် ရိုက်ပေးသော ရဟန်းအမကျောင်းအမကြီး ဒေါ်စိုးမြိုင် (မြေလတ် သဇင်မြိုင်)အားလည်းကောင်း၊

၅။ အမှာစာ (နိဒါန်း)ရေးသား ပေးပို့ကူညီသော ဆရာကြီး ဦးဆန်းထွန်း(ဆန်းထွန်း–မန်းတက္ကသိုလ်)အား လည်းကောင်း၊

သဲကုန်းအရှင်ဉာဏိဿရ(သပိတ်အိုင်)ကိုယ်စား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း


အရှင်သစ္စာဝံသ(ဓမ္မာစရိယ) ဘီအက်စ်စီ

မိုးညှင်းစံကျောင်း။

အရှေ့ပိန္နဲကုန်းတိုက်၊ မန္တလေးလမ်း

ကန်တော်ကလေး၊ ရန်ကုန်။

# ၈ ကား ဦး

ဂုဏ် တင်စိတ်တူ
တူဟန် မူ၍
ပူဇော် အထူး
ဂုဏ်ဖော်ကျူးအံ့။

ဿ

အထေတ္တ ပဒုမာ ဖုလ္လာ
အပရိယန္တာ ဒိဿရေ
ဂိမှာ ဟေမန္တိကာ ဖုလ္လာ
ဇဏ္ဍုတဋ္ဌေ ဥပတ္ထရာ
(ဝေဿန်၊ မဟာဝန်၊ မုစလိန္ဒ)

အထ၊ ထိုမှဘပါး။ ဧတ္တာ၊ ထိုမုစလိန္ဒမည်သော ရေအိုင်၌ ဖုလ္လာ၊ ပွင့်ကုန်သော၊ ပဒုမာ၊ ကြာတို့သည်ကား။ အပရိယန္တာ၊ အဆုံးအပိုင်းအခြား မရှိသကဲ့သို့။ ဒိဿရေ၊ ထင်ကုန်၏။ ဂိမှာ၊ နွေအခါ၌ ပွင့်ကုန်သော ကြာတို့သည် လည်းကောင်း။ ဟေမန္တိကာ၊ ဆောင်းလအခါ၌ ပွင့်ကုန်သော ကြာတို့သည် လည်းကောင်း။ ဇဏ္ဍုတဋ္ဌေ၊ ပုဆစ်အတိုင်းအရှည် ရှိသော ရေ၌။ ဥပတ္ထရာ၊ ဖြန့်၍ ခင်းကုန်သည် ဖြစ်၍။ ဖုလ္လာ၊ ပွင့်ကုန်၏။

သဲကုန်းအရှင်ဉာဏိဿရ (သပိတ်အိုင်) ၏ ပါယာသိသုတ္တန်ထေရားဘော်သည် ဓမ္မပဒ္ဒိဂ္ဂါဟက တရားနာသူတို့၏ နားသောတတွင် ချိုမြိန်ခဲ့ပြီးနောက် တပည့်တော်တို့မှာ ဥပမာ ဤသို့ထင်လာပါသည်။

မဟာဝန်မြိုင်ချောက အိုင်သာ မုစ္ဆလိန်အတွင်း သင်းပျံ့သော--ပဒုမာ ကြာဘောကြီးကို တွေ့နေရသည်အလား အံ့အားကြီး သင့်နေရပါသည်။ အဘောမသတ် တင့်တယ်ပေစွ။

ရှင်မဟာ ဗုဒ္ဓဃောသ မထေရ်သည် "သီလေ ပတိဋ္ဌာယ နရော သပ္ပညော" ဂါထာတပုဒ်ခေါင်းတည်၍ ပိဋကတ်သုံးပုံ ၌မိခမန်း ဖွင့်ဖော်ခြင်းဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကျမ်းများကို စီရင်သွားပါသည်။ အခန်း (၂၃) ခန်းဖြင့် ခမ်းနားကြီးကျယ် လှပါသည်။

သီဟဠဒွီပရိယ ဘဒန္တာနန္ဒ မဟာထေရဝရ–သီဟိုဠ် ဆရာတော် အရှင်အာနန္ဒ မဟာထေရ်မြတ် သီဟဠ ဘာသာဖြင့် စီရင်ရေးသားရင်းဖြစ်သော "ဥပါသကဇနာလင်္ကာရ" မည်သောကျမ်းသည် ကျမ်းကျယ်ကျမ်းကြီး မဟုတ်သော်လည်း–

(၁) သရဏဂမနာဒိနိဒ္ဒေသ

(၂) သီလနိဒ္ဒေသ

(၃) ဓုတင်္ဂ

(၄) အာဇီဝ

(၅) ဒသပုညကိရိယာဝတ္ထု

(၆) အန္တရာယကရ ဓမ္မ

(၇) လောကိယသမ္ပတ္တိ

(၈) လောကုတ္တရ သမ္ပတ္တိ

(၉) ပုညဖလသာဓက

အပိုင်း (၉) ပိုင်းခွဲကာ (ဒီမိုင်းဆိုက် စာမျက်နှာ ၁၆၀ ခန့်) နောက်ဆုံး ပါဠိဘာသာပြန်ဆို ရေးသားထားသော ကျမ်းမြတ်တဆူ ဖြစ်ပါသည်။

ထို ဥပါသကဇနာလင်္ကာရကျမ်းကို–

"ယော ပနာယံ ဂန္ထော သဗ္ဗလောဝ ဥပါသကဇနေဟိ ဓမ္မဒေသကေဟိစ ဘိက္ခူဟိ အဝဿမေဝ ပရိယာပုဏိတဗ္ဗောဟိ နဝဟိ ပရိစ္ဆေဒေဟိ သမလင်္ကရိတွာ သုဝိသဒံ ဝိရစိတော ဟောတိ"

"ထိုဥပါသကဇနာလက်ာက္ကမ်းဂါ တကာဥပါ (သကာ) များ၊ ဓမ္မကထိက ရဟန်းတော်များ၊ လဲမည [illegible] ကျောက်ဂါ သေ ၁×× အခန်း အပိုင်း (၉) ပိုင်းတို့ကြင့် ဓောင်းမှန် [illegible] ဂန်ဆာခင် [illegible] သန့်သန့် ရှင်းရှင်း စီရင်ရေးသားအပ်၏" [illegible] ညာ [illegible] ပူးတွဲ ထားပါသည်။

ဆရာတော် အရှင်ဥာဏိသရ၏ ပါဠိဂါသကန် ကရားတော် အကြောင်းကို ဘုရားတပည့်တော်များ "ဂန်ထက်ဓောင်းရာ၊ကျင့်စေး ကန့်လန့်"မလုပ်လိုပါ။ သို့သော် ဆရာတော် အကြောင်းနှင့် ဆရာတော် ဟောသော တရားတော်များ၊ အကြောင်းကိုခြုံ၍ "ပသာဒ ဘည" ဖော် ကျူးသည်ကို ဆရာတော်ဘုရား ကိုယ်တိုင်မော်၊ စာဖတ် ရိသတ်ကပါ တပည့်တော်အား/ကျွန်တော့်အား ခွင့်လွှတ်စေလိုပါသည်။

( ၂ )

ဆရာတော် အရှင်ဉာဏိသရကို [illegible] ဘော် [illegible] ကျောင်း တောင်ရိုး၊ အနီးစခန်းချောင်မှာ မှတ်မှတ်ရ [illegible] သည် [illegible] တပည့် တော်များ [illegible] ဘော်ရှင်၊ [illegible] [illegible] နောက်ဆုံးရက်ဖြစ်ပါသည်။ [illegible] ဆရာ တော်၏ အထူးပွဲတော်နှင့် [illegible] ပြောရင်း [illegible] တပည့်တော် ခေါင်ရှက်မှုပါသည်။ ထိုအခင်းအ [illegible] အဖြစ် အရှင်ဉာဏိသရဆောင်ရွက်ပါသည်။ [illegible] မြန်မြန် မှတ်မှတ်သားသား မဖြစ်မိပါ။ အမှန်အတိုင်း ဆိုရသော် အရှင်ဉာဏိသရ အပေါ် ဆရာတူ တပည့်အဖြစ်လေးကိုသာ သံယောဇဉ် ရှိခဲ့ပါသည်။ ထိုအခမ်းအနားတွင် တပည့်တော်ကတော့ အတော်လေး ကြဲလိုက်ပါ သည်။ မှတ်မိပါသေးသည်၊ ခေါင်းပေါင်းကြီး ပေါင်းလျက် မျက်ရည်နှင့် မျက်ခွက်။

ဟာသနှော၍ အရွှန်းအသော ဟောပြောခြင်း အလေ့အထ ဓမ္မကထိက အကျော် ဆရာတော် ဦးဝိလာသ(လယ်တီ)ထံမှ ကျွဲသို့ ပွင့် ထွက်လာ၏။

"မင်းလုပ်လိုက်တာ ငါတော်တော်ထိသွားတယ်ကွာ"

ထိုနေ့တွင် ရဟန်း ပရိသတ်၊ သီလရှင် ပရိသတ်၊ လူပရိသတ် ကြိတ်ညပ်နေအောင် စည်ကား၏။

အရှင်ဉာဏိဿရကို စစ်ကိုင်းတောင်ရိုးမှာ ဤမျှလောက်သာ တွေ့လိုက်ရသည်။ တွေးတွေးခေါ်ခေါ် စကားအခွန်းတော့ လျှောက်လိုက်သည်။

"ဆရာတော်ကြီးရဲ့ မေ့ကထိက အမွေကို အရှင်ဘုရားယူပေါ့"

ထိုနေ့မှာပဲ မန္တလေးဘက်သို့ ပြန်လာသည်။ နောက်လဲ(လည်း) အရှင်ဉာဏိဿရနှင့် သိမ်မတွေ့လှတော့ပါ။

ထိုစဉ်အတွင်း ဟိုလူကပြော ဟိုဘုန်းကြီးကပြော "ဦးဉာဏိဿရ သိပ်တရားဟောကောင်းတာ၊ အသံကောင်း အဓိပ္ပာယ်ကောင်း၊ ပရိသတ်တွေလဲ တိုးမပေါက်ဘူး၊ ဘယ်မှာဟောတာ ဘယ်မှာဟောတာ ရန်ကုန်က ဒကာ ဒကာမတွေကလဲ အရမ်းကြည်ညိုကြတာပဲ" ကောင်းသတင်းတွေ အဘော် လိုက်ထွက်လာသည်။

အမှန်အတိုင်း ဆိုပါမူစေ—

အရှင်ဉာဏိဿရ အပေါ် သံယောဇဉ်ဖြစ်ခြင်းတွင် အနီးစခန်း ဆရာတော်၏ တပည့်တပါး ဖြစ်သည်ဟူသော အကြောင်းအပြင် အခြား အကြောင်းတခုလည်း ရှိပါသေးသည်။ ဘုရားတပည့်တော်/ကျွန်တော်ရဲ့ ရဟန်းတခုတနုံးက တွေ့ ရှင်ဉာဏိဿရ၊ အဲဒါလဲ အကြောင်းတပါးပါပဲ။

နောက် တစတစ မေ့ကထိက ရှင်ဉာဏိဿရ၏ ကောင်းသတင်း ဆရိုန်အဟုန် ရိုက်ခတ်မှု စိပ်စိပ်လာသည်။

ကျွန်တော်သည အကြောင်းကြောင်းတွေကြောင့် အကြောင်း ညီညွတ်လှသည် မရှိပါ။ ဆရာတော် အရှင်ဉာဏိဿရ တရားပွဲ ၅၀၀ မှာ ၅ ပွဲ ကျွန်တော်နာခွင့်မရပါ။ သို့သော် ကျွန်တော့်အဖြစ် ပြောရဦးမည်။ ဆရာတော် တရားသံကို တခုသော တရားပွဲမှ တိုက်ရိုက်ဖြစ်စေ၊ ကက် ဆက်မှဖြစ်စေ သဲ့သဲ့ကြားလျှင် ကျွန်တော် အိပ်ရာထ လူးလဲထပါ သည်။ မှောင်ထဲတနေရာက ဆရာတော်တရားကို နားစွင့်နေပါသည်။

တခါက မန္တလေးမြို့ပေါ်မှ [illegible] ဖြင့်ဖြစ်၊ တောဘက်တွေမှာလဲ ဖြစ်ဖြစ်၊ တရားဓမ္မ ကျင်း[illegible] [illegible] ဟောတော်မှုကြသည်။ ဆရာတော် ဦး[illegible] [illegible] မသွား ဖြစ်၊ မသွားနိုင်သော တ[illegible] [illegible] ထွက်ခွာ[illegible] ကျေးရွာအများကြီး ပြုနေပါသည်။

တခါသ၌ ဆရာတော်ကရုဏာ[illegible] ဒေသနှင့်ရွာနေပါတဲ့ စာအုပ် ကလေး ကျွန်တော်ဖတ်ရပါတယ်၊ “[illegible] [illegible] ခ၆၂– ရက် (မတ္တလဲ)၊ ခ၆၆–ရ[illegible] ([illegible] [illegible] အမှင်ဦး[illegible] တရားပွဲတွေ ဒီလောက်များနေတဲ့ [illegible] [illegible] အသံမဝင် တာ၊ လဲပြို့သွားတာ ...ရောဂါ ...[illegible] ...အကျိုးတော့လား... ။ ကျွန် တော် ရန်ကုန်ရောက်ပြီးနောက်ပိုင်း [illegible] ကျွန်တော့်အိမ်ကြွကြွလာ တိုင်း ဆရာတော်ကျန်းမာရေး ကျွန်တော်[illegible] ဆရာတော့် ကျန်းမာရေးက [illegible] [illegible] [illegible] လာကွဲ [illegible] ကျွန်တော်ဆိုချင်လာပါတယ်။

ဖုသတ္တေရဂါထာ အဋ္ဌကထာမှာ ပိဋကတ် ယုဂ ရှိကြောင်း ဆိုခဲ့ သည်။ ပညာရှိသူတော်ကောင်းများကလည်း ယခုအခါ်နသည် ဝိမုတ္တိ ယုဂ– ဝိမုတ္တိခေတ်ဖြစ်ကြောင်း ယုံယုံကြည်ကြည် သတ်မှတ်ကြသည်။

စင်ကြယ်သော ရိပ်သာများ ပေါ်ထွန်းလာသည်နှင့် အမျှ အရဟတ္တဖိုလ်ခေါက်၊ ဝိမုတ္တိခန်း [illegible] [illegible]ရားတော်များကို ဟောကြား ကြသော မဟာထေ[illegible] ([illegible] မဟာထေရ်များ ပေါ်ထွက်လာကြ သည်။

တိုင်းပြုပြည်ပြုနှင့် သာသနာပြုပဟ်ဘွဲ့ ကော်ခံရွှာ ပေါ်ထုတ်ကြိုး ပမ်းခဲ့ရသော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကြီး ထွန်း ကားလာချိန်၊ အချိန်အခါ အလွန်ကောင်းချိန်တွင် အချိန်အခါ ကောင်း ကောင်းနှင့် အရှင်ဉာဏိဿရသည် ဗုဒ္ဓဓမ္မဆိုင်ရာ [illegible]ရားများဟောခြင်း၊ ဟောပြီးတရားများကို ကျမ်းစာအဖြစ် မွမ်းမံ၍ ထုတ်ဝေခြင်းများ အတွက် ဒကာကြီး[illegible] အကြိမ်ကြိမ် သာဓုခေါ်ပါသည်။

# ( ၃ )

ဆရာတော်သည် အခြား အခြားသော အချို့အချို့စာအုပ်များကို နိဒါန်း အရေးခိုင်းသောအခါများ၌ ဤမျှကြာအောင် ကျွန်တော့်ဆီမှာ မထားဖူးပါပဲ၊ ဒီတခါ ထူးထူးခြားခြား ပါယာသိသုတ္တန်တရားတော်စာမူကို အကြာကြီးထားသည်။ မနေ့တနေ့က မှ ဆရာတော်ကလေးဦးသစ္စာစံသက "ဆရာကြီး နိဒါန်းပြီးပလားတဲ့"လာမေးသည်။

'ပါယာသိရာဇ'၊ 'ပါယာသိရာဇကုမာရ' ဘယ်လိုခေါ်ခေါ်။ ထိုခေတ်က ပသေနဒီကောသလ မင်းကြီး၊ ဗိမ္ဗိသာရ–အဇာတသတ်တို့ပြီးလျှင် ဒုတိယတန်းစား ကြီးကျယ်သောမြို့စား၊ ဘုရင်ခံ၊ မင်းငယ်.... ဘယ်လိုခေါ်ခေါ် မာနကြီးဖို့အကြောင်း အတော် လုံလောက်သော ပါယာသိ၊ သူအုပ်ချုပ်စားရတဲ့မြို့က သေတဗျ၊ တိုင်းအနေနှင့် ကောသလ တိုင်း၊ သာဝတ္ထိနဲ့ ကပိလဝတ်အကြား အစားအသောက်၊ အနေအထိုင် မညံ့တဲ့ နေရာဒေသပါပဲ။ လူစည်လို့ သတ္တုသဒ၊ လူလဲစည်တယ်၊ သစည်–ဒသာလဲပေါတယ်။

စကားစပ်၍ ပြောရဦးမည်....

မာနနှင့်ဒိဋ္ဌိသည် အဘူဘူ တရုလဲ မကောင်းသော ခြသေ့နှစ်ကောင်နှင့် တူသော်လည်း ခြသေ့တကောင် ရှောင်အပေးမှာ ခြသေ့တကောင် မင်ဆံ ဖွားဖွား ကြွားကြွား ဝင့်ဝင့် ဖြစ်တတ်တာကတော့ သဘာဝပါ။

မင်းကြီး ...မင်းကြီးတော့....အောက်က မင်းငယ်မှာ မင်းငယ်ပီပီ လိုက်ကင်းသွားတဲ့ မာနနေရာ ဒိဋ္ဌိဝင်လာတော့မှာပေါ့။

သဘာဝတခုကိုလည်း စဉ်းစားကြည့်ပါဦး၊

ကျေးဇူးတင်တာ–ကျေးဇူးတင်တာ တခြားပဲ၊ အခြေအနေ.... အလားအလာ....အရည်အသွေး....အဘန်အသင့် မြင့်မြင့်မားမားရှိတဲ့ ရှင်ဖြစ်ဖြစ်....သူဖြစ်ဖြစ်....."သူဖြူယင် ငါမည်း (မဲ)မယ်" ဆိုတဲ့ ဝါဒကို လက်ကိုင်ပြုကတတ်ပါတယ်။ ပါယာသိရဲ့သခင် ပသေနဒီကောသလတို့ကာ

ဘုရားတရားနဲ့ ဘာသာရေးနဲ့ ဆို[illegible]က ဝါဒီတွေဆိုတော့ သူ(ပါယာသိ) နတ္ထိက ဝါဒီ ဖြစ်လာတာပေါ့၊ [illegible]ကတော့က ပိတ်ကြီးဝင်စ လူတွေရဲ့ ဖက်ရှင်(FASHION) ပါ။

ဆရာတော် အရှင်ဉာဏိဿရသည် တရားတော်ကို ဆန်းဆန်း ကြယ်ကြယ် ဝေဝေဆာဆာ ဟောတတ်ကြောင်း ပညာမြောက် တိပိဋက ဓရ တိပိဋကကောဝိဒ အရှင်[illegible]က [illegible]ရေးသော ဒကာကြီးများ အမိန့်ရှိကြသည်၊ အခြားသော ဆရာတော်များလည်း စကားစပ်မိလျှင် အရှင်ဉာဏိဿရ ဒေသနာဘင်္ဂီ [illegible] အဆက် [illegible]ကျွမ်းကျင် ကြောင်း မိန့်တော်မူကြသည်ကို ကျွန်ုပ်စာရေးသူ အကြိမ်ကြိမ် ကြားဖူးပါ သည်၊

စိတြကထိက တေဇဂုဏ်ရ ရှင်ကုမာရကဿပမဟာသော ပါယာသိ ရာဇည သုတ်တော်ကို ဆန်းဆန်းကြယ်ကြယ် ဝေဆာအောင် ဟောတတ် သော အရှင်ဉာဏိဿရက မြန်မာလိုဟောကွက်ကောင်းတွေနှင့်တန်ဆာဆင် ထားသည်ကို ကျွန်ုပ်စာရေးသူအနေနှင့် ကျွန်ုပ် တိုတိုပဲ ပြောလိုပါသည်၊ ကျွန်ုပ်စာရေးသူမှာ ပါယာသိရာဇညသုတ်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ အခြား ဘာသာပြန်များရှိပါသည်။ အရှင်ဉာဏိဿရ ဟောကွက်တွေကို ကြည့်ရှုရမှ ပိုတရားကျပါသည်။ ကျွန်တော်ကလဲ ပါယာသိပါမွှား တယောက် ဖြစ်ခဲ့ဖူးသည်မဟုတ်ပါလား။

ဆန်းထွန်း—ရန်ကုန်

၁၃–၇–၀၅

## သီတဂူမေတ္တာ


၁။ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ
ချမ်းသာကြပါစေ။

၂။ မေတ္တာနှလုံး၊ ကိုယ်စီသုံး
ရွှင်ပြုံးကြပါစေ။

၃။ မေတ္တာရေချမ်း၊ ဆွတ်ကာဖျန်း
ငြိမ်းချမ်းကြပါစေ။

၄။ မေတ္တာမဉ္ဇူ၊ မွှေးပျံ့ကြူ
ကြည်ဖြူကြပါလေ။

၅။ ခပ်သိမ်းသောလူ၊ တရားယူ
သီတဂူသို့ အေးပါစေ။



# ပါယာသိသုတ္တန်

## ပထမပိုင်း

၁၃၄၃-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့ည
ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်
ဓမ္မပါလဓမ္မာရုံ ဓမ္မသဘင်၌ ဟောကြားသည်၊



## ပလ္လင်ဖွင့် ဘုရားရှိခိုး

ပါယာသိသုတ္တန်တရား မဟောကြားသေးခင် မနာကြားသေးခင် တရားပိုင်ရှင် ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ရှိသေ့သလက် အုပ်ချီမိုး၍ ရှိခိုးကြရအောင်—

ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတ ဝိဟတ မောဟတမံ။
သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။
တေန သစ္စဝဇ္ဇေန၊ သုခိတာ ဟောန္တု ပါဏိနော။

ကရုဏာသီတလဟဒယံ၊ မဟာကရုဏာတော်မြတ် အတွင်းခါတ်ဖြင့် လှပ်လှပ်ဖွေးလှအေးမြစည်ပင် ကြည်လင်သော ရွှေစိတ်နှလုံးတော်လည်း ရှိတော်မူပေထသော။ ပညာပဇ္ဇောတ ဝိဟတ မောဟတမံ၊ အရဟတ္တမဂ်ပညာတည်းဟူသော ဆီမီးရောင်ဖြင့် အဝိဇ္ဇာဘည်းဟူသောအမိုက်မှောင်ကို ပယ်ဖျောက်တော်မူပြီးထသော။

သနရာမရလောကဂရုံ၊ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ညွှတ်ရိုးဦးခိုက် အလေးအမြတ်ပြုထိုက်သော ဆရာတဆူဖြစ်တော်မူပေထသော။ ဂတိဝိမုတ္တံ၊ ဒေဝမနုဿ နိရယနှင့် ပေတတိရစ္ဆာန် လားရန်အရှိငါးတန်သောဂတိမှလည်း အထူးသဖြင့် ကင်းလွတ်တော်မူပြီးထသော။ သုဂတံ၊စကားခြောက်ခွန်း လူ့ဥထွန်းလည်း နှစ်ခွန်းကိုသာ ကျိုးရှိရာကို ကောင်းစွာမသွေ့ ဆိုတော်မူတတ်ပေထသော။

ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပြတ်သားထင်ထင် သိမြင်ပေဘတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ဘုရားတပည့်တော်သည်။ သာဒရံ၊ လေးမြတ်ကြည်ညို ရိုသေခြင်း ရှိသည်ဖြစ်၍။ တီဟိ၊ လက်အုပ်အဥ္ဇလီ နှုတ်သံချီလျက် ရှင်ကြည်မနော သုံးပါးသော ဒွာရတို့ဖြင့်။ ဝန္ဒေ—ဝန္ဒာမိ၊ အများသူငါဘေးရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်းညွှတ်ကျိုးလက်စုံမိုးကာ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဓေတေန သစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော ပဏာမသစ္စာစကားကို ပြောဆိုရလေသောကြောင့်။ ပါဏိနော၊ များလှသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ နိဗ္ဗယာစ၊ ဘေးရန်ခပ်သိမ်းမှုလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အသောကာစ၊ မညှိုးမမှိန်တန်ခိုးရှိန်လျက် စိုးရိမ်မခနှောင့် ကြောင့်ကြပူဆွေးငိုကြွေးခြင်းမှုလည်း ကင်းဝေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဟောန္တု၊ ယခုဆိုအပ်သော သစ္စာစကားနှင့် ပို့လွှတ်အပ်သော မေတ္တာဓာတ် အရှိန်အဝါကြောင့် အချိန်မကြာကိုယ်စီကိုယ်င ဖြစ်တော်မူကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

## မိစ္ဆာဒိဋ္ဌိမှ လွတ်ကြောင်းဒေသနာ

ဥပမာ ၁၄ ရပ်တို့ဖြင့် တန်းဆာဆင်၍ အရှင်ကုမာရ ကဿပ မထေရ်သည် ပါယာသိ မင်းဘုရားအား ဥစ္ဆေဒဒိဋ္ဌိအယူမှ ကျွတ်လွတ်ကြောင်း ကောင်းမြတ်သော ဒေသနာတော်ကို ဖော်ပြသော သုတ္တန်ကို ပါယာသိသုတ္တန်လို့ ခေါ်ပါတယ်။

ဟောကြားသူ - အရှင်ကုမာရကဿပ။

အရှင်ကုမာရကဿပ ဘယ်သူ့ကို ဦးတည်ပြီးတော့ ဟောသလဲလို့ဆိုယင် ပါယာသိမင်းတရားကို ဦးတည်ပြီးတော့ ဟောတယ်။ ဒီတော့ ပါယာသိမင်းတရားကို ဦးတည်ပြီးဟောတယ် ဆိုတော့ ပါယာသိမင်းတရားရဲ့နောက်မှာပရိသတ်များစွာ ပါသေးတယ်ဆိုတာကိုတော့ သိထား၊ အဓိကဦးတည်တာကတော့ ပါယာသိမင်းတရားကိုပါပဲ။

တို့ကြောင့်—

ဟောကြားသူ — အရှင်ကုမာရကဿပ။<br>
နာကြားရသူ — ပါယာသိမင်းတရား။

ဘုန်းကြီးတို့ပရိသတ်များ–တရားဟော တရားနာကို ဤကဲ့သို့ မှတ်သားကြပါ။ ပါယာသိမင်းတရားအားဟောတော့ ဘာရည်ရွယ်ချက်နဲ့ ဟောသလဲဆိုတော့ ဥစ္ဆေဒဒိဋ္ဌိမှ ကျွတ်လွတ်စေကြောင်း ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့်ဟောတယ်။ ဥစ္ဆေဒဒိဋ္ဌိမှလွတ်ကြောင်း ကောင်းမြတ်သော ရည်ရွယ်ဖြင့် ယောနိသော မနသိကာရဖြင့် ဟောပါတယ်။

ရည်ရွယ်ချက်က - ဥစ္ဆေဒဒိဋ္ဌိမှလွတ်ဖို့။

ဘယ်သူ့ ဥစ္ဆေဒဒိဋ္ဌိလဲလို့ မေးယင် ပါယာသိမင်းတရားကြီးရဲ့ ဥစ္ဆေဒဒိဋ္ဌိ။

၁။ တရားတော်ရဲ့ ရည်ရွယ်ချက်၊
၂။ တရားဟောပုဂ္ဂိုလ်၊
၃။ တရားနာပုဂ္ဂိုလ်၊–လို

သုံးပွင့်ဆိုင်ရကြပြီ။

ဒီသုတ္တန်ကို ဒီဃနိကာယ် သုတ်မဟာဝဂ္ဂပါဠိတော်မှာ သင်္ဂါယနာတင်ပါတယ်။ ရှည်လျားတဲ့ သုတ္တန်ကြီး ဖြစ်ခြင်းကြောင့် ဒီဃနိကာယ်မှာ သင်္ဂါယနာတင်ပါတယ်။

ဥပမာပေါင်း ၁၄ မျိုးတို့ဖြင့် ပါယာသိရှင်ဘုရင်ကြီး နားလည်ဖို့ရန် ဟိုဘက်က လှည့်ပတ် ဒီဘက်က လှည့်ရိုက်ပြီးတော့ ပါယာသိမင်းကြီးရဲ့ မိစ္ဆာဒိဋ္ဌိအယူမှ ကျွတ်လွတ်ကြောင်း ကောင်းမြတ်သော ဒေသနာဟာ ဥပမာ ၁၄ ပါးနဲ့ တန်းဆာဆင်ပြီးတော့ ပါယာသိသုတ္တန်ရယ်လို့ ဖြစ်ပါတယ်။ ဤသုတ္တန်ကြီးရဲ့ နိဂုံးအဆုံးမှာ ပါယာသိမင်းကြီးသည် မိစ္ဆာဒိဋ္ဌိအယူမှ ကျွတ်ခဲ့တယ်။

ဥပမာ ၁၄ မျိုးနဲ့ တန်းဆာဆင် ဟောတယ်ဆိုယင် ဘုန်းကြီးတို့ အဲဒါ ၁၄ ညတော့ ဟောဖို့ကောင်းတာပဲ။ ၁၄ မျိုးသော ဥပမာတို့ဖြင့် တန်းဆာဆင် ဟောထားတဲ့ သုတ္တန်ကို ၁၄ ည ဟောမှ ကောင်းမယ် ဆိုတော့ ရန်ကုန် တရားပွဲက လဲ ၁၄ ည မရှိတော့ဘူး၊ ဒီက နေ့ညနဲ့ ဆိုယင် ၁၂ ညပဲ ရှိတော့တယ်၊ ၁၂ ညအတွင်း ဒီသုတ္တန်ကြီးကို ပြီးအောင် ဘုန်းကြီးတို့ ကြိုးစားပြီးတော့ ဟောပါမယ်၊ မပြီးခဲ့ယင် သီတင်းကျွတ်မှ အကျန်လေးကို ဆက်မယ်။

## ဓမ္မကထိက တေဒဂ်ဘွဲ့ရပုံချင်း ကွာခြားမှု

ဒီဃနိကာယ်ဆိုတော့ သုတ္တန်က ရှည်ပါတယ်တဲ့-ဟုတ်လား။ ကိုင်း ဒီတော့ ရှည်လျားတဲ့ သုတ္တန်ကို စတဲ့အခါ ရှည်လျားတဲ့ စကားတွေကို မပြောတော့ပဲ ပါဠိတော်ကို ဘုန်းကြီးတို့ ကိုင်ကြည့်ကြရအောင်—

ဧကံသမယံ အာယသ္မာ ကုမာရကဿပေါ ကောသလေသု
စာရိကံ စရမာနော မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ
ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။

ဧကံသမယံ၊ တခုသော ကာလသမယ၌။ အာယသ္မာ ကုမာရကဿပေါ၊ စိတ္တ(စိတြ)ကထိ ဓမ္မကထိက တေဒဂ်ဘွဲ့ရတဲ့ အရှင်ကုမာရကဿပမထေရ်သည်။ ကောသလေသု၊ ကောသလတိုင်းတို့၌။ မဟတာ၊ ဂုဏ်အားဖြင့် မြတ်သော (ဝါ) အရေအတွက်အားဖြင့် များပြားလှစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းတော်အပေါင်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ ရဟန်းတော် ငါးရာတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ စာရိကံ စရမာနော၊ ခရီးဒေသစာရီ လှည့်လည်ကြွချီတော်မူခဲ့သည် ရှိသော်။

စိတ္တ(စိတြ)ကထိ=ဆန်းဆန်းကြယ်ကြယ် တရားဟောတဲ့ နေရာမှာ ဤ ဘုရား သာသနာမှာ အသာဆုံး အတော်ဆုံး တည်းဟူသော တေဒဂ် ဘွဲ့ထူးခံတော်မူသော အရှင်ကုမာရ ကဿပ မထေရ်သူမြတ်သည် သံဃာတော် ငါးရာ ခြံရံ၍ ကောသလတိုင်းမှာ ခရီး ဒေသစာရီ လှည့်လည် ကြွချီတော်မူခဲ့ပါတယ်။

အရှင်ကုမာရ ကဿပ ရရှိတဲ့ ဘွဲ့ထူးက "စိတ္တ(စိတြ)ကထိ ဓမ္မကထိကတေဒဂ် ဓမ္မကထိက တေဒဂ်တွေကို နောက်တော့ ဘုန်းကြီးတို့ စုပြမယ်၊ တပါးနဲ့တပါး ဓမ္မကထိက တေဒဂ်ဘွဲ့ ရပုံချင်းဟာ မတူကြဘူး။

(က) မဇ္ဈိမ ဓမ္မကထိက တေဒဂ်
(ခ) စိတ္တ(စိတြ)ကထိ ဓမ္မကထိက တေဒဂ်

ဆိုပြီး သူ့အကြောင်းနဲ့ သူ့အကျိုး ဟောဒီမှာ တခြားစီတဲ့—

(၁) သာယာတဲ့အသံ၊ ချိုသာတဲ့အသံဖြင့် တရားဟောတဲ့ နေရာ တေဒဂ်ဘွဲ့ရတာ တမျိုး။

(၂) ဆန်းဆန်း ကြယ်ကြယ် ကပ်သီးကပ်သပ် စကား ပြောပြီးတော့မှ ဟောပြီးတော့မှ ဓမ္မကထိက တေဒဂ်ဘွဲ့ရတာက တမျိုး။

(၃) လေးနက်တည်ငြိမ်တဲ့ တရားကို ဟောပြီးတော့မှ တေဒဂ်ဘွဲ့ ရတာက တမျိုး။

(၄) အဘိဓမ္မာတရား ဟောပြီးတော့ တေဒဂ်ဘွဲ့ရတာက တမျိုး။

သူ့နည်းနဲ့သူ ဓမ္မကထိကတေဒဂ်ဘွဲ့ရပုံတွေဟာ မတူညီကြပါဘူး။

ယခု ဤသုတ္တန်ရဲ့ တရားပိုင်ရှင် ဖြစ်တော်မူသော အရှင် ကုမာရကဿပမထေရ်သည် "စိတြကထိ ဓမ္မကထိက တေဒဂ်"ဘွဲ့ကို ရတယ်၊ စိတြကထိ ဓမ္မကထိက တဲ့၊ စကားပြောပြီ ဟောပြီဆိုယင် ဆန်းဆန်းကြယ်ကြယ်ကို အတော်ပြောတတ်တဲ့ မထေရ်ပါပဲ။

စိတ္တ(စိတြ)ကထိ ဓမ္မကထိက တေဒဂ်ဘွဲ့ ရရှိခြင်း

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဓမ္မကထိကာနံ
စိတြကထိကာနံ ဘိက္ခူနံ ယဒိဒံ ကုမာရကဿပေါ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။

ယဒိဒံ ယော အယံ ကုမာရကဿပေါ၊ အရှင်ကုမာရ ကဿပခေါ် မထေရ်ကျော်သည်၊ အတ္ထိ၊ ရှိပါပေ၏။ ဧသော-ထိုသော ကုမာရကဿပေါ၊ ထို ကုမာရ ကဿပခေါ် မထေရ်ကျော်သည်။ မမ၊ ငါဘုရားရှင်၏။ သာသနေ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်၌။ ဓမ္မကထိကာနံ၊ တရားစကား ဟောပြောတတ်ကြ ပေကုန်သော။ စိတ္တကထိကာနံ၊ ဆန်းကြယ်သော စကားကို ဟောပြောတော် မူတတ်ကြပေ ကုန်သော။ ဘိက္ခူနံ၊ ရဟန်း တော် အပေါင်းတို့တွင်။ အဂ္ဂံ အဂ္ဂေါ၊ အမြတ်ဆုံး အကောင်းဆုံး အသာ ဆုံး ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင် ကုမာရကဿပ မထေရ်ကို။ စိတြကထိ ဓမ္မကထိကာ တေဒဂ္ဂဋ္ဌာနေ၊ ဆန်းဆန်း၊ ကြယ်ကြယ်

အံ့ဘွယ်တရားစကား ဟောပြောသောအရာ ဤ ဘုရားမြတ်စွာ သာသနာ တော်ဝယ် အသာဆုံး အတော်ဆုံးတည်းဟူသော ဓာဒဂ်ရာထူး၌ ထပေသိ၊ ကောင်းစွာမသေ့ ချီးမြှောက်တော် မူခဲ့ပါပေသတည်း။

## "သာဓု...သာဓု....သာဓုပါ ဘုရား"

စိတ္တ(စိတြ)ကထိ=ဆန်းဆန်းကြယ်ကြယ်အံ့သြဘွယ် တရားစကား ဟောပြောတဲ့နေရာ ငါဘုရား သာသနာမှာ အရှင် ကုမာရ ကဿပ မထေရ်သည် အသာဆုံး အတော်ဆုံးပဲ။

ရရှိတဲ့ ဘွဲ့ထူးက စိတ္တ(စိတြ)ကထိ ဓမ္မကထိကလို့ ဘုန်းကြီးတို့ ပရိသတ်များ မှတ်သားပြီးတော့ ထားကြ။ စိတ္တ(စိတြ)ကထိ ဓမ္မကထိက ဧတဒဂ်ဘွဲ့ကို ဘယ်သုတ္တန်နဲ့ရသလဲဆိုယင် ပောဒိ ပါယာသိသုတ္တန်နဲ့ ဒီဘွဲ့ကို ရတယ်လို့ ဘုန်းကြီးတို့ ဒီလိုပဲ ဆိုချင်တယ်။

တစုံတယောက်သော ပုဂ္ဂိုလ်သည် အမ်အော ဘွဲ့ကို ရသတဲ့၊ ဘယ် စာတမ်းနဲ့ ရသလဲဆိုယင် သူရေးထုတ်တဲ့ စာတမ်းလေးတခုဟာ သူ့မှာ ရှိနေတယ်၊ သီးစစ် (စ်) (thesis) ဆိုတဲ့ စာတမ်းလေးတခုဟာ သူ့မှာ ရှိနေတယ်၊ ဒီစာတမ်းလေး ရေးထုတ်ပြီး ဒီဘွဲ့ထူးရသွားတယ် ဆိုတာလို အရှင်ကုမာရ ကဿပလဲပဲ ပါယာသိသုတ္တန်ဖြင့် ဆန်းကြယ်တဲ့ စကားတွေ ကို ပါယာသိ မင်းကြီးအား ဟောပြီးတော့ စိတ္တ(စိတြ)ကထိ ဓမ္မကထိက ဧတဒဂ်ဘွဲ့ကို ပန်ဆင်တော် မူသွားတယ်လို့ မှတ်ရမယ်။

အရှင် ကုမာရကဿပ ပြုစုတော်မူတဲ့ စာတမ်းဟာ ပါယာသိ သုတ္တန်ဆိုတဲ့ စာတမ်းပေါ့။ ဘာဘွဲ့အတွက်လဲဆိုယင် အမ်အေအတွက်၊ ပီအိပ်ချ်ဒီအဘွက် မဟုတ်ဘူး။ စိတ္တ(စိတြ)ကထိဓမ္မကထိက ဧတဒဂ်အတွက်၊ ဟုတ်လား။ အေး အရှင်ကုမာရကဿပ စိတ္တ(စိတြ)ကထိ ဓမ္မကထိက ဧတဒဂ်ဘွဲ့ရတာဟာ ဤသုတ္တန်ဖြင့် ရတယ်လို့ မှတ်သားထား။

ဤသုတ္တန်ကို ဆက်လက်ပြီးတော့ ဆုံးအောင် နာထောင်လို့ရှိယင် စိတြ ကထိ = ဆန်းကြယ်သောစကား ပြောတတ်ပါပေတယ် ဆိုတာဟာ သဘာဝကျတယ်။ သဘာဝကျလို့လဲ မြတ်စွာဘုရားက လိုက်လျောလို့ ဒီဘွဲ့ကိုပေးတာလို့ မှတ်သား။ ဘုန်းကြီးတို့ ပရိသတ်များ ဇွဲကောင်း ကောင်းနဲ့ သုတ္တန်ဆုံးအောင်သော့နာမှ ဖြစ်လိမ့်မယ်၊ နာကြမှာပါတဲ့၊ ဟုတ်သား။ အားရှိစရာတော့ ကောင်းသား။

## အရှင်ကုမာရကဿပ ခရီးဒေသစာရီ လှည့်လည်

အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပ မထေရ်မြတ်သည်။ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ၊ ငါးရာကြိုင်မြောက် အရေအတွက် အားဖြင့် များသော ရဟန်းတော်အပေါင်းနှင့်တကွ။ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဒ္ဓိံ၊ ရဟန်းတော်ငါးရာနှင့် အတူတကွ။ ကောသလေသု၊ ကောသလတိုင်းတို့၌။ စာရိကံ စရမာနော၊ ခရီးဒေသစာရီ လှည့်လည် ကြွချီတော်မူခဲ့သည် ရှိသော်။

ကောသလတိုင်းမှာ သံဃာငါးရာ ခြံရံပြီးတော့ ဆန်းကြယ်သော တရားစကား ဟောပြောတော်မူသော ဓမ္မကထိကဆရာတော် အရှင် ကုမာရကဿပ ခရီးဒေသစာရီ လှည့်လည်ကြွချီတော်မူသွားခဲ့ပြီ၊ မှန်ပြီး တော့သာ ပူးပျော်ကြည်သိလိုက်ကြ။ ဓမ္မကထိက အရှင်ကုမာရကဿပ မထေရ်ကြီး ခရီးထွက်သွားပြီတဲ့၊ ဘယ်ကို ကြွက်သွားသလဲ။

ကောသလေသု၊ ကောသလတိုင်းတို့၌။ စာရိကံ စရမာနော၊ ခရီး ဒေသစာရီ လှည့်လည်တော်မူခဲ့သည် ရှိသော်။

ယေန သေတဗျာ နာမ ကောသလာနံ နဂရံ တဒဝသရိ။

ယေန၊ အကြင်အရပ်၌။ သေတဗျာ နာမ၊ သေတဗျအမည်ရှိသော။ ကောသလာနံ၊ ကောသလ တိုင်းသူတိုင်းသား လူအများတို့၏။ နဂရံ၊ မြို့ကြီးသည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထိုသေတဗျမြို့ကြီးသို့။ အဝသရိ၊ ဆိုက်ရောက်တော် မူခဲ့တယ်။

ကောသလတိုင်းမှာ ခရီးဒေသစာရီ လှည့်လည်ယင်း၊ ကြွချီယင်း တရားစကားဟော၍ ဟော၍ လှည့်လည်တော်မူခဲ့တာ။ ကောသလ တိုင်း တရားဟောထွက်ပြီးတော့ သွားလိုက်တာ ကောသလ တိုင်းသူ တိုင်းသား တို့ရဲ့ မြို့တမြို့၊ ကောသလတိုင်းမှာ ထင်ရှားသောမြို့တမြို့ သေတဗျဆိုတဲ့ မြို့သို့ ဆိုက်ရောက်သွားပါတယ်။

တေန၊ ထို ကောသလ တိုင်းသူတိုင်းသား လူအများတို့ရဲ့ နေ ထိုင်ရာ ထင်ရှားသော၊ အလွန်တရာ စည်ကားသော သေတဗျခေါ် မြို့တော်သို့။ အဝသရိ၊ ကောင်းစွာမသွေ အရှင်ကုမာရကဿပ ဆိုက် ရောက်တော် မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

ခရီးလှည့်တာက ကောသလတိုင်း၊ မဂ္ဂကထိက ခရီးထွက်တယ်။ ဒေသစာရီလှည့်တယ်။ ဘာအတွက် လှည့်သလဲ ဆိုယင်တော့ ဘာမှ သိပ် ပြောနေဖို့ မလိုဘူး၊ တရားဟောဖို့လှည့်တာ ဖြစ်မှာပဲ။ ကောသလတိုင်း မှာ တရားဟောဖို့ ခရီးထွက်ပြီးတော့သွားလိုက်တာ သေတဗျမြို့ကိုရောက် ပြန်ပြီ။ ကောသလ တိုင်းသူတိုင်းသားတွေရဲ့ ထင်ရှားစည်ကားတဲ့ သေတဗျ ခေါ်သော မြို့ကြီးကို အရှင်ကုမာရကဿပမထေရ်သည် ဆိုက်ရောက်သွား တယ်။ သေတဗျမြို့ကို ဆိုက်ရောက်တော့ ဘယ်အရပ်မှာ အရှင်ကုမာရ ကဿပ နေမှာပါလိမ့်မလဲ ဆိုလို့ရှိယင်—

## သေတဗျမြို့အဦးက ယင်းတိုက်တောမှာ သီတင်းသုံး

တတြ သုဒံ အာယသ္မာ ကုမာရကဿပေါ သေတဗျာယံ
ဝိဟရတိ ဥတ္တရေန သေတဗျံ သိံသပါဝနေ။

တတြ၊ ထို သေတဗျခေါ်သော ကောသလတိုင်းရဲ့ မြို့တော်၌၊ ဥတ္တရေနသေတဗျံ၊ သေတဗျမြို့ရဲ့ မြောက်အရပ်၌။ ယေန၊ အကြင်အရပ် ဝယ်။ သိံသပါဝနေ၊ သိံသပါဝန ဆိုရသည့် ယင်းတိုက်တောသည်။ အတ္ထိ၊ ရှိပါပေ၏။

သေတဗျမြို့ရဲ့ မြောက်ဘက်နားမှာ သိံသပါဝနဆိုတဲ့ ယင်းတိုက် တောတခု ရှိတယ်။

တတြ၊ ထို သေတဗျခေါ်သော ကောသလတိုင်းပြည်ရဲ့မြို့တော်၌။ ဥတ္တရေနသေတဗျံ၊ သေတဗျမြို့မှ မြောက်အရပ်၌။ သိံသပါဝနေ၊ ယင်း တိုက်တော၌။ အာယသ္မာ ကုမာရကဿပေါ၊ အရှင် ကုမာရကဿပ မထေရ်သည်။ ဝိဟရတိ၊ ယာပသနေးလိုဖြင့် မျှညီရှင်ပြုး၍ သီတင်းသုံး တော် မူခဲ့ပါပေသတည်း။

“သာဓု….သာဓု….သာဓုပါ ဘုရား”

ထို သေတဗျမြို့ရဲ့ မြောက်ဘက်နားထွက်ပြီးတော့ သွားလိုက်မယ် ဆိုလို့ရှိယင် ယင်းတိုက်တောတခု ရှိနေခဲ့တယ်။ အရှင်ကုမာရကဿပမထေရ် ဟာ သေတဗျမြို့ထဲမှာ မနေဘူး။ မြို့ရဲ့ မြောက်ဘက်နားက စိမ်းညိုပြီး တော့ စိမ်းတစိုစို ညိုဘနမှောင်မှောင် ခိုရောင်မြသွေး ကမ္ဘာ့ဆေးဖြင့်

အလှရေးသကဲ့သို့ ရှိနေသော ယင်းတိုက်တောအုပ်သို့ ကြွမိကာ နောက်လိုက် သံဃာငါးရာနှင့် ချမ်းချမ်းသာသာ တောရပ်ပျိုပြီးတော့ သီတင်းသုံးတော် မူခဲ့ပါတယ်။

သေတဗျမြို့ကို ဆွမ်းခံရွာအဖြစ် ဂေါစရဂါမအဖြစ်နဲ့ အခြေချ ထားပြီး ယင်းတိုက်တောသည် မထေရ်သူမြတ်ရဲ့ ကိန်းအောင်းရာအဖြစ်နဲ့ ဟောဒီမှာပုံခို၍ နေတော်မူခဲ့တယ်။ သေတဗျမြို့က ဆွမ်းခံဖို့ဂေါစရဂါမ်၊ ဆွမ်းခံပြီးတော့ အဲဒီသေတဗျမြို့ရဲ့ မြောက်ဘက်အရပ်က ဆိမ်းကိုပြုပြီးတော့နေတဲ့ ယင်းတိုက်တောအုပ် ထိုတောအုပ်ထဲမှာ မထေရ်သူမြတ်ငါးရာနဲ့ တကွ အရှင်ကုမာရကဿပ တရားဟောဆရာကြီး နားနေပြီတဲ့၊ မှန်းကြည့်ထား လိုက်ကြ။

အရှင်ကုမာရကဿပမထေရ် သူမြတ်ရဲ့အကြောင်းကို နည်းနည်း လောက် ခွဲခြားကြည့်ကြရအောင်။ မဟာကဿပတို့၊ အစေလကဿပတို့၊ ပုရာဏကဿပတို့ဆိုပြီးတော့ ကဿပ၊ ကဿပတွေ အတော်တော်ပေါ တာ၊ ယခုဒီမှာသာပြန်တယ်၊ ကုမာရကဿပတဲ့။ ပင်ကိုယ်နာမည်ကတော့ ကဿပပါပဲ၊ ကုမာရဆိုတာကတော့ နောက်မှအကြောင်းအားလျော်စွာ တွင်လာတဲ့ တင်လာတဲ့ နာမည်။

## အရှင်ကုမာရကဿပရဲ့ အတိတ်ဘဝ

ဟောဒီကုမာရကဿပခေါ်သော အမျိုးကောင်းသား၊ စိတြ ကထိ ဓမ္မကထိကဘွဲ့ကို ပန်ဆင်အံ့ဖြစ်သော အမျိုးကောင်းသားသည် ပါရမီဖြည့်ရာ အတိတ်ကာလကိုပြန်ကြည့်ယင် ပဒုမုတ္တရဘုရားလက်ထက် ကစတင်၍ ပါရမီကို ဖြည့်ကျင့်ခဲ့တာ၊ လွန်လေပြီးသော ကမ္ဘာတသိန်း ကာလကပွင့်တော်မူတဲ့ ပဒုမုတ္တရဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ စိတြကထိ ဓမ္မကထိက ဧတဒဂ်ဘွဲ့ထူးကို ပန်ဆင်တဲ့ ရဟန္တာသခင်အရှင်သူမြတ် ဖြစ် ပါရစေဆိုတာ ဆုပန်ခဲ့တယ်။

ကမ္ဘာတသိန်းကာလ ပါရမီဖြည့်ပြီးတော့လာခဲ့တာ ယခုဘဒ္ဒကပ် ကမ္ဘာမှာ ဘုန်းကြီးတို့ ဗုဒ္ဓဂေါတမရဲ့ နောင်တော်ကြီးဘုရားဖြစ်သော ကဿပမြတ်စွာဘုရား သာသနာကျတော့ အရှင်ကုမာရကဿရဲ့အလောင်း အလျာဟာ ရဟန်းဘဝကိုလှလှကြီးရတယ်၊ ရဟန်းဘဝလှလှကြီးရတော့ ကဿပဘုရားသာသနာ တည်ထွန်းတဲ့ခေတ်မှာ လူတွေရဲ့သက်တမ်းဟာ နှစ်ပေါင်းနှစ်သောင်း ရှည်တဲ့ခေတ်၊ နှစ်ပေါင်းနှစ်သောင်းရှည်းတဲ့ခေတ်

မှာ အနှစ်နှစ်သောင်းတို့ကာလပတ်လုံး ရဟန်းတရားကို ပွားများကြိုးကုတ်အားထုတ်၍နေခဲ့တယ်။ သို့သော် ဖြည့်ကျင့်တဲ့ ပါရမီတော့ မပြည့်စုံသေးတော့ ထိုကဿပဘုရားရဲ့ လက်ထက်မှာ အရဟတ္တဖိုလ်သို့ မပေါက်ခဲ့ဘူး။

ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက်ပိုင်း ကဿပဘုရားရှင်ရဲ့သာသနာတော်ကြီးဟာ တဖြည်းဖြည်းမှေးမှိန်လာတော့ သာသနာတော်ကို ချစ်မြတ်နိုးတော်မူကြတဲ့ ရဟန်းတော် (၇)ပါး တိုင်ပင်ပြီး မြို့ရွာကို စွန့်ပြီးတော့ တောထွက် တရားအားထုတ်ကြစို့ယ်တဲ့။ ကဿပဘုရားရှင်ရဲ့ သာသနာတော်ကြီး မှေးမှိန်မှေးမှိန်ပြီးတော့လာပြီ၊ သာသနာကွယ်တော့မယ်၊ ဒီသာသနာတော် မကွယ်မီ တို့ရန္တာဖြစ်အောင် ဆိုပြီးတော့ အကြိတ်အနယ်ကို အသက်စွန့်ပြီးတော့ တရားအားထုတ်ကြတဲ့ မထေရ်(၇)ပါး၊ မြို့ရွာကိုစွန့် လူမနီးတဲ့တောကြီးထဲဝင် အလွန်တရာ မတ်စောက်နေတဲ့ တောင်ကြီးတခုပေါ် လှေကားထောင်ပြီးတော့ သူတို့တက်ကြတယ်။

## ရဟန်း(၇)ပါးတို့ရဲ့ ပြတ်သားတဲ့ ဇွဲ-လုံ့လ-ဝီရိယ

တောင်ထိပ်တက်ပြီးတော့ ရဟန္တာ မဖြစ်မချင်း အားထုတ်မယ်။ ဇွဲမသန်တဲ့ပုဂ္ဂိုလ်၊ သတ္တိနည်းတဲ့ပုဂ္ဂိုလ်၊ ဝီရိယဓာတ်ခေါင်းပါးတဲ့ပုဂ္ဂိုလ်၊ ပရက္ကမဓာတ်အားနည်းတဲ့ပုဂ္ဂိုလ်တော့ ဒီတောင်ပေါ်မတက်နဲ့၊ ဝီရိယဓာတ် ပရက္ကမဓာတ်အားကောင်းတဲ့ ပုဂ္ဂိုလ်တော့ တောင်ပေါ်တက်၊ နောက်ပြန်မဆင်းစတမ်း။ လှေကားထောင်ပြီးတက်မှုဖြစ်တဲ့ တောင်ကြီးကိုမထေရ်(၇)ပါး တက်ကြတာ တောင်ထိပ်ရောက်တော့ လှေကားကြီး တွန်းချပစ်လိုက်ကြတယ်။

မထေရ်(၇)ပါးတို့ တောင်ထိပ်ရောက်ပြီလဲဆိုရော လှေကားကြီး တွန်းလှဲချပစ်လိုက်တော့ မထေရ်(၇)ပါးတို့ မဆင်းနိုင်ကြတော့ဘူးတဲ့။ ကတိကဝတ် ဘာမှ မထားကြဘူး၊ တပါးနဲ့တပါး ကူညီဖို့ရန် ကတိကဝတ်ကို ဘာမှဆန်းဆန်းကြယ်ကြယ် မထားကြဘူး၊ ရဟန္တာမဖြစ်မချင်းမဆင်းစတမ်း၊ ဒီအပေါ်မှာပဲ သေချင်သေပါစေဆိုပြီး ဒီလိုအားထုတ်ကြတယ်။ တညလွန်သွားတယ်၊ မထေရ်(၇)ပါး တရားအားထုတ်ကြတာ၊ တညလွန်လာတော့ တပါးသောကိုယ်တော်သည် အရဟတ္တဖိုလ်ပေါက်တယ်။

ထိုတပါးသော ကိုယ်တော်က ရဟန္တာဖြစ်ပြီးတော့ သူကတောင် ပေါ်ကနေ အဘိညာဉ်နဲ့ဆင်းပြီး ဆွမ်းခံတယ်၊ ဆွမ်းခံပြီးတော့ ကျန်တဲ့ သီတင်းသုံးဖော်(၆)ပါးကို သူကဆွမ်းခံကျွေးတာ၊ (၆)ပါးသောကိုယ် တော်တွေက တို့ကကိလေသာဘေးနဲ့ပို့ ရဟန္တာကြီးခံပေးတဲ့ ဆွမ်းမစားရဲဘူး ဆိုပြီးတော့ ဆွမ်းမစားပဲနဲ့ ဆက်လက်အားထုတ်လိုက်ကြတာ သုံးရက် မြောက်မှာ တပါးသည် အနာဂါမ် တည်သွားတယ်။

တပါးက ရဟန္တာဖြစ်တယ်၊ တပါးကအနာဂါမ်တည်တယ်၊ ငါးပါး ကျန်ရစ်တယ်၊ ဟုတ်လား။ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်ကတော့ ထိုဘုရား သာသနာမှာ ပရိနိဗ္ဗာန်စံခဲ့တယ်၊ အနာဂါမ်တည်တဲ့ ပုဂ္ဂိုလ်ကတော့ သုဒ္ဓါဝါသဗြဟ္မာ့ပြည်ကို လားတယ်၊ ကျန်တဲ့ငါးပါးသော ကိုယ်တော်တို့ သည် ဈာန်မရ၊ အဘိညာဉ်မရ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဘာမှမရပဲနဲ့ အသေ အသားခန်းခြောက်ပြီးတော့ ထိုတောင်ထိပ်မှာပဲ အားလုံးကွယ်လွန်တော် မူသွားကြတယ်တဲ့။

## ဗုဒ္ဓဂေါတမလက်ထက်တော် ရောက်လာသောအခါ

ကဿပဘုရား သာသနာတော်အတွင်းက အကြိတ်အနယ် တရား အားထုတ်ကြတဲ့ မထေရ်ငါးပါး တောင်ထိပ်မှာ ကွယ်လွန်ပြီးတော့ ဟောဒီဂေါတမဘုရား သာသနာကျတော့ တပါးသောကိုယ်တော်သည် ဗာဟိယဒါရုစီရိယလာဖြစ်တယ်၊ တပါးသော ကိုယ်တော်က သဘိယ ပရိဗိုဇ်ကြီးသွားပြီးတော့ဖြစ်တယ်၊ တပါးသောကိုယ်တော်က ပုက္ကုသာတိ ရှင်ဘုရင်လာပြီးတော့ဖြစ်တယ်၊ တပါးသောကိုယ်တော်က မလ္လာမင်းသား အရှင်ဒဗ္ဗမထေရ် လာပြီးတော့ဖြစ်တယ်၊ တပါးသော မထေရ်က ယခုဤ သုတ္တန်မှာ ဦးဆောင် ပုဂ္ဂိုလ်ဖြစ်တဲ့၊ သုတ္တန်ရဲ့ပိုင်ရှင်ဖြစ်တဲ့ အရှင်ကုမာရ ကဿပ လာပြီးတော့ဖြစ်တယ်။

တပါးသော မထေရ်က ရဟန္တာကြီးဖြစ်ပြီး ပရိနိဗ္ဗာန်စံခဲ့တယ်၊ တပါးသောမထေရ်က အနာဂါမ်ဖြစ်ပြီး သုဒ္ဓါဝါသဗြဟ္မာ့ပြည်သို့ လား တယ်။ ကျန်တဲ့ငါးပါးကတော့ ပုထုဇဉ်အဖြစ်နဲ့ တရားအားထုတ်ခဲ့ကြတဲ့ တောင်ထိပ်မှာ ပျံလွန်တော်မူခဲ့ကြတယ်။ ထိုတောင်ထိပ်မှာ ပျံလွန်တော် မူပြီး နတ်ပြည်သို့သွားကြတယ်။ ဂေါတမဘုရား သာသနာကျတော့—

၁။ ဗာဟိယဒါရုစိရိယ
၂။ ပုက္ကုသာတိရှင်ဘုရင်
၃။ သဘိယ ပရိဗိုဇ်
၄။ အရှင်ဒဗ္ဗမထေရ်
၅။ အရှင်ကုမာရကဿပမထေရ်၊ တဲ့—

အဲဒီလို လာပြီးတော့ဖြစ်ကြတယ်။ အားထုတ်ဖော် အားထုတ်ဘက်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေနော်၊ ဒီဘဝကျတော့ တကွဲတပြားစီ ဖြစ်ကြရတယ်။

## အနာဂါမ် ပြဟ္မာကြီးရဲ့ ကူညီမှု

သုဒ္ဓါဝါသဘုံ ရောက်နေတဲ့ အနာဂါမ် ပြဟ္မာကြီးက ငါရဲ့ သိတင်းသုံးဖော်တွေ ဘယ်မှာ ရောက်နေကြပါလိမ့်မလဲလို့ ပြဟ္မာ့ပြည်ကနေ မကြာမကြာ ကြည့်တယ်၊ မကြာ မကြာကြည့်တော့ တပါးကတော့ ရေမျောကမ်းတင် ရဟန္တာဖြစ်တဲ့ ဗာဟိယဒါရုစိရိယကြီးကို သွားတွေ့တယ်။ သူ ကူညီတော့ နောက်ဆုံး "ဒိဋ္ဌေဒိဋ္ဌမတ္တံ"နဲ့ ဗာဟိယ ဒါရုစိရိယကြီးဟာ တကယ့် ရဟန္တာအစစ် ဖြစ်သွားတယ်။

ဟာ၊ သိတင်းသုံးဖော်တပါးကော ဘယ်ရောက်နေတုံး ကြည့်လိုက်တယ်၊ တက္ကသိုလ်တိုင်းပြည်မှာ ရှင်ဘုရင်ကြီးကပါး လုပ်နေသတဲ့၊ တက္ကသိုလ်မှာ ရှင်ဘုရင်ကြီးဖြစ်နေတယ်။ သွားပြီးတော့ သတင်းလဲပို့လိုက်ရော အဲဒီ ပုက္ကုသာတိ ရှင်ဘုရင်ကြီးဟာ သတင်းအကြားနဲ့ ဘုရားရှိရာ အလာ ရာဇဂြိုဟ်မြို့နားက အိုးလုပ်တဲမှာ နားနေတုန်း ဘုရားရှင်ကလဲ အဲဒီအိုးလုပ်တဲမှာပဲ ဝင်နားတယ်။ သူကတော့ ဘုရားမှန်းမသိဘူး၊ ဘုရားကတော့ သူ့ကို သိတယ်။

အိုးလုပ်တဲမှာ ပုက္ကုသာတိ ရှင်ဘုရင်မြတ်ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဓာတ်တွေကို ဝေဖန်ပြီးတော့ အကျယ်ဟောတာ၊ "ဓာတုဝိဘင်္ဂသုတ်"တဲ့၊ ဟုတ်လား။ ဟောလိုက်တာ၊ အဲဒီမှာ ပုက္ကုသာတိ ရှင်ဘုရင်ကြီးလဲ အနာဂါမ်ဖြစ်ခဲ့တယ်။

သဘိယပရိဗိုဇ်ကြီးလဲ "သဘိယသုတ္တန်"နဲ့ပဲ ကျွတ်တန်း ဝင်ပါတယ်။ "သဘိယပဉှ"တဲ့။ ဘုရားရှင်ကို ချဉ်းကပ်လို့ ပြဿနာတွေ မေး၊ သူလဲ ကျွတ်တာပဲ။ ရှင်ဒဗ္ဗမထေရ်လဲ ရဟန္တာဖြစ်လို့ သာသနာမှာ ထင်ရှားတဲ့ တေဒဂ်ရ ပုဂ္ဂိုလ်တယောက်ပဲ။

## ဝမ္မိကသုတ္တန် နာကြားအပြီး ရဟန္တာဖြစ်

ယခု ဤသုတ္တန်မှာလာတဲ့ အရှင်ကုမာရကဿပမထေရ် ကျွတ်တော့ သာဝတ္ထိမြို့ဘေးရဲ့အနီး အန္ဓဝန-အကန်းတောလို့ခေါ်တဲ့ အန္ဓဝန် တောအုပ်ကြီးမှာ တရားအားထုတ်နေတုန်း သူ့ရဲ့ သူငယ်ချင်း ဖြစ်ခဲ့ဖူးတဲ့ အနာဂါမ်ဗြဟ္မာကြီးက မေးခွန်းတွေ လာပြီးတော့ မေးတာ၊ မေးခွန်း ၁၅ ချက် ထုတ်ပြီးတော့ အနာဂါမ်ဗြဟ္မာကြီး ပြန်သွားတယ်။

အဲဒီ ဗြဟ္မာကြီးမေးသွားတဲ့ မေးခွန်းပုစ္ဆာ ၁၅ ချက်ကို အရှင်ကုမာရကဿပက ယူဆောင်ပြီး ဘုရားရှင်ကိုသွားလျှောက်တယ်။ အဲဒီလို လျှောက်တော့ ဘုရားရှင်ကိုယ်တော်မြတ်က ထိုဗြဟ္မာကြီးမေးလေတဲ့ မေးခွန်း ၁၅ ခုရဲ့ အဖြေကို အရှင်ကုမာရကဿပအား ပြန်ဟောလိုက်တာ အဖြေ ၁၅ ချက်ရဲ့ အဆုံးမှာပဲ အရှင်ကုမာရကဿပမထေရ် ရဟန္တာဖြစ်သွားတယ်။ အဲဒါ "ဝမ္မိကသုတ်တော်"လို့ ဖြစ်လာတယ်။

အရှင် ကုမာရကဿပ ဘယ်တရားနဲ့ ရဟန္တာဖြစ်သလဲ ဆိုယင် "ဝမ္မိကသုတ္တန်"နဲ့ ရဟန္တာဖြစ်တယ်။

ဟိုဘဝဟောင်းက အားထုတ်ဖော် အားထုတ်ဘက် သူငယ်ချင်း=သဟာယ်ချင်း သီတင်းသုံးဖော်ဖြစ်ခဲ့တဲ့ အနာဂါမ်ဗြဟ္မာကြီးက နှိုးဆော်လို့ ဝမ္မိကသုတ်ကို သူ နာရပေတယ်။ ကလျာဏမိတ္တ-မိတ်ကောင်းတို့ရဲ့ ကျေးဇူးဟာ တယ်ပြီးတော့ သံသရာမှာ ထောက်ရာ တည်ရာ မှီရာ ဖြစ်တယ် နော်။ အရှင်ကုမာရကဿပရဲ့ အတိတ်ဖြစ်ရင်နဲ့ [illegible] ရဟန္တာဖြစ်သွားတဲ့ သုတ္တန်အကြောင်း ဘုန်းကြီးတို့ရှိသ[illegible] နားလည်ကြပြီနော်။

### သာသနာ့ဘောင် ရောက်တောမှ ပေါ်လာတယ်

ဒါဖြင့် ကုမာရကဿပရယ်လို့ နာမည်က ဘယ်နှယ်ကြောင့် တွင်တာတုံး ဆိုတော့ သူက ဒီလို—

**သာဝ**တ္ထိပြည် ပစ္စည်းဥစ္စာကြွယ်ဝတဲ့ အမျိုးသား အမျိုးသမီးတွေ ထဲမှာ အိမ်ရာတည်ထောင် လူတို့ဘောင်က ဃရာဝါသလုပ်ငန်းကို စိတ် **မဝင်စား**တဲ့ အမျိုးကောင်းသမီး၊ သူတော်ကောင်းစိတ်ရှိတဲ့ အမျိုး ကောင်းသမီး၊ ကိလေသာအညစ်အကြေးကို စက်ဆုပ်တဲ့ အမျိုးသမီး, **ကောမာ**ရီဗြဟ္မစရိယကို ကျင့်လိုတဲ့ အမျိုးကောင်းသမီးတယောက် ရှိခဲ့ တယ်။

မိဘနှစ်ပါးက အဘန်တန် တိုက်တွန်းနှားချတဲ့ အတွက်ကြောင့် အမျိုးကောင်းသား တယောက်နဲ့ လက်ထပ်ထိမ်းမြား လိုက်ရတယ်။ ဘိက္ခုနီမ ပြုလိုတဲ့ဆန္ဒကို အသာလေးမျိုသိပ်ထားပြီး မိဘနှစ်ပါးရဲ့စကား ကို မလွန်ဆန်နိုင်လို့ အမျိုးသားတယောက်နဲ့ လက်ထပ်လိုက်ရတယ်။-တဲ့

ထိုအမျိုးသားနဲ့နေစဉ် လပိုင်းလောက်အတွင်းမှာပဲ ဿရာဝါသ ကိစ္စ=အိမ်ရာတည်ထောင် လူတို့ဘောင်နေရတဲ့ လုပ်ငန်းကို စက်ဆုပ်မုန်း တီးပြီးတော့ သူ့ရဲ့ ခင်ပွန်းယောကျ်ားကျေနပ်အောင်ပြော ခွင့်ပန်ပြီး တော့ သာသနာ့ဘောင်ဝင်ပြီး ဘိက္ခုနီ မပြုတယ်။ သာသနာဝင်ပြီး ဘိက္ခုနီမပြုတော့ ဘယ်အထဲ သူက သွားပြီးဝင်မိတုံးဆိုတော့ ရှင်ဒေဝ ဒတ်ရဲ့ အဖွဲ့အစည်းထဲကို သွားပြီးတော့ ဝင်မိလျက်သား ဖြစ်နေတယ်။ ဒေဝဒတ်ရဲ့အဖွဲ့အစည်း၊ ဒေဝဒတ်ရဲ့ ဩဝါဒကိုခံယူနေတဲ့ အဖွဲ့အစည်း ထဲမှာ ဒီအမျိုးသမီးဟာ ဘိက္ခုနီမဝင်ပြီးတော့ ပြုမိလျက်သား ဖြစ်နေ တယ်။

အိမ်ရာတည်ထောင် လူတို့ဘောင်မှာ ဒကာယောကျ်ားနဲ့ နေခဲ့ တာဟာ လပိုင်းလောက်တောင် မကြာဘူး၊သားသမီးရယ်လို့လူ့ဘောင်မှာ ဘာမှမရှိခဲ့ဘူး။ သာသနာတော်မှာဝင်ပြီးတော့ ဘိက္ခုနီမပြုပြီး ခေါင်းကျ ဆံပင် ပယ်ပြီးလို့ ရဟန်းဘောင်ရောက်ပြီ၊ သင်္ကန်းလဲ ဝတ်ပြီ၊ပြီလဲ ဆိုရော ငါးလ ခြောက်လလောက် ကြာလာတော့ ခန္ဓာကိုယ်က မပေါ့ပါးတဲ့ အသွင်ဟာတဖြည်းဖြည်းနဲ့ ထင်ရှားလာတယ်။ ဘိက္ခုနီမအဖြစ်ရောက်ပြီးမှ ခန္ဓာကိုယ်ရဲ့ မပေါ့ပါးတဲ့အသွင်ဟာ ထင်ရှားလာတယ်။ ထင်ရှားလာတော့ ဘိက္ခုနီမတို့ကျောင်းမှာ ရုတ်ရုတ်သဲသဲနဲ့ အတင်းပြောတဲ့ အသံတွေဟာ ဆူညံသွားပြီတဲ့။

## ကဲ့ရဲ့သတင်း ပြောဆိုကြပြီ

ဟောဒီ အမျိုးကောင်းသမီးသည် သာသနာတော်ထမ်း ဘိက္ခုနီမ ရဟန်းဘဝ လုလျှကြီးရထားသည် ဖြစ်ပါလျက်နဲ့ ရဟန်းတရားကို ကောင်း စွာ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းမရှိပဲ မည်သည့်အမျိုးသားနဲ့အပြစ်မှ စရိယကို ကျူးလွန်ခဲ့သလဲ၊အပြစ်မှစရိယကို ကျူးလွန်ခဲ့သလဲလို့ "စွဲချက် တွေ" များစွာတင်ကြတယ်-တဲ့။ သာသနာတော်မှာသိဖို့ရန် အလွန်ခက်ခဲ

ပြီးတော့ သိမ်မွေ့တဲ့ ဖြစ်ရပ်တခုတော့ ပေါ်ပေါက်လာတယ်၊ သာသနာတော်မှာ ဆုံးဖြတ်နိုင်ခဲ့တဲ့ ဖြစ်ရပ်တခု၊ ဆုံးဖြတ်ရန်ခက်ခဲ့တဲ့ ဖြစ်ရပ်တခု ဒီအမျိုးသမီး အကြောင်းပြုပြီးတော့ ပေါ်ပေါက်လာတယ်။

သင်္ကန်းဝတ်ကြီးနဲ့ ခန္ဓာကိုယ် မပေါ့မပါးတဲ့အသင်ကြီးကျောင်းထဲမှာ ရှိပြီးနေတော့ ဆွမ်းခံလဲမထွက်ရ၊ ဆွေမျိုးတွေကိုလဲ ထွက်ပြီးတော့ မတွေ့ရ၊ တရားနာလဲ မသွားရ၊ ကျောင်းလေးထဲမှာ တိတ်တိတ်ကလေး တံခါးပိတ်ပြီးတော့ အသာလေး ပုန်းပြီးတော့နေရတယ်၊ သာသနာမှာ တကယ့်ကို သဒ္ဓါနဲ့ သင်္ကန်းဝတ်လာတာဆိုတော့ လူလဲ ပြန်ထွက်ချင်ဘူး။ သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသမီး၊ ဒီဖြစ်ရပ်ကြီးဖြစ်တော့ ဘိုဂ်ရှက်လိုက်ရတဲ့ဖြစ်ခြင်း။ ရဟန်းတော်တွေရဲ့ လောကမှာလဲပဲ သတင်းတွေက ပျံ့နှံ့ပြီးတော့

ဒါမျိုးသာ ပြောရမယ် ဆိုလို့ရှိယင်လဲပဲ တချို့များ ပါးစပ်မှာ တော်တော် ခံတွင်းတွေ့ပုံရတယ်။ သမ္ဖပ္ပလာပဝါစာကို တော်တော် ကျေနပ်တဲ့လူတွေဟာ များတယ်။ သမ္မာဝါစာကို ပြောကြပါဆိုယင် အားပါးတရ မပြောချင်ဘူး။ အဲဒီလို သမ္ဖပ္ပလာပဝါစာတွေ၊ ဖရုသဝါစာတွေဆိုယင်တော့ အားရပါးရ တနေကုန်ပြောရမလား၊ အကြောင်းခိုင်ခိုင်လုံလုံ မသိရပဲနဲ့လဲ တဆစ်ချိုး ပြောပစ်ချင်ကြတယ်။ လူတွေသဘောဟာ ဒီအတိုင်းပဲ၊ အများအားဖြင့်ပေါ့။ ဒီမှာ အမျိုးကောင်းသမီး ခန္ဓာကိုယ် မပေါ့မပါးဖြစ်နေပြီ။ ဘယ်ကိုယ်တော်နဲ့ ပေါက်ပြန်ပါသတဲ့တုံး၊ ဘာညာဆိုပြီးတော့ ရုန့်ရင်းတဲ့စကားတွေနဲ့ ကျောင်းတိုက်ထဲမှာ ပြောကြတယ်။

## ရှင်ဒေဝဒတ်က လူထွက်ခိုင်းသော်လဲ

ဒီတော့ ဒီ အမျိုးကောင်းသမီး ဘိက္ခုနီမလေးလဲ မထွက်ရ၊ သူ့ရဲ့ အပေါင်းအသင်းတွေကလဲ မျက်နှာငယ်လို့ အားလုံး အရှက်ရကုန်ကြတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ရက်ကြာလာတော့ ဘိက္ခုနီတွေက မဖြစ်ချေဘူး၊ ဒီပြဿနာ စောစောစီးစီး ရှင်းရမှဖြစ်မယ်၊ ကြာကြာ သင်္ကန်းဝတ်နဲ့ ကလေးမွေးနေရယင် မကောင်းဘူးဆိုပြီးတော့ သူတို့အုပ်စုရဲ့ ဩဝါဒါစရိယ ဆရာကြီးဖြစ်တဲ့ ရှင်ဒေဝဒတ်ကို သွားတိုင်ကြတယ်။ ဆရာဒေဝဒတ်ဘုရား ဒီမှာ ကြည့်ပါဦး၊ ဘိက္ခုနီတယောက်တော့ ကိုယ်ဝန်ကြီးနဲ့ ဖြစ်နေပြီ၊ ဒီဥစ္စာကို ဘယ်လိုဖြေရှင်းမယ်။ ဟာ-အဲဒါ သာသနာမှာ မထားနဲ့၊ လူထွက်ပစ်လိုက်၊ ဒီလိုလုပ်တာ။

လူထွက်ပစ်ရမယ် ဆိုးတော့ ဟိုဘိက္ခုနီမလေးဟာ တရှုံ့ရှုံ့နဲ့ ငိုပြီး တော့ သာသနာတော်ထမ်း ရဟန်းဘဝ ရောက်တဲ့နေ့ကစပြီးတော့ သာသနာတော်ထမ်း ရဟန်းတော်တို့ရဲ့သီလကို တဆံခြည်မျှ မညှိုးနွမ်း စေရပဲ အသက်နဲ့လဲပြီးတော့ တပည့်တော်မ ကျင့်သုံးပါတယ်။ တပည့်တော်မ ရဟန်းဘဝ ရောက်တဲ့နေ့ကစပြီးတော့ ဇာတ်ထဲပြောသလို ပြော ရယင်တော့ ယင်ဖိုဘောင် မသန်းဖူးပါဘူးပေါ့။ ရဟန်းဘဝရောက်တဲ့နေ့က စပြီးတော့ ရှင်းရှင်းလင်းလင်း နေပါတယ်ဆိုတဲ့အကြောင်း ပြောတယ်။

ဘယ်လိုပဲ ရှင်းရှင်းသင်းလင်းနေ၊ ဟောဒီမှာ ခန္ဓာကိုယ်ထဲ သက်သေထူနေတယ်၊ နင် လူထွက် ဆိုတော့ ဘိက္ခုနီမလေးက "တပည့် တော်မ လာပြီးတော့ ရဟန်းပြုနေတာဟာ အရှင်ဒေဝဒတ်ရဲ့ သာသနာမှာ ရဟန်းပြုတာ မဟုတ်ပါဘူး၊ ဒါကြောင့် အရှင်ဒေဝဒတ်က ထွက်ဆိုတိုင်း မထွက်နိုင်ဘူး။ ဘုရားသာသနာမှာ ရဟန်းပြုတာဖြစ်ခြင်းကြောင့် ဘုရား ကိုယ်တော်မြတ်ကို အသိပေးပြီးတော့မှ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အဆုံး အမကို ခံယူပြီးတော့မှ တပည့်တော်မ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အဆုံး အမအတိုင်း လိုက်နာကျင့်သုံးပါ့မယ်"လို့ သူက အဲဒီလို တင်းခံနေတယ်။

## ဗုဒ္ဓ ဖွဲ့ပေးလိုက်တဲ့ ဝိနိစ္ဆယခုံရုံး

ဒီလိုတင်းခံလိုက်တော့ ကိုင်း ဒီအမှုဟာ ဒေဝဒတ် ရုံးက ဆုံးဖြတ် ချက် မကျတော့ မြတ်စွာဘုရားထံ ဒီအမှုတွဲ တင်ပို့လိုက်တယ်။ မြတ်စွာ ဘုရားထံ အမှုတွဲ တင်လိုက်တော့ မြတ်စွာဘုရားက ချက်ချင်း ဝိနိစ္ဆယ ခုံရုံး ဖမ်းပြီးတော့ ဖွဲ့လိုက်တယ်။ မြတ်စွာဘုရား ဖွဲ့တော်မူတဲ့ ဝိနိစ္ဆယ ခုံရုံးမှာ ဥက္ကဋ္ဌက အရှင်ဥပါလိ မထေရ်၊ အဖွဲ့ဝင်တွေက အနာထပိဏ် ပါတယ်၊ ဝိသာခါ ပါတယ်၊ ပသေနဒီ ကောသလမင်းကြီး ပါတယ်၊ ဝိနည်းကျွမ်းကျင်တဲ့ ရဟန်းတွေပါတယ်၊ ဝိနည်းကျွမ်းကျင်တဲ့ ရဟန်းမ တွေ ပါတယ်။

အဲဒီအထဲမှာ ဝိသာခါတို့ ပါလာတာဟာ အားရှိစရာ တော်တော် ကောင်းတယ်၊ အဲဒီ အမျိုးကောင်းသမီး ဘိက္ခုနီမလေးရဲ့ ကိုယ်ဝန် ကိစ္စနဲ့ ပတ်သက်လို့ ဆုံးဖြတ်ဖို့ ဝိနိစ္ဆယ ခုံရုံး ဖွဲ့တာမှာ ဝိသာခါကဲ့သို့သော အမျိုးကောင်းသမီးကြီးတွေ ပါတယ်။ အမျိုးသမီး အမျိုးသမီးအချင်း ချင်း စစ်တာဟာ သဘာဝကျသကိုဗျ၊ ဟုတ်ဘူးလား။ အမျိုးသမီးတွေ

ကလဲ ဘယ်လို အမျိုးသမီးတွေလဲ ဆိုတော့ မမှန်သော စကားကိုတော့ အသက်ပင် စွန့်ချင်စွန့်ရပါစေ မဆိုဘူးလို့ ဆိုပြီးတော့ သီလကို အသက် လောက် ချစ်မြတ်နိုးသော သောတာပန် အမျိုးကောင်း သမီးကြီးများဟာ အဲဒီ ဝိနိစ္ဆယရုံးမှာ အပါကပဲ။

မမှန်သော စကားကိုတော့ အသက်ကို စွန့်ချင်စွန့်ရပါစေ မပြော ဘူး၊ အရိယကန္တသီလ ကောင်းလှောက်ချင့်သုံးတဲ့ အမျိုးကောင်း သမီးကြီး တို့ရဲ့ ဦးဆောင်ဖြစ်တဲ့ ဝိသာခါ ဒါကကပဲ ကရပဲ နေပြီးတော့ ငွေဦးစွာ ဟောဒီ ဘိက္ခုနီမလေးကို စစ်ဆေးရတယ်။ ဝိသာခါက အမျိုးသမီးတွေ နဲ့ တိတ်တိတ်ဆိတ်ဆိတ် အေးအေးဆေးဆေး၊ စေ့စေ့ဆေးဆေး မြေပါ တယ်တဲ့၊ ဟောဒီ ဘိက္ခုနီမလေးဟာ သာသနာတော်ထမ်း ရဟန်းဘဝ ရောက်သည့် နေ့ကစရှိ သန့်သန့်ရှင်းရှင်း နေခဲ့ပါတယ်၊ ဘုရားရှင် ကိုယ်တော်မြတ် ပညတ်တဲ့ သိက္ခာပုဒ်တွေကို အသက်လောက် မြတ်နိုးပြီး တော့ ကျင့်သုံးခဲ့ပါတယ်၊ စောင့်ထည်ခဲ့ပါတယ်၊ အသေးဆုံးဖြစ်တဲ့ ဒုက္ကဋ် ဒုဗ္ဘာသိ သိက္ခာပုဒ် ကလေးများကို တောင်မှ မလွန်ကျူးမိပါဘူး လို့ ပြောတယ်။

## အရှင်ဥပါလိ မထေရ် ဆုံးဖြတ်ချက်ချ

ဒါဖြင့်ယင် ဓိကိစ္စ ဘယ်လိုဖြစ်တုံးဆိုတော့ အိမ်ရာတည်ထောင် လူ့ဘောင်မှာ ခင်ပွန်းယောကျ်ားနဲ့ လပိုင်းမျှ နေခဲ့ဖူးတာကို သူသည် ရိုးရိုးသားသား စေ့စေ့စပ်စပ် ဝိသာခါ ဒကာမကြီးထံမှာ စင်ချက်ပေး တယ်၊ ဖြောင့်ချက်ပေးတယ်၊ လူ့ဘောင်မှာ နေခဲ့ရတဲ့ အကြောင်းအရာ အချက်အလက်တွေကို အပြည့်အစုံအသေးစိတ် ဝိသာခါထံမှာ ဖြောင့်ချက် ပေးလိုက်တော့ ဝိသာခါကနေ အဲဒီ အမှုတွဲကို ဘိက္ခုနီမ ရုံးသို့တင် ဘိက္ခုနီမ ရုံးကနေ စစ်ဆေးပြီးတော့ ဘိက္ခုရဟန်း ယောကျ်ားတို့ ရုံးကို တင်၊ ရဟန်းယောကျ်ားတို့ ခုံရုံးရဲ့ ဥက္ကဋ္ဌ ဖြစ်တဲ့ အရှင် ဥပါလိ မထေရ် ကြီးထံ ဆက်လက်ပြီးတော့တင်၊ အရှင်ဥပါလိက ဒါတွေအကုန် ဒီလိုလုပ် ဆိုတာ စီမံပေးလိုက်တာ။

ဝိနည်း ငါးကျမ်းဆောင် ဝိနည်း တေဒဂ်ရ ဥပါလိမထေရ်ကြီးထံ တင်တော့ အရှင်ဥပါလိ မထေရ်က ဟခါတည်း တထစ်ချ ဆုံးဖြတ်ချက် ချလိုက်တယ်။

အရောဂေါ ပဗ္ဗဇ္ဇာဝေါ။—တဲ့

ဒီ အမျိုးကောင်းသမီးရဲ့ ရဟန်းအဖြစ်မှာ အပြစ် အနာအဆာ ဘာမှမရှိ ဆိုပြီးတော့ တခါတည်း ဆုံးဖြတ်ချက်ကို အပြီးသတ် စီရင်ချက် ချလိုက်တယ်။ ရဟန်းအဖြစ်၌ အပြစ် အနာအဆာ ဘာမှ မရှိဘူးဆိုတဲ့ စီရင်ချက်ကို တခါတည်း ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

အေး—အရှင်ဥပါလိ မထေရ်ရဲ့ စီရင်ဆုံးဖြတ်ချက်ကို ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ထံမှောက်ကို တင်ပို့လိုက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က အရှင်ဥပါလိ မထေရ်ကို ချီးကျူးတယ်။ ဥပါလိ မထေရ်ဟာ ဝိနည်း သိပ်ကျွမ်းကျင်တာ၊ ကျွမ်းကျင်ရုံတင် မကဘူး၊ ဒီဝိနည်း သိက္ခာပုဒ် သိမ်မွေ့ ခက်ခဲနေတာကို ဘယ်လို ဆုံးဖြတ်ရမယ်ဆိုတာ စီမံခန့်ခွဲတဲ့နည်းလဲ ကျွမ်းကျင်ပါပေတယ် လို့ အရှင်ဥပါလိ မထေရ်ကို မြတ်စွာဘုရားက ချီးကျူးလို့ ဝိနည်းဖော်တဲ့ နေရာမှာ ဧတဒဂ် ပေးတယ် တဲ့။ ဝိနည်း အရာမှာ တော်လွန်းလို့၊ ဟုတ်လား။

## အရှင် ကုမာရကဿပ လောင်းလျာ မွေးဖွားလာခြင်း

ဒါဖြင့်ယင် ဒီကိုယ်ဝန်ဟာ ရဟန်းဘဝရောက်မှ ရတာ မဟုတ်ဘူး၊ လူ့ဘဝကတည်းက၊ အဲဒါ ပါလာတာ မသိလို့၊ ရဟန်းဘဝရောက်မှ အဲဒါ ထင်ရှားလာတယ်၊ ဟုတ်လား။ လူ့ဘဝကရလာတဲ့ ကိုယ်ဝန်ဟာ ရဟန်း ဘဝ ရောက်မှ ထင်ရှားလာတာ၊ သို့သော် ရဟန်းဘဝရောက်မှ ထင်ရှားပေမင့် ထင်ရှားငြားသော်လဲ ဒီ ပါလာတဲ့ ကိုယ်ဝန်က လူ့ဘဝတုန်းက ဖြစ်တာ၊ လူ့ဘဝတုန်းက မထင်ရှားတော့ လူ့ဘဝမှာ အပြစ်မမြင်ကြပဲနဲ့ ရဟန်း ဘဝ ရောက်မှ ထင်ရှားတော့ ရဟန်းဘဝရောက်မှ သိက္ခာပုဒ် တော့ကို လွန်ကျူးဘယ်လို့ အပြစ်မြင် စွပ်စွဲကြတဲ့ အတွက်ကြောင့် ဝိနည်းအရာ ကျွမ်းကျင် နိုင်နင်းတော်မူတဲ့ အရှင်ဥပါလိ မထေရ်ကြီးရဲ့ စီရင်ဆုံးဖြတ် ချက်ကို ရယူလိုက်ကြရတယ်။

အရောဂေ ၊ ပဗ္ဗဇ္ဇာဝေါ=ရဟန်းအဖြစ်သည် အပြစ်အနာအဆာ ဘာမှမရှိ သန့်ရှင်းတယ်လို့ ဆုံးဖြတ်လိုက်တယ်။

ရှင်ဒေဝဒတ်ရဲ့ မူအရဆိုယင်တော့ လူကို ထွက်ရမှာ၊ အရှင်ဥပါလိ မထေရ်ရဲ့ အဆုံးအဖြတ်ကို ဘုရားရှင်ကိုယ်တော်မြတ်ထံ တင်လိုက်တော့ ဘုရားရှင်က ဥပါလိကို ချီးကျူးပြီ ဆိုကတည်းက ဟောဒီ အမျိုး ကောင်း သမီး ဘိက္ခုနီမလေး လူထွက်ရတော့ဘူး၊ လူမထွက်ရတော့ ပဲနဲ့ ဒီကိုယ်ဝန်ကို သင်္ကန်းဝတ်နဲ့ပဲ ဖွားလိုက်ရတယ်၊ ဟုတ်လား။

သက်နီးဝတ်နဲ့ပဲ ပွားပြီးတော့ ကျောင်းမှာ ဗိုက်လည့်ထိန်း ဗိုက်လည့်ထိန်း ဗိုလိုတော့ မအောက်ပေနဲ့နော်၊ ဗိုက်လေးကို ဘယ်သူကထိန်းသလဲဆိုတော့ ပသေနဒီကောသလမင်းကြီးကထိန်းတယ်။ ကောသလမင်းကြီးက သားတော်လေးအဖြစ်နဲ့ ကောင်းကောင်း ပွေးစားလိုက်တယ်။ ချစ်လှန်းလို့ ကဿပ, ကဿပလို့ မင်းကြီးကခေါ်တယ်။

## ကုမာရကဿပလို့ နာမည်ပေး

တဖြည်းဖြည်းနဲ့ အရွယ်လေးရောက်လို့ ငါးနှစ်ခြောက်နှစ် အရွယ်ရောက်ပြီဆိုတော့ မင်းကြီးကျောင်းတော်သွားတဲ့အခါ ဒီကဿပခေါ်တဲ့ သတိုးသားလေး အမြဲတမ်းပါပါသွားတယ်။ ကျောင်းတော်ရောက်တော့ ဘုရားဖူးရ၊ သံဃာတော်တွေနဲ့တွေ့ရ၊ ငှပ်တိုင်း ကျောင်းရောက်တော့ ဒီကလေးဟာ ဘုရား တရား သံဃာနဲ့ ယဉ်ကျေးလာတယ်၊ ယဉ်ပါးလာတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကလဲ ဆွမ်းခံပြန်လာပြီ ဆိုလို့ရှိယင် သပိတ်ထဲမှာ ငှက်ပျောသီးကလေးများ ရလာမယ်၊ မုန့်ကလေးများ ပါလာမယ်ဆိုယင် ရှင်အာနန္ဒာကိုပြောတယ် ''ဒီမုန့်ကလေးတွေ ကဿပကို ပေးလိုက်ပါ၊ ငှက်ပျောသီးကလေးများ ကဿပကိုကျွေးလိုက်ပါ''တဲ့။ မြတ်စွာဘုရားကလဲ ကဿပကိုတော်တော်ချစ်တယ်နော်၊ မြတ်စွာဘုရားက ဆွမ်းခံပြန်လာတဲ့အခါ ဒီလိုမုန့်လေး ငှက်ပျောသီးကလေးတွေကို ကဿပအား ဝေပြီးတော့ပေးလေ့ ကျွေးလေ့ ရှိတယ်။

ဒီတော့ သံဃာတော်တွေက တခါတခါမေးတယ်၊ ''မုန့် ငှက်ပျောသီးတွေကို ကဿပကိုပေးပါ ကျွေးပါလို့ဆိုတယ်ဘုရား၊ဘယ်ကဿပကို ပေးရကျွေးရမှာပါလဲဘုရား၊ ကဿပတွေအများကြီး'' ဒီလိုမေးကြတာ။ ဒီတော့မြတ်စွာဘုရားက ''ကုမာရ=သတိုးသား အရွယ်မျှသာရှိသေးတဲ့ ကဿပကိုပေး' လို့ ဒီလိုပြောလိုက်တယ်။ ကုမာရ=သတိုးသားအရွယ်ကလေးမျှသာရှိသေးတဲ့ကဿပကလေးလေးကိုပေးလိုက်၊ ကုမာရကဿပကို ပေးလိုက်လို့ မြတ်စွာဘုရားက ဒီလိုမိန့်တာ၊ ဒါနဲ့ပဲ ဒီကလေးဟာ ''ကုမာရကဿပ, ကုမာရကဿပ''လို့ အမည်လေးရလာတယ်။

## အရှင်ကုမာရကဿပ ရဟန္တာဖြစ်ပြီ

ဘုရားရှင်ကိုယ်တော်မြတ်နဲ့ သံဃာတော်တွေက လူ့ဘဝမှာရခဲ့တဲ့ ကိုယ်ဝန် ရဟန်းဘဝရောက်မှဖွားတော့ သာသနာတော်ထမ်း ရဟန်းတော်တို့ရဲ့ခေတ်ပဗ္ဗဇ္ဇခေတ် ကောင်းစွာရပြီ၊ ဒီကလေးကို ရှင်ပြုပေးတာကောင်းတယ်၊ ရဟန်းပြုပေးတာ ကောင်းတယ်ဆိုပြီး ကျောင်းတော်မှာပဲ မွေးမြူပြီးတော့ ထားကြတယ်။ ကျောင်းမှာမွေးမြူထားတယ်ဆိုတော့ အရွယ်ရောက်မှနေဉ်၊ နို့ရည် တိုက်ကျွေးမွေးရမယ့်အရွယ်က ရှေနန်းတော်မှာ၊ ကိုယ့်ခြေထောက်နဲ့ ပြေးလွှားဆော့ကစားနိုင်တဲ့ အရွယ်ရောက်တော့ ကျောင်းမှာပဲ အနေများတယ်။

၇-နှစ်သားအရွယ်ရောက်လာတော့မြတ်စွာဘုရားကကုမာရကဿပကို ရှင်ပြုပေးဆိုတော့ ကုမာရကဿပလေးဟာ ၇-နှစ်သား အရွယ်မှာ ရှင်သာမဏေဖြစ်ပါတယ်၊ အသက် ၂၀-ပြည့်တော့ ရဟန်းတက်တယ်၊ ကောသလမင်းကြီးက ရဟန်းဒကာ၊ အဖေက လူဒကာယောကျ်ား၊ အမေက ဘိက္ခုနီမ၊ ဟုတ်လား။

အဖေက လူဒကာ ယောကျ်ား၊
အမေက ဘိက္ခုနီ၊
ကျွေးမွေးစောင့်ရှောက်ရသူက ပသေနဒီကောသလမင်း တရား။

အသက် ၂၀ပြည့်ဖို့ကြွယ်တော့ရဟန်းပြုတယ်။ ဇေတဝန်ကျောင်းရဲ့တောင်ဘက်နား သုံးပါးဇနာမျှကွာဝေးတဲ့ အန္ဓဝန်တောအုပ်မှာ ရဟန်းတရားကိုအားထုတ်တော့၊ အနာဂတ်ပြောခဲ့ပြီး ဘဝဇောင်ဂ် က အားထုတ်ဘက် အနာဂါမ်ဖြစ်သွားကြီး နှုံးဆော်လို့ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မေးခွန်း ၁၅-ခုသွားမေးတယ်၊ ထိုမေးခွန်း ၁၅-ခုကို မြတ်စွာဘုရားက ဖြေလိုက်တော့ "ဝမ္မိကသုတ္တန်" ဆိုတာ ဖြစ်လာတယ်။ ဤသုတ္တန်ဖြင့်ပင် အရှင်ကုမာရကဿပသည် အာသဝေါကင်းကွာ ရဟန္တာ အရှင်သူမြတ် အဖြစ်သို့ ကောင်းစွာဆိုက်ရောက်တော်မူခဲ့ပါတယ်။

## အရှင်ကုမာရကဿပ သေတဗျမြို့ ရောက်လာ

ပစ္စုပ္ပန်ဖြစ်ရပ်နဲ့ အတိတ်ဖြစ်ရပ် နှစ်ခုကို စပ်ကြည့်လိုက်ယင် အတော်ကြည်ညိုစရာ အင်္ဂါရပ်များစွာနဲ့ ပြည့်စုံတဲ့ မထေရ်တပါးနေဉ်။ အတိတ်က ကျင့်ကြံကြိုးကုတ် အားထုတ်ပုံဟာလဲ တောင်ထိပ်တက်

အသေခံပြီး အားထုတ်ခဲ့ဘာ၊ ဗောဓိ ပစ္စုပ္ပန်ဂေါတမဘုရား လက်ထက်တော် အခါကျပြန်တော့လဲပဲ သူ့အမေဟာ သာသနာတော်ကို ချစ်မြတ်နိုးစွာနဲ့ ကလေးကို လှယ်ပြီးတော့ ပေးခဲ့ရတဲ့ဘဝ။ မိခင်က ဘိက္ခုနီမရဟန်း၊ ဖခင်က လူဒကာယကာကြီး၊ ပွေးမြူစောင့်ရှောက်သူက ကောသလမင်းတရား၊ ဘုရားနဲ့တကွ သံဃာတော်တွေရဲ့ ယုယမှုနဲ့ ကြီးထွားခဲ့ရတယ်။

၇-နှစ်အရွယ်မှာ ရှင်သာမဏေပြုလို့ အသက် ၂၀-ပြည့်တော့ ရဟန်းဘောင်တက်ပြီး ဝမ္မိကသုတ္တန်နဲ့ရဟန္တာဖြစ်၊ ဆန်းကြွယ်သောတရား စကား ဟောပြောတတ်တဲ့ အတွက်ကြောင့် "စိတြကထိကမ္မာနံ" ဧတဒဂ်ဘွဲ့ကို ပန်ဆင်တဲ့မထေရ်သည် ကောသလတိုင်းမှာ တရားဟော ထွက်မယ်လို့ သံဃာတော်ငါးရာ ခြံရံပြီးတော့ လှည့်လည်ခဲ့ရာ ယခုအခါ သေတဗျမြို့သို့ ဆိုက်ရောက်လာတယ်တဲ့။ ဒါကြောင့်—

ယေန သေတဗျံနာမ ကောသလာနံ နဂရံ တဒဝသရိ။

ယေန၊ အကြင်အရပ်၌။ သေတဗျံနာမ၊ သေတဗျအမည်ရှိပေသော။ ကောသလာနံ၊ ကောသလတိုင်းသူတိုင်းသား လူအများတို့ရဲ့။ နဂရံ၊ မြို့ကြီးသည်။ အတ္ထိ၊ ရှိပါပေ၏။ တံ၊ ထိုသေတဗျမြို့သို့။ အဝသရိ၊ ကောင်းစွာမသွေ ဆိုက်ရောက်တော်မူခဲ့လေပြီ။

အာယသ္မာ ကုမာရကဿပေါ သေတဗျာယံ ဝိဟရတိ
ဥတ္တရေန သေတဗျံ သိံသပါဝနေ။

သေတဗျံ-သေတဗျဿ၊ သေတဗျမြို့၏။ ဥတ္တရေန၊ မြောက်အရပ်၌။ သိံသပါဝနေ၊ ယင်းတိုက်တော၌။ မဟတာ၊ ဂုဏ်အားဖြင့်မြတ်သော (ဝါ) အရေအတွက်အားဖြင့် များပြားလှစွာသော။ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ ရဟန်းတော်ငါးရာတို့နှင့်၊ သဒ္ဓိံ၊ အတူတကွ။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ဝိဟရတိ၊ လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးဣရိယာသာသယာရှင်ပျော် သီတင်းသုံးတော်မူသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

## အဘိသိက် အသွန်းခံမရတဲ့ ရှင်ဘုရင်

သေတဗျမြို့ရဲ့ မြောက်ဘက်အရပ်က ယင်းတိုက်တောမှာ မထေရ် ငါးရာ ခြံရံလို့ စိတြကူထိဓမ္မကထိက တေဒဂ်ရ အရှင်ကုမာရကဿပ မထေရ် ရှိနေပြီတဲ့။ သေတဗျမြို့ကို ဆွမ်းခံရွာအမှီပြုပြီးတော့ သံဃာတော် ငါးရာနဲ့ ယင်းတိုက်တောကြီးထဲမှာ ရှိနေပြီလို့ မှန်းပြီးတော့ ကြည်ညို ထားလိုက်ပေတော့။ အဲဒီအချိန် သေတဗျမြို့ကို လှမ်းပြီးတော့ ကြည့် လိုက်ကြစို့။

> တေန ခေါ ပန သမယေန ပါယာသိရာဇညော သေတဗျံ အဇ္ဈာဝသတိ သတ္တုဿဒံ သတိဏ ကဋ္ဌောဒကံ သဓညံ ရာဇဘောဂ္ဂံ ရညာ ပသေနဒိနာ ကောသလေန ဒိန္နံ ရာဇဒါယံ ဗြဟ္မဒေယျံ။

တေန ခေါ ပန သမယေန၊ထိုကဲ့သို့ကုမာရကဿပမထေရ်ကသံဃာ တော်ငါးရာ ခြံရံပြီးတော့ ကောသလတိုင်း ခရီးလှည့်လည်ယင်း သေတဗျ မြို့ရဲ့ မြောက်ဘက်နား ယင်းတိုက်တောမှာ ကိန်းအောင်းတော် မူနေဆဲ ကာလဝယ်။ ပါယာသိရာဇညော၊ အဘိသိက်အသွန်းမခံရတဲ့ ပါယာသိ ခေါ်သော မင်းသည်။သေတဗျံ၊ သေတဗျမြို့ကို။ အဇ္ဈာဝသတိ၊ အုပ်ချုပ် ၍ နေခဲ့ပါပေ၏။

သေတဗျမြို့ကို အုပ်ချုပ်နေတာဘယ်သူတုံး ဆိုလို့ရှိယင် ပါယာသိ မင်း။

"ရာဇ"ဆိုတာနဲ့ "ရာဇည" ဆိုတာ ကွာခြားတယ်။ ရာဇ-ဆိုလို့ ရှိယင် အဘိသိက်သွန်းခံရတဲ့ ရှင်ဘုရင်။ ရာဇည-ဆိုလို့ရှိယင် အဘိသိက် သွန်းမခံရပဲနဲ့ ရှင်ဘုရင်တက်ဖြစ်တာ၊ ဟုတ်လား။ ရာဇဆိုတာ သေသေ ချာချာ အဘိသိက်သွန်းပြီးမှ ရှင်ဘုရင်ဖြစ်လာတာ "ရာဇ"၊ အဘိသိက် အသွန်းမခံရပဲနဲ့ ငါ ရှင်ဘုရင်ဟေ့ဆိုပြီး တက်လာယင် အဲဒါ"ရာဇညပဲ"၊ ရာဇညဆိုတာ "အနဘိသိတ္တရာဇာ"လို့ အဌကထာကပြောတော့ အဘိ သိက် အသွန်းမခံရတဲ့ရှင်ဘုရင်ကို "ရာဇည"လို့ ခေါ်တယ်။

ဟောဒီ သေတဗျမြို့ကြီးမှာ အုပ်စိုးနေတဲ့ ပါယာသိ မင်းဟာ "ပါယာသိရာဇာ၊ ပါယာသိရာဇာ"လို့ ဒီလိုမသုံးဘူး၊ "ပါယာသိ မဟာ ရာဇာ"လို့ သုံးဖို့ဆိုတာ ဝေးရော၊ "ရာဇာ"လို့တောင် သူ့ကို မသုံးဘူး၊ "ရာဇည"လို့ပဲ သုံးတယ်။ ရာဇည၊ ရာဇာ၊ မဟာရာဇာ၊ ဟုတ်လား။

မဟာရာဇာ ဆိုလို့ ဟိုနယ်တွေကို အများကြီးအုပ်ချုပ်၊ တန်ခိုးဩဇာလွှမ်းမိုးတဲ့ ပုဂ္ဂိုလ်ကျတော့ မဟာရာဇာ။ နယ်လေးတနယ်လောက်ပဲ အုပ်ချုပ်ပြီး အဘိသိက်သွန်းတော့ ရာဇာ။ နယ်လေးတနယ်လောက်ပဲ အုပ်ချုပ်ရဘာ အဘိသိက်ကို အသွန်းမခံရဘူးဆိုတော့ ရာဇညတဲ့၊ မင်းအညံ့ကလေးပေါ့၊ ဟုတ်လား။

ဟောဒီမှာ ပါယာသိဟာ "မဟာရာဇာ" မျိုး မဟုတ်ဘူး၊ "ရာဇာ" မျိုး မဟုတ်ဘူး၊ "ရာဇည" မျိုးတဲ့၊ အဘိသိက်သွန်းကို မခံရဘူး။

ပါယာသိ ရာဇညော၊အဘိသိက်သွန်းခြင်း အလျှင်းမရှိတဲ့ ပါယာသိခေါ်သော မင်းသည်။ သေတဗျ၊ သေတဗျမြို့ကို။ အဇ္ဈာဝသတိ၊ အုပ်ချုပ်၍ နေခဲ့ပါပေ၏။

## သေတဗျမြို့ရဲ့ အခြေအနေ

သေတဗျမြို့ကို အုပ်ချုပ်နေတာက ပါယာသိမင်း။ အဲဒီ သေတဗျမြို့ရဲ့ ဂုဏ်ထူးထွေက ဘယ်လိုများရှိတုံး ဆိုလို့ရှိယင်

> သတ္တုဿဒံ သတိဏ ကဋ္ဌောဒကံ
> သတ္တုဿဒံ၊ သတ္တဝါတွေက အလွန်ပေါများတယ်။

သတ္တဝါတွေ ပေါတယ်ဆိုတာက မရှင်းဘူး၊ ဒီတော့-

> သတ္တုဿဒံ၊ လူမျိုးစုတွေက အလွန်ကရာမှမျိုးစုံနေတယ်။

သေတဗျမြို့မှာ လူမျိုးစုတွေက တော်တော် စုံပါတယ်တဲ့။ သေတဗျမြို့သူ မြို့သားတွေရော၊ တိုင်းရင်းသူ တိုင်းရင်းသားတွေ ရော၊ နိုင်ငံခြားသူ နိုင်ငံခြားသားတွေရော၊ လူမျိုး တော်တော်စုံလင်တဲ့အကြောင့် ဒီမြို့ကို "သတ္တုဿဒ" တဲ့။ လူမျိုးပေါင်းစုံ ရောပြွမ်းပြီးတော့ နေတဲ့ မြို့ကြီး။

> သတိဏကဋ္ဌောဒကံ၊ မြက်လဲပေါတယ်, ထင်း လဲပေါတယ်,
> ရေလဲပေါတယ်, သစ်လဲ ပေါတယ်။

အဲဒါ မြို့ရဲ့ဂုဏ်အင်္ဂါ။ မြက်ပေါတာ ဘာကြောင့် ထည့်ပြောတုံး ဆိုတော့ မြင်းတွေ, ဆင်တွေ, ကျွဲတွေ, နွားတွေမွေးမယ်ဆိုယင် မြက်ပေါဖို့ဆိုတာ လိုအပ်တယ်။ မြက်ခင်းကြီးတွေ, စားကျက်ကြီးတွေရှိတယ်တဲ့၊

မွေးမြူရေးသမားတွေအတွက်လဲ ဘာမှမပူနဲ့။ သတိဏ-မြက်တွေရှိတယ်။ ထင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုမယ့် ပုဂ္ဂိုလ်တွေအတွက်လဲ မပူနဲ့၊ ကဋ္ဌ-ထင်းတွေရှိတယ်၊ ထင်းတွေပေါတယ်။ အိမ်ဆောက်မယ့်ပုဂ္ဂိုလ်တွေ အတွက်လဲ သစ်ပေါတယ်။ ဥဒက-ရေလဲပေါပါတယ်။ မြက်, ထင်း, သစ်, ရေ ပေါရမယ်၊ အဲဒါ မြို့အင်္ဂါပေါ့။

ရှေးတုန်းက မြို့တည်ဆောက်မယ်ဆိုလို့ရှိယင် ကျွဲနွားတွေအတွက် မြက်ပေါတဲ့ နေရာကိုရွေးရတယ်၊ ရေပေါတဲ့နေရာကို ရွေးရတယ်၊ အိမ်ဆောက်ဖို့အတွက်သစ်ပေါတဲ့နေရာကိုရွေးရတယ်၊ အခြေစိုက်လို့နေမိကြပြီဆိုယင် နောက်ပိုင်းထမင်းချက်စားဖို့ ထင်းပေါတဲ့အရပ်ကို ရွေးရတယ်။ ထင်းပြဿနာကလဲ တော်တော်ကြီးတာ၊ ထင်းပေါဖို့ လိုအပ်ပါတယ်၊ ဟုတ်လား။ နောက်တခါ—

သဓညံ၊ စပါးလဲ ပေါပါတယ်။

သေတဗျမြို့မှာ စပါးလဲပေါတယ်ဆိုပါလား၊ အထွက်တိုးနဲ့ စိုက်ထားတာ သိပ်ပေါတာ။

## သေတဗျမြို့ကို အပိုင်စားရခြင်းအကြောင်း

ရာဇဘောဂ္ဂံ၊ မင်းထံကရထားတဲ့ မြို့လေးအဖြစ်နဲ့ ပေးထားတဲ့ အတွက်ကြောင့် ရာဇဘောဂ္ဂအမည်ရပေသော။

မင်းပေးလို့ခံစားရတာကို ရာဇဘောဂ္ဂ။ အေး–အဲဒါ သူ့ဟာသူ အဘင်းဖောက်ပြီးတော့သိမ်းထားတာမဟုတ်ဘူး-တဲ့။ မင်းကပေးထားတာ။ ဘယ်မင်းက ပေးထားသလဲဆိုတော့ ဒီတိုင်းဟာ ကောသလတိုင်းမဟုတ်လား၊ ပသေနဒီကောသလမင်းက "ဟော့-ပါယာသိ သေတဗျမြို့တမြို့လုံးက ထွက်တဲ့ အခွန်ဘဏ္ဍာကို မင်းအကုန်စား" ဆိုပြီးတော့ ပေးထားလို့ အဲဒါ ရာဇဘောဂ္ဂတဲ့။ မင်းပေးတာကို ခံစားရတာ သူကဗိုလ်နေဘ်။ ဒါကြောင့် သူ့အထက်မှာ ကောသလမင်းကြီး ရှိနေဘာ၊ သူ့ကို ဘယ်ဘိသိက်သွန်း မလဲဗျ၊ ဟုတ်လား။

ရာဇဘောဂ္ဂံ၊ မင်းထံက ခံစားမှု တခုလဲ ဖြစ်၍ နေပေထသော။

ရညာ ပသေ ဒိန္နာ ကောသလေန ဒိန္နံ ရာဇဒါယံ ဗြဟ္မဒေယျံ။

ရညာ ပသေနဒိနာ ကောသလေန၊ ကောသလမင်းကြီးသည်။ ဒိန္နံ၊ ပေးအပ်သည်ဖြစ်၍။ ရာဇဒါယံ၊ မင်းပေးတဲ့ အမွေဥစ္စာဖြစ်သော။

ကောသလမင်းကြီး ပေးထားတဲ့အမွေဥစ္စာပါ၊ ကောသလမင်းက အမွေခံအဖြစ်နဲ့သူ့ပေး၊ မြို့ကထွက်သမျှအကုန်စား၊ ရာဇဘောဂလဲ ဖြစ်တယ်၊ ရာဇဒါယလဲ ဖြစ်တယ်။ ကောသလမင်းကြီးက မကျေနပ်ယ်နဲ့ အနိုင်ကျင့်တာနဲ့ ကြောက်လို့ပေးရကာလား လို့ဆိုတော့ မဟုတ်ပါဘူး -တဲ့

ဗြဟ္မဒေယျ၊ မြတ်သောပေးခြင်းဖြင့် သေသေချာချာသန့်ကြည် ဖြူပေးလှူ၍ ထားအပ်သော။

ကောသလမင်းကြီးက ကျေကျေနပ်နပ် ဆုလာဘ်အဖြစ်နဲ့ သူ့ကို ပေးထားတာတဲ့၊ ဗြဟ္မာဒေယျ-တရားသော ပေးခြင်းတို့ဖြင့် သူ့ကိုပေး ထားတာ။

ဒီတော့-ဒီအပိုဒ်တွေက ဘာပြောတာလဲ၊ သေတဗျမြို့ရဲ့ဂုဏ်ရည် တွေနဲ့ သေတဗျမြို့ကို ပါယာသိမင်း ဘယ်လိုရတယ်ဆိုတဲ့ အကြောင်း အရာတွေကို ပြောပြနေတာ။ အေး ဒါကြောင့်

သတ္တုဿဒံ၊ လူမျိုးစုံရောပြွမ်း၍နေပေထသော။ သတိဏကဋ္ဌောဒကံ၊ မြက်လဲပေါ ထင်းလဲပေါ ရေလဲပေါ သစ်သဲပေါမှုနေပေထသော။ သဓညံ၊ ဥစ္စာစပါးပေါလျှံ၍ နေပေထသော။ ရာဇဘောဂ္ဂံ၊ မင်းပေးတဲ့ ခံစားရမှုဘာခုလဲဖြစ်၍ နေပေထသော။ ရညာပသေနဒိနာ ကောသလေန ဒိန္နံ၊ ပသေနဒိကောသလမင်းကြီးက ပေးအပ်သည် ဖြစ်ပေထသော။ ရာဇဒါယံ၊ မင်းပေးတဲ့ အမွေဥစ္စာ ဖြစ်ပေထသော။ ဗြဟ္မဒေယျံ၊ မြတ်သောပေးခြင်းဖြင့် ပေးအပ်ပေထသော။ သေတဗျံ၊ သေတဗျမြို့ကြီးကို။ အဇ္ဈာဝသတိ၊ လွှမ်းမိုးအုပ်ချုပ်၍ နေခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

## ပါယာသိမင်းကြီးရဲ့ အခြေအနေ

သေတဗျမြို့မှာ ပါယာသိမင်း အုပ်ချုပ်တယ်၊ ဘယ်လို အုပ်ချုပ် တာတုံးဆိုတော့ "ဘုရင်ခံနည်းနဲ့ အုပ်ချုပ်တာပါ"လို့ ခေတ်နည်းနဲ့ဒီလို မှတ်ရမယ်။ ဘုရင်ခံဆိုယင် ဘိသိက်မှသွန်းဘူး၊ အသက်က ရှင်ဘုရင်ကြီးမှ သာ ဘိသိက်သွန်းတာ၊ ဘိသိက်သွန်း မခံရတာ အဲဒါ ရာဇညတဲ့။

အေး-အရှင်ကုမာရကဿပကလဲပဲ ဒီမြို့ရဲ့ မြောက်ဘက်နားက ယင်းတိုက်တောမှာရှိနေပြီ၊ ဒီမြို့ကြီးကို အုပ်ချုပ်နေတဲ့ ပါယာသိမင်းကြီးရဲ့ အခြေအနေကိုလဲ ဖော်ပြထားပြီ။ ပါယာသိမင်းကြီးရဲ့ ထူးခြားတဲ့ အခြေ

အနေအရပ်ရပ်ကိုထပ်မံ၍ ဖော်ပြလိုသောကြောင့် အရှင်အာနန္ဒာက ပါဠိတော်မှာ ဟောဒီလို မှတ်တမ်းတခု ရေးခဲ့တယ်။

တေနခေါ ပန သမယေန ပါယာသိဿ ရာဇညဿ
ဧဝရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ပါယာသိဿရာဇညဿ၊ ပါယာသိမင်းအား။ ဧဝ ရူပံ ပါပကံ၊ ဤကဲ့သို့ ညံ့ယုတ်စွာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူသည်။ ဥပ္ပန္နံ၊ ဖြစ်နေသည်။ ဟောတိ၊ ဖြစ်ပါတယ်။

ထိုကဲ့သို့ အရှင်ကုမာရကဿပက သေတဗျမြို့ရဲ့ ယင်းတိုက်တောကို ဆိုက်ရောက်လာတဲ့ကာလ သေတဗျမြို့ကို ပါယာသိမင်းလွှမ်းမိုးချုပ်နေဆဲကာလမှာ ပါယာသိမင်းကြီးရဲ့သန္တာန်မှာ မိစ္ဆာအယူတခု ဒီလိုဖြစ်ခဲ့တယ်။ ပါယာသိမင်းကြီးဟာ မိစ္ဆာဒိဋ္ဌိမင်းကြီးပေါ့။

ဧဝရူပံ၊ ဤသို့သဘောရှိသော။ ပါပကံ၊ ယုတ်ညံ့စွာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူသည်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်၍နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ယုတ်ညံ့တဲ့မိစ္ဆာအယူဖြစ်နေခဲ့တယ်၊ ဘယ်လိုမျိုးယုတ်ညံ့တဲ့ မိစ္ဆာအယူဖြစ်တုံးဆိုတော့—

## ပါယာသိမင်းကြီးရဲ့ အယူအဆများ

(၁) ဣတိပိ နတ္ထိ ပရော လောကော၊
သေပြီးယင် နောက်ဘဝဆိုတာ မရှိဘူး။

ဒါက သူ့အယူအဆ၊ သေပြီးယင် နောက်ဖြစ်ရမယ့်ဘဝသစ် ဆိုတာ မရှိဘူး။ ဘာကြောင့်လဲ၊ မမြင်ရလို့တဲ့။

ဣတိပိ၊ ဤသို့ မမြင်ရ မတွေ့ရ သောကြောင့်လဲပဲ ပရော လောကော၊ နောက်ဘဝဆိုတာ။ နတ္ထိ၊ မရှိဘူး။

နောက်တခါ—

(၂) နတ္ထိ သတ္တာ ဩပပါတိကာ၊
ငရဲ ပြိတ္တာ နတ် ဗြဟ္မာတွေ မရှိဘူး။

ဣတိပိ၊ ဤအကြောင်းကြောင့်လဲပဲ။ ဩပပါတိကာ၊ ကိုယ်ထောင် အရှားဘုရားကနဲ့မြင်ကြတဲ့။ သတ္တာ၊ ဥပပါတ်သတ္တဝါတွေဆိုတာလဲ။ နတ္ထိ၊ မရှိဘူး။

ဥပပါတ်သတ္တဝါတွေ မရှိဘူး၊ ဩပပါတိကာသတ္တဝါ(ဥပပါတ်) တွေဆိုတာက ငရဲ ပြိတ္တာ နတ်ဗြဟ္မာတွေကို ပြောတာ။ ငရဲသားတွေ ပြိတ္တာတွေ နတ်ဗြဟ္မာတွေ ဘုရားကနဲ့ ဒီအတိုင်းဖြစ်ကြတာတဲ့၊ မိဘသွေး သားနှင့်မပတ်သက်ပဲနဲ့ ဘုရားကနဲ့ ထင်ရှားလာ ဖြစ်ကြတာကို ဩပပါတိကလို့ ခေါ်တယ်။ ဩပပါတိက သတ္တဝါ မရှိဘူးဆိုတဲ့ စကားကလုံးတွေနဲ့ ငရဲရှင်ထပ် မရှိဘူးဆိုတဲ့ အဓိပ္ပာယ်ကို သူဆည် အလိုလိုပြောပြီးသား ဖြစ်နေတယ်၊ ငရဲမရှိဘူး, ပြိတ္တာမရှိဘူး, နတ်မရှိဘူး, ဗြဟ္မာမရှိဘူး၊ ဒီလိုပြောတာ။ အယူအဆနှင်ပျိုး

(၃) နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊
ကုသိုလ် အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်တို့ရဲ့
အကျိုးဆိုတာ မရှိဘူး။

သုကတဒုက္ကဋာနံ၊ ကောင်းစွာပြုအပ်တဲ့ မကောင်းသဖြင့် ပြုအပ်တဲ့။ ကမ္မာနံ၊ ကံတို့ရဲ့၊ ဖလံ၊ ပဝတ္တိအကျိုးသည်။ ဝိပါကော၊ ပဋိသန္ဓေအကျိုးသည်။ နတ္ထိ၊ မရှိဘူး၊

ကောင်းစွာပြုအပ်သော ကုသိုလ်ကံ၊ မကောင်းသဖြင့် ပြုအပ်တဲ့ အကုသိုလ်ကံတို့ရဲ့ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးဆိုတာတွေ မရှိဘူး။ ကုသိုလ်အကုသိုလ်ဆိုတာ မရှိဘူး။ ကုသိုလ်အကုသိုလ်ရဲ့ အကျိုးဆိုတာ မရှိဘူး၊ အဲဒါ တတိယအချက်။

(၁) သေပြီး နောက်ဘဝ မရှိဘူး၊

(၂) ငရဲ ပြိတ္တာ နတ် ဗြဟ္မာတွေ မရှိဘူး၊

(၃) ကုသိုလ် အကုသိုလ်နဲ့ ထိုကုသိုလ် အကုသိုလ်တို့ရဲ့ အကျိုးဆိုတာ မရှိဘူး။

အယူအဆသုံးခု၊ အဲဒါကို ပေါင်းစုလိုက်ယင် "ဥစ္ဆေဒဒိဋ္ဌိ"လို့ ခေါ်တယ်။

## ဥစ္ဆေဒဒိဋ္ဌိဆိုတာ ဘာလဲ

ကုသိုလ် အကုသိုလ်မရှိဘူးဆိုတော့ အဲဒါ"အကြောင်း" ကိုပယ်တာ။

ကုသိုလ် အကုသိုလ်ရဲ့ အကျိုးမရှိဘူးဆိုတော့ အဲဒါ "အကျိုး"ကို ပယ်လိုက်တာ။

အကြောင်းနဲ့ အကျိုးပြတ်စဲတဲ့အယူကို "ဥစ္ဆေဒဒိဋ္ဌိ"လို့ ခေါ်တယ်။

အကြောင်းနဲ့အကျိုးပြတ်တဲ့ ဥစ္ဆေဒဒိဋ္ဌိကို ပိုရှင်းသွားအောင် ငရဲမရှိ ပြိတ္တာမရှိ နတ်မရှိ ဗြဟ္မာမရှိဆိုယင် အဲဒါဥစ္ဆေဒဒိဋ္ဌိ။ အဲဒါကို ပိုပြီးတော့ ထင်ရှားအောင် သရုပ်ဖော်လိုက်တော့ သေပြီးယင်နောက် ဘဝဆိုတာ မရှိဘူး၊ ဒီဘဝတည်းနဲ့ လူတွေဟာ ပြီးကြတာ၊ အဲဒါ ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်တယ်၊ ဟုတ်လား။ ဒါကြောင့်—

တေန ခေါ ပန သမယေန၊ ထိုကဲ့သို့ အရှင်ကုမာရကဿပ ဆိုက်ရောက်လာသော ကာလဝယ်။ ပါယာသိဿ ရာဇညဿ၊ ပါယာသိခေါ် အဘိသိက်သွန်း မခံရသည့် မင်းကြီးမှာ။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ပါပကံ၊ ယုတ်ညံ့စွာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူသည်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်၍ နေသည်၊ ဟောတိ၊ ဖြစ်လေတော့၏။

(၁) နတ္ထိ ပရော လောကော=သေပြီးယင် နောက်ဘဝ မရှိဘူးဆိုတဲ့ အယူ၊

(၂) နတ္ထိ သတ္တာ ဩပပါတိကာ=ငရဲတွေ ပြိတ္တာတွေ နတ်တွေ ဗြဟ္မာတွေ မရှိဘူးဆိုတဲ့ အယူ။

(၃) နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော= ကုသိုလ် အကုသိုလ် မရှိဘူး၊ ကုသိုလ် အကုသိုလ်ရဲ့ အကျိုး မရှိဘူးဆိုတဲ့ အယူ။

ဣတိ၊ ဤသို့။ ပါပကံ၊ ယုတ်ညံ့စွာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူ သည်။ ဥပ္ပန္နံဟောတိ၊ ဖြစ်ပေါ်၍ နေခဲ့ပါပေ၏။

## အကြောင်း အကျိုး အလုပ် ပယ်တဲ့ဝါဒ

ပါယာသိမင်းက မိစ္ဆာဒိဋ္ဌိမင်း၊ ဘယ်လို မိစ္ဆာဒိဋ္ဌိတုံး ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ၊ ဟုတ်လား။ ဥစ္ဆေဒဒိဋ္ဌိကို ပိုပြီးတော့ လေးနက်အောင် နောက်တမျိုးပြောရယင် ခြုံရုံပြီးတော့ ပြောရယင်ပေါ့၊ နောက်ဘဝ

မရှိဘူး၊ဆိုကတည်းကိုက၊ ငရဲနဲ့နတ်ဘော့ ပြောစရာ မရှိဘူးလို့ ဆိုကတည်း၊ ကိုက အဲဒါတွေက အကျိုး၊ကိုယ်ယံတာ၊ အကျိုးကိုယံတော့ ဘုန်းကြီးတို့ ပြောခဲ့ပါတယ် "နတ္ထိကဝါဒ အကျိုးမဲ့ဝါဒ"၊ ဟုပါလား။

ဒီလိုအကျိုးကို ယံပြီး ဆိုကတည်းကိုက ကုသိုလ် အကုသိုလ်ဆိုတဲ့ အကြောင်းဘော့ကိုလဲ ယံပြီး သားဖြစ်နေတာပဲ "အဟေတုကဝါဒ"။ အကြောင်းအကျိုးနှစ်ခုကို ယံထားတယ်။ အကျိုးနဲ့အကြောင်း ပြတ်နေတဲ့ ဗိဉာဏ်သမားက ကုသိုလ်အကုသိုလ် လုပ်နေဖို့ မလိုဘူး၊ အကုသိုလ်တော့ လုပ်ချင်လုပ်ပေါ့၊ ကုသိုလ်တော့ လုပ်စရာ မလိုဘူးဆိုယင်၊ လုပ်ငန်းပယ်ဘော့ အဲဒါ "အကိရိယဝါဒ" ခေါ်တယ်၊ ဒီသုံးခုစုပေါင်း လိုက်တော့ "နိယတမိစ္ဆာဒိဋ္ဌိ" လို့ ခေါ်တယ်။

(၁) အကြောင်းကိုယံတော့ အဟေတုကဒိဋ္ဌိ၊
(၂) အကျိုးကိုယံတော့ နတ္ထိကဒိဋ္ဌိ၊
(၃) အလုပ်ကိုယံတော့ အကိရိယဒိဋ္ဌိ၊

ဒီ ဒိဋ္ဌိသုံးမျိုးကို တမျိုးတည်း ပေါင်းပြီးတော့ ခေါ်မယ်ဆိုယင် နိယတမိစ္ဆာဒိဋ္ဌိလို့ ခေါ်ပါတယ်၊ ပါယာသိမင်းကြီးမှာ ဒီအယူရှိပါတယ်တဲ့။ အေး ဒါကြောင့်—

ဟောန ခေါ ပန သမယေန၊ ယို အခါမှာ၊ ပါယာသိသာဆာဥည်သား၊ ဘိသိက်သွန်းခံရတဲ့ ဘုရင်ခံကြီးဖြစ်နေတဲ့ ပါယာသိမင်းမှာ။ ဧဝရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ၊ ဤကဲ့သို့ ယုတ်ညံ့သော မိစ္ဆာအယူတခု ဖြစ်ပေါ်၍ နေခဲ့ပါပြီ။

## အရှင်ကုမာရကဿပ ရောက်လာသတဲ့

မိစ္ဆာဒိဋ္ဌိ ပါယာသိမင်းကြီး လွှမ်းမိုးနေတဲ့ နယ်ပယ်ကို အရှင်ကုမာရ ကဿပ ရောက်လာတာ၊ မြို့ထဲမှာ သတင်းတော့ ပျံ့သွားတယ်၊ သေတဗျမြို့ထဲမှာ ချက်ချင်းသတင်းတွေ ပျံ့သွားတယ်။ စိတ္တ(စိတြ)ကထိ=သန်းကြွယ်သော တရားစကားကို ဟောပြောတတ်တဲ့ ရဟန်း တပါး တို့မြို့ကို ရောက်လာတယ်၊ ဆန်းဆန်းကြယ်ကြယ် တရားစကား ပြောတတ်တဲ့ ရဟန်းတပါး ငါတို့မြို့ကို ဆိုက်ရောက်လာတယ်လို့ သေတဗျ မြို့သူမြို့သားတွေ သတင်းစကား ကြားပါတယ်။

နာမည်ကြီးထင်ရှားတဲ့ ပုဂ္ဂိုလ်တယောက် မြို့တမြို့ရောက်ယင် အဲဒီမြို့မှာ ချက်ချင်းဒီသတင်းကြားပြီးတော့ လူစုံတက်စုံ အကုန်လုံးသိသွားကြတယ်၊ နာမည်ကြီးပုဂ္ဂိုလ် မြို့ခပ်သေးသေးရောက်ယင် သတင်းဟာ တမုဟုတ်ခြင်း အကုန် ပျံ့သွားတယ်။ ဒါကြောင့် အရှင်ကုမာရကဿပ သေတဗျမြို့ ရောက်လာတော့ မြို့ထဲမှာ သတင်းတွေ အကုန်ပျံ့ပြီး မြို့ထဲမှာ ထင်ရှားကျော်ကြားၡ နေပြီတဲ့။ ဒါကြောင့်—

အဿောသုံ ခေါ သေတဗျကာ ဗြာဟ္မဏဂဟပတိကာ။

သေတဗျကာ၊ သေတဗျမြို့၌ နေကြကုန်သော။ ဗြာဟ္မဏဂဟပတိကာ၊ ပုဏ္ဏားနဲ့ အိမ်ရှင်လူအပေါင်းတို့သည်။ အဿောသုံခေါ—အဿောသုံဝေ၊ သတင်းစကား ကောင်းစွာမသေ့ ကြားကြလေကုန်တော့သာလျှင်တည်း။

မြို့သူမြို့သားတွေ သတင်းစကားကောင်းစွာ ကြားကြရပါသတဲ့၊ မြို့ထဲရှိနေကြတဲ့ သဋ္ဌေးသကြွယ်ကုန်သည် လယ်လုပ်ပါမကျန် မင်းနဲ့တကွ ပရိသတ်အားလုံးသည် သတင်းစကားကောင်းစွာ ကြားလိုက်ကြရတယ်။ ဘယ်လိုများ သတင်းစကားတွေ ကြားလိုက်ကြတုံးဆိုတော့—

သမဏော ခလု ဘော ကုမာရကဿပေါ သမဏဿ ဂေါတမဿ သာဝကော။

ဘော၊ အို အချင်းတို့။

သမဏဿ ဂေါတမဿ၊ ရဟန်း ဂေါတမရဲ့။ သာဝကော၊ တပည့်ကြီး တယောက် ဖြစ်သော။ သမဏော ကုမာရကဿပေါ၊ ရဟန်းတော်တပါးဖြစ်တဲ့ ကုမာရကဿပသည်။ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ၊ ဂုဏ်အားဖြင့် မြတ်သော အရေအတွက်အားဖြင့် များပြားလှစွာသော ရဟန်းတော် အပေါင်းနှင့် တကွ။ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဒ္ဓိံ၊ ရဟန်းတော် ငါးရာတို့နှင့် အတူတကွ။ ကောသလေသု၊ ကောသလတိုင်းတို့၌၊ စာရိကံစရမာနော၊ ခရီး ဒေသစာရီ လှည့်လည် ကြွချီတော်မူသည် ရှိသော်။ အမှာကံ၊ ငါတို့ရဲ့။ သေတဗျံ၊ သေတဗျမြို့သို့။ အနုပ္ပတ္တောကိရ၊ အစဉ် ဆိုက်ရောက်၍ လာပြီ။—တဲ့

သတင်းစကား ကြားလိုက်ကြတယ်။ ရဟန်းဂေါတမရဲ့ တပည့် ရဟန်းတော်တပါး ဖြစ်သော အရှင် ကုမာရကဿပသည် ငါတို့ရဲ့ သေတဗျမြို့ကို ဆိုက်ရောက်လာခဲ့ပြီ။

## သေတဗျာယံ ဝိဟရတိ ဥတ္တရေန သေတဗျံ သိံသပါဝနေ။

သေတဗျာယံ၊ သေတဗျ မြို့၌၊ ဥတ္တရေန သေတဗျံ၊ သေတဗျမြို့ရဲ့ မြောက်အရပ်၌၊ သိံသပါဝနေ၊ ယင်းတိုက်တော၌၊ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ၊ မြောက်မြားလှစွာသော ရဟန်းတော်တို့နှင့် အတူတကွ၊ ဝိဟရတိတိ သီတင်းသုံးနေတယ် ဆိုတဲ့ စကားကို။ အသောသုံဝေါ— အသောသုံဝေ၊ ကောင်းစွာမသေ ကြားကြရလေကုန်တော့ သည်သာ လျှင်တည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

## အရှင် ကုမာရကဿပ အကြောင်း ထောက်လှမ်းကြတယ်

အရှင် ကုမာရကဿပဟာ တပည့်သံဃာ ငါးရာ ခြံရံပြီးတော့ ငါတို့ သေတဗျမြို့ ရောက်လာပြီဆိုပဲ၊ သေတဗျမြို့ရဲ့ မြောက်ဘက်က ယင်းတိုက်တောမှာ ရှိနေတယ်ဆိုပဲလို့၊ သမဏတွေ ဗြာဟ္မဏတွေ ဂဟပတိကတွေ ဝဿတွေ သုဒ္ဒတွေတဲ့ များစွာသော လူမျိုးတွေ၊ အဲဒီ သတင်းစကား ကြားလိုက်ကြရတယ်။ ကုမာရက ဿပ ရောက်လာသတဲ့၊ သတင်းစကား ကြားတော့ တချို့က စုံစမ်းကြတယ်။ အဲဒီ ပုဂ္ဂိုလ်ဟာ—

- ဘယ်လို ပုဂ္ဂိုလ်လဲ၊
- ဘယ်လောက် တတ်သလဲ၊
- ဘယ်လောက် ဟောနိုင်သလဲ၊
- ဘယ်လောက် အကျင့်ကောင်းသလဲ၊

ဆိုပြီး သတင်းထောက်ကာ စုံစမ်းကြတယ်၊ ဒီလို သတင်းထောက်လိုက်သော့ သတင်းရပြန်တယ်။ ဘယ်လိုသတင်းများ ရကြတုံး ဆိုတော့—

ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဗဟုဿုတော စိတြကထိ ကလျာဏပဋိဘာနော ဝုဒ္ဓေါ စေဝ အရဟာစ၊

ဆက်လက် သတင်း ထောက်လိုက်တာ ဒီသတင်းကို ရလိုက်ကြ တယ်။

သမဏော ကုမာရကဿပေါ၊ ရဟန်းတော် ကုမာရကဿပသည်။ ပဏ္ဍိတော၊ ပင်ကိုယ်ဉာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တယောက်။

ဟာ၊ ပဏ္ဍိတ ပုဂ္ဂိုလ်ပဲ၊ အိန္ဒိယမြော ပြောရယင်တော့ ပဏ္ဍိတ်ပဲ၊ ပင်ကိုယ်ဉာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တယောက်ပဲ။-တဲ့

ဗျတ္တော၊ အရာရာမှာ စွမ်းရည်သတ္တိနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တယောက်။

နေရာတကာမှာလဲ တော်တော်စွမ်း ဆိုပါလား၊ အပြောလဲစွမ်း အဆိုလဲစွမ်း အဟောလဲစွမ်း ပြဿနာတခု ကိုင်တွယ်တဲ့ နေရာမှာလဲ တယ်ကျွမ်းကျင်တာပဲ၊ သိပ်စွမ်းနိုင်တဲ့ ကိုယ်တော်တပါးဆိုပဲ။

မေဓာဝီ၊ ကိလေသာကို ဖောက်ခွဲနိုင်တဲ့ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်။

ကိလေသာတွေကိုလဲ ဖြိုခွဲနိုင်တဲ့ ဉာဏ်မျိုး ရှိထားတဲ့ ပုဂ္ဂိုလ် ဆိုပါလား၊ သတင်းတွေ ကြားလိုက်ကြတာ၊ ဟုတ်လား။

ဗဟုဿုတော၊ ဗဟုသုတနဲ့လဲ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တယောက်။

ဗဟုသုတ အထွေထွေနဲ့လဲ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တယောက် ဆိုပါလား။

စိတြကထိ၊ ဆန်းကြယ်တဲ့ တရားစကား တွေကိုလဲ ဟောပြောတတ်သော ပုဂ္ဂိုလ်တယောက်။

အံမယ်-တရားဟောဆရာ ဆိုပါလား၊ ဆန်းကြယ်တဲ့ တရားစကား တွေကို ဟောတတ်ပြောတတ်တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ ကလား။

## စုံစမ်း ထောက်လှမ်းတော့ သိကြတယ်

ကလျာဏ ပဋိဘာနော၊ ကောင်းမြတ်တဲ့ ပဋိဘာန် ဉာဏ်အမြင်နဲ့ ပြည့်စုံပါပေ၏။

ကလျာဏ ပဋိဘာန်-တဲ့၊ အရာရာမှာ နေရာတကာမှာတီးမိခေါက်မိ အကုန်ရှိတယ်၊ ဘယ်အကြောင်း မေးလိုက် မေးလိုက် အရှင် ကုမာရကဿပဟာ အကုန် သိပြီးသားချည်းပဲ။ ကလျာဏ ပဋိဘာန်တဲ့၊ အရာရာမှာ ဘယ် အကြောင်းအရာကိုမှ ခေတ်နောက်ကျ မကျန် ရစ်ခဲ့ဘူး မေးလိုက်ယင် နေရာတကာ အကြောင်းအရာ တွေဟာ သူ့ဉာဏ်ထဲမှာ ထင်လာတာချည်းပဲ၊ မထင်တာရယ်လို့ မရှိဘူး။

ကလျာဏ ပဋိဘာနော၊ အရာရာမှာ ထင်မြင်တတ်တဲ့ ဉာဏ်နဲ့လဲ ပြည့်စုံပါပေ၏။

ဆန်းကြယ်တဲ့ တရားစကား ဟောပြောတတ်တဲ့ ပုဂ္ဂိုလ်တယောက် ပဲ ဆိုပြီးတော့ တရားလောက်သာ လျှင် သိတယ်လို့ မမှတ်နဲ့၊ လောကရဲ့ အကြောင်းအရာ တစုံတခုလဲ မေးချင်တာ မေးလိုက်၊ ထင်းကနဲ ထင်းကနဲ

ဉာဏ်ထဲ ပေါ်လာပြီးတော့ အကုန်လုံး ပြေတယ်။ ကလျာဏ ပင့်ဘာန်တဲ့ အရာရာ သိပ်ကောင်းတဲ့ အဲဒီလို ဉာဏ်မျိုးကို အလှင်ကုမာရကဿပ ရထားတယ်။

ဝုဋ္ဌါဝေ၀ အရဟာဝ၊

ဝုဋ္ဌါဝ၊ တရားဟော ကောင်းတယ်လို့ ဆိုပေမယ့် ငယ်ငယ် ရွယ်ရွယ်တော့ မဟုတ်ဘူး၊ လေးစားလောက်တဲ့ အရွယ်ကိုရောက်နေပြီ၊

ထင်ရှားတယ်၊ ကျော်ကြားတယ်၊ ဒါပေမယ့် ပုဂ္ဂိုလ်လေးက ငယ်နေယင် လူကြီးလူကောင်းတွေက မသွားကပ်ချင်ကြဘူး။ ပါယာသိ မင်းတရားကလဲ အဲဒါတွေသတင်းထောက်၊ မြို့သူမြို့သားတွေကလဲ အဲဒါ တွေကို သတင်းထောက်ကြတယ်။ ဩော် ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ် တယောက်တော့မှန်တယ်၊ ငယ်ငယ်ရွယ်ရွယ်လေးလား၊ လေးစားလောက် တဲ့ အရွယ်ရောက်ပြီလားလို့ သတင်းထောက်လိုက်တော့ ငယ်ငယ်ရွယ်ရွယ် မဟုတ်ပါဘူး။ လေးစားအပ်တဲ့ အရွယ်သို့ ရောက်နေပါပြီ။ ဝုဋ္ဌါ— လေးစားအပ်တဲ့ ပုဂ္ဂိုလ်ကြီး တယောက်ပဲ။

ကိလေသာတွေကို ပေါက်ခွဲနိုင်တဲ့ ဉာဏ်တော့ရှိတယ်။ ကိလေသာ တွေကို သူပယ်ပြီးပြီလား၊ မပယ်ရသေးဘူးလားလို့ ကြည့်လိုက်တော့—

အရဟာစ၊ ကိလေသာတွေကိုလဲ အကြွင်းမဲ့ ပယ်သတ်ပြီးပြီတဲ့၊ အရဟန္တပုဂ္ဂိုလ်သူမြတ်ပဲ။

သတင်းထောက်လိုက်တာ တော်တော်စုံတယ်နော်။ လေးစားအပ် တဲ့ အရွယ်ရှိတဲ့ ပုဂ္ဂိုလ်လဲဖြစ်တယ်၊ ရဟန္တာပုဂ္ဂိုလ်လဲဖြစ်တယ်၊ ပုထုဇဉ် တော့ မဟုတ်ဘူး၊ သေက္ခပုဂ္ဂိုလ်လဲမဟုတ်ဘူး၊ ရဟန္တာပုဂ္ဂိုလ်စစ်စစ် ဖြစ်တယ်။

ဣတိ၊ ဤသို့။ အသောသုံဝေါ—အသောသုံဝေ၊ သတင်းစကား ကောင်းစွာမဝသွ ကြားလိုက်ကြရလေကုန်သတည်း။

“သာဓု....သာဓု....သာဓုပါ ဘုရား”

ဒီလိုပုဂ္ဂိုလ်မျိုးထံ ချဉ်းကပ်ရယင်

အရှင်ကုမာရကဿပရဲ့ ဂုဏ်ရည်တွေကို မြို့သူမြို့သားတွေ ကောင်း စွာ ကြားလိုက်ကြရပြီ။ မြို့သူမြို့သားတွေ ကောင်းစွာကြားကြပြီဆိုတဲ့ အခါလ အဲ့ဒီသတင်းကြားကြတဲ့ ဗြာဟ္မဏတွေ ဂဟပတိတွေက စဉ်းစား

ကြတယ်။ ဗြာဟ္မဏတွေ ဂဟပတိကတွေက လေးစားလောက်တဲ့ ပုဂ္ဂိုလ်ပဲ၊ အရွယ်ကလဲ လေးစားအပ်တဲ့ အရွယ်ကို ရောက်နေပြီ၊ ကိုလေသာကို ပယ်နိုင်တဲ့ ဉာဏ်ရှိတယ်၊ ပင်ကိုယ်ဉာဏ်လဲ ရှိတယ်၊ အရာရာစွမ်းနိုင်တဲ့ ဉာဏ်နဲ့လဲ ပြည့်စုံတယ်၊ တကယ်စွမ်းလဲ စွမ်းတယ်၊ လေးစားအပ်တဲ့ ပုဂ္ဂိုလ်တယောက်၊ အရဟန္တပုဂ္ဂိုလ်တယောက်ပဲ။

ဒီလိုပုဂ္ဂိုလ်တယောက်ထံကို တို့ချဉ်းကပ်ယင် အကျိုးမယုတ်ဘူးလို့ သူတို့ သဘောကျကြတယ်၊ ဒီလိုပုဂ္ဂိုလ်တယောက်ထံကို ချဉ်းကပ်မယ်ဆိုယင် တို့မှာ ဆုတ်ယုတ်မှု မရှိဘူး၊ နစ်နာမှု မရှိနိုင်ဘူး။

သာဓု ခေါ ပန တထာရူပါနံ အရဟတံ ဒဿနံ ဟောတီတိ။

တထာရူပါနံ၊ ထိုကဲ့သို့ သဘော ရှိကြကုန်သော။ အရဟတံ– အရဟန္တာနံ၊ အရှင်ကုမာရကဿပလို ရဟန္တာသူမြတ်တို့ကို။ ဒဿနံ၊ လက်အုပ်ဦးတင် ဖူးမြင်ကန်တော့လိုက်ရခြင်းသည်၊ အမှာကံ၊ ငါတို့အတွက်။ ဒီဃရတ္တံ၊ ကြာမြင့်စွာသော နေ့ညဥ့်ပတ်လုံး။ ဟိတာယ၊ စီးပွားဖြစ်ဖို့ရန်။ သုခါယ၊ ချမ်းသာဖို့ရန်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မယ်။

ဒီလိုပုဂ္ဂိုလ်တွေကို ချဉ်းကပ်လိုက်ရမယ်ဆိုယင် ဘဝသံသရာများစွာ ငါတို့မှာ ချမ်းသာလိမ့်မယ်၊ ဘဝသံသရာလက်ခံတဲ့ ပုဂ္ဂိုလ်များအတွက် ဒီလိုစဉ်းစားမှာ။ ဒီလိုသူတော်ကောင်းတွေကို ချဉ်းကပ်လိုက်လို့ရှိယင် တို့ဒီဘဝတွင်မဟုတ်ဘူး၊ သံသရာများစွာ ချမ်းသာလိမ့်မယ်၊ ဘဝသံသရာ လက်ခံတဲ့သူက ဒီလို စဉ်းစားမှာပေါ့။

ပါယာသိမင်းတရားသည် ဘဝသံသရာကို မစဉ်းစားသောကြောင့် ဘဝသံသရာကို လက်မခံတဲ့အတွက်ကြောင့် သူစဉ်းစားပုံကတော့ ဆာမန်မျှပဲ။

တထာရူပါနံ၊ ထိုသို့သဘောရှိကုန်သော။ အရဟတံ-အရဟန္တာနံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့ကို၊ ဒဿနံ၊ လက်အုပ်ဦးတင် ဖူးမြင်ရခြင်းသည်။ သာဓုခေါ-သာဓုဝေ၊ ကောင်းမြတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဒီလို အရဟန္တပုဂ္ဂိုလ်သူတော်တွေကို သွားပြီးတော့ ဖူးမြင်ရလျှင်၊ တွေ့ဆုံရလျှင်၊ မေးမြန်းရလျှင်၊ ဆွေးနွေးရလျှင် ကောင်းပါပေတယ်၊ အကျိုးရှိပါပေတယ်။ ကုမာရကဿပလို ပုဂ္ဂိုလ်ကိုသွားတွေ့ယင် အကျိုးမယုတ်ဘူးဟေ့၊ ကုမာရကဿပလို ပုဂ္ဂိုလ်ကြီးကို တွေ့ကြရအောင်။

သေတဗျကာ ဗြာဟ္မဏ ဂဟပတိကာ၊ သေဘ.ဗျမြို့၌ နေကြကုန်သော ဗြာဟ္မဏဂဟပတိခေါ်ဆို ပုဂ္ဂိုလ်အပေါင်းတို့သည်၊ ဣတိ၊ ဤသို့၊ အဿောသုံခေါ-အဿောသုံဝ၊ ကောင်းသောအသံ ကြားလိုက်ကြရလေကုန်သတည်း။

"သာဝု....သာဝု ...သာဝုပါ ဘုရား"

အုပ်စုဖွဲ့ကာ စုရုံးချီတက်သွားကြပြီ

အရှင်ကုမာရကဿပဟာ သံဃာတော်ငါးရာနဲ့ ဟိုမြို့ကိုရောက်လာပြီးဘော့ ယင်းတိုက်တောမှာ နေနေတယ်၊ အလွန်ဘုရာမှ ထက်မြက်တဲ့ အသိဉာဏ်နဲ့ပြည့်စုံဘဲ့ အရာရာမှာစွမ်းနိုင်တဲ့ဉာဏ်နဲ့ပြည့်စုံတဲ့ လေးပါးအပ်တဲ့ အရှယ်သို့ ရောက်ပြီးတဲ့ အရဟန္တပုဂ္ဂိုလ်သူမြတ်ကြီး၂။

ဒီလိုပုဂ္ဂိုလ်သူမြတ်ဘော့ ဟိုမှာတို့ရှာရောက်နေရက် နေရက်ပြီးတော့သာဘာ သွားပြီးဖူးမြင်ယပြင့် မဖြစ်ဘူး၊ ဖူးမျှော်ကန်ဘော့ယင်တို့အကျိုး မယုတ်ဘူး၊ ကောင်းမြတ်တဲ့ အကျိုးဘော့ ရှိလိမ့်မယ်လို့ သေဘာဗျမြို့က မြို့သူမြို့သား ဗြာဟ္မဏဘာဘိ တဲ့၊ ပုဏ္ဏားတွေရော ပုဏ္ဏားမဟုတ်တဲ့ ပုဂ္ဂိုလ်ဘော့ရော အကုန်သုံး ကြားပြီးဘော့ ဒီလိုစဉ် စားကြတယ်။ သွားပြီးဘော့ ဖူးတွေ့ရယင် အကျိုးမယုတ်ဘူး၊ သာဝုကောင်းမြတ်သည်သာတည်းလို့ စဉ်းစားပြီးတော့--

အထ ခေါ သေတဗျကာ ဗြာဟ္မဏဂဟပတိကာ
သေတဗျာယ နိက္ခမိတွာ။

အထခေါ၊ ထိုအခါမှာ။ သေတဗျကာ၊ သေဘာဗျမြို့၌ နေကြကုန်သော။ ဗြာဟ္မဏဂဟပတိကာ၊ ပုဏ္ဏာ.နဲ့ အိမ်နေသူလူအပေါင်းတို့သည်၊ သေတဗျာယ၊ သေတဗျမြို့မှ။ နိက္ခမိတွာ၊ ထွက်လာကြကုန်၍။

မြို့သူမြို့သားတွေဟာ သေဘာဗျမြို့က ထွက်ခွာလာကြပြီတဲ့။ ဘယ်ကို ထွက်ကြတုံး ဆိုတော့—

သင်္ဃာသင်္ဃီ ဂဏီဘူတာ။

သင်္ဃာသင်္ဃီ၊ အုပ်စုတွေ ဖွဲ့ကြကုန်၍ (ဝါ) အစုလိုက် အစုလိုက် အုပ်စုကြီးဘော့ ဖွဲ့ကြကုန်လျက်။

အစုအဝေးကြီးတွေ ဖွဲ့ပြီး ဆယ်ယောက်တတွဲ ဆယ့်ငါးယောက် တတွဲ၊ တရာအုပ်စု နှစ်ရာအုပ်စု အုပ်စုကြီးတွေဖွဲ့ပြီးတော့ သွားကြတာ။ တယောက်ချင်း နှစ်ယောက်ချင်း ဖျောက်ဖျောက် ဖျောက်ဖျောက်နဲ့ ဒီလို သွားကြတာ မဟုတ်ဘူး။

တရားနာကြွပါဗျို့၊ ဆရာတော် ကြွဖို့ အချိန်နီးပါပြီ၊ဖိတ်လိုက်လို့ ရှိယင် ဟိုအိမ်ကတယောက်, ဒီအိမ်ကတယောက်, ဟိုလမ်းကတယောက်, ဒီလမ်းကတယောက် ဖျောက်ဖျောက် ဖျောက်ဖျောက်နဲ့၊ တချို့များ ခြေထောက်ကို မနည်း အားယူဆွဲပြီး အိမ်ကထွက်ရတယ်။ သေတဗျ မြို့သူ မြို့သားဘွေဟာ အဲဒီလိုမဟုတ်ဘူးတဲ့၊ အရှင်ကုမာရကဿပဆီကို သွားကြ တာ ဆယ်ယောက်, ဆယ့်ငါးယောက်, နှစ်ဆယ်, သုံးဆယ်, လေးငါး ဆယ် အုပ်စုကြီးတွေ ဖွဲ့ပြီးတော့ အားတက်သရေကို သွားကြတာ။ ဒါ ကြောင့်—

သင်္ဃသင်္ဃီ၊ အုပ်စုကြီးတွေ ဖွဲ့ကြကုန်လျက် (ဝါ) အစုအဝေး ကြီးတွေ ဖွဲ့ကြကုန်လျက်။ (ဝါ) သင်္ဃသင်္ဃီ၊ ရုံးစုရုံးစု ပြုကြကုန်လျက်။ ဂဏီဘူတာ၊ ဂိုဏ်းကြီးတွေ ဖွဲ့ကြကုန်လျက်။

ခေတ်စကားရာ တူရာ ဂိုဏ်းဖွဲ့ပြီးတော့ တခါတည်း—

ဥတ္တရေနမုခါ၊ သေတဗျမြို့ရဲ့ မြောက်ဘက်မှာ မျက်နှာမူကာ။ ယေန၊ အကြင်အရပ်၌။ သိံသပါဝနံ၊ ယင်းတိုက်တောကြီးသည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထို ယင်းတိုက်တောကြီးရှိရာသို့။ ဂစ္ဆန္တိ၊ သွားကြ လေကုန်ပြီ။

## ပါယာသိမင်းကြီး, လူအုပ်ကြီးကို တွေ့မြင်သွားပြီ

သေတဗျမြို့ရဲ့မြောက်ဘက် ယင်းတိုက်တောရှိရာကို လူစု လူဝေး ကြီးတွေတဲ့။ အစုလိုက် အစုလိုက် ချီတက်ပြီးတော့သွားကြတာ မြို့ထဲမှာ လူတွေ ကုန်မတတ်ပဲ၊ မှန်းသာကြည့်ပေတော့။ အဲဒီအချိန်မှာ အရှင် ကုမာရကဿပက သေတဗျမြို့ရဲ့မြောက်ဘက်က ဟို ယင်းတိုက်တောမှာ ရှိပါလေရဲ့။ လူအုပ်ကြီးဟာ သတင်းအကြားနဲ့ထွက်လာကြတာ။ ပါယာ သိမင်းကြီးကတော့ ဘယ်မှာရှိနေတုံး ကြည့်လိုက်ဦး။

တေန ခေါ ပန သမယေန ပါယာသိရာဇညော
ဥပရိပါသာဒေ ဒိဝါသေယျံ ဥပဂတော ဟောတိ။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။

အရှင်ကုမာရကဿပက ပြို့ရဲ့ မြောက်ဘက်နား ယင်းတိုက်တောမှာ မြို့ထဲက လူတွေက အစုအဝေးကြီးနဲ့ လူလူပေါကြီးနဲ့ မြောက်ဘက် ဦးတည်ပြီးတော့ ပါတက်သွားကြသယ်

တေန ခေါ ပန သမယေန၊ ထိုကာလ၌၊ ပါယာသိရာဇညော၊ ဘိသိက်သွန်းခြင်း အလုပ်းမရှိပဲနဲ့ စားကြီးဖြစ်နေတဲ့ ပါယာသိမင်းသည်။ ဥပရိပါသာဒေ၊ ပြာသာဒ်ရဲ့အထက်မှာ၊ ဒိဝါသေယျံ၊ နေ့အခါ ချမ်းချမ်းသာသာ အိပ်မယ်ဆိုပြီးတော့။ ဥပဂတော၊ ကပ်ရောက်၍ နေသည်။ ဟောတိ၊ ဖြစ်၏။

နေ့လယ်စာ စားပြီးတော့ ပြာသာဒ်ထက်မှာတက်ပြီး ငါအိပ်စက်မယ်လို့ ပါယာသိမင်းကြီးက ပြာသာဒ်ပေါ် တက်သွားတယ်။ နေ့လယ်စာ စားပြီးလို့ အပန်းဖြေအိပ်စက်ဖို့ သွားဟယ်လို့ ပြာသာဒ်ပေါ် တက်ပြီးသွားလိုက်တော့ မြို့ထဲကလူတွေ အုံးအုံး အုံးအုံးနဲ့ ပါဘက်နေကြတာကို အဲဒီ ပြာသာဒ်ထက် လေသာပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ တွေ့ရတယ်တဲ့။

> အဒ္ဒသာ ခေါ ပါယာသိရာဇညော သေတဗျကေ ဗြာဟ္မဏဂဟပတိကေ သေတဗျာယ နိက္ခမိတွာ သင်္ဃသင်္ဃီ ဂဏီဘူတေ ဥတ္တရေန မုခေ ဂစ္ဆန္တေ ယေန သီသပါ-ဝနံ။

ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ သေတဗျကေ၊ သေတဗျမြို့၌ နေကြကုန်သော။ ဗြာဟ္မဏဂဟပတိကေ၊ ပုဏ္ဏားနဲ့အိမ်နေသူ လူအပေါင်းတို့ကို။ သင်္ဃသင်္ဃီ၊ စုပုံးစုပုံးနဲ့ အစုအဝေးကြီးတွေဖွဲ့ကြကုန်လျက်။ ဂဏီဘူတေ၊ ဂိုဏ်းကြီးတွေ အုပ်စုကြီးတွေ ဖွဲ့ကြကုန်လျက်။ ဥတ္တရေန မုခေ မြောက်ဘက်အရပ်သို့ ရှေးရှုကြကုန်လျက်။ ယေန၊ အကြင်အရပ်၌။ သီသပါဝနံ၊ ယင်းတိုက်တောကြီးသည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထိုယင်းတိုက်တောရှိရာသို့။ ဂစ္ဆန္တေ၊ သွားကြကုန်သည်ကို။ အဒ္ဒသာခေါ အဒ္ဒသာဝ၊ ကောင်းစွာမသေချွ တွေ့မြင်လိုက်ရပါပေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

## ပါယာသိမင်း အမတ်ကြီးကို မေးပြီ

ပါယာသိမင်းဟာ နေ့လယ်စာစားပြီးတော့ အပန်းဖြေ အိပ်စက်အနားယူမလို့ ပြာသာဒ်ထက်တက်သွားပြီး လေသာပြတင်း ဖွင့်ပြီးတော့ မြို့ကိုကြည့်လိုက်တော့ လူအုပ်ကြီး မြောက်ဘက်ကိုချည်း ဦးနှန်းပြီးတော့ ချီတက်နေတာ ပါယာသိမင်းဟာ ဟာအံ့တသြ တွေ့လိုက်ရတယ်။

အဲဒီလို တွေ့လိုက်တော့ သူ တော်တော် စိတ်ဝင်စားသွားတယ်။ ငါ့နန်းတော်ကို အဲဒီလူတွေ အကုန်လာဆို ခေါ်လို့ကို မရဘူး။ ဘာကိစ္စနဲ့ ချီတက်ရမယ် ခေါ်လို့ကို မရဘူး။ စိတ်ပါလက်ပါ ဘယ်သူမှ မလာကြဘူး။ ယခုဘော့ ဘယ်သူကမှ နှိုးဆော်ရတာလဲ မဟုတ်ပဲနဲ့ ဒီလူတွေဟာ အားတက်သရော လူအုပ်ကြီးတွေ ဖွဲ့ပြီးတော့ ချီတက်နေလိုက်ကြတာ၊ ဘယ်များသွားကြမလို့ ပါလိမ့်မလဲလို့ မိစ္ဆာဒိဋ္ဌိပါယာသိမင်းဟာ ပြတင်းပေါက်က ကြည့်လိုက်တယ်။

အဲဒီလို ကြည့်ပြီး စိတ်ထဲ မရှင်းတာနဲ့ အနီးရှိတဲ့ အမတ်ကြီးကို မေးကြည့်လိုက်တယ်။

အထခေါ်၊ ထိုအခါ၌။ ပါယာသိရာဇညော၊ ပါယာသိမင်းသည်။ ခတ္တံ၊ အနီးမှာရှိနေတဲ့ အမတ်ကြီးကို။ အာမန္တေသိ၊ မိန့်တယ်။

> ကိံ နုခေါ ဘော ခတ္တေ သေတဗျကာ ဗြာဟ္မဏ ဂဟပတိကာ သေတဗျာယ နိက္ခမိတွာ သဃံသဃီ ဂဏီဘူတာ ဥတ္တရေနမုခါ ဂစ္ဆန္တိ ယေန သိံသပါဝနံ ဉ္တိ။

ဘောခတ္တေ၊ အို-အမတ်ကြီး။

သေတဗျကာ၊ သေတဗျမြို့၌ နေကြကုန်သော။ ဗြာဟ္မဏ ဂဟပတိကာ၊ ပုဏ္ဏားနဲ့ အိမ်နေသူလူအပေါင်းတို့သည်။ သဃံသဃီ၊ အစုအရုံးကြီးတွေ ဖွဲ့ကြကုန်လျက်။ ဂဏီဘူတာ၊ ဂိုဏ်းကြီးတွေ အုပ်စုကြီးတွေ ဖွဲ့ကြကုန်လျက်။ ဥတ္တရေန မုခါ၊ မြောက်အရပ်သို့ ရှေးရှုကြကုန်လျက်။ သိံသပါဝနံ၊ ယင်းတိုက်ဘောရှိရာသို့။ ကိံ၊ အဘယ်ကြောင့်။ ဂစ္ဆန္တိနုခေါ၊ ချဉ်းကပ်၍ သွားကြလေကုန်သနည်း။

ဟဲ့....အမတ်ကြီး အဲဒီလူတွေဟာ အုပ်စုတွေဖွဲ့ ဂိုဏ်းတွေဖွဲ့ပြီး တော့ ဟောဒီမြို့ရဲ့ မြောက်ဘက်ကို ဦးတည်ပြီး ယင်းတိုက်တောဒေသကို ချီတက်နေကြတာ ဘာကြောင့်လဲ၊ ဘယ်အကြောင်းကြောင့် ဒီလူတွေ ချီတက်နေကြတာလဲလို့ အမတ်ကြီးကို မေးလိုက်တယ်။ မေးလိုက်တော့—

ပါယာသိမင်း သတင်းစုံလင် သိရပြီ

အတ္ထိ ခေါ ဘော သမဏော ကုမာရကဿပေါ
သမဏဿ ဂေါတမဿ သာဝကော။

သမဏဿ ဂေါတမဿ သာဝကော၊ ရဟန်းဂေါတမရဲ့ တပည့် ကြီး ဖြစ်ပေသော၊ သမဏောကုမာရကဿပေါ၊ သမဏခေါ်ဆို ကုမာရ ကဿပ ပုဂ္ဂိုလ်သည်။

ဝိဟရတိ ဥတ္တရေန သေတဗျံ သိံသပါဝနေ။

ဥတ္တရေနသေတဗျံ၊ သေတဗျမြို့ရဲ့မြောက်အရပ်၌။ သိံသပါဝနေ၊ ယင်းတိုက်တောဒ၌၊ ဝိဟရတိ၊ နေနေခဲ့တယ်။

အချင်းပါယာသိမင်း ရဟန်းဂေါတမရဲ့ တပည့်ကြီးဖြစ်တဲ့ အရှင် ကုမာရကဿပသည် ဟောဒီသေတဗျမြို့ရဲ့ မြောက်အရပ်က ယင်းတိုက် တောမှာ ရှိနေခဲ့ပါတယ်။ ကောသလတိုင်းမှာ ဒေသစာရီလှည့်ရင်းနဲ့ ကုမာရကဿပဆိုတဲ့ ကိုယ်တော်ဟာ မယေရှား ပါးရာခြံရံပြီးတော့ သေတဗျ ရောက်လာတယ်၊ မြို့ရဲ့မြောက်ဘက်က ယင်းတိုက်တောမှာ ရှိနေသတဲ့။

ဟာ....အဲဒီ ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်တုံးကွဲ့.-

ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဗဟုဿုတော စိတ္တ (စိတြ)ကထိ ကလျာဏပဋိဘာနော ဝုဒ္ဓေါစေဝ အရဟာစ။

ပဏ္ဍိတော၊ ပင်ကိုယ်ဉာဏ်နဲ့ပြည့်စုံ၏။ ဗျတ္တော၊ အရာရာမှာ စွမ်း နိုင်၏၊ (ဝါ) အရာရာမှာ စွမ်းနိုင်တဲ့ ဉာဏ်နဲ့ပြည့်စုံ၏။ မေဓာဝီ၊ ကိလေ သာကို ဖောက်ခွဲနိုင်တဲ့ ဉာဏ်နဲ့ပြည့်စုံ၏။ ဗဟုဿုတော၊ အကြားအမြင် ဗဟုသုတနဲ့လဲပြည့်စုံ၏။ စိတ္တ(စိတြ)ကထိ၊ ဆန်းကြယ်တဲ့ တရားစကားကို ဆိုတတ်ပြောတတ်ပါပေ၏။ ကလျာဏပဋိဘာနော၊ အရာရာမှာသိလွယ်မြင် လွယ်တဲ့ဉာဏ်ပဋိဘာန်နဲ့လဲ ပြည့်စုံ၍ နေခဲ့ပါပေ၏။ ဝုဒ္ဓေါစေဝ အရဟာစ၊ အရွယ်လဲကြီးနေပြီ အရဟန္တပုဂ္ဂိုလ်ကြီးလဲ ဖြစ်နေပြီ။

ကုမာရကဿပဟာ လူညံ့မဟုတ်ဘူးဗျ၊ ပဏ္ဍိတပုဂ္ဂိုလ်, မေဓာဝီ ပုဂ္ဂိုလ်, ကိလေသာကင်းနေတဲ့ ရဟန္တာပုဂ္ဂိုလ်, အရာရာမှာ လုပ်စွမ်း သိစွမ်းနိုင်တဲ့ပုဂ္ဂိုလ်၊ ဒီလိုထူးမြတ်တဲ့ ပုဂ္ဂိုလ်ထံ ယောက်ရောက်တယ်ဆိုပြီး တော့ ကျုပ်တို့မြို့ကလူတွေဟာ အဲဒါဖူးမယ် တွေ့မယ်ဆိုပြီး ချီတက်နေ ကြတာပေါ့လို့ အနီးရှိတဲ့အမတ်ကြီးက ပါယာသိမင်းကို သံတော်ဦး တင်ခဲ့ပါတယ်။

အဲဒီလို သံတော်ဦး တင်လဲ တင်လိုက်ရော ပါယာသိမင်းကြီးဟာ ရင်ထဲမှာ ထိတ်ထိတ်လန့်လန့် ဖြစ်သွားတယ်၊ ဘာ ထိတ်လန့်သွားသလဲ ဆိုတော့ သူစားနေကျ စားကျက်တော့ သူများဝင်နှိုက်ပြီဆိုတဲ့ ထိတ် လန့်ခြင်းမျိုး။ ထိတ်လန့်တဲ့အဓိပ္ပာယ်ကဒီလိုပါ၊ ခက်တော့တာပဲ ဟောဒီ ငါ့မြို့သူမြို့သား နယ်သူနယ်သားတွေဟာ ငါပိုင်ထားတဲ့ သေတဗျမြို့က ယောကျ်ားမိန်းမ ကလေးလူကြီးတွေဟာ—

စိုးရိမ်ထိတ်လန့်သွားတဲ့ ပါယာသိမင်းကြီး

(၁) နတ္ထိ ပရော လောကော။
နောက်ဘဝ မရှိဘူးလို့ လဲလက်ခံထားကြတယ်၊
(၂) နတ္ထိ သတ္တာ ဩပပါတိကာ။
ငရဲ ပြိတ္တာ နတ် ဗြဟ္မာ မရှိဘူး၊
(၃) နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော။
ကုသိုလ် အကုသိုလ်နဲ့ အဲဒီ ကုသိုလ် အကုသိုလ်ရဲ့ အကျိုး မရှိဘူး၊

တို့ သေတဗျမြို့က လူတွေက ဒီဝါဒလက်ခံပြီးတော့ ချမ်းချမ်း သာသာ လွတ်လွတ်လပ်လပ် နေနေကြတာ၊ ဘယ့်နှယ် ဒီကိုယ်တော်လာ တယ်ဆိုယင်တော့ ဒီမြို့ကလူတွေရဲ့ အယူအာဆတွေ ပျက်စီးကုန်တော့မှာ ပဲတဲ့၊ အဲဒါတွေးပြီးတော့ သူစိတ်မချမ်းသာ ဖြစ်သွားတယ်၊ ပါယာသိ မင်းကြီး စိတ်မချမ်းမသာတာ ဒီသဘော။ ဒါကြောင့်—

အထခေါ၊ ထိုအခါ။ ပါယာသိရာဇညော၊ ပါယာသိမင်းကြီး သည်။ ခတ္တံ၊ အမတ်ကြီးကို။ အာမန္တေသိ၊ မိန့်ပါသတဲ့။

တေန ဟိ ဘော ခတ္တေ။

ဘော ခတ္တေ၊ အို အမတ်ကြီး။ တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ ဟဲ့ အမတ်ကြီး ဒီလိုဆိုယင်၊

သေတဗျကေ ဗြာဟ္မဏ ဂဟပတိကေ ဝံဝဒေဟိ။

သေ ဘဗျပြိုက ထွက်သွားကြတဲ့ အဲဒီပုဏ္ဏား၊တွေ လူတွေကို သွား၊ ပြီးတော့ ပြောလိုက်စမ်း၊ အချိန်ပိုင်းမြန်မြန် လိုက်ပြီးတော့ ပြောနော်၊ ဘာပြောရမှာတုံးဆိုတော့ အချင်းတို့ ဆိုင်းကြပါဦး၊ အချင်း၊တို့ ဆိုင်းကြပါဦး, ဆိုင်းကြပါဦး၊ မသွားကြပါနဲ့၊၊ ရပ်လိုက်ကြပါဦးလို့ ကျောက်ကြီးကို သွားပြောလိုက်။

ပါယာသိ ဘော ရာဇညော ဝဝ မာဟ။

ဘော၊ အိုအချင်း၊တို့။ ပါယာသိရာဇညော၊ ပါယာသိ ခေါ်သော အဘိသိက်သွန်းခြင်း၊ အလျှင်းမရှိတဲ့မင်းကြီးသည်။ ဝေ၊ ဤသို့။ အာဟ၊ ပြောတယ်။

အာဂမေန္တု ကိရ ဘဝန္တော။

ဘဝန္တော၊ အချင်း၊တို့သည်။ အာဂမေန္တုကိရ၊ ဆိုင်း၊ကြပါကုန်၊ (ဝါ) ဆိုင်းစေချင်ကြပါတယ်။

ပါယာသိပိ ရာဇညော သမဏံ ကုမာရကဿပံ
ဒဿနာယ ဥပသင်္ကမိဿတိ။

ပါယာသိပိ ရာဇညော၊ပါယာသိမင်းလဲပဲ။သမဏံ ကုမာရကဿပံ၊ သမဏခေါ်ဆို ကုမာရကဿပပုဂ္ဂိုလ်ကို။ ဒဿနာယ၊ ဖူးမြင်ဖို့ရန်။ ဥပသင်္ကမိဿတိ၊ လိုက်ပါလိမ့်မယ်။

ပါယာသိမင်းကြီး လိုက်ချင်စိတ်ပေါက်လာတယ်။ ကုမာရကဿပကို ဖူးဖို့ တွေ့ဖို့ရန် ငါလဲလိုက်မယ်၊ သင်တို့ မသွားကြနဲ့ဦး၊ ခဏစောင့်ကြစမ်းပါ။ လိုက်မယ်ဆို ကလိုက်ပေါ့၊ ဘာပြုလို့ ဟိုလူတော့ကိုစောင့်ခိုင်းရတာတုံးဆိုတော့ အကြောင်းရှိတယ်၊ ခုနက သူ့ရဲ့ စိုးရိမ်ချက်က ငါတို့ရဲ့ မြို့သူမြို့သား၊တွေဟာ နောက်ဘဝမရှိဘူး, ငရဲမရှိဘူး, နတ်ပြည်မရှိဘူး, ကုသိုလ် အကုသိုလ်မရှိဘူးရယ်လို့ လွတ်လွတ်လပ်လပ်ကြီး နေနေတဲ့ ဥစ္စာ၊ ကုမာရကဿပကိုယ်တော် ရောက်ယင်တော့ ဝါဒသစ်တွေကို ဟောလို့ ရှုပ်ထွေးကုန်တော့မှာပဲ။

ငရဲတော့ ရှိတယ်လို့ဟော၊ ဒီလူတွေတော့ ကြောက်ကုန်တော့မှာ၊ နတ်ပြည်ရှိတယ်လို့ဟော၊ ဒီလူတွေအားလုံးပဲ တခါတည်း သွားရေကျကုန်ကြတော့မှာ။ ကုသိုလ်ရှိတယ်လို့ပြော၊လုပ်ကုန်ကြတော့မှာ။ အကုသိုလ်

ရှိတယ်လို့ပြော၊ ရှောင်ကုန်ကြလိမ့်မယ်။ နေရထိုင်ရတာ မလွတ်လပ်ဘူး၊ တို့မြို့ကို လာပြီးတော့ နှောင့်ယှက်တဲ့ ကိုယ်တော်ပဲဆိုပြီးတော့ စိတ်ထဲမှာ မကျေနပ်ဘူး။ ဒါကြောင့်

### သူ့ဝါဒ မဟောခင် ငါအလျင် သွားမှ

ပုရာ သမဏော ကုမာရကဿပေါ သေတဗျကေ
ဗြာဟ္မဏဂဟပတိကေ ဗာလေ အဗျတ္တေ သညာပေတိ။

သမဏော ကုမာရကဿပေါ၊ ကုမာရကဿပခေါ်သော ပုဂ္ဂိုလ်သည် (ဝါ) ရဟန်းတော် ကုမာရကဿပသည်။ ဗာလေ၊ မိုက်မဲကုန်သော။ အဗျတ္တေ၊ ဉာဏ်မရှိကုန်သော (ဝါ) အသိဉာဏ် ကင်းမဲ့၍နေကြကုန်သော။ သေတဗျကေ ဗြာဟ္မဏဂဟပတိကေ၊ သေတဗျမြို့၌ နေကြကုန်သော ပုဏ္ဏားနဲ့ ဟောဒီအိမ်နေသူလူတို့ကို။ ပုရာ သညာပေတိ၊ သူ့ဝါဒတွေကို အသိမပေးသေးမီ။

သူ့မြို့ကလူတွေအပေါ် သူ့စိတ်ထဲ သဘောထားပုံကို ကြည့်လိုက်ပါဦး။ ဗာလေ-သေတဗျ မြို့သားတွေဟာ လူမိုက်တွေ။ အဗျတ္တေ-သေတဗျမြို့သားတွေဟာ ဘာမှ စွမ်းရည်သတ္တိမရှိတဲ့လူတွေ၊ ခေတ်လိုပြောရယင်တော့ တုံးနေကြတဲ့လူတွေ တုံးတွေပေါ့၊ ဟုတ်လား။

သေတဗျကေ ဗြာဟ္မဏဂဟပတိကေ၊ သေတဗျမြို့က ပုဏ္ဏားတွေ အိမ်နေသူလူတွေ, ဆင်းရဲသားတွေ, သဌေးသူကြွယ် ကုန်သည် လယ်လုပ်တွေကို။ ပုရာ သညာပေတိ၊ သူ့ဝါဒ အသိမပေးသေးခင်။

ကုမာရကဿပသည် သေတဗျမြို့က လူတွေကို သူ့ဝါဒ တရား မဟောသေးခင် ငါ အရောက်သွားမယ်။ သူက စိုးရိမ်လို့။

ပုရော သညာပေတိ၊ သူ့ဝါဒကို အသိမပေးသေးမီ။

(၁) အတ္ထိ ပရော လောကော=နောက်ဘဝရှိတယ်။
(၂) အတ္ထိ သတ္တာ ဩပပါတိကာ=နတ်တွေ ရှိတယ်, ဗြဟ္မာတွေရှိတယ်, ငရဲရှိတယ်, ပြိတ္တာရှိတယ်။
(၃) အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော=ကုသိုလ်ရှိတယ်, အကုသိုလ်ရှိတယ်, ကုသိုလ်- အကုသိုလ်ရဲ့ အကျိုးရှိတယ်လို့

စောစောက ဒီမြို့မှာ သူဟောထားတာက မရှိတရား ဟောထားတာ၊ အရှင်ကုမာရကဿပလာယင်တော့ အဲဒါကို ပြောင်းပြန်လှန်ပြီး အရှိဟောတော့မှာ၊ အတ္ထိပရောလေ:ကော-နောက်ဘဝရှိတယ်လို့လဲ သူက ဟောလိမ့်မယ်၊ အတ္ထိသတ္တာဩပပါတိကာ-ငရဲ၊ ပြိတ္တာ၊ နတ်နဲ့ ဗြဟ္မာ ရှိတယ်လို့လဲ သူက ဟောလိမ့်မယ်။ အတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော-ကုသိုလ် အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်ရဲ့ကောင်းကျိုး ဆိုးကျိုးရှိတယ်လို့လဲ သူက ဟောလိမ့်မယ်။

ဣတိ၊ ဤသို့၊ ပုရာသညာပေတိ၊ သူ့ရဲ့ အရှိတရားကို သူမဟောကြားသေးမီ၊ အဟံ၊ ငါသည်။ သမဏကုမာရကဿပံ၊ သမဏ ကုမာရကဿပကို။ ဒဿနာယ၊ ဖူးတွေ့ဖို့ရန်။ ဥပသင်္ကမေယျံ၊ ချဉ်းကပ်ရပါမှုကား၊ ယံနူန အဟော သာဓုပြော်....ကောင်းလေစွ။

သူ့အရှိတရား သူမဟောသေးခင် ငါ ချဉ်းကပ်ရယင် ကောင်းမယ်။ ဒါကြောင့်

သမဏကုမာရကဿပံ၊ သမဏကုမာရကဿပကို။ ဒဿနာယ၊ ဖူးတွေ့ဖို့ရန်။ အဟံ၊ ငါသည်။ ဥပသင်္ကမိဿာမိ၊ နောက်ကလိုက်ပါပေတော့အံ့။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်တို့သည်။ အာဂမေထ၊ စောင့်ဆိုင်းကြပါကုန်လော့။

ဣတိ၊ ဤသို့။ သေတဗျကေ ဗြာဟ္မဏဂဟပတိကေ၊ သေတဗျမြို့က ဗြာဟ္မဏ ဂဟပတိကတို့ကို သွားပြီးတော့ ပြောလိုက်စမ်းပါလို့။ ခတ္တံ၊ အနီးမှာ ရှိနေတဲ့အမတ်ကြီးကို၊ အာမန္တေသိ၊ ကောင်းစွာမသေ့ မိန့်ကြားတော် မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

ပါယာသိမင်းလဲ　လိုက်မလို့-တဲ့

ပါယာသိမင်းကြီးရဲ့ စိုးရိမ်ချက်ကို ဘုန်းကြီးတို့ပရိသတ် သဘောရကြပြီနော်။ သူ့ရဲ့ အရှိတရားသူ (အရှင်ကုမာရကဿပ) မဟောကြားသေးခင် ငါဦးအောင်သွားလိုက်မှ ငါ့မြို့က လူမိုက်တွေ သက်သာရာ ရမယ်၊ ဒါကြောင့် သင်တို့တတွေ စောင့်ကြပါဦး၊ ငါလဲ လိုက်မလို့ဆိုပြီး တော့ အမတ်ကြီးကို အပြောခိုင်းတာ။ ပြီးတော့တခါ ဘာပြောသေး တုံးဆိုတော့-

တော ခတ္တေ၊ အို–အမတ်ကြီး။

အထခေါ်၊ စင်စစ်သော်တမူကား။ ပရော လောကော၊ တမလွန် လောက နောင်ဘဝ သည်။ နတ္ထိ၊ ရှိကိုမရှိဘာ။ ဩပပါတိကာ၊ ငရဲတွေ ပြိတ္တာတွေ, နတ်တွေ, ဗြဟ္မာတွေဆိုတာလဲ။ နတ္ထိ၊ ရှိကိုမရှိတာ။ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ ကုသိုလ် အကုသိုလ်နဲ့ အဲဒီ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးတို့လဲပဲ။ နတ္ထိ၊ ဘယ်လိုနည်းနဲ့မှ မရှိကို မရှိဘူး၊

ကုမာရကဿပက အရှိဟောမှာ တကယ်တော့ အဲဒါတွေဟာ ရှိကို မရှိဘူးကွ၊ မရှိတရားနဲ့လွတ်လပ်စွာနေတဲ့ တို့မြို့ကို အရှိတရားဟောပြီး တော့ နှောင့်ယှက်မယ့် ပုဂ္ဂိုလ်ကြီး သူ့တရား မဟောသေးခင် င၊ အလျင်ဦးအောင်တွေ့လိုက်မယ်။ သွား အဲဒီလူတွေကိုစောင့်ပါဦးလို့ပြော၊ သင်တို့နောက်က လိုက်ခဲ့ကြ ငါရွှေကသွားမယ် စောင့်ကြဆိုပြီးတော့ အမိန့်ပေးလိုက်တယ်၊ အမတ်ကြီးကလဲ ကောင်းပါပြီ အချင်းဆိုပြီး မင်း ကြီးထံက ခွဲပြီးတော့ ဟိုလူတွေကို သွားပြီး ပြောရတယ်။

အာဂမေန္တု ကိရ ဘဝန္တော ပါယာသိပိ ရာဇညော
သမဏံ ကုမာရကဿပံ ဒဿနာယ ဥပသင်္ကမိဿတိ။

ဘဝန္တော၊ အချင်းတို့။ အာဂမေန္တု၊ စောင့်ဆိုင်းကြပါဦး။

ပါယာသိပိရာဇညော၊ ပါယာသိမင်းလဲပဲ။ သမဏံကုမာရကဿပံ၊ သမဏကုမာရကဿပကို။ ဒဿနာယ၊ ဖူးတွေ့ဖို့ရန်။ ဥပသင်္ကမိဿတိကိရ၊ ချဉ်းကပ်လိမ့်မယ်တဲ့။

ပါယာသိမင်းကြီးလဲပဲ ရဟန်းတော်ကုမာရကဿပကို ဖူးတွေ့ဖို့ရန် အဘွက် ကြွတော်မူလာလိမ့်မယ်၊ အချင်းတို့စောင့်ဆိုင်းပါဦး။ အမတ် ကြီးသွားပြောတော့ ဟိုလူစုကလဲ စောင့်နေကြတယ်၊ အေး–တို့ ရှင်ဘုရင်က အရှင်ကုမာရကဿပကို ဖူးတွေ့ဖို့ ထွက်မယ်ဆိုပဲ၊ မထွက်စဖူး ဒါဟာ ထူးထူးခြားခြားပဲ၊ တို့မြို့ကို သမဏတွေ ဗြာဟ္မဏတွေ လာတာ မနည်းဘူး သူတခါမှထွက်ပြီး မတွေ့ဖူးဘူး။

ငရဲမရှိ နတ်ပြည်မရှိ ဗြဟ္မာမရှိ ကုသိုလ်မရှိ အကုသိုလ်မရှိ နောက် ဘဝ နောက်လောက မရှိဆိုပြီးတော့ မရှိပါဒနဲ့ လွတ်လပ်စွာနေတဲ့ ဒီရှင် ဘုရင် ဒီကနေ့ ကုမာရကဿပမထေရ်ကို ထွက်ပြီးတော့ ဖူးမြော်မယ်ဆို ပါလား။ ရှင်ဘုရင်ကြီး စိတ်ကောင်းဝင်လာပြီ ဝမ်းသာလိုက်တာ

စောင့်ကြစို့ဟောဆိုပြီးတော့ လူတွေဟာ မြို့ပေါက်ကနေပြီး အကုန်လုံး စောင့်နေကြတယ်။

လူတွေစောင့်နေကြပြီဆိုတော့ ပါယာသိမင်းဟာ သူ့ရဲ့နန်းတော်ကနေ မင်းမြောက် တန်ဆာတွေဆင် ယာဉ်ရထားတွေ စီးပြီးတော့ အုတ်အုတ်ကျက်ကျက်နဲ့ နန်းတော်က ပရိသတ်ခြံရံပြီး ထွက်လာတယ်။

ပါယာသိမင်း-အရှင်ကုမာရကဿပထံချဉ်းကပ်ပြီ

အထ ခေါ ပါယာသိ ရာဇညော သေတဗျာကေဟိ ဗြာဟ္မဏ ဂဟပတိကေဟိ ပရိဝုတော သိံသပါဝနံ ယေနာယသ္မာ ကုမာရကဿပေါ တေနုပသင်္ကမိ။

အထခေါ၊ ထိုအခါ၌။ ပါယာသိရာဇညော၊ ပါယာသိခေါ် သော မင်းကြီးသည်။ သေတဗျကေဟိ၊ ဗြာဟ္မဏဂဟပတိကေဟိ၊ သေတဗျမြို့၌ နေကြကုန်သော ပုဏ္ဏားနဲ့ အိမ်ရှင်သူ လူအပေါင်းတို့ဖြင့်။ ပရိဝုတော၊ ခြံရံလျက်။ ယေန၊ အကြင်အရပ်၌။ သိံသပါဝနံ၊ ယင်း တိုက်တောသည်။ အတ္ထိ၊ ရှိပါ၏။ ယေန၊ အကြင် အရပ်၌။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ အတ္ထိ၊ ရှိပါ၏။ တေန၊ ထိုအရှင်ကုမာရကဿပမထေရ်ရှိရာသို့။ ဥပသင်္ကမိ၊ ကောင်းစွာ မသေချဉ်းကပ်သော် မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

ပါယာသိမင်းကြီးထွေကြွ၊ မြို့သူမြို့သားတွေက နောက်ကနေ ခြံရံပြီး မြောက်ဘက်ကို ဦးတည်ကာ မြို့ပြင်ထွက်ပြီးတော့ လာခဲ့ကြတယ်။ ယင်းတိုက်တောရှိရာ မြို့ပြင်ထွက် ချီတက်ပြီး လာကြတာ ပါယာသိမင်းက ဦးဆောင်ပြီး နောက်ကပရိသတ်တွေ တပြုံကြီး တအုံကြီး ပါလာကြ တယ်။

ဒါကြောင့်—

ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ ယေန၊ အကြင် အရပ်၌။ သိံသပါဝနံ၊ ယင်းတိုက်တောသည်။ အတ္ထိ၊ ရှိပါ၏။ ယေန၊ အကြင်အရပ်၌။ အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပလဲ။

**အတ္ထိ**၊ ရှိနေပါ၏။ တေန၊ ထိုအရှင်ကုမာရကဿပ ရှိရာသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်၍ လာခဲ့ပါတယ်။

ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍၊ အာယသ္မတာ ကုမာရကဿပေန၊ အရှင်ကုမာရ ကဿပမထေရ်နှင့်။ သဒ္ဓိံ၊ အတူတကွ။ သမ္မောဒိ၊ ဝမ်းမြောက်ဖွယ်စကား ပြောကြား၍ နေခဲ့လေပြီ။

အဲဒါကျတော့ သူက တော်တော်ပါးတယ်၊ အရှင်ကုမာရကဿပရဲ့ နောက်နားမှာ သံဃာငါးရာပါလာတာကြည့်ပြီး သူ့စိတ်ထဲ ကြောက် သွားသလား မသိဘူး။ လာတုန်းကတော့ တင်းပြီးတော့ မောင်းတင် ပြီးတော့ တအားချီတက်လာတာ။ အဝတ်လျှော်တဲ့ ခဝါသည်တို့သည် အဝတ်တထည်ကို မြစ်ဆိပ်ရေစပ်မှာ ဆပ်ပြာတွေနဲ့ မွှေနှောက်ပွတ်တိုက် ပြီးတော့ ရေထဲဆွတ်လိုက်၊ နင်းလိုက်၊ ခြေလိုက်၊ ဆုပ်လိုက်၊ ရိုက်လိုက်နဲ့ ဒီလိုလုပ်သလို ဟောဒီ ကုမာရကဿပ ကိုယ်တော်ကို တွေ့ယင်တော့ ငါ့ ဝါဒတင်ပြီးမတော့ တခါတည်း နင်း၊ခြေဖျက်ဆီး အနိုင်ယူလိုက်မယ်။

သိုးသတ်တဲ့ သားသတ်သမားတွေ သိုးဗလေးတကောင်ကို နား ရွက်ဆွဲလိုက်၊ လည်ပင်းလိမ်လိုက်၊ ဒူးနဲ့တိုက်လိုက်၊ ဖနောင့်နဲ့ပေါက်လိုက်၊ ပြီးတော့မှ လည်ပင်းဖြတ်ပြီး အရေခွာ၊ မြေမှာကျက်ပြီးတော့နှိပ်စက်သလို ဒီကိုယ်တော်ကိုတော့ ငါအနိုင်ကြဲလိုက်မယ်လို့ အားပါးတရ မောင်းတင် ပြီးတော့ ချီတက်လာတဲ့ မင်းကြီးတဲ့၊ ဟုတ်လား။ အနားရောက်တော့—

ဝမ်းမြောက်စရာစကား ပြောကြာလို့

(သမ္မောဒနီယကထာ)

အာယသ္မတာ ကုမာရကဿပေန၊ အရှင်ကုမာရကဿပမထေရ်နှင့်။ သဒ္ဓိံ၊ အတူတကွ။ သမ္မောဒိ၊ ဝမ်းမြောက်ဖွယ် စကား ပြောကြား၍ နေခဲ့လေပြီ။

အနားလဲရောက်ရော ဝမ်းမြောက်တဲ့စကား သူပြောတယ်တဲ့၊ အရှင်ဘုရားတို့ ဂုဏ်သတင်း ကျော်ကြားပြီးတော့နေတာ တပည့်တော်တို့ သတင်းပဲကြားရတယ် ကိုယ်တော်ကို တခါမှမဖူးရဘူး၊ ဒီတခေါက်တော့ ရောက်လာပေတယ်၊ ဖူးရတာ ဝမ်းသာလိုက်တာ၊ သူက ဒီလိုပြောလိုက် တယ်။ တကြိမ်တခါမှ ကိုယ်တော့်ရုပ်သွင်ကို မဖူးရဘူး ဒီတခါဖူးရလို့ ဝမ်းသာတယ်ပေါ့။

သမ္မောဒိ၊ ဝမ်းမြောက်ဖွယ်စကား ပြောကြား၍ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော၊ ကထံ၊ စကားကို၊

ဝမ်းမြောက်ဖွယ် စကားပြောတယ်ဆိုတာ သုဘာသိတဝါစာ မင်္ဂလာ ကျန်းကျန်းမာမာရှင်ဘုရင်ပဲဗျ၊ မင်္ဂလသုတ္တန် ဟောတုန်းက "သုဘာသိတဝါစာ မင်္ဂလာ"အကြောင်း ပြောခဲ့ပါတယ်၊ ဟုတ်လား။

လူတဦးနဲ့တဦး တွေ့လျှင်တွေ့ချင်း ဝမ်းမြောက်ဖွယ် စကားကို စပြောမှ ဒါ သုဘာသိတဝါစာ၊ မင်္ဂလာ။ တယောက်နဲ့ တယောက် မတွေ့ရတာကြာ ပြန်းဆို တွေ့လိုက်ရတော့ ဝမ်းသာစကား ချက်ချင်း ပြောယင် စိတ်ကိုကြည်လို့၊ နောက်ပိုင်းကျတော့မှ ဘာပဲပြောပြောပေါ့၊ ဟုတ်လား၊ တွေ့တွေ့ချင်းတော့ ဝမ်းမြောက်စရာလေး စလိုက် ဒါမှ အဆင်ပြေတာ၊ တွေ့တွေ့ချင်း တင်းနေလို့ရှိယင် အဲဒါ နောက်ပိုင်း ဘာမှ အခွင့်အရေး ရတော့မှာ မဟုတ်တော့ဘူး။

အခု ပါယာသိမင်းကြီးကို ကြည့်၊ အရှင် ကုမာရကဿပကို တွေ့တွေ့ချင်း တွေ့ရတာ ဝမ်းသာလိုက်တာ အရှင်ဘုရား သတင်းပဲ ကြားနေရတယ်၊ သူကြားနေရတဲ့ သတင်းက ဘာလဲ၊ အရှင် ကုမာရကဿပသည် ပဏ္ဍိတ, ဗျတ္တ, ဗဟုဿုတ, မေဓာဝီ, စိတြကထိ, ကလျာဏ ပဋိဘာနော, ဝုဒ္ဓါပစေဝ, အရဟာစ လို့သူက ဒီလို ကြားထားတာ။

အရှင်ဘုရား သတင်းကို တည့်တော် အဝေးကြီး ကတည်းက ကြားတယ်၊ ပဏ္ဍိတ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တယောက်လို့ ကြားတယ်၊ ဗျတ္တော– အရာရာမှာ တော်တော်စွမ်းတယ်လို့ ကြားတယ်၊ ဗဟုဿုတော ဗဟုသုတ နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တယောက်လို့လဲ ကြားရတယ်၊ မေဓာဝီ ကိလေသာကို ဖောက်ခွင်းနိုင်တဲ့ဉာဏ် ရှိတယ်လို့ ကြားတယ်၊ စိတြကထိ ဆန်းကြယ်တဲ့ တရားစကားလဲ ဟောတတ်ပြောတတ်တယ်လို့ ကြားတယ်၊ ကလျာဏ ပဋိဘာန– အရာရာမှာ သိမြင်တဲ့ ဉာဏ်ရှိတယ်လို့လဲ ကြားတယ်၊ ဝုဒ္ဓ အရွယ်ကလဲ ငယ်ငယ်ရွယ်ရွယ် မလေးစားအပ်တဲ့ အရွယ် မဟုတ်ဘူး၊ လေးစားလောက်တဲ့ အရွယ်ပျိုး ရောက်ပြီလို့ ကြားတယ်၊ အရဟာ– အရဟန္တာ ပုဂ္ဂိုလ်လို့လဲ ကြားထားပါတယ်။

အဲဒီ သတင်းကြားနဲ့ တပည့်တော်တို့ဟာ အဝေးက ကြည်ညို နေရတာ အခုတော့ ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ရလို့ အမောကို ပြေသွားတာပဲ ဘုရားဆိုတော့ ဟုတ်ဟုတ် မဟုတ်ဟုတ်ပေါ့၊ မင်္ဂလာ စကားလေး ပြောလိုက်တယ် ဆိုကတည်းကိုက အရှင် ကုမာရကဿပရဲ့ နောက်တော်

မှာ ပါလာတဲ့ သံဃာငါးရာတို့တွင် ဘုန်းကြီးတို့ ပရိသတ်များ အရိယာ သံဃာတွေကို ချန်ထားလိုက်တော့ ပုထုဇဉ် သံဃာများ အနေနဲ့တော့ ဒီ ပါယာသိမင်းကြီးကို စိတ်ထဲမှာ ကျေနပ်သွားကြတယ်။

## မမေ့နိုင်တဲ့ စကား ပြောကြားလို့
## (သာရဏီယကထာ)

ပါယာသိ မင်းကြီးကို တို့ အဝေးက ကြားတာကတော့ ဒီလို မဟုတ်ဘူး၊ ငရဲမရှိဘူး, နောက်ဘဝ မရှိဘူး, ကုသိုလ် အကုသိုလ် မရှိဘူး, နတ်တွေ ပြိတ္တာတွေ ဗြဟ္မာတွေ မရှိဘူးဆိုတဲ့ မိစ္ဆာဒိဋ္ဌိ ရှင်ဘုရင်ကြီးလို့ တို့ သတင်းကြားထားတယ်၊ မင်းကြမ်းကြီးလို့ ကြားထားတာ အခု တွေ့ရတော့လဲ ကြားရသလို မဟုတ်ဘူး၊ ရင်ဆိုင် တွေ့လိုက်ရတော့လဲ သိမ့်သိမ့်မွေ့မွေ့ နူးနူးညံ့ညံ့ပါပဲ ကလား၊ သံဃာတော်တွေကလဲ ဒီ ရှင်ဘုရင်ကြီး ကြည့်ပြီး စိတ်ထဲမှာ ကြည်လို့ အားပါးတရ ဒီလို ဖြစ်ကြတာ၊ သုဘာသိတဝါစာ ကျွမ်းကျင်ယင် တယ်ပြီးတော့ အဆင်ပြေတာပဲ။

သမ္မောဒိ၊ ဝမ်းမြောက်ဖွယ် စကား စတင်ပြောတယ်။

သမ္မောဒနီယံ၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေသော။ သာရဏီယံ၊ အသက်ယက်ဆုံး မေ့ကို မမေ့နိုင်သော။ ကထံ၊ စကားကို။ ဝီတိသာရေတွာ၊ ပြောဆိုပြီးကြကုန်သည် ဖြစ်၍။

အရှင်ဘုရား သာဝတ္ထိကို ကြွလာတာ, ကောသလတိုင်းက ကြွလာတာ, ဒေသစာရီ လှည့်လည်လာတာ အရှင်ဘုရား လမ်းမှာ သက်သက်သာသာ ရှိရဲ့လား၊ နေပူတို့, လေပူတို့, ဖုံထူတို့ကြောင့် အရှင်ဘုရား မပင်ပန်းပဲ ရှိပါရဲ့လား။

"ဆောင်းကြမ်း ဖုံဒဏ်နဲ့ နေပူလေပူကြမ်းရှုပြင်"

ဆိုတာလိုပေါ့၊ အဲဒီဥစ္စာ ကြားဘူးတယ် မဟုတ်လား၊ ဆရာ ဦးသုခ ဟောသွားတာလေ။

အဲဒီလို ခရီးကြမ်း လာခဲ့ရတာ ကိုယ်တော် ချမ်းသာပါရဲ့လား၊ ပိဏ္ဍာကနေပြီ နကိလမထ=လမ်းခုလတ် ဆွမ်းဖြင့်လဲ မပင်ပန်းပဲ ရှိပါရဲ့လား၊ ခရီးဝေး ကြွခဲ့ရတာ လမ်းမှာ ဆွမ်းဖြင့် မပင်ပန်းပဲ ရှိပါရဲ့လား။ တရား ဟော ထွက်ရတာ ဆွမ်းမငတ်ဘူးလားပေါ့၊ ဟုတ်လား။

အဲဒီလူ အားပါးတရ နှုတ်ဆက်ပြီးတော့ ဝမ်းသာစကား တွေနဲ့ ပါယာသိမင်းကြီးရဲ့ နောက်ပါ ပရိသတ် ရှေ့မှာ နှစ်ဘက်ဟာလဲ အချက်ကျကျ ဟောဖို့ ပြောဖို့ ပြင်ဆင်နေကြတယ်။

၁။ သမ္မောဒနီယကထာ

၂။ သာရဏီယကထာ

ဝမ်းမြောက်စရာ စကားများကို ကြိုးစားရှာပြီးတော့ ပြောကြစမ်းပါ၊ အဲဒါ သမ္မောဒနီယကထာပဲ။ သာရဏီယကထာ- အဲဒီ ဝမ်းမြောက်စရာ စကားများကို ပြောတာလဲပဲ မမေ့နိုင်အောင် စွဲသွားအောင် ပြောလိုက်ကြစမ်းပါ။ မင်္ဂလာရှိတဲ့ စကားနဲ့၊ စိတ်ဆင်းရဲစရာ စကားများတော့ ရှောင်ပြီးတော့ မပြောကြနဲ့၊ ကုသိုလ်ပါ။

မိစ္ဆာဒိဋ္ဌိ ရှင်ဘုရင်ကြီးနဲ့ ရဟန်း မထေရ်ကြီး ပုံတော် ဝမ်းမြောက်ဖွယ်စကား ပြောကြားနေကြသေးတယ်။ ဟာကယ်ဆိုယင် မိစ္ဆာဒိဋ္ဌိ ရှင်ဘုရင်ကြီးက စပြီး "ကိုယ်တော် ဘာပုံ နဲ့ ကြွလာသလဲ" လို့ ရန်စကား ပြောဖို့ ကောင်းတာက၊ "ကိုယ့်အရပ် ကိုယ်နေပါ၊ ဘာပြုလို့ တပည့်တော်နယ် လာခဲ့ပြီတော့ အချာတာများ ပြောတာကျ ပြောတာတုံး၊ တပည့်တော်တို့က မချိကာ ဒုံးနဲ့ နေနေကြတာ၊ ကြွား ကိုယ်တော်ပြန်" ဘာညာဆိုယင် အဲဒါက ဝမ်းမြောက်စရာ စကား မဟုတ်တော့ဘူး၊ မမေ့နိုင်တဲ့ စကားတော့ ဖြစ်ချင်ဖြစ်လိမ့်မယ်၊ ဒီလိုစကားမျိုး အပြော ခံလိုက်ရယင် ပုတုဇဉ်လောကဆိုတော့ ဘယ်မေ့တော့မလဲနော်။ ရဟန္တာ အရှင်မြတ်တို့ရဲ့ လောကကျတော့ အဲဒါမျိုး မေ့ပစ်လိုက်တယ်၊ နှလုံး မသွင်းဘူး။

အေး—စကားပြော ကျွမ်းကျင်မှုဆိုယင် ဒီလိုပေါ့။ အဲဒါနဲ့ ပါယာသိမင်းကြီးဟာ အချက်ကျကျ ဝမ်းသာဖွယ်ရာ သမ္မောဒနီယ, သာရဏီယကထာတွေပြောကြားပြီးတော့ ဧကမန္တံနိသီဒိ--အပြစ်လွတ်တဲ့ အရပ်မှာ ထိုင်ပြီးတော့ အခန်းဖွင့်လိုက်တယ်။

## ပါယာသိမင်းနဲ့ သေတဗျမြို့စားများ

ဧကမန္တံနိသီဒိ-တဲ့၊ အပြစ်လွတ်ရာမှာ ထိုင်လိုက်ပြီ စာပိုဒ်မပါလာဘူး၊ ရှာကြည့်တယ်၊ ဘယ်လိုမှ မပါလာဘူး။ ဘာဖြစ်လို့လဲ—

အာယသ္မန္တံ ကုမာရကဿပံ အဘိဝါဒေတွာ။

အဲဒီစာပိုဒ် ပါမလာဘူး၊ မရှိတော့ဘူး။ အရှင် ကုမာရကဿပကို အလွန်အလွန်ရိုသေစွာရှိခိုး၍ဆိုတဲ့ ဒီအပိုဒ် မပါဘူး။ ဝမ်းမြောက်စကား တော့ ပြောသေးတယ်၊ ရှိတော့မခိုးဘူး။ အနားဝင်ပြီးတော့ တင်ပျဉ်ခွေ ထိုင်လိုက်ပံုပေါ်တယ်၊ ဟုတ်လား။ မိစ္ဆာဒိဋ္ဌိအယူ စွဲနေလေတော့ ပါယာ သိမင်းဟာ အရှင်ကုမာရကဿပကို ရှိမခိုးဘူးတဲ့။ အဲဒီ ရှိမခိုးတာက သူ့ အကြောင်းနဲ့သူ ရှင်းပြီးသား။ ဒါကြောင့် "အဘိဝါဒေတွာ"ဆိုတဲ့ စာ ပိုဒ် ဒီနေရာမှာ ကျော်သွားတယ်။

ဧကမန္တံနိသီဒိ=သင့်လျော်ရာမှာ ထိုင်ခဲ့လေပြီ။

ပါယာသိမင်းကြီး ထိုင်လိုက်တယ်။ နောက်နားက မြို့သူ မြို့သား တွေ တအုပ်ကြီး ပါလာတယ်မဟုတ်လား။ အဲဒီ လူအုပ်ကြီးကို လှမ်းပြီး တော့ ကြည့်လိုက်ကြရအောင်—

> သေတဗျာကာပိ ခေါ ဗြာဟ္မဏဂဟပတိကာ အပ္ပေကစ္စေ အာယသ္မန္တံ ကုမာရကဿပံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု။

အပ္ပေကစ္စေ၊ အချို့ကုန်သော။ သေတဗျကာ ဗြာဟ္မဏဂဟပတိ ကာ၊ သေတဗျမြို့မှာနေကြတဲ့ ဗြာဟ္မဏမျိုးတွေ၊ ဂဟပတိမျိုးတွေ၊ ပညာရှိ ပုဂ္ဂိုလ်တွေနဲ့ ဥစ္စာပစ္စည်းကြွယ်ဝတဲ့ ပုဂ္ဂိုလ်တွေဟာ။ အာယသ္မန္တံ ကုမာရ ကဿပံ၊ အရှင်ကုမာရကဿပထေရ်သူမြတ်ကို။ အဘိဝါဒေတွာ၊ အလွန် အလွန် ရိုသေစွာ ရှိခိုးကြကုန်၍။ ဧကမန္တံ၊ အပြစ်ခြောက်ပါး လွတ် လောက်ရာ အရပ်၌။ နိသီဒိံသု၊ ကောင်းစွာမသေ့ ထိုင်လိုက်ကြလေကုန် သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

အရှင်ကုမာရကဿပရဲ့အနီးက ပရိသတ်ကို ကြည့်လိုက်ပါ။ ပါ ယာသိမင်းကြီးနဲ့ သူ့အခြံအရံပရိသတ်က တော့ ရှိမခိုးကြပဲနဲ့ အသာလေး ဝင်ပြီးတော့ ထိုင်ကြတယ်၊ မြို့သူမြို့သား ပရိသတ်တွေထဲက တချို့—

အပ္ပေကစ္စေ၊ အချို့ကုန်သော ပုဂ္ဂိုလ်တို့ကတော့။ အာယသ္မန္တံ ကုမာရကဿပံ အဘိဝါဒေတွာ ဧကမန္တံနိသီဒိံသု၊ သေသေချာချာ ရှိခိုး ပြီးတော့မှ ထိုင်လိုက်ကြတယ်။

အဲဒါက တစု။

အပ္ပေကစ္စေ၊ အချို့ကုန်သော၊ သေဘဗျကာ ဗြာဟ္မဏဂဟပတိကာ၊ သေဘဗျမြို့က ပုဂ္ဂိုလ်တို့သည်၊ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပကို။ အဘိဝါဒေတွာ၊ ရှိခိုး ကုန်၍၊ သမ္မောဒနီယံ ကထံ သာရာဏီယံ ဝီတိသာရေတွာ၊ ဝမ်းသာစကား၊ မမေ့နိုင်တဲ့စကားတွေကိုလဲ ပြောကြားနှုတ်ဆက်ကြကုန်၍၊ ဧကမန္တံ နိသီဒိံသု၊ အပြစ်လွတ်တဲ့ အရပ်မှာ ထိုင်ကြတယ်။

ဒုတိယတအုပ်စုက ရှိခိုးပြီးတော့ ဝမ်းမြောက်ဖွယ်နှုတ်ဆက် စကားကိုပါ ပြောလိုက်သေးတယ်။ အဲဒီလိုပြောပြီးမှထိုင်တာ။ တတိယ တအုပ်စုက—

## ၅ အုပ်စု ကွဲပြီးတော့ လာကြတယ်

အပ္ပေကစ္စေ ယေနာယသ္မာ ကုမာရကဿပေါ တေနဉ္ဇလိံ ပဏာမေတွာ ဧကမန္တံ နိသီဒိံသု။

အပ္ပေကစ္စေ၊ အချို့ကုန်သော ပုဂ္ဂိုလ်တို့သည်။ ယေနာယသ္မာ ကုမာရကဿပေါ တေနဉ္ဇလိံ ပဏာမေတွာ၊ အရှင် ကုမာရကဿပရှိရာ အရပ်ကို မတ်ဘတ်က လက်အုပ်ချီပြီးတော့မှ မတ်ဘတ်ရပ်က လက်အုပ်ချီ လက်ကလေး ရင်ဘတ်နားမှာ လှုပ်လှုပ် လှုပ်လှုပ်နဲ့။ ဧကမန္တံ နိသီဒိံသု၊ တနေရာမှာ ထိုင်လိုက်ကြတယ်။

မတ်တတ်ရပ်ကနေ လက်အုပ်ချီ၊ လက်အုပ်ကလေး လှုပ်တုပ် လှုပ်တုပ်နဲ့ ပြုပြီးတော့ သူတို့က တနေရာမှာဝင်ထိုင်လိုက်ကြတယ်တဲ့။ အဲဒါက တတိယတစု။ နောက်တခါ—

အပ္ပေကစ္စေ၊ အချို့ကုန်သော ပုဂ္ဂိုလ်တို့ကတော့။ နာမဂေါတ္တံ၊ မိမိတို့ရဲ့အမည်, မိမိတို့ အဘိုးအဘွားတို့ရဲ့အမည်, မိမိအဘိုး အဘွား မိဘ နှစ်ပါးတို့ရဲ့ အမျိုးအနွယ်တို့ရဲ့အမည်ကို။ သာဝေတွာ၊ လျှောက်ကြား ကြကုန်၍။ ဧကမန္တံ နိသီဒိံသု၊ သင့်တော်ရာမှာ ထိုင်ကြတယ်။

ဒီစတုတ္ထလူစုကတော့ သူ့နာမည်, အဖေနာမည်, အမေနာမည်, အဘိုးအဘွားနာမည်, အမျိုးအနွယ်တို့ရဲ့ အမည်နာမကို အော်ပြောပြီး တော့မှ တခါတည်း ထိုင်လိုက်ပါတယ်။ "အရှင်ကုမာရကဿပဘုရား၊ တပည့်တော်ရဲ့အဘိုးဟာ ဝါသေဋ္ဌပါဘုရား" လို့ ပြောဆိုပြီးတော့ ထိုင် သွားတယ်။ ဟာ ဒီလူက ဝါသေဋ္ဌအမျိုးပဲ၊ ဘယ်မှာလာ အမျိုးညံ့မှာ

လဲ၊ သူ့ ဘိုးဘွားတွေက ဘယ်လိုအရာရှိတွေ, ဘယ်လိုဝန်ကြီးတွေပဲဆိုပြီး ဟိုက တိုးတိုး တိုးတိုးနဲ့ ဆွေးနွေးကုန်ကြရော။ အဲဒီလို သူက လူကြောင်ပြောစတုတ္ထလူစုတဲ့။ နောက်တခါ ပဉ္စမလူစုကတော့-

## အပေ့ကစွေ တုဏှိဘူတာ ကေမန္တံ နိသီဒိံသု။

အပေ့ကစ္စေ၊ အချို့ကုန်သော ပုဂ္ဂိုလ်တို့သည်။ တုဏှိဘူတာ၊ မဆိုတိတ်တိတ်ဆိတ်ဆိတ် နေကြကုန်သည်ဖြစ်၍။ ကေမန္တံ၊ ချောင်ကျကျ မှောင်ကျကျနေရာမှာ။ နိသီဒိံသု၊ ထိုင်လိုက်ကြတယ်။

ပဉ္စမလူစုကတော့ ရှိလဲမခိုးကြဘူး၊ နှုတ်လဲမဆက်ကြဘူး၊ လက်အုပ်လဲ မချီကြဘူး၊ နာမည်လေးတောင် စာရင်းမပေးကြဘူး၊ ချောင်ထဲမှောင်ထဲမှာ အသာလေး ခပ်ကုတ်ကုတ်ပဲ ထိုင်လိုက်ကြတယ်။

ဘယ်နှစ်အုပ်စုရပြီလဲ၊ သေတဗျမြို့ကလူတွေ အရှင်ကုမာရကဿပထံကို လာကြတာဟာ ငါးစုကွဲပြီးတော့ လာကြတယ်။ ငါးစုကွဲပြီးတော့ လာကြတာ ဘာကြောင့်လဲဆိုယင်၊ အဲဒီပါယာသိမင်းကြီးကြောင့် ငါးစုကွဲပြီးတော့ လာကြတာ။ ပါယာသိမင်းကြီးက မရှိတာရေး ဟောထားတာ၊ နောက်ဘဝမရှိဘူး၊ ငရဲ, ပြိတ္တာ, နတ်,ဗြဟ္မာမရှိဘူး၊ ကုသိုလ်အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်တို့ရဲ့ အကျိုးမရှိဘူး၊ အဲဒီလို မရှိတာရေးကို ဟောထားတာ။

## မရှိဂိုဏ်းဆိုတာ ပေါ်ခဲ့ဖူးတယ်

ဘုန်းကြီးတို့ပရိသတ်များ—မရှိဂိုဏ်းဆိုတာ အညာဒေသ ရွှေဘိုနယ်မှာ တခါပေါ်ခဲ့ဘူးတယ်။ တရားပြဆရာဂိုဏ်းတွေကို စိတ်ဆန်းထိုင် မျက်စိမှိတ်ပြီးတော့ အဆိုခိုင်းတယ်၊ အမေမရှိ, အဖေမရှိ, သားမရှိ, သမီးမရှိ, ဇနီးမရှိ,ခင်ပွန်းမရှိ, နတ်ပြည်မရှိ, ငရဲမရှိ, လူမရှိ, ဗြဟ္မာမရှိ, ကမ္ဘာမရှိ, နေမရှိ, လမရှိ, မရှိ—မရှိ—မရှိနဲ့ လျှောက်လုပ်သွားလိုက်တာ နောက်ဆုံး ငါမရှိဆိုတာ တခုကို မေ့ကျန်နေရစ်တယ်၊ ကျန်ဘာတွေ အကုန်လုံး မရှိချည်း လုပ်သွားလိုက်တာ ငါမရှိတာလုံးတည်း သူမေ့နေတယ်။

အဲဒီလိုအားထုတ်ယင်း အားထုတ်ယင်းနဲ့ သူ့စိတ်သူညို့သလို ဖြစ်သွားတာကိုး၊ ရက်ပေါင်းများစွာ အားထုတ်လာတော့ တခုသောညသန်းခေါင်ကျော်ကြီးမှာ အဲဒီမရှိ မရှိ အားထုတ်တဲ့ ပုဂ္ဂိုလ်ကြီးဟာ "ကယ်တော်မူကြပါဗျို့" လို့ အော်ပြီးတော့ ငိုလိုက်တယ်၊ ဘေးဆရာဂိ

တွေ ဆရာတွေ ဝိုင်းသွားကြပြီး "ဘာဖြစ်လို့တုံး ဘာဖြစ်လို့တုံး" မေးတော့ "လောကကြီးမှာ ဘယ်သူမှ မရှိတော့ဘူး ကျုပ်တယောက် တည်းကျန်တော့တယ်"လို့ ပြောလိုက်သတဲ့။

တလောကလုံး ဘာမှ မကျန်တော့ဘူး၊ ကျုပ်တယောက်တည်းပဲ ကျန်တော့တယ်၊ ကြောက်စရာကြီး ဖြစ်ကုန်ပြီဆိုပြီး၊ အဲဒီမှာ အောင်အောင် ပြီးတော့ ငိုလိုက်တာ—တဲ့၊ ဟုတ်လား၊ အဲဒီတော့ ဆရာက သူ့ကယုံကြည်နှင်း ပေးတာ မေ့နေတာကိုးဗျ၊ အဲဒီအကြောင်းကြောင့် ဆရာက ကတော့ ဆိုပြီး အောင်ငိုတဲ့လူကို ကမ္မဋ္ဌာန်းတခု တိုးတက်ပြီးတော့ ပေးလိုက်တယ်။ "ဟော့....ငါမရှိဆိုတာကို မင်းအားကုတ်"လို့ ပေးလိုက်တယ်၊ ငါမရှိ ငါမရှိ ဆိုတာကို အားထုတ်လို့ ပေးလိုက်တော့မှ အဲဒီလူအငိုတိတ်သတဲ့။

## သမ္မာဒိဋ္ဌိလူစားနဲ့ ခွတုတ်သမား

ဟောဒီမှာ ပါယာသိမင်းကြီးကလဲ သူ့မြို့သူ့မြို့သားတွေကို မရှိ တရားဟောထားတယ်၊ နတ္ထိပရောလောကော နောက်ဘဝ မရှိဘူး၊ နတ္ထိ သတ္တာဩပပါတိကာ–ဥပပါတ်သတ္တဝါ ငရဲနဲ့ပြိတ္တာ နတ်ဗြဟ္မာ မရှိဘူး၊ နတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော= ကုသိုလ် အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးတွေ မရှိဘူးလို့ မိုက်ရူးဟောတဲ့ ဟောဒီ ပါယာသိမင်းကြီးရဲ့နယ်ပယ် သေတဗျမြို့သူမြို့သားတွေ၊ ယခုအရှင်ကုမာရ ကဿပမထေရ်သွားမြတ် ကြွလာတဲ့အခါကာလကျတော့—

(က) မရှိဘူးဆိုတဲ့ အယူကို စွဲထားတဲ့လူတွေ ရှိသလိုပဲ၊
(ခ) မရှိလား အရှိလား မရှိလား အရှိလားလို့ သံသယ ဖြစ်နေကြတဲ့ ပုဂ္ဂိုလ်တွေကလဲ အများကြီးပဲ၊
(ဂ) မရှိ မဟုတ်ဘူးကွ၊ အရှိဆိုတဲ့ ပုဂ္ဂိုလ်တွေကလဲ အများကြီးပဲ။

အဲဒါကြောင့် မြို့ထဲကလူတွေဟာ လူတွေကဲ့ပြီးတော့ အရှင် ကုမာရကဿပထံ ရောက်တော့ အရှိအမေး လက်အုပ်ချီ ရှိခိုးပြီးတော့မှ တချို့ကထိုင်ကြတယ်၊ သဒ္ဓါတရား ကောင်းမွန်ပြီးတော့ သမ္မာဒိဋ္ဌိ အယူရှိကြတဲ့ ပုဂ္ဂိုလ်တွေတဲ့။ တချို့ပုဂ္ဂိုလ်တွေက လက်အုပ်ချီမိုး ရှိခိုး ရုံမျှမကပဲနဲ့ နှုတ်ဆက်စကား ဝမ်းသာစကား ကောင်းစွာ ပြောကြားပြီး တော့မှ ထိုင်လိုက်ကြတယ်၊ အဲဒီပုဂ္ဂိုလ်တွေကလဲ အရှိတရား လက်ကိုင် ထားကြတဲ့ သမ္မာဒိဋ္ဌိ အယူရှိတဲ့ ပုဂ္ဂိုလ်တွေပဲ။

နောက် တတိယ တချို့က မတ်တတ်ရပ်ကနေ လက်အုပ်ချီပြီးတော့ ထိုင်လိုက်ကြတယ်၊ မတ်တတ်ရပ်ရာက လက်အုပ်ချီ ထိုင်လိုက်ကြတဲ့ ပုဂ္ဂိုလ်တွေ ဘယ်လိုပုဂ္ဂိုလ်တွေလဲ၊ သူတို့က မရှိသလိုလို ရှိသလိုလို မရှိတရားဂိုဏ်းထဲ ဝင်တော့မလိုလို အရှိဂိုဏ်းထဲ ဝင်တော့မလိုလို၊ မရှိဂိုဏ်းနဲ့တွေလဲ သူက ရောလိုက်တာပဲ၊ အရှိဂိုဏ်းနဲ့တွေလဲ ရောထည့်လိုက်တာပဲ။

မင်းအရှိတရား လက်ခံပြီလားလို့ ဟိုမရှိဂိုဏ်းကမေးယင် မဟုတ်ပါဘူးကွာ ပေါင်းသင်းဆက်ဆံရေးအရ ဒါဟာ မလွဲသာ မရှောင်သာလို့ လုပ်ရတာပါ၊ ဒီလိုပြောတယ်၊ မရှိဂိုဏ်းနဲ့ ပေါင်းနေလို့ အရှိဂိုဏ်းကတွေ့တဲ့အခါ မင်းက ဘယ်လိုတုံးကွ ဟိုဂိုဏ်းထဲ ဝင်သွားပြီလားလို့မေးယင် မဟုတ်ပါဘူးကွာ ဒါက စီးပွားရေးအရပေါင်းလို့မဖြစ်ဘူးကွ။ အဲဒီလို မရှိထဲလဲရော အရှိထဲလဲရော ဟိုဘက်ဒီဘက်ရောပြီးတော့ ခွတုတ်နေတဲ့ ပုဂ္ဂိုလ်က မတ်တတ်ကလက်အုပ်ပဲချီတယ်။—တဲ့

## နှစ်ဘက်စလုံးကျေနပ်အောင်—တဲ့

ဘာပြုလို့လက်အုပ်ပဲ ချီရတုံးဆိုတော့ နဖူးမြေကျ ကုန်းပြီးတော့ အရှင်ကုမာရကဿပကို ဦးချလိုက်မယ်ဆိုယင် အရှိဂိုဏ်းကတော့ သိပ်ကျေနပ်တယ်။ မရှိဂိုဏ်းကလူတွေက ဘယ်လိုဖြစ်ကြမလဲ ဒီကောင်တို့ဂိုဏ်းထဲကနေ ဟိုဘက် ပြောင်းသွားပြန်ပြီ ဆိုပြီးတော့ သူ့ကို အပြစ်တင်ကြမှာ။ အဲဒီလို အရှိဂိုဏ်းကလူတွေ ကျေနပ်ကြပေမယ့် မရှိဂိုဏ်းကလူတွေ မကျေနပ်ပဲ နေကြမှာ စိုးရတဲ့အတွက်ကြောင့် မရှိဂိုဏ်းကလူတွေနဲ့တွေ့ယင် သူက ချေပလိမ့်မယ်။

မင်းတို့ကလဲကွာ- ကုမာရကဿပမထေရ်ကို ငါလက်အုပ်ချီတယ်ဆိုတာလေးနဲ့ မင်းတို့က သူ့ဂိုဏ်းထဲဝင်သွားတယ်လို့ ပြောမှာလား၊မတ်တတ်ရပ်က လက်အုပ်ချီတယ်ဆိုတာ ဒါလူမှုရေးအရ ဒါဟာယဉ်ကျေးမှုသဘောတရားအရ ဒါအနိဒ္ဒိယထုံးစံ လက်အုပ်ချီတယ်ဆိုတာ နှုတ်ဆက်တာပဲကွ၊ ကြည်ညိုလို့ ဦးချနေတာ၊ လက်အုပ်ချီနေတာ မဟုတ်ပါဘူးလို့ ပြောလိုက်တော့ မရှိဂိုဏ်းကလဲ ကျေနပ်လို့၊ ဟုတ်လား။

အရှိဂိုဏ်းနဲ့တွေ့ပြန်တော့လဲ ဟေ့-မင်း တို့ဆရာကို ဦးမချဘူးကွလို့ ပြောယင် သူကပြန်ပြောလိမ့်မယ်၊ ဦးချဆိုတာ နဖူးနဲ့မြေကြီးရိုက်မှ ထိမှ မဟုတ်ဘူးကွ မတ်တတ်က လက်အုပ်ချီလဲ ဦးချတာပဲ၊ စေတနာသာလျှင်

ပဓာနပါကွလို့ သူက ဗိလိုပြန်ပြောလိုက်မယ်၊ အဲဒီတော့ ဗျာဂြိုဟ်ကြီးက လူတွေထလဲ သူ့ကို ကျေနပ်သွားကြမယ်။

နှစ်ဘက်စလုံး ကျေနပ်အောင်ဆိုပြီး အဲဒါအလယ်အလတ်လမ်းစဉ် လိုက်တာတဲ့၊ မတ်တတ်က လက်အုပ်ချီပြီး လူတစု၊ ဟုတ်လား၊ ဟိုဘက် ဒီဘက်နှစ်ဘက်စလုံးပါတယ်၊ သူ့တို့မှာ ဘာရယ်လို့ မယ်မယ်ရရဝါဒ မရှိဘူး။-တဲ့

## နာမည်ကြော်ငြာထုတ်သူနဲ့ ခေါင်းရှောင်သူ

နောက် စတုတ္ထအုပ်စုကတော့ နာမည်ကြော်ငြာသာတွေ အမည် အမျိုးအနွယ်ဘွဲ့ကို အော်ပြောပြီးတော့မှ ထိုင်တယ်ဆိုပဲကွာ အရပ်ထဲ ဘယ်နေရာမှာမှ လူတွင်ကျယ်လုပ်ခွင့် မရှိဘူး၊ နေရာကောင်း မရှိဘူး၊ အညတရ မထင်ရှားဘူး၊ ကြီးကျယ်တဲ့နေရာဆိုယင် ဘယ်နေရာမှ သူဝင်ခွင့် မရဘူး။

အဲဒါနဲ့ ဟောဒီမှာ နိုင်ငံကျော်ကြား ဗိုလ်ကြီးထိမ်မှာယမ်းဘမင်းရဲ့ အရှင်ကုမာရကဿပဟာ သံဃာငါးရာဝန်းရံလို့ ရှင်ဘုရင်နှုတ ကူ စည်းဝေး နေတဲ့ ပရိသတ်ထဲမှာ ငါက နာမည်လေးလောက် ကြော်ငြာခွင့်ရလိုက်ယင် မနည်းဘူးဆိုပြီးတော့ ကျုပ်နာမည် ဘယ်သူပါလို့ အော်ပြောလိုက်တာ-တဲ့၊ ဟုတ်လား။ သူက နာမည်ကြော်ငြာထုတ်လိုက်ဘာ ပရိသတ်က သူ့ကို တော်တော်သိသွားတယ်။

ပဥ္စမ အုပ်စုကတော့ ကေမန္တံ၊ သင့်လျော်ရာအရပ်၌။ ကေမန္တံ၊ အပြစ်ကြောက်ပါး ကင်းသင့်တင့်ရာအရပ်၌။ ဗိလိုအနက်ပျိုး သူတို့ကို ပေးလို့ မပြစ်ဘူး။ ကေမန္တံ၊ချောင်ကျကျမှောင်ကျကျ နေရာမှာ။ နိသီဒိ၊ ထိုင်ကြတယ်။ ဒီလိုပေးမှ ဖြစ်မယ်၊ ဟုတ်လား။

ကေမန္တံ၊ ချောင်ကျကျမှောင်ကျကျ နေရာမှာ။ နိသီဒိ၊ ထိုင်လိုက် တယ်။

သူတို့ကိုတော့ အင်္ဂလာထဘာက ဝေဖန်တယ်၊ ချောင်ထဲမှောင်ထဲမှာ အသာကလေးကုတ်၊ တိတ်တိတ်ကလေးထိုင်လိုက်ဘဲ့ လူတွေဟာ ဘယ်လို လူတွေတုံး ဆိုတော့ နေရာစာကာမှာ ခေါင်းရှောင်တဲ့ ပုဂ္ဂိုလ်တွေတဲ့၊ နေရာတကာ ခေါင်းရှောင်တယ်။ အရှိဂိုဏ်းကလဲ မပါချင်ဘူးကွ တို့က

တော့ အေးအေးပဲ၊ မရှိဂိုဏ်းက လာပြီး တို့အထဲဝင်ပါဆိုယင် တို့က တော့ အေးအေးပဲကွာ။ ဘယ်အထဲမှ မပါပဲနဲ့ နေရာတကာခေါင်းရှောင် နေတဲ့ပုဂ္ဂိုလ်မျိုးဟာ အဲဒါ ချောင်ထဲထိုင်ကြတယ်။—တဲ့

အရှင်ကုမာရကဿပနဲ့ ရင်းနှီးဖို့ရန်လဲ သူတို့မှာ ဆန္ဒမရှိကြဘူး၊ အရှင်ကုမာရကဿပအနား ချဉ်းကပ်ပြီး ယပ်တောင်လေးခပ် ရေလေး ကပ် နှုတ်ဆက်စကား ပြောမိယင် ရင်းနှီးလိမ့်မယ်၊ ရင်းနှီးပြီလဲဆိုရော မနက်ကျသပိတ်ကြီးနဲ့ အိမ်ရှေ့ရောက်လာတော့မှာ။ အဲဒါကြောင့် ချောင် ထဲမှောင်ထဲမှာသာ ထိုင်လိုက်မယ်ဆိုပြီးတော့—

ကေမန္တ၊ သဒ္ဓါတရားခေါင်းပါးတဲ့ ပုဂ္ဂိုလ်တချို့ဟာ ချောင် ကျကျ မှောင်ကျကျ နေရာမှာ။ နိသီဒိံသု၊ ထိုင်ကြပါတယ်။—လို့

လူအုပ်စုကြီး ငါးစု၊

အုပ်စု(၁) သည် အပြစ်တင်းတယ်၊
အုပ်စု(၂) သည် အပြစ်ကင်းတယ်၊
အုပ်စု(၃) သည် နှစ်ဘက်မှာ ချပြီးတော့ ပေါင်းသင်း ထားတယ်၊ သမ္မာဒိဋ္ဌိလိုလို မိစ္ဆာဒိဋ္ဌိလိုလိုနဲ့ ဘာမှ သူတို့မှာ လက်ဆုပ်လက်ကိုင် အယူ မရှိဘူး၊
အုပ်စု(၄) သည် အရပ်ထဲမှာ မထင်ရှား၊ နေရာကြီးကြီး ကျယ်ကျယ်မှာ ဝင်ခွင့်မရတဲ့ ပုဂ္ဂိုလ်တွေ၊ နာမည်ကြော်ငြာထုတ်တယ်၊
အုပ်စု(၅) သည် သဒ္ဓါတရား ခေါင်းပါးတဲ့ ပုဂ္ဂိုလ် တွေတဲ့၊ သူတော်ကောင်းတွေနဲ့မရင်းနှီးလိုတဲ့ အတွက်ကြောင့် မပေါင်းသင်းလိုတဲ့အတွက် ကြောင့် ချောင်ထဲမှာ နေလိုက်ပါတယ်။

အုပ်စု(၅)မျိုး၊ ဟုတ်လား။

## လူစုကြီးငါးစုနဲ့ ပါယာသိမင်းကြီး

ပါယာသိမင်းကြီးဟာ မိစ္ဆာဒိဋ္ဌိဖြစ်ပေမယ့်လဲ ချောင်ထဲသွား ထိုင်လို့ သူက မတော်ဘူး၊ တိုင်းပြည်ရဲ့ရှင်ဘုရင်ဆိုတော့ ရှေ့ဆုံးကနေ ပြီးတော့ ဟောဒီမှာ အရှင်ကုမာရကဿပ အနားကပ်ပြီးတော့ သူထိုင်

ရမယ်–တဲ့၊ ဟုတ်လား၊ ဒါပေမယ့် ငို့ဒိတယ်လို့လော့ မမှတ်နဲ့ ဝပ်၊ သာစကား နှုတ်ဆက်စကား ရင်းနှီးစကား ပြောကြားပြီးတော့ ထိုင်ခဲ့ပါတယ်၊ လူငါးစုနဲ့ ပါယာသိမင်းတရား၊ ဟုတ်လား။ ဒေး ဒါကြောင့်·

အထခေါ၊ ထိုအခါ၌၊ ပါယာသိရာဇညော၊ ပါယာသိဖေါ်သော မင်းကြီးသည်။ အာယသ္မတာ ကုမာရကဿပေန၊ အရှင်ကုမာရကဿပ မထေရ်နှင့်။ သဒ္ဓိံ၊ အတူတကွ။ သမ္မောဒိ၊ ဝမ်းမြောက်ဖွယ်စကားပြော ကြား၍ နေခဲ့လေပြီ။ သမ္မောဒနီယံ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော။ သာရဏီယံ၊ အသက်ထက်ဆုံး မမေ့နိုင်သော။ ကထံ၊ စကားကို။ ဝီတိသာရေတွာ၊ ပြောဆိုပြီးဆုံးစေ၍၊ ဧကမန္တံ၊ အပြစ်ခြောက်ပါးကင်း သင့်တင့်လျောက်ပတ် ကောင်းမြတ်သော နေရာမှာ။ နိသီဒိ၊ ထိုင်ခဲ့ပါတယ်။

အပ္ပေကစ္စေ၊ အချို့ကုန်သော။ သေတဗျကာ ဗြာဟ္မဏဂဟပတိကာ၊ သေတဗျမြို့မှာနေကြတဲ့ ပုဏ္ဏား နဲ့ အိမ်နေသူ လူအပေါင်းတို့သည်။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင် ကုမာရကဿပမထေရ်ကို။ အဘိဝါဒေတွာ၊ အလွန်အလွန် ရှိသေစွာရှိခိုးကြကုန်၍။ ဧကမန္တံ၊ သင့်တော်ရာမှာ။ နိသီဒိံသု၊ ထိုင်ကြလေကုန်ပြီ။

အပ္ပေကစ္စေ၊ အချို့ကုန်သော ပုဂ္ဂိုလ်တို့သည်။ အာယသ္မတာ ကုမာရကဿပေန၊ အရှင် ကုမာရကဿပမထေရ်နှင့်။ သဒ္ဓိံ၊ အတူတကွ။ သမ္မောဒိံသု၊ ဝမ်းမြောက်ဖွယ်စကား ပြောကြားကြလေကုန်ပြီ။ သမ္မောဒနီယံ၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော။ သာရဏီယံ၊ အသက်ထက်ဆုံး မမေ့ထိုက်သော။ ကထံ၊ စကားကို။ ဝီတိသာရေတွာ၊ ပြီးဆုံးစေကြကုန်ပြီး၍။ ဧကမန္တံ၊ သင့်လျော်ရာမှာ သင့်တော်ရာမှာ။ နိသီဒိံသု၊ ထိုင်ကြပါတယ်။

အပ္ပေကစ္စေ၊ အချို့ကုန်သော ပုဂ္ဂိုလ်တို့သည်။ ယေနာယသ္မာ ကုမာရကဿပေါ၊ အကြင်အရပ်မှ အရှင်ကုမာရကဿပ ရှိပါပေ၏။ တေနဉ္ဇလိံ ပဏာမေတွာ၊ ထို အရှင်ကုမာရကဿပရှိရာ လက်အုပ်ချီကြကုန်၍။ ဧကမန္တံ၊ အပြစ်ကင်းရာအရပ်မှာ။ နိသီဒိံသု၊ ထိုင်ကြပါတယ်။

အပ္ပေကစ္စေ၊ အချို့ကုန်သော ပုဂ္ဂိုလ်တို့ကတော့။ နာမဂေါတ္တံ၊ မိမိရဲ့အမည်နဲ့ အမျိုးအနွယ်တို့ကို။ သာဝေတွာ၊ လျှောက်ကြား၍။ ဧကမန္တံ၊ အပြစ်ခြောက်ပါးကင်း သင့်သင့်လျောက်ပတ်ကောင်းမြတ်ရာ အရပ်မှာ။ နိသီဒိံသု၊ ထိုင်ကြပါတယ်။

အပေ့ဟကစ္စ၊ အချို့ကုန်သော ပုဂ္ဂိုလ်တို့သည် ၊တုဏှီဘူတာ၊ မဆို တိတ်တိတ်ဆိတ်ဆိတ် နေကြကုန်လျက်၊ ကောမန္တံ၊ ချောင်ကျကျ မှောင် ကျကျ နေရာမှာ၊ နိသိဒိံသု၊ ကောင်းစွာမနေသွ ထိုင်ကြလေကုန် သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

ပရိသတ် (၅) အုပ်စုနဲ့ ပါယာသိမင်းကြီး အရှင်ကုမာရကဿပ အနီးမှာ ဝိုင်းပြီးတော့ထိုင်နေကြတယ်။ ရှိခိုးတဲ့အုပ်စုက (၂) အုပ်စုရှိ တယ်၊ ရှိခိုးသလိုလို ရှိမခိုးသလိုလိုကတစု၊ နာမည်အော်ပြောတဲ့ ပုဂ္ဂိုလ်က တစု။ ချောင်ထဲမှောင်ထဲမှာ ခပ်ကုတ်ကုတ်ထိုင်တဲ့ပုဂ္ဂိုလ်အုပ်စုက တစု။ ရင်းရင်းနှီးနှီး နှုတ်ဆက်ပြောပြီးတော့မှ ရှိမခိုးပဲနဲ့ တင်ပျဉ်ချိတ်ပြီးတော့ ကပ်ထိုင်တာက ပါယာသိမင်းတဲ့၊ ဟုတ်လား။

ယင်းတိုက်တောကြီးရဲ့အဘွင်းမှာ ဟောဒီ ပါယာသိမင်းနဲ့ အရှင် ကုမာရကဿပတို့ရဲ့ စကားစစ်ထိုးခန်းကို စတင်ဖို့ရန် ပရိသတ်များ စည်း ဝေးမိပါပြီ၊ အရှင်ကုမာရကဿပနဲ့ ပါယာသိမင်းတို့ တရားစစ်စကားစစ် ထိုးခန်း စတင်တော့မယ်လို့ ပရိသတ်ကြီး စည်းဝေးမိပါပြီ။–တဲ့

ကိုင်း ၁၀ နာရီ ၁၅ မိနစ်ရှိပြီမို့ မနက်ဖြန်ည နေ့်မန်ကျောင်း ကြီးတိုက်မှာ ပါယာသိမင်းကြီးနဲ့ အရှင်ကုမာရကဿပတို့ စကားစစ် ထိုးပွဲ စကြရအောင်၊ ဒီညတော့ နားကြဦးစို့။

# ပါယာသိသုတ္တန်

## ဒုတိယပိုင်း

၁၃၄၃–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့ည ရန်ကုန်မြို့ တောင်လုံးပြန်ရပ်၊ နေ့ာ်မန်ကျောင်းကြီးတိုက်အဘုး်င် ကျင်းပသည့် မသွန်ဆန်လှူရေစက်ချ ဓမ္မသဘင်၌ ဟောကြားသည်။

# ဥစ္ဆေဒဒိဋ္ဌိကို တမျိုး ပြောယင် မရှိဝါဒ

ပါယာသိသုတ်မှာ ကရးတော်-တဲ့၊ ဥပမာ ၁၄ ခုတ်ပြင့် ဆန်း၊ ဆန်းကြယ်ကြယ် အရှင်ကုမာရကဿပမထေရ်က ပါယာသိမင်းကြီးရဲ့ မိစ္ဆာဒိဋ္ဌိအယူကို ပြုတ်အောင် ချေဖျက်တော်မူသည့်တရား ပါယာသိ သုတ္တန်ဟာ အကယ်၍ ယုံမယ်ဆိုယင် ပါယာသိမင်းကြီးရဲ့ မိစ္ဆာဒိဋ္ဌိအယူ ပြုတ်သွားတယ်ဆိုတဲ့ အကျိုးရှိတဲ့ ဒိဋ္ဌိပြုတ်တရားလို့ ဒီလိုမှတ်။ အသေးပြုတ်ပါသလဲ ဆိုရင် သုတ္တန်၌ တိုက်ရိုက်လာလို့တာက "ဥစ္ဆေဒ ဒိဋ္ဌိ" ဟဲ့။ ဥစ္ဆေဒဒိဋ္ဌိပြုတ်ကြောင်း ဟောင်းပြပ်သောတရား၊ ဟုပ်လား။

ဥစ္ဆေဒဒိဋ္ဌိကို မအေ့တုန်းက ဘုန်းကြီးတို့ "မရှိတရား"လို့ ဘာသာပြန်ခဲ့တယ်။ ဘာတွေမရှိကတဲ့လဲဆိုယင် ဘုန်းကြီးဟုပ်ပရိသတ် မှတ်မိလောက်ပြီ၊ ဘာတွေမရှိကာလဲဆိုယင် အဖေမရှိ, အမေမရှိ, မိန်းမမရှိ၊ ယောကျ်ားမရှိ, ဘုရားမရှိ, ရဟန္တာမရှိ, ငရဲမရှိ, ပြိတ္တာမရှိ, နတ်ပြည်မရှိ, ဗြဟ္မာမရှိ, ဇာနီးလဲမရှိ, ခင်ပွန်းလဲမရှိ, သားလဲမရှိ, သမီးလဲမရှိ, ဟိုလူလဲ မရှိ, ဒီလူလဲမရှိ၊ ရှိတာက ငါတယောက်တည်းပဲ။

ငါတယောက်တည်း ရှိတယ်ဆိုတော့ နောက်ဆုံး သတ္တလောက, သင်္ခါရလောက ဩကာသလောက တခုလုံး ဘာမှမရှိဘူး၊ ငါတယောက်တည်း ရှိကယ်လဲဆိုရော အလွန်တရာ ခြောက်သွေ့တဲ့ လောကထဲ တယောက်တည်းနေရတာ ကြောက်ပြီးတော့ "အံမယ်လေး၊ ကယ်တော်မူကြပါဦး"လို့ ကအော်သတဲ့။ မရှိတရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ငါမရှိဆိုတာလေးတော့ ချန်ထားပစ်ခဲ့ပြီးတော့ သူမရှိ ယောကျ်ားမိန်းမမရှိဆိုတာတွေကော့ အားထုတ်သွားတယ်၊ ငါမရှိဆိုတာလေး သူက ကျန်နေတယ်၊ ဟုတ်လား။

ဘုန်းကြီးတို့ ဥပမာလေးတခု ပြောဖူးပါတယ်၊ ပြောဖူးတဲ့ဥပမာလေးတခုကို ထပ်ပြီးတော့ ပြောဦးမယ်။ ဘာဥပမာလဲဆိုတော့—

ဉာဏ်ကြီးကျယ်တဲ့ မိလိန္ဒမင်းကြီး နဲ့ အရှင်နာဂသိန်တို့ ဆုံကြတဲ့အခါ အရှင်နာဂသိန်က မိလိန္ဒမင်းကြီးကို "ဒကာတော်မင်းကြီး ဘာကိစ္စလာတုံး"လို့ မေးတယ်၊ မေးတော့ မိလိန္ဒမင်းကြီးက "ပြဿနာ မေးမလို့လာပါတယ်"၊ "မေးလေ့၊ ဒကာတော်မင်းကြီး"၊ "မေးပြီးပါပြီအရှင်

ဘုရား''"ဖြေပြီးပြီ ဒကာတော်မင်းကြီး'' ဒီလိုဖြစ်ကြတာကို၊ အဲဒီတော့ မိလိန္ဒမင်းကြီးက "အရှင်ဘုရား ဘာဖြေတုံး'' "ဒကာတော် မင်းကြီး ကော ဘာခမေးတုံး''ဆိုပြီး ဒီလိုကပ်ကြတာ။

အိုးရွှဲ့ကို စလောင်းရွဲနဲ့ဖုံးယင် အနေတော်ပဲ၊ အိုးရွဲကိုစလောင်း အဝိုင်းနဲ့ဖုံးထားယင်တော့ အဲဒါ ဘယ်ကမှမလုံဘူး၊အိုးရွှဲ့ယင် စလောင်း အရွှဲ့နဲ့ဖုံးမှ အံကိုက်လဲဖြစ်တယ်။

## လူတိုင်းကိုယ်စီ အထင်ရှိကြသည်

ဒါကြောင့် တရားများ တခါတလေ အရွှဲအစောင်းလေး ဟောရ တာ တယ်ပြီးတော့ ကောင်းတယ်၊ ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော် (အနီးစခန်း) ပြောဖူးတယ် "ကိုယ့်လူ၊ မင်းတရားဟောယင် လူကြားထဲ ဆူးခက်ကြီးဆွဲသွားသလို လုပ်ရမယ်''တဲ့။

ဆူးခက်ကြီး ဆွဲသွားတော့ ဘယ်လိုဖြစ်မှာလဲ ဆရာတော်ဆိုတော့ "ဆူးခက်ကြီးကို လူအုပ်ထဲ ဖြတ်ဆွဲသွားတော့ အကုန်ငြိတာပဲ၊ အဲဒီလို ဟော အဲဒါမှ တရားကောင်းတယ်ကွ'' တဲ့ ဆရာတော်က၊ ကြိုက်ကြိုက် မကြိုက်ကြိုက် ဘုန်းကြီးတို့ အနီးစခန်း ဆရာတော်ကဟော့ အဲဒီလိုမှ ကြိုက်တာ၊ တရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေ့ အကုန်လုံးဟာ "အဲဒါ ငါ့ ဟောတာ၊ အဲဒါ ငါ့ဟောတာ'' လို့ကို ထင်သွားရမယ်တဲ့၊ ဟုတ်လား။

ကမ္ဘာ မြေပြင်ပေါ်က လူသားတွေဟာ ကောင်းကင်မှာ သွားနေ တဲ့ လကို မော့ကြည့်ပြီးတော့ လမ်းလျှောက်တဲ့ အခါကျတော့ လူတွေ သိန်းသန်းကုဋေ လျှောက်နေ ကြတာ၊ ကမ္ဘာလူသား အကုန်လုံး လမ်းလျှောက်တဲ့ လူတိုင်းဟာ ကောင်းကင်က လကို မော့ကြည့်ပြီးတော့ လျှောက်ကြတာ။ ဆိုကြပါစို့၊ လေးယောက်တည်းပဲ လျှောက်ကြတယ် ထားပါ၊ တယောက်က အရှေ့လျှောက်မယ်၊ တယောက်က အနောက် လျှောက်မယ်၊ တယောက်က တောင်ဘက်၊ တယောက်က မြောက်ဘက် လျှောက်မယ်။ လူလေးယောက် ကျောခိုင်းပြီးတော့ လမ်းလျှောက်ကြတာ အရှေ့ အနောက် တောင် မြောက် အဲဒီ လေးယောက်စလုံး ကောင်းကင် မော့ပြီး လျှောက်ကြတာ။ ဘယ်လိုထင်ကြတုံး—

လေးယောက်စလုံးသော ပုဂ္ဂိုလ်တို့သည် အရှေ့ဘက်လျှောက်တဲ့ ပုဂ္ဂိုလ်ကလဲ ငါ လျှောက်ရာ လျှောက်ရာကို လ ဟာ နောက်က လိုက်လာတယ်၊ အနောက်ဘက် လျှောက်သွားတဲ့ ပုဂ္ဂိုလ်ကလဲပဲ လ ဟာ

ငါ့ဝလျှောက်ရာကို လိုက်လာတယ်၊ မြောက်ဘက်သွားတဲ့ လူကလဲ ထိုနည်း အတူပဲ၊ တောင်ဘက်သွားတဲ့ ပုဂ္ဂိုလ်ကလဲ ဗီအတိုင်းပဲ၊ ဘယ်သူပြုပြုဖြစ် လ, သည် ကိုယ်လမ်းလျှောက်တဲ့ ဘက်ကို ကိုယ့်နောက်ကို လိုက်လာ တယ် လို့ပဲ ဗီလို ထင်ကြတယ်နော်၊ တကယ်တော့ လ ဟာ ဘယ်သူ့ နောက်မှ မလိုက်ဘူး၊ သူ့လမ်းသူသွားတာ၊ ဟုတ်လား၊

အဲဒါ မော့ကြည့် နေတဲ့ လူ အကုန်လုံးက ကိုယ့်နောက် လိုက်တယ်ချည်း ထင်ကြတာ။ လ, ကို သေသေချာချာ မော့ကြည့်၍ လမ်းလျှောက်တဲ့ အတွက်ကြောင့် ဒီလ သူတို့နောက် လိုက်တယ်လို့ ထင်တာ၊ လ, ကတော့ သူ့လမ်းသူသွားတာ ဘယ်သူ့နောက်မှမလိုက်ပါ ဘူး။

ဗီတော့-လကို မော့မကြည့်ပဲနဲ့သာ လျှောက်မယ် ဆိုယင်တော့ ဗီ လ, သည် ထိုသူရဲ့နောက်ကို လိုက်တယ်လို့ ပြောစရာ လိုဦးမလား၊ မလိုဘူးတဲ့၊ ဟုတ်လား။ အဲဒါကြောင့် တရားနာကြတဲ့ ပရိသတ်အပေါင်း သူတော်ကောင်း တို့သည် လ, ကို မော့ကြည့်ပြီးတော့ တရားနာသလို မလုပ်ကြနဲ့၊ ဟောတဲ့တရား အကုန်လုံး ငါ့စောင်းဟောတယ်ချည်း အဲဗီလို ထင်ကုန်လိမ့်မယ်၊ တရားကို တရားအတိုင်း နာကြပေါ့၊ ဟုတ်လား။

## ရေလုပ်သားကြီးတယောက်

အေး-ဒီတော့ ပြောဖူးတဲ့ ဥပမာလေးတခု ပြောရဦးမယ် ဆိုတဲ့ စကားကနေ လ အထိတောင် ရောက်သွားတယ် အဲဒီ ဥပမာကလဲ ဘာမှန်း တောင် မသိဘူး၊ မိလိန္ဒမင်းကြီးနဲ့ အရှင်နာဂသိန်တို့ရဲ့ ဥပမာလေးကို ထပ်ဆင့်ရာက နေပြီးတော့ ပြောယင်းပြောယင်း ဥပမာလေး ပျောက်သွား တာနော်။

ဘာ ဆိုလိုတာလဲ ဆိုတော့ လူတယောက်ဟာ ရေကြောင်းမှာ လှေလှော်နဲ့ လုပ်ငန်းဖြင့် စီးပွားရှာတယ်။ ဒီရေ အကောက်ဘက်က၊ ၄ှ်ပြီး တော့ ချောင်းမြောင်း ထူထပ်တဲ့ အရပ်မှာ အိမ်ကလေး ချောင်းကမ်း ပါး လတာပြင်မှာ ခြေတံရှည်ကလေး ဆောက်ထားတယ်၊ ရေတက် လာလို့ ရှိယင် ဟက်လာတဲ့ရေနဲ့ သူ့အိမ်က လှေကလေးဟာ အနေတော် ပဲ၊ ရေတက်လာပြီဆိုယင် လှေကလေးကို သူ့အပေါက်ဝနား ဆိုက်ပြီး၊ လှေပေါ်ကနေ အိမ်ပေါ် လှမ်းတက်ရုံ အနေတော်ပဲ၊ ရေကျသွားပြီ ဆိုယင် အိမ်ခြေတံရှည်ကြီးဟာ လတာပြင်ပေါ်မှာ ပေါ်လို့၊

ရေလုပ်သား၊ ရေလုပ်ငန်းဖြင့် စီးပွားရှာတဲ့ ထိုသူဟာ ပုံမှန်ပဲ တဲ့၊ ရေဟာ တက်ရာကနေ ဖြည်းဖြည်း ဖြည်းဖြည်း ကျဆင်းသွားပြီ ဆိုလို့ရှိယင် ရေကျမှာ အဲဒီ လှေကလေးကို အသာ မျှောမျှောပြီးတော့ သူလိုက်သွားတယ်။ ရေကျမှာ မျှောပြီးတော့ လိုက်သွား၊ ရေပြန်မတက်မချင်း သူဟာ ရေပြင်မှာပဲ အလုပ်လုပ်တယ်၊ ရေ တဖြည်းဖြည်း ပြန်တက်လာပြီ ဆိုယင် ရေဆန်မှာ လှေကလေးနဲ့ ပြန်လိုက်လာပြန်ရော၊ ရေ ပြည့်လဲ ပြည့်ရော လှေပေါ်ကနေ အိမ်ပေါ် အသာလှမ်းတက်လိုက်တော့ အနေ ဘော်ပဲ ဖြစ်သွားတယ်။

ရေကြောင်းမှာ အလုပ်လုပ်တဲ့ လူတွေရဲ့ သဘော သဘာဝကို ဘုန်းကြီးတို့က ချောင်းထဲ မြောင်းထဲမှာ လပေါင်း များစွာ ခရီးသွားလာ နေရတော့ ဒီသဘောလေးတွေ တွေ့ရတဲ့အခါ သဘာဝဟာ တော်တော် ချစ်စရာကောင်းတယ်၊ နှစ်သက်စရာ ကောင်းတယ်၊ ရေတက်လာတာကလဲ နေ့တက်တာ ကျတာ ရှိသလို ည တက်တဲ့အခါ ကျတဲ့အခါလဲ ရှိသကိုး၊ အေး-တခါတော့ ရေကျတာ ဘယ်အချိန်တုန်း ဆိုတော့ မနက်လေးနာရီ၊ ရေကျ ညချမ်းကာလ ရေအပြည့်မှာ အဲဒီ လူဟာ လှေကလေးကို အိမ်တိုင်မှာချည်ထားပြီး အိမ်ပေါ်တက်ပြီးတော့စားစရာ သောက်စရာနဲ့ ဇနီးမယား သမီးသားတွေနဲ့ တညတာ အပန်းဖြေတယ်။

## လှေနောက်ကြိုး မဖြုတ်မိတော့

မနက်ရေကျမှာ ရေစုန်မိအောင်ငါခပ်စောစောထပြီးလှော်လိုက်မှပဲ သတိသားပြီးတော့အိပ်တာ၊ မနက်အိပ်ရာထတော့ နည်းနည်းနောက်ကျ သွားတယ်၊ ရေကျနေပြီ ခပ်မြန်မြန်ထလို့ ဇနီးသည်ကန္နီးဘော့ အရေး တကြီးအိပ်ရာကထပြီး တခါတည်း တက်ကလေးကိုင်လိုက်တယ်၊ ရေက လဲ ဘော်ဘော်လေး ဆင်းသွားတော့ လှေကလဲ နိမ့်သွားပြီ၊ အဲဒါနဲ့ ပြုန်းဆိုလှေပေါ်ခုန်ဆင်းပြီးရေစုန်မှာတအားလှော်ပြီး သူ့လုပ်ငန်းခွင်ကို ထွက်လာတာတဲ့။

ရေစုန်ကိုဘအား၊လှော်ပြီးတော့ ဆင်းနေလိုက်တာ အဲဒီလှေနောက် မြီးကကြိုးနဲ့တိုင်ကို ချည်ထားတာ ကြိုးကိုမဖြုတ်မိဘူး၊ ဖြစ်ပုံနော်။ လှော်တော့လှော်တယ် ကြိုးမဖြုတ်မိဘူး၊ ကြိုးမဖြုတ်မိပဲ တအားလှော်နေလိုက်တာဇနီးသည်ကလဲ သူ့ခင်ပွန်းသည်ဟာ ရေစုန်မှာ ပါသွားပြီ ဆိုပြီး တော့ တံခါးပြန်ပိတ်ပြီး ပြန်အိပ်လိုက်တယ်တဲ့၊

ဟိုသူကလဲ ဖိုးကပလင်းသေးတော့ တအားကို တွန်းလှော်နေတာ ရေစီးမှာ သူ့လှေ ကျွားနေကယ်လို့ ထင်နေကာ၊ လှေကဆိပ်ကောက်မှာသဲ ရှိသေးတယ်၊ ကြိုးကမ်းပိုမှာ ကွင်လျှော ကြပ်ပြီး ... မကုတ် ဘူး၊ လျှော့ပေး... သွားတာဆိုတော့ ရေကျကျ ကျကျသွားတော့ လှေကနိုင်... ... ကွင်းလျှောလေးကလဲ ပိုင်ကင်း လျှော့လျှော့ လျှော့ပေးပြီးတော့ အောက်ဆင်းသွားတယ်။

ဟဖြည်းဖြည်း မိုးပဲလင်းလာရော ကြည့်လိုက်ပါတော့ ရေကလဲ ကုန်ပြီ လတော့ပြပေ ကျ...တယ်၊ လှေကြီးက အိုင်အောက် လှာ ပြင်ပေါ်မှာ ... နစ်...တဲ့၊ အဲဒီကျတော့ ရေ စရာရေလဲ မရှိ ဘောဘူး ကက်ကြီးနဲ့ လာ...ပြင်ချော ကပြီး အိမ်ပေါ်...၊ ရှေ့ဆက်... လေ...နဲ့ လှေမှာ မြင်နေလိုက်တာ။ ... နိုးလာလို့ ... ဘော့ အိမ်ပေ...ကလူကြီး မရှိ့သေးဘူး၊ အိမ် ပေါ်ပြန်တက် ... ... နေတော့ အိမ်ပေါ်ကနေ လှေထဲ...မှုရ တယ်-တဲ့၊ ...။

ဘု... ... သဘောသပါ... ... လှေ... ... နောက်ပြီး... ပြိုး... ... အိမ်... မ...နိုင်ဘူး၊ ဒါ... ... ... နောက်ပြီး... ကြိုးမဖြုတ်ပဲနဲ့ လှော်ကြတဲ့လူတွေ အိမ်အောက်က မထွက်ဘူး-တဲ့၊ သဘောပေါက်ကြပြီ လား။

သူမရှိ သူမရှိချည်း လုပ်မနေနဲ့၊ ငါမရှိသေးသဲ ထည့်လိုက်ဦး၊ ဟုတ်လား။ ... မရှိ မိန်းမမရှိ နှာမရှိ ဗြဟ္မာမရှိ ငရဲမရှိ အဲဒီ မရှိတွေချည်း ... လုပ်နေပြီး၊ ငါမရှိဆိုတာ ... သူကိုချန်ထားကြ တယ်၊ အဲ... ... ... ငါမရှိဆိုတာလေး ... ထည့်လိုက်ယင် ဘုန်းကြီးတို့ ... ပြီ၊ သဘောပေါက်ကြရဲ့လား။

ငရဲမရှိဘူး၊ နတ်မရှိဘူး၊ ဗြဟ္မာမရှိဘူး၊ နောက်လောက မရှိဘူး၊ ဘုရားမရှိဘူး၊ ပစ္စေကဗုဒ္ဓါမရှိဘူး၊ ရဟန္တာမရှိဘူး အဲဒါတွေတော့ မရှိ မရှိချည်း၊ ... ... ...၊ ငါမရှိဆိုတာလေး ဟာ့တော့ ထိုသူတို့မထည့် မိကြဘူး။ ... မရှိဘူးဆိုတာ မထည့်မိဘူးဆိုတာက ဘာပြောတာလဲ၊ သက္ကာယဒိဋ္ဌိဆိုတဲ့ အတ္တဒိဋ္ဌိကို မဖြုတ်နိုင်ကြဘူး။—တဲ့

ထိုသူတို့ဟာ ရုပ်နာမ်ကို သဘောပေါက်အောင် နှလုံးမသွင်း တော့ အဲဒီမှာ အတ္တဂ္ဂါဟမစင်သည် ဖြစ်ခြင်းကြောင့် အတ္တဒိဋ္ဌိက မသန့်ရှင်း သည် ဖြစ်ခြင်းကြောင့် လူမရှိ, နတ်မရှိ, ဗြဟ္မာမရှိ, ငရဲမရှိ, ဘာမရှိပဲ ပြောပြော ငါမရှိဆိုတာ တလုံးကို အဲဒီပုဂ္ဂိုလ်တွေ သဘောမပေါက်သေး သမျှ ဘဝငရဲလက်မခံတဲ့ပုဂ္ဂိုလ်တွေ, နတ်ဲ ဗြဟ္မာလက်မခံတဲ့ ပုဂ္ဂိုလ်တွေ, နောက်ဘဝလက်မခံတဲ့ ပုဂ္ဂိုလ်တွေ, ငါရှိတယ်ဆိုတာလေး တခုတော့လက် ခံထားတယ်။

ငါရှိတယ်ဆိုတာလေးတခု လက်ခံထားယင်း အဲဒီချည်ထားတဲကြိုး ကို မဖြုတ်ပဲနဲ့ လှေလှော်သူလိုပဲ နေရာက မရွေ့ဘူးတော့ဘူး-တဲ့၊ ဟုတ်လား။ မရှိဆိုတဲ့အထဲမှာ ငါမရှိဆိုတဲ့ ဥစ္စာလေးကို သဘောပေါက်အောင် ထိုသူ တို့ နှလုံးသွင်းကြစမ်းပါလို့ ဘုန်းကြီးတို့က တိုက်တွန်းတာ၊ ဟုတ်လား။

## ပဲ့ကြိုးမဖြုတ်ပဲ လှေလှော်သလို ဖြစ်နေမယ်

အေး ဒါကြောင့်—

ဒိဋ္ဌိဗန္ဓနဗန္ဓာ ယေ၊ တဏှာဒသာတေန ဝုယှရေ။

တဏှာသောတေန ဝုယှန္တာ၊ န တေ ဒုက္ခာ ပမုစ္စရေ။

ဒိဋ္ဌိဗန္ဓနဗန္ဓာ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော သံယောဇဉ် ကြိုးဖြင့် တုပ် နှောင်ခံထားကြရကုန်သော။ ယေ-ရော၊ အကြင်လူ-ရာနတ်ပါ သတ္တဝါ မှန်သမျှ အနန္တတို့သည်။ တဏှာသောတေန၊ တဏှာတည်းဟူသော ရေ ယဉ်ကြောမှာ။ ဝုယှရေ၊ မျောပါ၍နေကြလေကုန်၏။ တဏှာသောတေန၊ တဏှာဘည်းဟူသော ရေယဉ်ကြောမှာ။ သံသိဒန္တိ၊ နစ်မြုပ်၍ နေကြ လေကုန်၏။

ဒိဋ္ဌိကြိုး မဖြုတ်ပဲနဲ့ လှော်နေကြတဲ့ ပုဂ္ဂိုလ်တွေ တဏှာရေယဉ်မှာ မြုပ်ဘလည့် မျောတလည့် ခံရတယ်-တဲ့၊ ဒိဋ္ဌိကြိုး မဖြုတ်ပဲနဲ့ လှေလှော်တဲ့ ပုဂ္ဂိုလ်တွေ ဟိုဘက်ကမ်းသို့ ဘယ်တော့မှမရောက်ဘူး တဲ့၊ သံသရာပြင်ကျယ် ပင်လယ်မှာ မြုပ်ဘလည့် မျောတလည့်ပဲ။ နောက်မြီးကြိုးကလေး ဖြုတ် လိုက်ကြ၊ ဟုတ်လား။

ငရဲမရှိ နတ်ပြည်မရှိဆိုတာတွေကို ယူချင်လဲယူ မယူချင်လဲနေ၊ ငါ မရှိဆိုတာ လေးတခုတော့ ကျကျနန နှလုံးသွင်းလိုက်ကြစမ်းပါ၊ ငါမရှိ ဆိုတဲ့ သဘောလေးတခုကို ကျကျနနပေါက်အောင် နှလုံးသွင်းမိယင် အဲဒီ ပုဂ္ဂိုလ်တွေဟာ ကျေနပ်စရာ ဖြစ်ပါတယ်၊ ဟုတ်ရဲ့လား။

အဲဒီလိုမှ မဟုတ်ပဲနဲ့, ငါမရှိဆိုတာ မဟုတ်ပဲနဲ့ ငါတယောက် တည်းသာလျှင်ရှိဘယ်, ငါသည်သာလျှင်ရှိတယ်၊ ငရဲတွေ နတ်တွေ မရှိ တာလို့ဆိုယင် အဲဒီပုဂ္ဂိုလ်သည် ကြီးမြတ်ပဲနဲ့ တအားသော့နေတာနဲ့ တူတယ်တဲ့။ ရေနွေးလဲပဲ ရေအန်းပြီ, ရေနွေးရေဆန်းမိခဲ့ငလဲ မိပေါ့ လေ။ အိမ်အောက်ကအော့ ဘယ်တော့မှ မကျွတ်နိုင်မှာမဟုတ်ဘူး။

တကျောသောဘေး၊ တကျဉ်းတည်းသော ရေယဉ် ကြောမှာ။ ဝုယှန္တာ၊ မျောပါ၍ နေကြကုန်သော၊ တကျဉ်းသောဘေး၊ တကျတည်း ဟူသော ရေယဉ်ကြောမှာ။ သံသရာ၊ နှင့်ပြင်ပြောကြကုန်သော တော၊ ထိုဒိဋ္ဌိသံယောဇဉ်ကြီးဖြင့် တုပ်နှောင်မိထားရ၍ လူရှင်အပေါင်းမှ သည်။

လူလဲရှိတယ်၊ ရှင်လဲရှိတယ်။

ဒုက္ခာ၊ ဒုက္ခအပေါင်းမှ (ဝါ) အိမ်အောက်က မတက်နိုင်တဲ့ဒုက္ခ မျိုးထက် ပိုဆိုးတဲ့ သံသရာကမထွက်နိုင်ကြတဲ့ ခန္ဓာအိမ်အောက်က မထွက်ရနိုင်ကြတဲ့ ဒုက္ခမျိုးမှ၊ နေ့စွဲရေ နေမှုစွဲ၊ ဘယ်လိုနည်းနဲ့မှ လွတ်မြောက်နိုင်ခြင်း အလျှင်းမရှိကြလေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

## ဒိဋ္ဌိ ၆၂ ပါးတို့ရဲ့ ရေသောက်ဖြစ်သည် သက္ကာယ

မရှိဝါဒယူတဲ့ ပုဂ္ဂိုလ်တွေကို ဘုန်းကြီးတို့က အဲဒီ မရှိဝါဒကြီးလွန် ပါလို့ မဆိုလိုပါဘူး၊ မရှိဝါဒထဲမှာ ပေပ်ပြီးတော့ ဖြည့်ကြပါဦး။ ငရဲမရှိ, နတ်မရှိ, ဗြဟ္မာမရှိ, ဘုရားမရှိ, ရဟန္တာမရှိ, နိဗ္ဗာန်မရှိ ထားပါတော့။ အဲဒါ စွန့်ချင်လဲစွန့် မစွန့်ချင်လဲနေ။ အဲဒီ မရှိဝါဒထဲ အားကောင်းသွား အောင် တခုလည့်လိုက်၊ "ငါမရှိ" ဟုတ်လား၊ အဲဒါတခုကို သေသေချာ ချာ သဘောပေါက်အောင်ယည့်လိုက်ယင် ဘုန်းကြီးတို့ ကျေနပ်ပြီ။

ငါမရှိဆိုတာကို သဘောပေါက်ခဲ့ယင် အဲဒီပုဂ္ဂိုလ်ဟာ သက္ကာယ ဒိဋ္ဌိ ပြုတ်သွားတယ်ဆိုတာကို ပရိယာယ် သိပြီးသား။ နောက်တမျိုးပြော တော့ ငါမရှိဆိုတာကို သဘောပေါက်ယင် အတ္တဒိဋ္ဌိပြုတ်သွားတယ်။ မိစ္ဆာ ဒိဋ္ဌိ ၆၂ ပါးတို့သည် အတ္တဒိဋ္ဌိကိုချည်း မှီ၍ဖြစ်တာ၊ နောက်တမျိုး မိစ္ဆာ ဒိဋ္ဌိ ၆၂ ပါးတို့သည် သက္ကာယဒိဋ္ဌိကို မှီဖြစ်တယ်။

ဒီအကြောင်းအရာများကို ဘုန်းကြီးတို့ စိတ္တသံယုတ်ထဲမှာ ရေ ရေလည်လည် ပြောထားခဲ့ပါတယ်။

သဗ္ဗာ၊ အလုံးစုံကုန်သော။ ဒွါသဋ္ဌိဒိဋ္ဌိဂတိယော၊ ၆၂ ပါးသော မိစ္ဆာအယူတို့သည်။ သက္ကာယဒိဋ္ဌိံ၊ ငါရှိတယ် အတ္တရှိတယ် ဆိုသော သက္ကာယဒိဋ္ဌိကြီးကို၊ နိဿာယ၊ အမှီပြု၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်၍လာကြလေကုန်၏။

မိစ္ဆာဒိဋ္ဌိတရား ၆၂ ပါးတို့သည် သက္ကာယဒိဋ္ဌိကို အမှီပြု၍ ဖြစ်လာကြတယ်။

သက္ကာယ ဒိဋ္ဌိယာ သတိ၊ သက္ကာယဒိဋ္ဌိ ရှိမယ်ဆိုယင်။ တာဒွါသဋ္ဌိဒိဋ္ဌိဂတိယော၊ ထို ၆၂ ပါးသော မိစ္ဆာအယူတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြလေကုန်၏။

သက္ကာယ ဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိ မရှိခဲ့ဘူးဆိုယင်။ တာဒွါသဋ္ဌိဒိဋ္ဌိဂတိယော၊ ထို ၆၂ ပါးသော မိစ္ဆာအယူတို့သည်။ နဥပ္ပဇ္ဇန္တိ၊ ဘယ်လိုနည်းနဲ့မှ ဖြစ်ပေါ်ခြင်း မရှိကြလေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

ဣသိဒတ္တသုတ္တန်မှာ ဘုန်းကြီးတို့ ဒီအကြောင်း ဟောခဲ့တယ်။ သက္ကာယဒိဋ္ဌိရှိနေယင် မိစ္ဆာဒိဋ္ဌိ ၆၂ ပါး ရှိမယ်။ သက္ကာယဒိဋ္ဌိ မရှိဘူး ဆိုယင်သော့ မိစ္ဆာဒိဋ္ဌိ ၆၂ ပါးဟာ အလိုလိုပြုတ်ပြီးပြီ၊ ဒိဋ္ဌိ ၆၂ ပါးတို့ရဲ့ ရေသောက်မြစ်ဟာ သက္ကာယဒိဋ္ဌိပဲ။ ဒိဋ္ဌိ ၆၂ ပါးတို့ရဲ့ ရေသောက်မြစ်ကြီး သည် အတ္တဒိဋ္ဌိပဲ၊ ဟုတ်လား။

အဲဒါကြောင့် ငရဲမရှိ, နတ်မရှိ,ဗြဟ္မာမရှိ ယူချင်လဲယူပါ။ အဲဒါကို တယ်ပြီးတော့ ဘုန်းကြီးတို့က အရေးမယူပါဘူး၊ ငါမရှိဆိုတာတခုတော့ ထပ်ပြီးတော့ ဖြည့်လိုက်ပါဦး၊ ဟုတ်လား။ ခုနက ငရဲမရှိ, နတ်မရှိ,ဗြဟ္မာ မရှိ, နိဗ္ဗာန်မရှိ, ဘုရားမရှိ, ကုသိုလ် အကုသိုလ်မရှိ, ကုသိုလ်အကုသိုလ်ရဲ့ အကျိုးမရှိ၊ မရှိ မရှိဆိုတာမှာ ဘုန်းကြီးတို့ ဟောခဲ့တာဆယ်ခု၊ နတ္ထိက ဝါဒ ဆယ်မျိုးဆိုတာ ပြောခဲ့တယ်။

## မရှိဝါဒ ၁၀–ခု (နတ္ထိကဝါဒ)

(၁) နတ္ထိ ဒိန္နံ–လှူတာ အကျိုး ရှိဘူး။
(၂) နတ္ထိ ယိဋ္ဌံ–ပူဇော်ပွဲတွေ လုပ်တာ အကျိုးမရှိဘူး။
(၃) နတ္ထိ ဟုတံ–ကောက်ဆောင်ကမ်းပြီးတော့ လှူဒါန်းတာ အကျိုး ရှိဘူး။

(၄) နတ္ထိ သုကဋဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော— ကုသိုလ်ကံတို့ရဲ့ ကောင်းကျိုးတို့ရဲ့ အကျိုးဆိုတာ မရှိဘူး၊ အကုသိုလ်ကံများနဲ့ အကုသိုလ်ကံများရဲ့ အကျိုးဆိုတာ မရှိဘူး၊

(၅) နတ္ထိ အယံလောကော— တခြားလောကက သတ္တဝါတွေ ဒီလောကကိုလာကြတယ်ဆိုတာ မရှိဘူး၊

(၆) နတ္ထိ ပရောလောကော ဒီလောကကသတ္တဝါတွေ တခြားလောက သွားကြတယ်လို့လဲ မရှိဘူး၊

(၇) နတ္ထိ မာတာ အမေဆိုတာ မရှိဘူး၊

(၈) နတ္ထိပိတာ အဖေဆိုတာလဲ မရှိဘူး၊

(၉) နတ္ထိ သတ္တာဩပပါတိကာ– ဥပပါတ်သတ္တဝါ နတ် ပြိတ္တာဆိုတာလဲ မရှိဘူး။

(၁၀) နတ္ထိ လောကေ သမဏဗြာဟ္မဏာ–ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာဆိုတာလဲ မရှိဘူး။

မရှိပါ (၁၀) ချက်၊ အဲဒါကို အကျယ်ပြန့်ယင် မိစ္ဆာဒိဋ္ဌိ ၆၂ ပါး အကုန်ဖြစ်သွားတယ်၊ ယိုချျ်းခြားတဲ့ မိစ္ဆာဒိဋ္ဌိ အယူတို့သည် သက္ကာယဒိဋ္ဌိပေါ်မှာ အကုန်ပိုတယ်၊ သက္ကာယဒိဋ္ဌိမကင်းသူတို့မှာ အဲဒီ ၆၂ ပါးသော ဒိဋ္ဌိတို့သည် ဖြစ်ခွင့်ရှိကြတယ်၊ တချို့လဲပဲ ဖြစ်နေကြတယ်။

ဒီကနေ့ ဘုန်းကြီးတို့ မျက်မှောက်ရောက်နေကြတဲ့ ပရိသတ်တွေကတော့ သက္ကာယဒိဋ္ဌိ သာ မျှချင်ရှိမယ၊ အခုနက ပြောခဲ့တဲ့ အမေမရှိ၊ အဖေမရှိဆိုတဲ့ နတ္ထိကာဒိဋ္ဌိ, ဥစ္ဆေဒဝါဒတော့ကတော့ သန့်ရှင်းကြတယ်၊ ရုပ်နာမ်နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင် သဘောမပေါက်သေးလို့ ငါရှိနေတယ်ဆိုတဲ့ အယူအဆသေး ကျန်ချင်ကျန်မယ်၊ ငရဲမရှိ, နတ်မရှိ, ပြိတ္တာမရှိဆိုတဲ့ ဒီလိုအယူအဆတွေကတော့ ဘုန်းကြီးတို့ပရိသတ် ကင်းကြတာ ကောင်းပေတယ်။

ဒါပေမယ့် တိုတော့ ဒိဋ္ဌိတွေအကုန်လွတ်ပြီ၊ နောင် ဘယ်တော့မှ ဒိဋ္ဌိများ ပြန်မဖြစ်တော့ဘူးလို့ ဒီလိုတော့ မတွက်နဲ့၊ သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့မပယ်နိုင်သေးသမျှတော့ အခြားအခြားသော ဒိဋ္ဌိအားလုံးဟာ ဖြစ်ခွင့်ရှိနေကြတယ်လို့ ဒီလိုသဘောထားကြပါ။

## ပါယာသိမင်းကြီးရဲ့ မရှိဝါဒ ၃ ခု

ဒါကြောင့် ဘုန်းကြီးပြောခဲ့တာက ဟောဒီ ပါယာသိမင်းကြီးရဲ့ မရှိဝါဒကို ပါဠိတော်ကပြောတော့ သုံးခုနော်။ ပါဠိတော်က ပြောတယ်၊ ပါယာသိမင်းကြီးရဲ့ မရှိဝါဒသည် သုံးခု။

(၁) နတ္ထိ ပရောလောကော—တမလွန်လောက နောက်ဘဝ မရှိဘူး။

(၂) နတ္ထိ သတ္တာဩပပါတိကာ—တိုတိုလေးပြောရယင် ဥပပါတ်သတ္တဝါ မရှိဘူး။—တဲ့

ဥပပါတ်သတ္တဝါဆိုတာက မိခင်ဝမ်းထဲလဲ မကိန်းရ၊ ဥခွံထဲလဲ မကိန်းရ၊ ရေညှိ စသည်တို့မှာလဲ မမှီရ၊ ဘွားကနဲ ကိုယ်ထင်ရှား ပေါ်လာတဲ့ သတ္တဝါတွေကိုဥပပါတ်သတ္တဝါ=ဩပပါတိကသတ္တဝါလို့ ခေါ်တယ်။ ထို ဩပပါတိကသတ္တဝါဆိုသည်ကား ငရဲ, ပြိတ္တာ, နတ်,ဗြဟ္မာ။

နတ္ထိ သတ္တာဩပပါတိကာ—ဥပပါတ်သတ္တဝါမရှိဘူးဆိုတာဟာငရဲမရှိဘူး၊ ပြိတ္တာမရှိဘူး၊ နတ်မရှိဘူး၊ ဗြဟ္မာမရှိဘူးဆိုတဲ့ ဝါဒပဲ။ နတ္ထိ သတ္တာဩပပါတိကာ—ကိုယ်အထင်အရှား ဘွားကနဲပေါ်ကြတဲ့ ဥပပါတ်သတ္တဝါဆိုတာ မရှိဘူး။ နောက်တခါ တတိယအချက်ကဘာလဲ—

(၃) နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော—ကောင်းစွာပြုထားတဲ့ ကံတရားတို့နဲ့ ကံတရားတို့ရဲ့ အကျိုးဆိုတာ မရှိဘူး၊ မကောင်းသဖြင့်ပြုထားတဲ့ ကံတရားနဲ့ ထိုကံတရားတို့ရဲ့အကျိုးဆိုတာ မရှိဘူး။

ဘုန်းကြီးတို့ပရိသတ် နားလည်သွားတာက ကုသိုလ် အကုသိုလ်လဲ မရှိဘူး၊ ကုသိုလ် အကုသိုလ်ရဲ့အကျိုးလဲ မရှိဘူး ၊ ဟုတ်လား။

(၁) ဘဝကပါး မရှိဘူး။

(၂) ဥပပါတ်သတ္တဝါ မရှိဘူး။

(၃) ကုသိုလ် အကုသိုလ် မရှိဘူး။

ဟုတ်လား၊ ပါယာသိမင်းကြီးရဲ့ မရှိဝါဒ၊ အဲဒီမရှိထက် ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် နားလည်ဖို့ရန်သိုယင် အခုနပြောခဲ့တဲ့ မရှိဝါဒ နတ္ထိကဝါဒ ၁၀ ချက်ကို မှတ်သားနားလည်ထားလိုက်ကြ၊ ဟုတ်လား။

## ငါမရှိဆိုတာ သဘောပေါက်ယင်

ဗိတော့ ဒီကနေ့လောကက မရှိ, မရှိ, ဘာမရှိ, ညာမရှိဆိုတဲ့ မရှိဝါဒက တော်တော်လာတယ်၊ အဲဒါတွေကို ယယ်ချင်လဲယယ်၊ မယယ်ချင်လဲနေ၊ မရှိဝါဒကို ဘုန်းကြီးတို့က အားဘောင်ပေးလိုက်ဦးမယ်၊ အဲဗီ မရှိဝါဒ ပိုအားကောင်းလာအောင် "ငါမရှိ"ဆိုတာလေး ထည့်လိုက်ကြပါ၊ မကောင်းဘူးလား။ ငါမရှိဆိုတာလေးကို ထည့်ဖြစ်အောင်ထည့်လိုက်ကြစမ်းပါ၊ ငရဲမရှိ, နတ်မရှိဆိုတဲ့လူဘော့ ငါမရှိဆိုတာလေးကို ထည့်ပြီးတော့ ငါမရှိဆိုတာကို သဘောပေါက်အောင် အလုပ်လုပ်ကြည့်လိုက်ကြစမ်းပါ၊ ဟုတ်လား။

ငါမရှိဆိုတာကို သဘောပေါက်အောင် အလုပ်လုပ်ကြည့်လိုက်တော့ တကယ့်ကိုပဲ ငါဆိုတာမရှိဘူးလို့ သဘောလဲကျသွားရော ခုနက မရှိ, မရှိသမားတွေ ဘယ်လိုဖြစ်သွားမလဲ၊ အကုန်လုံး အရှိတွေ ပြန်ဖြစ်လာမယ်။ ငရဲမရှိ, နတ်မရှိ, ဗြဟ္မာမရှိဆိုတဲ့ပုဂ္ဂိုလ်တွေ ငါမရှိဆိုတာလေး ထည့်လိုက်ယင် ဟာ–ငရဲလဲရှိတယ်, နတ်လဲရှိတယ်, ဗြဟ္မာလဲရှိတယ်, ဘုရားရှိတယ်, ရဟန္တာရှိတယ်, အဖေရှိတယ်, အမေရှိတယ်, ကုသိုလ်ရှိတယ်, အကုသိုလ်ရှိတယ်, နောက်ဘဝရှိတယ်၊ အဲဒီလို အရှိဝါဒတွေ ပြန်ဝင်လာလိမ့်မယ်။

အေး-မရှိဝါဒတလုံး သဘောပေါက်ယင် ကျန်တာတွေ အရှိဘက်က အကုန်လုံး သဘောကျလာလိမ့်မယ်နော်။ အေး-အဲဒီတော့ မရှိဝါဒထဲကို ငါမရှိဆိုတာလေးတခုတော့ ထည့်လိုက်ပါလို့ တိုက်တွန်းခဲ့ပါတယ်။ ငါမရှိဆိုတာလေးကို ထည့်လိုက်ခြင်းဖြင့် ဘာအကျိုးကျေးဇူးများသွားတုံးဆိုတော့ အိမ်တိုင်မှာချည်ထားတဲ့ ပဲ့ကြိုးလေးကို ဖြုတ်ပြီးတော့ လျှော်လိုက်တာ၊ ဟုတ်သား။ အိမ်ရဲ့တိုင်ခြေမှာ ချည်ပတ်ထားတဲ့ ပဲ့ကြိုးလေးကိုဖြုတ်ပြီးတော့ အဲဒါ လျှော်တာနဲ့တူပါတယ်။

အဲဒီလိုမှ မဟုတ်ခဲ့ယင် အခြားအခြားသော အဆုဝတ္ထုတွေကိုဘော့ မရှိ, မရှိလို့ ဘယ်လိုပဲဆိုနေနေ၊ ငါရှိနေတယ်လို့ ဆိုနေသမျှတော့ ပဲ့ကြိုးမဖြုတ်ပဲနဲ့ လှေလှော်နေတဲ့ပုဂ္ဂိုလ်လိုပဲ၊ ဟိုဘက်ကမ်း ဘယ်တော့မှ မရောက်တော့ဘူး။ မိစ္ဆာဒိဋ္ဌိကြိုးနဲ့ အတုပ်နှောင်ခံရတဲ့ ပုဂ္ဂိုလ်တို့သည် သံသရာခရီးခဲက မလွန်မြောက် နိုင်ကြဘူး၊ ဒိဋ္ဌိကြိုးနဲ့ တုပ်နှောင်ခံထား

ရတဲ့ပုဂ္ဂိုလ်တို့သည် သံသရာရေယဉ်ကျော၊မှာ မျှောတလှည့် မြုပ်တလှည့်နဲ့ ဒုက္ခ ယ်ဘ မထွက်မြောက်နိုင်ကြဘူး၊ ခန္ဓာအိမ်အောက်က မလွတ်မြောက်နိုင်ကြဘူးတဲ့၊ ဟုတ်လား။

သင်္ခါရတရားတခုက သင်္ခါရတရား တခုကို ရှုတာ

ဒီတော့ ငါမှရှိဆိုတာကို တို့ဘယ်လို လုပ်မလဲ ဆိုယင် တချက်တည်းရယ်။

သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ—တဲ့၊ ဒါပဲ။
(၁) သင်္ခါရာဝ က ကတ္တားပုဒ်၊
(၂) သင်္ခါရေ က ကံပုဒ်၊
(၃) ဝိပဿန္တိ ဆိုတာက ကြိယာပုဒ်၊

သင်္ခါရာဝ၊ သင်္ခါရတရား တို့ကပင်လျှင်။

ဝိပဿနာ ရှုတယ်ဆိုတာ ဘယ်သူ ရှုသလဲ၊ ရှုသူကတ္တားကိုရှာယင် ရှုသူ တ္တား မရှိဘူး။

၁။ ဘယ်သူ့ကို ရှုပါလိမ့်မလဲလို့ အရှုခံ "ကံ" ကို ပုဂ္ဂိုလ်အနေနဲ့ရှာ အရှုခံ ဟောဒီ "ကမ္မ" ပုဒ်မှာ ပုဂ္ဂိုလ်မရှိဘူး။
၂။ အရှုခံဘက်က ပုဂ္ဂိုလ်လဲ မရှိဘူး၊ ရှုသူ ကတ္တားလဲ (ပုဂ္ဂိုလ်)မရှိဘူး။

တရားကိုယ်က ဘာလဲ—

သင်္ခါရာဝ၊ သင်္ခါရတရားတို့က ပင်လျှင်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။

နှစ်ဘက်စလုံးမှာ သုည-
၁။ ရှုတဲ့ဘက်မှာလဲ သုည၊
၂။ အရှုခံဘက်မှာလဲ သုည၊

နှစ်ဘက်စလုံးသုညဟာ ဖြစ်နေယင် အဲဒီမှာရှင်းသွားပြီ၊ "ငါမရှိဘူး" တဲ့၊ ဟုတ်လား။

ငရဲမရှိ နတ်မရှိ လုပ်နေမယ့်အစား ငရဲနဲ့ နတ်တွေတော့ မရှိဘူး၊ ဘာရှိလဲ၊ သင်္ခါရတရားတွေရှိတယ်။ လူတွေ နတ်တွေမရှိဘူးလို့ ဆိုနေမယ့်အစား သင်္ခါရတရားတွေဟာ အရှိတရား—

၁။ ရှုနေထာကလဲ သင်္ခါရတရား၊
၂။ အရှုခံကလဲ သင်္ခါရတရား၊

နှစ်ဘက်စလုံးမှာ သင်္ခါရတရားတခုက သင်္ခါရတရား တခုကိုရှုတာ၊ သစ္စာ တရားတခုက သစ္စာ တရားတခုကို ရှုနေတာ။ အဲဒီ သင်္ခါရတွေ သစ္စာတွေထဲမှာ "အတ္တ" ရယ်လို့ မရှိဘူး - လို့၊ အတ္တမှ ဆိတ်သုဉ်းသွားပြီလို့ သဘောကျခဲ့ယင် ဘုန်းကြီးတို့ ပရိသတ်များ - ငါမရှိဆိုတဲ့ ကမ္မဋ္ဌာန်း စသသောချာချာပေါက်တယ်၊ ဟုတ်လား၊

## မရှိဆိုတဲ့ "သုည"ကို သဘောကျခဲ့ယင်

## သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ

ဣဒံနာမရူပံ၊ ဤနာမ်ရုပ် နှစ်ပါး၊ အပေါင်းသည်၊ အတ္တေနဝါ၊ အတ္တမှလည်းကောင်း၊ အတ္တနိယေနဝါ၊ ငါ၏ဥစ္စာလို့ ဆိုရသည့် အတ္တနိယမှ လည်းကောင်း၊

ငါ ငါ့ဥစ္စာ၊ စာလိုပြောတော့ အတ္တ အတ္တနိယ။ အရပ်ပြောပြောတော့ ငါ ငါ့ဥစ္စာဟုတ်လား၊

အတ္တေနဝါ၊ အတ္တဆိုသော ငါမှ လည်းကောင်း၊ အတ္တနိယေနဝါ၊ ငါ့ဥစ္စာဆိုသော အတ္တနိယမှ လည်းကောင်း၊ သုညံ၊ ရှိလုံးလုံး ဆိတ်သုဉ်း၍ နေခဲ့ပါ၏၊

နှစ်ဘက်လုံး ရှုနေတဲ့ ဝီရိယ, သတိ, သမာဓိ, ပညာ, သင်္ခါရ တရားတွေထဲမှာလဲ ငါ ငါ့ဥစ္စာမရှိဘူး၊ အရှုခံ ရုပ်နာမ်တွေ ထဲမှာလဲပဲ ငါ ငါ့ဥစ္စာမရှိဘူး— တဲ့၊ အဲဒါကြောင့်....

## သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ။

ဣဒံနာမရူပံ၊ ဤနာမ်ရုပ်တရားနှစ်ပါး၊ အပေါင်းသည်၊ အတ္တေနဝါ၊ အတ္တမှလဲ။ သုညံ၊ ဆိတ်သုဉ်းနေတဲ့ သုညတရားတွေ။ အတ္တနိယေနဝါ၊ ငါ့ဥစ္စာလို့ ဆုပ်ကိုင်စရာ အရာဝတ္ထုမှလဲပဲ။ သုညံ၊ ဆိတ်သုဉ်းနေသော သုညတရားတွေ။

ငါ့ဥစ္စာလို့လဲ ဆုပ်ကိုင်စရာမရှိလို့ "သုည"။ ငါလို့လဲပဲ ပုဂ္ဂိုလ်ကို ပေါ်ထုတ်စရာမရှိလို့ "သုည"၊ အဲဒီလို "သုည" ကို သဘောကျခဲ့ယင် ထိုပုဂ္ဂိုလ်ဟာ ဘာတဲ့တုံး၊ ငါမရှိ ငါ့ဥစ္စာမရှိလို့ နှစ်ဘက်သဘောပေါက်

ယင် ဘုန်းကြီးတို့ ပရိသတ်များ — ပွဲကြီးလေး ဖြတ်ပြီးတော့ သေသေ ချာချာ ပျော်ပျော် ပါးပါး လှော်သွားပြီတဲ့၊ ဟိုဘက်ကမ်း သွသည် မကြာခင် တက်သွားမယ်။

ဣဒံနာမရူပံ၊ ဤနာမ်ရုပ်တရား နှစ်ပါး အပေါင်းသည်။ အတ္တေန ဝါ၊ အတ္တမှလည်းကောင်း။ အတ္တနိယေနဝါ၊ အတ္တနိယမှလည်းကောင်း။ သုညံ၊ ငါငါ့ဥစ္စာမှု မရှိလုံးလုံး ဆိတ်သုဉ်း၍ နေခဲ့ပေတော့၏။

တသ္မာ၊ ထို့ကြောင့်။ သင်္ခါရာဝ၊ သင်္ခါရတရား တို့ကပင်လျှင် (ဝါ) အတ္တမပါ သင်္ခါရတရား တို့ကပင်လျှင်။ သင်္ခါရေ၊ အတ္တမရှိတဲ့ သင်္ခါရတရားတို့ကို။ ဝိပဿန္တိ၊ ကောင်းစွာမသေ့ ရှုမှတ်၍ နေကြသေကုန် သတည်း။

''သာဓု— သာဓု— သာဓုပါဘုရား''

**ဖန်ဆင်းသူနဲ့ ဖန်ဆင်းခံရသူ မရှိ**

အနာဒိံ ဘဝစက္ကံ၊ ဝိတကာရက ဝေဒကံ။
နိစ္စသုခသုဘတ္တေဟိ၊ သုညံ ပဿေ ပုနပ္ပုနံ။ ။

ဣဒံဘဝစက္ကံ၊ ဘဝမြားမြောင် ဒုက္ခဆောင်လျက် အခေါင်ရှည် ကြာ သံသရာဘက်ယွန်း ဤစက်ဝန်းသည်။ အနာဒိဝတ၊ ကမ္ဘာ့ကမ္ဘာ အစရှာလဲ ရစရာပိုင်ပိုင် မရှိနိုင်လေစွတကား။

အစရှာလို့တော့မရဘူး၊ ဘယ်တုန်းက သတ္တဝါစသလဲလို့ သတ္တဝါ အစကိုရှာမှုနေနဲ့ ရုပ်နာမ်ရဲ့ အစကိုသာရှာ။ သတ္တဝါအစသာ ရှာမယ် ဆိုယင်တော့—

ဣဒံဘဝစက္ကံ၊ ဘဝမြားမြောင် ဒုက္ခဆောင်လျက် အခေါင်ရှည် ကြာ သံသရာဘက်ယွန်း ဤစက်ဝန်းကြီးသည်ကား။ အနာဒိ-အနာဒိဝတ၊ ကမ္ဘာ့ကမ္ဘာ အစရှာလဲ ရစရာပိုပိုင် မရှိနိုင်လေစွတကား။

ဝိတကာရကဝေဒကံ၊ သူပြုစီမံ(ကတ္တား) သူခံစံဟု(ကံ)။ ဝိတ- ကာရက ဝေဒကံ၊ သူပြုစီမံ သူခံစံဟု—။

ပြုသူ ခံသူ မရှိဘူး။ ပြုလုပ်သူ မရှိဘူး၊ ပြုလုပ်ခံရသူ မရှိဘူး။ အေး -ခံစားသူ မရှိဘူး။ နောက်တမျိုး ပြောယင် ဖန်ဆင်းသူနဲ့ ဖန်ဆင်း ခံရသူ မရှိဘူး။

ဝိတကာရကဝေဒကံ၊ သူပြုစီမံ သူခံစံဟု ဆိုရန်အတ္တ မရအလျှင်း ထင်းခဲ့လေစွတကား။

ပြုသူနဲ့ခံသူ၊ ဖန်ဆင်းသူနဲ့ ဖန်ဆင်းခံရသူ၊ ခံစားဖို့ချပေးလိုက်သူနဲ့ ခံစားရသူ မရှိဘူး အဲဒါသုည။ သုညဆိုတာ ဆိတ်သုဉ်းတာ၊ ဘာဆိတ်တာလဲဆိုတော့ "ကာရက"နဲ့ "ဝေဒက"မှ ဆိတ်တယ်။ ကာရကဆိုတာ ပြုလုပ်သူ၊ ကာရက, ဝေဒက ဆိတ်သုဉ်းတဲ့ သဘော။ နောက်တပိုင်း၊ ကာရက, ဝေဒက မရှိတဲ့ ဒီသင်္ခါရထဲမှာ ဘာတွေဆိတ်သုဉ်းသုံး–

နိစ္စ သုဘ သုခ အတ္တဟ်။

နိစ္စ, သုခ, သုဘ, အတ္တ၊ လေးမျိုးရပြီ။ ရှက္ခက်ကို အဲဒီအထိ တက်နေဉ်။

နိစ္စ သုခ သုဘတွေဟိ၊ မြဲခိုင်စေချက်(နိစ္စ) ချမ်းသာကြောင်းနှင့် (သုခ)နှစ်သက်ဖွယ်နှော (သုဘ)စိုးပိုင်သောသဘောမှလဲ (စိုးပိုင်သော သဘော—အတ္တ)။ သုည၊ မရှိလုံးလုံး ဆိတ်သုဉ်း၍ နေခဲ့ပါပေတော့ သည်တကား။

## သုညကိုသဘောပေါက်ဖို့အချက်(၂)ချက်

ဘုန်းကြီးတို့ပရိသတ်များ သုညဆိုဘာကို သဘောပေါက်ဖို့အချက် နှစ်ချက် ရှိပါလေရဲ့။

(၁) ကာရက ဝေဒကမှ ဆိတ်သုဉ်းတယ်၊ ဒီလိုလဲ ရှုပါ။

(၂) နိစ္စ, သုခ, သုဘ, အတ္တ, ဒီလေးခုသော သဘော တို့မှလဲ ဆိတ်သုဉ်းတယ်၊ ဒီလိုလဲ ရှုပါ။

ကာရက ဝေဒကမှ ဆိတ်သုဉ်းတယ်လို့ ရှုယင်"အတ္တဒိဋ္ဌိ" ကင်း သွားတယ်၊ ဒိဋ္ဌိဆိုတဲ့ အယူအမှားတွေ အကုန်ကင်းသွားတယ်။

(က) ကာရက–ပြုလုပ်ဖန်ဆင်းသူ၊

(ခ) ဝေဒက—ခံစားသူ၊

ကာရက ဝေဒကမှ ကင်းတယ်ဆိုယင် "အတ္တဒိဋ္ဌိ"ပြုတ်ပြီ၊ အတ္တဒိဋ္ဌိပြုတ်ယင် ဒိဋ္ဌိ ၆၂–ပါး ကုန်ရောပေါ့။

(၁) နိစ္စမှ ဆိတ်သုဉ်းတယ်၊

(၂) သုခမှ ဆိတ်သုဉ်းတယ်၊

(၃) သုဘမှ ဆိတ်သုဉ်းတယ်၊

(၄) အတ္တမှ ဆိတ်သုဉ်းတယ်၊—လို့

အတ္တကို ဒီနေရာ သရုပ်ဖော်တော့ "အစိုးတရ ဖြစ်တယ်" လို့ ဒီဘက်မှာ ဒီလိုသရုပ်ဖော်လိုက်။

**အခုနက ရှေ့ပိုင်းနဲ့ ခြားနား သွားအောင်။**

နိစ္စ, သုခ, သုဘ, အတ္တ သဘောမှ ဆိတ်သုဉ်းတယ်လို့ ရှုနိုင်တဲ့ ပုဂ္ဂိုလ်သည် –

(၁) နိစ္စမှဆိတ်သုဉ်းတယ်လို့ရှုယင် "မာန"ကင်းတယ်။
(၂) သုခမှ ဆိတ်သုဉ်းတယ်လို့ရှုယင်"ရာဂ"ကင်းတယ်။
(၃) သုဘမှဆိတ်သုဉ်းတယ်လို့ရှုယင်"ရာဂ"ကင်းတယ်။

သုခနဲ့သုဘမှ ဆိတ်သုဉ်းတယ်လို့ ရှုတာက တဏှာရာဂကိုကင်းကွာ စေတယ်၊ ဟုတ်လား။ သုခ သုဘဆိုတာ တဏှာရဲ့အာရုံတွေပဲ၊ သုခမှလဲ ဆိတ်သုဉ်းတယ်၊ သုဘမှလဲ ဆိတ်သုဉ်းတယ် ဆိုယင် တဏှာကို ကင်းကွာ စေပါတယ်။

(၄) အစိုးတရသဘောမှ ဆိတ်သုဉ်းတယ်ဆိုယင်အဲဒါက "ဒိဋ္ဌိ" ကို အကြွင်းမဲ့ ရှင်းစေခဲ့တယ်။

ခြုံလိုက်ယင် တဏှာ မာန ဒိဋ္ဌိ၊ ဟုတ်လား။

နိစ္စ သုခ သုဘတွေဟိ၊ မြဲရန်အချက် ချမ်းသာကွက်နှင့် နှစ်သက်ဖွယ်နေရာ စိုးပိုင်သောသဘောတို့မှလဲပဲ။ သုညံ၊ မရှိလုံးလုံး ဆိတ်သုဉ်း၍ နေခဲ့ပါပေ တော့သည်တကား။

ဣတိ၊ဤသို့။ ပုနပ္ပုနံ၊ တနေ့တရက် တနံနက်မျှ မကစိတ်စွဲ ထပ်တလဲလဲသာလျှင်။

အားထုတ် ရမှာက တရက်လောက် တမနက်လောက် ခုနစ်ရက် လောက် တလလောက် အဲဒီလောက် မဟုတ်ပါဘူး။– တဲ့

ပုနပ္ပုနံ၊ တနေ့ တရက် တနံနက်မျှ မကစိတ်စွဲ ထပ်တလဲလဲသာ လျှင်။ ပဿေ–ပဿေယျ၊ စိတ်ကြံမြင့်မြင့် မိဋ္ဌာန်မြင့်မြင့် နိဗ္ဗာန်ပွင့် အောင် မလင့်ပုံသေ ရှုစားသင့်ပါပေတော့သတည်း။

"သာဓု.... သာဓု.... သာဓုပါဘုရား"

## ငါမရှိ ဆိုတာလေးတော့ ချန်ထားကြတယ်

ဤအပိုင်းဖြင့် ဘုန်းကြီးတို့ ပရိသတ်များ မှတ်သားဖို့က "မရှိ, မရှိ" ဆိုတဲ့ဝါဒထဲ ဘာထပ်ဖြည့်ပေးရမလဲဆိုတော့ ငါမရှိဆိုတဲ့ သုညတ သဘောကို ထပ်ဖြည့် ပေးလိုက်ပါ။ ငါမရှိဆိုတဲ့ သုညတ သဘောကို ထိုသူတို့အတွက် ဖြည့်ပေးလိုက်ယင် ငရဲရှိမရှိ ဟောနေဖို့ မလိုဘူး၊ နတ်

ပြဟ္မာ ရှိမရှိ ပြောနေဖို့မလိုဘူး။ ငါမရှိ ဆိုတာလေးတလုံးကို သဘော ပေါက်ယင် ကျန်တာတွေအလိုလို ပျောပြီးသား ဖြစ်သွားတယ်။

ငါမရှိ တလုံးသာ သုတ်ရှိမ္ဘကြတာ၊ ကျန်တာတွေတော့ မရှိ မရှိ ချည်းလုပ်ကြတယ်၊ ဟုတ်လား။ ငါမရှိဘခုတော့ သုတ်ကြ ချန်ထားကြ တယ်။ ငါမရှိဆိုတာလေးချန်ထားယင် မနေ့က ပြောသလိုပဲ မရှိဏမ္ဗန်း ရှုတဲ့လူကြီး ငိုသလိုငိုရမယ်၊ ပဲကြီးမပြုတ်ပဲနဲ့ ရေကူးစုန်မယ် ဆိုတဲ့ လူလိုပဲ အိမ်အောက်က မထွက်ခွာ နိုင်ဘူး၊ ဟုတ်လား။ အဲဒါကြောင့် ငါမရှိ ဆိုတာလေးတော့ ပိုင်အောင် ထည့်လိုက်ကြပါ။

ပါယာသိမင်းကြီးရဲ့ မရှိဝါဒထဲမှာ ငါမရှိ ဆိုတဲ့ သက္ကာယဒိဋ္ဌိ ပြုတ်ခန်း၊ သခ်ါရတရား တခုက သခ်ါရတရား တခုကို ရှုပါတယ်လို့ ဆိုယင် ငါမရှိ ဆိုသော သက္ကာယဒိဋ္ဌိ ပြုတ်ခန်းဟာ ဒီမှာ လုံလောက် သွားတယ်။

အဲဒီကနေ တဏှာ, မာန, ဒိဋ္ဌိ အကြွင်းမဲ့ ကုန်ဖို့ရန်တော့ နိစ္စ, သုခ, သုဘ, အတ္တ ဤလေးမျိုးသော သဘောမှုလဲ ဆိတ်သုဉ်းနေတယ်လို့ ထပ်ရှုယင် တဏှာ, မာန, ဒိဋ္ဌိ ကုန်ပြီ၊ ဟုတ်လား။ အဲဒီအခါကျတော့ ထိုပုဂ္ဂိုလ်မှာ ကိလေသာလဲမရှိ, ခန္ဓာလဲမရှိ, ကိလေသာ မရှိတာကို "ကိလေသာ ပရိနိဗ္ဗာန်"၊ ခန္ဓာမရှိတဲ့ အခါကျတော့ "ခန္ဓပရိနိဗ္ဗာန်" ဆိုတဲ့ ပရိနိဗ္ဗာန် နှစ်ပါးကို ထိုသူသည် ကောန်ရမယ် တဲ့၊ မရှိဏမ္ဗန်း ကို ဒီလို ကြိုးပမ်းကြ၊ ဟုတ်လား။

အေး– ဒီလိုဆိုယင် ပါယာသိမင်းကြီး အတွက် ဘုန်းကြီးတို့ ဟောရမယ့် တရားဟာ ဒါ အခြေခံပါပဲ၊ အရှင်ကုမာရကဿပ မထေရ် ဘာဟောမလဲ ဆိုတာကို ဆက်ကြည့်ကြရအောင်။

မနေ့က ယင်းတိုက်တောမှာပရိသတ်တွေ ဆုံထားခဲ့တယ်။ တချို့ ကလဲ လက်အုပ်ချီ ရှိခိုးနှုတ်ဆက်ပြီး ထိုင်လိုက်ကြတယ်၊ တချို့ကလဲပဲ အရှင် ကုမာရကဿပကို ရှိခိုးရုံခိုးပြီးတော့ ထိုင်လိုက်ကြတယ်၊ တချို့ ကျပြန်တော့ မတ်တတ်က လက်အုပ်ချီရုံ ချီလိုက်ပြီးတော့ ထိုင်လိုက်ကြ တယ်၊တချို့ကလဲ နာမည်လေးအော်ပြောပြီးတော့ထိုင်လိုက်ကြတယ်၊ တချို့ကလဲ ချောင်ထဲ မှောင်ထဲက ခပ်ကုတ်ကုတ်ပဲ ထိုင်လိုက်ကြတယ်။

ပါယာသိ မင်းကြီးကတော့ "အရှင်ဘုရား–ကျန်းမာပါရဲ့လား၊ နေကောင်းပါရဲ့လား၊ ဘယ်တုန်းက ခရီးထွက်ခဲ့ တာလဲ၊ အရှင်ဘုရား တို့ကို မျှော်လိုက်ရတာ ကြာပြီ အခုမှပဲပေါ်လာတယ်" ဘာညာ စသည် ဖြင့် သမ္မောဒနီယကထာ ဝမ်းသာစရာ လေးတွေ ရွေးချယ ပြီးတော့ ပြောတယ်၊ စိတ်ထဲကတော့ ဝမ်းသာလို့သာတွေတာ မဟုတ်ဘူး။ မနေ့က ပြောထားခဲ့တယ် မဟုတ်လား။

ပုရာ သမဏော ကုမာရကဿပေါ သေဘဗျကေ
ဗြာဟ္မဏဂဟပတိကေ ဗာလေ အဗျတ္တေ သညာပေတိ။

သမဏ ကုမာရ ကဿပသည် မိုက်မဲကုန်သော ပောဒိ သေဘဗျ မြို့သူမြို့သား လူအများတို့ကို နောက်ဘဝရှိတယ်, ဥပပါတ် သတ္တဝါ ရှိတယ်, ကုသိုလ် အကုသိုလ် ရှိတယ်ဆိုတဲ့ အရှိတရားကို မဟောကြားသေး မီ ငါသွားလေမှပဲ ဆိုပြီး သွားဘာ၊ ဒီလို မဟုတ်လား။ ဒီ ကုမာရ ကဿပဟာ အရှိတရားကို ဟောမှာ သူ့ရဲ့ အရှိတရား မဟောကြားသေးခင် ငါဦးအောင် သွားပြီးတော့ ဝါဒဘင်ပြီးတော့ အနိုင်ယူလိုက်မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီလိုလာခဲ့တာ။

အဲဒါကြောင့် နှုတ်ထွက်စကားကို ချိုချိုသာသာ ပြောနေရပေ မယ့်လဲပဲ စိတ်ထဲမှာတော့ နှစ်နှစ်ခြိုက်ခြိုက် မရှိဘူး ဆိုတဲ့ အဓိပ္ပာယ်ဟာ ပါတယ်။ နှစ်နှစ်ခြိုက်ခြိုက် မရှိပေမယ့်လဲပဲ–

ကစ္စိ– အသို့ပါနည်း၊
ခမနီယံ– ခန့်ကျန်းပါ၏လား, ကျန်းမာပါရဲ့လား၊
ယာပနီယံ– မျှတပါ၏လား၊

ပိဏ္ဍကေနပိ န ကိလမိတ္ထ–ဆွမ်းဖြင့်လဲပဲ မပင်မပန်း ခရီးလမ်းမှာ ချမ်းချမ်းသာသာ လာခဲ့ပါ၏လား။– လို့

ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ ကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်ကို။ ဝေ၊ ဤသို့။ ဝတွာ၊ လျှောက် ကြား၍။ ကေမန္တံ၊ သင့်တော်ရာနေရာ၌။ နိသိဒိ၊ ကောင်းစွာမသေ့ ထိုင်၍နေပါပေတော့သတည်း။

"သာဓု.... သာဓု.... သာဓုပါဘုရား"

## ပါယာသိမင်း သူ့ဝါဒကို တင်ပြပြီ

သေတဗျမြို့ရဲ့ မြောက်ဘက် သိံသပါဝန အမည်ရတဲ့ ယင်းတိုက်တောရဲ့ အတွင်းမှာ အရှင်ကုမာရကဿပမထေရ်က သံဃာငါးရာ ခြံရံလို့ ချမ်းချမ်းသာသာ သီတင်းသုံးနေတော်မူတယ်။ သေတဗျမြို့က ပါယာသိမင်းကြီးဟာ အရှင်ကုမာရကဿပမထေရ် ရှိရာကို မြို့သူ မြို့သားများကို ဦးဆောင်ပြီးတော့ သွားရောက်လာတယ်။

နှုတ်ဆက်စကား ဝမ်းသာစကား ပြောကြားပြီးတော့ အရှင်ကုမာရကဿပမထေရ်ရဲ့ ဘေးနားက ထိုင်ပြီးတော့ ရဟန်း ပရိသတ် ကိုလဲ အကဲခတ်၊ မိမိရဲ့ ပရိသတ်ကိုလဲ အကဲခတ် ပြီးတော့ အရှင်ကုမာရကဿပမထေရ် သူမြတ်က သူ့ပရိသတ်ကိုရော ငါ့ပရိသတ်ကိုရော နောက်ဘဝရှိတယ်, ငရဲတွေ နတ်ဘုံရှိတယ်, ကုသိုလ် အကုသိုလ်ရှိတယ် ဆိုတဲ့ စကားတော့ ဟောတော့မှာပဲ၊ ဒီအရေး မဖြစ်ခင် ငါက ဦးအောင် ပြောလိုက်မှ ကောင်းမယ်လို့ ရှေ့ကနေ ပိတ်ပြီးတော့ တခါတည်း သူက—

အဟမ္ပိ ဘော ကဿပ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ။

ဘော ကဿပ၊ အို— အရှင်ကုမာရကဿပ။

အဟံ၊ အကျွန်ုပ်သည်။ ဧဝံဝါဒီ၊ ဤသို့သောဝါဒရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံဒိဋ္ဌိ၊ ဤသို့သော အယူအဆရှိသည်။ ဟောတိ၊ ဖြစ်၏။

အို— အရှင်ကုမာရကဿပ အကျွန်ုပ်မှာ ဤကဲ့သို့သော ဝါဒရှိပါတယ်၊ ဤကဲ့သို့သော အယူအဆရှိပါတယ်။ အရှင်ကုမာရကဿပ အကျွန်ုပ်မှာ ဒီလိုဝါဒ ဒီလိုအယူအဆတွေ ရှိတယ်။

ဒါဖြင့်တော့ ပါယာသိမင်း— ဘယ်လိုဝါဒနဲ့ ဘယ်လို အယူအဆတွေရှိတယ်ဆိုတာ လျှောက်စမ်းပါ။

ဣတိပိ နတ္ထိ ပရောလောကော၊
နတ္ထိ သတ္တာ ဩပပါတိကာ၊
ဣတိပိ သုကဋဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကောတိ။

ဘောကဿပ၊ အို— အရှင်ကုမာရကဿပ။

ဣတိပိ၊ ဤကဲ့သို့ မမြင်ရဘူးဆိုသော အကြောင်းကြောင့်လဲ။ ပရောလောကော၊ နောက်လောကဆိုတာ။ နတ္ထိ၊ မရှိပါဘူး။

ဣတိပိ၊ ဤကဲ့သို့ မမြင်ရဘူးဆိုသော အကြောင်း ကြောင့်လဲပဲ။ ဩပပါတိကာ၊ ကိုယ်ထင်ရှား ဘုံးကနဲဖြစ်ကြတဲ့ နတ်ပြဟ္မာတွေ ငရဲတွေ ပြိတ္တာတွေဆိုတာ။ နတ္ထိ၊ မရှိကြဘူး။

ဣတိပိ၊ ဤကဲ့သို့ အကျွန်ုပ် စဉ်းစားမရဘူး ဆိုသော အကြောင်း ကြောင့်လဲပဲ။

"ကံ" တရားကို သူစဉ်းစားလို့ မရဘူး။

ဣတိပိ၊ ဤကဲ့သို့ ကြံစည် စဉ်းစားလို့ မရသောကြောင့် လဲပဲ။ သုကတဒုက္ကဋာနံ ကမ္မာနံ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့။ ဖလံ၊ ပစတ္တိ အကျိုးသည်။ ဝိပါကော၊ ပဋိသန္ဓေအကျိုးသည်။ နတ္ထိ၊ မရှိပါဘူး။

## တွေးခေါ် မြော်မြင်ရေး သမားတို့၏ အရာမဟုတ်

စဉ်းစားမရလို့ ကြံစည်မရလို့ ကုသိုလ်စေတနာ အကုသိုလ်စေတနာနဲ့ စေတနာရဲ့ အကျိုးဆိုတာ မရှိဘူး၊ စဉ်းစားလို့မရတာနဲ့ ကံတရား မရှိဘူးလို့ဆိုတယ်။ ဒီတော့ ဘုန်းကြီးတို့ပရိသတ် ကြားဖူးကြမှာပေါ့ —

ပဏ္ဍိတဝေဒနိယာ အတက္ကာဝစရာ၊ — တဲ့

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘုရားဖြစ်တော်မူပြီးတော့ သတ္တ သတ္တာဟ စံနေတော်မူပြီးသည်မှနောက် (၇) ရက်ရှစ်ခုမြောက် ဆိတ်ကျောင်း ညောင်ပင်ရင်း စံနေတာ၊ ဆိတ်ငြိမ်ရာမှာ ဘုရားရှင် ကိုယ်တော်မြတ် တပါးတည်း စဉ်းစားပြီးတော့ နေခဲ့တယ်။ တပါးတည်း စဉ်းစားနေတဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ်ကိုနှလုံးသွင်းယင်းနဲ့ ဉာဏ်တော်ထဲ ပေါ်လာတယ်။ ပေါ်လာတဲ့ စကားလုံး များစွာထဲက ၂—လုံးကို မှတ်သားထားကြပါ။

၁။ ပဏ္ဍိတဝေဒနိယာ

၂။ အတက္ကာဝစရာ

ဟောဒီ ရုပ်နာမ်တို့ရဲ့ ကြောင်းကျိုးဆက် ဖြစ်နေတဲ့ သဘောသည်၊ ပဏ္ဍိတဝေဒနိယာ— ဉာဏ်ရှိသူတို့ရဲ့ နေရာဌာန ဖြစ်တယ်၊ ရုပ်နာမ်တို့ရဲ့ ကြောင်းကျိုးဆက် သဘောဟာ ဒယ်လိုပုဂ္ဂိုလ်တို့ရဲ့ အရာလဲဆိုတော့ ဉာဏ်ရှိသူတို့ရဲ့အရာ-တဲ့၊ ဉာဏ်သမားတို့ရဲ့ အရာဌာနဖြစ်တယ်၊ ဉာဏ်ရှိသူတို့ရဲ့ အရာဌာနဖြစ်တယ်။ နောက်တချက် နံပါတ်(၂)အချက်က ဘာလဲ—

အတက္ကာဝစရာ။ — တဲ့

## အတက္ကာဝစရ၊ အကြံသမားတို့ရဲ့ အရာဌာနမဟုတ်ဘူး။

အတက္ကာဝစရာ က အကြံသမားတို့ရဲ့ အရာမဟုတ်ဘူး တဲ့၊ ဒါဒါ ဉာဏ်သမားတို့ရဲ့ အရာ။ ပဏ္ဍိတဝေဒနီယာနဲ့ အတက္ကာဝစရာ ဝိနည်းပိုင်းပဲ ကျေနပ်စရာ ... ပြီးသော ... ကောင်းနေတယ်။

ပဏ္ဍိတဝေဒနီယာ အကြံသမားတို့ရဲ့ အရာ မြင်တယ်၊ ပဋိစ္စ သမုပ္ပါဒ် ရုပ်နာမ်စုစုပေါင်းတို့ရဲ့ကြောင်းကျိုးဆက်သဘောတရားတွေဟာ အတက္ကာဝစရာ အကြံသမား တွေးခေါ် မြော်မြင်ရေး သမားတို့ရဲ့ အရာ မဟုတ်ဘူး၊ တွေးပြီးလို့ ပေါ်လာတဲ့ သဘော မဟုတ်ဘူး၊ ဉာဏ်နဲ့ရိုက် ကြည့်လို့ ပေါ်လာတဲ့ တရား၊ ဒီလိုနော်။ ပဋိစ္စသမုပ္ပါဒ် ဆိုတာ တွေးလို့ ကြံလို့မျှား မရဘူးတဲ့၊ ဉာဏ်နဲ့နှလုံးသွင်းမှရလို့ "ပဏ္ဍိတဝေဒနီယတရား" ဝိဘက်နဲ့ ကြံစည်လို့မရခြင်းကြောင့် "အတက္ကာဝစရတရား" ဟုလာ၊

## အတွေးအခေါ်သမား ခြေချမရတဲ့ ဗုဒ္ဓအဘိဓမ္မာနယ်

(ပဏ္ဍိတဝေဒနီယနဲ့ အတက္ကာဝစရ သဘော)

ဒါကြောင့်– အတွေးအခေါ် သမားတို့သည် ဟောဒီဗုဒ္ဓရဲ့ အဘိဓမ္မာနယ်ထဲ ခြေချလို့ မရကြဘူး။ အတွေးအခေါ် သမားတွေ စိတ်, စေတသိက်, ရုပ်ထဲမှာ ခြေချလို့မရဘူး၊ ဉာဏ်ရှိသူတို့ မှသာလျှင် ခြေချလို့ ရတယ်–တဲ့။ ဒါကြောင့် ပဏ္ဍိတဝေဒနီယတရား, အတက္ကာဝစရတရား၊ ဆန့်ကျင်ဘက်နှစ်ခုကို ပြောထားတာ–

(က) ပဏ္ဍိတဝေဒနီယာ – ဉာဏ်ရှိသူတို့ရဲ့ အရာဌာန၊
(ခ) အတက္ကာဝစရ – အကြံအစည်သမားအတွေးအခေါ် သမားတို့ရဲ့ အရာဌာနမဟုတ်ဘူး၊

ဒီလိုမဟုတ်လား။ အေး ဒါကြောင့်မို့လို့ ဟောဒီမှာ–

၁။ နတ္ထိပရောလေမှာကော၊
၂။ နတ္ထိသတ္တာ ဩပပါတိကာ၊
၃။ နတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊

အချက်သုံးချက် -

၁။ နောက်လောက မရှိဘူး၊
၂။ ဥပပါတ်သတ္တဝါ မရှိဘူး၊
၃။ ကုသိုလ် အကုသိုလ်နဲ့ ထိုကုသိုလ် အကုသိုလ် တို့ရဲ့ အကျိုး မရှိဘူး။

ဆိုတာက သူကြံလို့မရတဲ့အတွက်ကြောင့် မရှိဘူးလို့ပြောလိုက်တာ၊ ကြံစည်လို့မရတဲ့ အတွက်ကြောင့် မရှိဘူးလို့ ဆိုလိုက်တာတဲ့။ ဉာဏ်နဲ့နှလုံး သွင်းကြည့်တာမှ မဟုတ်ပဲ ဝိတက်နဲ့ ကြံကြည့်တာ။

အဲဒီအကြံသမားကြီးရဲ့ သန္တာန်မှာ ထိုဝိတက်သည် သမ္မာဝိတက် မဖြစ်တော့ဘူး၊ မိစ္ဆာဝိတက် ဖြစ်ပြီးတော့ မဂ္ဂင်နဲ့ပြောယင် မိစ္ဆာသင်္ကပ္ပ ဖြစ်သွားဘယ်၊ မိစ္ဆာမဂ္ဂင်ရှစ်ပါးရှိဘာပဲ၊ အဲဒီကတဆင့် တက်လိုက်တော့ မိစ္ဆာဒိဋ္ဌိတဲ့၊ ဟုတ်လား။ ကြံလို့ မမိနိုင်တာကို ဉာဏ်ကို ဖယ်ထားပြီး ကြံချင်းကြံရင်းနဲ့ မိစ္ဆာသင်္ကပ္ပကနေပြီးတော့ မိစ္ဆာဒိဋ္ဌိနယ်သို့ ကူးပြောင်း ခဲ့ပြတဲ့။ ဒါကြောင့်—

ဘော ကဿပ၊ အို-အရှင်ကုမာရဿပ။

အဟံ၊ အကျွန်ုပ်သည်။ ဧဝံဝါဒီ၊ ဤကဲ့သို့သော ဝါဒရှိပါသည်။ ဧဝံဒိဋ္ဌိ၊ ဤကဲ့သို့သော အယူအဆ ရှိပါသည်။

ဘယ်လို အယူဝါဒ ဘယ်လို အယူအဆ ရှိတုံးဆိုတော့—

၁။ နတ္ထိပရောလောကော= နောက်ဘဝနောက်လောက မရှိဘူး၊
၂။ နတ္ထိသတ္တာဩပပါတိကာ=ကိုယ်အထင်အရှားဖြစ်တဲ့ နတ် ဖြဟ္မာတွေ, ငရဲဘွေ, ပြိတ္တာတွေ မရှိဘူး၊
၃။ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော= ကုသိုလ်ကံအကုသိုလ်ကံနဲ့ ယုံကုသိုလ်ကံ အကုသိုလ်ကံ တို့ရဲ့အကျိုး တရားမရှိပါဘူး။—လို့

ဧဝံဝါဒီ၊ ဤကဲ့သို့သော ဝါဒရှိသည်။ ဧဝံဒိဋ္ဌိ၊ ဤကဲ့သို့သော အယူအဆရှိသည်။ ဟောတိ၊ ဖြစ်ပါတယ်။—လို့

ပါယာသိရာဇညော၊ အဘိသိက်မသွန်းရပဲနဲ့ ရှင်ဘုရင်လုပ်နေတဲ့ ပါယာသိမင်းကြီးသည်၊ အာယသ္မန္တကုမာရကဿပ၊ အရှင်ကုမာရကဿပ ထေရ် သူမြတ်ကို၊ တော်ဝစနံ၊ ဤဆိုခဲ့တဲ့စကားကို၊ အဝေါစ၊ ရှေ့နား ဘော်ကြားဆောင်လျှောက်ထား (ပြောကြား) ရှာလေတော့သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

ဒီလိုပုဂ္ဂိုလ်မျိုး မတွေ့ဖူးသေးဘူး-တဲ့

ပဏ္ဍိတဝေဒနီယနဲ့ အဘက္ကာဝစရ သဘောကို ဘုန်းကြီးတို့ ပရိ သတ် ရကြပါပြီ။

ဟောဒီမှာ ပါယာသိမင်းကြီးဟာ သူ့ရဲ့ အယူအဆ ဘာကြောင့် သူ့သန္တာန် ပေါ်လာတုံးလို့ဆိုယင် မိစ္ဆာဝိဘက်၊ တနည်း မိစ္ဆာသက်ပွ ကြောင့် ကြံစည်ပြီးတော့ ဒီမှာအယူအဆတခု ထွက်ပေါ်လာတယ်။

(၁) ကြံစည်တာက "သင်္ကပ္ပ"
(၂) ပေါ်လာတဲ့ အယူအဆက "ဒဿန"

ဒိဋ္ဌိပေါ့၊ ဟုတ်သား။ မိစ္ဆာသင်္ကပ္ပကနေပြီးတော့ မိစ္ဆာဒိဋ္ဌိသို့ ရောက်ပါပြီ၊

အကျွန်ုပ်ရဲ့ အယူအဆသည် ဒီသုံးမျိုး ရှိပါတယ်လို့ ပါယာသိ မင်းကြီး လျှောက်လိုက်တော့ အရှင်ကုမာရကဿပ မထေရ်က—

နာဟံ ရာဇည ဧဝံဝါဒိံ ဧဝံဒိဋ္ဌိံ
အဒ္ဒသံဝါ အဿောသိံဝါ။

ဘော ရာဇည၊ အို-ပါယာသိမင်းကြီး။

အဟံ၊ ငါသည်ကား။ ဧဝံဝါဒိံ၊ ဤကဲ့သို့သော ဝါဒရှိသော။ ဧဝံဒိဋ္ဌိံ၊ ဤကဲ့သို့သော အယူအဆ ရှိရှိနေသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ အဒ္ဒသံဝါ၊ မြင်လဲမမြင်းဖူးပါ။ နအဿောသိံဝါ၊ ကြားလဲ မကြား ဖူးပါ။

အရှင်ကုမာရကဿ မိန့်တော်မူပုံက တမျိုးပဲ။ "ဒကာတော် ပါယာသိမင်းကြီး—ငါဖြင့်ကွယ် ဗုဒ္ဓသာသနာတော်ထဲ ရောက်တဲ့နေ့ကစပြီး တော့ နယ်လေးရပ်သွည့်ပြီးတော့ တရားဟောလာခဲ့ဘာ၊ ဒီလိုအယူဝါဒနဲ့

ဒီလိုအယူအဆရှိတဲ့ ပုဂ္ဂိုလ်ကို မြင်လဲမမြင်ခဲ့ဖူးဘူး၊ ကြားလဲမကြားခဲ့ဖူးဘူး သေတဗျမ္ဗိုရောက်မှဒဏ္ဍာတော် မင်းတရားလာတွေ့နေရတာ ဆန်းလိုက်တာ''အဓိပ္ပာယ်ကဒီလို။ တခြား တခြား ဘယ်မှာမှ မတွေ့ခဲ့ပဲနဲ့ ဒီမှာလာ တွေ့ရတယ်။ တဲ့။

ရာဇည၊ အဘိသိက်သွန်းခြင်း အလျင်းမရှိတဲ့ အို–ပါယာသိမင်း။

ဧဝံဝါဒိံ၊ ဤကဲ့သို့သော ဝါဒရှိသော၊ ဧဝံဒိဋ္ဌိံ၊ ဤကဲ့သို့သော အယူအဆရှိသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ အဟံ၊ ငါသည်။ နာဒ္ဒသံ၊ တွေ့လဲမတွေ့ခဲ့ဘူးပါ။ နအဿောသိံ ဝါ၊ ကြားလဲမကြားခဲ့ဘူးပါ။

ဆန်းလိုက်တာ၊ ဒီလိုပုဂ္ဂိုလ်မျိုး ကျုပ်တွေ့လဲ မတွေ့ဖူးဘူး၊ ကြားလဲမကြားဖူးဘူး၊ သေတဗျမ္ဗိုရောက်မှ မရှိဆရာကြီး တွေ့နေရတယ ဗျာသို့ ဒီအဓိပ္ပာယ်နဲ့ အရှင်ကုမာရကဿပကဆိုလိုက်တော့ ပါယာသိ မင်းကြီးစိတ်ထဲ ထိတ်သွားတယ်။

ဘယ့်နှယ်ထိတ်သွားသလဲဆိုတော့ အံမယ်-ဒီဝါဒက ငါတယောက် တည်းလိုလို ဖြစ်နေပါပေါ့လားပေါ့၊ တယောက်ဘည်း ဒီလိုအယူအဆ ယူရမယ်ဆိုယင် နည်းနည်းတော့ သူကထိတ်သွားတယ်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ဟိုမြန်မာစကားလေး တခုရှိတယ်၊ မဟုတ်လား။

## အမျာသဘောတူ ''ဤ''ကို ''ကျဲ''လို့ဖတ်

သင်ပုန်းထဲမှာ ''ဤ''ဆိုတဲ့ သင်္ကေတအမှတ်သားလေးတခု ရေး ထားတယ်၊ မြန်မာစာမှာလေ''ဤ''ဆိုတဲ့ သင်္ကေတ အမှတ်အသားလေး တခု ရေးထားတယ်။ မြန်မာစာကို မတောက်တခေါက်တတ်တဲ့ လူတွေ တရာလောက် ဝိုင်းဖတ်ကြတာ ဘယ်သူမှ ''ဤ''(အီ) မဖတ်ဘူး၊ အကုန် လုံးက ''ကျဲ''ချည်း ဖတ်ကြတယ်။

မြန်မာစာ မတောက်တခေါက်တတ်တဲ့ လူတွေ ဝိုင်းဖတ်ကြတာ ''ဠ''တို့၊''ဤ''တို့၊''၏''တို့၊''၍''တို့ဆိုတာဒါသင်္ကေတတွေပဲ ဒီသင်္ကေတ လေးတွေကို သူတို့က နားမလည်တော့ ဘယ်လိုဖတ်သလဲဆိုယင် ''ဤ'' ကို ''ကျဲ''လို့ ဖတ်ပြီး ''ဠ''ကို ဖတ်တဲ့အခါကျပြန်တော့လဲ ''ဠကြီး'' ဖတ်လို့ဖတ် ''ဌဝင်ပဲ'' ဖတ်လို့ဖတ် ဒီလို ဒီလိုဖတ်ကြတာ။

ဒီတော့ ဘယ့်နှယ်ဖြစ်သွားတုံးဆိုတော့ တကယ်တတ်တဲ့ပညာ တတ်ပဏ္ဍိတ်ပရော်ဖက်ဆာတယောက်ကလာရော၊လာပြီးတော့ ဟော့မင်းတို့

ဗိစာလုံးဘယ်နှယ်ဖတ်မလဲ၊ "ကျဲ"လို့ ဖတ်ပါတယ်ခင်ဗျာ။ မဟုတ်ဘူးကွ အဲဒါ "ဤ" (ဣ)၊ ဣဆိုယင်ဗျာ ဆ လုံးကြီးတင်ဆံခတ်ဣလို့ ရေးမှာ ပေါ့၊ ဘယ်နှယ် ဗိဥစ္စာကတော့ "ကျဲ"ပဲ။ ဟိုလူမေးလဲကျဲ, ဒီလူမေးလဲ ကျဲပဲ၊ အဲဒါပြင်လို့ကို မရဘူး၊

ဒီတော့ ပရေဟ်ဖက်ဆာက ပြောသွားတယ်၊ ဒေါ့ကွာ အများ သဘောတူ "ဤ" ကို "ကျဲ" လို့ ဖတ်ဆိုပြီးတော့ ထားပစ်ခဲ့တယ်တဲ့။ အများသဘောတူ "ဤ" ကို "ကျဲ" လို့ ဖတ်စတမ်း တဲ့၊ တချို့ဆရာ တချို့အုပ်စုမှာ ရှိတယ်ဗျ၊ အမှားကြီး၊ စွဲပြီဆိုယင် ဘယ်လိုမှ ပြင်လို့ မရဘူး။

ဒိဋ္ဌုပါဒါန် တသံသရာလုံးက မှားပြီးတော့ လာခဲ့တာ ယခုဘဝ ကျမှ ပြင်ဖို့ရန်ခက်တာ၊ အဲဒီ အခက်ကို မပြောနဲ့၊ ခုနက "ဤ" ကို "ကျဲ" လို့ ဖတ်နေတာကို ပရေဟ်ဖက်ဆာ ပြင်တာ ပြင်လို့ကို မရဘူး၊ တရွာလုံးက "ကျဲ" "ကျဲ" လို့ပဲ ဖတ်ကြတယ်၊ ဟုတ်လား။ လောကက တော်တော် ခက်တယ်၊ အမှား တွင်မိယင် ပြင်လို့ မရချင်တော့ဘူး၊ တလောကလုံးလည်း ဆိုယင်တော့ အဲဒါ တကယ် မှန်နေတာတောင်မှ ဟို လူတရာလောကက မှားနေတယ် ဆိုယင် အဲဒီ မှန်နေတဲ့လူက လူတရာ မှားတာ ကြည့်ပြီး အေး—ငါဟာ ဟုတ်မှဟုတ်ရဲ့လား, ငါဟာ ဟုတ်မှ ဟုတ်ရဲ့လား၊ ဒီလို ဖြစ်သွားတတ်တာ။

လူတရာလုံးက အမှားဆိုနေကြတယ်၊ ကိုယ်ကတော့ မှန်နေတယ်၊ ကိုယ်က မှန်နေပေမယ့်လဲ လူတရာ အမှားရဲ့ နောက်က လိုက်ရတဲ့အတွက် ကြောင့် ဘယ်လိုဖြစ်သွားသလဲ၊ အမှန်သမားကလဲပဲ ငါ့ဥစ္စာ ဟုတ်မှ ဟုတ်ရဲ့လား၊ ဟာ—တရွာလုံးက "ဤ" ကို "ကျဲ" လို့ ဖတ်သွားတာ ငါလဲ ကျဲ လို့ ဖတ်တာ ကောင်းပါတယ် ဆိုပြီးတော့ အဲဒီလူ အဲဒီအထဲ ရောသွားရော၊ များရာများရာက နိုင်နိုင် နိုင်နိုင် သွားတဲ့ သဘောနော်။

## ကိုယ်ပိုင် အတွေးအခေါ် ဉာဏ် ရင့်သန်ဖို့လိုတယ်

ဘုန်းကြီးတို့ ပြောဖူးပါတယ်၊ မင်္ဂလသုတ်ထဲက ဗဟုသုတမင်္ဂလာ မှာ ထင်ပါတယ်၊ လူတယောက်ဟာ သိုးကလေးတကောင်ကို ထမ်းလာ တာ၊ လမ်းမှာ အမူးသမားတွေက အဲဒီ သိုးကို စားချင်တာနဲ့ ဘယ်လို ပြောကြသလဲ၊ "ဟိုလူ ဘာပြုလို့ ခွေးကြီး ထမ်းလာတာ ပါလိမ့်" လို့

ပြောကြတော့ လူက အူတူတူ အတတ ၊ သူ့ဟာသူ သေသေချာချာ ပြန်ကြည့်ပြီး ငါ သိုးထမ်းလာတာပါ ဒီကောင်တွေက ခွေးလို့ ပြောနေကြတယ်။

သွားပြန်ရော ရွှေနားကျ တယောက်တွေ့ပြန်တယ်၊ တွေ့တဲ့လူကလဲ "ဟိုလူ ဘာပြုလို့ ခွေးကြီး ထမ်းလာတာလဲ" လို့ ပြောပြန်တော့ ကြည့်လိုက်တယ်၊ ငါ သိုးထမ်းလာတာပါ ဘယ့်နှယ် ဒီလူတွေက ခွေးလို့ ပြောနေရတာလဲ။ ရွှေနားကျဘော့ တယောက် တွေ့ပြန်ရော "ဟော့လူ- ခင်ဗျား ခွေးကြီး အသကား ထမ်းလာရတယ် ထားပစ်ခဲ့" ဆိုတော့၊ အေး- ပြောဘာ သုံးခါရှိပြီ။

သေသေချာချာ ကြည့်တော့ ကြည့်ရင်း ကြည့်ရင်းနဲ့ မျက်လုံးထဲ ဘယ်လိုဖြစ်လာတယ် မသိဘူး အဲဒီ သိုးဟာ သိုးကနေ တပြည်း တဖြည်း ပုံပြောင်းပြီးတော့ ခွေးရုပ်ပေါက်လာတယ်၊ လူတွေ ပြောပါများတော့ ကြောင်ပြီးဘော့ သူ့သိုးဟာ ခွေးရုပ်ပေါက်လာတယ်။ အေး-ခွေးကြီး ဆိုလဲ ထားပစ်ခဲ့တာပေါ့ ဆိုပြီး လမ်းထား ပစ်ခဲ့တော့ ဟိုလူတွေက ကောက်ဖမ်းပြီး ဝိုင်းချက်စားပစ်လိုက်ကြတယ်

ကိုယ်ပိုင်ဉာဏ် မရှိယင် အဲဒီ အတိုင်းပဲ၊ ပင်ကိုယ်ဉာဏ် အတွေး အခေါ် နည်းတယ်-တဲ့၊ ပဋိဘာန်နည်းတဲ့ ပုဂ္ဂိုလ်ဟာ ဒီအတိုင်းပဲ။ အများ ပြောတိုင်းပြောတိုင်း ချောက်ချားနေယင် မကောင်းဘူးနော်။

### စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်လိုက်တာ

ဟောဒီမှာ ပါယာသိမင်းကြီး ဖြစ်နေတာက တတိုင်းလုံး တပြည် လုံး တနိုင်ငံလုံးက ပုဂ္ဂိုလ်တွေက ဘာတဲ့တုံး၊ မရှိသုံးမျိုးကို ပြောင်းပြန် ထားလိုက်။

၁။ နောက်လောက နောက်ဘဝဆိုတာ ရှိတယ်၊
၂။ ဥပပါတ် သတ္တဝါဆိုတာ ရှိတယ်၊
၃။ ကုသိုလ် အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်ရဲ့ အကျိုး ဆိုတာ ရှိတယ်၊—လို့

တနိုင်ငံလုံး တပြည်လုံးက ဒီလိုယူဆနေကြတဲ့ အထဲမှာ ပါယာသိ မင်းကြီး၊ တယောက်တည်း မရှိ, မရှိလုပ်နေတာ၊ အရှင် ကုမာရကဿပ မထေရ်က အဲဒါ ပညာရှိလှန်နည်းနဲ့ ပိတ်ပြီးတော့ လှန်လိုက်တာ။

နာဟံ ရာဇည ဧဝံဝါဒိံ ဧဝံဒိဋ္ဌိံ အဒ္ဒသံ ဝါ အဿောသိံ ဝါ။

ရာဇည၊ အို-ပါယာသိမင်းကြီး။

အဟံ၊ ငါသည်။ ဧဝံဝါဒိံ၊ ဤသို့သော ဝါဒရှိသော မရှိ မရှိ ဆိုတဲ့ အယူဝါဒ လက်ကိုင်ထားသော။ ဧဝံဒိဋ္ဌိံ၊ ဤကဲ့သို့ မရှိ မရှိဆိုတဲ့ အယူဝါဒကို ယူစွဲ၍ နေသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ကောသလေသု၊ ကောသလတိုင်းကြီး တတိုင်းလုံးတို့မှာ။ နာဒ္ဒသံ ဝါ၊ တွေ့လဲ မတွေ့ခဲ့ဘူးပါ။ နအဿောသိံ ဝါ၊ ဘယ်လို ဇာရပ်မှာ ဒီလို လူကြီးတယောက် ရှိတယ်ဆိုတဲ့ စကား ကြားလဲ မကြားခဲ့ဘူးပါ။

ဒကာတော်မင်းကြီး-ဒကာတော်မင်းကြီး ယူဆတဲ့ အယူအဆမျိုး ရှိတဲ့ ပုဂ္ဂိုလ်ကို ငါသည် ကောသလတိုင်းမှာ တွေ့လဲ မတွေ့ခဲ့ဖူးဘူး, ကြားလဲ မကြားခဲ့ဖူးဘူး, မြင်လဲ မမြင်ခဲ့ဖူးဘူး၊ သေတဗျမြို့ ကျတော့မှ ဒကာတော် မင်းကြီးကို ဒီအယူအဆမျိုးနဲ့ လာတွေ့နေရတာ၊ အစ္ဆရိယံ အဗ္ဘုတံ= မဖြစ်စဖူး ထူးလွန်းလို့ အံ့သြရောကြီးပဲလို့ ဆိုလိုက်တော့ (သိုးကနေ ခွေးဖြစ်ချင်လာတယ်) ထိတ်ထိတ်လန့်လန့် ဖြစ်လာတယ်။

ထိတ်လန့်တာက ငါဟာ မှားမျှားမှားနေရော့သလား။ ဒီ အယူအဆယူတာ ငါတယောက်တည်းထင်တယ်။ ငါ့ဘေးနားကလူတွေ ဒီလို အယူအဆ ရှိပုံမပေါ်ဘူး။ ကောသလတိုင်းကလူတွေလဲ ဒီလို အယူအဆ ရှိပုံမပေါ်ဘူးလို့ သူ့စိတ်ထဲမှာ ထိတ်ထိတ်လန့်လန့်တွေးပြီးတော့ ချောက်ချားလာတယ်။ အေး-တုန်လှုပ်လာပြီ ဆိုကတည်းကိုက သူ့ဥစ္စာဟာ လဲတော့မယ်, ပြိုတော့မယ်၊ လဲတော့မလို ပြိုတော့မလို ဖြစ်လာတယ်။

ဒီတော့ ဒီနေရာမှာ အံ့သြစရာက ဘယ်လိုလဲဆိုလို့ရှိယင် အရှင်ကုမာရကဿပမထေရ်ဟာ ဘာမှ တရားမဟောရသေးပဲနဲ့ ပါယာသိမင်းကြီးရဲ့စိတ်ဓာတ်ကို ချောက်ချားအောင် ဟောဒီမှာလုပ်လိုက်တာ။ အေး-အဲဒါ ဒေသနာဝိလာသ-ဒေသနာတော်ရဲ့ ဆန်းဆန်းကြယ်ကြယ် တင့်တင့်တယ်တယ် ကွန့်မြူးသာတဲ့သဘောပဲ။

ဒကာတော်မင်းကြီး အံ့သြစရာကြီးပါလား၊ ဒီလိုဝါဒရှိတဲ့ လူကို ကောသလတိုင်းမှာ ကျုပ် တယောက်မှမတွေ့ဖူးပါဘူး၊ ကြားလဲ မကြားဖူးပါဘူး၊ သေတဗျမြို့ကျမှ လာတွေ့နေရတာ အဆန်းကြီးပဲ။ စဉ်းစားနော်၊ ဒကာတော်မင်းကြီးဆိုတော့ သူ့သိုးဟာ "ခွေး" ဖြစ်တော့မလို ဖြစ်နေတယ်၊ အေး အဲဒီလိုတွေးလာတယ်။

ဒီအချိန်ကျတော့မှ ပါယာသိမင်းကြီးရဲ့ ထိတ်ထိတ်ပြာပြာနဲ့ ဟုတ်သလား, မဟုတ်သလား။ "ကျွဲ"လို့ ဖတ်ရကောင်းမလား, "ဤ"လို့ ဖတ်ရကောင်းမလား။ အဲဒီလိုဖြစ်နေတဲ့အချိန်ကာလမှာ အရှင် ကုမာရကဿပက ကောက်မေးလိုက်တယ်၊ ကောက်မေးလိုက်တယ် ဆိုပေမယ့် ခက်ခက်ခဲခဲ ဘာမှ မမေးသေးဘူးနော်။

## အရှင်ကုမာရကဿပ မေးခွန်းထုတ်ပြီ

တေန ဟိ ရာဇည ဘညေဝတ္တေ ပဋိပုစ္ဆိဿာမိ၊
ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ။

လွတ်လပ်တဲ့စကား ခင်းပေးလိုက်တယ်။

ရာဇည၊ ပါယာသိမင်းကြီး။ တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ တွေ၊ ဤပြဿနာမှာ။ ဘညေဝ၊ သင်မင်းကြီးကိုပင်လျှင်။ ပဋိပုစ္ဆိဿာမိ၊ ငါ ပြန်၍ မေးပါရစေဦးအံ့။

ဒကာတော် ပါယာသိမင်းကြီး ဒီလိုဖြစ်နေယင် ဒီကိစ္စမှာ အသင်မင်းကြီးကိုပဲ ငါ ပြန်၍မေးစမ်းပါရစေဦးတော့။

ယထာ–ယေနအာကာရေန၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ တေ၊ သင်မင်းကြီးသည်။ ခမေယျ၊ ဖြေဆိုဖို့လမ်းကို နှစ်သက်ပေရာ၏၊ တထာ–တေနအာကာရေန၊ ထိုဖြေဆိုဖို့ရန် မင်းကြီးနှစ်သက်သည့် အခြင်းအရာဖြင့်ပင်လျှင်။ နံ၊ ထိုပြဿနာကို။ ဗျာကရေယျ၊ ဖြေကြားပါလေ။

ဒကာတော်မင်းကြီး ဒီလိုဆိုယင် အသင်မင်းကြီးကို ငါ ပြန်မေးပါမယ်။ ဒီမေးတဲ့မေးခွန်းကို အသင်မင်းကြီးကြိုက်သလိုသာ ဖြေစမ်းပါ။

အရှင်ကုမာရကဿပက ပါယာသိမင်းကြီးကို လွတ်လွတ်လပ်လပ် ဖြေခွင့်ပေးလိုက်ပါတယ်။ ဖြေခွင့်ပေးလိုက်တော့ ဘေးနားကပရိသတ်တွေကလဲ ပါယာသိမင်းနဲ့ အရှင်ကုမာရကဿပတို့တော့ စကြပြီ၊ စကားစစ်ထိုးပွဲ စတင်ကြပြီပေါ့။

အရှင်ကုမာရကဿပက အသင်မင်းကြီး ငါ ပြန်မေးဦးမယ်၊ ကြိုက်သလိုသာ ဖြေပါ။

တံ ကိံ မညသိ ရာဇည ဣမေ စန္ဒိမသူရိယာ
ဣမသ္မိံ ဝါ လောကေ ပရသ္မိံ ဝါ၊ ဒေဝါ ဝါ တေ မနုဿာ ဝါ တိ။

ဓိက ၈ လိုက်တယ်။

ရာဇညာ၊ အဘိသိက်သွန်းခြင်း အလျင်းမရှိပဲနဲ့ ရှင်ဘုရင်ဖြစ်လာတဲ့ အို ပါယာသိမင်း။

ဣမေ စန္ဒိမသူရိယာ၊ ဤ လနှင့်နေတို့သည်။ ဣမသ္မိံ ဝါလောကေ၊ ဤလောကထဲမှာပဲ ဖြစ်လေကောသလား၊ ပရသ္မိံ ဝါလောကေ၊ နောက် လောကတခုထဲမှာပဲ ဖြစ်လေကောသလား။

ဒေဝါ ဝါ တေ မနုဿာ ဝါ။

တေ၊ ထို လ, နေ တို့သည်။ ဒေဝါ ဝါ၊ နတ်တို့ပေလော၊ မနုဿာဝါ၊ လူတို့ပေလော။

မေးခွန်းက နှစ်ဆင့်မေးထားတယ်၊

(၁) ဟောဒီမှာ လ, နေ နှစ်ခုဆိုတာ မျက်စိနဲ့မြင်နေရ တယ်၊ ပကတိမျက်စိနဲ့မြင်နေရတဲ့ လနဲ့နေ ဒီနှစ်ခု ဟာ ဒီလောကထဲမှာပဲလား၊ နောက်လောကထဲမှာ ပဲလား၊ဒါတင် မကဘူး–

(၂) ထို လနဲ့နေတို့ဆိုတာ နတ်တွေလား လူတွေလား၊

ဣတိ၊ ဤသို့။ စိတြကထိ၊ ဆန်းကြြယ်သောစကားကို ဆိုအပ်ပေ သော။ အာယသ္မာ ကုမာရကဿပ၊ အရှင် ကုမာရကဿပ မထေရ် သည်၊ပါယာသိရာဇညာ၊ ပါယာသိမင်းတရားကြီးကို။ ဣမံပဉ္ဟံ၊ဤမေးခွန်း ကို။ အပုစ္ဆိ၊ သိလိုရေးနှင့် မေးမြန်းတော် မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား"

ပါယာသိမင်းကြီး ကြားဖူးထားတယ်

(၁) လ, နေ နှစ်ခုသည် ဤလောကထဲမှာလား။ နောက်လောကထဲမှာလား။

(၂) လ, နေ နှစ်ခုဟာ နတ်လောကလား၊ လူလောကလား။–လို့

ဒီလို မေးလိုက်တဲ့အခါ စောစောက ထောင်ထောင် ထောင် ထောင်နဲ့ ကြည့်နေတဲ့ ပါယာသိမင်းရဲ့ဦးခေါင်းဟာ ဖြည်းဖြည်း ဖြည်း ဖြည်းနဲ့ ညွတ်ပြီးတော့ကျသွားတယ်၊ ထောင်နေတဲ့ဦးခေါင်းဟာညွတ်ကျ သွားပြီးတော့ သူ စဉ်းစားကြည့်တယ်။

ဘယ်နှယ် စဉ်းစားပြီး ကြည့်လိုက်တုံးဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟောကြားသားတဲ့ စန္ဒိမသုတ္တန်တို့ သူရိယသုတ္တန်တို့ကိုလဲ သူက ကြားဖူးထားတယ်။ သုခါဝတီဗနဝင်္ဂာတိတ်တို့ ဘာတို့ဆိုတာလဲ သူက ကြားဖူးတယ်။ အဂ္ဂညသုတ်တော်တို့ ဆိုတာလဲ သူ ကြားဖူးထားတယ်။ ဘဒ္ဒသူရိယသုတ်တို့ဆိုတာ သူ ကြားဖူးထားတယ်။ မိစ္ဆာဒိဋ္ဌိ ဖြစ်နေပေမယ့်လဲပဲ ဗုဒ္ဓဟောတဲ့သုတ္တန်တွေကို သူဟာ ဟောတ်တော်ကို ကြားဖူးထား တယ်။

အဲဒါတွေကို ခြုံပြီးတော့ကြည့်လိုက်လို့ရှိယင် ယုံကြည်တာ မယုံ ကြည်တာတော့ထား၊ သူ့စိတ်ထဲမှာ မှတ်ဖူးထားတာက လတို့ နေတို့ ဆိုတာဟာ ဒီ လူ့လောကထဲမှာမဟုတ်ဘူးဆိုတာကို သူ မှတ်ဖူးထားတယ်။ ခုနက ဘုန်းကြီးပြောခဲ့တဲ့ သုတ္တန်တွေရဲ့ အဓိပ္ပာယ်တွေနဲ့ စုပြီးတော့ သူ ကြားဖူးထားတယ်၊ လ, နေ နှစ်ခုတို့သည် လူ့လောကထဲမှာမဟုတ်ဘူး။ လ, နေ နှစ်ခုတို့သည် နတ်လောကထဲမှာ ရှိတယ်။

နတ်လောကထဲမှာလဲ နတ်ပြည်ခြောက်ထပ် ရှိရာတွင် စတုမဟာ ရာဇ်နတ်ပြည်ရဲ့ထိပ် မြင့်မိုရ်တောင်ရဲ့ ခါပန်းကနေပြီးတော့ လှည့်လည် သွားလာနေကြတာ။ သုခါဝတီဗနဝင်္ဂာတ်နဲ့ အဂ္ဂညသုတ္တန်တို့ရဲ့ အဓိပ္ပာယ် ကို သူ ကြားပြီးထားတော့ သုခါဝတီဗနဝင်္ဂာတ်တော်ကြီးနဲ့ အဂ္ဂညသုတ် တော်ကြီးတို့ကို ဘုန်းကြီးတို့ ဒီနေရာမှာ ထည့်ပါရစေနဲ့တော့၊ ဘာပြုလို့ လဲဆိုတော့ ပါယာသိသုတ်ကြီး မဆုံးပဲနေမှာစိုးလို့၊ ဟုတ်လား။

နောက်လာမယ့် ဥပမာတွေကို သိပြီးတော့ စိတ်ဝင်စားစရာ ကောင်းတယ်။ လ, နေ အကြောင်းကတော့ အဲဒါ သီးသန့်တခန်း၊ သူ့ဟာသူသွားယင် သူ့သုတ္တန်နဲ့သူသွား၊ ဒီအထဲထည့်ဟောမယ် ဆိုလို ရှိယင်လဲ ဖြစ်တော့ဖြစ်တာပါပဲ၊ အဲဒီ လ,နေအကြောင်းနဲ့ပဲဓလေးငါးရက် ဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ ဟုတ်လား။

ဒီတော့ ထိုသုတ်တော်တွေရဲ့ အဓိပ္ပာယ်ကို ခြုံကြည့်လိုက်တော့ လနဲ့နေ နှစ်ခုတို့ဟာ စတုမဟာရာဇ် နတ်လောကထဲမှာ ပါဝင်နေတယ်။ စတုမဟာရာဇ် နတ်လောကထဲမှာ ပါဝင်နေတယ်ဆိုတဲ့အကြောင်းကို ပါ ယာသိမင်းကြီး ကြားဖူးပြီးသား။

## လ ပေပ်ပမ်းတယ်ဆိုတဲ့ အကြောင်းတခု

လ,ကို တခါတခါကြည့်လိုက်ယင်အရောင်မထွက်ပဲနဲ့ မည်းပြီးတော့ နေတဲ့အခါကို တွေ့ဖူးကြမယ်။ အဲဒါဟာ ဖခြားအကြောင်းတွေကြောင့် အရောင်မထွက်ဘူးဆိုတာလဲ ရှိပါတယ်။

ဘုန်းကြီးတို့ ဒေသနာဘော်မှာ လ,ရဲ့အရောင် မထွက်ခြင်း အကြောင်းများစွာထဲက တခုကဘာလဲဆိုဘော့ အသုရိန်နတ်က အပျင်း ပြေဆိုပြီး ပါးစပ်ကြီး ခပ်ကျယ်ကျယ်နဲ့ လ,ကို ငုံပြီး ကစားတယ်ဆိုတာ လဲ ရှိသေးတယ်။ အသုရိန်နတ်က အဲဒီလိုကစားတော့ လဗိမာန်ထဲမှာ ရှိနေတဲ့ လ,နတ်သားက အော်ပြီးတော့ မြတ်စွာဘုရားကို လှမ်းလျှောက် တာ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အသုရိန်နတ်မင်းကြီး ထွက် ပြေးအောင်ဆိုပြီးတော့ ဘုရားရှိခိုးသင် ပေးလိုက်တယ်။

လ, နတ်သားဟာ အသုရိန်နတ်မင်းရဲ့ ပါးစပ်ထဲ ရောက်နေတဲ့ အခိုက်မှာ မြတ်စွာဘုရားကိုလှမ်းပြီး ရှိခိုးလိုက်တဲ့အခါကျတော့ အသုရိန် နတ်မင်းကြီးဟာ အဲဒီပဏာမ ကုသိုလ်စေတနာကို ကြောက်ပြီးတော့လွှတ် လိုက်တယ်။ လပေပ်ဖမ်းခြင်းဆိုတဲ့ အကြောင်းများစွာထဲကဒီအကြောင်း ထခုလဲပါတယ်လို့ဆိုတယ်။ ပရိသတ် လက်ခံတာ လက်မခံတာဘော့ထား၊ ဒေသနာအရှိအတိုင်း ပြောတော့ ပြောရမှာပဲ၊ ဟုတ်လား။

ဒီတော့ယင်-အဲဒါတွေကို ပါယာသိမင်းကြီးက ကြားဖူ့ထား တော့ ပြော်–ဒါဟာဗိမာန်ဘခုပဲ၊ ဒီဗိမာန်ထဲမှာ သက်ရှိသတ္တဝါတွေ နေ ကြတယ်၊ အဲဒီသက်ရှိသတ္တဝါတွေကို တို့မြင်ရဘူး၊ သက်ရှိသတ္တဝါတွေ ရှိတာတော့အမှန်ပဲ။

ဘာကြောင့် သက်ရှိသတ္တဝါတွေ ရှိသလဲဆိုတော့ အခုနကအသုရိန် နတ်မင်းကြီး ဖမ်းတဲ့အခါ အဲဒီဗိမာန်ထဲကနေ အော်ပြီးတော့ မြတ်စွာ ဘုရားကို လှမ်းရှိခိုးပြီးတော့လျှောက်တယ်၊ မြတ်စွာဘုရားက ဘုရားရှိခိုး သင်ပေးလိုက်တယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကို ဗိမာန်ထဲကနေ လှမ်းပြီး တော့သဲ ရှိခိုးလိုက်ရော အသုရိန်နတ်မင်းကြီး၊ လွှတ်လိုက်လို့ အဲဒီဗိမာန် ထဲက လ,နတ်သားလေး ချမ်းသာရာရသွားတယ်ဆိုတဲ့ စန္ဒိမဒေဝ ပုတ္တ, သူရိယဒေဝပုတ္တတို့ရဲ့ အကြောင်းကို ပါယာသိမင်းကြီး ကြားဖူးထား တာ။ ပါယာသိမင်းဟာ ဗဟုသုတကတော့ မနည်းဘူးနော်။

## ကံကြောင့်ဖြစ်သော တန်ခိုးသတ္တိ

ဘုန်းကြီးတို့ပရိသတ်များ လပိမာန်ကြီးကို ကြည့်လိုက်မယ်ဆိုလို့ရှိယင် ပတ္တမြားနဲ့ငွေသား အဲဒီမှာ စပ်ထားတယ်၊ အတွင်းက ပတ္တမြားအပြင်ကငွေသား။ အဲဒီပတ္တမြားပိမာန်ထဲမှာတဲ့ ဟောဒီ လ ယာဉ်ဆိုတဲ့ပိမာန်ကို အပိုင်စား ရထားတဲ့ နတ်သားဟာ ဒီအထဲမှာရှိတယ်။ သူဟာ လနတ်သားပဲ။ အပြင်ဘက်တော့ ဘော်သားရံထားတယ်၊ အဲဒီတော့ ပတ္တမြားကနေပြီးတော့ ဘော်သားကိုဖောက်ပြီးထွက်လာတဲ့ အရောင်ဟာ လောကကြီးကို အအေးဓာတ်ပေးတယ်။

နေ့ကျတော့ ရွှေသား ရွှေပိမာန်ကို အပြင်က ဖန်တွေ ရံထားတယ်၊ ရွှေနဲ့ဖန်, ဖန်နဲ့ရွှေ စပ်လိုက်တဲ့အခါကျတော့ သူက အပူဓာတ်ထွက်လာတယ်၊ အဲဒီအပူကို ခံနိုင်တဲ့ နတ်သားလဲ ဒီအထဲရှိတယ်တဲ့။ ဒီအပူကြီးထဲမှာ သေသွားရောလားလို့ ဘုန်းကြီးတို့ပရိသတ် စဉ်းစားလိမ့်မယ်။

ငရုတ်သီးထဲကပိုးတွေဘယ်တော့မှမသေဘူး၊ဟုတ်လား။ဒါကြောင့်အပူဒဏ်ခံနိုင်တဲ့ သတ္တဝါတွေ အများကြီးရှိတယ်။ ရေထဲစိမ်နေ မသေဘူးဆိုတဲ့ သတ္တဝါတွေလဲ အများကြီး ရှိတာပဲ၊ မီးတွေတကိုယ်လုံး ဝိုင်းနေလဲ မီးအပူနဲ့ ကျေနပ်လို့ မသေတဲ့ သတ္တဝါတွေ အများကြီးရှိတာပဲ။

အလွန်တရာပူပြင်းတဲ့ ရွှေနဲ့ ဖန်သားစပ်နေတဲ့ ဒီပိမာန်ထဲနေတဲ့ သူရိယဒေဝပုတ္တ–နေနတ်သား၊ သူလဲပဲ ဒီအပူဒဏ်ကြီးကြောင့် အဲဒါသေမလားဆိုတော့ မသေပါဘူးတဲ့၊ ကမ္မဇရုပ္ပိနဲ့ ဒီအပူကို သူသည် ကြံ့ကြံ့ခံနိုင်စွမ်းရှိတယ်။

လ နတ်သားကလဲ ပတ္တမြား ပိမာန်ကို ဘော်သားရံပြီးတော့ နေပြင်နေပြားသော်လဲ သိပ်ပြီးတော့ အေးနေတယ်၊ ရေခဲလောက်အေးတယ်ပဲထား၊ အဲဒီအထဲမှာ အအေးမိပြီးတော့ သေသွားတယ်လို့ မရှိပါဘူး၊ ကမ္မဇရုပ္ပိ–ကံကြောင့်ဖြစ်သောတန်ခိုးနဲ့ပဲ ဒီအအေးဒဏ်ကို ခံနိုင်ပြီးတော့ ဟောဒီလောကဓာတ်မှာ လှည့်လည်ပြီးတော့ သွားနေကြတာ။ စတုမဟာရာဇ် နတ်မျိုးမှာ အပါအဝင်ဖြစ်တဲ့ နတ်သားတွေ နေကြတယ်ဆိုတာကို ဇာတ်တော်များစွာနဲ့ သုတ္တန်များစွာတို့ရဲ့ အဓိပ္ပာယ်ကို စုချုပ်ပြီးတော့ ပါယာသိမင်းကြီးဟာ ကြားဖူးထားတာ။

## ဗိမာန်တို့ရဲ့ ဓာတ်သဘာဝကို နားလည်ထားတယ်

အဲဒီလိုကြားပူးထားတဲ့ အချက်အလက်တွေ ရှိနေတော့ယင် အရှင်ကုမာရကဿပမထေရ်မေးတာကို ပြေမယ်လို့ သူစဉ်းစားတဲ့အခါ ကျတော့၊ လန့်နေသည် တခြားလောကထဲက မဟုတ်ပါဘူး၊ ဒီလောကထဲ ကပါလို့ ပြေမယ်လို့ စိတ်တူးကြည့်လိုက်တယ်၊ ဒါပေမယ့် သူသည် မပြေရဲ ဘူး။ တခြားလောကက မဟုတ်ဘူး ဟောဒီလူ့လောကထဲမှာပဲလို့ အဲဒီလို မပြေရဲဘူး။

မပြေရဲတာက ဘာကြောင့်လဲဆိုတော့ ဒီလူ့လောကထဲမှာ ဆိုလို့ ရှိယင် ဒီလူသားတွေ နေသလားလို့ တဆင့်တက်ပြီး မေးလာတဲ့အခါ သူ အပြေရခက်မယ်၊ လူသားတွေပဲနေတယ်, သက်ရှိသတ္တဝါတွေပဲ နေတယ် ဆိုယင်, သူသည်ကမ္ဘာတခုဆိုခဲ့ယင် ဟောဒီမြေပြင်ပေါ်က လူတွေနေ သလို ရေတွေ မြေတွေ တောတွေ တောင်တွေ ပင်လယ်သမုဒ္ဒရာတွေ သတ္တဝါတွေနဲ့ ဒီလိုနေကြသလားလို့ မေးလာယင်၊ အဲဒီအခါကျ သူသည် အပြေရ ကြပ်သွားလိမ့်မယ်။

အဲဒီအပေါ်မှာ ရေမရှိဘူး၊ လေမရှိဘူး။ ဒါကတော့ ဒီကနေ့ ခေတ်သိပ္ပံဆရာများရဲ့ စူးစမ်းချက်အရပေါ့နော်။ လေမရှိဘူး, ရေမရှိဘူး ဆိုကတည်းကိုက ဟောဒီ လူသားများနဲ့ အလားတူတဲ့ သက်ရှိ သတ္တဝါ ဟာ နေလို့မရဘူး၊ သေကြဖို့ အကြောင်းရှိတယ်။ လေကို, ရေကို အမှီပြု နေတဲ့သတ္တဝါသည် ဒီ လဗိမာန်ပေါ်မှာ နေလို့မရဘူး။ လေရှိယင်ရှိ, ရေ ရှိယင်ရှိ၊ လေနဲ့ရေမရှိယင်လဲ နေပါစေတော့၊ ရေနဲ့လေကိုမှီပဲ အသက် ရှင်နိုင်တယ်၊ ဈာနဇက္ကဒ္ဓိနဲ့ အသက်ရှင်နိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့ လေနဲ့ရေ ဘာမှမရှိတဲ့နေရာမှာလဲ သူတို့ နေလို့ဖြစ်ကြတယ် မဟုတ်လား။

ဒီအပေါ်မှာ သက်ရှိသတ္တဝါ နေတယ်ဆိုတာကိုလဲ သူသိထား တယ်။ လေ, ရေ မရှိဘူးဆိုတာကိုလဲပဲ သူသိထားတယ်၊ ဗိမာန်ရဲ့ ဓာတ် သား သဘာဝကိုလဲ သူနားလည်ထားတယ်။ အဲဒီမှာ ရေကို, မြေကို, လေကို အမှီမပြုပဲနဲ့ အသက်ရှင်နိုင်တဲ့တန်ခိုးရှင်တွေ ရှိကြတယ်ဆိုတာကိုလဲ သူ နားလည်ထားတယ်။

### ပါယာသိ မင်းကြီးရဲ့ အပြေ

အဲဒီတော့ ပါယာသိမင်းကြီး စဉ်းစားပြီးတော့ ပြောဲ- လူ့ လောကထဲက ဆိုယင်တော့ ငါ့ ထပ်ဆင့်မေးခွန်းတွေ လာတော့မှာပဲ။

ဒီ လူ့လောကထဲကပါပဲ ဆိုလို့ရှိယင် အဲဒီအပေါ်ကလူနဲ့ ဟောဒီ ကမ္ဘာ မြေပြင်ပေါ်ကလူ တူရဲ့လားလို့မေးယင် အဲဒါခက်ပြီ။ လူဆိုယင် လူလူချင်း တူကြရမှာပေါ့၊ အသားအရောင်သာ ကွဲချင်ကွဲမယ်၊ အရပ် အတိုအရှည်သာ ကွာချင်ကွာမှာ။

သူလဲ ကမ္ဘာတခု, ဒီမြေကြီးအလုံးကြီးကလဲ ကမ္ဘာတခု၊ ကမ္ဘာပေါ်ကလူတွေဟာ လူချင်းတူကြရမှာပေါ့၊ အသားအရောင်, အရပ်အတိုအရှည်နဲ့ စကားပြောတာတွေ တူချင်တူ, မတူချင်နေ၊ တည်ဆောက်ပုံအနေအထားနဲ့ ဟောဒီမှာ ခန္ဓာငါးပါးအပြည့်အစုံ ရှိ,မရှိ ဒါကတော့ တူရမယ်။

အဲဒီလို သိပ်ပြီးတော့ခြားနားနေတာကို သူ သိပ်သဘောကျပြီး မြေပြင်ပေါ်ကလူတွေလို သက်ရှိသတ္တဝါမျိုး မဟုတ်ဘူး။ ဟိုအပေါ်က သက်ရှိသတ္တဝါတွေက တန်ခိုးရှင်တွေ၊ မြေပြင်ပေါ်က သက်ရှိသတ္တဝါတွေကတော့ ပကတိအတိုင်းသာ ဆိုလို့ရှိယင် မြေကြီးကနေပြီး လက်တဝါးဘောင် အလိုလိုကြွတာမဟုတ်ဘူး၊ ဟိုကတော့ ကောင်းကင်မှာ ပျံနိုင်တဲ့ သတ္တဝါတွေဆိုဘာကို သူသည် စဉ်းစားပြီးတော့ အပြစ်လွတ်အောင် ရှောင်ဖြေဘာ၊ သဘောကျလွန်းလို့တော့ မဟုတ်ဘူးနော်။

ကြားဖူးတဲ့ ဗဟုသုတတွေကို သူဟာ မငြင်းဆန်နိုင်တဲ့ အတွက်ကြောင့် ခုနက ဇာတ်သောဲကြီးများနဲ့ သုတ္တန်ကြီးများကို ငြင်းဆန်နိုင်တဲ့ အတွက်ကြောင့် ထိုဇာတ်တော်ကြီးများ, သုတ္တန်ကြီးများကိုငြင်းဆန်နိုင်တဲ့ဉာဏ်အား သူ့မှာ မရှိတဲ့အတွက်ကြောင့်—

**ဘော ကဿပ၊ အို-အရှင်ကုမာရကဿပ။**

ဣမေ စန္ဒိမသူရိယာ၊ ဤ လနဲ့နေတို့သည်။ ပရသ္မိံ လောကေ၊ နောက်လောကမှာ ဖြစ်ကြပါကုန်၏။ နဣမသ္မိံ သောကေ၊ ဤလူ့လောကထဲက မဟုတ်ကြပါ။

နေ့,လ နှစ်ခုသည် လူ့လောကထဲက အရာဝတ္ထုများ မဟုတ်ဘူးတဲ့၊ တခြားလောက သီးသန့် လူ့လောကထဲက မဟုတ်ဘူး၊ တခြားလောကထဲကပါ။ တခြားလောကဆိုယင် ဘယ်လောကထဲကလဲလို့ မေး၊ ဘယ်လောကထဲကလဲလို့ မေးမယ်ဆိုယင်—

**ဘော ကဿပ၊ အို—အရှင်ကုမာရကဿပ။**

ဣမေ စန္ဒိမသူရိယာ၊ ဤ လ,နေနှစ်ခုတို့သည် (ဝါ) ဤ လနတ်သား နေနတ်သား နှစ်ပါးတို့သည်။ ဒေဝါ၊ နတ်တို့သာလျှင် ဖြစ်ကြပါကုန်၏။ န မနုဿာ၊ လူသားတို့ မဟုတ်ကြပါ။

တခြားလောကလဲ ဖြစ်တယ်၊ တခြားလောကထဲမှာ နောက်နေပြီးတော့ အဲဒီအာပေါ်မှာရှိကြတဲ့ သက်ရှိသတ္တဝါတွေဟာ လူတွေ မဟုတ်ကြဘူးတဲ့၊ လူတွေ မဟုတ်ကြဘူး၊ နတ်တွေဆိုတာတည်းကိုက စလိုက်တော့ နတ်လောကထဲက အယုဝတ္ထုတခုပါပဲရယ်လို့–

ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်၊ အာယသ္မာ ကုမာရကဿပ၊ အရှင်ကုမာရကဿပ မထေရ်သူမြတ်ရဲ့၊ ပဉှံ၊ မေးခွန်းကို။ ဗျာကရောန္တော၊ ဆုတ်သိုင်းခြင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြားခဲ့ပါပေသတည်း။

"သာဓု…သာဓု…သာဓုပါ ဘုရား"

## တမလွန်လောက နောက်ဘဝဆိုတာရှိတယ်

ပါယာသိမင်းကြီးရဲ့အဖြေကို စလိုက်၊ နေ့,လ နှစ်ခုဟာ နတ်လောကထဲမှာဆိုတဲ့ အမိန့်ရှိရတယ်နော်။ နေ့,လ နှစ်ခုဟာ နတ်လောကထဲကပါ။ ပရလောက–နောက်လောက တခုတည်းကပါလို့ပြောတော့ ဖြေလိုက်တယ်၊ ဖြေပြီးတဲ့အခါကျတော့ ငိုင်ပြီးတော့ သူ့ဟာသူ စဉ်းစားတယ်၊ ငါဖြေလိုက်တာ ဟုတ်မှ ဟုတ်ရဲ့လား၊ နတ်လောကလို့တော့ ငါဖြေလိုက်တယ်၊ ဘာ့ကြောင့်လဲ ငါအကြောင်းမပြပဲနဲ့ ဒီအတိုင်း ဖြေလိုက်တယ်လို့ စဉ်းစားပြီးတော့ လူ့လောကလို့ ငါပြန်ဖြေလိုက်ရ ကောင်းမလား။

အဲဒီလို တွေးသင်းတွေးယင်းနဲ့ အဂ္ဂညသုတ်တော်ကြီးကို အမှတ်ရလိုက်တယ်။ သုခါတော်တော်တော်ကြီး, စန္ဒိမဒေဝပုတ္တနဲ့ သူရိယဒေဝပုတ္တ၊ ဒီအကြောင်းအရာတွေကို စဉ်းစားတွေးတောမိပြီ၊ လူ့လောကလို့ ပြောလို့ ဖြေလို့မရဘူး၊ ဒီအတိုင်း နတ်လောကလို့ ထားတာပဲ ကောင်းတယ်၊ သူ့ဟာသူ ချိန်ချိန်ပြီး စဉ်းစားနေတုန်းမှာ အရှင်ကုမာရကဿပမထေရ်က ထပ်ပြီးတော့မိန့်တယ်။

ရာဇည၊ ဘိသိက်ခံခြင်း အလျှင်းမရှိပေတဲ့ ပါယာသိမင်းကြီး။

ဣမိနာပိပရိယာယေန၊ ဤကဲ့သို့သော အကြောင်းကြောင့်လဲပဲ။ (ဝါ) ဣမိနာပိပရိယာယေန၊ ဤသို့ သင်ဖြေကြားခဲ့သော အကြောင်းကြောင့်လဲပဲ။–

အတ္ထိပရောလောကော၊ အတ္ထိ သတ္တာ ဩပပါတိကာ၊
အတ္ထိသုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော။

အတ္ထိပရောလောကော၊ တမလွန်လောက နောက်ဘဝ ဆိုတာ ရှိနေသားပဲ။

နေ့၊ လ၊ နှစ်ခုဟာ နတ်လောကဆိုယင် တမလွန်လောက နောက်ဘဝရှိတယ်။

အတ္ထိသတ္တာဩပပါတိကာ၊ ကိုယ်အထင်အရှား ဘွားကနဲဖြစ်တဲ့ ဩပပါတိက သတ္တဝါတွေဆိုတာလဲ ရှိနေကြသားပဲ။

အဲဒါနတ်လောကလို့လဲဆိုတယ်၊ အဲဒီနတ်လောကမှာသက်ရှိသတ္တဝါတွေနေတယ်လို့လဲဆိုတယ်၊ ဟောဒီ နေပိမာန် လပိမာန် ပေါ်မှာ နတ်လောက အဲဒီ နတ်လောကမှာ နတ်သား နတ်သမီး ဆိုတဲ့ သက်ရှိ သတ္တဝါတွေနေကြတယ်လို့ဆိုတယ်၊ သက်ရှိသတ္တဝါတွေ နေကြတယ်ဆိုလို့ ရှိယင် အဲဒီ သက်ရှိသတ္တဝါတွေဟာ ဟောဒီလူ့လောကက လူသားတွေလိုပဲအမျိုးသားနဲ့ အမျိုးသမီး ပေါင်းသင်းပြီးတော့ ကိုယ်ဝန်ဆောင်ခြင်း သားဖွားခြင်း ဆိုတာများရှိသေးသလား ဆိုတော့ အဲဒီလိုတော့ မရှိကြဘူးတဲ့။

အဲဒါ အထက်နတ်လောကကို ပြောဘာနော်၊ မြေပြင်က ဘုမ္မစိုး ရုက္ခစိုးတို့ ကျတော့ရှိတယ် လူတွေလိုပဲ ပေါင်းသင်း တာတွေ ကိုယ်ဝန်ဆောင်တာတွေ သားဖွား တာတွေ ဆိုတာ ရှိသေးတယ်၊ အထက်နတ်လောကမှာတော့ မရှိဘူး။ ဒါဖြင့် အထက်နတ်လောကမှာ ကိုယ်ဝန်ဆောင်ခြင်း သားဖွားခြင်းဆိုတာတွေ မရှိတော့....

(၁) သံသေဒဇပဋိသန္ဓေ၊
(၂) အဏ္ဍဇ ပဋိသန္ဓေ၊
(၃) ဂဗ္ဘသေယျက ပဋိသန္ဓေ၊

ဆိုတဲ့ အဲဒီ ပဋိသန္ဓေ သုံးမျိုးဟာ ဟောဒီ မြေပြင် သစ်ပင် တော တောင် ဒီမှာ မှီနေကြတဲ့ နတ်တို့ရဲ့ ပဋိသန္ဓေ မျိုးတွေ၊ ဟုတ်လား။ ခုန တောင်းကင် စတုမဟာရာဇ် နတ်ပြည်နဲ့ အထက်တာဝတိံသာ အထက် အထက် တက်သွားပြီ ဆိုလို့ရှိယင် သံသေဒဇ၊ အဏ္ဍဇ၊ ဂဗ္ဘသေယျက ဆိုတဲ့ ပဋိသန္ဓေမျိုး မရှိတော့ဘူး။ ဘယ်လိုပဋိသန္ဓေမျိုး နေသလဲ ဆိုယင် သန့်သန့်ရှင်းရှင်းကလေးဘွားကနဲ ၁၆-နှစ်သား ၁၆-နှစ်သမီးအရွယ် ကိုယ်

အထင်အရှား လည်း ဖြစ်ကြတဲ့ ပုဂ္ဂိုလ်အမျိုးပဲတဲ့၊ ဟုတ်လား။ ဒါကြောင့် သူတို့တတွေဟာ ဖြုပ်ပါတိက ပုဂ္ဂိုလ် ... များကြီး ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေ မျိုးလို့ ပြောလိုက်ပါ။ ဟုတ်လား။

## ကံနှင့်ကံအကျိုးဆိုတာ ရှိတယ်

ရာဇည၊ ပါယာသိမင်းကြီး၊ တော့ပါ၊ ထိုကဲ့သို့ ဖြစ်ပါမှကား။ အတ္တိသတ္တာ ဩပပါတိကာ၊ ဥပပါတ်သတ္တဝါဆိုတာလဲ ရှိတယ်။

အတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ ကုသိုလ် အကုသိုလ် ကံနဲ့တကွ ကုသိုလ် အကုသိုလ်ရဲ့ ကောင်းကျိုး ဆိုးကျိုးဆိုတာလဲ ရှိတယ်။

ဟိုလောကတမျိုး ဒီလောကတမျိုး တမျိုးစီ ဖြစ်နေတာလား။ လူသားတွေရဲ့ ပုဂ္ဂိုလ်တွေ ကျတော့ အမှာစ်အကြေးပေါ့ တဲ့မှာ ဆယ်လလောက် နေလိုက်ကြရတာ ဆင်းဆင်းရဲရဲနော်၊ ခုနက ဥပပါတ်သတ္တဝါတွေကျတော့ ဘယ်အညစ်အကြေးမှ မကပ်ပဲနဲ့ ဝဋ်နှစ်သမီးဝဋ်နှစ်သား အရွယ် ဘားကနဲ ဒီလိုပေါ်လာတယ် ဟုတ်လား။

အဲဒီ ပုဂ္ဂိုလ်တွေက မြီးတော့ ကွာခြားနေပြီ၊ ပုဂ္ဂိုလ်သန္ဓေ ကွာခြားချက်ကို ကြည့်ပြီးတော့ ကုသိုလ်တရားပဲ့ရဲ့ ကွာခြားချက်ဟာလဲ အဓိပ္ပာယ် ဒီမှာ ထွက်လာတယ်။ ကုသိုလ်ညံ့တဲ့ပုဂ္ဂိုလ်တွေကျတော့ အညစ်အကြေးတွေ ထဲမှာ ပဋိသန္ဓေနေရတယ်၊ ကုသိုလ်အားကောင်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ အညစ်အကြေးကင်း သန့်ရှင်းတဲ့ ဥပပါတ်ပဋိသန္ဓေတဲ့ ဒီလိုဖြစ်ကြရတယ်။ ဒါကြောင့်—

ရာဇည၊ ဟဲ့— ပါယာသိမင်း။

အတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော။

ကုသိုလ် အကုသိုလ်ဆိုတာလဲ ရှိတာပေါ့၊ ကုသိုလ် အကုသိုလ်တို့ရဲ့ အကျိုးမပေး ဆိုတာလဲ ရှိတာပေါ့။

သတ္တဝါတွေအမျိုးမျိုးရှိနေယင် သတ္တဝါတွေရဲ့ စိတ်ဓာတ်တွေလဲ အမျိုးမျိုးပေါ့၊ အဲဒီစိတ်ဓာတ်အမျိုးမျိုးဖြစ်တာကိုပဲ ကုသိုလ် အကုသိုလ်လို့ပြောနေတာ အဓိပ္ပာယ်ကဒါပဲ။ စိတ်ဓာတ်တွေ အမျိုးမျိုး ဖြစ်နေတာကိုပင် ကုသိုလ် အကုသိုလ်လို့ပြောတာ။ ကုသိုလ် အကုသိုလ်ဆိုတာတခြား သွားရှာမနေနဲ့ စိတ်ဓာတ်ဖြူစင်တာ ကုသိုလ်တရားပဲ၊ စိတ်ဓာတ် ယုတ်ညံ့

တာ အကုသိုလ်တရားပဲ၊ ဒီလိုမဟုတ်လား။ စိတ်စေတ် အမျိုးမျိုးဖြစ်နေတာ ကုသိုလ် အကုသိုလ် ရှိနေတယ်လို့ သဘောကျ၊ စိတ်စေတ်အမျိုးမျိုးဖြစ်ယင် အကျိုးတရားတွေ အမျိုးမျိုး ပေါ်လာတယ် ဆိုတာ ကုသိုလ်ရဲ့ အကျိုး အကုသိုလ်ရဲ့ အကျိုးတွေပဲ။

ဒကာတော် ပါယာသိမင်း – စိတ်စေတ် အမျိုးမျိုး ဖြစ်တဲ့ ဟောဒီသတ္တဝါတွေမှာ ကုသိုလ်တရား, အကုသိုလ်တရားရှိတယ်လို့ မှတ်ထား။ စိတ်စေတ်တွေက အမျိုးမျိုးဖြစ်၊ စေတနာတွေက အမျိုးမျိုးဖြစ်၊ ဉာဏ်တွေက အမျိုးမျိုးဖြစ်၊ ဝီရိယတွေက အမျိုးမျိုးဖြစ်။ ဒါတွေ အမျိုးမျိုး ဖြစ်လာတဲ့အတွက်ကြောင့် အကျိုးပေးတွေလဲပဲ အမျိုးမျိုး ဖြစ်ဖြစ်ပြီးတော့ လာကြတာဟာ ကံရဲ့အကျိုးတွေ ပေါ်လာတာယ်ခေါ်တယ်ဒကာတော်မင်းကြီး၊ ဒါကြောင့် ကံနဲ့ကမ္မဖလဆိုတာ ရှိသပေါ့လို့။

အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ပါယာသိရာဇညံ၊ ပါယာသိခေါ်သောမင်းကြီးကို။ တေဝစနံ၊ ဤဆိုခဲ့သည့်စကားကို။ အဝေါစ၊ ကောင်းစွာမသေ့ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

“သာဓု....သာဓု....သာဓုပါ ဘုရား”

## ပါယာသိမင်းကြီး အယူဝါဒမစွန့်နိုင်သေး

ပါယာသိမင်းကြီးကို အရှင်ကုမာရကဿပမထေရ်သူမြတ်က ကံနဲ့ကမ္မဖလအကြောင်းကို မိန့်ဆိုဘောက်မူလိုက်တယ်။ ဘုန်းကြီးတို့ပရိသတ်များ စိတ်တွေ, စေတနာတွေ အမျိုးမျိုးဖြစ်နေတာဟာ ကုသိုလ် အကုသိုလ်တွေပဲ။ စိတ်, စေတနာညစ်နွမ်းတာ အကုသိုလ်ခေါ်တယ်၊ စိတ်, စေတနာဖြူစင်တာ ကုသိုလ်ခေါ်တယ်။ စေတနာတွေ, စိတ်တွေဟာ ကိလေသာတွေနဲ့ ညစ်သေးယင် မကောင်းကျိုးပေးတာယ်။ စေတနာတွေ, စိတ်တွေမှာ ကိလေသာ ကင်းဝေးသန့်ရှင်း စင်ကြယ်ယင် ကောင်းကျိုးဖြစ်တယ်၊ ကုသိုလ်နဲ့ကုသိုလ်အကျိုး၊ အကုသိုလ်နဲ့ အကုသိုလ်အကျိုးဆိုတာ ဒကာတော်မင်းကြီး ဒါတွေကိုပြောတာ။

ဒီသဘောရှိယင် ဟောဒီမှာ လူဆိုတာ ရှိတယ်, နတ်ဆိုတာရှိတယ်၊ ပုဂ္ဂိုလ်ရဲ့ကွာခြားချက်။ စိတ်, စေတနာ ကွာခြားတော့ စိတ်, စေတနာရဲ့ အကျိုးကြောင့် ပေါ်လာတဲ့ ဒီပုဂ္ဂိုလ်သတ္တဝါတွေရဲ့ ကွာခြားချက်ဟာ

ဒါကြောင့် နက်တော်ကိုပြောတာ... ...အကောင်းကြီး မိလိုပုံဟာပေါ့လို့ ဆိုလိုက်တယ်၊ မိဘတိုင်းကို ဒါလောက်ကဲ့ကား၊ ကျနည်းဖြည်းနဲ့ သူတို့ရဲ့ ကောင်းကျိုးချမ်းသာ နောက်ပိုင်းမှာ ...ကြိုက်ကုန် ဖြစ်လာတယ်။ ဒီတော့ ပါယာသိမင်းကြီး ကိုကိုရင်းကိုယ်ကိုယ်...ရောက်။

ကိုဋ္ဌာပိ ...ပါ ဂေါတမ။

တစ်ကာလ၌ အရှင်...ပါယာသိမင်းကြီးသည်၊ ကြ၊ ဤသို့၊ ကိုဋ္ဌာပိအာဟ၊ အကယ်၍ ဆိုတော့ခိုင်း...ပါပဲ။

အရှင်ဘုရား အရှင်ဘုရား ဒီလိုပြောဘာတော့ ဟုတ်ပါရဲ့။

အကြောင်း ...မတွေ့ ဟောတိ "ဣတိပိ နတ္ထိ ပရော-
လောကော၊ နတ္ထိ သတ္တာ ဩပပါတိကာ၊ နတ္ထိ သုကတ
ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော"တိ။

ဟော ...ကာလ၊ ဒို - အရှင်...ပါယာသိ။

အထဝေါ၊ စင်စစ်သော် ကား (ဝါ) ယိုကဲ့သို့ အရှင်ဘုရား ဒီလို ပြောပင်ပြောကြားပါသော်လည်း (ဝါ)အရှင်ဘုရားက အကျိုးအကြောင်း နဲ့ ဝေဖန်ပြီးတော့ ပြောပင် ပြောပါသေးလဲပဲ။

ဣတိပိ၊ ဤအကြောင်းကြောင့်လဲပဲ၊ ပရောလောကော၊ နောက် လောကသည်၊ နတ္ထိ၊ မရှိပါဘူး၊ ဣတိပိ၊ ဤအကြောင်းကြောင့်လဲပဲ။ ဩပပါတိကာ၊ ကိုယ်အလင်းရှား သွားကာပြုစတဲ့ သတ္တဝါတို့ဆိုတာလဲ။ နတ္ထိ၊ မရှိကြပါဘူး။ ဣတိပိ၊ ဤအကြောင်းကြောင့်လဲပဲ။ သုကတ ဒုက္ကဋာနံ ကမ္မာနံ၊ ကုသိုလ်, အကုသိုလ်ကံတို့ရဲ့။ ဖလံ၊ ပတ္တိ အကျိုးသည်။ ဝိပါကော၊ ပဋိသန္ဓေအကျိုးသည်၊ နတ္ထိ၊ မရှိပါဘူး။

ဧတ္ထ၊ ဤစကားရပ်၌၊ ဧဝံ၊ တပည့်တော်ရဲ့သန္တာန်မှာ၊ ဝေဝါဒီ၊ ဤသို့သောဝါဒရှိသည်၊ ဧဝံဒိဋ္ဌိ၊ ဤသို့သော အယူအဆရှိသည်။ ဟောတိ၊ ဖြစ်၍နေပါသေး၏။

အရှင်ဘုရား ဒီလိုအကျိုးအကြောင်းနဲ့ပြောဘာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် နောက်ဘဝမရှိ, ဥပပါတ်သတ္တဝါမရှိ, ကုသိုလ် အကုသိုလ်မရှိ ဆိုတဲ့ ဒီဝါဒဟာ တပည့်တော်သန္တာန်မှာ ဒီအတိုင်းပါပဲ၊ ဒီအယူအဆကို ဖယ်လို့မရဘူး။ ဒီလိုလုပ်လာတယ်နော်။

## ထောက်ခံပါတယ် လက်မခံနိုင်သေးဘူး

မိလိန္ဒမင်းနဲ့ အရှင်နာဂသိန်တို့ စကားစစ်ထိုးတဲ့နေရာမှာလဲ အရှင်နာဂသိန်က မိလိန္ဒမင်းရဲ့အမေးကို ဖြေလိုက်တယ်။ ပထမအဖြေမှာကိုထာသူသည် သဘောကျတယ်, ပထမအားခြကတည်းကိုက ကျေနပ်နေပြီ။ အရှင်နာဂသိန်မထေရ်ဟာ တကယ့် ရဟန္တာပုဂ္ဂိုလ်သူမြတ်ပဲလို့ သူ့စိတ်ထဲမှာ ကျေကျေနပ်နပ်ဖြစ်နေပြီ။ အဲဒါ ကိုးကွယ်ရာပေါ့၊ ဒီလိုမဟုတ်ဘူး။ ''အရှင်ဘုရား တပည့်တော်မေးဦးမယ်, အရှင်ဘုရား တပည့်တော် မေးဦးမယ်''ဆိုပြီး မေးမေး, မေးမေးသွားလိုက်တာ နည်းတဲ့မေးခွန်းတွေ မဟုတ်ဘူး။သိနေလျက်သားနဲ့ အဲဒါထပ်ဆင့်ထပ်ဆင့်ပြီးတော့ မေးနေတာ နော်။

အခုလဲပဲ စိတ္တကထိမ္မကထိက– ဆန်းကြယ်သော တရားစကား ဟောပြောတတ်တဲ့ ပုဂ္ဂိုလ်ပဲဆိုတာကို သူ(ပါယာသိမင်း)က ကြားထားတော့ ဆန်းဆန်းကြယ်ကြယ်ဟာတွေများပြောမလဲ၊ဆန်းဆန်းကြယ်ကြယ်ဟာတွေများပြောမလဲဆိုပြီး နည်းနည်းနည်းနည်း တဆင့်ထက်တဆင့်ကတ်ကတ်သတ်သတ်ကလေးတွေ လုပ်ဦးမှပဲ ဆိုပြီးတော့ အဆန်းအကြယ်လေးတွေ ကြားချင်တာနဲ့ ကတ်သတ်တဲ့ စကားလေးတွေကို ပါယာသိမင်းဟာ နည်းနည်း နည်းနည်းတိုးချဲ့ပြီး တမင် ပြောနေတာတဲ့။ ဒီမင်းကြီးရဲ့ ဖြစ်ပုံများကလဲ၊ ဟုတ်လား။

ဟောဒီမှာ နေ့, လ နှစ်ခုဟာ နတ်လောကထဲက နတ်သမီး နတ်သားတွေ နေကြတယ်ဆိုတဲ့ အဖြေနဲ့ပဲ သူ့အယူကိုသူသည် စွန့်လွှတ်ဖို့ကောင်းတယ်၊ နောက်လောကရှိတယ်, ဥပပါတ်သတ္တဝါရှိတယ်, ကုသိုလ် အကုသိုလ် ရှိတယ်ဆိုတာကို လက်ခံဖို့ ကောင်းပါပြီတဲ့။ ဒါပေမယ့် သူသည် စွန့်တယ်လို့ မပြောပဲနဲ့ အရှင်ဘုရား ပြောတာတော့ မှန်ပါတယ်လို့ ထောက်ခံလိုက်တယ်။

ကိဉ္စာပိ ဘဝံ ကဿပေါ ဝေမာဟ။

အရှင်ဘုရား ဒီလိုပြောတာတော့ ဟုတ်ပါရဲ့။

တဘက်ကထောက်ခံလိုက်တယ်၊ ထောက်ခံပြီးတော့မှ တခါရှောင်ထွက်သွားပြန်တယ်–

အထထေါ ဝေ မေ ဌေ ဟောတိ၊

သို့သော်လည်း တပည့်တော်မှာ ဝိအယူရှိနေပါသေးတယ်။

ဣတိပိနတ္ထိ ပရောလောကော၊ နောက်လောက ဆိုတာမရှိ၊ နတ္ထိ သတ္တာ ဩပပါတိကာ ဥပပါတ် သတ္တဝါမရှိ၊ နတ္ထိသုကဘ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော ကုသိုလ် အကုသိုလ် မရှိဆိုတဲ့ ဝိအယူအာသည် အကျွန်ုပ်၏ သန္တာန်မှာ ကျန်ရှိ၍ နေပါသေးတယ်လို့—

ပါယာသိဆုငညော၊ ပါယာသိမင်းကြီးသည်၊ အာယ သ္မာ ကုမာ ရကဿပ၊ အရှင်ကုမာရကဿပ မထေရ် သုမြတ်ကို၊ တော်ဝစနံ၊ ဤမိပိ အယူမစွန့်နိုင်ကြောင်း မကောင်းတဲ့စကားကို၊ အဝေါစ၊ ရွှေနားတော် ကြားအောင် လျှောက်ထား လိုက်ပါ ပေတော့သတည်း။

"သာဓု.... သာဓု.... သာဓုပါဘုရား"

## ဘာကြောင့် အယူကို မစွန့်နိုင်တာလဲ

ပါယာသိမင်းကြီးက အရှင်ကုမာရကဿပရဲ့ စကားကို ထောက်ခံ ပြီးတော့မှ ရှောင်သွားတယ်နော်၊ အရှင်ဘုရား ပြောတာ ဟုတ်ပါတယ်၊ သို့သော် တပည့်တော် ဝိအယူကို မစွန့်နိုင် သေးဘူးတဲ့။ အဲဒီလိုလဲ ဆိုလဲ ဆိုလိုက်ရော အရှင်ကုမာရ ကဿပက—

> အတ္ထိ ပန ရာဇည ပရိယာယော၊ ယေန မေ ပရိယာယေန ဝေ ဟောတိ၊

ဒါက အရှင်ကုမာရကဿပ ပြောလိုက်တဲ့ ပါဠိတော်စကားရပ်ပဲ။

ဒကာတော် ပါယာသိမင်း၊ ဒီလိုဆိုယင် ဒကာတော် ပါယာသိမင်း ကြီးသည် ဝိအယူကို မစွန့်နိုင်ကြောင်း ကောင်းမြတ်တဲ့စကားကို ငါ့အား ဆိုလိုက်ပေ၏။ ဝိအယူကို မစွန့်နိုင်ဘူး၊ မစွန့်နိုင်ဘူး ဆိုတာ အဘယ် အကြောင်းကြောင့် မစွန့်နိုင် တာတုန်း၊ ဒကာတော် ပါယာသိမင်းကြီးရဲ့ အယူမှန်တယ် ဆိုယင် အကြောင်း ပြဦး မှပေါ့။ နောက်လောက မရှိ ကြောင်း, ဥပပါတ်သတ္တဝါမရှိကြောင်း, ကုသိုလ် အကုသိုလ်မရှိကြောင်း ကို ဒကာတော် ပါယာသိမင်းကြီး အကြောင်းပြ၍ ဆိုဦးလော့။ ဒကာ တော် ပါယာသိမင်းကြီး အကျိုးနဲ့ အကြောင်းနဲ့ ပြောမှပေါ့။

အတ္ထိ ပန ရာဇညာ ပရိယာယော၊ ယေန စော ပရိယာယေန ဧဝံ ဟောတိ၊

ရာဇည၊ အဘိသိက် သွန်းခြင်း အလျင်းမရှိတဲ့ ပါယာသိမင်း ကြီး။ ယေနပရိယာယေန၊ အကြင်အကြောင်းကြောင့်။ စော၊ သင့်မှာ။ ဧဝံ၊ ဤသို့သော မိစ္ဆာဒိဋ္ဌိအယူသည်။ အတ္ထိ၊ ရှိနေတယ်။ သောပရိယာ ယော၊ ထိုမိစ္ဆာအယူမစွန့်နိုင်ကြောင်း အကြောင်း ပြချက်သည်။ အတ္ထိ ပန၊ သင်မင်းကြီးမှာ ရှိပါသေးသလား။

ဒီအယူ မှန်ကြောင်း ဒကာတော် မင်းကြီး ဘယ်အကြောင်း ပြ မတုန်းဆို၊ ဒီအခါကျတော့ ပါယာသိမင်းကြီးက ကောင်းပါပြီ ဒီလိုဆို ယင် တပည့်တော် ပြောပြပါ့မယ်။

အတ္ထိ ဘော ကဿပ ပရိယာယော၊ ယေန မေ ပရိယာ ယေန ဧဝံ ဟောတိ။ "ဣတိပိ နတ္ထိပရောလောကော၊ နတ္ထိ သတ္တာ ဩပပါတိကာ၊ နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော" တိ။

ဘော ကဿပ၊ အို– အရှင်ကုမာရကဿပ။

ဟောဒီ နောက်လောကမရှိ၊ ဥပပါတ်သတ္တဝါမရှိ၊ ကုသိုလ် အကု သိုလ် မရှိဘူးဆိုတဲ့ ဝါဒကြီးကို မှန်ကန်ကြောင်း တပည့်တော် သက်သေ ထူရမယ်ဆိုယင် ဒီအကြောင်းတွေ ရှိပါတယ်၊ တပည့်တော်ရဲ့ အယူမှန် ကြောင်း သက်သေ ထူဖို့ရန် တပည့်တော်မှာ အကြောင်း ရှိပါတယ်တဲ့၊ အကြောင်း ပြပါ့မယ်။

ယထာ ကထံဝိယ ရာဇညာတိ။

ဒကာတော်မင်းကြီးရဲ့ အကြောင်း ပြချက်ဟာ ဘယ်လိုတုန်း ဆို လိုက်စမ်းပါ။ အရှင် ကုမာရကဿပ ကလဲ နောက်ပါ သံဃာငါးရာနဲ့ ဆိုတော့ ဘယ်ကြောက်လိမ့်မတုန်း၊ ပါယာသိမင်းကလဲပဲ တမြို့လုံးအပေါင်း ညီပြီး ထွက်လာခဲ့တာ။ ယင်းတိုက်တောထဲမှာ နေ့ဆွမ်းစားပြီးတဲ့အချိန်ဆ စပြီးတော့ အကြိတ်အနယ် ဆိုနေကြတာနော်၊ ဒကာတော် မင်းကြီး အကြောင်းပြပေါ့လို့ ဒီလိုလဲ ဆိုလဲ ဆိုလိုက်ရော ပါယာသိ မင်းကြီးက အရှင်ကုမာရကဿပမထေရ် သူမြတ်ကို ပြောကြား လိုက်တယ် –

## ပါယာသိ မင်းကြီးရဲ့ အကြောင်းပြချက်

(ဒုစရိုက်သမား ဆယ်ယောက်)

ဣဓ ပေ ဘော ကဿပ၊

ဘော ကဿပ၊ ဒိ- အရှင်ကဿပရှင်။

ဣဓ၊ ဤလောကမှာ။ ပေ ... ။ အချို့ပုဂ္ဂိုလ် များစွာ သတ္တဝါတို့သည်။ အချို့သည်၊ ရှိကြပါကုန်၏။

ဤလောကမှာ တပည့်တော်ရဲ့ အဆွေ: မိတ်ဆွေဖြစ်ကြတဲ့ ပုဂ္ဂိုလ်များ ရှိကြပါတယ်။ ဘယ်လိုပုဂ္ဂိုလ်တွေလဲ ဆိုရင်

(၁) ပါဏာတိပါတိ၊ သူတပါးအသက်ကို သတ်လေ့ရှိကြကုန်သော ပုဂ္ဂိုလ်တို့သည်။ အချို့သည်၊ ရှိကြပါကုန်၏။

(၂) အဒိန္နာဒါယိ၊ ပိုင်ရှင်မပေးတဲ့ ပစ္စည်း ခိုးဝှက်လုယက်ကြတဲ့ ပုဂ္ဂိုလ်တို့သည်။ အချို့သည်၊ ရှိကြပါကုန်၏။

(၃) ကာမေသုမိစ္ဆာစာရီ၊ ကာမဂုဏ်ဖေါက်ပြားကို လွန်ကျူးစွာ ကျင့်ကြတဲ့ပုဂ္ဂိုလ်တို့သည်လည်း။ အချို့သည်၊ ရှိကြပါကုန်၏။

(၄) မုသာဝါဒီ၊ မမှန်စကား ပြောကြားကြတဲ့ ပုဂ္ဂိုလ်တို့သည်။ အချို့သည်၊ ရှိကြပါကုန်၏။

(၅) ပိသုဏာဝါစာ၊ ရန်ပိုက်တဲ့စကား ပြောကြားလေ့ ရှိကြတဲ့ ပုဂ္ဂိုလ်တို့သည်။ အချို့သည်၊ ရှိကြပါကုန်၏။

(၆) ဖရုသဝါစာ၊ နားမချမ်းသာအောင် ကြမ်းတမ်းတဲ့စကား ပြောကြားတဲ့ပုဂ္ဂိုလ်တို့သည်။ အချို့သည်၊ ရှိကြပါကုန်၏။

(၇) သမ္ဖပ္ပလာပဝါစာ၊ အတင်းအဖျင်း စကားပြောကြားလေ့ရှိကြတဲ့ ပုဂ္ဂိုလ်တို့လည်း၊ အချို့သည်၊ ရှိနေကြပါကုန်၏။

(၈) အဘိဇ္ဈာလူ၊ သူတပါးစည်းစိမ်ကို မတရား ရလိုဇောနဲ့ ကြံစည်ကြတဲ့ပုဂ္ဂိုလ်တွေလဲ။ အတ္ထိသန္တိ၊ ရှိနေကြပါကုန်၏။

(၉) ဗျာပန္နစိတ္တာ၊ သူတပါးရဲ့ စီးပွားချမ်းသာကို ဖျက်ဆီးလိုသောစိတ် ရှိကြတဲ့ပုဂ္ဂိုလ်တွေလဲ။ အတ္ထိ–သန္တိ၊ ရှိကြပါကုန်၏။

(၁၀) မိစ္ဆာဒိဋ္ဌိ၊ အရှင်ဘုရားတို့ပြောနေတဲ့ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တွေလဲ။ အတ္ထိသန္တိ၊ ရှိကြပါကုန်၏။

အားလုံး ဘယ်နှစ်ယောက်ရှိသွားပြီလဲ၊ ဆယ်ယောက် မဟုတ်လား၊ အဲဒါ ဒုစရိုက်ဆယ်ပါးပဲ။ ဒုစရိုက်ဆယ်ပါး လွန်ကျူးထားကြတဲ့ပုဂ္ဂိုလ် ဆယ်ယောက်တို့သည် ရှိပါတယ်။

## သေလုမျောပါး ဖြစ်နေကြတဲ့အချိန်

တေ၊ ထို ဒုစရိုက်ဆယ်ပါး လွန်ကျူးထားတဲ့ပုဂ္ဂိုလ်ဆယ်ယောက်တို့သည်။ (ကာယဝိ–ကရာဘေ၊ တရံ့ကာလ၌) အပရေန သမယေန၊ နောင်သောကာလ သမယ၌။ (ကံသေဒယ်၊ အခါတပါး၌) အာဗာဓိကာ၊ အနာရောဂါဖြင့် နှိပ်စက်ခံကြရကုန်သည်၊ ဟောန္တိ၊ ဖြစ်ကြပါကုန်၏။ ဒုက္ခိတာ၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြပါကုန်သော၏။ ဗာဠှဂိလာနာ၊ ပြင်းပြင်းထန်ထန် မကျန်းမမာကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြပါကုန်တော့၏။

အဲဒီလို ပါဏာတိပါတ အစရှိတဲ့ ဒုစရိုက်တရားတွေကို လွန်ကျူးတဲ့ လူမိုက်တွေဟာ အာဗာဓိကာ, ဒုက္ခိတာ, ဗာဠှဂိလာနာ–အနာရောဂါ နှိပ်စက်သို့ ပြင်းပြင်းထန်ထန် မကျန်းမမာဖြစ်ပြီးတော့ အိပ်ရာညောင်စောင်း လဲလျောင်းပြီးတော့ နေကြရပါတယ်။ ဒုစရိုက်သမားတွေဟာ သေလောက်အောင် ရောဂါစွဲပြီးတော့ အိပ်ရာထဲလဲကြတယ်ပေါ့။

> ယဒါပိဟံ ဇာနာမိ "နဒါနိမေ ဣမမှာ အာဗာဓာ ဝုဋ္ဌဟိဿန္တိ"တိ။

ဣမေ၊ ဤလူတို့သည်ကား။ ဒါနိ–ဣဒါနိ၊ ယခုအခါ၌။ ဣမမှာ အာဗာဓာ၊ ဤ အနာရောဂါမှ။ နဝုဋ္ဌဟိဿန္တိ၊ ထမြောက်ကြလိမ့်မယ် မဟုတ်ဘူး။

ဂူတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ထေ ... ဇ ... တော်သည်။ ဇာနာပိ၊ သိရပါ၏။

ဟောဒီ ဒုစရိုက်သမား လူမမ တွေ ဟာ ... ... လဲပြီး ... ကြတာ ဗိအိပ်ရာက ပြန်ထကြမှာမဟုတ်ဘူး။ ကဲ့

အဂိပ္ပာယ်က ဗိလူတွေဟာ သေဒေတ္တမှာပဲပေါ့။ ပါကာဝတိပါတာ, အဗိန္ဒဒါန ဆစရှိတဲ့ ဒုစရိုက်လွန်ကျူးတဲ့ ဟောဒီလူမိုက်ဆ ... ... ကဲဟာ အိပ်ရာမှာလဲ ရောဂါစွဲနေကြတာ သေကြတော့ ... ဖြစ် ... ပြီ။

သေလုလုအချိန်မှာ တပည့်ဘော်ဟာ သူ ... ... ချဉ်းကပ်သွားပါတယ်။ ဒုစရိုက်သမား၊ လူမမာတွေ သေကာနီးမှာ သူ ... အနား ... ကပ်သွားတယ်။ အနားချဉ်းကပ်ပြီးတော့ ဘာပြောကုန်းဆိုတော့

''အချင်းတို့သည် ပါဏာတိပါတ, အဗိန္နဒါန ... ... ... မိုက် ဆယ်ပါး လွန်ကျူးထားတဲ့ လူမိုက်ဘွေဖြစ်ကြပါတယ်။ ... ... ထေဂါဏ လဲ ထမြောက်ကြလိမ့်မယ် မဟုတ်ဘူး''လို့ ဘေးနားကနေ ... ... ဘော့ လူမမာတွေကို သူပြောနေတယ်။ ပြီးတော့ ဘာ ... ကဲပြောဉ့န်သလဲ။

ဒုစရိုက်သမား အပါယ်လားမယ်-တဲ့

သန္တိ ခေါ ဘော ဧကေ သ ဏာပြာဟ္မဏာ ဝေ၀ါဒိနော ဝေဝဒ္ဒိနော။

ဘော–ဘ၀န္တော။ အို–အချင်းတို့။

ဝေ၀ါဒိနော၊ ဤသို့သော ၀ါဒ ရှိကြကုန်သော။ ဝေဝဒ္ဒိ နော၊ ဤသို့သော အယူအဆရှိကြကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏပြာဟ္မဏာ၊ သမဏ, ပြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်တို့သည်။ အတ္ထိ သန္တိ၊ ရှိနေကြတယ်။

အချင်းတို့၊ ဒီလို၀ါဒရှိတဲ့ သမဏ, ပြာဟ္မဏပုဂ္ဂိုလ်တွေ လောက မှာ ရှိကြတယ်။ ဘယ်လို၀ါဒရှိတဲ့ သမဏ, ပြာဟ္မဏပုဂ္ဂိုလ် ... တွေတုန်းဆိုယင်

ဓတ ကာယဿ ဘေဒါ ပရံမရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇိဿန္တိ တိ။

တေ၊ ထိုဒုစရိုက်ဆယ်ပါး လွန်ကျူးတဲ့ပုဂ္ဂိုလ်တို့သည်။ ကာယဿ၊ ခန္ဓာကိုယ်ရဲ့။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ မရဏာ၊ စုတိဖြတ်ကြွေ သေ လွန်သည်မှ။ ပရံ၊ နောက်ကာလ၌။ အပါယံ၊ ချမ်းသာကင်းသော။ ဝိနိ

ပါတံ၊ ဖရိဖရဲ ပြိုကွဲပျက်စီး၍ ကျရောက်ရာဖြစ်ပေသော။ ဒုဂ္ဂတိံ၊ လူဆိုးသူဆိုးတို့ရဲ့ သွားရောက်ရာဖြစ်ပေသော။ နိရယံ၊ ငရဲသို့။ ဥပ ပဇ္ဇိဿန္တိ၊ ရောက်ကြလိမ့်မယ်။

ဣတိဝေဝံ ဒိဋ္ဌိနော၊ ဤသို့သောဝါဒ ရှိကြပေကုန်သော။ ဣတိဝေဝံ ဒိဋ္ဌိနော၊ ဤသို့သောအယူအဆရှိ၍ နေကြကုန်သော။ သမဏ ဗြာဟ္မဏာ၊ သမဏ, ဗြာဟ္မဏ ခေါ်ဆို ပုဂ္ဂိုလ် သူမြတ်တို့သည်။ အတ္ထိသန္တိ၊ ရှိကြလေကုန်၏။

ပါဏာတိပါတာ ဒုစရိုက် လွန်ကျူးတဲ့ ပုဂ္ဂိုလ်တို့သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးဘုံသို့ ကျရောက်တတ်တယ်လို့ အယူဝါဒရှိကြတဲ့ သမဏ, ဗြာဟ္မဏပုဂ္ဂိုလ်တွေ လောကမှာ ရှိနေကြတယ်။

ပါယာသိမင်းကြီးက ဒုစရိုက်သမား လူမမာတွေကို ဘေးနားက ထိုင်ပြီး သူပြောနေတာ၊ ဟော့—မင်းတို့ဒုစရိုက်သမားတွေနော် အိပ်ရာထဲ လဲနေတယ်၊ ဒီရောဂါက မင်းတို့ထကြမှာ မဟုတ်တော့ဘူး။ ဒီတော့ ငါကြားဖူးသားတယ်က—ဒုစရိုက်ဆယ်ပါး လွန်ကျူးတဲ့ ပုဂ္ဂိုလ်တွေ သေယင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးဘုံ သွားတယ်လို့ ကြားရဖူးတယ်။ အထူးသဖြင့် ဒုစရိုက်သမားဟာ ငရဲ သွားတယ်လို့ ကြားဖူးတယ်က၊ ငရဲသွားရတယ်လို့ အယူအဆရှိတဲ့ ပုဂ္ဂိုလ်တွေဟာ လောကမှာ အများကြီးပဲနော်။

ဘဝန္တော၊ အို—အချင်းတို့။

ကာယဿ၊ လက်ရှိရနေတဲ့ခန္ဓာကိုယ်ကြီးရဲ့။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ မရဏာ၊ စုတိစိတ်ကြွေ သေလွန်သည်မှ၊ ပရံ၊ နောက်ကာလ၌။ အပါယံ၊ ချမ်းသာကင်းသော။ ဝိနိပါတံ၊ ဖရိဖရဲ ပြိုကွဲပျက်စီး၍ ကျရောက်ရာဖြစ်ပေသော။ ဒုဂ္ဂတိံ၊ လူဆိုးသူဆိုးတို့ရဲ့ သွားရောက်ရာ ဖြစ်ပေသော။ နိရယံ၊ ငရဲသို့။ သစေဉပပဇ္ဇေယျာထ၊ အကယ်၍ ကပ်ရောက်ကြကုန်မယ်ဆိုယင်။

အချင်း (အမောင်) တို့ သေပြီးလို့ ငရဲကိုများ အကယ်၍ ရောက်သွားကြမယ်ဆိုယင်—

ငရဲ ရှိ မရှိ ပြန်လာပြောလှည့်ဝမ်းပါ

ယေန မေ အာဂန္တွာ အာရောစေယျာထ

ယေန၊ အကြောင်ရောက်ရာငရဲမှ၊ အာဂန္တွာ၊ ပြန်လာပြီးတော့၊ မေ၊ ငါ့အား၊ အာရောစေယျာထ၊ ပြောကြစ်ပါ။

ပါယာသိမင်းမှာလိုက်တာ မင်းတို့ သေပြီး ငရဲ ရောက်ကြတော့မှာကွ၊ ငရဲများရောက်သွားလို့ရှိရင်လေ၊ အဲဒီငရဲအိုးကနေ ပြန်လာပြီးတော့ ငါ့ကို ပြန်ပြောကြစမ်းပါ. တဲ့

သူ့တပါးအသက် သတ်လေ့ရှိတဲ့ ပုဂ္ဂိုလ်တို့သည်၊ သူတပါးပစ္စည်း မတရားယူလေ့ရှိတဲ့ ပုဂ္ဂိုလ်တို့သည်၊ ကာမဂုဏ်ကို လွန်ကျူးမှားယွင်းစွာ ကျင့်တဲ့ပုဂ္ဂိုလ်တို့သည်၊ မမှန်စကား ပြောလေ့ရှိတဲ့ ပုဂ္ဂိုလ်တို့သည်၊ ရန်တိုက်စကား ပြောကြားလေ့ရှိတဲ့ ပုဂ္ဂိုလ်တို့သည်၊ ကြမ်းတမ်းတဲ့စကား ပြောကြားလေ့ရှိတဲ့ပုဂ္ဂိုလ်တို့သည် အတင်းအဖျင်းစကား ပြောကြားလေ့ရှိတဲ့ပုဂ္ဂိုလ်တို့သည်၊ သူ့ဘပါးစည်းစိမ်ကို မတရားကြံစည်လေ့ရှိတဲ့ ပုဂ္ဂိုလ်တို့သည်၊ သူတပါးရဲ့စီးပွားချမ်းသာကို ဖျက်ဆီးလေ့ရှိတဲ့ပုဂ္ဂိုလ်တို့သည်၊ မှားယွင်းသော အယူအဆရှိတဲ့ ပုဂ္ဂိုလ်တို့သည်၊ ငရဲမှာ ဖြစ်ကြရတယ်လို့ ငရဲအိုးထဲမဆင်းသေးခင် ငါ့ကို စေ့စေ့စပ်စပ်ပြန်ပြီးတော့ ပြောလှည့်ကြစမ်းပါ--တဲ့၊ သူက မှာလိုက်တယ်။

ဒုစရိုက်လွန်ကျူးတဲ့ ပုဂ္ဂိုလ်တွေ ငရဲရောက်တယ်ဆိုတဲ့အကြောင်းကို မင်းတို့ဘတွေ သေသွားလို့ငရဲများရောက်ခဲ့ယင်၊ ငရဲအိုးထဲ မဆင်းသေးခင် ငါ့လာပြောကြစမ်းပါကွာလို့ သူက ဟိုလူတွေကို မှာလွှတ်လိုက်တာ။ ဟိုလူတွေကလဲ ကောင်းပါပြီ၊ ကျုပ်တို့ ငရဲအိုးထဲမဆင်းသေးခင် ငရဲအိုး နှုတ်ခမ်းနားကနေ ပြန်လာပြီးတော့, ကောတဗျမြို့က ပါယာသိမင်းကြီးရဲ့ နန်းတော်ထဲကို ပြန်လာပြီးတော့ ပြောပါမယ်လို့ ကတိပေးသွားကြတယ်။ ကောင်းပါပြီ၊ ငရဲအိုးထဲမဆင်းသေးခင် ပြန်လာပြီးတော့ ပြောပါမယ်လို့ ကတိပေးပြီးတော့ သွားကြတယ်။ သူကလဲ ယုံကြည်စိတ်ချပြီးတော့—

ဘဝန္တော ဝေါ ယေ မေ သဒ္ဓါယိကာ ပစ္စယိကာ

ဘဝန္တော၊ အချင်းတို့၊ တုမှေ၊ သင်တို့သည်ကား။ မေ၊ ငါ့ရဲ့။ သဒ္ဓါယိကာ၊ ယုံကြည်လောက်တဲ့ပုဂ္ဂိုလ်တွေပါ။ ပစ္စယိကာ၊ အားကိုးလောက်တဲ့ ပုဂ္ဂိုလ်တွေပါ။

ထင်တို့ဘာတွေဟာ ငါယုံကြည်စိတ်ချအားကိုးရတဲ့ ပုဂ္ဂိုလ်တွေပါ၊ လာပြီးတော့ မပြောပဲနဲ့မနေကြပါနဲ့၊ ကျုပ်တို့ ငရဲသွားကြရတော့မယ် ဆိုတဲ့အကြောင်းကို သေပြီး ငရဲအိုးနှုတ်ခမ်းနားကနေလာပြီးတော့ ပြော လှည့်ပါဦး၊ ယုံကြည်အားကိုးရတဲ့ ပုဂ္ဂိုလ်တွေမို့ စကားလေးတခွန်း ငါမှာလိုက်ပါရစေ ဆိုပြီးတော့—

**တယောက်မှ ပြန်လာမပြောကြဘူး**

ဘော ကဿပ၊ အို—အရှင်ကုမာရကဿပ။

အဟံ၊ ငါသည်။ တေ၊ ထိုရောဂါစွဲပြီးတော့ အိပ်ရာမှာ လဲနေကြတဲ့ ဒုစရိုက်သမား သေလုလု ပုဂ္ဂိုလ်တွေကို။ ဧဝံ၊ ဤသို့။ ပြောဆိုမှာကြားလိုက်ပါတယ်။

ဘော ကဿပ၊ အို—အရှင်ကုမာရကဿပ။

တေ၊ ထိုဒုစရိုက်ဆယ်မျိုး လွန်ကျူးထားတဲ့ လူဆယ်ယောက် တို့သည်၊ ကာလံကရောန္တိ၊ ကွယ်လွန်ခဲ့ကြပါကုန်၏။

အဲဒီလူတွေဟာ မုချကြခင်ပဲ ကွယ်လွန်ကုန်ကြပါတယ် တဲ့။

တေ မေ "သာဓု" တိ ပဋိဿုတွာ နေဝ အာဂန္တွာ
အာရောစေန္တိ၊ န ပန ဒူတံ ပဟိဏန္တိ။

ဘော ကဿပ၊ အို—အရှင် ကုမာရကဿပ။

တေ၊ ထိုပုဂ္ဂိုလ် ဆယ်ယောက်တို့သည်။ မေ၊ ငါပည့်တော်အား။ သာဓုတိပဋိဿုတွာ၊ ကောင်းပါပြီ၊ ပြန်လာပြောလှည့်ပါမည်ဟု ဝန်ခံပြီး တော့မှ။ အာဂန္တွာ၊ ပြန်လာ၍။ နေဝအာရောစေန္တိ၊ မပြောကြားကြပါ ကုန်။

ကိုယ်တိုင် မလာနိုင်ယင်လဲ နေပေါ့—

ဒူတံ(ပိ)၊ တမန်ကိုလဲပဲ။ နပဟိဏန္တိ၊ မပို့လွှတ်လိုက် ကြပါကုန်။

ကိုယ်တိုင် မလာနိုင်ယင် တမန်စေလိုက်ရောပေါ့၊ တမန်လွှတ်လိုက် ယင် အဘောင်သား။ ကိုယ်စားလှယ် လွှတ်ပြီးတော့ပြော၊ စာတမန်နဲ့ပြော၊ အဲဒီလို ပြောဖို့ကောင်းတယ်။ အေး ဒါကြောင့်—

တော၊ ထိုပုဂ္ဂိုလ်တို့သည်၊ ကာလံကတာ၊ ကွယ်လွန်ခဲ့ကြကုန်သည် ရှိသော်၊ ကော စိပ်၊ ဖ ဂုံ ကယောက်သော ပုဂ္ဂိုလ်ကလဲပဲ။ မ၊ တပည့်တော်ကို၊ နေ၀ဘာ ဖောဒေ ကို ငရဲ ရောက်နေကြတယ် ဆိုတာကို လာပြီး တော့ မပြော ကြ ပါ ကုန်၊ တော်ပါ၊ တအနီ လေးကိုတောင်မှ၊ နပပါကဆို၊ မပို့လိုက်ကြပါကုန်၊

ဓေတာန် ကိုယ်စား၊ လူသ်လွှတ်ပြီးတော့တောင် လာမပြောကြဘူး၊ ကိုယ်တိုင်လဲ တယောက်မှ လာမပြောဘူး၊ ပေါ့ကြုံနဲ့လဲ လှမ်းပြီးတော့ မပြောကြဘူး၊–တဲ့

အယမ္ပိ ခေါ ဘော ကဿပ ပရိယာယော၊ ယေန မေ ပရိယာယေန ဧဝံ ဟောတိ–

ဘော ကဿပ၊ အို–အရှင် ကုမာရကဿပ။

ယေနပရိယာယေန၊ အကြင် အကြောင်းကြောင့်၊ ပရောလော ကော၊ တမလွန်လောက နေ ပ ေလာက ဆိုဘာ။ နတ္ထိ၊ မရှိပါဘူး။ ယေနပရိယာယေန၊ ယင်း အကြောင်းကြောင့် လဲပဲ၊ ဩပပါတိကာ၊ ကိုယ်အထင်အရှား ဘွားနဲ့ ဖြစ်ကြတဲ့ ငရဲ, ပြိတ္တာ, နတ်, ဗြဟ္မာ ဆိုတဲ့ သတ္တဝါတွေဟာလဲ။ နတ္ထိ၊ မရှိကြပါဘူး၊ သုကဘဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ ကုသိုလ် အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးတွေ ဆိုတာလဲပဲ။ နတ္ထိ၊ မရှိနိုင်ကြပါဘူး။

ဘော ကဿပ၊ အို–အရှင် ကုမာရကဿပ။

တေနပရိယာယေန၊ ထိုအကြောင်းကြောင့်။ မေ၊ တပည့်တော်မှာ။ ဧဝံဝါဒီ၊ ဤသို့သော ဝါဒရှိသည်။ ဧဝံဒိဋ္ဌိ ဤသို့သော အယူအဆ ရှိသည်။ ဟောတိ၊ ဖြစ်နေပါတော့၏။

ဣတိ၊ ဤသို့၊ ပါယာသိရာဇညော၊ ပါယာသိ မင်းကြီးသည်၊ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင် ကုမာရကဿပ မထေရ်သူမြတ်ကို၊ ဧတံဝစနံ၊ ဤဆိုခဲ့ဘဲ့ စကားကို။ အဝေါစ၊ ကောင်းစွာမသေ့ ပြောကြား (လျှောက်ထား) လိုက်ပါပေတော့သတည်း။

"သာဓု–သာဓု–သာဓုပါ ဘုရား"

## ဒါကြောင့် တမလွန်လောက မရှိတာ

ပါယာသိမင်းရဲ့ အကြောင်းပြချက်ကို လိုရင်း စုလိုက်၊ အရှင် ကုမာရကဿပ ဘုရား–ဒုစရိုက် လွန်ကျူးနေတဲ့ လူမိုက်တွေဟာ အိပ်ရာ ညောင်စောင်းထက်မှာ သေဖို့ရန် လဲလျောင်းတဲ့ အခါ တပည့်တော် သွားပြီးတော့ မှာလိုက်တယ်၊ ဟော့–မင်းတို့ သေပြီးယင် ငရဲအိုး ရောက်လိမ့် မယ်။ ဘာဖြစ်လို့လဲ၊ ဗုဒ္ဓ ဂေါတမက ဟောထားတယ်၊ ဟောဒီ ကုမာရ ကဿပ ကိုယ်တော်တို့က ဟောထားတယ်၊ ပါဏာတိပါတ အစရှိတဲ့ ဒုစရိုက် လွန်ကျူးယင် ငရဲ ရောက်တယ်လို့ ဟောထားတယ်ကွ။ မင်းတို့ တတွေဟာ ဇီရောဂါက ထကြတော့မှာ မဟုတ်ဘူး၊ သေယင် ငရဲ သွားကြတော့မှာ။

အဲဒါကြောင့် ငရဲ သွားလို့ရှိယင် ငရဲအိုးထဲ မဆင်းသေးခင် ငရဲ အိုး နှုတ်ခမ်းနားကနေ ပြန်လာပြီးတော့ ငရဲ ရှိတယ်ဆိုတဲ့ အကြောင်း ပါယာသိမင်းကြီးကို လာပြောလှည့်ကြစမ်းပါ။ ပါဏာတိပါတ ဒုစရိုက် တွေကို လွန်ကျူးတဲ့ ပုဂ္ဂိုလ်များ၊ ဒုစရိုက်တွေကို လွန်ကျူးတဲ့ ပုဂ္ဂိုလ် များ၊ ဒုစရိုက်ဆယ်ပါး လွန်ကျူးတဲ့ ပုဂ္ဂိုလ်များ ငရဲရောက်တယ် ဆိုတဲ့ အကြောင်းကို ငရဲပြည်ကနေ တတ်နိုင်ယင်လဲ ကိုယ်တိုင် ပြောလှည့်ကြပါ၊ ကိုယ်တိုင် ပြန်မပြောနိုင်ယင်လဲ တဆင့် လာပြီးတော့ ပြောလှည့် ကြစမ်း ပါလို့ တပည့်တော် မှာလွှတ်လိုက်ပါတယ်။

တပည့်တော် မှာလိုက်တဲ့ ပုဂ္ဂိုလ်တွေ ကလဲ ကောင်းပြီလို့ ဝန်ခံ သွားကြတယ်၊ တပည့်တော် ယုံကြည်လောက်တဲ့ သဒ္ဓါယိက ပုဂ္ဂိုလ်တွေ, အားကိုးရတဲ့ ပစ္စယိက ပုဂ္ဂိုလ်တွေပဲ၊ ဒီလူတွေဟာ လိမ်တော့ မလိမ်ကြ ဘူး။ လာမယ်ဆိုပြီးတော့ မလာဘူး၊ ပြောမယ်ဆိုပြီးတော့ မပြောဘူး၊ ဒီလို ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ လာမယ်ဆိုယင် လာကိုလာတယ်, ပြော မယ်ဆိုယင် ပြောကိုပြောတယ်။

ဒီလို ယုံကြည်အားကိုးရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပေမယ့် တယောက်မှ လာပြီးတော့ ကိုယ်တိုင်လဲမပြော တဆင့်လဲပဲ မမှာကြားလိုက်ဘူး ဆိုတော့ တပည့်တော် စဉ်းစားရတာဖြင့် အဲဒီလူတွေ သေပြီး ဘာမှ မဖြစ်ဘူး ပြတ်စဲသွားတယ်၊ သေပြီးယင် ပြီးသွားတာပဲ ဘာမှမဖြစ်ကြဘူး။ နောက် လောကလဲ မရှိဘူး၊ ဥပပါတ်သတ္တဝါ, ငရဲဆိုတာ, ပြိတ္တာဆိုတာ, နတ်

ဖြဟ္မာဆိုတာ မရှိဘူး။ အဲဒါတွေ ပိုယင် ကုသိုလ် အကုသိုလ် ဘယ်ရှိ တော့မှာလဲလို့ ပါယာသိမင်းကြီးက အဲဒီလို ကိုင်လိုက်တယ်။

ပါယာသိမင်းကြီးကို သူမှာလိုက်တဲ့ လူတွေ သူ့လာ မပြောတာနဲ့ ပဲ ငရဲ နတ်ပြည် မရှိဘူးလို့ မိသိုလုပ်တာ၊ ဂုန်းကြီးပို့ မြိုသက် မှာကြည့် ပါလား၊ ဘယ်သူ လာပြောမှာလဲ၊ ဘယ်သူမှ လာမပြောဘူး၊ မပြော တာနဲ့ မရှိဘူးလို့ ပုတ်ရမှာလား။

အရှင်ကုမာရကဿပရဲ့ စောရဥပမာ

ဒီတော့ အရှင်ကုမာရကဿပ မထေရ်သူမြတ်က–

ဘေန ဟိ ရာဇည တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ။

ပါယာသိမင်းကြီး–ထိုကဲ့သို့ ဖြစ်မယ်ဆိုယင် သင်မင်းကြီးကိုပဲ ငါပြန်၍မေးစမ်းပါရစေ။

ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ။

သင်မင်းကြီး ကြိုက်သလိုဖြေလိုက်စမ်းပါ။

ဒါမျိုး နှစ်ခါရှိပြီနော်။ ဒကာတော်မင်းကြီးကို မေးမယ်၊ ကြိုက် သလိုသာ ဖြေလိုက်စမ်းပါ။ အရှင်ဘုရား မေးပါ၊ တပည့်တော် ကြိုက် သလိုဖြေပါ့မယ်။ အရှင်ဘုရားကလဲ ကြိုက်တဲ့မေးခွန်းကို မေးသာမေးပါ ဆိုတော့ အရှင်ကုမာရကဿပ မထေရ်သူမြတ်က–

ဣဓ တေ ပုရိသာ စောရံ အာဂုစာရိံ ဂဟေတွာ ဒဿေယျုံ။

ရာဇည၊ ပါယာသိမင်းကြီး။ ဣဓ၊ ဤဒကာတော်မင်းကြီးရဲ့ သေဘဗျမြို့မှာ။ ပုရိသာ၊ မင်းချင်းယောကျ်ားတို့သည်။ အာဂုစာရိံ၊ စက်ဆုပ်ဖွယ်ကောင်းတဲ့ အကျင့်ရှိသော။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ ဖမ်းယူ၍။ တေ၊ သင်မင်းကြီးအား။ ဒဿေယျုံ၊ ပြသကုန်ရာ၏။

ဒကာတော်မင်းကြီး–မင်းကြီးရဲ့နန်းတော်က မင်းချင်းယောကျ်ား အာဏာပါးကွက်သားတို့သည် သူခိုးတယောက်၊ ဒမြဘယောက်၊ လူသတ် သမားတယောက်ကို ဖမ်းပြီးတော့ မင်းကြီးထံလာပြတယ်လို့ ဆိုပါစို့–

"အယံ တေ ဘန္တေ စောရော အာဂုစာရီ"

အို–အရှင်မင်းကြီး၊ ဤပုဂ္ဂိုလ်သည်ကား သူခိုး ဖြစ်ပါတယ်၊ ဒုမြဖြစ်ပါတယ်၊ လူသတ်သမားဖြစ်ပါတယ်၊ ကိုယ်ကျင့်တရား ပျက်ပြား နေတဲ့ ရာဇဝတ်မှုလွန်ကျူးတဲ့ ပုဂ္ဂိုလ်တယောက် ဖြစ်ပါတယ်။

ဣမဿ ယံ ဣစ္ဆသိ၊ တံ ဒဏ္ဍံ ပဏေဟိ တိ။

အရှင်မင်းကြီးသည် ပေးလိုတဲ့ အပြစ်ဒဏ်ကို ဟောဒီပုဂ္ဂိုလ် အတွက် ပေးတော်မူလိုက်ပါ။

မင်းချင်းယောက်ျားတွေက သူခိုးတယောက်ကို ဖမ်းပြီး မင်းကြီး ထံ လာပြီးတော့ တင်ပြတယ်။ "မင်းကြီး၊ သူခိုးတယောက် ဖမ်းလာခဲ့ပါ တယ်၊ အပြစ်ဒဏ်ပေးတော်မူပါ" လိုရင်းက ဒါပဲ။

ဒီလိုဆိုယင် ဒကာဘော်မင်းကြီး ဘယ့်နှယ်လုပ်မလဲ၊အဲဒီလိုဆိုယင် အဲဒီပုဂ္ဂိုလ်ကို အပြစ်ဒဏ်ပေးရပါလိမ့်မယ်။ ဒီပုဂ္ဂိုလ်ဟာ သူခိုးတယောက် လူတွေကိုသတ်လာတဲ့ လူသတ်သမား ဖြစ်တဲ့အတွက်ကြောင့်–

ရာဇဝတ်သားကို သေဒဏ်ပေးမယ်

"တေန ဟိ ဘော ဣမံ ပုရိသံ ဒဠှာယ ရဇ္ဇုယာ

ပစ္ဆာ ဗာဟံ ဂါဠှ ဗန္ဓနံ ဗန္ဓိတွာ ခုရ မုဏ္ဍံ ကရိတွာ၊

ဘော၊ အို– အချင်းတို့။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ ဣမံပုရိသံ၊ ဤယုတ်မာသော အကျင့်ရှိသော လူမိုက်ကို။ ဂဟေတွာ၊ ဖမ်းယူကြကုန်၍။ ဒဠှ၊ မြဲမြဲ မြံမြံ။ ရဇ္ဇုယာ၊ ကြိုးဖြင့်။ ဗန္ဓိတွာ၊ နှောင်ဖွဲ့ကြကုန်၍။ ဂါဠှဗန္ဓနံ၊ မြဲမြံသော အနှောင်အဖွဲ့ဖြင့်။ ပစ္ဆာဗာဟံ၊ လက်ပြန်။ ဗန္ဓိတွာ၊ နှောင်ဖွဲ့ ကြကုန်၍။

ကြိုးခိုင်ခိုင်နဲ့ အဲဒီပုဂ္ဂိုလ်ကို လက်ပြန်ကြိုး တုပ်ပြီးတော့ –

ခရဿရေန ပဏဝေန ရထိကာယ ရထိကံ သိင်္ဃာဋကေန

သိင်္ဃာဋကံ ပရိနေတွာ ဒက္ခိဏေန ဒွါရေန နိက္ခမိတွာ ဒက္ခိ

ဏတော နဂရဿ အာဃာတနေ သီသံ ဆိန္ဒထာ" တိ။

ရထိကာယ ရထိကံ၊ ရထားသွားရာ လမ်းမကြီး တခုမှ ရထား သွားရာလမ်းမကြီး တခုသို့။ သိင်္ဃာဋကေန သိင်္ဃာဋကံ၊ လမ်းဆုံတခုမှ လမ်းဆုံတခုသို့။ နေတွာ၊ ဆောင်ကြကုန်၍။

အဲဒီထုဇဝတ်သားကို လက်ပြန်ကြိုးတုပ်ပြီးတော့ မော်တော်ကား လမ်းတွေ တလမ်းမှတလမ်း၊ တလမ်းမှ တလမ်း၊ ဆွဲခေါ်ပြီးတော့ သွား၊ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ဆွဲခေါ်ပြီးတော့သွား၊ မြို့ထဲလှည့်ပြီးတော့ ပြတာလို့ ဆိုလိုတယ်၊ ဟုတ်လား။ အဲဒီလို လှည့်လည် ဆွဲခေါ် သွားပြီး တော့ ဘာလုပ်သလဲ–

ခရဿရေန ပဏဝေန–ကြမ်းတမ်း ရက်စက်သော စည်ကိုထုပြီး တော့ အဲဒီပုဂ္ဂိုလ်ကို ခေါ်သွားရမယ်၊ သာယာကြည်နူးဖွယ် ကောင်းတဲ့ စည်မဟုတ်ဘူး၊ ကြမ်းတမ်းသော ရက်စက်သော အသံရှိတဲ့စည်ကို ထုရိုက် ပြီးတော့ အဲဒီသူခိုးဒမြကို မြို့ထဲ လက်ပြန်ကြိုး တုပ်ပြီးတော့ လှည့်လည် ကြ။ လှည့်ပြီးတော့မှ–

ဒက္ခိဏေန ဒွါရေန နိက္ခမိတွာ ဒက္ခိဏတော နဂရဿ အာဃာတနေ သီသံ ဆိန္ဒေထာ'' တိ။

နဂရဿ၊ မြို့ရဲ့။ ဒက္ခိဏေန ဒွါရေန၊ တောင်ဘက် တံခါးကနေ ပြီး။ နိက္ခမိတွာ၊ ထွက်ခွာကြကုန်၍။

မြို့ရဲ့တောင်ဘက် တံခါးက ထွက်လိုက်ကြ။ အေး- ဗိစာထဲ မှာတော့ လူဆိုးကို သတ်မယ်ကြံယင် တောင်ဘက် တံခါးက ထုတ်တယ်၊ ဘုန်းကြီးတို့ လက်ရှိ မန္တလေး နေပြည်တော်က တောင်ဘက် တံခါးဟာ ''မင်္ဂလာတံခါး''၊ လူဆိုးဒမြ သတ်ဖို့ထုတ်တဲ့ တံခါးဟာ အနောက်ဘက် က အာဋ္ဌဝိ တံခါး၊ ဟုတ်လား။ အေး- စနစ်တွေဟာ တခေတ်နဲ့ တခေတ်မတူဘူး၊ ပြောင်းလဲခြင်း သဘော ရှိတယ် ဆိုတာလေးကို နား လည် ထားကြရမယ်။

ဒက္ခိဏတော နဂရဿ၊ မြို့ရဲ့ တောင်ဘက်က။ အာဃာတနေ၊ လူကောင်သတ်ရာ သုသာန်မှာ။ နိသီဒါပေယျုံ၊ အဲဒီပုဂ္ဂိုလ်ကို ထိုင်ကြ စေကုန်ရာ၏။

ရာဇဝတ်သားကို လက်ပြန်ကြိုးတုပ် မြို့ထဲလှည့်, တောင်စမုခ် ကနေ ထုတ်ပြီးတော့ သုသာန်မှာ ကြိုးနဲ့ တုပ်ပြီးတော့ ထားလိမ့်မယ် သတ်ဖို့ အမိန့် ပေးထားတာကိုး။

### ရာဇဝတ်သားက တောင်းပန်လိမ့်မယ်

အဲဒီလို သတ်ဖို့ အမိန့်ပေးပြီးတော့ သုသာန်မှာ ချည်နှောင်ထား တဲ့ကာလ၊ ဒီပုဂ္ဂိုလ်ကို သေဒဏ် ပေးတော့မယ် ဆိုတော့ ဟိုဘက်က အာ

ဏာ ပါးကွက်သားတွေက လုပ်ကြတယ်၊ ဘာလုပ် ကြသလဲ၊ တွင်းတူး ကြမယ်၊ သူ့ကိုစီရင်ဖို့ရန် ပြင်ဆင်မှုတွေ အကုန်လုံး လုပ်ကြတယ်။ ပြင်ဆင်မှု လုပ်နေတုန်းမှာ အဲဒီ ပုဂ္ဂိုလ်က တောင်းပန်လိမ့်မယ်။ ဒီရာဇဝတ်သားက စောင့်ကြပ်နေတဲ့ ပုဂ္ဂိုလ်တွေကို ပြောလိမ့်မယ်—

"အာဂမေန္တု တာဝ ဘဝန္တော စောရဃာတာ"

ဘဝန္တော စောရဃာတာ၊ အချင်းတို့။ တာဝ၊ ဤရွေ့လောက်။ အာဂမေန္တု၊ ဆိုင်းကြပါဦး။

အချင်းတို့ ခဏလေး ဆိုင်းကြပါဦး။ ဘာအတွက်လဲ —

အမုကသ္မိံ မေ ဂါမေ ဝါ နိဂမေ ဝါ မိတ္တာမစ္စာ ဉာတိသာ လောဟိတာ၊ ယာဝ ါဟံ တေသံ ဉဒ္ဒိသိတ္ဝာ အာဂစ္ဆာမိ" တိ။

ဂါမေဝါ နိဂမေဝါ၊ ရွာမှာ လည်းကောင်း၊ မြို့မှာလည်းကောင်း။ မေ၊ ငါ၏။ ဉာတိသာ လောဟိတာဝါ၊ ဆွေမျိုးသားချင်းတို့သည် လည်းကောင်း။ မိတ္တာမစ္စာဝါ၊ မိတ်ဆွေ ခင်ပွန်း တို့သည်လည်းကောင်း။ အတ္ထိသန္တိ ရှိကြပေကုန်၏။

တေသံ၊ ထိုမြို့ရွာ နိဂုံး အနှံ့ ရှိနေကြတဲ့ အကျွန်ုပ်ရဲ့ မိတ်ဆွေခင်ပွန်းတို့ကို၊ ဉဒ္ဒိသိတ္ဝာ၊ နှုတ်ဆက်၍, ပန်ကြား၍။ ယာဝ–ယတ္တကံကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အာဂစ္ဆေယျ၊ ပြန်လာခဲ့ပေရာ၏။ တာဝ–ယတ္တကံကာလံ၊ ထိုမိတ်ဆွေ ခင်ပွန်းတို့ကို နှုတ်ဆက်နေသမျှ ပန်ကြားနေသမျှ ကာလပတ်လုံး။ မံ၊ အကျွန်ုပ်ကို။ အာဂမေန္တု၊ မသတ်ပဲနဲ့ စောင့်ဆိုင်း ကြပါ- လို့။ ဝဒေယျ၊ ပြောဆို ခဲ့ပေရာ၏။

ရာဇဝတ်သားကို သုသာန်မှာ သတ်မလို့ ပြင်ဆင် နေတုန်း ရာဇဝတ်သားက စောင့်ကြပါဦးဗျာလို့ တောင်းပန် ပြောကြား လိုက်မယ်။

ရန်ကုန်မှာ အပြစ်ဒဏ်ပေးခံရတော့မယ့် အကျဉ်းသားက ဟို— မြစ်ကြီးနားမှာ ကျုပ်ရဲ့မိတ်ဆွေမျိုးတွေရှိနေတယ် ခဏလေးနေကြပါဦး၊ မြစ်ကြီးနား ခဏသွားပြီးတော့ နှုတ်ဆက်ပါရစေဦး၊ အဲဒီမြစ်ကြီးနားက ကျုပ် ပြန်မလာမချင်း ခင်ဗျားတို့ စောင့်ကြပါဦး, စောင့်ကြပါဦး။ ဆွေမျိုးတွေကိုနှုတ်ဆက်ဦးမယ်ဆိုပြီးတော့ ထိုသူက ဆွေမျိုးများကို နှုတ်

ဆက်ဖို့သွားမယ်, အခွင့်တောင်းမယ်လို့ဆိုယင် အဲဒီဂါဂွကို ဘယ်လို စဉ်းစားမလဲ။

ဟောဒီမှာ သတ်မည့်ပြင်ထားပြီ၊ ဒီပုဂ္ဂိုလ်က ဆွေမျိုးမိတ်ဆွေကို နှုတ်မဆက်ရသေးလို့ ခဏစောင့်ပါဦး၊ တိုင်းပြည်လှည့်ပြီးတော့ ဆွေမျိုးတွေ မျက်နှာကိုကြည့်ဦးမယ်လို့ဆိုယင် ဒကာတော် ပါယာသိမင်းကြီး ဘယ်လိုလုပ်မလဲ၊ အဲဒါ ခွင့်ပြုမလား၊ ဒီလိုလာတာ၊ ဟုတ်လား။ အရှင် ကုမာရကဿပမထေရ်က ဒီလို ပြန်မေးတာ။

## ဘယ်လိုမှ ခွင့်မပြုနိုင်တဲ့ကိစ္စ

ပါယာသိမင်းကလဲ ဟိုဒုစရိုက်သမားတွေ ငရဲခင်းကာနီးမှာလိုက်တယ် မဟုတ်လား၊ ငရဲအိုးထဲမဝင်သေးခင် မင်းကို ပြန်လာပြီးတော့ ငါ့ကိုပြောပါဦးလို့ မှာလိုက်တာ။ ဒီတော့ အရှင်ကုမာရကဿပ ကလဲ ပါယာသိမင်းကို အဲဒါ ပြန်ကပ်မေးတာ၊ ဒကာတော်မင်းကြီးက သေဒဏ်ပေးထားတဲ့ လူတယောက် သတ်တော့မယ့်ဆဲဆဲ ခဏနေပါဦး၊ ကျုပ်ဆွေမျိုးတွေ သွားနှုတ်ဆက်ဦးမယ်ဆိုလို့ အဲဒါရမလား၊ ဒကာတော် မင်းကြီးလို့ ဒီလို ပြန်မေးတာ။

ထိုအသက်ခံရမယ့် ပုဂ္ဂိုလ်သည် ဆွေမျိုးတွေကိုသွားပြီးတော့ နှုတ်ဆက်မယ်လို့ ခွင့်တောင်းနေတယ်၊ အဲဒီ ခွင့်တောင်းချက်ဟာ ရမလား ဒကာတော် မင်းကြီး။

ဥဒါဟု၊ ထိုသို့မဟုတ်မူကား၊ ပိပ္ပလပန္တဿေဝ၊ ငိုကြွေးမြည်တမ်း၍နေဆဲ ခွင့်တောင်း၍နေဆဲမှာပင်လျှင်။ ဝေါရဿာတာ၊ အသျှော ပါးကွက်သားတို့သည်။ သီသံ၊ ထိုခွင့်တောင်းနေတဲ့လူမိုက် ဦးခေါင်းကို။ ဆိန္နေယျုံ အပိန္နု၊ ဖြတ်ကြကုန်ရာ၏လော။

ခွင့်တောင်းနေဆဲ, မြည်တမ်းနေဆဲ, ငိုကြွေးနေဆဲမှာပင်လျှင် အဲဒီပုဂ္ဂိုလ်ရဲ့ဦးခေါင်းကို ဖြတ်လိုက်ကြမှာလား၊ သို့မဟုတ် ဆွေမျိုးတွေ ကိုသွားပြီးတော့ ခွင့်ပန်ချေဦး နှုတ်ဆက်ချေဦးလို့ ခွင့်ပြုမှာလား၊ ဒကာ တော်မင်းကြီး ပြောပါ။

ဒီလိုဆိုလိုက်တော့ ပါယာသိမင်းကြီး စဉ်းစားသယ်၊ အေး— ဒီကိစ္စဟာ ငါလဲ ဘယ်လိုမှခွင့်မပြုနိုင်တဲ့ကိစ္စပဲလို့ ဒီလို စဉ်းစားမိတယ်။

အဓိပ္ပါယ်က သူကိုယ်တိုင် ဒီနေရာမှာ ငရဲသနင်း ယမမင်းကြီးရဲ့ နေရာကို ရောက်သွားပြီး ဟိုရာဇဝတ်သားကိုသတ်မလို့ကြိုးနဲ့တုပ်ရိုက်နှက် ဆွဲခေါ် သွားတဲ့ ပုဂ္ဂိုလ်ဘော့က ငရဲသားတွေဆိုတဲ့ အဓိပ္ပါယ် ရောက်သွားပြီ။ ရာဇဝတ်သားက ငရဲသွားမယ့်သူ၊ အသတ်ခံရတာက ငရဲ၊ ဒီအဓိပ္ပါယ်ကို အရှင်ကုမာရကဿပက ဥပမာနဲ့ ကပ်ပြီးတော့ ပြောနေတာ။

ဒကာတော်မင်းကြီး— အဲဒါကို မင်းကြီး ခွင့်ပြုမလား၊ ဒီလိုလဲ ဆိုလဲ ဆိုလိုက်ရော ဘယ်ခွင့်ပြုနိုင်ပါ့မလဲ ငိုကြွေး မြည်းတမ်းနေဆဲမှာမဲ အဲဒီ ပုဂ္ဂိုလ်ကို လည်ပင်းဖြတ်သတ်လိုက်တာပေါ့။—တဲ့

## ဒါကြောင့်လဲပဲ တမလွန်လောကဆိုတာရှိတယ်- တဲ့

ရာဇည၊ ဘိသိက်သွန်းခြင်းအလျှင်းမရှိတဲ့ ပါယာသိမင်း။ တေနဟိ၊ ထိုသို့ဖြစ်ပါမူကား (ဝါ) တေနဟိ၊ အဲဒီလိုဆိုယင်။ တေပိ၊ ထို ငရဲသို့ ကျရောက်သွားတဲ့ ဒုစရိုက်သမားတို့ကိုလဲပဲ။ တွံ၊ သင် မင်းကြီးရဲ့ထံကို အာဂန္တွာ၊ ပြန်လာကြကုန်၍။ အာရောစေယျုံအပိနု၊ အကျွန်ုပ်တို့ ငရဲ ရောက်နေကြပါတယ်လို့ ပြောကြကုန်မှာလား။—တဲ့

မေးလိုက်တယ်။ ဒီလိုဆို ဒကာတော်မင်းကြီး ငရဲသွားတဲ့လူတွေ ဆလဲ မင်းကြီးဆီပြန်လာပြီးတော့ ပြောကြမှာလား၊ ကျုပ်တို့ ငရဲရောက် နေကြပါတယ်လို့ ပြန်ပြောလို့ရမလား ဒကာတော်မင်းကြီး၊ မရဘူး ပေါ့။-တဲ့

ငရဲသားတွေက အဲဒီပုဂ္ဂိုလ်ကို ငရဲမှာစီမံတဲ့ပုဂ္ဂိုလ်တွေက ခုနက ပါးကွက်သားတော့လိုနော်၊ သူတို့လဲပဲ ငရဲသားတစ်တဒေသပဲ။ ငရဲ သားဆိုတာဟာ အဲဒီဒုစရိုက်သမားတို့ရဲ့ အကုသိုလ်ကံ ဖန်ဆင်းပေးထား တာ အဲဒါငရဲသား၊ အကုသိုလ်က ဖန်ဆင်းပေးထားတဲ့ ငရဲသားဟာ စက်ရုပ်တွေနဲ့တူတယ်။ ကံအားလျော်စွာ ဖန်ဆင်းပြီးတော့ ပေါ်လာတဲ့ ဒီငရဲသားတွေက သူတို့ကို ဆွဲခေါ်ပြီးတော့ ငိုကြွေးနေဆဲ အော်ဟစ် နေဆဲမှာပဲ ငရဲအိုးထဲ ချလိုက်တာပေါ့။—တဲ့

ဒကာတော်မင်းကြီး—ငရဲသွားတဲ့လူက ပြန်လာပြီးတော့ မပြော ပါဘူးတဲ့၊ ဟုတ်လား။

ရာဇညာ၊ ပါယာသိမင်းကြီး။

ဣမိနာပိ ပရိယာယေန၊ ဤသို့သော အကြောင်းကြောင့်လဲ၊ ပရောလောကော၊ တမလွန်လောက နောက်ဘဝဆိုတာ၊ အတ္ထိ၊ ရှိနေတယ်၊ ဩပပါတိကာ၊ ကိုယ်အထင်အရှား ဘွားကနဲဖြစ်ကြတဲ့ ငရဲသား တို့ဆိုတာလဲ၊ အတ္ထိ၊ ရှိနေတယ်၊ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ ပဋိသန္ဓေအကျိုးနဲ့ ပဝတ္တိအကျိုး ဆိုတာလဲ၊ အတ္ထိ၊ ရှိနေတယ်၊ လို့

အာယသ္မာ ကုမာရကဿပေါ၊ စိတ္တကထိ အရှင်ကုမာရကဿပ မထေရ်သူမြတ်သည်၊ ပါယာသိရာဇညာ၊ ပါယာသိခေါ်တဲ့ မင်းကို၊ ဧတံ ဝစနံ၊ ဤစကားကို၊ အဝေါစ၊ ကောင်းစွာမသေ့ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

## ဥပမာပေး၍ နားချတယ်

၁။ စန္ဒိမ သူရိယ ဥပမာ

၂။ စောရ ဥပမာ

ဆိုပြီးတော့ ဥပမာနှစ်ခု ရသွားပြီ။

(၁) လ, နေ ကို ဥပမာ ထားပြီးတော့ ဘဝတပါးရှိကြောင်း ပြတယ်။

(၂) ခိုးသားဒမြ သက်သေထားပြီး ဘဝတပါး ရှိကြောင်း ဒီမှာ သက်သေထူခဲ့တယ်။

ဥပမာ ၁၄ ခုတို့တွင် ဟောဒီမှာ အခြေခံကျတဲ့ ဥပမာ နှစ်ခုကို ဒီကနေ့ည ပရိသတ်အပေါင်း သူတော်ကောင်းတို့အတွက် ပြီးသွားတယ်၊ အဲဒီလိုပြီးသွားတော့ ဘုန်းကြီးဟိုပရိသတ် သဘောကျစရာ ကောင်းတဲ့ အချက်က ဟောဒီ ဒုတိယအချက်ဟာ အလွန်သဘောကျစရာ ကောင်းတယ်၊ ခြုံပြီးတော့ ဖြောင့်ဖြောင့်လေးစကားပြေနဲ့ မှတ်လိုက်—

ဒကာတော်မင်းကြီး-ဒစရိုက်သမားတွေ သေကာနီး ဒကာတော်မင်းကြီးက မှာလိုက်တယ်၊ ငရဲရောက်ယင်လာပြောလှည့်ပါလို့ မှာလိုက်တာ လာပြောကြသလား၊ မပြောဘူးဘုရား။ ယုံကြည်စိတ်ချရတဲ့ ပုဂ္ဂိုလ်တွေလို့ဆိုပြီး မှာလိုက်တာ ဟုတ်ရဲ့လား၊ ဟုတ်ပါတယ်။ အားကိုးလောက်တဲ့ ပုဂ္ဂိုလ်တွေဆိုပြီး မှာလိုက်တာ ဟုတ်ရဲ့လား၊ တကယ့်ကို အားကိုးရတဲ့ပုဂ္ဂိုလ်တွေမို့ မှာလိုက်တာပါ။ လာပြောရဲ့လား ဒကာတော်မင်းကြီး၊ မပြောဘူး ဘုရား။ ဒါဖြင့် ဒကာတော်မင်းကြီး ဘယ်လိုသဘောကျသလဲ၊ လာမှမပြောပဲပဲဘုရား ငရဲဘယ်မှာရှိမှာလဲ၊ တကယ်ဆိုတပည့်တော် ယုံကြည်စိတ်ချရတဲ့ပုဂ္ဂိုလ်တွေပဲ လာပြောမှာပေါ့။

**တေန** ဟိ ရာဇည ဥပမံ **တေ** ကရိဿာမိ

ဒကာတော်မင်းကြီး-ဥပမာဆောင်မယ် နားထောင်ပါ။

လူသတ်သမားတယောက်ကို အာဏာသားတွေက ဖမ်းပြီးတော့ မင်းကြီးထံလာပို့မယ်၊ မင်းကြီးက အဲဒီပုဂ္ဂိုလ်ကို သေဒဏ်ချလိုက်မယ်။ လက်ပြန်ကြိုးတုပ်ပြီး စည်ကြမ်းကြီးရိုက်ပြီးသော့ မြို့ထဲဆွဲခေါ် မြို့တောင်တံခါးကထုတ် သုသာန်ခေါ်သွားမယ်၊ သုသာန်ရောက်တော့ ခဏနေဦး တွင်းတူးဦးမယ်။

အဲဒီအချိန်မှာပဲ အသတ်ခံရမယ့်ပုဂ္ဂိုလ်က စောရဃာတ ခိုးသားစောင့်နေတဲ့ အာဏာသားကို တောင်းပန်တယ်၊ ကျုပ်မှိ မိဘဆွေမျိုးတွေ တိုင်းပြည်မှာ ရှိနေပါတယ်၊ လှည့်လည်ပြီးတော့ မျက်နှာကြည့်ဦးမယ် နှုတ်ဆက်ဦးမယ် ကန်တော့ဦးမယ် ခဏနေကြပါဦးလို့ တောင်းပန်တယ်။

ဒကာတော်မင်းကြီး- အဲဒါရမလား၊ မရပါဘူးဘုရား။ ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ သူတောင်းပန်ဆဲမှာပဲ သူ့ကိုဆွဲပြီး တွင်းထဲထည့်ပြီးတော့ သတ်လိုက်တာပါပဲဘုရား။

ဒကာတော်မင်းကြီး ဒီအတိုင်းပဲပေါ့၊ ငရဲအိုးသွားတဲ့ ပုဂ္ဂိုလ်ဟာ မင်းကြီးကို ဘယ်လိုလုပ် လာပြောပါ့မလဲ၊ အသတ်ခံရကာနီး ဆဲဆဲ ပုဂ္ဂိုလ်ဟာ တိုင်းပြည်လှည့် ဆွေမျိုး မိဘတွေကို နှုတ်ဆက်ဘာတောင်မှ မရပဲနဲ့ ငရဲသွားတဲ့ ပုဂ္ဂိုလ်ဟာ မင်းကြီးထံ လာမပြောဘူးပေါ့၊ ငရဲတော့

ရှိတယ် လာမပြောနိုင်ကြဘူး တကားတော်မင်းကြီး။ တကာတော် မင်းကြီးရဲ့ အယူမှားကြီးကို စွန့်လေ့၊ အရှင်ကုမာရကဿပက ပြော လိုက်တယ်။

## ပါယာသိမင်းကြီး အယူမစွန့်နိုင်သေးဘူးတဲ့

ဒီတော့-ပါယာသိ မင်းကြီးက အရှင်ကုမာရ ကဿပရဲ့ ဥပမာ ဆောင်ပြချက်ကို ငြင်းလဲ မငြင်းနိုင်ဘူး။ မငြင်းနိုင်ပေမယ့် -

ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ။

အရှင်ဘုရား ဒီလို ပြောကြားဘော့ ဟုတ်ပါတယ်၊ တပည့်တော် မငြင်းပါဘူး၊ သို့သော်လည်း တပည့်တော်မှာ ဟောဒီ တမလွန်လောက မရှိဘူးဆိုတဲ့အယူ၊ ဥပပါတ်သတ္တဝါမရှိဘူးဆိုတဲ့ အယူ ကုသိုလ်အကုသိုလ် မရှိဘူးဆိုတဲ့အယူကို တပည့်တော် မစွန့်နိုင်သေးပါဘူးရယ်လို့-

ပါယာသိရာဇညော၊ ပါယာသိ မင်းကြီးသည်။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပ မထေရ်သျှမြတ်ကို။ တော် ဝစနံ၊ ဤ စကားကို။ အဝေါစ၊ ကောင်းစွာမသေ့ လျှောက်ထားလိုက်ပါပေတော့ သတည်း။

“သာဓု–သာဓု–သာဓုပါဘုရား”

ပါယာသိမင်းကြီး အယူ မစွန့်နိုင်သေးဘူးနော်၊ အရှင်ကုမာရ ကဿပက ဥပမာနှစ်ခုနဲ့ဟောခဲ့ဘယ်၊ သူ့အယူ မစွန့်ဘူး-တဲ့၊ဟုတ်လား။ “ငါ့လှေ ငါထိုး ပဂိုး(ပဲခူး)ရောက်ရောက်၊ ငါ့မြင်း ငါစိုင်း စစ်ကိုင်း ရောက်ရောက်” ဒီမူမျိုးနဲ့ ငါ့နန်းငါထိုင် မခိုင်လဲ ကျိုးရောပေါ့၊ ဟုတ် လား။

အဲဒီလိုနဲ့ ဒိဋ္ဌိပါဒါန်ကြီးနဲ့ ခံနေတဲ့ ပါယာသိမင်းကြီးကို အရှင် ကုမာရကဿပက တတိယဥပမာဖြင့် ဆက်လက်ပြီးတော့ မိန့်ကြားရပေ လိမ့်မယ်။ ပါယာသိမင်းတရားကလဲ အရှင်ကုမာရကဿပက မေးရပေ လိမ့်မယ်။ သင် ဘာကြောင့် အယူမစွန့်တုန်း အကြောင်းပြဦးလို့ မေး တော့ ပါယာသိမင်းကြီးကလဲ မစွန့်နိုင်ကြောင်း အကြောင်းပြမယ်။

အေး–ပါယာသိမင်းက အကြောင်းပြမယ်၊ အရှင်ကုမာရကဿပက အဲဒီ အကြောင်း ပြချက်ကို ဥပမာ ဆောင်ပြီးတော့ ချေဖျက်မယ်။ အဲဒီအကြောင်းအရာတွေကို တတိယပွဲကျမှ ဆက်မယ်၊ ဒီကနေ့ညတော့ ၁၀ နာရီခွဲပြီမို့ တော်ကြစို့။



# ပါယာသိသုတ္တန်

## တတိယပိုင်း

၁၃၄၃ ခုနှစ် နယုန်လဆန်း ၃ ရက်နေ့ည

ရန်ကုန်တိုင်း ဒဂုံမြို့နယ် **မလွန် ဆန်လှ**အသင်းထောက်၏

စတုတ္ထအကြိမ်မြောက်

ဓမ္မဿဘင်၌ ဟောကြားသည်။

## ရှိရင်းစွဲဝါဒ ရှိမြဲ ရှိနေပါသေးတယ်

## ကိစ္စာပိ ဘဝ် ကဿပေါ် ဝေမာဟ။

ဘဝ် ကဿပေါ်၊ အရှင်ကုမာရကဿပမထေရ်သည်ပြတ်သည်၊ ကိစ္စာပိ ဝေမာဟ၊ အကယ်၍အား ဤကဲ့သို့ ဆိုခဲ့ကောမူ။

အရှင်ဘုရား ကုမာရကဿပ–အဂပါယ် ဒီလို ဆိုင်ဆိုကြားသော်လဲပဲ၊ ဗိကနေ့ခေတ်လိုဆိုယင်တော့ "ဒါပေမယ့်" ဆိုတာ အဲဒါပဲ၊ ပါဠိကတော့ "ကိစ္စာပိ"

ကိစ္စာပိ ဝေမာဟ၊ အကယ်၍ကား ဤကဲ့သို့ ဆိုပင် ဆိုခဲ့စေကာမူ။

> အထ ခေါ ဝေ် မေ ဧတ္တဟောတိ "ဣတိပိ နတ္ထိ ပရော လောကော နတ္ထိသတ္တာဩပပါတိကာ၊ နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော" တိ။

အထခေါ၊ ထိုသို့ အရှင်ဘုရား ဆိုပင်ဆိုငြားသော်လဲပဲ၊ ဧတ္တ၊ ဤ နောက်ဘဝမရှိဘူးဆိုတဲ့ အယူဝါဒ၌၊ မေ၊ တပည့်တော်မှာ၊ ဝေ်ဝါဒေါ၊ ဤသို့သော ဝါဒသည်၊ အတ္တိ၊ ရှိနေပါသေးတယ်ဘုရား။ ဟောတိ၊ ဖြစ်နေပါသေးတယ်ဘုရား။

ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လဲပဲ။ ပရော လောကော၊ တမလွန်လောက နောက်ဘဝဆိုတာ။ နတ္ထိ၊ မရှိပါဘူး။ ဩပပါတိကာ၊ ကိုယ်အထင်အရှား ဘွားကနဲ ဖြစ်ကြတဲ့ ဥပပါတ်သတ္တဝါတို့ ဆိုတာလဲ။ နတ္ထိ–နသန္တိ၊ မရှိကြကုန်ဘူး။ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့။ ဖလံ၊ ပဝတ္တိအကျိုးသည်။ ဝိပါကော၊ ပဋိသန္ဓေ အကျိုးသည် (ဝါ) ကုသိုလ် အကုသိုလ်တို့ရဲ့ အကျိုးဆိုတာလဲ နတ္ထိ၊ မရှိပါဘူး။

ဣတိဧဝံ၊ ဤသို့။ မေ၊ တပည့်တော်မှာ။ ဝါဒေါ၊ ဥစ္ဆေဒလို ခေါ်တဲ့ အယူဝါဒကြီးသည်။ အတ္ထိ၊ ရှိနေပါသေးသည်ဘုရား။

ဣတိ၊ ဤသို့။ ပါယာသိရာဇညော၊ ဘိသိက်သွန်းခြင်း အလျင်း မရှိပဲနဲ့ မြို့စားကြီးဖြစ်နေတဲ့ ပါယာသိမင်းသည်။ အားယသွတ္တံ ကုမာရ

ဿဿပ၊ အရှင်ကုမာရကဿပ မထေရ်သူမြတ်ကို၊ ဝေါဝစနံ၊ ဤဆိုခဲ့တဲ့ စကားကို၊ အဝေါစ၊ ကောင်းစွာမသေ့ လျှောက်ထားခဲ့ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါ ဘုရား"

ဘယ်လို အကြောင်းပြမလဲ ပါယာသိမင်း

ယခင်တပတ်က ပြီးသွားတဲ့နိဂုံးနဲ့ ယခုတပတ် စမယ့် တရားကို ဤကဲ့သို့ အနုသန္ဓေ ဆက်လိုက်ပါ။ "စောရဉပမာ"ကို အရှင်ကုမာရ ကဿပမထေရ်က တင်ပြတယ်၊ ပါယာသိမင်းက ထိုဥပမာ တင်ပြပေ မယ့်လဲပဲ တမလွန်လောက ရှိကြောင်းကို သူသည် လက်မခံဘူး၊ အရှင် ဘုရား ဘယ်လိုပဲ ပြောပြော တပည့်တော်တော့ နောက်ဘဝ မရှိဘူးပဲ ဖြစ်နေတယ်ဘုရားလို့ ထပ်ဆင့်လာတယ်။ အဲဒီလို ထပ်ဆင့်လာတဲ့အခါ အရှင်ကုမာရ ကဿပ မထေရ်သူမြတ်က ပါယာသိမင်းကြီးကို ဆက်ပြီး တော့ မေးတယ်။

> အတ္ထိ ပန ရာဇည ပရိယာယော၊ ယေန တေ ပရိယာ ယေန ဧဝံ ဟောတိ "ဣတိပိ နတ္ထိ ပရောလောကော၊ နတ္ထိ သတ္တာ ဩပပါတိကာ၊ နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော"တိ။

ရာဇည၊ အဘိသိက်သွန်းခြင်း အလျှင်းမရှိတဲ့ အမောင်ပါယာသိ မင်း။

တေ၊ ဤဝါဒ၌၊ တေ၊ သင့်ရဲ့၊ ပရောလောကော၊ တမလွန် လောက နောက်ဘဝသည်၊ နတ္ထိ၊ မရှိပါဘူး၊ ဩပပါတိကာ၊ ဥပ ပါတ် သတ္တဝါတို့ဆိုတာလဲ၊ နတ္ထိ မရှိပါဘူး၊ သုကတဒုက္ကဋာနံ ကမ္မာနံ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့၊ ဖလံဝိပါကော၊ ပဋိသန္ဓေအကျိုးနဲ့ ပဝတ္တိ အကျိုးဆိုတာလဲ၊ နတ္ထိ၊ မရှိပါဘူး။

ဣတိဧဝံ၊ ဤသို့၊ တေ၊ သင့်ရဲ့၊ ဝေါ၊ ဤကဲ့သို့သောဝါဒ၌၊ ယောပရိယာယော၊ အကြင်အကြောင်းသည်၊ အတ္ထိ၊ ရှိပါ၏၊ သော ပရိယာယော၊ ထိုဝါဒကို လက်ကိုင်ထားကြောင်း ကောင်းမြတ်တဲ့ အကြောင်း ယုတ္တိသည်ကား၊ ကောအတ္ထိ၊ အဘယ်သို့ရှိပါသနည်း၊ ပရိ ယာယော၊ အကြောင်းပရိယာယ်သည်၊ အတ္ထိပန၊ ရှိပါ၏လော၊

အို—ပါယာသိမင်းတရား။

နောက်ဘဝမရှိဘူး၊ ဥပပါတ်သတ္တဝါမရှိဘူး၊ ကုသိုလ် အကုသိုလ် မရှိဘူးလို့ သင်ပြောဆိုပြီးတော့ လာခဲ့တဲ့ ဥစ္ဆေဒဝါဒကို လက်ခံပြီးတော့ ထားခဲ့တယ်၊ အဲဒီဥစ္ဆေဒဝါဒအတွက် ဆက်သေပြဖို့ရန် အကြောင်းပရိယာယ်ဆိုတာ သင့်မှာရှိသေးသလား၊ သင့်ရဲ့ဥစ္ဆေဒဝါဒ ခိုင်မာအောင် သင်အကြောင်းပြစမ်းပါ၊ ဘယ်အကြောင်းနဲ့ သင့်ဝါဒကို သင်သည် တင်ပြနေတာတုန်းလို့ အရှင် ကုမာရကဿပ မထေရ်က အကြောင်းမေးတာ။

ဝါဒတခုကို ယူစွဲထားပြီးတော့ အဲဒီဝါဒကို မှန်နိုင်ဘူးဆိုယင် ဘာ့ကြောင့်ဆိုတာ အကြောင်းအောပြရတယ်၊ မှန်လှတ်ပို့ ဟောတဲ့ဘက်က လဲပဲ သင့်မှာ ဗိဝါဒကြီးရှိနေတယ်၊ ဗိအကြောင်းတွေ ဗိအကြောင်းတွေကြောင့် ဗိဝါဒဟာ မှားတယ်၊ စွန့်ရမယ်လို့ အယူစွန့်ဖို့ဟောတဲ့ ပုဂ္ဂိုလ်ကလဲ အကြောင်းပြပြီးတော့ဟောတယ်၊ အယူဝါဒလက်ခံထားတဲ့ ပုဂ္ဂိုလ်ကလဲ သူ့ဝါဒခိုင်မာကြောင်း အကြောင်းပြရပေလိမ့်မယ်။

အရှင်ကုမာရ ကဿပ မထေရ်က ပါယာသိမင်းကြီး အား အကြောင်းမေးလိုက်တာ—

သုစရိယအကျင့်ရှိတဲ့ မိတ်ဆွေတွေရှိပါတယ်

အတ္ထိ ပန ရာဇည ပရိယာယော။—တဲ့

အမောင်ပါယာသိမင်း— သင့်ရဲ့နောက်ဘဝမရှိ၊ ဥပပါတ်သတ္တဝါမရှိ၊ ကုသိုလ် အကုသိုလ်မရှိဆိုတာနဲ့ပတ်သက်လို့ အကြောင်းခိုင်လုံအောင် ထပ်ဆင့်၍ပြဦးလော့။ ဒီလိုဆိုလိုက်တော့ ပါယာသိမင်းကြီးက ကောင်းလှပါပြီ ဘုရားတပည့်တော် အကြောင်းပြပါမယ်တဲ့၊ တပည့်တော်မှာ အကြောင်းတခုရှိပါသေးတယ်ဘုရား။ ဘာအကြောင်းပြမလဲဆိုတော့—

ဣမေ ခေါ ဘော ကဿပ မိတ္တာမစ္စာ ဉာတိသာလောဟိတာ ပါဏာတိပါတာ ပဋိဝိရတာ အဒိန္နာဒါနာ ပဋိဝိရတာ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတာ မုသာဝါဒါ ပဋိဝိရတာ ပိသုဏာယ ဝါစာယ ပဋိဝိရတာ ဖရုသာယဝါ

စာယ ပဋိဝိရတာ သမ္ဖပ္ပလာပါ ပဋိဝိရတာ အနဘိဇ္ဈာ
လူ အဗျာပန္နစိတ္တာ သမ္မာဒိဋ္ဌိ။

သုစရိုက်ဆယ်ပါးကို စိစဉ်ပြီးတော့ သူပြောတယ်။

ဘော ကဿပ၊ အို-အရှင်ကုမာရကဿပ။

ဣဓ၊ ဤတပည့်တော်ရဲ့ ပါယာသိသေတဗျမြို့ကြီး၌။ မေ၊ တပည့်တော်ရဲ့။ ဉာတိသာလောဟိတာ။ ဆွေမျိုးသားချင်းတို့သည် လည်းကောင်း။ မိတ္တာမစ္စာ၊ မိတ်ဆွေခင်ပွန်းတို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကြပါကုန်သည်ဘုရား။

ဤသေတဗျမြို့မှာ တပည့်တော်ရဲ့ မိတ်ဆွေခင်ပွန်းတွေ ဆွေမျိုးသားချင်းတွေ မြောက်မြားစွာရှိပါတယ်ဘုရား။ အဲဒီဆွေမျိုးသားချင်း မိတ်ဆွေခင်ပွန်းတို့ဟာ ဘယ်လိုပုဂ္ဂိုလ်တွေတုန်းလို့ဆိုယင်—

(၁) ပါဏာတိပါတာ ပဋိဝိရတာ—ပါဏာတိပါတာမှ ရှောင်နေတဲ့ ပုဂ္ဂိုလ်များပါ၊

(၂) အဒိန္နာဒါနာပဋိဝိရတာ—အဒိန္နာဒါနအမှုကို ရှောင်နေတဲ့ ပုဂ္ဂိုလ်များပါ၊

(၃) ကာမေသုမိစ္ဆာစာရာ ပဋိဝိရတာ—ကာမေသုမိစ္ဆာစာရအမှုကို ရှောင်ကြဉ်နေကြတဲ့ ပုဂ္ဂိုလ်များပါ၊

(၄) မုသာဝါဒါပဋိဝိရတာ၊ ပိသုဏာ ဝါစာယ ပဋိဝိရတာ၊ ဖရုသာယ ဝါစာယ ပဋိဝိရတာ၊ သမ္ဖပ္ပလာပါပဋိဝိရတာ— ဝစီဒုစရိုက်လေးပါးကိုလဲ ရှောင်ကြဉ်နေကြတဲ့ ပုဂ္ဂိုလ်များပါ၊

(၅) အနဘိဇ္ဈာလူ— သူတပါးစည်းစိမ်ကို မတရားရဖို့ ကြံစည်မနေတဲ့ အဘိဇ္ဈာကင်း ဣဿာရှင်းတဲ့ ပုဂ္ဂိုလ်များပါ၊

(၆) အဗျာပန္နစိတ္တာ— သူတပါး တိုးတက်ကြီးပွားနေတာကို ဖျက်ဆီးဖို့ရန် ကြံစည်ခြင်း စိတ်အလျင်းမရှိကြတဲ့ ပုဂ္ဂိုလ်များပါ၊

(၇) သမ္မာဒိဋ္ဌိ-သမ္မာဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ်များပါ။

ဒုစရိုက်ဆယ်ပါးဆင်းသုစရိုက်တရားဆယ်ပါးကို ကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်များပါဘုရားတဲ့၊ သေတဗျမြို့က သူ့ရဲ့မိတ်ဆွေတွေ ရှိသေးသတဲ့။ ယခုနက စောရဥပမာမှာတော့ ဒုစရိုက်ဆယ်ပါးကျင့်သုံးနေကြတဲ့ သူ့ရဲ့ မိတ်ဆွေခင်ပွန်းတွေ ဆွေမျိုးသားချင်းတွေအကြောင်း ပြောတယ်နော်။

ယခု သုစရိုက်ဆယ်ပါး–သူတော်ကောင်းတရားဆယ်ပါးကို ကျင့်သုံးနေကြသော သူ့ပွဲဆွေမျိုးသားချင်း မိတ်ဆွေခင်ပွန်းတို့ရဲ့အကြောင်းကို တင်ပြလာပြန်တယ်။ သေအပြီးမှာ သုစရိုက်တရား ကျင့်သုံးနေကြတဲ့ ဆွေမျိုးသားချင်း မိတ်ဆွေတွေ များလှပါတယ်ဘုရား။ တဲ့

ရောဂါ၊ ဝဒနာနှိပ်စက်လို့ မကျန်းမာတဲ့အခါ

ဘော အပရေန သမယေန အာဗာဓိကာ ဟောန္တိ
ဒုက္ခိတာ ဗာဠှဂိလာနာ။

ဘော ကဿပ၊ အို အရှင်ကုမာရကဿပ။

တေ၊ ထိုတပည့်တော်ရဲ့ သုစရိုက်တရား၊ သူတော်ကောင်းတရား ဆယ်ပါးကို ကျင့်သုံးနေကြတဲ့ မိတ်ဆွေခင်ပွန်းနဲ့ ဆွေမျိုးသားချင်းတို့သည်။ အပရေန၊ နောင်သောကာလသမယ၌။ အာဗာဓိကာ၊ အနာရောဂါ ကပ်ရောက်ကြကုန်သည်။ ဒုက္ခိတာ၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲကြကုန်သည်။ ဗာဠှဂိလာနာ ပြင်းပြင်းထန်ထန် မကျန်းမမာဖြစ်ကြကုန်သည်။ ဟောန္တိ။ ဖြစ်ကြပါကုန်သည်ဘုရား။

တပည့်တော်ရဲ့ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟအပေါင်းအသင်းတို့သည်, သုစရိုက်တရားကျင့်သုံးနေကြတဲ့ မိတ်ဆွေသင်္ဂဟဆွေမျိုး၊သားချင်းတို့သည် တခါတော့ ပြင်းထန်တဲ့ အနာရောဂါ ကပ်ရောက်ကြပြီးတော့ အိပ်ရာမှာ သေလောက်အောင် လဲလျောင်း၍ နေကြပါတယ်ဘုရား။

ယဒါဟံ ဇာနာမိ "န ဒါနိမေ ဣမမှာ
အာဗာဓာ ဝုဋ္ဌဟိဿန္တိ"တိ

ဘော ကဿပ၊ အို အရှင်ကုမာရကဿပ။

ယဒါ၊ အကြင်အခါ၌။ အဟံ၊ တပည့်တော်သည်။ ဇာနာမိ၊ သိတယ်။

ဘယ်လိုသိတုန်း–

ဣမေ၊ ဤလူတို့သည်။ ဣမမှာအာဗာဓာ၊ ဤအနာရောဂါက။ နဝုဋ္ဌဟိဿန္တိ၊ ထမြောက်ကြလိမ့်မယ် မဟုတ်တော့ဘူး။

သူတော်ကောင်းတရား ကျင့်ထားကြတဲ့ တပည့်တော်ရဲ့ ဟောဒီ မိတ်ဆွေတွေ ဆွေမျိုးသားချင်းတွေဟာ ဒီအနာရောဂါက ထကြွလိမ့်မယ် မဟုတ်တော့ဘူးလို့ တပည့်တော်သိလိုက်ရတဲ့အခါ—

တဒါဟံ ဥပသင်္ကမိတွာ ဧဝံ ဝဒါမိ၊

တဒါ၊ ထိုအခါ၌။ အဟံ၊ တပည့်တော်သည်။ တေ၊ ထိုပုဂ္ဂိုလ်တို့ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ဆိုခဲ့ပါသည် ဘုရား။

အေး—သူတော်ကောင်းများဖြစ်ကြတဲ့ ငါ့မိတ်ဆွေတွေဟာ သေလောက်အောင် အိပ်ရာထဲလဲကုန်ကြပြီ၊ အိပ်ရာကထကြတော့မှာ မဟုတ်တော့ဘူးလို့ တပည့်တော်သိရတဲ့အခါမှာ အဲဒီပုဂ္ဂိုလ်တွေထံကို တပည့်တော် ချဉ်းကပ်သွားပြီးတော့ ဒီလိုပြောလိုက်မိပါတယ်ဘုရား။ ပါယာသိမင်းကြီးဟာ သူတော်ကောင်းဖြစ်ကြတဲ့ သူ့ရဲ့မိတ်ဆွေတွေ ဆွေမျိုးသားချင်းတွေ သေယျာညောင်စောင်း လဲလျောင်းနေတဲ့အနီး ချဉ်းကပ်သွားပြီးတော့ ပြောပါတယ်။ ဘာပြောသလဲဆိုတော့—

ဒီလိုအယူဝါဒတွေရှိနေတယ်

ဘဝန္တော ခေါ ပါဏာတိပါတာ ပဋိဝိရတာ—

ဘဝန္တော၊ အချင်းတို့သည်။ ပါဏာတိပါတာ၊ ပါဏာတိပါတာမှလဲ။ ပဋိဝိရတာ၊ ရှောင်ကြဉ်ကြတယ်။

သြော်—သူငယ်ချင်း အိပ်ရာထဲလဲနေတာ တော်တော်ကြာပြီလား၊ ကြာပြီ၊ သူငယ်ချင်းကိုကြည့်ရတာ ငါဖြင့် အားမရှိပါဘူး၊ တခုတော့ မှာစမ်းပါရစေ နားထောင်စမ်းပါ။

မိတ်ဆွေတို့ သူငယ်ချင်းတို့ အဆွေတို့ဟာ—

၁။ ပါဏာတိပါတာပဋိဝိရတာ— ပါဏာတိပါတာ အမှုမှလဲ ကင်းကြပါတယ်၊

၂။ အဒိန္နာဒါနာ ပဋိဝိရတာ— အဒိန္နာဒါနအမှုမှလဲ ကင်းကြပါတယ်၊

၃။ ကာမေသုမိစ္ဆာစာရာပဋိဝိရတာ— ကာမေသုမိစ္ဆာစာရအမှုမှလဲ ကင်းကြပါတယ်၊

၄။　ပုသာ၀ါဒါပဋိပိရတာ—ပုသာ၀ါဒအမှုမှလဲ ထင်းကြပါတယ်၊

၅။　ပိသုဏာ၀ါစာယ ဖရုသာယ ဝါစာယ, သမ္ဖပ္ပလာပါပဋိဝိရတာ-၀စီဒုစရိုက်လေးပါးမှလဲ ကင်းရှင်းကြပါတယ်၊

၆။　အနဘိဇ္ဈာလူ အဘိဇ္ဈာကင်း ဣသာရှင်းကြပါတယ်၊

၇။　အဗျာပန္နစိတ္တာ—သူတပါးရဲ့ ပျေးပျားချမ်းသာကို ဖျက်ဆီးလိုစိတ်လဲ ကင်းကြပါတယ်၊

၈။　သမ္မာဒိဋ္ဌိ- မှန်ကန်တဲ့ အယူအဆလဲ ရှိကြပါတယ်။

အချင်းတို့ဟာ သူတော်ကောင်းဘဲ့ သူတော်ကောင်းတရားကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေဆိုတာလဲ ကျုပ်သိပါတယ်။ ဟောဒီလောကမှာလဲ ၀ါဒတခုရှိနေတယ်ဗျ—

သန္တိ ဝေါ ဘော ဧကေ သမဏဗြာဟ္မဏာ
ဧဝံ ၀ါဒိနော ဧဝံဒိဋ္ဌိနော၊

ဘော အို—အချင်းတို့။

လောကေ၊ လောကသြ်။ ဧဝံ၀ါဒိနော၊ ဤသို့သော၀ါဒရှိကြကုန်သော။ ဧဝံဒိဋ္ဌိနော၊ ဤသို့သောအယူအဆရှိကြ ကုန်သော။ ဧကေ၊အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ သမဏဗြာဟ္မဏာဝေါဆို ပုဂ္ဂိုလ်တို့သည်။ အတ္ထိ—သန္တိ၊ ရှိနေကြတယ်။

အချင်းတို့—လောကမှာ ဤကဲ့သို့သော၀ါဒရှိတဲ့ သမဏဗြာဟ္မဏတွေလဲ ရှိနေကြတယ်။

သမဏဆိုတော့ ရဟန်းပေါ့၊ ဗြာဟ္မဏဆိုတော့ ဒီနေရာ သူတော်စင်လို့ပဲ ဘာသာပြန်လိုက်တာ။

ရဟန်းတွေ, သူတော်စင်တွေဟာ ဒီလို၀ါဒတချို့ ရှိထားကြတယ်ဗျ၊ ပါယာသိမင်းကြီးက အိပ်ရာထဲ လဲနေကြတဲ့ သူ့မိတ်ဆွေတွေကို သွားပြီးတော့ ပြောနေတာ။ ဒီလို၀ါဒရှိတဲ့ သမဏ, ဗြာဟ္မဏ ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်တွေတုန်းဆိုယင် ဗိုဆိုပိုဒ်ကတော့ ထပ်နေလို့ ခြုံလိုက်ရအောင်၊ သူတော်ကောင်းတရားဆယ်ပါးကျင့်သော ပုဂ္ဂိုလ်များ။ သူတော်ကောင်းတရားဆယ်ပါးဆိုယင်သိပြီ၊ထပ်ရွတ်ယင် ပါဏာတိပါတာ ပဋိဝိရတာ ဒီဆယ်ပုဒ်ပဲ့ ထပ်တလဲလဲ ရွတ်နေရမှာ၊ ဟုတ်လား။

**တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ**

**သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ-။**

တေ၊ ထိုသူတော်ကောင်းတရား ဆယ်ပါးကို ကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်တို့သည်။ ကာယဿ၊ လက်ရှိရနေသောခန္ဓာကိုယ်ကြီးရဲ့။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ မရဏာ၊ စုတိပြတ်ကြွေသေလွန်သည်မှ။ ပရံ၊ နောက်ကာလ၌။ သဂ္ဂံ၊ ရူပါရုံအစရှိသော အာရုံငါးရပ်တို့ဖြင့် မြင့်မြတ်သာလွန်ရာဖြစ်ပေသော။ သုဂတိံ၊ လူကောင်းသူကောင်းတို့ရဲ့ သွားရောက်ရာဖြစ်ပေသော။ လောကံ၊ လောကသို့။ ဥပပဇ္ဇန္တိ၊ ရောက်တတ်လေကုန်၏။

သုစရိတတရား သူတော်ကောင်းတရားဆယ်ပါး ကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်များသည် ကွယ်လွန်တဲ့ကာလ၊ ရူပါရုံအစရှိတဲ့ အာရုံငါးရပ်တို့ဖြင့် မြင့်မြတ်သာလွန်သော လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်ဆိုတဲ့ သုဂတိ ရောက်တယ်လို့ ဆိုတဲ့ဝါဒရှိတဲ့ သမဏ, ဗြာဟ္မဏတွေ လောကမှာ အများကြီးပါ။

ဆိုလိုတဲ့အဓိပ္ပာယ်က– သူတော်ကောင်းတရား သုစရိတတရား ကျင့်တဲ့ ပုဂ္ဂိုလ်တွေဟာ သေယင် နတ်ပြည်ရောက်တယ်ဆိုတဲ့ သမဏ ဗြာဟ္မဏပုဂ္ဂိုလ်တွေရှိတယ် အချင်းတို့၊ ပါယာသိမင်းကြီးက သူ့မိတ်ဆွေ တွေကိုပြောတာ။

## သူတို့ပြောသလိုသာ မှန်နေမယ်ဆိုယင်

ဘဝန္တော ခေါ ပါဏာတိပါတာ ပဋိဝိရတာ–

ဘဝန္တော ခေါ၊ အချင်းတို့ကလဲပဲ။ ပါဏာတိပါတာ ပဋိဝိရတာ၊ ပါဏာတိပါတမှ ရှောင်ထားကြတယ်။

ဒါထပ်သွားတော့ ခြုံလိုက်ဦးပေါ့။ အချင်းတို့ကလဲ သုစရိတတရား သူတော်ကောင်းတရားဆယ်ပါးကို ကျင့်သုံး၍ ထားကြပါတယ်၊ ဒီလိုဆိုယင် သိရော၊ ဟုတ်လား။ အချင်းတို့ကလဲပဲ ပါဏာတိပါတရှောင်ခြင်း အစရှိသည်ဖြင့် သူတော်ကောင်းတရား ဆယ်ပါးကို ကျင့်ထားကြတယ်၊ အဲဒီ သူတော်ကောင်းတရားဆယ်ပါး ကျင့်ကြတဲ့ ပုဂ္ဂိုလ်ဘဲ့ နတ်ပြည် ရောက်တယ်ဆိုတဲ့ဝါဒကို သမဏ, ဗြာဟ္မဏတချို့ကလဲ ဟောနေကြတယ်။

သဗ္ဗေ ဘေဒ ဘဝေတ့ သမဏာဗြ ဟ္မဏာန့ ငံ ဝစနံ။

သ.စ၊ အကယ်၍။ တေသံ ဘဝတံ သမဏာ‌ဗြာဟ္မဏာနံ၊ ထို အရှင် သမဏာဗြာဟ္မဏတို့ရဲ့။ ဝစနံ၊ စကားသည်။ သစ္စံ၊ တကယ်လို့မှား။ မှန်ခဲ့မယ်ဆိုယင်။—

သူတော်ကောင်းတရားကျင့်တဲ့ ပုဂ္ဂိုလ်တွေ နတ်ပြည်ရောက်တယ် ဆိုတဲ့ သမဏာ ဗြာဟ္မဏတို့ရဲ့ စကားပြောပြောချက် တကယ်လို့များ မှန်ခဲ့မယ်ဆိုယင်၊ပါယာသိမင်း ပြောပုံဆိုပုံဟာ ဘော်တော်ပိုင်ကာ။ သူတော် တောင်းတရားကျင့်တဲ့ ပုဂ္ဂိုလ်တွေ နတ်ပြည်ရောက်တယ်လို့ ပြောကြတဲ့ ပုဂ္ဂိုလ်တွေရဲ့စကား၊ ရဟန်းတွေရဲ့ စကားဟာ တကယ်လို့များ မှန်မယ် ဆိုယင်တော့—

ဘဝန္တော၊ သူတော်ကောင်းတရားကျင့်ထားကြတဲ့အချင်းတို့သည်။

သူ့မိတ်ဆွေတွေကို ပြောတာ။

ဘဝန္တော၊ အချင်းတို့သည်။ ကာယဿ၊ ဟောဒီ လက်ရှိခန္ဓာ ကိုယ်ကြီးရဲ့။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ မရဏာ၊ စုတိပြတ်ကြွေ သေ လွန်သည်မှ။ ပရံ၊ နောက်ကာလ၌။ သဂ္ဂံ၊ ရူပါရုံ အစရှိသော အာရုံ ငါးရပ်တို့ဖြင့် မြင့်မြတ် သာလွန်ရာ ဖြစ်ပေသော။ သုဂတိ၊ လူကောင်း သူကောင်းတို့ရဲ့ သွားရောက်ရာဖြစ်ပေသော။ လောကံ၊ နတ်လောကသို့။ ဥပပဇ္ဇိဿန္တိ၊ ရောက်ကြရပေကုန်လိမ့်လတ္တံ့။

သူတော်ကောင်းတရား ကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်တွေ နတ်ပြည်ရောက် တယ်ဆိုတဲ့ အဲဒီရဟန်းတွေရဲ့စကားသာ မှန်ခဲ့မယ်ဆိုယင် အချင်းတို့တွေ သေကြယင် နတ်ပြည်အကုန်လုံး သွားကြလိမ့်မယ်။ သေကောင်း ဖြစ်နေ ကြတဲ့ သူ့မိတ်ဆွေတွေကို သူ သွားပြောတာပါ။

သစေ ဘော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ

သဂ္ဂံ လောကံ ဥပပဇ္ဇေယျာထ၊

အကယ်၍များ အချင်းတို့သည်၊ မိတ်ဆွေတို့သည်၊ ဆွေမျိုးတို့ သည် ဟောဒီ လက်ရှိခန္ဓာ စွန့်ပြီးတော့ ကွယ်လွန်သွားကြရလို့များ နတ် ပြည်ကို တကယ်သို့ ရောက်ကြမယ်ဆိုယင်၊ အချင်းတို့သေပြီး တကယ် အာ နတ်ပြည်ရောက်သွားကြမယ် ဆိုယင်တော့—

## နတ်ပြည်ရှိကြောင်း ပြန်ပြောစမ်းပါ

ယေန မေ အာဂန္တွာ အာရောစေယျာထ၊

ယေန၊ အကြင်ရောက်ရာနတ်ပြည်မှ။ အာဂန္တွာ၊ ဟောဒီ လူ့ပြည်ကို ခဏကလေး ပြန်လာကြပြီးတော့။ မေ၊ အကျွန်ုပ်အား။ ဝေါ၊ ဤသို့။ အာရောစေယျာထ၊ လာပြောလှည့်ကြစမ်းပါ။

အချင်းတို့သေပြီး တကယ်လို့များ နတ်ပြည်း ရောက်သွားယင် နတ်ပြည်ကနေ ကျုပ်ကိုလာပြီးတော့ ပြောလှည့်စမ်းပါတဲ့။ ပါယာသိမင်းကြီးက မှာနေပြန်တယ်၊ ဒါက သူတော်ကောင်းတွေကို မှာနေတာ နော်။ ဘာပြန်ပြောရမှာလဲ—

အတ္ထိပရောလောကော—နောက်ဘဝဆိုတာရှိတယ်၊

အတ္ထိသတ္တာဩပပါတိကာ—ဥပပါတ်သတ္တဝါဆိုတဲ့ နတ်တွေ ဗြဟ္မာတွေရှိတယ်။

အတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော—ကုသိုလ် အကုသိုလ်နဲ့တကွ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးပေးဆိုတာ ရှိတယ်။ လို့

တဘော၊ ထိုနတ်ပြည်က။ အာဂန္တွာ၊ ပြန်လာကြပြီးတော့။ အာရောစေယျာထ၊ လာပြောလှည့်ကြစမ်းပါ။

နောက်ဘဝ ရှိတယ်, နတ်ရှိတယ်, ဗြဟ္မာရှိတယ် ဆိုတာ နတ်ပြည်ကို တကယ်ရောက်လို့ နတ်တွေကို တကယ်တွေ့ရယင်၊ အချင်းတို့ကိုယ်တိုင် နတ်များဖြစ်နေယင်တော့ ကျုပ်ကို လာပြီးတော့ ပြောလှည့်ကြစမ်းပါ။ ပါယာသိမင်းက သူ့မိတ်ဆွေ သူငယ်ချင်းတွေကို သူ သွားပြီးတော့ မှာ နေတာ။

ဘဝန္တော ခေါ ပန မေ သဒ္ဓာယိကာ ပစ္စယိကာ၊
ယံ ဘဝန္တေ ဟိ ဒိဋ္ဌံ၊ ယထာ သာမံ ဒိဋ္ဌံ ဧဝမေတံ၊ ဘဝိဿတီ”တိ။

ဘဝန္တောခေါပန၊ အချင်းတို့သည်ကား။ မေ၊ အကျွန်ုပ်ရဲ့။ သဒ္ဓာယိကာ၊ ယုံကြည်ထိုက်တဲ့ ပုဂ္ဂိုလ်များပါပဲ။ ပစ္စယိကာ၊ အားကိုးသောက်တဲ့ ပုဂ္ဂိုလ်များပါပဲ။

အချင်းတို့သည် အကျွန်ုပ်ရဲ့ အားကိုးလောက်တဲ့ ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်တွေပါ။

ယံဘဝန္တ ဟိဒိင့်၊ ယင်း နတ်ပြည် ရှိတယ်ဆိုတဲ့ အကြောင်းကို အချင်းတို့ တကယ်လို့တွေ့ခဲ့မယ်ဆိုယင်။ ယထာ သာမံဒိင့်၊ အကျွန်ုပ်ကိုယ်တိုင် တွေ့ရသလိုပါပဲ။

အချင်းတို့ နတ်ပြည်ကို တကယ်လို့တွေ့မယ်ဆိုယင် ကျွန်ုပ် ကိုယ်တိုင် တွေ့ရသလိုပါပဲ၊ ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်တွေက ပြောကာဆိုတော့ ကိုယ်တိုင်တွေ့ရတာနဲ့ အတူတူပဲပေါ့။

ဝံမေတံ ဘဝိဿတိ၊

ဝံ၊ အဲဒီလို အချင်းတို့ လာပြောမယ်ဆိုယင်။ တံ၊ အဲဒီ နတ်ပြည် ရှိတယ်ဆိုတဲ့စကားသည်။ ဘဝိဿတိ၊ တကယ်မှန်တာ ဖြစ်ပေလိမ့်မယ်။

ဣတိ၊ ဤသို့။ အဟံ၊ တပည့်တော်သည်။ တေ၊ ထိုတပည့်တော်ရဲ့ သူတော်ကောင်းတရား ကျင့်သုံးတဲ့ အိပ်ရာညောင်စောင်း လဲလျောင်းနေကြတဲ့ ပုဂ္ဂိုလ်တွေကို။ အာရောစေမိ၊ သွားပြီးတော့ ပြောကြားခဲ့ပါတော့သည်ဘုရား။ ဝဒေမိ၊ မှာလိုက်ပါတော့သည်ဘုရား။ ဝဒါမိ၊ ဆိုလိုက်ပါတော့သည်ဘုရား။

အိပ်ရာညောင်စောင်း လဲလျောင်းပြီးတော့ သေလုလု ဖြစ်နေကြတဲ့ မိတ်ဆွေတွေဆီကို တပည့်တော်သွားပြီးတော့ ဒီစကား မှာလိုက်ပါတယ်ဘုရား။

တယောက်မှပြန်မပြောကြလို့ မယုံဘူး—တဲ့

တေပိ၊ ထိုပုဂ္ဂိုလ်တို့ကလဲပဲ။ မေ၊ တပည့်တော်ရဲ့။ ဝနံ၊ စကားကို။ ဝံသာဓု ကောင်းပါပြီ။ ဣတိ၊ ဤသို့။ ပဋိဿုတွာ၊ ဝန်ခံပြီးတော့။ ကာလံကရောန္တိ အဲဒီပုဂ္ဂိုလ်တွေ ကွယ်လွန်သွားကြပါတော့သည်ဘုရား။

ကောင်းပြီ ပါယာသိမင်းကြီး—တို့နတ်ပြည်ရောက်ယင် သင့်လာပြောမယ်ခံပြီးတော့ သူတို့တတွေ သေသွားကြပါတယ်ဘုရား။

တေ မေ "သာဓူ"တိ ပဋိဿုတွာ နေဝ အာဂန္တွာ
အာရောစေန္တိ၊ န ပန ဒူတံ ပဟိဏန္တိ။

ဘော ကဿပ၊ အို–အရှင်ကုမာရကဿပ။

တေ၊ ထိုနတ်ပြည်သွားကြတယ်ဆိုတဲ့ ပုဂ္ဂိုလ်တို့သည် သာဓူတိ ပဋိဿုတွာ၊ ကောင်းပါပြီ ပြန်ပြောလှည့်ပါမည်ဟု ဝန်ခံပြီးဘော့မှ။ အာဂန္တွာ၊ ပြန်လာ၍။ နေဝ အာရောစေန္တိ၊ မပြောကြပါကုန်ဘုရား။ ဒူတံ (ပိ)၊ တမန်ကိုလဲပဲ။ န ပဟိဏန္တိ၊ မဖို့လွှတ်ကြပါကုန်ဘုရား။

တပည့်တော် သေသေချာချာ မှာလိုက်လျက်သားနဲ့ ဒီလူတွေ သေသွား၊ နတ်ပြည်ဘကယ်ရောက်တယ်ဆိုယင် ပြန်လာပြီးတော့ ပြောဖို့ ကောင်းတယ်တဲ့။ သူဘော်ကောင်းတရားကျင့်သုံးလို့ နတ်ပြည်ရောက်တယ် ဆိုယင် သူတော်ကောင်းတရား ကျင့်သုံးဖို့ အားရှိအောင် လာပြောဖို့ ဘော့ အကောင်းသား၊ အခုဘော့ အဲဒီနတ်ပြည်ရောက်တဲ့ မိတ်ဆွေတွေ သူတော်ကောင်းတွေဟာ တပည့်ဘော်ကို လာမပြောကြပါဘုရား။

အယမ္ပိ ခေါ ဘော ကဿပ ပရိယာယော၊
ယေန မေ ပရိယာယေန ဧဝံ ဟောတိ၊

ဘော ကဿပ၊ အို–အရှင်ကုမာရကဿပ။

အယမ္ပိပရိယာယော၊ ဤကဲ့သို့သောအကြောင်းသည်။ အတ္ထိ၊ ရှိ၍ နေခဲ့ပါသည်ဘုရား။ ယေနပရိယာယေန၊ အကြင်သို့သော အကြောင်း ကြောင့်။ မေ၊ တပည့်ဘော်အား။ ဧဝံ၊ ဤသို့သောအယူအဆသည်။ ဟောတိ ရှိနေပါသေးတယ်ဘုရား။

ဒါကြောင့် ဒီဝါဒ တပည့်တော်မှာ ရှိနေပါတယ်၊ မစွန့်နိုင်သေး ပါဘုရား။

နတ္ထိပရောလောကော–နောက်လောကမရှိပါဘူး။
နတ္ထိသတ္တာ ဩပပါတိကာ–ဥပပါတ်သတ္တဝါ၊ ငရဲတွေ နတ်တွေ ဗြဟ္မာတွေဆိုတာ မရှိပါဘူး။
နတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော– ကုသိုလ် အကုသိုလ်နဲ့ ထိုကုသိုလ် အကုသိုလ်ရဲ့ ကောင်းကျိုး ဆိုး ကျိုးဆိုတာ မရှိပါဘုရား။
အယမ္ပိခေါ ဘော ကဿပ ပရိယာယော။

အရှင်ဘုရား ကုမာရကဿပ – တပည့်တော် ပြလိုတဲ့ အကြောင်း၊ ထတော့ ဒါပါပဲ

နောက်ဘဝ မရှိဘူးဆိုတာကို အကြောင်းပြပါဆိုယင် တပည့်တော် ဒီအကြောင်းပဲ ပြပါတယ်ဘုရား။ နတ်ပြည်ရောက်တဲ့ ပုဂ္ဂိုလ်တွေ တပည့်တော်ကို လာမပြောသာကို ထောက်ခြင်းဖြင့် နတ်ပြည်ဆိုတာလဲ ရှိမယ် မဟုတ်ပါဘုရား။ လို့

ပါယာသိရာဇညာ၊ ပါယာသိမင်းကြီးသည်။ အာယသ္မာ ကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်သို့မြတ်ကို။ ဧတဒဝေါစ၊ ဤစကားကို။ အဝေါစ၊ ကောင်းစွာမသိ လျှောက်တင်လိုက်ပါပေတော့သတည်း။

"သာဂု သာဂု–သာဂုပါဘုရား"

ဥပမာတခုဆောင်ပြဦးမယ် ဒကာတော်

စာရဥပမာကုန်းကတော့ ငရဲသွားတဲ့လူက သူ့လာမပြောလို့ ငရဲမရှိဘူးတဲ့။ ယခုတခါ နတ်ပြည်သွားကြတဲ့ သူတော်ကောင်းတွေကလဲပဲ တို့နတ်ပြည်ရောက်နေတယ်ဆိုတဲ့အကြောင်းကို သူ့တခါမှ လာမပြောဘူး၊ သေထာနီးတိုင်း သေကာနီးတိုင်း သူသွားသွားပြီးတော့မှာတာချည်းပဲ။

ဘုရားတပည့်တော် ကျောင်းဆောက်, တရားနာ, ကုသိုလ်အားထုတ်, ဥပုသ်စောင့်, အိမ်းသက်နိုး ကျောင်း ဆေးပစ္စည်းလေးပါးလှူ, ဒါနကောင်းမှုပြုတဲ့ အဲဒီပုဂ္ဂိုလ်တွေဆိ သေထာနီးတိုင်း သေကာနီးတိုင်း သွားလို့ချည်းမှာတာ။ မင်းတို့ နတ်ပြည်ရောက်ယင် ငါ့လာလာပြောစမ်းပါလို့မှာတာ ဘယ်သူမှလဲ လာမပြောဘူး၊ အဲဒါကြောင့် နတ်ပြည်မရှိပါဘူး ကိုယ်တော်။ တဲ့

အရှင်ကုမာရကဿပနဲ့ ပါယာသိမင်းတို့ရဲ့ အချေအတင် စကားစစ်ပွဲဟာ ယခု ဥပမာတခုပြဖို့ အခန်းရောက်လာပြန်တယ်၊ ဥပမာတခု ပြရမယ်။ အရှင်ကုမာရကဿပမထေရ်က စဉ်းစားတယ် ပေဘာဇီမင်းကြီးကို လက်တွေ့ကျတဲ့ ဥပမာသေးတခုတော့ ပြောဦးမှပဲ။

တေန ဟိ ရာဇည ဥပမံ တေ ကရိဿာမိ။ ဥပမာယ
မိဓေကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ ဇာနန္တိ။

ရာဇည၊ ပါယာသိမင်း။ တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ တေ၊ သင့်အတွက်, နတ်ပြည်ရှိသယ်ဆိုတာကို မယုံဘူးဆိုသော သင့်အတွက်။ ဥပမံ၊ ဥပမာတခုကို။ ကရိဿာမိ၊ ငါဆောင်၍ ပြဦးမယ်။

ဤမ၊ ဤလောကဌ၌ ကေစွေ အချို့ကုန်သော၊ ဝိညူပုရိသာ၊ ဉာဏ်ပညာရှိကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည်၊ ဘာသိတဿ၊ ပြောဆိုတဲ့စကားရဲ့၊ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ ဥပမာယ၊ ဥပမာဖြင့်။ ဇာနန္တိ၊ သိရှိကြကုန်လေ၏။

ဒကာတော်ပါယာသိမင်း–သင့်ကို ငါ ဥပမာတခု ဆောင်ပြမယ်။ ဉာဏ်ရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးမှန်သမျှ ဥပမာ ဆောင်ပြလျှင် ဆိုလိုတဲ့အနက်အဓိပ္ပာယ်ကို သိရှိနားလည်သွားကြတယ်။ အရှင်ဘုရား–ဒီလိုဆိုယင် ဥပမာဆောင်တော်မူပါ တပည့်တော် နား ထောင်ပါမယ်။

စကားစစ်ထိုးပွဲဟာ နင်လား ငါလားနဲ့ အကြိတ်အနယ် မဟုတ် ဘူး၊ အေးအေးချမ်းချမ်း လေးရယ်။ အရှင်ကုမာရ ကဿပမထေရ်ကလဲ တရားသဖြင့် ဖျောင်းဖျောင်းဖျဖျနဲ့ ပါယာသိမင်းကြီးကလဲပဲ မိစ္ဆာဒိဋ္ဌိလို့ ဆိုရပေမယ့်လဲ စကားပြောတဲ့ အခါကျတော့ သူက တော်တော်လေး ခြေခြေငံငံရှိတယ်။ သူ့အယူအဆကိုလဲ သူ ပြတ်ပြတ်သားသား တင်ပြ တယ်၊ နောက်ပိုင်း တင်ပြတဲ့အခန်းတွေမှာ ပိုပြီးတော့ ပြတ်သားတယ်။

ယခု ဒီမှာ တဆင့်ပြီးတဆင့် ဥပမာများဟာ လေးနက်တဲ့အပိုင်း ကို ရောက်လာတယ်။ ဥပမာ ဆောင်တော်မူပါဘုရား ဆိုတော့ အရှင် ကုမာရကဿပ ဆောင်တော်မူတဲ့ ဥပမာ—

## အရှင်ကုမာရကဿပရဲ့ တတိယမြောက် ဥပမာပေးချက်

ရာဇညာ၊ ပါယာသိမင်း။ မယာ၊ ငါသည်။ ဝုစ္စမာနာ၊ ဆိုလတ္တံ့ သော၊ တံဝစနံ၊ ထိုစကားကို၊ တွံ၊ သင်သည်။ ကိံမညသိ၊ ဘယ်လို များ မှတ်ထင်ပါဘိသနည်း။

ဒီစကားလေးတွေလဲ တယ်ပြီးတော့ ကောင်းတယ်။ ဒကာတော် ပါယာသိမင်း–ငါပြောမယ့်စကား သင် ဘယ်လိုများ ထင်လိုက်တုန်း၊ ငါ အခုဆိုမယ့်စကားကို မင်း ဘယ်လိုထင်တုန်း၊ ဉ်းစားစမ်း၊ အဲဒီ လို ဆိုလိုက်တော့ ဟိုက စိုက်ပြီးတော့ နားထောင်တယ်၊ ဘာများ ပြော မလဲပေါ့၊

သေယျထာပိ ရာဇည ပုရိသော ဂူထကူပေ သသီသကံ
နိမုဂ္ဂေါ အဿ။

ရာဇည၊ ပါယာသိမင်း။ သေယျထာပိ၊ ငါပြောပြမယ့် ဥပမာ ဆိုသည်ကား၊ ပုရိသော၊ သင့်ရဲ့ မင်းချင်းယောကျ်ား တယောက်သည်၊ ဂူထကူပေ၊ ကျင်ကြီးဘင်းထဲမှာ၊ သသီသကံ၊ ဦးခေါင်းနှင့် တကွ။ နိမုဂ္ဂေါ၊ နစ်မြုပ်နေသည်။ သစေအဿ၊ အကယ်၍များ ဖြစ်ခဲ့မယ်ဆိုယင်

ဒကာတော် ပါယာသိမင်း သင့် နန်းတော်ထဲက မင်းချင်း ယောကျ်ားတယောက် မစင်အပြည့်တည်ထားတဲ့ တွင်းထဲမှာ ဦးခေါင်းနဲ့ တကွ ကျပြီးတော့ နစ်မြုပ်နေတယ်လို့ဆိုယင် သင် ဘယ်လိုလုပ်မလဲ။

ပါယာသိမင်းကို မေးလိုက်တဲ့ အရှင်ကုမာရကဿပရဲ့ မေးခွန်းကို စဉ်းစားလိုက်။

သင့်ရဲ့ မင်းချင်းယောကျ်ားတယောက်ဟာ မစင်တွင်းကြီးထဲကို ခေါင်းမြုပ်တဲ့အထိ ကျနေမယ်ဆိုယင် သင် ဘယ်လိုများ လုပ်မတုန်း၊ ဒကာတော်မင်းကြီး။ အဲဒီအခါကျတော့ ပါယာသိမင်းကြီးက–

ဘော ကဿပ၊ အို–အရှင်ကုမာရကဿပ။

အဟံ၊ တပည့်တော်သည်၊ ပုရိသေ၊ ယောကျ်ားတို့ကို၊ အာဏာ ပေမိ၊ စေခိုင်းရာပါတော့သည်ဘုရား။

တပည့်တော်မင်းချင်းယောကျ်ားကို စေခိုင်းရပါမယ်။ ဘယ့်နှယ် စေခိုင်းမလဲ–

တံ ပုရိသံ၊ ထိုမစင်တွင်းထဲ ကျရောက်နေတဲ့ ပုဂ္ဂိုလ်ကို။ သီဃံ သီဃံ၊ လျင်လျင်မြန်မြန်။ ဥဒ္ဓရထ၊ ဆယ်ကြကုန်လော့။

မစင်တွင်းထဲ ကျနေကဲ့ ပုဂ္ဂိုလ်ကို ခပ်မြန်မြန် ဆယ်ရမယ်လို့ စေ ခိုင်းရမယ်ဘုရား။

အထ တံ ပုရိသေ အာဏာပေယျာသိ "တေန ဟိ
ဘော တံ ပုရိသံ တမှာ ဂူထကူပါ ဥဒ္ဓရထာ"တိ။

ရာဇည၊ ပါယာသိမင်း။ အထ၊ ထိုအခါ၌။ နေဟိ၊ ထိုကဲ့သို့ ဖြစ် ခဲ့မယ်ဆိုယင်။ တွံ၊ သင်သည်။ ဘော၊ အချင်း မင်းယောကျ်ားတို့။

တံပုရိသံ၊ ထိုမစင်တွင်းထဲ ခေါင်းမြုပ်အောင်ကျနေတဲ့ ဒီဂ္ဂုလ်ကို။ တမ္ပ ဂူထကူပ၊ ထိုမစင်တွင်းမှ။ ဥဒ္ဓရထ၊ ဆယ်ကြကုန်လော့။ ဣတိ၊ ဤသို့။ တံ၊ သင်သည်။ ပုရိသေ၊ မင်းချင်းယော်ကျားတို့ကို။ အာဏာပေယျာသိ၊ စေခိုင်းခဲ့ပေရာ၏။

ဒီလိုဆို ဒကာတော်မင်းကြီး—တွင်းထဲကျနေတဲ့ ပုဂ္ဂိုလ်ကို ဒကာတော် မင်းကြီးက ဆယ်ခိုင်းရမယ်၊ တွင်းထဲဆာ ခပ်မြန်မြန် ဆယ်ကြလို့ မင်းကြီးက စေခိုင်းရမယ်၊ ဟုတ်ရဲ့လား ဒကာတော်မင်းကြီး ဆိုတော့—

ဒီအတိုင်း စေခိုင်းမှာပေါ

ဧဝံ ဘော ကဿပ—မှန်လှပါတယ်ဘုရား။

အေး—တွင်းထဲက အဲဒီပုဂ္ဂိုလ်ကို ဆယ်ပြီးယင်—ဒကာတော် မင်းကြီးကို မေးမနေတော့ဘူး၊ ငါ ဆောက်လျှောက်ပဲ ပြောမယ်၊ မင်းကြီး က ဟုတ်ယင် ဟုတ်ဘယ်လို့သာ ဝန်ခံ။ ပါယာသိမင်းတရားကို အရှင် ကုမာရကဿပက အစီအစဉ်ချပြီးတော့ ဟောဒီမှာ ပြောလိုမ့်မယ်။

အထ တံ့ ပုရိသေ အာဏာပေယျာသိ၊

ရာဇည၊ ပါယာသိမင်း။ အထ၊ ထိုကဲ့သို့ တွင်းထဲက ဆယ်ထုတ် ပြီးသော ကာလမှာ။ တံ၊ သင်သည်။ ပုရိသေ၊ ယောကျ်ားတို့ကို။ အာ ဏာပေယျာသိ၊ စေခိုင်းရာ၏။

ဒကာတော်မင်းကြီး— ဒီလိုလဲ စေခိုင်းဦးမယ် မဟုတ်ပါလား၊ ဘယ်လိုတုန်းဘုရား။

ရာဇည၊ ပါယာသိမင်း။ တံ၊ သင်သည်။ တေ၊ ထိုမင်းချင်း ယောကျ်ားတို့ကို။ ဧဝံ၊ ဤသို့။ ဝဒေယျာသိ၊ ပြောဆိုခဲ့ပေရာ၏။

ဘော၊ အချင်းတို့။ တဿပုရိသဿ၊ ထိုတွင်းထဲက ဆယ်ထား သော ယောကျ်ား၏။ ကာယာ၊ ကိုယ်မှ။ ဂူထံ၊ ကျင်ကြီးခဲတို့ကို။ ဝေဠု ပေသိကာဟိ၊ ဝါးခြမ်းစိပ်ဖြင့်။ သုနိမ္မဇ္ဇိတနိမ္မဇ္ဇထ၊ ကောင်းစွာ ခြစ်ကြ ခွာကြ ပွတ်ကြ သပ်ကြကုန်လော့။ ဣတိ၊ ဤသို့။ အာဏာပေယျာသိ၊ စေခိုင်းခဲ့ပေရာ၏။

မစင်တွင်းထဲက ဆယ်ယားကဲ့ လူကို ဒကာတော် မင်းကြီးက မင်းချင်း ယောကျ်ားတွေကို ထပ်ဆင့်ပြီးတော့ ခိုင်းလိုက်ဦးမယ်။ ဝါးခြမ်း စိတ်နဲ့ အဲဒီ တွင်းသဲက ဆယ်ယားကဲ့ ပုဂ္ဂိုလ်ရဲ့ ကိုယ်မှ ကျင်ကြီးတွေကို၊ ပေကျံနေတဲ့ အညစ်အကြေးတွေကို အဲဒီဝါးခြမ်းဖြင့် ခြစ်ချလိုက်ကြ စမ်းပါလို့ မင်းကြီး ခိုင်းရမယ်မဟုတ်လား။

ဧဝံ ဘော ကဿပ၊ မှန်လှပါတယ်ဘုရား။

ပါယာသိမင်းကြီးက ဘန္တေ ကဿပလို့ မလာသေးဘူး၊ ဘော ကဿပနဲ့ချည်း လာနေတယ်။ ရှင်ဘုရင်ကြီးက အယူမှ မနှံ့သေးတာ ဘော ကဿပပဲ ပြောမှာပေါ့၊ ဟုတ်လား။

ဧဝံ ဘော ကဿပ- မှန်လှပါတယ် ဘုရား၊ တပည့်တော် ဒီလို ခိုင်းရမှာပါဘုရား။ မင်းကြီး ဒီလိုခိုင်းခဲ့မယ်ဆိုယင်

တေ၊ ထိုမင်းချင်းယောကျ်ားတို့သည်။ သာဓုတိ၊ ကောင်းပါပြီ ဟူ၍။ ပဋိဿုတွာ၊ ဝန်ခံပြီးတော့၊ တဿပုရိသဿ၊ ထိုတွင်းထဲက ဆယ်ယူထားသော ယောကျ်ားရဲ့။ ကာယာ၊ ကိုယ်မှ။ ဂူထံ၊ ကျင်ကြီး ကို။ ဝေဠုပေသိကာဟိ၊ ဝါးခြမ်းစိတ်ဖြင့်။ သုနိမ္မဇ္ဇိတံ၊ ကောင်းစွာ ပွတ်သည်၊ ခြစ်သည်၊ ခွာသည်ကို။ နိမ္မဇ္ဇေယျုံ၊ ကောင်းစွာ ပွတ်ကြ၊ ခြစ်ကြ၊ ခွာကြပေကုန်ရာ၏။

ဒကာတော် မင်းကြီး – ကိုယ်မှာ ပေနေတဲ့ ကျင်ကြီးတွေကို ဝါးခြမ်းပြားနဲ့ ခြစ်ပြီးယင် ဒကာတော်မင်းကြီး၊ နောက်ဆက်ပြီးတော့ ဒီလို အမိန့်ပေးလိမ့်ဦးမယ် မဟုတ်လား။

အရှင်ကုမာရကဿပ ဆိုပုံဟာ ဟောဒီမှာ ရှေ့နေက ရှေ့ကနေ လမ်းကြောင်းပြီး ပေးဘော့ မပြောတတ်တဲ့ အမှုသည်ဟာ ရှေ့နေရဲ့ နောက်ကနေ လျှောက်ပြီး လိုက်ရတာမျိုးလို ဖြစ်နေတယ်။ မင်းကြီး– ဒီလို ခိုင်းလိမ့်ဦးမယ်မဟုတ်လား၊ ဘယ်လိုဘုန်းဘုရား။

ဒီအတိုင်း အမိန့်ပေးမှာပါ

"တေန ဟိ ဘော တဿ ပုရိသဿ ကာယံ မဏ္ဍု မတ္တိကာယ တိက္ခတ္တုံ သုဗ္ဗဋ္ဋိတံ ဥဗ္ဗဋ္ဋေထာ" တိ၊

ဘော၊ အို–အချင်းတို့။

တေနဟိ၊ ငါ တိုက်တွန်းပါတယ်။ တသာ ပုရိသာ၊ ထိုမစင်တွင်းက ဆယ်ထုတ်ထားတဲ့ ယောကျ်ား၏။ ကာယံ၊ ကိုယ်ကို။ ပဏ္ဍုမတ္တိကာယ၊ ညက်ညောလှစွာသော မြေညက်ဖြင့်။ တိက္ခတ္တုံ၊ သုံးကြိမ်။ သုဗ္ဗဋ္ဋိတံ၊ ကောင်းစွာ လိမ်းကျံကြကုန်လော့။

ဠတိ၊ ဤသို့။ အာဏာပေယျာသိ အပိနု၊ စေခိုင်းရာသည်မဟုတ်ပါလား။

ဝါးခြမ်းပြားနဲ့ ခြစ်ချထားတဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ် တကိုယ်လုံးကို အလွန် နူးညံ့ပျော့ပျောင်းတဲ့ မြေညက်နဲ့ သုံးထပ်လောက် လိမ်းကျံရမယ်လို့ မင်းကြီးဟာ စေခိုင်းလိမ့်မယ်။

အဲဒါက ရှေးတုန်းကပေါ့၊ ဒီကနေ့ခေတ် ဆိုယင်တော့ သဲဆပ်ပြာတွေနဲ့ပွတ်, ဆပ်ပြာအမျိုးမျိုးနဲ့ ပွတ်ပေါ့၊ ဟုတ်လား။ အနံ့အသက်စင်ကြောင်း ကောင်းမြတ်တဲ့ သန့်ရှင်းရာ သန့်ရှင်းကြောင်း ဆေးတွေ၊ ဆပ်ပြာတွေနဲ့ ဒါတွေဟာ ဒီကနေ့တော့ ခေတ်မီတဲ့ ပစ္စည်းအမျိုးမျိုးနဲ့ လုပ်ကြမှာပဲ။

ဟောဒီမှာ ဒကာတော်မင်းကြီး–နူးညံ့တဲ့ မြေညက်နဲ့ ခန္ဓာကိုယ်ကို သုံးထပ်လိမ်းလို့ မင်းကြီး အမိန့်ပေးရပေလိမ့်မယ်၊ မှန်လှပါတယ်ဘုရား၊ တပည့်တော် ဒီအတိုင်း အမိန့်ပေးမှာပါ။

မင်းကြီး အမိန့်ပေးလိုက်လို့ရှိယင် မင်းချင်း ယောကျ်ားတို့ကလဲပဲ ထိုမစင်တွေလူးပြီးတော့ တွင်းထဲက ထွက်လာတဲ့လူကို မင်းကြီး အမိန့်ပေးသည့်အတိုင်း မြေညက်နဲ့ ခန္ဓာကိုယ်ကို သုံးထပ်လိမ်းပြီးပြီတဲ့၊ မြေညက်နဲ့ ခန္ဓာကိုယ်ကို သုံးထပ်လိမ်းပြီးလို့ရှိယင် ဒကာတော်မင်းကြီး နောက်ထပ်အဲဒါ ဘာအမိန့်ပေးဦးမှာတုန်း။

မြေညက်နဲ့ သုံးထပ်လိမ်းထားတဲ့ အဲဒီခန္ဓာကိုယ်ကို ရေလောင်းချလိုက်၊ မစင်အညစ်အကြေးတွေဟာ ရေနဲ့ ပါသွားရော။ ကိုယ်မှာ ပေကျံနေတဲ့ အညစ်အကြေးတွေ၊ အနံ့အသက်တွေဟာ မြေညက်နဲ့ သုံးထပ်လိမ်းထားတော့–

မြေညက်ဆိုတာ အညာဒေသမှာလို ဆိုယင်တော့ ဟို=သဲဆပ်ပြာတို့လို ဘာတို့လိုပေါ့လေ၊ ကော့စတစ်ဓာတ်ပါတဲ့ မြေကြီးပေါ့၊ ဟုတ်

လား။ ကြမ်းကြမ်း တမ်းတမ်းကြီး ဆိုယင်လဲ အသားတွေ ပဲ့ကုန်မှာ၊ ဒီတော့ စာမှာက အသေအချာပါတယ်—

ပဏ္ဍုပလ္လိကာယ နူးညံ့ပျော့ပျောင်း အသားကို ငြင်၊ ရှဖြင်း မရှိတဲ့ မြေညက်။ –တဲ့

အဲဒီလို မြေညက်နဲ့ လိမ်းရမှာ။ အနံ့ဟသကိုလဲ သန့်ရှင်း ပေတယ်၊ အညစ်အကြေးကိုလဲ သန့်ရှင်းစေသယ်၊ ကောင်းတာစ ဝာင်တဲ့ အများကြီး ပါတယ်ပေါ့၊ အဲဒီလို မြေညက်နဲ့ သုံးပင်လိမ်းပြီးပေ ရေခလာင်းချ။ ဒကာတော် ပါယာသိမင်း ဒီလို အောင်ရက်ပြီ ယ မင်းကြီးဟာ နောက်ထပ် အမိန့်တခု ပေးပလိမ့်ဦးမယ်၊ ဘယ်လို အမိန့် မျိုး ပေးမှာတုန်းဆိုတော့—

သန့်ရှင်းသွားအောင် ရေချိုးခိုင်းမယ်

တေန ဟိ ဘော တံ ပုရိသံ တေလေန အဗ္ဘဉ္ဇိတွာ—

ဘော၊ အို–အချင်၊တို့။

ဘေနဟိ၊ ငါ တိုက်တွန်းပါတယ်။ တံပုရိသံ၊ ထိုယောကျ်ားရဲ့ ခန္ဓာကိုယ်ကို။ တေလေန၊ ဆီဖြင့်။ အဗ္ဘဉ္ဇိတွာ၊ လိမ်းကျံ၍။

ဆီလိမ်းရဦးမယ်၊ မစင်လူးယင် သန့်ရှင်းအောင်လုပ်ရမယ့် အစီ အစဉ်ကို ပါယာသိသုတ္တန်က ပြောထားတယ်။ ဆီနဲ့လိမ်းကျံပြီးတော့မှ

သုခုမေန စုဏ္ဏေန တိက္ခတ္တုံ သုပ္ပဝေဘတံ ကရောထာ''တိ၊

သုခုမေန၊ နူးညံ့လှစွာသော၊ စုဏ္ဏေန၊ ရေချိုးတဲ့ ဆပ်ပြာမှုန့်ဖြင့်

ရှေးတုန်းကတော့ ရေချိုးတဲ့အခါမှာဒီကနေ့ခေတ်လို ဆပ်ပြာ တွေဘာတွေက ရှိပုံမပေါ်တော့ ''ရေချိုးကသယ်မှုန့်' လို့ ရှေးပေါ်ရာ ဒီလိုသုံးတယ်။ အလွန်နူးညံ့တဲ့ အရောင်အသွေးလဲ ကောင်းတဲ့ မြေညက် နုနုထဲမှာ အမွှေးလဲပါတယ်၊ ခုနက အညစ်အကြေးကိုလဲ သန့်ရှင်းစေ အငန်ဓာတ် အခါးဓာတ် အစေးဓာတ်ပေါ့လေ၊အဲဒီလို ဓာတ်စတစ်ခေတ် တွေလဲပါတယ်။ အဲဒါတွေစုပြီးတော့ နူးညံ့တဲ့ မြေကြီးနဲ့ ပြုထားတဲ့ အမှုန့်လေးတွေ အဲဒါကို ''ရေချိုးကသယ်မှုန့်''လို့ ခေါ်တယ်၊ ခန္ဓာကိုယ် ကို အဲဒါနဲ့ ပွတ်တိုက်ပြီးတော့ ရေချိုးကြရတာ။

ဒကာတော် ပါယာသိမင်းဟာ ဒီလို အမိန့်ပေးလိမ့်ဦးမယ်၊ တောလေနအဗ္ဘဥ္စတွာ—ဆီထည့်လိမ်းပြီးတော့၊ သုခုမေနစုဏ္ဏေနအဗ္ဘဥ္စတွာ—နူးညံ့သော ရေချိုးကသယ်မှုန့်နဲ့ နယ်ပြီးတော့၊ သုပ္ပမောဟကမရာထ-ကောင်းစွာ ရေချိုးမှုကို ပြုလိုက်ကြလို့ မင်းကြီးသည်၊ ဝေ၀ဒေယျာသိ—ဒီလိုပြောရတယ် မဟုတ်လား။ ဆီနဲ့လိမ်းရမယ်၊ ရေချိုး ကသယ်မှုန့်နဲ့ ပွတ်ရမယ်၊ ပြီးတော့မှ ရေလောင်းရမယ်။

ဟောဒီမှာ ဆီတခြား ဆပ်ပြာ ကောစတစ်ခါတက တခြား၊ ရှေးတုန်းကတော့ အဲဒါရောပြီးသား မရှိဘူး။ ဒီကနေ့ခေတ် ဆပ်ပြာ ချက်တော့ ဆပ်ပြာထဲမှာ ဆီက အလိုလိုပါပြီးသား ဖြစ်နေတယ်။ ဆပ်ပြာချက်တော့ ဘာဆီနဲ့ချက်သလဲ၊ အမဲဆီနဲ့ချက်တယ်၊ ဟုတ်လား။ ဖွဲနုဆီတို့ ဘာတို့ ပါသေးသလား၊ မပါဘူးနော်။

အေး—ဒါဖြင့် ဆီပါတယ်ဆိုတာတော့ သေချာတယ်၊ ကောစ တစ်နဲ့ဆီဟာ ပဝေနုဖြစ်နေတယ်နော်။ ဒီမှာလဲပဲ ပဏ္ဏုမတ္တိကာ—နူးညံ့တဲ့ မြေညက် အဲဒီဘာထဲ ကောစတစ်ခါတ်ပါတယ်၊ အဲဒါခေတ်မီတဲ့ ရောနည်း ဖပ်နည်းက မရှိတော့ ဆီနဲ့လိမ်းပြီးတော့မှ မြေညက်နဲ့ပွတ်၊ အဲဒီ နောက် ရေလောင်းချ။ ဒါ ဆပ်ပြာနဲ့တိုက်ပြီး ရေချိုးတဲ့သဘောပဲ။

ဒကာတော်မင်းကြီး—ဒီလို အမိန့်ပေးလိမ့်မယ် မဟုတ်ပါလား၊ မှန်ပါတယ်ဘုရား တပည့်တော် ဒီအတိုင်း အမိန့်ပေးမိမှာပါ။

## ဒံပင်မှုတ်ဆိတ် ကျင်စွယ်တွေလဲ ပယ်ခိုင်းမယ်

ဒကာတော်မင်းကြီး ဒီအတိုင်း အမိန့်ပေးလိုက်ယင် မင်းချင်း ယောကျ်ားတို့ကလဲ ဒီအမိန့်ကို ဦးထိပ်ရွက် ပန်ဆင်ပြီးတော့ ထိုပုဂ္ဂိုလ်ရဲ့ သန့်ရှင်းရေးကို ဆောင်ရွက်ကြမှာပါပဲ၊ အဲဒီလို ဆီရယ်၊ မြေညက်ရယ် လိမ်းကျံပြီးတော့ ရေချိုးခြင်းကိစ္စ ပြီးပြီဆိုယင် ဒကာတော် မင်းကြီး တပ်ဆင့်ပြီးတော့ ဒီသို့ အမိန့်ပေးဦးမယ် မဟုတ်လား။ အရှင် ကုမာရ ကဿပ ပြောဆိုပုံနော်။—

ရာဇညာ၊ ပါယာသိမင်းကြီး။ တံ၊ သင်မင်းကြီးသည်။ တေ၊ ယိုမင်းချင်းယောကျ်ားတို့ကို။ ဝေ၊ ဤသို့။ ဝဒေယျာသိ၊ ပြောဆို စေခိုင်းရာ၏။

ဘယ်လိုမျှား စေခိုင်းမှာတုန်းဆိုတော့—

တေန ဟိ ဘော တဿ ပုရိသဿ ကေသမဿုံ ကပ္ပေထာ''တိ။

ဘော၊ အို—အချင်းတို့။

တေနဟိ၊ ငါတိုက်တွန်းပါ၏။ တဿပုရိသဿ၊ ထိုယောကျ်ား၏။ ကေသမဿုံ၊ ဆံပင်နဲ့မုတ်ဆိတ်ကိုလဲ။ ကပ္ပေထ၊ ရိတ်ပယ်ရှင်းလင်းလိုက်ကြကုန်လော့။

ထိုပုဂ္ဂိုလ်ရဲ့ဆံပင်တွေကိုလဲ အကုန်လုံးရိတ်လိုက်၊ မုတ်ဆိတ်ကျင်စွယ်တွေကိုလဲ ရိတ်ပယ်ရှင်းလင်းလိုက်ကြ။ ဆံပင်နဲ့ မုတ်ဆိတ်ကျင်စွယ်တွေကို ရိတ်ပယ်ရှင်းလင်းရမယ်လို့လဲ မင်းကြီးအမိန့်ပေးရသည် မဟုတ်လော၊ ဝေ၊ ဘောကဿပ-တပည့်တော် ဤလို အမိန့်ပေးရပါ့မယ်ဘုရား၊ ကောင်းပြီ ဒကာတော် ပါယာသိမင်းကြီးက ဆံမုတ်ဆိတ်ကျင်စွယ် ရိတ်ပယ်ရမယ်လို့ အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက်တည်း။

တေ တဿ ပုရိသဿ ကေသမဿုံ ကပ္ပေယျုံ။

တေ၊ ထိုမင်းချင်းယောကျ်ားတို့သည်။ သာဓုတိ၊ ကောင်းလှပါပြီဟူ၍။ ပဋိဿုတွာ၊ ဝန်ခံပြီးတော့မှ။ တဿပုရိသဿ၊ ထိုယောကျ်ားရဲ့။ ကေသမဿုံ၊ ဆံပင်နဲ့မုတ်ဆိတ်ကို။ ကပ္ပေယျုံ၊ ရိတ်ပယ်ရှင်းလင်းကြပေကုန်ရာ၏။

မင်းကြီးအမိန့်ပေးတဲ့ အတိုင်း မင်းချင်းယောကျ်ားတို့က ထိုပုဂ္ဂိုလ်ရဲ့ဆံပင်တွေ မုတ်ဆိတ်တွေ ကျင်စွယ်တွေကို ရိတ်ပယ်ရှင်းလင်းကြလိမ့်မယ်၊ ဒကာတော်မင်းကြီး—မုတ်ဆိတ် ကျင်စွယ်တွေကို ရိတ်ပယ်ရှင်းလင်းလို့ပြီးပြီ ကိုယ်ကိုလဲ သန့်ရှင်းအောင် အနံ့အသက်ကောင်းအောင် ရေချိုးလို့ပြီးပြီတဲ့၊ အဲဒီနောက်မှာ ဒကာတော်မင်းကြီး ဒီလိုအမိန့်ပေး ရာသေးသည်မဟုတ်ပါလော။

## မွှေးမျိုးနံ့သာလိမ်းကျံပြီး အဝတ်တန်ဆာဆင်ခိုင်းမယ်

တေန ဟိ ဘော တဿ ပုရိသဿ မဟဂ္ဃေန မာလံ
မဟဂ္ဃေန ဝိလေပနံ မဟဂ္ဃာနိစ ဝတ္ထာနိ ဥပဟရထာ''တိ။

ဘော၊ အို—အချင်းတို့။

တေနဟိ၊ ငါတိုက်တွန်းပါ၏။ တဿပုရိသဿ၊ ထိုမစင်တွင်းမှာ ဆယ်ပြီးတော့ သန့်ရှင်းအောင် ရေမိုးချိုးပြီးတော့ သုတ်သင်ကားတဲ့

ထိုယောကျ်ားအတွက်။ မဟာဂ္ဃဥမာလံ၊တန်ဖိုးကြီးတဲ့ပန်းကိုလည်းကောင်း၊ မဟာဂ္ဃဥဝိလေပနံ၊ တန်ဖိုးကြီးတဲ့ လိမ်းကျံစရာ အမွှေးနံ့သာကိုလည်း ကောင်း၊ မဟာဂ္ဃာနိစဝတ္ထာနိ တန်ဖိုးကြီးမားတဲ့ အဝတ်အသစ်စက်စက် တို့ကိုလည်းကောင်း။ ဥပဟရထ၊ ဆောင်ပြီးတော့ ပေးလိုက်ကြ။

ကိုယ်လက်သုတ်သင်သန့်ရှင်းပြီးတဲ့ ထိုယောကျ်ား တန်ဆာဆင်ဖို့ ရန်အတွက် အဝတ်သစ်အစားသစ်တွေကိုလဲ ပေးလိုက်ကြပါ၊ ကိုယ်ကို လိမ်းကျံဖို့ရန် မွှေးမျိုးနံ့သာတွေကိုလဲ ပေးလိုက်ကြပါ၊ ခေါင်းမှာဆင်ဖို့ ရန် ပန်းတွေကိုလဲ ပေးလိုက်ကြပါ။ ခန္ဓာကိုယ်ကို အပြေအပြစ်ပြုဖို့ အလှ အပ တန်ဆာဆင်ဖို့ အဝတ်တွေ မွှေးမျိုးနံ့သာတွေ ပေးလိုက်ကြပါလို့ မင်းကြီးသည် ဒီလိုဆက်ပြီးတော့ အမိန့်ပေးရာသည် မဟုတ်ပါလား။

ဝေံဘောကဿပ–မှန်လှပါတယ်ဘုရားလို့ ပါယာသိ ဝန်ခံတယ်၊ တပည့်တော် ဒီအတိုင်း အမိန့်ပေးရမှာပါဘုရား။ ကောင်းပြီဒကာတော် မင်းကြီးဒီလိုအမိန့်ပေးလိုက်လို့ရှိယင်မင်းကြီးရဲ့မင်းချင်း ယောကျ်ားတို့ကလဲ ကောင်းပြီလို့ ဝန်ခံပြီးတော့–

တဿပုရိသဿ၊ ထိုယောကျ်ားအတွက်။ မဟာဂ္ဃဥမာလံ၊ တန်ဖိုး ကြီးတဲ့ ပန်းလေးမျာ်းကိုလည်းကောင်း။

တန်ဖိုးကြီးတဲ့ပန်းဆိုတော့ ဒီကနေ့ခေတ် ရန်ကုန်မှာ တန်ဖိုး အကြီးဆုံးပန်းက ဘာပန်းလဲ၊ သစ်ခွပန်း၊ သဇင်ပန်း၊ တချို့ကလဲ ပင့်ကူ ဆိုလား၊ စပိုက်ဒါ ဆိုလားပဲ၊ ဟုတ်လား။ တန် ဖိုး တော်တော်ကြီး တယ်နော်။

မဟာဂ္ဃဥဝိလေပနံ၊ ကိုယ်ခန္ဓာကို လိမ်းကျံဖို့ တန်ဖိုးကြီးမားတဲ့လိမ်း ကျံစရာများကိုလည်းကောင်း။

တန်ဖိုးကြီးတဲ့ လိမ်းစရာက ဘာလဲ၊ အဲဒါက ဘာမိတ်ကပ်လဲ၊ စဉ်းစားကြပေါ့ဗျာ၊ ဟုတ်လား။

မဟာဂ္ဃာနိစဝတ္ထာနိ၊ တန်ဖိုးကြီးတဲ့ အဝတ်တွေကိုလည်းကောင်း။

တန်ဖိုးအကြီးဆုံးအဝတ်အထည်ကလဲ ဒီကနေ့ခေတ် ဘာဖြစ်မယ် မသိဘူး၊ ဟုတ်လား။

ပါယာသိမင်းကြီးက ခုနက မစင်တွင်းထဲက ဆယ်ထားတဲ့ပုဂ္ဂိုလ်ကို သန့်ရှင်းအောင်သုတ်သင်ထားတဲ့ ပုဂ္ဂိုလ်ကိုဆင်ပြန်းပေးဖို့တဲ့ မင်းချင်းတို့ကို ဒီလိုအမိန့်ပေးရမယ် မဟုတ်လားလို့မေးတော့၊ ပါယာသိမင်းကြီးက မှန်လှပါတယ်ဘုရား၊ ဒီလိုပဲ အမိန့်ပေးမှာပါ။

မင်းကြီးအမိန့်ပေးတဲ့အတိုင်း မင်းချင်းတွေက မစင်တွင်းကလူကို ဆယ်ပြီး သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပြီးတော့ ဆင်ယားလိုက်တာ ကြည့်လိုက်စမ်း၊ ခေါင်းမှာလဲ တန်ဖိုးကြီးတဲ့ ပန်းကလေးတော့ ပန်လို့၊ ခန္ဓာကိုယ်မှာလဲ တန်ဖိုးကြီးမားတဲ့ လိမ်းကျံစရာတွေ လိမ်းကျံထားလို့၊ အဖိုးတန်တဲ့ အဝတ်တွေကိုလဲ တကိုယ်လုံးဆင်ပြီးတော့ ထားလိုက်တာ သိပ်တင့်တယ်နေပြီ မဟုတ်လား၊ ပ်ကိုကြက်သရေရှိနေပြီ၊ ဒါနဲ့တောင်မှ ဒီလူကို ချီးမြှောက်ဦးမယ် အားမရသေးဘူးတဲ့

ပြာသာဒ်ထက်မှာ အာရုံငါးပါး ခံစားစေမယ်

ဘုန်းကြီးတို့ ပရိသတ်များ၊ စဉ်းစားကြည့်ကြနော်၊ ဒီလူဟာ တဖြည်းဖြည်းနဲ့ ဟိုမစင်တွင်းက တက်တက် တက်လာပြီးတော့ လာခဲ့တာ ဘယ်ရောက်ပြီလဲဆိုတာ ကြည့်လိုက်၊ ဘောဒီမှာ တဆင့်တက်လာတာ တွေ့လိမ့်ဦးမယ်–

တေ တံ ဝဒေယျာသိ၊

ရာဇည၊ ပါယာသိမင်း။ တွံ၊ သင်သည်။ ထိုမင်းချင်း ယောကျ်ား တို့ကို။ ဧဝံ၊ ဤသို့။ ဝဒေယျာသိ၊ ပြောဆိုစေခိုင်းရာသေးသည် မဟုတ်ပါလား။

ပါယာသိမင်း–သင်သည် မင်းချင်းယောကျ်ားတို့ကို ဒီလို အမိန့်ပေးရာသေးသည် မဟုတ်ပါလား။ ဘယ်လိုအမိန့်ပေးဦးမလဲ–

တေန ဟိ ဘော တံ ပုရိသံ ပါသာဒံ အာရောပေတွာ ပဉ္စကာမဂုဏာနိ ဥပဋ္ဌာ ပေထာ” တိ။

ဘော၊ အို–အချင်းတို့။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား (ဝါ) တေနဟိ၊ ငါတိုက်တွန်းပါ၏။ တံပုရိသံ၊ ထိုယောကျ်ားကို။ ပါသာဒံ၊ ပြာသာဒ်ထက်သို့။ အာရောပေတွာ–အာရောပေထ၊ တင်ကြကုန်လော့။

မင်းကြီးက အမိန့်ပေးပုံ။ အချင်းတို့–အဲဒီလူကို မစင်တွင်းထဲက ဆယ်, သန့်ရှင်းအောင် ရေမိုးချိုး, တကိုယ်လုံး အဖိုးတန်စာတွေ ဆင်မြန်းလို့ ရတနာအစုံအပုံတွေ တကိုယ်လုံးသီးနေတဲ့ ထိုပုဂ္ဂိုလ်ကို ဘုံ ၇-ဆင့်ရှိတဲ့ ပြာသာဒ်ပေါ် တင်လိုက်ကြဟေ့။

ပါသာဒ်အာရောပေတ္ဗာ၊ ဘုံ ၇-ဆင့်ရှိတဲ့ ပြာသာဒ်ထက်မှာ တင်ပြီးတော့မှု။ တဿပုရိသဿ။ ထိုယောကျ်ားအတွက်။ ပဉ္စကာမဂုဏာနိ၊ ကာမဂုဏ်ငါးပါးတို့ကို။ ဥပဋ္ဌာပေထ။ အနီးမှာတည်ထားလိုက်ကြ။

ကိုင်း–မစင်တွင်းထဲကလူ ဘယ်ရောက်သွားပြီလဲ၊ ပြာသာဒ်ပေါ် ရောက်သွားပြီနော်။ အံ့ဩစရာပဲ၊ ပါယာသိမင်းကြီး ချီးမြှောက်လိုက်တာနော်။ ဘုံ ၇-ဆင့်ရှိတဲ့ ပြာသာဒ်ထက်တွင် တကိုယ်လုံးလဲ မွှေးကြိုင်လို့ အဖိုးအဘန်ဆုံး အဝတ်ဘန်ဆာတွေ ဆင်မြန်းပြီးတော့ ထားလိုက်တာ၊ ရတနာအစုံအပုံတို့နဲ့ စီချယ်တဲ့ ပြာသာဒ်ထက်က သလွန်ပေါ်တင်ထားပြီးတော့ ပဉ္စကာမဂုဏာနိ ဥပဋ္ဌာပေထ–အဲဒီလူအနားမှာ ကာမဂုဏ်ငါးပါးဟာ စိုင်းနေပြီ။

ရူပါရုံအတွက်လဲ မင်းသမီးအလှလေးတွေ သူ့အနားမှာ ဝိုင်းနေပြီ၊ သဒ္ဒါရုံအတွက်လဲပဲ နန်းတွင်းက အဆိုတော်တွေ သူ့အနားဝိုင်းထားတယ်၊ ဂန္ဓာရုံအတွက်ဆိုယင်လဲ နန်းတော်ထဲက မွှေးမျိုးစုံဟာ သူ့အခန်းထဲမှာ အပြည့်ပဲ၊ ရသာရုံအတွက်ကော စားဖွယ်သောက်ဖွယ်တွေ ရှင်ဘုရင်ပွဲတော်အုပ်ကြီးကို သူ့အတွက် တည်ပေးထားတယ်၊ ဖောဋ္ဌဗ္ဗာရုံအတွက်လဲ ရှင်ဘုရင်သုံးတဲ့ အဝတ်အစားနဲ့ ဖဲမွေ့ရာ ကတ္တီပါကော်ဇောတွေ သူ့အတွက်အ ကုန်ခင်းထားတယ်၊ အာရုံငါးပါး ကာမဂုဏ် ငါးပါး ပြည့်စုံပြီနော်။

ကိုင်း မစင်တွင်းထဲကလူဟာ ဘုံ-၇ဆင့်ထက်မှာ တကိုယ်လုံးမှာ တန်းဆာအလှဆုံးဆင်ပြီးတော့ ကာမဂုဏ်ငါးပါးကို မြိန်မြိန်ကြီး ခံစားပြီး ဒကာတော်မင်းကြီး၊ ဒကာတော်မင်းကြီး စဉ်းစား။

## မစင်တွင်းထဲ ပြန်ဆင်းချင်ပါ့မလား

ရာဇညာ၊ ပါယာသိမင်းကြီး။ ယော၊ ငါသည်။ ဝုစ္စမာနာ၊ ဆိုလတ္တံ့ဖြစ်သော။ တံဝစနံ၊ ထိုစကားကို။ တွံ၊ သင်မင်းကြီးသည်။ ကိုမည်သို၊ ဘယ်လိုများ မှတ်ထင်ပါဘိသနည်း။

ဒကာတော်ပါယာသိမင်း-ယခု ငါဆိုလတ္တံ့စကားကို သင်မင်းကြီးသည် ဘယ်လိုများထင်လိုက်တုန်း စဉ်းစားစမ်းပါ၊ ပါယာသိမင်းကြီး ငါပြောမယ့်စကားကို ဆက်လက်နားထောင်နော်။ အရှင်ကုမာရကဿပက ဂရုတစိုက် နားထောင်စေချင်လို့ပြောတော့ ပါယာသိမင်းကြီးကလဲ ငါဘုရားပြောလို့ပါလိမ့်ဆိုပြီး ရိုက်ပြီးတော့ နားထောင်၏

မစင်တွင်းထဲကလူတော့ ပြာသာဒ်ပေါ်တင်ပြီး ကာမဂုဏ်တွေနဲ့ တားလိုက်ပြီ၊ ငါဘုရားမေးဦးမလဲလို့ ပါယာသိမင်းကြီးစဉ်းစားတယ်၊ အဲဒီမစင်ကျင်းက ဆယ်တုတ်ဆေးတဲ့လူကို ပြာသာဒ်ပေါ်၌ မက်မောက်တဲ့အထိ ဘယ်လိုအစီအစဉ်နဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာကိုလဲ အရှင်ကုမာရကဿပက ရှေလမ်းကြောင်းပေးထားတယ်၊ ပါယာသိမင်းကြီးက ဟုတ်ပါတယ် မှန်ပါတယ်ဆိုပြီး ဝန်ခံပြီးတော့ ဒီအတိုင်း လိုက်သွားတယ်၊

အပိ နုံ တဿ ပုရိသဿ သုန္ဟာတဿ သုဝိလိတ္တဿ သုကပ္ပိတ ကေသမဿုနော အာမုက္ကမာလာဘရဏဿ ဩဒါတဝတ္ထ ဝသနဿ ဥပရိပါသာဒဝရဂတဿ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတဿ သမင်္ဂီဘူတဿ ပရိစာရယမာနဿ ပုနဒေဝ တသ္မိံ ဂူထကူပေ နိမုဇ္ဇိတုကာမတာ အဿာတိ၊-လို့

အရှင်ကုမာရကဿပ မေးတော်မူတယ်၊

ရာဇည၊ ပါယာသိမင်း။ သုန္ဟာတဿ၊ ကောင်းစွာရေချိုးပြီးခဲ့သော။ သုဝိလိတ္တဿ၊ ကောင်းစွာတကိုယ်လုံး မွှေးမျိုးနံ့သာတို့ဖြင့် လိမ်းချယ်ခဲ့ပြီးသော၊ သုကပ္ပိတကေသမဿုဿ၊ ဆံပင်မုတ်ဆိတ်ကျင်စွယ်ကိုလဲ သပ်သပ်ရပ်ရပ် ရိတ်ယယ်ရှင်းလင်းခဲ့ပြီးသော၊ အာမုက္ကမာလာဘရဏဿ၊ တကိုယ်လုံးမှာ ရတနာတွေ တန်းဆာတွေ သီးနေအောင် ဆင်ထားခဲ့ပြီးသော။ ဩဒါတဝတ္ထဝသနဿ၊ အဝတ်ဖြူကို ကိုယ်မှာတကိုယ်လုံး သန့်ရှင်းအောင် ဆင်မြန် ထားခဲ့ပြီးသော၊ ဥပရိပါသာဒဝရဂတဿ၊ မြင့်မြတ်လှစွာသော ဘုံ-၇ ဆင့်ပြာသာဒ်ထက် တက်ရောက်၍နေခဲ့သော။

ပဉ္စဟိကာမဂုဏေဟိ၊ ကာမဂုဏ် ငါးပါးတို့ဖြင့်။ သမပ္ပိတဿ၊ ခြံရံ၍နေသော။ သမင်္ဂီဘူတဿ၊ ပြည့်စုံ၍နေသော။ ပရိစာရယမာနဿ၊ တင့်တယ် စံပယ်ပြီးတော့ ခံစား၍ နေသော။ တဿပုရိသဿ၊ ထို

ယောကျ်ားအတွက်။ ပုနဒေဝ၊ နောက်ထပ်တဖန်။ တသ္မိံ ဂူထကူပေ၊ ထိုကဲ့သို့သော မစင်ကျင်းကြီးတွင်းထဲသို့။ နိမုဇ္ဇိတုကာမတာ၊ နောက်တဖန် ငုပ်လျှိုးလိုသောဆန္ဒသည်။ အသာအပိန၊ ဖြစ်ရာပါသေးသလော။

ဘုံ ၇ ဆင့်ရှိတဲ့ ပြာသာဒ်ထက် တက်ပြီးတော့ ကာမဂုဏ်ငါးပါး ခံစားနေတဲ့ မစင်တွင်းက လွတ်မြောက်လာခဲ့တဲ့ ထိုပုဂ္ဂိုလ်သည် မစင်တွင်းထဲမှာ ပြန်ပြီးတော့ ငုပ်လျှိုးလို့တဲ့ဆန္ဒ ဖြစ်မျှား ဖြစ်ပါဦးမလားလို့—

အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်သည်။ ပါယာသိရာဇညာ၊ ပါယာသိခေါ်သော မင်းတရားကို။ ဣမံပဥှံ၊ ဤမေးခွန်းကို။ အပုစ္ဆိ၊ သိလိုရေးနဲ့ မေးမြန်းတော်မူခဲ့ ပါပေသတည်း။

“သာဓု—သာဓု—သာဓုပါဘုရား”

ဆင်းချင်တော့မှာ မဟုတ်ပါဘူး—တဲ့

ဒကာတော် ပါယာသိမင်း—ငါ ဆိုမယ့်စကားကို သင်သည် နားစေ့ခစ့ထောင်၊ ဘယ်လိုမျှား ထင်တုန်း။

ထိုမစင်တွင်းထဲက ဆယ်ပြီးတော့ ကောင်းစွာ ရေချိုး သန့်ရှင်းအောင် သုတ်သင်၊ မွှေးမျိုးနံ့သာတွေ တကိုယ်လုံး လိမ်း၊ ဆံမုတ်ဆိတ်ကျင်စွယ်ကို ရိတ်ပယ်၊ အဖိုးတန်တဲ့ တန်ဆာတွေ တကိုယ်လုံး ဆင်ပြီးတော့မှ ဘုံ ၇ဆင့်ရှိတဲ့ ပြာသာဒ်ထက်ဆင်ပြီး ကာမဂုဏ်ငါးပါး မြိန်မြိန်ကြီး ခံစားနေတဲ့ထိုယောကျ်ားကို ဟော့—မင်း မစင်တွင်းတခေါက် ပြန်ဆင်းပါဦးဆိုယင်၊ မစင်တွင်းထဲက လွတ်ပြီး ပြာသာဒ်အထက် ရောက်နေတဲ့ ထိုပုဂ္ဂိုလ်, ကာမဂုဏ်ငါးပါး ခံစားနေတဲ့ ထိုယောကျ်ားဟာ ထိုမစင်တွင်း ပြန်ဆင်းဖို့ ဆန္ဒ ဖြစ်ပါဦးမလား၊ ဒကာတော်မင်းကြီး စဉ်းစားစမ်းပါ။

အရှင်ကုမာရကဿပရဲ့ မေးခွန်းကို ပါယာသိမင်းကြီး စဉ်းစာသလို ဘုန်းကြီးတို့ပရိသတ်လဲ စဉ်းစားလို့ အဖြေထွက်ပြီးနေပါပြီ။ အဲဒီပြာသာဒ်ထက်က လူဟာ မစင်တွင်းထဲဆင်းဖို့ ဆန္ဒ ဖြစ်ဦးမှာလား၊ မဖြစ်တော့ဘူးတဲ့။ မစင်တွင်းထဲ မပြောပါနဲ့၊ အဲဒီလို ပြာသာဒ်အထက်မှာ သိပ်ပြီးတော့ စည်းစိမ်နဲ့ မြိန်မြိန်ကြီးနေတဲ့ ပုဂ္ဂိုလ်ဟာ မိုးလေး စိမ့်စိမ့် စိမ့်စိမ့်နဲ့ ဆုံယင်ဘောင်မှ လမ်းပေါ် မထွက်ချင်ဘူး၊ ဗွက်ထူတဲ့ လမ်း မလျှောက်ချင်ဘူး၊ ဟုတ်တယ်မဟုတ်လား။

ဒါလောက်တောင်မှ မစင်တွင်းက လွတ်လာခဲ့တာကိုလဲ သူ သိတယ်, ဒါလောက် အထက်တန်းကျတဲ့ ဉာဏ်ပိမ်ကို မြိန်မြိန်ကြီး ခံစား နေရတယ်၊ ကိုယ့် ဆင့်မှိတဲ့ ပြာသာဒ် ထက် ရောက်နေတဲ့ ဗိုလ်ဂိုလ်က မစင်တွင်း တစ်ခါက် ပြန်ဆင်းချည်ပါဦး ဆိုရင် ဘယ် ဆင်းမှာတုန်း။ ပါယာသိမင်းက ပြေလိုက်တယ်။

နော ဟိဒံ ဘော ကဿပ၊

အဲဒီပုဂ္ဂိုလ် ဘယ်ဆင်းတော့မှာတုန်းဘုရား–တဲ့

တံ ကိဿ ဟေတု၊

ဒကာတော် ပါယာသိမင်း၊ အဲဒီလူ ဘာကြောင့် မစင်တွင်းကို မဆင်းချင်ရတာတုန်း၊ အကြောင်းပြပါဦး ဆိုမေးပါ။ ဗိတော့ ပါယာသိ မင်းကြီးက ပြာသာဒ်ထက်ကလူ မစင်တွင်း ပြန်မဆင်းချင်ဘူး ဆိုတာ ရှင်းနေတာပဲဘုရား။

အသုစိ ဘော ကဿပ ဂူထကူပေါ အသုစိ စေဝ၊ အသုစိသင်္ခါတော စ ဒုဂ္ဂန္ဓော စ ဒုဂ္ဂန္ဓသင်္ခါတော စ ဇေဂုစ္ဆော စ ဇေဂုစ္ဆသင်္ခါတော စ ပဋိကူလော စ ပဋိကူလသင်္ခါတော စာတိ။

ဘော ကဿပ၊ အရှင်ကုမာရကဿပ။

ဂူထကူပေါ၊ ထိုမစင်တွင်းကြီး ဆိုတာက။ အသုစိ စေဝ၊ မသန့်ရှင်းတဲ့ တွင်းကြီးပါဘုရား။ အသုစိသင်္ခါတော စ၊ အညစ်အကြေး တွေ စုနေတဲ့ တွင်းကြီးပါဘုရား။ ဒုဂ္ဂန္ဓော စ၊ ရနံ့လဲ မကောင်းပါ ဘုရား။ ဒုဂ္ဂန္ဓသင်္ခါတော စ မကောင်းတဲ့ အနံ့တွေ စုဝေးနေတဲ့ နေရာကြီး ပါဘုရား။ ဇေဂုစ္ဆော စ၊ စက်ဆုပ်ဖွယ်ကြီးပါဘုရား။ ဇေဂုစ္ဆသင်္ခါ တော စ၊ စက်ဆုပ်စရာတွေ စုဝေးနေတဲ့ နေရာကြီးပါဘုရား။ ပဋိကူလော စ၊ ရွံရှာဖွယ်ကြီးပါဘုရား။ ပဋိကူလသင်္ခါတော စ၊ ရွံရှာဖွယ်တွေ စုဝေးနေတဲ့ တွင်းကြီးပင် ဖြစ်ပါပေသည်ဘုရား။

ဘော ကဿပ၊ အို–အရှင်ကုမာရကဿပ။

တသ္မာ၊ ထို့ကြောင့်။ တဿ ပုရိသဿ၊ ထိုပြာသာဒ်ထက် ရောက် နေတဲ့ ယောကျ်ားအတွက်။ တသ္မိံ ဂူထကူပေ၊ ထိုမစင်တွင်းကြီးထဲမှာ။

နိမုဇ္ဇိတုကာမတာ၊ နစ်မြုပ်လိုသော, နောက်ထပ်တဖန် ငုပ်လျှိုးလိုသော ဆန္ဒသည်။ နတ္ထိ၊ မရှိတော့ပါဘုရား။

ဣတိ၊ ဤသို့။ ပါယာသိရာဇညာ၊ ပါယာသိ မင်းကြီးသည်။ အာယသ္မန္တံကုမာရကဿပံ၊ အရှင်ကုမာရ ကဿပမထေရ်ကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ ကောင်းစွာမသေ့ လျှောက်ထားလိုက်ပါပေ သတည်း။

## "သာဓု—သာဓု—သာဓုပါဘုရား"

## လူ့ခန္ဓာကိုယ်သည် နတ်တို့အဖို့ အညစ်အကြေးသဖွယ်

ဘုန်းကြီးတို့ပရိသတ်က ပါဠိတွေများလိုက်တာလို့ ဒီလိုတွေးချင် တွေးမှာပဲ၊ ဘုန်းကြီး ကျော်ပစ်ခဲ့တာ တဝက်နီးနီး ရှိပါတယ်၊ ထပ်တူတွေ ဖြစ်နေလို့ ကျော်ထားပစ်ခဲ့တာ အခု ဟောခဲ့ပြီးတဲ့ စကားရပ် အားလုံးရဲ့ တဝက်နီးနီး ရှိတယ်၊ ထပ်လွန်းလို့ ကျော်ပစ်ခဲ့တာပါ၊ တွေ့တာ မထပ် တာတော့ ဘုန်းကြီး အကုန်လုံး ရွတ်ပါတယ်။ အသေအလဲ ကျက်ထား ရတာ၊ ဒီလိုနေရာမျိုးမှ မရွတ်ယင် ဘယ်လိုနေရာမျိုး သွားရွတ်ရမှာလဲ၊ ဟုတ်လား၊ အဲဒါတော့ ချန်မထားနိုင်ဘူး။

အဖြေက ထွက်သွားတယ်၊ ဘုံ-၇ ဆင့် ပြာသာဒ်ထက် ရောက် ပြီးတော့ ကာမဂုဏ်နဲ့ မြိုန်မြိုန်ကြီးစည်းစိမ်ခံ, မွေးမျိုးနံ့သာတွေနဲ့ ဇိမ်ခံ နေတဲ့ ထိုပုဂ္ဂိုလ်ဟာ ဒီမစင်တွင်း ဘယ်ပြန်ဆင်းချင်တော့မှာတုန်းဘုရား။ အညစ်အကြေးတို့ရဲ့စုဝေးရာ, မကောင်းသောရနံ့တို့ရဲ့စုဝေးရာ, စက်ဆုပ် ဖွယ်ရာတို့၏စုဝေးရာ, ရွံရှာဖွယ်တို့၏စုဝေးရာဖြစ်တဲ့ ဒီမစင်တွင်းကြီးထဲကို ဒီပုဂ္ဂိုလ် ဘယ်ပြန်ဆင်းချင်မှာတုန်းဘုရား၊ အကြောင်းက ဒါပါပဲ။ ပါယာသိမင်းက အဲဒီလို ဖြေလိုက်တော့ အရှင်ကုမာရကဿပက—

> ဧဝမေဝ ခေါ ရာဇည မနုဿာ ဒေဝါနံ အသုစိစေဝ အသုစိသင်္ခါတာ စ ဒုဂ္ဂန္ဓာ စ ဒုဂ္ဂန္ဓသင်္ခါတာ စ ဇေဂုစ္ဆာ စ ဇေဂုစ္ဆသင်္ခါတာ စ ပဋိကူလာ စ ပဋိကူလ သင်္ခါတာစ။

ရာဇည၊ ပါယာသိမင်း။ မနုဿာ၊ လူတို့သည်။ ဒေဝါနံ၊ နတ် တို့အတွက်။ အသုစိစေဝ၊ အညစ်အကြေးကြီးလဲ ဖြစ်ပါပေ၏။

ဒီစကားရပ်ကို ဘုန်းကြီးတို့ ပရိသတ်စဉ်းစားတော့ ဘုန်းကြီးတို့ မကြာမကြာပြောဖူးသားပဲ၊ ဟောဒီလူသားတွေရဲ့ ခန္ဓာကိုယ်ထဲ နတ်

တွေ ဝင်ဝင်ပြီးသောက်နေတယ်, ပူးဘယ်ဆိုတာနဲ့ ပတ်သက်လို့ နှင်းကြီး
တို့ ပြောဆိုတာတွေ ဒီသုတ္တန်မှာပြီးတော့ အထောက် ... ပြီး
တော့ ပြောတာ၊ ပိုတုန်းကတော့ သူ့အကျယ်မသိပါ ... ပွဲ
မရှက်ခဲ့ပါဘူး၊ ဒီသုတ္တန်ဟောတဲ့အခါကျတော့ ပါကိုမရှော ... မပြောဘူး။

မနုဿာ ဒေဝါနံ အသုစိစေဝ အသုစိသင်္ခါတာ စ

ရာဇည၊ ပါယာသိမင်း။ မနုဿာ၊ လူတို့သည်။ ဒေဝါနံ၊ နတ်တို့အတွက်။

မနုဿာ၊ လူတို့ရဲ့ခန္ဓာကိုယ်ကြီးများသည်၊ ဒေဝါနံ၊ နတ်တို့ရဲ့ အဖို့အရာ။ အသုစိစေဝ။ အညစ်အကြေးကြီးလဲ ဖြစ်ပါပေ၏၊ အသုစိ သင်္ခါတာစ၊ အညစ်အကြေးတို့ရဲ့ စုဝေးရာကြီးလဲ ဖြစ်ပါပေ၏၊ ဒုဂ္ဂန္ဓာစ၊ အနံ့ မကောင်းတဲ့ရနံ့လဲ ဖြစ်ပါပေ၏၊ ဒုဂ္ဂန္ဓသင်္ခါတာစ၊ အနံ့ မကောင်းသောရနံ့တို့ရဲ့ စုဝေးရာ တည်ရာ မှီရာကြီးလဲ ဖြစ်ပါပေ၏၊

ဇေဂုစ္ဆာစ၊ နတ်တို့အတွက်လူ့ခန္ဓာသည် စက်ဆုပ်ဖွယ်ကြီးလဲ ဖြစ်ပါပေ၏။ ဇေဂုစ္ဆသင်္ခါတာစ၊ နတ်တို့အတွက် လူ့ခန္ဓာကိုယ်သည် စက်ဆုပ်ဖွယ်တို့ စုဝေးရာကြီးလဲ ဖြစ်ပါပေ၏၊ ပဋိကူလာစ၊ လူ့ခန္ဓာကိုယ်သည် နတ်တို့အတွက် ရွံရှာဖွယ်ကြီးလဲ ဖြစ်ပါပေ၏။ ပဋိကူလသင်္ခါတာစ၊ လူ့ခန္ဓာကိုယ်သည် နတ်တို့အတွက် ရွံရှာဖွယ်တို့ရဲ့ စုဝေးရာကြီးလဲ ဖြစ်၍နေခဲ့ပါပေ၏။

## လူတို့ရဲ့အနံ့ဟာ နတ်တို့နှာခေါင်းမှာ နှိပ်စက်တယ်

အရှင်ကုမာရကဿပမထေရ်က ပါယာသိမင်းကြီးအား လူ့ရဲ့ခန္ဓာကိုယ်သည် နတ်တို့အတွက် ရွံရှာစက်ဆုပ်ဖွယ်ကြီးလို့ ဟောကြားတယ်။ လူ့ခန္ဓာကိုယ်သည် နတ်တို့အဖို့အရာ ရွံစရာကြီးပဲ၊ ဒါကြောက်ရွံစရာကောင်းနေတဲ့ မစင်အိုးကြီးထဲကို နတ်တွေဝင်ဝင်လာမယ်ဆိုတာ စဉ်းစားပေါ့။ နောက်ပုဒ် ရှိသေးတယ်—

ယောဇနသတံ ခေါ ရာဇည မနုဿဂန္ဓော ဒေဝေ
ဥဗ္ဗာဓတိ။

ရာဇည၊ ပါယာသိမင်း။ မနုဿဂန္ဓော၊ လူ့ခန္ဓာကိုယ်က ဖြစ်ပေါ်လာသောအနံ့သည်။ ဒေဝေ။ နတ်တို့ရဲ့အဖို့အနှာမှာ။ ယောဇနသတံ၊ ယူဇနာတရာတိုင်တိုင်။ ဥဗ္ဗာဓတိ၊ နှိပ်စက်ပါတယ်။

လူတို့ရဲ့ခန္ဓာကိုယ်ကဖြစ်လာတဲ့အနံ့ နတ်တို့ရဲ့နှာခေါင်းမှာ ယူဇနာ ဘရာကနေပြီးတော့ နှိပ်စက်လှတယ်၊ ယူဇနာတရာ–မိုင်ပေါင်း ၁၂၀၀ လောက်ကနေ လူတို့ရဲ့အနံ့ဟာ နတ်တို့ရဲ့နှာခေါင်းမှာ နှိပ်စက်လွန်းလို့တဲ့ လူ့ပြည်များ နတ်တွေဆင်းဆင်းလာရတာ စိတ်ထဲမှာ စေင်တွင်းထဲဆင်း ရသလိုကို ထင်တာ။ အရှင်ကုမာရကဿပက ပါယာသိမင်းကြီးကို ဟော လိုက်တာ။

ယောဇနသတံ ခေါ ရာဇည မနုဿဂန္ဓော ဒေဝေ ဥဗ္ဗာဓတိ။-တဲ့

ဒကာကြီးတွေ အဲဒါကျက်ထားဖို့ ကောင်းတယ်။

ရာဇည၊ ပါယာသိမင်း။ မနုဿဂန္ဓော၊ လူ့ခန္ဓာကိုယ်က အနံ့သည်။ ယောဇနသတံ ယူဇနာဘရာတိုင်တိုင်။ ဒေဝေ၊ နတ်တို့ကို။ ဥဗ္ဗာဓတိ၊ နှိပ်စက်ပါတယ်။

ဒကာကြီးတွေက လိမ်းလိုက်တာ တကိုယ်လုံးဖွေးဖွေးကိုလူပ်လို့ နတ်တွေမေတော့ အဲဒါနံလွန်းလို့မလာဘူးတဲ့၊ သူတို့ကလဲ ပင့်လိုက်တာ လက်ကလေးလှုပ်လှုပ် လှုပ်လှုပ်နဲ့ တခါတလေ လက်လှုပ်လို့ အားမရတော့ တကိုယ်လုံး ယိမ်းထိုးပြီးတော့ပင့်တာ၊ အဲဒါ မစင်တွင်းတဲ ဆင်းရတယ် အောက်မေ့လို့ မလာကြဘူးလို့ ဒီမှာ အရှင်ကုမာရကဿပက ပြောနေ တယ်။

ပါယာသိမင်းကြီးက သူ့ရဲ့မိတ်ဆွေတွေ, ဆွေမျိုးတွေကို မှာလွှတ် တယ်၊ မိတ်ဆွေတို့ ဆွေမျိုးတို့--သင်တို့ဟာ သူတော်ကောင်းတွေ, သူ တော်ကောင်းတရားကျင့်တဲ့ ပုဂ္ဂိုလ်တွေနော်၊ သေယင်နတ်ပြည်ရောက်ကြ မယ်လို့ ငါကြားဖူးတယ်၊ နတ်ပြည်ရောက်ယင် ငါ့ကိုလာပြီးတော့ပြော လှည့်စမ်းပါ၊ တို့နတ်ပြည်ရောက်ပြီဆိုတာ သတင်းပို့စမ်းပါလို့ မှာလွှတ် တာ။

အရှင်ကုမာရကဿပက ဘယ်လာမလဲဆိုတဲ့အကြောင်း, နတ်ပြည် က လူက လူ့ပြည်ပြန်လာ ပြီးတော့ မပြောဘူးဆိုတဲ့အကြောင်းကို ဒီဥပမာ တင်ပြီးတော့ ရှင်းပြတာ "ဂူထကူပဥပမာ"တဲ့ မစင်တွင်းဥပမာ၊ ဟုတ် လား။ လူတို့ရဲ့ခန္ဓာကိုယ်သည် အညစ်အကြေးတို့ သိုလှောင်ရာ မစင်အိုး ကြီးပဲ။ ဒါကြောင့် လူတို့ရဲ့ခန္ဓာကိုယ်အနံ့သည် နတ်တို့ရဲ့နှာခေါင်း ယူ ဇနာတရာ–မိုင် ၁၂၀၀ ကနေ နှိပ်စက်လှပြီ။ ဟုတ်ပလား။

## ဥပမာပြ၍ ချေချွတ်တယ်

ရာဇညာ၊ ပါယာသိမင်း၊ တသွာ၊ ထို့ကြောင့်။ တော၊ ထိုနတ်လောကာ ရောက်သွားကြတဲ့ သင်ရဲမိတ်ဆွေတွေ ဆွေမျိုးတို့သည်။ တော၊ သင်ပါယာသိမင်းကြီးရဲ့၊ သန္တိက်၊ အထံသို့၊ အာဂန္တွာ၊ လာ၍းတော့၊ နအာဂစ္ဆေယျ၊ မပြောကြဘူး။

လူ့ပြည်ဆင်းရတာ မစင်တွင်းဆင်းရသလိုပဲ့လို့ လာကြပါမလား၊ မလာဘူး။ ဒါနဲ့လာတယ်ဆို-

ရာဇညာ၊ ပါယာသိမင်း၊ ဣမိနာပိပရိယာယေန၊ ဤအကြောင်းကြောင့်လဲပဲ။ ပရေလောကော၊ တမလွန်လောက နောက်ဘဝသည်။ အတ္ထိ၊ ရှိပါပေ၏။ ဩပပါတိကာ၊ ကိုယ်အထင်အရှားဖြစ်ကြတဲ့ ဧရဲသားတွေ နတ်တွေ ဗြဟ္မာတွေဆိုတာ၊ အတ္ထိသန္တိ၊ ရှိ၍စနကြလေကုန်၏။ သုကတဒုက္ကဋာနံကမ္မာနံ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့။ ဖလံဝိပါကော၊ ပဋိသန္ဓေအကျိုးနဲ့ ပဝတ္တိအကျိုးဆိုတာလဲ။ အတ္ထိ၊ ရှိပါပေ၏။

ဣတိပေ၊ ဤသို့။ တော၊ သင်မင်းကြီးရဲ့ဒိဋ္ဌိအယူသည်။ ဟောတု၊ ဖြစ်ပါတော့လော့။

ဒကာတော်ပါယာသိမင်း– နတ်ပြည်ဆိုတာ ရှိတော့ရှိပါတယ်၊ လူ့ပြည်ပြန်လာပြီး မပြောတာကတော့ လူ့ပြည်လာရမှာ သူတို့အနေနဲ့ စိတ်ပျက်လွန်းလို့, ရွံရှာစက်ဆုပ်လွန်းလို့ နတ်ပြည်ရောက်နေတဲ့ တကယ့်နတ်တွေဟာ မလာကြဘူး ဒကာတော်မင်းကြီး။ ဧဝေတဝန်ကျောင်းဟာရ တော်နာရအောင် လာတာတောင်မှ လူ့ရုပ်တဲ့အချိန် မလာကြဘူး၊ နံလွန်းလို့, သန်းခေါင်ကျော်မှလာတာ၊ အဲဒါတောင် တရားနာတဲ့အခါ မတ်ဘာက်နာကြတယ်တဲ့ ကြာကြာမနေချင်ဘူး၊ ခပ်မြန်မြန် ပြန်ချင်လို့။

ဒကာတော်မင်းကြီး–ပြောသာဒ်ထက်ရောက်နေတဲ့ ပုဂ္ဂိုလ်က မစင်တွင်း ပြန်မဆင်းချင်သလိုပေါ့၊ နတ်ပြည်ရောက်နေတဲ့ပုဂ္ဂိုလ်က ဒကာတော်မင်းကြီးရဲ့ နန်းတော်ကြီး နံလွန်းလို့ မလာဘူးပေါ့ ဒကာတော်မင်းကြီးရာ။

ဒကာတော်မင်းကြီး-သင့်အယူစွန့်လော့၊ နတ်ပြည်ဆိုတာရှိတယ်လို့ အရှင်ကုမာရကဿပက ဆုံးမတော် မူပါတယ်။ "ဂူထကူပ-မစင်တွင်း ဥပမာ"နဲ့ ဆုံးမတော်မူတယ်။ ဒီလိုဆုံးမတော့ ပါယာသိမင်းကြီးက စဉ်းစားတယ်၊ အေး–သူပြောတာလဲ အကြောင်းကောင်းတော်တော်လုံလောက်

တယ်၊ အကြောင်းပြည့်စုံလို့လောက်တာတော့ မှန်တယ်၊ ဒါပေမယ့် အဲဒီနတ်ကို ငါမြင်ရတာလဲမဟုတ်ဘူးဆိုပြီး သူကလုပ်လားပြန်သေးတယ်။

## အယူဝါဒကို မစွန့်လွှတ်နိုင်သေး

> ကိစ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ။ အထ ခေါ ဧဝံ မေ ဧတ္ထ ဟောတိ "ဣတိပိ နတ္ထိ ပရောလောကော၊ နတ္ထိ သတ္တာ ဩပပါတိကာ၊ နတ္ထိ သုကဋဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော"တိ။

ကိစ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ—အရှင်ဘုရားကုမာရကဿပ အကယ်၍ ဒီလိုဆိုတော့ဆိုပါတယ်။ ဗမာလိုဆိုယင်တော့ 'ဒါပေမယ့်'ပေါ့၊ အရှင်ကုမာရကဿပ—ဒါပေမယ့် ဘုရားတပည့်တော် လျှောက်ဦးမယ်။

အထ ခေါ ဧဝံ မေ ဧတ္ထ ဟောတိ—တပည့်တော်ရဲ့ အယူအဆကတော့ ဒီအတိုင်းပါပဲဘုရား။ နတ္ထိပရောလောကော—နောက်ဘဝ မရှိဘူး၊ နတ္ထိသတ္တာဩပပါတိကာ—အထင်အရှားဖြစ်ကြတဲ့ ဥပပါတ်သတ္တဝါငရဲတွေ နတ်တွေ ပြဟ္မာတွေမရှိကြဘူး၊ နတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော—ကုသိုလ် အကုသိုလ်ကံနဲ့ ကုသိုလ် အကုသိုလ်ကံတို့ရဲ့ အကျိုးဆိုတာမရှိဘူး။ တပည့်တော်ရဲ့ အယူအဆကတော့ ဒီအတိုင်းပါပဲဘုရား။

ပါယာသိမင်းကြီး သူ့အယူမစွန့်ဘူး၊ အယူမစွန့်သေးတော့ အရှင်ကုမာရကဿပကလဲ အကြောင်းပြဖို့ မတောင်းဆိုလိုက်တယ်။ တောင်းပြီသင်အယူမစွန့်တာတော့ ဟုတ်ပြီ သင့်အယူမှန်ကြောင်း, သင့်အယူခိုင်လုံကြောင်း, ဒီအယူကို မစွန့်နိုင်ကြောင်း သင်သည်အကြောင်းပြလော့။

> အတ္ထိ ပန ရာဇည ပရိယာယော၊ ယေန တေ ပရိယာယေန ဧဝံ ဟောတိ။

ပါယာသိမင်း – သင်သည်အကြောင်းပြရမယ်၊ ဒီအယူဝါဒကို လက်မခံနိုင်ကြောင်း ကောင်းတဲ့အကြောင်းကို သင်သည်ကောင်းစွာပြရမယ်။ နတ်တွေရှိကယ်ဆိုတာကို လက်မခံနိုင်တဲ့အကြောင်းကို သင်သည်ကောင်းစွာပြရမယ်။ အကြောင်းပြရမယ်ဆိုပါတော့ ပါယာသိမင်းကြီးကကောင်းပြီဘုရား၊ တပည့်တော် အကြောင်းတခုပြပါဦးမယ်။ ပါယာသိမင်းကြီးက ဘာအကြောင်းပြတုန်း—

ဣဓ ဓမ ဓဘာ ကာဿပ ပိဏ္ဍာ မဏ္ဍာဤတိသာ
လောဟိဘာ၊

ဘောကဿပ၊ အို အရှင်ကုမာရကဿပ။

ဣဓ၊ ဤလောက၌၊ ဓမ တပည့်ဘော မှာ၊ ပိဏ္ဍာမဏ္ဍာ၊ မိတ်ဆွေ ခင်ပွန်းတို့သည်။ ဉာတိသာလောဟိဘာ၊ ဆွေမျိုးသားချင်းတို့သည်၊ အတ္ထိသန္တိ၊ ရှိကြပါကုန်သည်ဘုရား၊

အခုနကအတိုင်းပဲ၊ မိတ်ဆွေတွေရှိတယ်, ဆွေမျိုးသားချင်းတွေ ရှိတယ်။ အဲဒီမိတ်ဆွေတွေ ဆွေမျိုးသားချင်းတွေက ဘယ်လိုပုဂ္ဂိုလ်တွေ တုန်းဆိုတော့ –

ငါးပါးသီလလုံခြုံတဲ့ဆွေမျိုးတွေ

ပါဏာတိပါတာ ပဋိဝိရတာ အဒိန္နာဒါနာ ပဋိဝိရတာ
ကာမေသုမိစ္ဆာစာရာ ပဋိဝိရတာ မုသာဝါဒါ ပဋိဝိရတာ
သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတာ၊

အခုနကလို ဆယ်ပိုဒ်မသဘူး သုံးလဲ သုံ့ဟာသူ ရွတ်ရတာ ပျင်းသွားပြီထင်တယ်၊ မိပါယာသိမင်းကြီးလဲ ဒီစာပိုဒ်ကို သုံ့ဟာသူ ထပ်ကာထပ်ကာ ရွတ်ရတာ နည်းနည်းတော့ ငြီးသွားတယ် ထင်တယ် ငါးပိုဒ်တည်းပဲရွတ်လိုက်တယ်။ စောစောကတော့ သုံးရှိဘုရားဆယ်ပါးဆို ပြီး သမ္မာဒိဋ္ဌိဆိုတဲ့အပိုဒ်အထိ ဆယ်ပိုဒ်ရွတ်ခဲ့တယ်၊ တခုတော့ မဟုတ် ဘူး ပါဏာတိပါတာကနေ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတာဆိုပြီး ငါးပိုဒ်တည်းရွတ်တယ်။

အဲဒါ ရှင်းရှင်းလေးကတော့ တပည့်တော်ရဲ့မိတ်ဆွေတွေ,ဆွေမျိုး ဉာတိတွေဟာ ငါးပါးသီလကို လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်တယ်၊သီလ မြဲတဲ့ပုဂ္ဂိုလ်တွေပါလို့ သူပြောတာ။ သီလကို စွဲမြဲစွာဆောက်တည်ထား တဲ့ တပည့်တော်ရဲ့ မိတ်ဆွေတွေ ဆွေမျိုးဉာတိတွေဟာ–

တေ အပရေန သမယေန အာဗာဓိကာ
ဟောန္တိ ဒုက္ခိတာ ဗာဠှဂိလာနာ၊

အိပ်ရာညောင်စောင်းမှာ လဲလျောင်းပြီးတော့ မသေလောက်အောင် အနာရောဂါ ဖြစ်ကြတာကို တပည့်တော်တွေ့တယ်ဘုရား။

ယဒါဟံ ဇာနာမိ''န ဒါနိမေ ဣမမှာ
အာဗာဓာ ဝုဋ္ဌဟိဿန္တိ''တိ။

အဲဒီ ပုဂ္ဂိုလ်တွေ အိပ်ရာကမထပဲနဲ့ သေကြတော့မယ် ဆိုတာကို တပည့်တော် သိတဲ့ကာလ–

တျာဟံ ဥပသင်္ကမိတွာ ဧဝံ ဝဒါမိ–

သူတို့ထံ ချဉ်းကပ်ပြီးတော့ တပည့်တော် ပြောပါတယ်ဘုရား။ အချင်းတို့–သေးကမှာ ငါးပါးသီလ စုံမြဲစွာဆည်ဆောက် ထားသော ပုဂ္ဂိုလ်သည်–

ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ
ဥပပဇ္ဇန္တိ၊

ကာယဿဘေဒါ၊ ခန္ဓာကိုယ်ပျက်ခြင်းကြောင့်။ မရဏာ၊ စုတိ ပြတ်ကြွေသေလွန်သည်မှ။ ပရံ၊ နောက်ကာလ၌။ သဂ္ဂံ၊ ရူပါရုံအစရှိသော အာရုံ ငါးရပ်တို့ဖြင့် မြင့်မြတ်သာလွန်သော။ သုဂတိံ၊ လူကောင်း သူကောင်းတို့ရဲ့ သွားရောက်ရာဖြစ်သော။ လောကံ၊ နတ်လောကကို။

နတ်ပြည်ခြောက်ထပ်အကုန်လုံး သိမ်းကျုံး ပြောလိုက်တာ၊ ပြီး တော့မှ သီးသန့်ထုတ်တယ်။

### တာဝတိံသာကို ရောက်ကြမှာပဲ

ဒေဝါနံ တာဝတိံသာနံ သဟဗျတံ''န္တိ။

ဒေဝါနံတာဝတိံသာနံ၊ တာဝတိံသာနတ်တို့ရဲ့။ သဟဗျတံ၊ အသင်းဝင်အဖြစ်သို့။ ဥပပဇ္ဇန္တိ၊ ရောက်တတ်ကုန်တယ်။–လို့

ဝေဝါဒိနော၊ ဤသို့သော ဝါဒရှိကြကုန်သော။ ဧဝံဒိဋ္ဌိနော၊ ဤသို့သော အယူအဆရှိကြကုန်သော။သမဏဗြာဟ္မဏာ၊ သမဏဗြာဟ္မဏ ခေါ်ဆို ပုဂ္ဂိုလ်တို့သည်။ အတ္ထိသန္တိ၊ ရှိနေကြတယ်။

ငါးပါးသီလမြဲတဲ့ပုဂ္ဂိုလ်ဟာ သေလျှင် နတ်ပြည်ရောက်တယ်၊ နတ်ပြည်ခြောက်ထပ် သိမ်းကျုံးပြောတာ။ အထူးသဖြင့် သီလမြဲတဲ့ပုဂ္ဂိုလ် တာဝတိံသာနတ်ပြည်ရောက်တယ်လို့ ဟောပြောတဲ့ သမဏဗြာဟ္မဏတွေ များစွာ ရှိတယ်ဘုရား။ ငါးပါးသီလမြဲတဲ့ပုဂ္ဂိုလ်ဟာ တာဝတိံသာတင်ပဲ

ရောက်သလား၊ နတ်ပြည်ခြောက်ထပ်စလုံး မရောက်နိုင်ဘူးလား၊ နတ်ပြည်ခြောက်ထပ်အကုန်လုံး ရောက်နိုင်တယ်နော်။ ပါယာသိမင်းကြီးက ဒီနေရာမှာ တာဝတိံသာတခုတည်း ဘာကြောင့်ရွေး ပြ နေရသနည်းဆိုတော့ လူ့ပြည်နဲ့အနီးဆုံးကို ရွေးပြတာ။

စတုမဟာရာဇ်ဆိုတာ မြင့်မိုရ်တောင်ခြေ တောင်ခါးပန်း၊ တာဝတိံသာနတ်ပြည်ဆိုတာက မြင့်မိုရ်တောင်ရဲ့ထောင်ထိပ်။ ဒီတော့ စတုမဟာရာဇ်, တာဝတိံသာဟာ မြေကြီးပေါ်မှာသလို နေနိုင်တယ်၊ မြင့်မိုရ်တောင်ခြေ တောင်ခါးပန်းမှာ စတုမဟာရာဇ်၊ မြင့်မိုရ်တောင်ထိပ်ကျတော့ တာဝတိံသာ။

အဲဒါကြောင့် မြေကြီးနဲ့တစပ်တည်း တဆက်တည်း ဖြစ်နေတဲ့ စတုမဟာရာဇ်, တာဝတိံသာနတ်ပြည်နှစ်ထပ်တို့တွင် အထက်မှာရှိနေတဲ့ တာဝတိံသာကို သူ(ပါယာသိမင်း) လှမ်းပြီးတော့ပြောတယ်၊ တပည့်တော်တို့ လူသားတွေနဲ့အနီးဆုံးဖြစ်တဲ့ တာဝတိံသာနတ်ပြည်ကို ဟောဒီ သီလမြဲတဲ့ပုဂ္ဂိုလ်တွေသေယင်ရောက်တယ်, ရောက်တယ်လို့ သမဏတို့ကလဲ ဟောတယ် ဗြာဟ္မဏတို့ကလဲ ဟောတယ်ဘုရား။

သမဏဗြာဟ္မဏပုဂ္ဂိုလ်တွေက ဒီလိုဟောကြတယ်။ အချင်းတို့ အချင်းတို့သေသွားလို့ရှိယင် ငါးပါးသီလမြဲကြတဲ့ အချင်းတို့ဟာ သေသွားကြမယ်ဆိုယင်တော့ တာဝတိံသာကို ရောက်ကြမှာပဲ။ ထိုသမဏ ဗြာဟ္မဏတို့ရဲ့စကား မှန်ခဲ့မယ်ဆိုယင်တော့ အချင်းတို့ဟာ သေကြယင် အကုန်လုံး တာဝတိံသာသွားကြမှာပဲ။

## နတ်ပြည်မရှိကြောင်းအထောက်အထား

ဘဝန္တော၊ အချင်းတို့။ သစေ၊ အကယ်၍မူ။ ဒေဝါနံ တာဝတိံသာနံ၊ တာဝတိံသ နတ်တို့ရဲ့၊ သဟဗျတံ၊ အသင်းဝင်အဖြစ်သို့၊ သစေဥပပဇ္ဇေယျာထ၊ အကယ်၍ ကပ်ရောက်ကြကုန်ငြားအံ့။

အဲဒီလိုတာဝတိံသာနတ်တို့ရွာကို အချင်းတို့ရောက်ကြမယ်ဆိုယင် အဲဒီတာဝတိံသာ နတ်တို့ရွာက ပြန်လာကြပြီးတော့—၊ ဟိုအထက် ကောင်းကင်မှာတည်တဲ့ ယာမာကစပြီး အထက်နတ်ပြည်တို့ကိုတော့ မေးလို့ သူမပြောဘူး။

မြင့်မိုရ်တောင်ထိပ်မြေပေါ်မှာပဲ တည်နေတဲ့ တာဝတိံသာနတ်ပြည်ကို အချင်းတို့ရောက်သွားကြမယ်ဆိုယင် ဟောဒီသေတဗျမ္ဗိုနဲ့မခဝဲးပါဘူးဗျာ တာဝတိံသာဟာ မြေကြီးအနိမ့်အမြင့် ဒါပဲကွာပါတယ်၊ ဒီတော့ ခင်ဗျားတို့ဟာ သိပ်အမြင့်ကြီးရောက်ကြတာမှ မဟုတ်ပဲ တို့တာဝတိံသာ ရောက်နေကြတယ်ဆိုတဲ့အကြောင်း နန်းတော်ထဲက ကျုပ်ကို လာပြောလှည့်ကြစမ်းပါ။ ပါယာသိမင်းကြီးက မှာလွှတ်တာ။ ပြီးတော့ လူယုံလုပ်လိုက်သေးတယ်—

ဘဝန္တော ခေါ ပန သဒ္ဓါယိယာ ပစ္စယိကာ၊

တကယ်တော့ အချင်းတို့ဟာ ငါ့အဘို့က် သဒ္ဓါယိကာ—ယုံကြည်ရတဲ့ ပုဂ္ဂိုလ်တွေ၊ ပစ္စယိကာ—အားကိုးရတဲ့ပုဂ္ဂိုလ်တွေပါ၊ ဒါကြောင့် ယုံလို့မှာတာ။ တာဝတိံသာရောက်ယင် လာပြောလှည့်ပါ၊ အမေရိက ရောက်ယင် စာကလေးဘော့ ထည့်လိုက်ပါဦးဆိုတာလိုပေါ့။ ဒီလိုမှာပြီးတော့ လွှတ်လိုက်ပါတယ်ဘုရား၊ ဝံသာဓု – ကောင်းပြီဆိုပြီးတော့ သူတို့တွေဟာ ဝန်ခံပြီးတော့ ကွယ်လွန်သွားကြပါတယ်။

တေ၊ ထိုငါးပါးသီလမြဲတဲ့ တပည့်ဘော်ရဲ့မိတ်ဆွေတို့သည်။သာဓုတိပဋိဿုဏိတွာ၊ ကောင်းပါပြီ ပြန်ပြောလှည့်ပါမယ်ဟု ဝန်ခံပြီးတော့မှ။ အာဂန္တွာ၊ ပြန်လာ၍။ နေဝအာရောစေန္တိ၊ မပြောကြပါကုန်ဘုရား။ ဒူတံ(ပိ)၊ တမန်ကိုလဲပဲ။ နပဟိဏန္တိ၊ မပို့လွှတ်ကြပါကုန်ဘုရား။

တပည့်ဘော်မှာလိုက်ပေမယ့် တယောက်မှ လာမပြောကြပါဘူးဘုရား၊ တာဝတိံသာကနေ ဘယ်သူမှလာမပြောကြဘူးဘုရား။

အယမ္ပိ ခေါ ဘော ကဿပ ပရိယာယော၊
ယေန မေ ပရိယာယေန ဧဝံ ဟောတိ–

ဘောကဿပ။ အို–အရှင်ကုမာရကဿပ။

အယမ္ပိပရိယာယော၊ ဤကဲ့သို့သောအကြောင်းသည်။ အတ္ထိ ရှိ၍ နေခဲ့ပါသည်ဘုရား။ ယေနပရိယာယေန၊ ယင်းကဲ့သို့သော အကြောင်းကြောင့်။ မေ၊ တပည့်တော်အား။ ဧဝံ၊ ဤသို့သော အယူအဆသည်။ ဟောတိ၊ ရှိနေပါသေးတယ်ဘုရား။

နတ်ပြည်မရှိဘူးဆိုတာ တခြားကြောင့်မဟုတ်ဘူး၊ နတ်ပြည်က ပုဂ္ဂိုလ်တွေ တပည့်တော်ကိုလာမပြောခြင်းသည်ပင်လျှင် တပည့်တော်

အဘွက် နတ်ပြည်မရှိဘူးလို့ ထောက်ပြရမယ့်အကြောင်းပဲ။ ဒါကြောင့် ဗိနတ်ပြည်မရှိဘူး, ငရဲမရှိဘူးဆိုတဲ့ အယူဘော တပည့်တော် မစွန့်နိုင်သေးဘူးဘုရားလို့ ပါယာသိမင်းကြီး လျှောက်တင်ခဲ့ပြန်တယ်။

## လူ့အသက်နှစ်တရာ နတ်အသက်တနေ့တည

အဲဒီတော့ အရှင်ကုမာရကဿပအနေနဲ့ စဉ်းစားပြီး၊ ဗိရှင်ဘုရင်ကို သဘာဝယုတ္တိတော့ ငါ ပြောဦးမှဖြစ်မယ်၊ ဒါကြောင့်—

တေန ဟိ ရာဇည တဗော၀တ္တ ပဋိပုစ္ဆိဿာမိ၊

ပါယာသိမင်းကြီး အဲဒီလိုဖြစ်မယ်ဆိုယင် သင်မင်းကြီးကို ငါ ပြန်၍မေးစမ်းပါရစေ။

ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ၊

သင်မင်းကြီး ကြိုက်သလိုသာ ပြောစမ်းပါ။

ဒကာတော်ပါယာသိမင်း ဟောဒီမှာ ငါ ဥပမာတခု ပြောမယ်။

ယံ ခေါ ပန ရာဇည မာနုဿကံ ဝဿသတံ ဒေဝါနံ
တာဝတိံသာနံ သော ဧကော ရတ္တိန္ဒိဝေါ၊

ရာဇည၊ ပါယာသိမင်း။ မာနုဿကံ၊ လူ၌ဖြစ်သော။ ယံဝဿသတံ၊ အကြင်နှစ်တရာသည်။ အတ္ထိ၊ ရှိပါပေ၏။ တံဝဿသတံ၊ ထိုနှစ်တရာသည်။ ဒေဝါနံ တာဝတိံသာနံ၊ တာဝတိံသာနတ်တို့အတွက်။ သော၊ ဤလူ၌ဖြစ်သော နှစ်တရာသည်။ ဧကောရတ္တိန္ဒိဝေါ၊ တနေ့နဲ့တညဉ့်မျှရှိတယ်။

ဒကာတော်ပါယာသိမင်း—လူ့ပြည်ကလူတို့ရဲ့ အရေအတွက်နဲ့ နှစ်တရာကိုမှ တာဝတိံသာနတ်ပြည်မှာ တနေ့နဲ့တညဉ့်ပဲရှိတယ်။ နာရီတွေ အချိန်တွေက အဲဒီလိုကွာတယ်၊ လူ့ပြည်က နှစ်တရာကို တာဝတိံသာမှာ တနေ့နဲ့တည၊ ဟုတ်သား။

တာယ ရတ္တိယာ တိံသရတ္တိယော မာသော၊

တာယရတ္တိယာ၊ ထိုညဉ့်၏။ တိံသရတ္တိယော၊ ညဉ့်ပေါင်းသုံးဆယ်တို့သည်။ မာသော၊ တလ ဖြစ်ပါတယ်။

လူ့ပြည်ကနှစ်တရာ တာဝတိံသာမှာ တနေ့နဲ့တည်ဦ၊ အဲဒီ တာဝတိံသာက ညဦးသုံးဆယ်ကို ဒကာတော်ပါယာသိမင်း မာသော တလ ခေါ်တယ်။

တေန မာသေန ဒွါဒသမာသိယော သံဝစ္ဆရော၊

တေနမာသေန၊ ထိုတာဝတိံသာက လ ဖြင့်။ ဒွါဒသမာသိယော၊ တဆယ့်နှစ်လတို့သည်။ သံဝစ္ဆရော၊ တနှစ်ပါပဲ။

တွက်လိုက်ကြပေတော့၊ လူ့ပြည်ကနှစ်တရာသည် တာဝတိံသာမှာ တနေ့နဲ့တညဦ၊ တာဝတိံသာက အဲဒီတနေ့တညဦ ပေါင်းသုံးဆယ်ကို တလ၊ အဲဒီလ ပေါင်း ဆယ့်နှစ်ခုဆိုယင် တနှစ်၊ ဟုတ်လား။

တေန သံဝစ္ဆရေန ဒိဗ္ဗံ ဝဿ သဟဿံ ဒေဝါနံ
တာဝတိံသာနံ အာယုပ္ပမာဏံ။

ရာဇညာ၊ ပါယာသိမင်း။ တေနသံဝစ္ဆရေန၊ ထိုနတ်တို့ရဲ့ နှစ်အရေအတွက်အားဖြင့်။ ဒိဗ္ဗံဝဿသဟဿံ၊ နတ်တို့ရဲ့ နှစ်ပေါင်းတထောင်သည်။ ဒေဝါနံတာဝတိံသာနံ၊ တာဝတိံသာ နတ်တို့အတွက်၊ အာယုပ္ပမာဏံ၊ အသက်အတိုင်းရှည်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။

အခြားနတ်ပြည်တွေကို ထားလိုက်စမ်းပါ။ တာဝတိံသာ နတ်ပြည်မှာနတ်တို့ရဲ့အသက်တမ်းက သူတို့နှစ်နဲ့တွက်ယင် နှစ်တထောင်အသက်ရှည်တယ်၊လူ့ပြည်က နှစ်အရေအတွက်နဲ့တော့ မဟုတ်ဘူး၊ နတ်ပြည်က နှစ်အရေအတွက်နဲ့၊ ဟုတ်လား။

သက်တမ်းကွာခြားနေတယ်

အဲဒီနတ်ပြည်ကနှစ်ကို လူ့ပြည်ကနှစ်နဲ့ ချိန်ကိုက်တွက်ကြည့်မယ်ဆိုယင်တော့ အချိုးကျ တွက်ကြည့်မယ်ဆိုယင်တော့ ခုနက အချိုးနဲ့သာ တွက်သွား၊ လူ့ပြည်ကနှစ်တရာကြာမှ ဟိုမှာ တနေ့နဲ့တညဦရှိတာ။ လူ့ပြည်က နှစ်တရာ နတ်ပြည်မှာ တနေ့တညဦ၊ တာဝတိံသာက နှစ်တထောင်ဆိုယင် လူ့ပြည်က နှစ်ပေါင်း ဘယ်လောက်ဖြစ်မယ်ဆိုတာ အဲဒါတွက်လိုက်ပေါ့။

ဘယ်လောက် ဖြစ်သွားမလဲ၊ တာဝတိံသာက နှစ်တထောင်ဆိုယင် လူတို့ရဲ့နှစ်နဲ့တွက်ကြည့်လိုက်ယင် သုံးကုဋေနဲ့ခြောက်သန်း၊ ဟုတ်လား၊ ဟိုမှာ ပါယာသိမင်းကြီးက သူ့လူတွေကို မှာလွှတ်လိုက်တယ်၊

မင်းတို့ သာဝတိံသာ ရောက်လို့ရှိယင် ငါ့ကို ပြန်လာပြီးတော့ ပြောလှည့်စမ်းပါ။

ဗမာပြည်ကနေ အင်္ဂလန်ရောက်သွားတယ်၊ အမေရိကန် ရောက်သွားတယ်၊ လန်ဒန်မြို့ကြီး ဘယ်လောက်လှတယ်၊ နယူးယောက် ... ဘယ်လောက်လှတယ်ဆိုတာ မင်းသေသေချာချာကြည့်ပြီးယင် ပမာ ... ခဏလောက် ပြန်လာပြီးတော့ ငါ့ပြန်ပြောပြစမ်းပါဆိုယင် အဲဒီလူ ... လာပြန်ပြောပါ့မလား။ လာပြောပြီးမှ မင်းတို့ ပါ့ပြန်သွားဆိုယင် ... သူမှ လာမပြောဘူး၊ ဟုတ်ဘယ်မဟုတ်လား။

အခုကြည့်ပါဦး၊ တာဝတိံသာ သွားတဲ့လူကို ပါယာသိမင်းက မှာလှတ်လိုက်တာ။ တာဝတိံသာ နတ်ပြည် ရောက်လို့ရှိယင် မင်းတို့ လူ့ပြည် ပြန်လာပြီး ငါ့ကို ပြောပြစမ်းပါ၊ နတ်ပြည်ဆိုတာ ဒီလိုရှိတယ်၊ နတ်စည်းစိမ်က ဒီလို၊ နတ်သမီးနတ်သားတွေနဲ့ တို့တော့ သပ်ပြီးတော့ စံမြန်းနေပြီဆိုတာ အဲဒါ လာပြောလှည့်စမ်းပါလို့ မှာလှတ်တယ်။

အရှင် ကုမာရကဿပက အသက်ကို ဒီမှာ တွက်ပြလိုက်တယ်။ ဒကာတော် ပါယာသိမင်းကြီးက ဟောဒီမှာ နှစ်တရာ အသက်ရှည်တယ်ပဲထား၊ တာဝတိံသာ ရောက်သွားကြတဲ့ ဒကာတော် မင်းကြီး မိတ်ဆွေတွေက ဟိုမှာ တနေ့နဲ့တညဥ့်ပဲ ရှိသေးတာ၊ အာ ... အဲဒီ ... ကွာနေတယ်။

မန္တလေးရောက်သွားတယ်၊ ခုနက အမေရိကန်ရောက်သွားတယ် ... ဘယ်ရောက်သွားတယ်တဲ့၊ အဲဒီက အထူးအဆန်းမလေးတွေကို ပြန်လာပြီး တော့ ပြောပါဆိုပေမယ့် တကယ်လို့ ပြန်လာပြီးတော့ ပြောသည့် ... အောင် အဲဒီပုဂ္ဂိုလ်ဟာ ဟိုမှာ ရေရေလည်လည် ဝဝလင်လင် ... လှည့်ပတ်ပြီးမှ ပြန်လာကောင်း လာလိမ့်မယ်။ အခုပဲရောက် ... ပြောဆိုတာတော့ ဘယ်သူမှ လာမပြောဘူး၊ နှံ့နှံ့စပ်စပ် ... ပတ်ပြီး တော့ ပြန်လာမယ် မဟုတ်လား။ ဘုန်းကြီး တို့ ပရိသတ်များ ... တာဝတိံ သာ ရောက်သွားတဲ့ လူတွေက ဒီလိုတဲ့—

စည်းစိမ်ခံစားကြဦးမှာပေါ့

ယာဝ မယံ ဒွေ ဝါ တီဏိ ဝါ ရတ္တိန္ဒိဝါ ဒိဗ္ဗေဟိ ... ကာမဂုဏေဟိ သမပ္ပိတာ သမင်္ဂီဘူတာ ပရိစာရေ... အထ မယံ ပါယာသိဿ ရာဇညဿ ဂန္တွာ အာရော... စေယျာမ—

ယာ၁၀–ယတ္တကံဆာလံ၊ အကြောင်မျှလောက်သော ကာလပတ်လုံး။ မယံ၊ ငါတို့သည်။ ဒွေ ဝါတီဏိဝါ ရတ္တိန္ဒိဝါ၊ နှစ်ရက်သုံးရက် နှစ်ညဉ့် သုံးညဉ့်လောက်ဘော့။ ဒိဗ္ဗေဟိ၊ နတ်၌ဖြစ်ကုန်သော၊ ပဉ္စဟိကာမဂု ဏေဟိ၊ ငါးပါးအာရုံကာမဂုဏ်တို့ဖြင့်။ သမ္ပိတာ၊ ရောင့်ရဲအပ်ကုန် သည်ဖြစ်၍။ သမင်္ဂီဘူတာ၊ ပြည့်စုံခြင်းသို့ ရောက်သည်ဖြစ်၍၊ ပရိစာ ရေမ၊ တင့်တယ် စမ္ပါယ်ကြပါကုန်စို့။

တို့နတ်ပြည် အခုပဲရောက်ကြတာကွာ ပါယာသိမင်းကြီး မှာလိုက် ပေမယ့် ခဏနေကြဦးစို့ မပြောနဲ့ဦး၊ နတ်ပြည်ကို ခုပဲရောက်လာတာ ခုချက်ချင်း လူ့ပြည် ပြန်ပြောရမယ်ဆိုယင် နတ်စည်းစိမ်ဆိုတာ ဘယ်လို မှန်းတောင် သိနှာ မဟုတ်သေးဘူးနော်။ နတ်စည်းစိမ် ဘယ်လိုမှန်း တောင် မသိနိုင်သေးတဲ့အတွက်ကြောင့် ပြန်မပြောသေးဘူးကွာ၊ နှစ်ရက် သုံးရက်လောက်, နှစ်ညသုံးညလောက် နတ်စည်းစိမ်ကို တို့မြိန်မြိန်ကြီး ခံစားကြည့်ကြဦးစို့။

နန္ဒဝန်ဥယျာဉ်ကြီး ဘယ်လောက် ခမ်းနားတုန်း၊ သိကြားမင်းရဲ့ ဝေဇယန္တာပြာသာဒ်ကြီး ဘယ်လောက် ခမ်းနားတုန်း၊ သိကြားမင်း ကြီးရဲ့ မိဖုရားကြီးလေးယောက်တို့ ဘယ်လောက်ချောတုန်း၊ နှစ်ကုဋေ ငါးသန်း၊ ဘယ်လိုတဲ့၊ အဲဒါတွေ အားလုံးနဲ့ စိတ္တလတာ ဥယျာဉ် ကြီးတို့, ဖာရုသကဥယျာဉ်ကြီးတို့, ပင်လယ် ကသစ်ပင်ကြီးတို့, သုဓမ္မာ ပြာသာဒ်ကြီးတို့ ဟုတ်လား။ အဲဒါတွေ ဘယ်လို ခမ်းနားတယ်ဆိုတာ ကွာ နှစ်ရက်သုံးရက်လောက် တို့လည်ပတ်ပြီးတော့ ကြည့်ကြဦးစို့။

နှစ်ရက် သုံးရက်လောက် နှံ့နှံ့စပ်စပ် လည်ပတ်ပြီးတော့မှ ဒီအကြောင်းကို ဟိုသေတာဗျမြို့က နတ်ပြည်မယုံတဲ့ ပါယာသိမင်းကြီးကို သွားပြောမယ်ဆိုပြီးတော့၊ ဒီပုဂ္ဂိုလ်တွေဟာ နတ်ပြည်မှာ နှစ်ရက်သုံးရက် နတ်စည်းစိမ်ခံစားပြီးတော့ မြိန်မြိန်ကြီး စံစားနေကြတယ်လို့ ဆိုပါစို့ ဒကာတော်မင်းကြီး။

ကိုင်း– ဒကာတော်မင်းကြီး စဉ်းစားပေတော့။ နတ်ပြည်မှာ နှစ်ရက်သုံးရက်နော်။ နတ်ပြည်က နှစ်ရက်ဆိုယင် လူ့ပြည်မှာ ဘယ် လောက်ဖြစ်သွားမလဲ၊ နှစ်ပေါင်းနှစ်ရာ။ သုံးရက်ဆိုယင် နှစ်ပေါင်း သုံးရာဆိုတော့ ပါယာသိမင်း သုံးခါလေးခါတောင်သေပြီးနေပြီ မဟုတ်

ဘူးလား။ ပါယာသိမင်း-သုံးပြန်လေးပြန်လောက် သေပြီးနေပြီ၊ ဘယ်သဝလိုက်ပြောရမလဲ။ အဲဒါ မခက်ဘူးလား။

## ပါယာသိမင်းကြီး ဝန်ခံတယ်

ဒကာတော်ပါယာသိမင်း-အဲဒီလို နှစ်ရက် သုံးရက် နှတ်စည်းစိမ်ခံစားပြီးတော့မှ သင့် လာပြောမယ်ဆိုယင် ဒကာတော်ပါယာသိမင်းကြီး ကိုယ်ပိုင်ဉာဏ်နဲ့သာ စဉ်းစားပေတော့၊ ဖြစ်နိုင်ပလား မဖြစ်နိုင်ဘူးလား၊ ဆိုတော့ အဲဒီအခါကျတော့လဲ ပါယာသိမင်းကြီးက ဝန်ခံတယ်-

နော ဟိဒံ ဘော ကဿပ၊
ဘယ် ဖြစ်နိုင်မှာတုန်းဘုရား။

ဘာဖြစ်လို့ မဖြစ်နိုင်တာတုန်း၊

အပိ ဟိ မယံ ဘော ကဿပ စိရံ၊
ကာလင်္ကတာပိ ဘဝေယျာမ။

ဘောကဿပ၊ အို-အရှင်ကုမာရကဿပ။

အပိ၊ စင်စစ်သော်တမူကား။ မယံ၊ တပည့်တော်တို့သည်၊ စိရံ၊ ကြာမြင့်စွာကာလတည်းက။ ကာလင်္ကတာ၊ ကွယ်လွန်ခဲ့ကြကုန်သည်။ ဘဝေယျာမ၊ ဖြစ်ကြပါကုန်သည်ဘုရား။

ဟိုက နတ်စည်းစိမ်ခံလို့ တညလောက်ပဲ ကြာသေးတယ်၊ တပည့်တော်တို့က သေပြီးပြီဘုရားတဲ့၊ တပည့်တော်တို့က သေပြီးပြီ၊ အဲဒါကြောင့် ဝိပုဂ္ဂိုလ်တွေဟာ လာပြီးတော့ မပြောကြတော့ပါဘုရားတဲ့။ အရှင်ကုမာရကဿပရဲ့အပြောဟာ ပါယာသိမင်းကြီးအဖို့ ဘာမှ မလှုပ်နိုင်အောင် တုပ်လားတဲ့ အပြောပဲ၊ ဟုတ်လား။

အပိ၊ စင်စစ်သော်တမူကား။ မယံ၊ ဟောဒီ လူ့ပြည်မှာ အလွန်တရာ အသက်တိုတဲ့ တပည့်တော်တို့ရဲ့ ဘဝသည်။

ပါယာသိမင်းကြီး၊ အသက်ဘယ်လောက်ပဲရှည်ရှည် နှစ်တရာပါပဲ။ လူ့ပြည်မှာ အသက်အရှည်ဆုံးလာ အသက် ၁၆၀ နေသွားရတဲ့ ရှင်ဗာကုလမထေရ်ကြီး မဟုတ်လား။ ရှင်ဗာကုလမထေရ်ကြီး ၁၆၀ နေတာ။ နတ်ပြည်က နှစ်နေ့နဲ့တညဥ့် သို့မဟုတ် နှစ်ညဥ့်နဲ့ ကနေ့ ဒါလောက်ပဲ

ရှိမယ်ပေါ့။ ပါယာသိမင်းကြီး အဲဒီလောက် အသက်ရှည်မယ် မထင်ပါဘူး။

ဟိုက နှစ်ရက် သုံးရက်လောက် စည်းစိမ် ခံစားပြီးတော့မှ လာပြောမယ်၊ ဒီက နှစ်ပြန် သုံးပြန် သေပြီးသွားပြီ။ အဲဒီတော့ ဘယ်လိုက် ပြောရမှန်းမသိဘူး ဒကာတော်မင်းကြီး။ အဲဒါကြောင့် လာမပြောတာပေါ့ ဒကာတော်မင်းကြီးရဲ၊ နည်ပြည်ဆိုတာတော့ ရှိသားပေါ့။ ဟိုက စည်းစိမ်လေး တရက်နှစ်ရက် ခံစားမလို့ ကြံစည်တုန်းရှိသေးတယ်၊ သင်က သေသွားတော့ သင့်ကို ဘယ်လိုပြောရမှာတုန်း။

ရာဇည၊ ပါယာသိမင်း။

ဣမိနာပိ ပရိယာယေန၊ ဤ အကြောင်းကြောင့် လဲပဲ။ ပရောလောကော၊ တမလွန်လောက နောက်လောကဆိုတာ။ အတ္ထိ၊ ရှိဘယ်လို့ သာမှတ်ပါ။ ဩပပါတိကာ၊ ကိုယ်အထင်အရှားဖြစ်ကြတဲ့ဥပပါတ်သတ္တဝါတွေဆိုတာလဲ။ အတ္ထိ၊ ရှိဘယ်သို့သာ မှတ်ပါ။ သုကတဒုက္ကဋာနံ၊ ကမ္မာနံ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ၊ ဖလံဝိပါကော၊ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးသည်။ အတ္ထိ၊ ရှိတယ်သို့သာ မှတ်သိုက်စမ်းပါ။—လို့

အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပ မထေရ်သည်မြတ်သည်။ ပါယာသိရာဇညာ၊ ပါယာသိမင်းကြီးကို။ တေ၀စနံ၊ ဤဆိုခဲ့တဲ့စကားကို။ အဝေါစ၊ ဇာရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော် မူလိုက်ပါပေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

## နတ်ပြည်ရှိတယ်လို့ ဘယ်သူပြောလဲ

အသက်နဲ့တွက်ပြီးတော့ ပြောတာက သဘာဝယုတ္တိကို ဟောဒီမှာ တင်ပြတာနော်၊ ရှေ့လျှောက်ပြီးတော့ သဘာဝယုတ္တိ တင်ပြခန်းတွေ ချည်း သွားတော့မှာမပါ။

အသက်နဲ့ထွက်ပြီးတော့ ဒကာတော်မင်းကြီး– ဘယ်လာပြောမှာတုန်း၊ နှစ်ရက် သုံးရက်ကလေး နတ်ပြည်လည်ပတ်ပြီးတော့ ကြည့်ရှုမယ်လို့ စိတ်ကူးရှိရှိသေးတယ်၊ သင်က သေပြီတဲ့၊ အဲဒါကြောင့် သင် မင်းကြီး

ကို လာမပြောကြဘာ။ နည်ပြည်ဆိုဘာ ရှိဘာပေါ့ ဒကာတော်မင်းကြီး စိတ်ချလက်ချ ယုံလိုက်စမ်းပါ။

ဒီတော့ ဒီနေရာမှာ ပါယာသိမင်းကြီး လျှောက်ပုံကဘာမျိုးကြီး။ ပြောင်တင်းတင်းကြီး ဖြစ်လာဘယ်—

ကော ပနေတံ ဘောတော ကဿပ အာရောစေတိ၊

ဘောကဿပ၊ အို—အရှင်ကုမာရကဿပ။

ဧတံ၊ ထိုနတ်ပြည် ရှိဘယ်ဆိုတဲ့ စကား, တာဝတိံသာနတ်တွေ မြင်းမိုရ်တောင်ထိပ်မှာရှိဘယ်ဆိုတဲ့ စကားကို။ ကော၊ ဘာယ်သူသည်။ ဧတ၊ သင့်အား။ အာရောစေတိ၊ ပြောထားတာလဲ။

နတ်ပြည် ရှိတယ်ဆိုဘာ သင့်ကို ဘယ်သူ ပြောထားတာတုန်း။ အရှင်ကုမာရကဿပကို သူလုပ်တာ၊ ဟုတ်လား။ အရှင့်ကို နတ်ပြည်ရှိတယ်လို့ ဘယ်သူ ပြောထားဘာလဲ။

အဟမေတံ နဇာနာမိ–အဲဒီနတ်တွေကို ငါ မသိပါဘူး။

ဧတံ၊ ထိုနတ်ပြည်ရှိဘယ်ဆိုဘာကို။ အဟံ၊ တပည့်တော်သည်။ နဇာနာမိ၊ မသိပါဘူး၊

အဟမေတံ နပဿာမိ၊

ဧတံ၊ ထိုနတ်ပြည်ရှိဘယ်ဆိုတာကို။ အဟံ၊ တပည့်တော်သည်။ နပဿာမိ၊ မတွေ့မမြင်ဖူးပါဘူး။

နဇာနာမိ-သိလဲမသိပါဘူး။

နပဿာမိ-တခါမှ မြင်လဲမမြင်ဖူးပါဘူး။

ပါယာသိမင်းက နတ်ကိုမြင်လဲမမြင်ဖူးဘူးတဲ့, တွေ့လဲ မတွေ့ဖူးဘူးတဲ့၊ သိလဲမသိဖူးဘူးတဲ့၊ ရန်ကုန်က လူတွေကော နတ်ကိုမြင်ဖူးလား၊ မမြင်ဖူးဘူး၊ ဟုတ်လား၊ ပါယာသိမင်းနဲ့ တူသွားပြီ၊ တချို့ကဘော့ နတ်တွေကို ခဏခဏမြင်ရတယ်ဆိုပါလား၊

ပါယာသိမင်းကြီး ပြောလိုက်တာ စကားနှစ်ခွန်းနော်—

၁။ နတ်ရှိဘယ်ဆိုတာကို အရှင်ဘုရားကို ဘယ်သူပြောလဲ၊ အဲဒီနတ်တွေကို တပည့်တော် မြင်လဲ မမြင်ဖူးဘူး တွေ့လဲ မတွေ့ဖူးဘူး။

၂။ နတ်ပြည်ရှိဘယ်ဆိုတာ သိလဲမသိဘူး။

## နတ်ပြည်ရှိတယ်ဆိုတာ မယုံကြပါဘူး

ဘောဇကဿပ၊ အို–အရှင်ကုမာရကဿပ။

တသ္မာ၊ ထို့ကြောင့်။ မယံ၊ တပည့်တော်တို့သည်။

အဟံ–တပည့်တော်သည်ဆိုယင် တော်သေးတယ်။ မယံ-တပည့်တော်တို့သည်ဆိုပြီးတော့ သူ့နောက်ကလူတွေကိုပါ သိမ်းကျုံးပြီးတော့ သူကအဖော်ညှိတာ။ သူ့နောက်ကပါလာတဲ့လူတွေလဲ သူ့ရှုတွေပဲဆိုပြီးတော့ အရှင်ကုမာရကဿပကို ဟောဒီမှာ လူအုပ်နဲ့ခြောက်တာ။

မယံ၊ တပည့်တော်တို့သည်။ ဘောဇကဿပ၊ အရှင်ကုမာရကဿပရဲ့။ ဝစနံ၊ နတ်ပြည်ရှိတယ်ဆိုတဲ့စကားကို။ နသဒ္ဒဟာမ၊ မယုံကြည်ကြပါဘူးသူရား။

ပြောင်ပြောင်ပဲ ပြောလိုက်တယ်။ တပည့်တော်လဲ မယုံဘူးဘုရား။ ဟောဒီတပည့်တော်နောက်ကလူအုပ်ကြီးလဲပဲ အရှင်ဘုရားတို့ရဲ့ နတ်ပြည်ရှိတယ်ဆိုတဲ့စကားကို မယုံကြည်ကြဘူးဘုရား တဲ့။ အရှင်ကုမာရကဿပကို ပါယာသိမင်းကြီးက တည့်တည့်ကြီးတိုက်တာနော်။

ကော ပနေတံ ဘော ကဿပ အာရောစေတိ၊

နတ်ပြည်ရှိတယ်လို့ အရှင်ဘုရားကို ဘယ်သူပြောထားပါသလဲ။

အဟမေတံ နဇာနာမိ နပဿာမိ၊

အဲဒီနတ်ပြည်ကို တပည့်တော် မြင်လဲမမြင်ဖူးပါဘူး၊ ကြားလဲမကြားဖူးပါဘူး၊ တွေ့လဲမတွေ့ဖူးပါဘူး။

ကြားတော့ကြားဖူးတယ်ပေါ့ဗျာ အရှင်ကုမာရကဿပ ပြောနေတာပဲ၊ ယုတ်လား။ နဇာနာမိ-မသိပါဘူး။ နပဿာမိ၊ မမြင်ဖူးပါဘူး။

တသ္မာ၊ ထို့ကြောင့်။ မယံ၊ တပည့်တော်တို့သည်။ ဘောကဿပ၊ အရှင်ကုမာရကဿပရဲ့။ ဝစနံ၊ နတ်ပြည် ရှိတယ်ဆိုတဲ့ စကားတွေကို။ နသဒ္ဒဟာမ၊ မသိရ မမြင်ရတဲ့အတွက်ကြောင့် မယုံကြည်နိုင်ကြပါဘုရား။

မသိရလို့လဲ မယုံဘူး၊ မမြင်ရလို့လဲ မယုံဘူး။

ဣတိ၊ ဤသို့။ ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်ကို။ တေဝိဇ္ဇာဝိနယံ၊ ဤစကားကို။ အဝေါစ၊ ကောင်းစွာမသွေ လျှောက်ထားလိုက်ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

မမြင်ရလို့, မသိရလို့ မယုံဘူးဘုရား။ နတ်ပြည်ရှိတယ်ဆိုတာ ကိုယ်တော်ကို ဘယ်သူပြောတုန်း၊ တပည့်တော်တင်မယုံတာ မဟုတ်ဘူး တပည့်တော်နောက်က လူအုပ်ကြီးကလဲ အဲဒီနတ်တွေ ရှိတယ်ဆိုတာကို မယုံဘူးဘုရား။ ကိုယ်တော်စကားယုံကြည်အောင် ဘယ်လိုလုပ်မှတ်ရမှာတုန်း၊ ယုံဖွယ်ရာအကြောင်းကလေးများ တပည့်တော်ကို အရှင်ဘုရားပြပါဦးလို့ ပါယာသိမင်းကြီးက တောင်းပန်တယ်။

အဲဒီအကြောင်းလေး မနက်ဖြန်ကျမှပြမယ်၊ ဒီကနေ့ညတော့ ၁၀နာရီ ထိုးမှပြီ၊ဘောကြရအောင်။ ဥပမာနှစ်ခုပြီးသွားပါတယ်--

၁။ မစင်တွင်းကြီးနဲ့ ဥပမာပေးရတာရယ်၊

၂။ တာဝတိံသာနတ်သက်နဲ့ လူ့အသက်ကို ယှဉ်စပ်ပြီးတော့ နတ်ပြည်ရောက်တဲ့ပုဂ္ဂိုလ်က တရက်နှစ်ရက် နတ်ငည်းစိမ်ခံစားနေရုံနှင့် ဒီကလူတွေ အကုန်သေကုန်ပြီ၊ အဲဒါကြောင့် ပြန်လာပြီးတော့ မပြောဘူးဆိုတဲ့အကြောင်းကို ပြတာရယ်။

အဲဒီဥပမာနှစ်ခု ပြီးသွားပါတယ်။

ဒီကနေ့ညတော့ ဤမျှနဲ့ ကျေနပ်ကြပါ။

# ပါယာသိသုတ္တန်

**စတုတ္ထပိုင်း**

၁၃၄၃-ခုနှစ် နယုန်လဆန်း ၄ ရက်နေ့ည
ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း
မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်
ဓမ္မဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပသည့်
ဓမ္မသဘင်၌ ဟောကြားသည်။

သူ့နောက်က လူတွေကလဲ မယုံကြည်ကြဘူး–တဲ့

ပါယာသိမင်းကြီးရဲ့–

၁။ သေပြီးနောက်ဘဝမရှိ၊
၂။ နတ်ဗြဟ္မာနဲ့ ငရဲမရှိ၊
၃။ ကုသိုလ် အကုသိုလ်မရှိ, ကုသိုလ် အကုသိုလ်ရဲ့ ကောင်းကျိုးဆိုးပြစ်မရှိ၊

ဆိုတဲ့ မိစ္ဆာဝါဒကြီးကို အရှင်ကုမာရကဿပမထေရ်အား တင်ပြ တော့၊ အရှင်ကုမာရကဿပမထေရ်က ဆန်းကြယ်သော ဥပမာရုပ်ပုံပြ ပါယာသိမင်းကြီးရဲ့ အယူမှားတွေကို တချပြီးတခု တချပြီးတခု ရှင်းလင်း ပြီးတော့ ယုံကြည်လောက်တဲ့သာဓကတွေ သဘာဝတွေနဲ့ တင်ပြခဲ့တယ်။

ဒီတော့ ပါယာသိမင်းကြီးက အရှင်ကုမာရကဿပကို ဆိုလိုက်တဲ့ စကား၊ မနေ့က စာပိုဒ်ရဲ့အဆုံးမှာ ပါယာသိမင်းကြီးက အရှင်ကုမာရ ကဿပကို ဘာဆိုလိုက်တုန်းဆိုတာ လှမ်းပြီးတော့ကြည့်လိုက်ကြရအောင်၊ လှမ်းကြည့်လိုက်တော့

တေဘ ပနတံ ဘောတော ကဿပဿ အာရောစေတိ။

ဘောတကဿပ၊ အို–အရှင်ကုမာရကဿပ။

တော၊ အဘယ်သူသည်။ တေ၊ ထိုနောက်ဘဝ၌ ဥပပါတ်သတ္တဝါ, ငရဲ, နတ်, ဗြဟ္မာ, ကုသိုလ် အကုသိုလ်ရှိတယ်ဆိုတဲ့ စကားကို။ တေ၊ သင့်အား၊ အာရောစေတိ၊ ပြောကြားပါသနည်း။

အရှင်ကုမာရကဿပအား ငရဲရှိတယ်, နတ်ရှိတယ်, ဗြဟ္မာရှိတယ်, နောက်ဘဝရှိတယ်, ကုသိုလ် အကုသိုလ်ဆိုတဲ့စကားကို ဘယ်သူက လာ ပြီးတော့ ပြောတာတုန်း၊ အရှင်ကုမာရကဿပကို ဒီစကား ဘယ်သူလာ ပြီးတော့ ပြောပါသလဲ။

အဟာမေတံ နဇာနာမိ၊ အဟာမေတံ နပဿာမိ၊

အဟံ၊ တပည့်တော်သည်။ တေ၊ ထိုနောက်ဘဝနဲ့ ငရဲ နတ် ဗြဟ္မာ ဥပပါတ်သတ္တဝါတွေဆိုတာကို။ နဇာနာမိ၊ သိလဲမသိပါ။

အဟံ၊ တပည့်တော်သည်။ တေ၊ ထိုနောက်ဘဝနဲ့ ငရဲ နတ် ဗြဟ္မာ ဥပပါတ်သတ္တဝါတွေဆိုတာကို။ နပဿာမိ၊ မြင်လဲမမြင်ဖူးပါ။

တပည့်တော်သည် ငရဲကိုလဲမမြင်ဖူးဘူး၊ နတ်တွေကိုလဲမမြင်ဖူးဘူး၊ ပြိတ္တာတွေကိုလဲ မမြင်ဖူးဘူး၊ ဥပပါတ်သတ္တဝါတွေကိုလဲ မမြင်ဖူးဘူး၊ တမလွန်လောက နောက်ဘဝရှိတယ်ဆိုတာကို သိလဲမသိပါဘူး မြင်လဲ မမြင်ဖူးပါဘူး။

တသ္မာ၊ ထို့ကြောင့်၊ အဟံ၊ တပည့်တော်သည်။ ဘောတော ကဿပဿ၊ အရှင်ကုမာရကဿပ၏ ဝစနံ၊ စကားကို။ နသဒ္ဒဟာမိ၊ မယုံကြည်နိုင်ပါ။

တသ္မာ၊ ထို့ကြောင့်၊ အဟံ၊ တပည့်တော်တို့သည်။ ဘောတော ကဿပဿ၊ အရှင်ကုမာရကဿပ၏ ဝစနံ၊ ငရဲ နတ် ပြိတ္တာ နောက်ဘဝနဲ့ ကုသိုလ် အကုသိုလ်ရှိတယ်ဆိုတဲ့ စကားရပ်တွေကို၊ နသဒ္ဒဟာမ၊ မယုံကြည်ကြပါကုန်ဘုရား။

အရှင်ကုမာရကဿပ ပြောပြောနေတဲ့ ငရဲရှိတယ်, နတ်ရှိတယ်, ပြိတ္တာရှိတယ်, တမလွန်လောကရှိတယ်, ကုသိုလ် အကုသိုလ်ရှိတယ်၊ ကုသိုလ် အကုသိုလ်အကျိုးတွေရှိတယ်ဆိုတဲ့ စကားရပ်တွေကို မယုံကြည်ပါဘူးဘုရား။ တပည့်တော်တယောက်တည်းက မယုံကြည်တာမဟုတ်ပါဘူး၊ ဟောဒီ တပည့်တော်ရဲ့နောက်က ပါလာတဲ့ လူအုပ်ကြီးကလဲ မယုံကြည်ကြပါဘုရား။

ဒါကြောင့်—

မယံ၊ တပည့်တော်တို့သည်။ နသဒ္ဒဟာမ၊ မယုံကြည်ကြပါကုန် ဘုရား။

ဣတိ ဤသို့။ ပါယာသိရာဇညော၊ ဘိသိက်သွန်းခြင်း အလျင်း မရှိသော ပါယာသိမင်းကြီးသည်။ အာယသ္မန္တံကုမာရကဿပံ၊ အရှင် ကုမာရကဿပ မထေရ်သျှမြတ်ကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ ကောင်းစွာမသေ့ လျှောက်တင်ခဲ့ပါပေတော့သတည်း။

## "သာဓု-သာဓု-သာဓုပါဘုရား"

## မမြင်ရမတွေ့ရတဲ့အတွက် သူမယုံဘူး—တဲ့

အရှင်ကုမာရကဿပ ပြောပြောနေတဲ့ ငရဲတွေ, နတ်တွေ, ပြိတ္တာ တွေ, နောက်ဘဝတွေ, ဥပပါတ်သတ္တဝါတွေ, ကုသိုလ် အကုသိုလ်တွေ, ကုသိုလ်ရဲ့အကျိုး အကုသိုလ်ရဲ့အကျိုးတွေဆိုတာကို တပည့်တော်သည်

မယုံကြည်နိုင်လောက်အောင် ရှိပါတယ်ဘုရား။ တပည့်တော်တယောက် ထည်းသာ မယုံကြည်တာမဟုတ်ပါနဲ့ တပည့်တော်ရဲ့နောက်က ပါလာတဲ့ လူအုပ်ကြီးကလဲ အဲဒီစကားတွေကို မယုံကြည်ကြပါဘုရား။ ငရဲတွေ နတ်တွေ ဗြဟ္မာတွေ ဥပပါတ်သတ္တဝါတွေ ကုသိုလ်အကုသိုလ်နဲ့ နောက် ဘဝရှိတယ်ဆိုတာတွေကို

ဘောတောကဿပ၊ အရှင်ကုမာရကဿပအား။ ကော၊ အဘယ် သူက။ အာရောစေတိ၊ ပြောကြားပါသနည်း။

အဲဒီ ငရဲ, နတ်, ဗြဟ္မာ, ဥပပါတ်သတ္တဝါ, တမလွန်လောက နောက်ဘဝ, ကုသိုလ်အကုသိုလ်ရှိတယ်ဆိုတာ အရှင်ကိုဘယ်သူပြောတုန်း၊ တပည့်တော်လဲ မယုံဘူးဘုရား၊ တပည့်တော်ရဲ့နောက်က လူအုပ်ကြီးကလဲ မယုံကြည်ကြဘူးဘုရား၊ ဒီလိုဆိုလိုက်တော့ အရှင်ကုမာရကဿပမထေရ်က ပါယာသိမင်းကို ဒီနေရာမှာ ဥပမာတခုဆောင်ပြီးတော့ ဆုံးမရယ်

ရာဇည၊ ပါယာသိမင်း။ တေနှိ၊ ထို့ကြောင့်။ တေ၊ သင့်အား။ အဟံ၊ ငါသည်။ ဥပမံ၊ ဥပမာတခုကို။ ဗျာကရိဿာမိ၊ ဆောင်ပြပေအံ့။

ပါယာသိမင်းကြီးဟာ ငရဲ, နတ် ဗြဟ္မာနဲ့ နောက်ဘဝ ကုသိုလ် အကုသိုလ်တွေကို မယုံဘူးဆိုတာ နဇာနာမိ—မသိရ၊ နပဿာမိ- မမြင်ရ တဲ့အတွက်ကြောင့် မယုံတာ၊ အဲဒါကို မှတ်ထား။ ငရဲ, နတ်, ဗြဟ္မာ, ဥပပါတ်သတ္တဝါ, နောက်လောက နောက်ဘဝဆိုတာတွေကို ဘာကြောင့် မယုံဘာတုန်းဆိုတာ စကားပြန်စုလိုက်ယင် မမြင်ရလို့မယုံတာ, မသိရလို့ မယုံတာ။ နဇာနာမိ,နပဿာမိလို့ သူ လျှောက်တာ, မတွေ့ရ မမြင်ရတဲ့ အတွက်ကြောင့် တပည့်တော် မယုံဘူးလို့ ပါယာသိမင်းကြီး ဒီလို လျှောက်တယ်။

ဒကာတော် ပါယာသိမင်း၊ ငရဲနဲ့ နတ်ဗြဟ္မာတွေကို သင်က ဘာကြောင့် မယုံဘာလဲ အကြောင်းပြဆိုပြီးတော့ ဒီနေရာ လပ်မေးစရာ မလိုတော့ဘူး။ ရှေ့ရှေ့အပိုဒ်တွေမှာတော့ ဒကာတော်မင်းကြီး မယုံဘူး ဆိုတာ အကြောင်းပြောဦး၊ အတ္ထိပနရာဇည ပရိယာယော—ဒကာတော် ပါယာသိမင်း မယုံကြည်ခြင်းနဲ့ ပတ်သက်လို့ အကြောင်းပြစရာရှိသလား လို့ ရှေ့ရှေ့အပိုဒ်တွေမှာ မေးခဲ့ဖူးတယ်၊ ဒီအပိုဒ်ကျတော့ အဲဒါ မေးဖို့ မလိုတော့ဘူး။

မမြင်ရတဲ့အတွက်ကြောင့် မယုံကြည်ဘူးလို့ ဆိုထားတာ။ ဒကာ တော် ပါယာသိမင်း မယုံခြင်းရဲ့အကြောင်း ပြဆိုပြီးတော့ သူ့ကို ထပ်

ပြောစရာ ဟောဒီအထဲ စကားဝင်ဖို့ မလိုဘူး။ ဒါကြောင့် အရှင်ကုမာရ ကဿပက သူ့ကို တိုက်ရိုက် လှမ်းပြီးတော့ ဆုံးမတယ်။

## အကန်းပြော မပြောပါနဲ့

တေန ဟိ ရာဇည ဥပမံ တေ ကရိဿာမိ။ ဥပမာယ
မိဓေကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ။

ရာဇည၊ ပါယာသိမင်း။ တေနဟိ၊ ထိုသို့ ဖြစ်ပါမူကား။ တေ၊ သင့်အတွက်။ ဥပမံ၊ နှိုင်းယှဉ်ပြစရာ ဥပမာကို။ ကရိဿာမိ၊ ငါ ပြုလိုက်ပါဦးအံ့။

သင့်အတွက် ဥပမာတခု နှိုင်းယှဉ်ဖွယ် ငါ ပြုလိုက်ဦးမယ်။

ဣဓ၊ လောကမှာ။ ဧကစ္စေ၊ အချို့ကုန်သော။ ဝိညူပုရိသာ၊ ဉာဏ်ရှိတဲ့ ယောကျာ်းတို့သည် (ဝါ)ဉာဏ်ရှိတဲ့ အမျိုးသား အမျိုးသမီး သူတော်ကောင်း အပေါင်းတို့သည်။ ဥပမာယ၊ နှိုင်းယှဉ်ပြခြင်းဖြင့်။ ဘာသိတဿ၊ ပြောဆိုတဲ့စကားရဲ့။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ ဇာနန္တိ၊ သိရှိ နားလည် ကုန်၏။

ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်များဟာ ဥပမာနဲ့ ပြောမယ်ဆိုယင်တော့ ဆိုလိုတဲ့ အနက်အဓိပ္ပာယ်ကို သိလွယ် မြင်လွယ် နားလည်လွယ်ကြပါတယ်။

တသ္မာ၊ ထို့ကြောင့်။ တေ၊ သင်မင်းကြီးအတွက်။ အဟံ၊ ငါသည်။ ဥပမံ၊ ဥပမာတခုကို။ ကရိဿာမိ၊ ဆောင်ပြပေအံ့(ဝါ)ပြုလိုက်ပါဦးအံ့။

ဒကာတော်မင်းကြီး—ဥပမာနဲ့ ပြယင် ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်များဟာ မှတ်ဖို့ရန် အလွန်လွယ်ဘာယ်၊ ဒါကြောင့် သင်မင်းကြီးအတွက် ဥပမာတခု ပြမယ်။ ပြပါလော့ကိုယ်တော်—ဘာဥပမာများ ပြမှာတုန်း။

သေယျထာပိ ရာဇည—

ဇစ္စန္ဓုပမော မညေ ပဋိဘာသိ ယံ မံ တွံ ဧဝံ ဝဒေသိ။

ရာဇည၊ ပါယာသိမင်း။ တွံ၊ သင်သင်သည်။ ယံဝစနံ၊ အကြင်ရဲ့နဲ့ နတ်ပြဟ္မာ မရှိဘူးဆိုတဲ့ စကားကို။ တွံ၊ သင်သည်။ မံ၊ ငါ့ကို။ ဧဝံ၊ ဤသို့။ ဝဒေသိ၊ ပြောတယ်။ တံဝစနံ၊ ထို စကားသည်။

ဇစ္စန္ဓူပမောပညာ၊ မိခင်ဝမ်းက ကန်းလာတဲ့ လူကန်း ပြောဆိုလေဘိ သကဲ့သို့၊

သင်သည် တမလွန်လောက နောက်ဘဝမရှိဘူး၊ ငရဲနဲ့ နတ်ပြည်ဘွား မရှိဘူးလို့၊ ယုံမှတ်ကာ ဒေသီ၊ ဝိဝါဒ စကား သင်သည် ငါ့ကို ပြောတယ်။ အဲဒီစကား သင် ပြောခြင်းဟာ ဇစ္စန္ဓူပမောမညာ, ဇစ္စန္ဓောပမော—လူကန်း လိုပဲ။—တဲ့

ဇစ္စန္ဓော၊ လူကန်းသည်။ ယံ ဝစနံ၊ ထိုစကားမျိုးကို၊ ဝဒေသိ ကဲ့သို့၊ ပြောဆိုသလိုပဲ။ ဧဝံ၊ သင်လဲပဲ။ ဇစ္စန္ဓူပမော၊ သူကန်းနဲ့ တူစွာ။ ဝေရူပံ ဝစနံ၊ ဒီလိုစကားမျိုးကို၊ ဝဒေသိ၊ ပြောလာဘာလား၊

ရှင်းရှင်းဘာသာ ဒကာတော် မင်းကြီး— သင် ပြောတာဟာ အကန်းပြောပဲ၊ လူကန်း ပြောသလိုပဲ။ လူကန်း ဘယ်နှယ် ပြောတုန်း ကိုယ်တော်၊ သူကလဲ လာတယ်၊ လူကန်း ပြောတာလေး ဆိုရမ်းပါဦး၊ ဒီလိုဆိုလိုက်တော့ အရှင်ကုမာရကဿပက

ရာဇည၊ ပါယာသိမင်း။ အဟံ၊ ငါသည်။ ဥပမာ၊ ဆိုလတ္တံ့သော။ တံဝစနံ၊ ထိုစကားကို။ ကိံ၊ သင်သည်။ ကထံ မညသိ၊ ဘယ်လို မျှား မှတ်ထင်ပါသနည်း။

ငါ ဆိုမယ့်စကား သင် ဘယ်လို ထင်တုန်း စဉ်းစားစမ်းပါ၊ ဒကာတော်ပါယာသိမင်း ငါပြောမယ့်စကားကို နားထောင်ကြောင်း၊ သင် ဘယ်လို ထင်တုန်း။ အဲဒီလို ဆိုလိုက်တော့ ပါယာသိမင်းကြီးက မခံချိ မခံသာ စိတ်ပြီးတော့ နားထောင်နေတယ်၊ ဘာများ ပြောမလို့လဲ၊ ငါ ပြောတာ အကန်းပြောကြီး ဆို သူ ငါ့ကို ဆိုသွားတယ်။ အထန်းက ဘယ်လိုပြောတုန်း။

အဖြူ အမဲ အနီမှ အမြင့် မမြင်ရတဲ့ သူကန်း

သေယျထာပိ ရာဇည ဇစ္စန္ဓော ပုရိသော
န ပဿေယျ ကဏှသုက္ကာနိ ရူပါနိ၊

ရာဇည၊ ပါယာသိမင်း။ သေယျထာပိ၊ ဥပမာပုံဆို အဘယ်ကဲ့ သို့နည်းဟူမူကား။ ဇစ္စန္ဓော၊ မိခင်ဝမ်းတွင်းက နေပြီးတော့ ကန်းလာ သော။ ပုရိသော၊ ယောကျာ်းဘယောကျာ်းသည်။ ကဏှသုက္ကာနိ ရူပါနိ၊ အမဲ အဖြူဆိုသော အဆင်းတို့ကို။ နပဿေယျ၊ မမြင်ရပါချေ။

ကန်းတဲ့ပုဂ္ဂိုလ်ဟာ အမဲလဲ မမြင်ဘူး, အဖြူလဲ မမြင်ဘူး။

န ပဿေယျ နီလကာနိ၊ ရူပါနိ။

နီလကာနိ၊ အညိုရောင်ဖြစ်ကုန်သော။ ရူပါနိ၊ အဆင်းတို့ကိုလဲ ပဲ။ နပဿေယျ၊ မတွေ့မမြင်ရပါပေ။

မျက်စိနှစ်ကွင်း မလင်းတဲ့ပုဂ္ဂိုလ်သည် အညိုရောင်ကိုလဲ မမြင် ရဘူး။

န ပဿေယျ ပီတကာနိ ရူပါနိ။

ပီတကာနိ၊ အဝါရောင်ဖြစ်ကုန်သော။ ရူပါနိ၊ အဆင်းတို့ကိုလဲ။ သော၊ ထိုကန်းနေတဲ့ပုဂ္ဂိုလ်သည်။ နပဿေယျ၊ မတွေ့မမြင်ရပါပေ။

အဝါရောင်ကိုလဲ သူသည် တခါမှ မတွေ့မမြင်ရဖူးဘူး။

န ပဿေယျ လောဟိတကာနိ ရူပါနိ၊

လောဟိတကာနိ၊ အနီရောင်ဖြစ်ကုန်သော။ ရူပါနိ၊ အဆင်းတို့ ကိုလဲပဲ။ နပေဿယျ၊ တခါဖူးမှ မတွေ့ရ မမြင်ရဖူးပါ။

န ပေဿယျ မဉ္ဇိဋ္ဌကာနိ ရူပါနိ၊

မဉ္ဇိဋ္ဌကာနိ၊ အနီနုရောင်, ပန်းရောင်တို့လို့ ဆိုရကုန်သော။ ရူပါနိ၊ အဆင်းတို့ကိုလဲပဲ။ နပဿေယျ၊ မတွေ့ရ မမြင်ရပါပေ။

မဉ္ဇိဋ္ဌဆိုတာက ပန်းနုရောင်, အနီနုပန်းရောင်ကို မဉ္ဇိဋ္ဌလို့ခေါ်တယ်။ ရှေးဆရာတော်ကြီးများကတော့ မဉ္ဇိဋ္ဌကို ''မောင်းသောအရောင်, အမောင်းရောင်''ဆိုပြီးတော့ ဒီလိုရေးကြတယ်။ အမှန်ကတော့ အဲဒါ အနီဘက်သို့လဲ မလွန်ကဲ့,အဝါဘက်သို့လဲ မလွန်ကဲ့,အနီနဲ့အဝါရောယှက် ပြီးတော့ အနီနုကို အဲဒါ မဉ္ဇိဋ္ဌ—ပန်းရောင်လို့ ဒီလိုခေါ်တာ။

မျက်စိနှစ်ကွင်းမလင်းတဲ့ ပုဂ္ဂိုလ်သည် မဉ္ဇိဋ္ဌလို့ခေါ်တဲ့ အဲဒီပန်း ရောင်ကိုလဲပဲ တခါမှမမြင်ဖူးဘူး၊ အမဲ, အဖြူ, အညို, အဝါ, အနီ,ပန်း ရောင်, ဒီအရောင်တွေကိုလဲ သူသည် တခါမှမမြင်ဖူးဘူး၊ ဒါတင်ပဲလား ဆိုတော့ မဟုတ်သေးဘူး—တဲ့။

န ပဿေယျ သမဝိသမံ၊

သမဝိသမံ၊ ညီညွတ်သည် မညီညွတ်သည်ကိုလဲပဲ။ နပဿေယျ၊ တခါဖူးမှ မတွေ့မမြင်ပါ။

န ပဿေယျ တာရကာနိ ရူပါနိ၊

တာရကာနိ ရူပါနိ၊ ကြယ်တာရာတို့၏ အရောင်တို့ကိုလည်း။ နပ ဿေယျ။ တခါဖူးမှ သူသည် မတွေ့မမြင်ခဲ့ပါ။

န ပဿေယျ စန္ဒိမ သူရိယေ၊

စန္ဒိမ သူရိယေ၊ လ,နေတို့ကိုလည်း။ နပဿေယျ။ သူသည် တခါ ဖူးမှ မတွေ့မမြင်ခဲ့ပါ။

ကန်းနေတဲ့ပုဂ္ဂိုလ်ဟာ အရောင် ၆-မျိုးကိုလဲ မမြင်ဖူးဘူး၊ နိမ့် တာ မြင့်တာတွေကိုလဲ သူသည် တခါမှ မမြင်ဖူးဘူး၊ ညီတာ မညီတာ ကိုလဲ မတွေ့ဖူးဘူး၊ ကြယ်တာရာတွေကိုလဲ မမြင်ဖူးဘူး၊ လ,နေတို့ကိုလဲ သူသည် တခါမှ မမြင်ဖူးဘူး၊ ဒကာတော်ပါယာသိမင်းကြီး။

အရှင်ဘုရား-အဲဒီအကန်းက ဒီအဆင်းတွေနဲ့ ကြယ်တာရာတွေ လ,တွေ နေတွေ, မြေကြီး နိမ့်တာ မြင့်တာတွေ တောတွေတောင်တွေကို မမြင်ဖူးတော့ ဘာဖြစ်တုန်းဘုရား။

အကန်းက ဒီလိုပြောမယ်

သော ဧဝံ ဝဒေယျ၊

ရာဇည၊ ပါယာသိမင်း။ သော၊ ထိုအရောင်အမျိုးမျိုးနဲ့ ကမ္ဘာ မြေကြီး ရေမြေတောတောင် ပင်လယ်သမုဒ္ဒရာ ကြယ်လ,နေနက္ခတ် တာ ရာ မမြင်ဖူးတဲ့ လူကန်းသည်။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ပြောဆိုရာ၏။

အဲဒီအကန်းက ဒီလိုပြောတတ်တယ်၊ အရှင်ကုမာရကဿပက အကန်းဆိုဘာ ဒီလိုပဲပြောတယ်တယ်။ ဘယ်လိုပြောမလဲ-

နတ္ထိ ကဏှသုက္ကာနိ ရူပါနိ၊ နတ္ထိကဏှသုက္ကာနံ ရူပါနံ ဒဿာဝီ၊-တဲ့

အချက်နှစ်ချက်ကိုပြောတယ်။

ကဏှသုက္ကာနိရူပါနိ၊ အမဲအဖြူဆိုတဲ့အဆင်းတို့သည်။ နတ္ထိ-နသန္တိ၊ မရှိကြလေကုန်။

အမဲရောင်၊ အဖြူရောင်ဆိုတာ မရှိဘူးကွ၊ အကန်းဖြစ်တဲ့ ပုဂ္ဂိုလ်က အမဲလဲမရှိဘူး၊ အဖြူလဲမရှိဘူးလို့ပြောတယ်။ အမဲရောင်၊ အဖြူရောင်မှ မရှိဘူးဆိုယင် အဓိပ္ပာယ်က ဘယ်အထိရောက်သွားတယ် မှတ်တုန်း၊ နတ္ထိ ကဏှသုက္ကာနံ ရူပါနံဒဿာဝီ၊ အဲဒီအထိ ရောက်သွားတယ်။

ကဏှသုက္ကာနံ ရူပါနံ၊ အမဲအဖြူဆိုသောအဆင်းတို့ကို။ ဒဿာဝီ၊ တွေ့မြင်ဖူးတဲ့ ပုဂ္ဂိုလ်တို့ဆိုတာလဲ။ နတ္ထိ–နသန္တိ၊ မရှိကြလေကုန်။

ထိရောက်ပုံက အဲဒီအထိ ဖြင်သွားတယ်။ အမဲရောင်၊အဖြူရောင်ကိုမှ မရှိယင် အဲဒီအမဲရောင်၊ အဖြူရောင်ကို မြင်ဖူးတဲ့ပုဂ္ဂိုလ်ဆိုတာက ကော ရှိပါဦးမလား၊ မရှိဘူးတဲ့။ အရှင်ကုမာရကဿပ စကားစာတ်ဓာယ်ဆိုတာ အဲဒါပြောတာ။

ငရဲမရှိဘူးဆိုယင် ငရဲမြင်ဖူးတဲ့ပုဂ္ဂိုလ်လဲ မရှိဘူး၊ အဲဒီလို ဆိုရာ ရောက်နေတယ်၊ နတ်မရှိဖူးဆိုယင် နတ်မြင်ဖူးတဲ့ ပုဂ္ဂိုလ်မရှိဘူး။ နတ်ကို မြင်ချင်ယင် နတ်မျက်စိနဲ့ကြည့်ပေါ့၊ စာလိုပြောယင် ဒိဗ္ဗစက္ခု၊ ဟုတ်လား။ မံသစက္ခုနဲ့ နတ်ကိုကြည့်လို့တော့ မရဘူး၊ ဒိဗ္ဗစက္ခုနဲ့ကြည့်ယင် ရတယ်။

ဟောဒီမှာဆိုလိုက်ပုံက နတ်မရှိဘူးဆိုယင် နတ်မျက်စိရသူလဲ မရှိဘူးဆိုတဲ့ အဓိပ္ပာယ်ကိုရောက်နေတယ်၊ ပါယာသိမင်းဟာ အဲဒီအထိ ဆိုထားတာ။ အရှင်ကုမာရကဿပ အဲဒါကိုသိပြီးတော့ ဒီက စိုက်ပြောတာ–

ကဏှသုက္ကာနိရူပါနိ၊ အမဲ၊အဖြူဆိုသော အဆင်းတို့သည်။ နတ္ထိ–နသန္တိ၊ မရှိကြလေကုန်။

ကဏှသုက္ကာနံရူပါနံ၊ အမဲ၊အဖြူဆိုသောအဆင်းတို့ကို။ ဒဿာဝီ၊ မြင်တဲ့ပုဂ္ဂိုလ်မျိုးတို့ဆိုတာလဲ။ နတ္ထိ၊ နသန္တိ၊ မရှိကြလေကုန်။

ကန်းတဲ့ ပုဂ္ဂိုလ်ဆိုယင် ဒီလို ပြောတယ်။

နတ္ထိ နီလကာနိ ရူပါနိ၊ နတ္ထိနီလကာနံ ရူပါနံ ဒဿာဝီ။

အညိုရောင်အဆင်းတို့ ဆိုတာ မရှိကြဘူး။ အညိုရောင်ကို တွေ့မြင်ဖူးတဲ့ ပုဂ္ဂိုလ်တို့ဆိုတာလဲ မရှိကြဘူး။

နတ္ထိ ပီတကာနိ ရူပါနိ၊

အဝါရောင်တို့ဆိုတာလဲ မရှိကြဘူး။

နတ္ထိ ပီတကာနံ ရူပါနံ ဒဿာဝီ၊

အဝါရောင်ကို မြင်ဖူးတဲ့ ပုဂ္ဂိုလ်တို့ဆိုတာလဲ မရှိကြဘူး။

နတ္ထိ လောဟိတကာနံ ရူပါနံ၊

အနီရောင်တို့ဆိုတာလဲ မရှိကြဘူး။

နတ္ထိ လောဟိတကာနံ ရူပါနံ ဒဿာဝီ၊

အနီရောင်ကိုမြင်ဖူးတဲ့ ပုဂ္ဂိုလ်တို့ဆိုတာလဲ မရှိကြဘူး။

နတ္ထိ မဉ္ဇိဋ္ဌာနိ ရူပါနိ၊

ပန်းရောင်တို့ဆိုတာလဲ မရှိကြဘူး။

နတ္ထိ မဉ္ဇိဋ္ဌကာနံ ရူပါနံ ဒဿာဝီ၊

ပန်းရောင်အဆင်းကို မြင်ဖူးတဲ့ပုဂ္ဂိုလ်ဆိုတာလဲ မရှိကြဘူး။

နည်းလမ်းကျတဲ့ ပြောဆိုခြင်းဖြစ်ပါရဲ့လား၊

နတ္ထိ သမဝိသမံ

မြေကြီး နိမ့်တယ် မြင့်တယ်၊ ညီညွတ်တယ် မညီညွတ်ဘူးဆိုတာ မရှိကြဘူး။

ပင်လယ်ကြီးဆိုတာက ချိုင့်ဝှမ်း၊ လူတွေနေတယ်ဆိုတာက ကုန်းမြေ၊ တောတောင်တွေဆိုတာက မို့မောက်တဲ့နေရာ၊ အဲဒါ သမ ဝိသမ၊ အဲဒီလို သမ ဝိသမတွေဆိုတာလဲ မရှိကြဘူး။

နတ္ထိ သမဝိသမဿ ဒဿာဝီ၊

အဲဒီလို ညီညွတ်တယ် မညီညွတ်ဘူးဆိုတာကို တွေ့ဖူး မြင်ဖူးတဲ့ ပုဂ္ဂိုလ်တို့ဆိုတာလဲ မရှိကြဘူး။

နတ္ထိ တာရကာနိ ရူပါနိ၊

ကြယ်တာရာတွေဆိုတာလဲ မရှိကြဘူး။

နတ္ထိ တာရကာနံ ရူပါနံ ဒဿာဝီ၊

ကြယ်တာရာတွေကို တွေ့ဖူး မြင်ဖူးတဲ့ ပုဂ္ဂိုလ်တို့ ဆိုတာလဲ မရှိကြဘူး။

နတ္ထိ စန္ဒိမ သူရိယာ၊

လ, နေ တို့ဆိုတာ မရှိကြဘူး။

နတ္ထိ စန္ဒိမ သူရိယာနံ ဒဿာဝီ၊

လ, နေ တို့ကို မြင်ဖူးတဲ့ ပုဂ္ဂိုလ်တို့ဆိုတာလဲ မရှိကြဘူး။

စဉ်းစားကြပေါ့၊ လနဲ့ နေကို မြင်ကို မမြင်ရတဲ့ အကန်းက လ, မရှိဘူး၊ နေ, မရှိဘူးလို့ ပြောနေတယ်၊ နေနဲ့လ မရှိဘူးဆိုယင် သူ့လိုပဲ လနဲ့ နေကို မြင်ဖူးတဲ့ ပုဂ္ဂိုလ်ဆိုတာလဲ မရှိဘူးတဲ့၊ နှစ်ဘက်စလုံးကို သူပယ်ချတယ်။ ပါယာသိမင်းကြီး ဆိုပုံကလဲ အဲဒီအထိ ရောက်နေတယ်၊ အရှင်ကုမာရကဿပမထေရ်က ဒကာတော် ပါယာသိမင်း–မျက်စိနှစ်ကွင်း အလင်းမရသူက ဒီလိုပြောတယ်၊ လ,နေ မရှိဘူး၊ လနဲ့ နေကိုမြင်တဲ့ ပုဂ္ဂိုလ်တွေလဲ မရှိကြဘူးလို့ ပြောလိမ့်မယ်။

သမ္မာ နု ခေါ သော ရာဇည ဝဒမာနော ဝဒေယျာတိ၊

ရာဇည၊ ပါယာသိမင်း။ သော၊ ထိုသူသည်။ ဧဝံ၊ ဤသို့။ ဝဒမာနော၊ ပြောဆိုခဲ့သည် ရှိသော်။ သမ္မာဝဒေယျ၊ ကောင်းစွာ ပြောဆိုခြင်း ဖြစ်ပါသလား။

ပါယာသိမင်း–အဲဒီလို ပြောဆိုတဲ့ ပုဂ္ဂိုလ်သည် ကောင်းမွန်စွာ ပြောဆိုခြင်း ဖြစ်ပါရဲ့သလား၊ မှန်ကန်စွာ ပြောဆိုခြင်း ဖြစ်ပါရဲ့လား၊ တရားနည်းလမ်းကျတဲ့ ပြောဆိုခြင်း ဖြစ်ပါရဲ့လား။

အဟမ္ပေတံ န ဇာနာမိ၊

အဟမ္ပေတံ န ပဿာမိ၊

တသ္မာ တံ နတ္ထိတိ။

ဧတံ၊ ထိုအရောင်ခြောက်ပါးနဲ့ လ, နေ, နက္ခတ်တာရာ, ရေ, မြေ, တောတောင် ပင်လယ်သမုဒ္ဒရာတွေကို။ အဟံ၊ ငါသည်။ နဇာနာမိ၊ မသိပါ။ နပဿာမိ၊ မတွေ့ဖူးပါ။

တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုရေ မြေ တော တောင် ပင်လယ် သမုဒ္ဒရာနဲ့ အရောင်အမျိုးမျိုးတို့သည်။ နတ္ထိ၊ မရှိဘူးလို့။ ဝဒမာနော၊ ပြောဆိုခဲ့မယ်ဆိုယင်။ သမ္မာဝဒေယျ၊ ကောင်းစွာ တရားသဖြင့် ပြောဆိုရာ ရောက်ပါ၏လော၊

ဣတိ၊ ဤသို့။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်၊ ပါယာသိရာဇညံ၊ ဘိသိက်သွန်းခြင်း အ...င်းမရှိသည့်မင်း၊ ဖြစ်လာတဲ့ ပါယာသိမင်းကြီးကို၊ ဧတံဝစနံ၊ ဤဆိုခဲ့တဲ့စကားကို အပုစ္ဆိ၊ သိလိုရေးနဲ့ မေးမြန်းဘော်မူခဲ့ပါပေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

## မမြင်ရတိုင်းသာ မရှိဘူးဆိုယင်တော့

ပါယာသိမင်းကြီးအား၊ အရှင်ကုမာရကဿပမေးတဲ့ မေးခွန်း...ဘုန်းကြီးတို့ပရိသတ် နားလည်ကြပြီ။

ရူပါရုံအမျိုးမျိုးနဲ့ ရေ မြေ တော တောင် နက္ခတ်တာရာ ပင်လယ် သမုဒ္ဒရာတွေကို လူကန်းက သူမမြင်ဖူးဘူး၊ အဲဒါတွေကို မြင်ဖူးတဲ့ ပုဂ္ဂိုလ်လဲ မရှိဘူးလို့ သူဒီလိုပြောတယ်။ သူကိုယ်တိုင် မမြင်ရတာနဲ့ မရှိဘူးလို့လဲ ပြောတယ်, မြင်တဲ့ပုဂ္ဂိုလ်တောင်မှ မရှိဘူးလို့လဲ ငြင်းပြီး ပြောတယ်။ ဒီလို ပြောယင် သမ္မာနုဓာါ သော ရာဇည ဝဒမာနော ဝဒေယျာ—ဒါတရားနည်းလမ်းကျတဲ့ ပြောဆိုခြင်း ဖြစ်ပါ့မလားလို့ မေးလိုက်ပါတယ်။

ပါယာသိမင်းကြီးကလဲ တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေတဲ့ ပုဂ္ဂိုလ် တယောက်ဆိုတော့ ဒီစကားမျိုးကို ဒါဘုရားနည်းလမ်းကျတဲ့ စကားပါလို့ သူဆိုယင်၊ ဒါဉာဏ်မဲ့သူတို့ရဲ့ စကားဖြစ်တော့မှာပေါ့။ ဂုဏ်နေတဲ့ ပုဂ္ဂိုလ်တယောက်က မမြင်တာနဲ့ပဲ အဲဒီအကြောင်း၊ မမြင်ရတဲ့အတွက်ကြောင့် ကျန်တဲ့ ပုဂ္ဂိုလ်တွေအတွက် မရှိဘူးဆိုယင် ဒါဘယ်ရေးနည်းလမ်း ကျမလဲ။

မမြင်ရတိုင်းသာ မရှိဘူး ဆိုလို့ရှိယင် ဘုန်းကြီးတို့ပ...ပြော...—ရှင်ရှင်းတယ်လို့ဘော့ မတွက်လိုက်ကြပါနဲ့ ကိုယ့်အ...ဘွား...တောင်မှ စဉ်းစားစရာ ဖြစ်သွားတယ်။ ကိုယ့်အဘိုးအဘွားဘယ်လိုတုန်း, ကိုယ့်အဖေအမေဘယ်လိုတုန်း၊ စဉ်းစားစရာတွေအများကြီး ဖြစ်လာလိမ့်မယ်။ မမြင်ရတိုင်းမယုံဘူးဆိုယင် ကိုယ့်အမေနဲ့ ကိုယ့်အဖေဟောင်း ယုံဖို့ ခက်ကုန်တော့မှာ၊ အဘိုး၊အဘွားတွေလဲ ယုံဖို့ ခက်ကုန်ကြလိမ့်မယ်၊ ဟုတ်လား။

ပါယာသိမင်းကြီးကို အရှင်ကုမာရကဿပက ပိုင်ပိုင်နိုင်နိုင်ကိုင်...တော့ ဒကာတော် ပါယာသိမင်း မမြင်ရလို့ ထိုအရာဝတ္ထုများ မရှိ...

ဘူး၊ ထိုအရာငတ္တုတွေကို တွေ့မြင်ရသူတို့လဲ မရှိကြဘူးလို့ ဆိုခဲ့ယင်၊ အဲဒါတရားနည်းလမ်းကျတဲ့ စကားဖြစ်ပါမလားဆိုတော့၊ ပါယာသိမင်းကြီးကလဲ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တယောက်ပဲ၊ မတရားတဲ စကားကို တရားသော စကားလို့ သူဘယ်ပြောပါမလဲ။

နေ၁ ဟိဒံ ဘော ကဿပ၊

ဘောကဿပ၊ အို-အရှင်ကုမာရကဿပ။

ဣဒံ၊ ဤစကားသည်။ နေ၁၊ တရားသဖြင့်ပြောဆိုသောစကား မဟုတ်ပါဘုရား၊

ဒီစကားသည် တရားသဖြင့် ပြောဆိုသော စကားမျိုး မဖြစ်နိုင်ကြောင်းပါဘုရား။ ဘောကဿပ, ဘောကဿပနဲ့ချည်း သွားတယ် "ဘန္တေ"လို့ကို မလာသေးဘူး။

အရှိဘက်က ရပ်တည်ပြန်တဲ့ ပါယာသိမင်း

ဘောကဿပ၊ အို—အရှင်ကုမာရကဿပ။

အတ္ထိ ကဏှသုက္ကာနိ ရူပါနိ၊

ကဏှသုက္ကာနိ ရူပါနိ၊ အမဲအဖြူဆိုတဲ့ အဆင်းတို့လဲပဲ။ အတ္ထိ-သန္တိ၊ ရှိကြပါကုန်သည်ဘုရား။

အမဲ, အဖြူဆိုတာ ရှိတာပေါ့ဘုရား။

အတ္ထိ ကဏှသုက္ကာနံ ရူပါနံ ဒဿာဝီ၊

အတ္ထိ ကဏှသုက္ကာနံရူပါနံ၊ အဲဒီအမဲရောင်, အဖြူရောင်တို့ကို မြင်ဖူးတဲ့ ပုဂ္ဂိုလ်တို့ဆိုတာလဲ၊ အတ္ထိ-သန္တိ၊ ရှိကြပါကုန်သေးသည်ဘုရား။

အမဲရောင် အဖြူရောင်တို့ကို မြင်ဖူးတဲ့ ပုဂ္ဂိုလ်တို့ ဆိုတာလဲ ရှိကြပါသေးဘယ်ဘုရား။ သူကိုယ်တိုင်မြင်နေတာကိုး၊ ဟုတ်လား။

အတ္ထိ နီလကာနိ ရူပါနိ၊

အညိုရောင်ဆိုတာလဲ ရှိပါတယ်ဘုရား။

အတ္ထိ နီလကာနံ ရူပါနံ ဒဿာဝီ၊

အညိုရောင်ကို မြင်ဖူးတဲ့ ပုဂ္ဂိုလ်တို့ဆိုတာလဲ ရှိပါတယ်ဘုရား။

အတ္ထိ ပီတကာနိ ရူပါနိ၊ အတ္ထိ ပီတကာနံ ရူပါနံ ဒဿာဝီ၊

အဝါရောင်ဆိုတာလဲ ရှိပါတယ်၊ အဝါရောင်ကို မြင်ဖူးကြတဲ့ ပုဂ္ဂိုလ်တွေဆိုတာလဲ ရှိပါတယ်ဘုရား။

အတ္ထိ လောဟိတကာနိ ရူပါနိ၊ အတ္ထိ လောဟိတကာနံ ရူပါနံ ဒဿာဝီ

အနီရောင်ဆိုတာလဲ ရှိပါတယ်၊ အနီရောင်ကို မြင်ဖူးတဲ့ပုဂ္ဂိုလ် ဆိုတာလဲ ရှိပါတယ်ဘုရား၊

အတ္ထိ မဉ္ဇိဋ္ဌာနိ ရူပါနိ၊ အတ္ထိ မဉ္ဇိဋ္ဌကာနံ ဒဿာဝီ။

ပန်းရောင်ဆိုတာလဲရှိပါတယ်၊ အဲဒီပန်းရောင်ကို မြင်ဖူးတဲ့ ပုဂ္ဂိုလ် ဆိုတာလဲရှိပါတယ်ဘုရား။

အတ္ထိ သမဝိသမံ၊ အတ္ထိ သမဝိသမဿ ဒဿာဝီ။

ညီညွတ်သည် မညီညွတ်သည်ဆိုတာလဲ ရှိပါတယ်၊ ညီညွတ်တာ မညီညွတ်တာကို မြင်ဖူးတဲ့ ပုဂ္ဂိုလ်လဲရှိပါတယ်ဘုရား၊

အတ္ထိ တာရကာနိ ရူပါနိ အတ္ထိ တာရကာနံ ရူပါနံ ဒဿာဝီ။

ကြယ်တာရာတွေဆိုတာလဲ ရှိပါတယ်၊ အဲဒီကြယ်တွေ တာရာတွေကို မြင်ဖူးတဲ့ ပုဂ္ဂိုလ်လဲ ရှိပါတယ်ဘုရား၊

အတ္ထိ စန္ဒိမသူရိယာ၊ အတ္ထိ စန္ဒိမသူရိယာနံ ဒဿာဝီ၊

လနေ ဆိုတာလဲ ရှိပါတယ်၊ ထိုလနေကို မြင်ဖူးတဲ့ ပုဂ္ဂိုလ်ဆို တာလဲ ရှိပါတယ်ဘုရား။

အရှိတက်က သူပြောတယ်။ အရာဝတ္ထုတို့လဲရှိတယ်, ထိုအရာ ဝတ္ထုများကို မြင်ဖူးတဲ့ မြင်တဲ့ပုဂ္ဂိုလ်လဲ ရှိကြတယ်။

ဘောကဿပ၊ အိုး-အရှင်ကုမာရကဿပ။

တသ္မာ၊ ထို့ကြောင့်။ တံဝစနံ၊ ထိုမမြင်ဖူး, မမြင်တဲ့အတွက် ကြောင့် မရှိဘူး, မြင်ဖူးတဲ့ပုဂ္ဂိုလ်တွေလဲမရှိဘူးဆိုတဲ့ စကားကို။ ဝဒေဝ-

နော၊ ပြောဆိုတဲ့ပုဂ္ဂိုလ်သည်။ သမ္မာ၊ ကောင်းစွာ။ နဝဒေယျ၊ ပြောဆိုရာ မဒရောက်ပါဘုရား။

ဣတိ၊ ဤသို့။ ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်ကို။ ဇတံဝစနံ၊ ဤဆိုခဲ့တဲ့စကားကို။ အာဝေါစ၊ ရွေနားတော်ကြားအောင် လျှောက်ထားလိုက်ပါပေတော့သတည်း။

''သာဓု–သာဓု–သာဓုပါဘုရား''

**အကန်းကြီးနဲ့တူလိုက်တာ**

အရာဝတ္ထုများကို မမြင်ရလို့မရှိဘူး၊ ထိုအရာဝတ္ထုများကို တွေ့မြင်သူတို့လဲ မရှိဘူးလို့ ဆိုခဲ့ယင် အဲဒီဆိုတဲ့ပုဂ္ဂိုလ်ဟာ နသမ္မာဝဒမာနော ဝဒေယျ–မှန်ကန်စွာ ပြောဆိုခြင်း မဖြစ်နိုင်ပါဘုရား၊ ဟုတ်ရားသဖြင့် ပြောဆိုခြင်း မဖြစ်နိုင်ပါဘုရား၊ အကြောင်းယုတ္တိနဲ့ ပြောဆိုခြင်း မဖြစ်နိုင်ပါဘုရား၊ မမြင်ရသာနဲ့ မရှိစတမ်းဆိုတဲ့စကားဟာ ကောင်းသောစကားမျိုး မဟုတ်ပါဘူး၊ မကောင်းသဖြင့် ဆိုခြင်းပင် ဖြစ်ပါတယ်ဘုရား။ ဒီလိုဆိုလိုက်တော့–

ရာဇည၊ ပါယာသိမင်း။ တွံ၊ သင်သည်။ ဧဝံ၊ ဤသို့။ ဝဒေသိ အပိနု၊ ဆိုခဲ့သည် မဟုတ်လော။–

အဟာမေတံ နဇာနာမိ၊

အဟာမေတံ နပဿာမိ၊

တသ္မာ တံ နတ္ထိ'' တိ။

ဘုရားတပည့်တော် နတ်ပြည်ကိုလဲ မမြင်ဖူးပါ၊ ဗြဟ္မာပြည်ကိုလဲ မမြင်ဖူးပါ၊ ငရဲကိုလဲ မမြင်ဖူးပါ။ တသ္မာတံနတ္ထိ–မမြင်ဖူးလို့ အဲဒါတွေ မရှိဘူးလို့ သင်ဆိုခဲ့သည်မဟုတ်လော။ အရှင်ကုမာရကဿပက ပြန်ကိုင်လိုက်တယ်။

ငရဲဘုံ၊ နတ်တွေကို သင်မြင်လဲမမြင်ဖူး၊ မမြင်တဲ့အတွက်ကြောင့် မရှိဘူးလို့ သင်ဆိုခဲ့တယ်မဟုတ်လား။ မှန်ပါတယ် တပည့်တော် ဆိုခဲ့ပါတယ်။ မမြင်ရတဲ့အတွက်ကြောင့် မယုံဘူး၊ အရှင်ကုမာရကဿပရဲ့စကား

တွေကိုလဲ မယုံဘူးလို့ သင်ပြောခဲ့တယ် မဟုတ်လား။ ပြောခဲ့ပါတယ် ဘုရား။

သေယျထာပိ ရာဇည
ဇစ္စန္ဓောပုရိသော ... မညေ ... ပဿာမိ ... ဝဏ္ဏာနိ ... ဝဒေယျ ...

ဟဲ ပါယာသိမင်း-သင် ထိုဝိလို ပြောသမျှ စကားတွေဟာ အကန်းပြောပြောနေတာ ဖြစ်မှာပေါ့၊ ဇစ္စန္ဓောပုရိသောမညေ သင်ဟာ အကန်းကြီးနဲ့တူတယ်တဲ့၊ အကန်းပြောနေသလို ပြောနေတာ။

ဤတိ၊ ဤသို့၊ အယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပ မထေရ်သည်။ ပါယာသိရာဇညာ၊ ပါယာသိမင်းကြီးကို၊ အန္ဓသမဝစနံ၊ အကန်းနဲ့ တူလှချည်ရဲ့ဆိုတဲ့စကားကို။ အဝေါစ၊ ကောင်းစွာမသေ့ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

"သာဓု သာဓု - သာဓုပါဘုရား"

ဒကာတော်မင်းကြီးဟာ မမြင်ရလို့မရှိဘူး၊ ကိုယ်မမြင်ရတာနဲ့ မရှိဘူး။ အဲဒီလောကကို၊ ပရလောကကို မြင်ဖူးတဲ့ပုဂ္ဂိုလ်တွေလဲ ရှိတယ်လို့ ဒကာတော်မင်းကြီး မပြောတာဟာ အကန်းပြောပဲ၊ ဒကာတော်မင်းကြီးဟာ သူကန်းနဲ့တူတယ်လို့ ဆိုလိုက်ချေ၊ ပါယာသိမင်းကြီးဟာ ငုံ့ပြီး တော့ ငြိမ်နေတယ်။ ပြန်တွန်းလှန်ဖို့ သူစဉ်းစားနေတယ်။ ပြန်တွန်းလှန်ဖို့ စဉ်းစားနေစဉ်မှာပဲ အရှင်ကုမာရကဿပက စကားဆက်ပါတယ်။

### အန္ဓ–အကန်းဆိုတာ

န ခေါ ရာဇည ဧဝံ ပရော လောကော ဒဋ္ဌဗ္ဗော၊
ယထာ တွံ မညသိ ဣမိနာ မံသစက္ခုနာ။

ဒကာတော်ပါယာသိမင်း-သင်သည် ပရလောကကို မံသစက္ခုနဲ့ မြင်ရမှယုံမယ်လို့ ပြောပြောပြီးတော့ လာခဲ့တယ်၊ ပရလောကဆိုတာကို မံသစက္ခုနဲ့ မြင်နိုင်တဲ့အရာမျိုး မဟုတ်ဘူး။

မံသစက္ခုဆိုတာဟာ ဘုန်းကြီးတို့ပရိသတ်မှာ ပကတိရှိသားတဲ့ ဟောဒီမျက်လုံးဟာ မံသစက္ခုပဲ။ ပကတိရရှိထားတဲ့ ပသာဒရုပ်နဲ့ကြည့်ရ တဲ့ မျက်လုံး၊ ပသာဒရုပ်အပေါ်မှာ စက္ခုဝိညာဉ်မှီပြီးတော့ဖြစ်၊ ပသာဒ ရုပ်နဲ့ စက္ခုဝိညာဉ်တို့ဖြင့် မြင်ရတာ၊ အဲဒါကိုပဲ မံသစက္ခုနဲ့ မြင်တယ်လို့

ပြောတယ်။ ပသာဒရုပ်မရှိဘူးဆိုယင် စက္ခုဝိညာဉ်က မှီစရာမရှိလို့ မမြင်တော့ဘူးပေါ့။

ယခုနက အန္ဓဆိုတာ ဘာပျက်နေတာလဲလို့မေးယင် ပသာဒရုပ်ပျက်နေတာ။ ဘယ်ပသာဒရုပ်တုန်းဆိုတော့ ပသာဒ ၆–ပါးရှိတဲ့ အထဲက စက္ခုပသာဒပျက်တာ၊ အဲဒီပသာဒကိုပဲ မံသစက္ခုလို့ ခေါ်တယ်။ မျက်နက်ဝန်းရဲ့ အလယ်တည့်တည့် သန်းဦးခေါင်းပမာဏရှိတဲ့ နေရာကလေးမှာ ဓာတ်လေးပါးကို အခြေခံပြီးတော့ မှီနေတဲ့ ပသာဒရုပ်ဆိုတာ ရှိတယ်။

သန်းရဲ့ဦးခေါင်းဆိုတာ သေးသေးကလေးနော်၊ ဥဏ္ဏာသီရ သမ္ပမံလို့ ဘုန်းကြီးတို့ ပါဠိတော်မှာ ပြောတယ်။ သန်းဦးခေါင်းလောက်ရှိတဲ့နေရာလေးမှာ ဓာတ်လေးပါးစု၊ မျက်နက်ဝန်းရဲ့အလယ် သန်းဦးခေါင်းလောက်ရှိတဲ့ နေရာကလေးမှာ ဓာတ်လေးပါး၊ အဲဒီဓာတ်လေးပါးမှာ မှီနေတဲ့ ပသာဒရုပ်၊ ထိုပသာဒရုပ်အပေါ်မှာမှ မြင်သိစိတ်က မှီပြီးတော့ မြင်လိုက်တာ။ ဒီပသာဒရုပ် ပျက်ပြီဆိုယင် ခုနကမြင်သိစိတ်ကလေး မှီစရာမရဘူး၊ အဲဒီအခါ အန္ဓ–အကန်းလို့ ခေါ်တယ်။

ဒကာတော်ပါယာသိမင်း–နောက်လောက၊ နောက်ဘဝဆိုတာကို အဲဒီလိုပသာဒစက္ခုနဲ့ ကြည့်လို့ရတာမျိုး မဟုတ်ဘူး။ သင်သည် ပရလောကကို မြင်ချင်တယ်။ တမလွန်လောက နောက်ဘဝကို မြင်ချင်တယ်၊ ငရဲပြည်ကိုမြင်ချင်တယ်၊ နတ်ပြည်ကိုမြင်ချင်တယ်၊ ဗြဟ္မာပြည်ကို မြင်ချင်တယ်ဆိုပြီး ပသာဒစက္ခုနဲ့ ကြည့်နေမယ်ဆိုယင်တော့ ဒီတသက် ဒကာတော်မင်းကြီး ဘယ်တော့မှ မြင်လိမ့်မယ်လို့ မမှတ်နဲ့၊ ပသာဒစက္ခုနဲ့တော့ မြင်နိုင်တာမျိုး မဟုတ်ဘူး။

သူတို့ကိုယ်တိုင်က မြင်စေသတည်းလို့ ကိုယ်ထင်ရှား လာပြယင် မြင်နိုင်တာ မရှိဘူးလားလို့ မေးယင် ရှိတယ်။ အပ္ပကပါပဲတဲ့၊ အနည်းငယ်မျှကလေးရယ် စကားထဲထည့်ပြီးတော့ မဆိုလောက်ပါဘူး။ ကိုယ်က မြင်ချင်တယ်ဆိုပြီး မျက်လုံး ပြူးကြည့်လို့တော့ မမြင်ရဘူး၊ သူတို့က လာပြမှ မြင်ရတာ။

## နတ်ကို လူသားတို့ မမြင်ရတဲ့အကြောင်း

နတ်များ မြဘ်စွာဘုရားထံမှောက် တရားနာလာကြတော့ မတ်တတ်ရပ်ရပ်နေကြတယ်ဆိုတာကို ခဏခဏ ကြားဖူးကြတယ်။ အဲဒီလို မတ်တတ်

ရပ်ထော့ နတ်တို့ရဲ့ခန္ဓာကိုယ်က ဩဠာရိကရုပ်ကို ပန်ဆင်းပြီးဘော့ ရပ်ရထယ်၊ ကြမ်းတမ်းတဲ့ ရုပ်ခန္ဓာကြီးကို ပန်ဆင်းပြီးဘော့မှ ရပ်ရတယ်၊ သိမ်မွေ့နူးညံ့တဲ့ ပကတိနတ်ကိုယ်ရဲ့ ပကတိအတိုင်း ဇီမြေကြီးပေါ်မှာ လာရပ်မယ်ဆိုယင်တဲ့ ... ကြီးတို့ မြို့ ... မြေကြီးထဲကို ဆီတွေ လောင်းလိုက်သလိုပဲ မြေကြီးထဲကို ... လောင်းလိုက်တော့ ဆီတွေဟာ သဲတွေရဲ့ အကြား ... စိမ့်ဝင်သွားလို့ ချက်ချင်း ပျောက်သွားဘယ်။

နတ်တို့ရဲ့ ပကတိ ... ဟာ နူးညံ့ ... ဇီမြေကြီးပေါ် မတ်တတ်ရပ်ယင် မြေကြီးထဲကို ... ဝင်သွားမှာပဲ ... တဲ့။ အဲဒီလောက် နူးညံ့တဲ့ ... ရုပ်ကို ရထားတဲ့ နတ်တို့ရဲ့ ခန္ဓာကိုယ်ကို အလွန် ကြမ်းတမ်းတဲ့ ... ဩဠာရိကရုပ် ပိုင်ရှင်ဖြစ်တဲ့ လူသားတွေဟာ မမြင်ကြဘူး။ နူးညံ့သိမ်မွေ့တဲ့ သုခုမရုပ်ဖြင့် တည်ဆောက်တဲ့နတ်တို့၏ ခန္ဓာကို ဩဠာရိကရုပ်ပေါ်မှာ ... နေတဲ့ စက္ခုပသာဒသည် မြင်နိုင်စွမ်း မရှိတော့ဘူး၊ ဟုတ်လား။

နတ်တို့ရဲ့ ခန္ဓာကိုယ် ... ဘာကြောင့် မမြင်ရတုန်းဆိုယင် အဲဒီ သဘောကို အခြေခံပြီးတော့ ... ဘာ၊ အဲဒါသည်ပင်လျှင် ... ကြောင့် ဖြစ်တဲ့ တန်ခိုးပဲ၊ နတ်တို့ရဲ့ ... ကာယ နူးညံ့လှမှုရဲ့ ဆိုတာ ကံကြောင့်၊ အဲဒီလို နူးညံ့တဲ့ အတွက်ကြောင့် လူတွေ မမြင်ရတာဟာ ကမ္မဇရုပ် ဒါကံကြောင့် ဖြစ်တဲ့တန်ခိုးလို့ ဒီလိုပဲ ပြောမယ်။

လူတွေ မြင်စေသတဲ့ဆိုတဲ့ အခါကျတော့ ကြမ်းတမ်းတဲ့ ရုပ်ကြီး ပန်ဆင်းပြမှ မြင်ရတာ၊ နူးညံ့တဲ့ပုံအတိုင်း မြင်ရမယ် ဆိုယင်တော့ အဲဒါ ရုပါရုံမြင်ရယင်လဲ ရူပကုန်ကြမှာပဲ၊ သဒ္ဒါရုံကို ကြားရလို့ရှိယင်လဲ ရူးကုန်ကြမှာပဲ၊ ဖောဋ္ဌဗ္ဗာရုံ ထိတွေ့ယင်လဲ အဲဒါ မေ့ကုန်ကြမှာပဲ။

ဣသိသိဂ် ... ပြောဖူးသားပဲ၊ ဣသိသိဂ် ... တရားနှလုံး ကျင့်သုံးတယ်။ နတ်သမီးလေးက ... ပြီးတော့ ကိုင်လိုက်တာ ရသေ့လေး သုံးနှစ် မေ့သွားတယ်ဆိုပဲ၊ ဖောဋ္ဌဗ္ဗအာရုံတဲ့ နတ်တို့ရဲ့ ရူပကာယ နူးညံ့လှန်းလို့ ဟုတ်လား။ ဒါကြောင့် ဒါလောက် နူးညံ့တဲ့ သုခုမရုပ်ကို လူသားတွေ မြင်အောင်မပြတာဟာ ဘာကြောင့် တုန်း၊ဆိုတဲ့အဖြေက အဲဒါပဲ။

ဒီတော့—ဆိုလိုတဲ့ အဓိပ္ပာယ်က သုခုမရုပ်နဲ့သာ ဆိုလို့ရှိယင် မမြင်ရဘူး၊ လူ့ပြည်ဆင်းလာလို့ရှိယင် ဘုရားရှေ့မှာ တရားနာချင်လို့လဲ ဩဠာ

ရိက ရုပ်ကြမ်းကို ဖန်ဆင်ပြီးတော့ နေကြရကယ်၊ ရုပ်ကြမ်းကြီး ဆိုတော့ မြေကြီးထဲ စိမ့်ဝင်မသွားတော့ဘူးပေါ့၊ ဟုတ်လား။ အေး–ရုပ်က နုပြီဆိုတော့ သဲထဲ ဆီတွေလောင်းလိုက်သလို စိမ့်ဝင်သွားတယ်၊ ရုပ်ကြမ်းကြီးနဲ့ ကြာကြာမနေချင်လို့လဲ ဘုရားရှေ့မှာ မတ်တတ် သူတို့ ရပ်ကြတာ၊ ဒီသဘောပဲ။ ဒါကြောင့်–

ရာဇည၊ ပါယာသိမင်း။ တွံ၊ သင်သည်။ တံဒေဝကာယံ၊ နတ်တို့ရဲ့ အပေါင်းကို။ တံဗြဟ္မကာယံ၊ ထိုဗြဟ္မာတို့ရဲ့ အပေါင်းကို။ တံနိရယကာယံ၊ ထိုငရဲသူ ငရဲသားတို့ရဲ့ အစုအပေါင်းတွေကို။ မံသစက္ခုနာ၊ မံသစက္ခုနဲ့သာဖြင့်ယင်။ ပဿိတုံ၊ ရှုမြင်ဖို့ရန်။ နသက္ကောသိ၊ ဘယ်တော့မှ တတ်နိုင်လိမ့်မယ်လို့ မမှတ်ပါနဲ့။

## ပသာဒစက္ခုနဲ့မမြင်နိုင်ယင် မြင်နိုင်တဲ့စက္ခုက ဘာလဲ

သင်သည် ပသာဒစက္ခုနဲ့ ဟောဒီမှာ အရာဝတ္ထုတွေကို မြင်နေရသလို ပရလောကကိုလဲ မြင်ရလိမ့်မယ်လို့ စိတ်ကူးတယ်။ ပရလောက–နောက်ဘဝ, နတ်လောက, ဗြဟ္မာလောက, ငရဲလောကဆိုတာကို ပသာဒစက္ခုမျိုးနဲ့ မြင်နိုင်တာ မဟုတ်ဘူး။

ဣတိ၊ ဤသို့။ ကာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ပါယာသိရာဇညံတေဒဝေါစ၊ ပါယာသိမင်းကြီးကို ဒီစကား ပြောခဲ့ပါတယ်။

ပသာဒစက္ခုနဲ့ မမြင်နိုင်ဘူး၊ မံသစက္ခုနဲ့ မမြင်နိုင်ဘူးလို့ ပါယာသိမင်းတရားအား ပြောလိုက်တတ်၊ ပါယာသိမင်းက မေးတော့မမေးဘူး၊ ဒါပေမယ့် အမေးလေးထည့်ပေါ့၊ အရှင်ဘုရား–ပသာဒစက္ခု သို့မဟုတ် မံသစက္ခုနဲ့ ဟောဒီဘဝမလွန်ခဲ့လား နောက်ဘဝ, နတ်လောက, ဗြဟ္မာလောကကို မမြင်ကြရဘူးဆိုယင် ဘယ်စက္ခုနဲ့ မြင်ကြရမှာတုန်းဘုရားလို့ မေးပေါ့။ မံသစက္ခုနဲ့ မမြင်နိုင်ယင် ဘယ်စက္ခုနဲ့ တပည့်တော်တို့ မြင်ကြရမှာပါလဲဘုရား။ ဒီအခါမှာ အရှင်ကုမာရကဿပမထေရ်သူမြတ်က–

ယေ ခေါ တေ ရာဇည သမဏဗြဟ္မဏာ
အရညဝနပတ္ထာနိ ပန္တာနိ သေနာသနာနိ ပဋိသေဝန္တိ၊

ရာဇည၊ ပါယာသိမင်း။ ယေ၊ အချို့ကုန်သော။ ယေတေ သမဏဗြာဟ္မဏာ၊ သမဏဗြာဟ္မဏခေါ်ဆို အကြွင် ပုဂ္ဂိုလ်သူမွန်တို့သည်။

အရညဝနပတ္ထာနိ၊ တောနက် တောအောင်း တောကျောင်းတို့ကို၊ ပဋိသေဝန္တိ၊ မှီ၍နေကြကုန်၏၊ ပန္တာနိ၊ လူသူမနီးသော တောပြင်ကြီး လို့ ဆိုရကုန်သော၊ သေနာသနာနိ၊ ကျောင်းအိပ်ရာ နေရာတို့ကို၊ ပဋိ သေဝန္တိ၊ မှီခို၍ နေကြကုန်၏၊

တချို့တချို့ သမဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်တွေ, တချို့တချို့ ပြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်တို့သည် တောနက် တောအောင်း တော ကျောင်းကို မှီပြီးတော့ နေကြတယ်၊ လူမနီးတဲ့တောကြီးမှာ သူတို့ ကျောင်းဆောက်ပြီးတော့ နေကြတယ်၊

တေ တတ္ထ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ
ဝိဟရန္တာ ဒိဗ္ဗစက္ခုံ ဝိသောဓေန္တိ၊

တေ၊ ထိုတောနက် တောအောင်း တောကျောင်းကို မှီ၍ နေကြ ကုန်သော သမဏပြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်တို့သည်။ တတ္ထ၊ ထို လူသူမနီး တောနက်ကြီး တောပြင်ကြီး တောကျောင်းကြီးမှဲ့ အတွင်းမှာ။

ဒိဗ္ဗစက္ခုံဝိသောဓေန္တိ၊ ဒိဗ္ဗစက္ခုကို ရအောင်အားထုတ်တော်မူကြ ပါတယ်။

ပသာဒစက္ခု,မံသစက္ခုကိုတော့ "က"ကို ပေးခဲ့လို့ အားထုတ်စရာ မလိုဘူး၊ သို့သော်လည်းပဲ အဲဒီပသာဒစက္ခုလေး ကောင်းကောင်းရအောင် "က"ကိုတော့ အားထုတ်ခဲ့ရသေးတယ်၊ မျက်လုံးလေးသုံ့ မျက်လုံးလေး ကြည့်ဖို့ကုသိုလ်ကံတဲ့ဟာတော့ အားထုတ်ခဲ့ရတယ်။ မျက်စိကြည်ကြောင်း, မျက်စိလှကြောင်း, မျက်စိလေးကောင်းစွာမြင်ကြောင်း, မကန်းကြောင်း ကောင်းမှုဆိုတာက တော့ ရှိကြရမှာပဲ၊ ဒီကံကိုတော့ အားထုတ်ထားခဲ့ရတယ်။ သို့သော် ဒီဘဝ မှာ ထိုပသာဒစက္ခုအတွက် ယိုပုဂ္ဂိုလ်တွေ ဘာထဲအားထုတ်ကြစရာ မဟုတ်ပါဘူး၊ ဘာအတွက် အားထုတ်ကြတာသဲဆိုယင်—

ဒိဗ္ဗစက္ခုအဘိညာဉ်ရဖို့ရန်

ဒိဗ္ဗစက္ခုံ ဝိသောဓေန္တိ-တဲ့

ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုကို။ ဝိသောဓေန္တိ၊ သုတ်သင်တော်မူကြလေ ကုန်၏။

ဒိဗ္ဗစက္ခုကို သန့်သန့်ရှင်းရှင်းရအောင် အားထုတ်တော်မူကြပါ တယ်။ ဘယ်လိုအားထုတ်တော်မူကြတုန်း--

အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ၊

အပ္ပမတ္တာ၊ မမေ့မလျော့ မပေါ့မတန် ထက်သန်သောသတိတရား လက်ကိုင်ထားကြကုန်လျက်။ အာတာပိနော၊ ပြင်းထန်တဲ့လုံ့လခေတ်, ဝီရိယစေတ်, အာတပစေတ် ရှိကြကုန်သည်ဖြစ်၍။

ပဟိတတ္တာ ဆိုတဲ့အပိုဒ်ကို ဒီနေရာမှာ—

ပဟိတတ္တာ၊ ဒိဗ္ဗစက္ခုအတွက် လွှတ်ထားသော စိတ်စေတ်ရှိကုန်ကြသည်ဖြစ်၍။

ဝိပဿနာအားထုတ်ခန်းကျတော့-

ပဟိတတ္တာ၊ နိဗ္ဗာန်ကို စေလွှတ်သောစိတ်စေတ်ရှိကြကုန်သည်ဖြစ်၍။(ဝါ) ပဟိတတ္တာ၊ ခန္ဓာကိုယ်ထဲသို့စေလွှတ်သော စိတ်စေတ်ရှိကြကုန်သည်ဖြစ်၍။

ဒီမှာတော့ ဒိဗ္ဗစက္ခုအတွက် အားထုတ်နေတာဖြစ်ခြင်းကြောင့်—

ပဟိတတ္တာ၊ ဒိဗ္ဗစက္ခုဆိုတဲ့ ပန်းတိုင်ကိုရည်မှန်းသော စိတ်စေတ်ရှိကြကုန်သည်ဖြစ်၍။(ဝါ) ပဟိတတ္တာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရဲ့ အခြေခံဖြစ်သော ပထဝီကသိုဏ်းပညတ်စသော အာရုံကိုလွှတ်ထားသော စိတ်စေတ် ရှိကြကုန်သည်ဖြစ်၍။ ဝိဟရန္တာ၊ ကျင့်ကြံကြိုးကုတ် အားထုတ်၍ နေကြကုန်သည်ဖြစ်၍။

သမဏခေါ်ဆိုပုဂ္ဂိုလ်သူမြတ်များ ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်များတောထဲသွားပြီးတော့ တောကျောင်းဆောက်တည် တောရဆောက်တည်၊ အရညကေဓူတင် ဆောက်တည်ပြီးတော့ ဒိဗ္ဗစက္ခုအဘိညာဉ် ရဖို့ရန်ဟောဒီမှာ ပြင်းပြင်းထန်ထန် သတိဝီရိယနဲ့ ထက်ထက်သန်သန် အားထုတ်တော်မူနေကြပါတယ်။ တောထဲသွားပြီး ပထဝီကသိုဏ်းအစရှိသည်ကို စီးဖြန်း၊ တိတ်ဆိတ်ရာမှာ သမထကမ္မဋ္ဌာန်း စီးဖြန်းတော့ ထိုသမဏဗြာဟ္မဏခေါ်ဆို ထိုပုဂ္ဂိုလ်သူမြတ်တို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရကြပြီလို့ ဆိုကြပါစို့။

တေ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန-

တေ၊ ထိုသမဏဗြာဟ္မဏခေါ်ဆို ဒိဗ္ဗစက္ခုအဘိညာဉ် ရတော်မူကြတဲ့ အရှင်မြတ်တို့သည်၊ အတိက္ကန္တမာနုသကေန၊ ပကတိလူရဲ့ ပသာဒ

စက္ခု မံသစက္ခုကို ကျော်လွန်၍ မြင်ခြင်းငှာစွမ်းနိုင်သေးသော။ ဝိဇ္ဇူ၊ နတ်တို့ရဲ့ အာနုဘော်ကြောင့်ဖြစ်သော။ (ဝါ) ဟောဒီမှာ သ... ကျ... ရဲ့တန်ခိုးကြောင့်ဖြစ်လာသော။ (ဝါ) ဝိဇ္ဇူ၊ နတ်မြည်မှ... မျက်စိနဲ့ အလားတူသော။ (ဝါ) ဒိဗ္ဗ၊ နတ်တို့... အာနုဘော်နဲ့ တူလျော်သော။ ပိသုဒ္ဓ၊ သန့်ရှင်း...

ဘာသာ သန့်ရှင်းသလဲဆိုတော့ နိဝရဏတွေ ... နိဝရဏ သန့်ရှင်းဆိုတာ ခုနက ပြောထားခဲ့တဲ့ သ... သတိ ဝီရိယနဲ့ ဒိဋ္ဌိကို ဖယ်ထားတဲ့ အတွက်ကြောင့် ... ဆိုတဲ့ မြေကြီးဝိုင်းကလေး အပေါ်မှာ စိတ်ကို ... ပြီး ဝီရိယဆိုတဲ့ကြိမ်ကလေးနဲ့ တချပ်ချပ်ရိုက်ပေးသော၊ ... မျောက်ကလေးဟာ တပြည်းပြည်း အဲဒီမြေကြီးအဝိုင်းကလေးပေါ် ... ရောက်ပြီးတော့လာတယ်။

## တောမျောက်နဲ့တူတဲ့စိတ်

ဝီရိယဆိုတဲ့ကြိမ်ကလေးနဲ့ နာနာရိုက်ပါများ၊ သတိ... ကြိုး... မပြတ်ဘူး၊ ပထဝီကသိုဏ်း မြေကြီးဝိုင်းဆိုတဲ့ ဒီသမထ... ချည်တိုင်ကလဲ မကျွတ်ဘူး၊ ရှင်းရှင်းပြောယင် တိုင်လဲမပျော့ဘူး၊ ကြိုး... မပြတ်ဘူး။

> တိုင်ဆိုတာ ကမ္မဋ္ဌာန်းအာရုံ၊
> ကြိုးဆိုတာ အသိတရား၊
> ကြိမ်ဆိုတာ ဝီရိယတရား၊
> မျောက်ဆိုတာက စိတ်၊

အဲဒီမျောက်ဟာ တောထဲနေတာ၊ တောထဲမှာ တပင်... သို့ ခုန်နေတာ ဘယ်သစ်ပင်မှာမှ ဒီမျောက်သည် ငြိမ်ငြိမ်မနေဘူး။ ... မှ တခြင်သို့ အစဉ်သဖြင့် ခုန်နေတဲ့ မျောက်ကို မျောက်ဆရာက ဖမ်း... ကြိုးနဲ့ချည်, တိုင်ငုတ်ကလေးဘာခု ခိုင်ခိုင်စိုက်, တိုင်မှာ ချည်ထားပေ... ငြိမ်ငြိမ်မနေဘူး ရုန်းတယ်တဲ့။

ကြိုးပြတ်ယင်တော့ အဲဒီမျောက် တောထဲပဲသွားမှာ၊ တိုင်ကျွတ်... ယင်လဲ တောထဲပဲ ပြန်မှာ။ ကြိုးလဲ မပြတ်စေနဲ့၊ တိုင်လဲ မကျွတ်စေနဲ့၊ မျောက်ဆရာက ဘေးနားကနေထိုင်စောင့် ကြိမ်တလုံးတော့ ကိုင်က...

ခပ်နာနာလေးရိုက်ပေး။ ရှုန်းယင်း ခုန်ယင်း, ရှုန်းယင်း ခုန်ယင်းနဲ့ ကြိုးနဲ့ တိုင်နဲ့ ရစ်ပတ်သွားတော့ ကြိုးကလေး တိုသွားတယ်၊ အဲဒီအခါ ဒီမျောက်ကလေး မရှုန်းနိုင်တော့ဘူး၊ ကြိမ်နဲ့လဲ ရိုက်ထားတော့ မောပြီးတော့ တိုင်ခြေရင်းမှာ အိပ်သွားတယ်၊ ဟုတ်လား။

စိတ်ဆိုးသော တောမျောက်ကို အာရုံငါးပါးဆိုသော တောထဲက ဆွဲထုတ်, သတိဆိုသော ကြိုးနဲ့ချည်, ပထဝီကသိုဏ်းဆိုသော ချည်တိုင်မှာ မြဲမြဲတုပ်၊ မျောက်ဆရာလို့ ဆိုရတဲ့ ယောဂီက ဝီရိယဆိုသော ကြိမ်လုံး နာနာကိုင်ပြီးဘော့ တဖျပ်ဖျပ်ရိုက်ပေး၊ တိုင်မကျွတ်စေနဲ့။ မြေကြီးဝိုင်း ကြီး ပျောက်မသွားစေနဲ့၊ ကြိုးမပြတ်စေနဲ့၊ သတိမလွှတ်စေနဲ့။ ဝီရိယ မလျော့စေနဲ့ ကြိမ်နဲ့နာနာရိုက်။ စတာဘော့ ဝီရိယ,သတိ, ဒီနှစ်လုံးနဲ့ စတာ။ တရားအားထုတ်တာ ဘယ်က စသလဲဆိုယင် ဝီရိယနဲ့ သတိက စတာ။

မျောက်ကလေးဟာ မောပြီးတော့ တိုင်ခြေရင်းမှာခွေပြီး အိပ် သွားသလိုပဲ အာရုံငါးပါးဆိုတဲ့ တောကြီးထဲ ကျက်စားနေတဲ့ ဒီစိတ်ဟာ မြေကြီး ဝိုင်းလေးပေါ်ကနေ ဘယ်မှ မပြေးတော့ဘူး၊ ငြိမ်ပြီးတော့ ဟောဒီ ကျောက်ပြင်လောက်, စကောလောက်ရှိတဲ့ မြေဝိုင်းကလေးပေါ် မှာ ငြိမ်ဝပ်လာပြီဆိုယင် မျောက်ကလေး အိပ်သလိုပဲ သမာဓိ ရလာပြီ၊ အဲဒီသမာဓိ မပျက်စေနဲ့။

## ဒိဗ္ဗစက္ခုစွမ်းရည်

ကျွမ်းကျင်လိမ္မာသော ကျောက်သွေး သမားသည် သူ့လက်ထဲ ရောက်လာတဲ့ ပတ္တမြားကို ဟိုဘက်က လှည့်ပွတ် ဒီဘက်က လှည့်ပွတ် ကြိမ်ဖန်များစွာ ပွတ်ယင်း ပွတ်ယင်းနဲ့ အရောင်တလက်လက် ထွက်လာတဲ့ အခါကျတော့ အဲဒီပတ္တမြားကျောက်လေးကို လက်ဝါးပေါ် တင်ကြည့် လိုက်တဲ့အခါ ဒီဘက်မျက်နှာကနေ ဟိုဘက်မျက်နှာ ဖောက်ပြီးတော့ မြင်ရတယ်။ ဝဲဘက်ကကြည့်ယင် ယာဘက်ဖောက်မြင်ရတယ်၊ ယာဘက် က ကြည့်ယင် ဝဲဘက်ဖောက်မြင်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပွတ်ပါ များလို့ ချေးညှော်ကင်းပြီး အနာအဆာကင်းပြီး အရောင်တွေ ထွက် လာတယ်။

ဗီအတိုင်းပဲတဲ့ ကျမ်းကျင် လိမ္မာလှစွာသော ယောဂီ ပုဂ္ဂိုလ်လဲ ဝီရိယနဲ့ သတိနဲ့ ဒီစိတ်ကို ကပ်တလဲလဲ ပွတ်ပါများတော့ နိဝရဏ ချေး ညှော်တွေစင်ပြီး ဖိတ်ဖိတ် ဖိတ်ဖိတ်နဲ့ အရောင်တွေ ထွက်လာတဲ့ စိတ်ဟာ ကြည့်ချင်ရာကြည့်လိုက် ဒိုင်းကနဲ မြင်တယ်။

ဝိသုဒ္ဓေန၊ သန့်ရှင်းစင်ကြယ်လှစွာသော၊ အတိက္ကန္တမာနုသကေန၊ အဲဒီစိတ်ဓာတ်မျိုးသည် ပကတိမျက်စိရဲ့ မြင်စွမ်းနိုင်တဲ့အားကို ကျော်လွန်ခဲ့ပြီ။

ပကတိမျက်စိ မြင်စွမ်းနိုင်တဲ့ စွမ်းအားကို ဒီစိတ်ဓာတ်က ကျော်လွန်၍ မြင်စွမ်းနိုင်ပြီ၊ ဟုတ်ပလား။

အတိက္ကန္တမာနုသကေန၊ လူတို့ရဲ့ ထုံးစံအတိုင်း မြင်နေကျအမြင်ကို ကျော်၍မြင်ခြင်းငှာ စွမ်းနိုင်သော၊ ဝိသုဒ္ဓေန၊ နိဝရဏ အညစ်တကြေးတွေမှ သန့်ရှင်းပြီးတော့ တဖွေးဖွေးတလက်လက် အရောင်ဟွက်၍ နေပေထသော။ ဒိဗ္ဗေနစက္ခုနာ၊ နတ်တို့ရဲ့ မျက်စိနဲ့တူလှစွာသော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။

ဒိဗ္ဗစက္ခုအဘိညာဉ်—တဲ့၊ ပသာဒစက္ခု၊ မံသစက္ခုကို ကျော်လွန်ပြီးတော့သူ့ တဲ့ ဒိဗ္ဗစက္ခုဖြင့် -

တော၊ ထိုသဏဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ် သူမြတ်တို့သည်၊ ဣမဉ္စေဝ လောကံ၊ ဤလောကကြီး ရှိရှိသမျှကိုလဲ၊ ပဿန္တိ၊ တွေ့မြင်တော်မူကြ ပေကုန်၏၊ ပရဉ္စလောကံ၊ တမလွန်လောက နောက်ဘဝကိုလဲ။ ပဿန္တိ၊ တွေ့မြင်တော်မူကြပေကုန်၏။ သတ္တေစ၊ သတ္တဝါ မှန်သမျှကိုလဲ (ဝါ) ယုတ်စွအဆုံး မိမိတို့ခန္ဓာ တကိုယ်လုံးမှာ ဝင်ရောက်နေကြတဲ့ ပိုးမျိုးရှစ်ဆယ် ဆိုတဲ့သတ္တဝါတို့ကိုလဲပဲ၊ ပဿန္တိ၊ တွေ့မြင်တော်မူကြပေကုန်၏။ ဩပပါတိကေ၊ ကိုယ်အထင်အရှား ဖြစ်ကြတဲ့ ငရဲ နတ်ပြိတ္တာ ဥပပါတ် သတ္တဝါတွေကိုလဲ၊ ပဿန္တိ၊ ဒိဗ္ဗစက္ခုနဲ့ကြည့်ယင် တွေ့မြင်နိုင်ကြပေကုန်၏။

ဩပပါတိကသတ္တဝါတွေ၊ မိမိတို့ ခန္ဓာကိုယ်ထဲက ပိုးတွေကို ဒိဗ္ဗစက္ခုနဲ့ကြည့်ယင် မြင်နိုင်သတဲ့။ ဒိဗ္ဗသောတ ရဦးမယ်ဆိုယင် အဲဒီ ကိုယ်ထဲက နေတဲ့ပိုးလေးတွေ အော်နေတဲ့အသံ စကားပြောတဲ့ အသံကိုလဲ ကြားရသေးတယ် ဟုတ်လား။

## ပကတိမျက်စိနဲ့ ကြည့်လို့တော့ မမြင်နိုင်

အလွန်သေးငယ်လှစွာသော မိုးမွှားလေးတွေ ကိုယ်ခန္ဓာထဲမှာ နည်းတာမှမဟုတ်ပဲ၊ ပိုးမျိုးရှစ်ဆယ်ရှိသတဲ့။ အမျိုးအစားပြောတာ ရှစ်ဆယ်။ အကောင်အရေအတွက် မဟုတ်ဘူး၊ တကိုယ်လုံးမှာ ဆိုယင် အကောင်အရေအတွက်ဟာ ရေလို့ကိုမရအောင် အများကြီးရှိတာ။ အဲဒီ ပိုးကလေးတွေကို ပကတိမျက်စိနဲ့ကြည့်ယင် မမြင်ရဘူး ၊ သွားကြားထဲက ပိုးလဲ ဒီမျက်လုံးနဲ့ကြည့်ယင် မြင်ကိုမမြင်ရဘူး၊ လက်သဲကြားထဲမှာ ပိုး ဘယ်နှစ်ကောင် ရှိတယ်ဆိုတာကို ဒီမျက်လုံးနဲ့ကြည့်ယင်မမြင်ဘူး မဟုတ် လား။

အလွန်ခေတ်မီတဲ့ မှန်ပြောင်းနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ အကောင်တွေ့အကောင်တွေ အကုန်လုံး မြင်ရတယ်။ တံတွေးတပွက် လောက်ထွေးပြီး အဲဒီမှန်ပြောင်းနဲ့ကြည့်ယင် ပိုးတွေ အများကြီးရှိမယ် မဟုတ်လား၊ ချောင်းဆိုးလို့ ထွက်လာတဲ့ သလိပ်တွေထဲ ကြည့်လိုက်ယင် ကော အများကြီးရှိတယ်၊ ကျင်ကြီးကျင်ငယ်ထဲမှာဆိုယင် ပိုတောင်ရှင်း သေးတယ်၊ ဟုတ်လား။

တကိုယ်လုံးရှိနေတဲ့ပိုးတွေကို သူ့ဆိုင်ရာဆိုင်ရာ ဖမ်းနိုင်တဲ့ မှန် ပြောင်းနဲ့ ကြည့်ယင် အကုန်တွေ့ရာချည်းပဲ၊ မှန်ပြောင်းနဲ့ မကြည့်တဲ့ ပုဂ္ဂိုလ်ကတော့ မမြင်ရဘူး။ ကိုယ်မှန်ပြောင်းနဲ့ တခါမှ မကြည့်ဖူးတာနဲ့ ဒီပိုးတွေကို မမြင်ဖူးတော့ ပိုးလဲမရှိဘူးကွ၊ အဲဒီပိုးမြင်တဲ့လူတွေ မရှိဘူး ကွာဆိုယင် ဒီစကားဟာ တရားနည်းလမ်းကျတဲ့စကား ဖြစ်ပါ့မလား။

ဒိဗ္ဗစက္ခုကိုရမှမရပဲနဲ့ဒိဗ္ဗဌာနကို ဘယ်မြင်ရမလဲ၊ဒိဗ္ဗစက္ခုကို မရတဲ့ ပုဂ္ဂိုလ်တွေ ဒိဗ္ဗဌာနကို ဘယ်မြင်ရမလဲ။ ဒိဗ္ဗစက္ခုမရတဲ့ ပုဂ္ဂိုလ်တွေ ဒေဝဌာန ဗြဟ္မဌာန, နိရယဌာနကို မမြင်ကြရဘူး၊ ဒိဗ္ဗစက္ခုမရတဲ့ပုဂ္ဂိုလ် တွေ အဲဒီဒေဝလောက, ဗြဟ္မာလောက, ပေတလောက, နိရယလောက, တမလွန်လောကကို မမြင်ကြရဘူး၊ ဟုတ်လား၊ ဒါကြောင့်—

ဝိသုဒ္ဓေန၊ သန့်ရှင်းသော။ ဒိဗ္ဗေနစက္ခုနာ၊ ဒိဗ္ဗစက္ခုဖြင့်။ အတိက္ကန္တမာနုသကေန၊ ဟောဒီပကတိမျက်လုံးရဲ့ စွမ်းအားကို ကျော်လွန် ၍ မြင်နိုင်စွမ်းရှိသောစက္ခုဖြင့်။ ဣမဝဋ္ဋလောကံ၊ ဤလောက ရှိရှိသမျှ သတ္တဝါကိုလဲ။ ပဿန္တိ၊ မြင်ကြရလေကုန်၏။ ပရဋ္ဌလောကံ၊ တမလွန်

လောက နောက်ဘဝ၌ရှိသမျှ သတ္တဝါကိုလဲ။ ပယာန္တိ၊ မြင်ကြရလေကုန်၏။ သတ္တဝေ၊ မိမိမှတပါး တခြား တခြား သတ္တဝါတွေကိုလဲ။ (ဝါ) ခန္ဓာရှိနေတဲ့ ပိုးမျိုးရှစ်ဆယ် အရှိ ကဲ့ သတ္တဝါတွေကိုလဲ။

ဝပ္ပကသုတ္တန်အဋ္ဌကထာဆိုပုံကျတော့–

အသိတိ ကိမိကုလသဟဿာနိ၊ တဲ့

ဟောဒီကိုယ်ထဲမှာ ပိုးအမျိုးပေါင်း ရှစ်သောင်းလို့ ပြောတယ်။ ရှစ်ဆယ်ကို ရှစ်သောင်းဖြစ်အောင် အဋ္ဌကထာဆရာတော်က ခွဲထားပုံ ပေါ်တယ်။

အေး–ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျတော့ ပိုးမျိုးရှစ်ဆယ်။

မဇ္ဈိမနိကာယ် ဝပ္ပကသုတ္တန်အဋ္ဌကထာကျတော့ အသိတိကိမိကုလ သဟဿာနိ–ပိုးမျိုးရှစ်သောင်း။

ပိုးမျိုးရှစ်ဆယ်ဆိုတာကတော့ အကျဉ်းချုပ်ခွဲပြချက်ဖြစ်မှာ ပေါ့၊ ပိုးမျိုးရှစ်သောင်းဆိုတာကျတော့ အဲဒီတမျိုး တမျိုးက တပဲဆင့်ပေါက် ပွားတဲ့ အမျိုးတွေကို အကုန်လုံး သိမ်းကြုံးအသေးစိတ် ရေတွက်လိုက်လို့ ရှစ်သောင်းဖြစ်တာနေမယ်၊ အဲဒါ တခုနဲ့တခု ဆန့်ကျင်နေပြီလို့ ဒီလို မတွက်နဲ့ ဒါ အကုန်လုံး သဘာဝကျတယ်၊ အကျဉ်းပြောတော့ ရှစ်ဆယ်ပေါ့၊ အဲဒါ ရှိသမျှအမျိုးတွေ ပွားလိုက်တော့ ရှစ်သောင်းဖြစ်မယ်ပေါ့၊ ဝပါးမျိုးတွေ နေ့တိုင်း နေ့တိုင်း ပွားသလိုပွားနေတာ။

ဒိဗ္ဗစက္ခုရအောင် အားထုတ်ယင် မြင်ရမှာ

သတ္တဝေ၊ မိမိမှတပါး၊ အခြား အခြားသော သတ္တဝါတို့လဲ (ဝါ) ခန္ဓာကိုယ်မှာရှိနေတဲ့ ပိုးမျိုးရှစ်သောင်းအစရှိတဲ့ သတ္တဝါတို့ကိုလဲ။ ပယာန္တိ၊ တွေ့မြင်ကြရလေကုန်၏၊ ဩပပါတိကေ၊ ရေ နတ် ပြိတ္တာ အစ ရှိတဲ့ ဥပပါတ် သတ္တဝါတွေကိုလဲ။ ပယာန္တိ၊ တွေ့မြင်ကြရလေကုန်၏။

ရာဇညာ၊ ပါယာသိမင်း။ တေ၊ သင့်မှာ။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခုအဘိညာဉ်သည်။ နတ္ထိ၊ တစိုးတစိမရှိပါချေ။ ဘသ္မာ၊ ထိုဒိဗ္ဗစက္ခုမရှိတဲ့အတွက်ကြောင့်။ တွံ၊ သင်သည်။ ပရလောကံပိ၊ တမလွန်သောတ နောက်ဘဝကိုလဲပဲ။ နပဿသိ၊ မမြင်ရပါ။ အညေစသတ္တေ၊ မိမိမှတပါး တခြား

လောက ရှိနေတဲ့ သတ္တဝါတွေကိုလဲ။ နပဿသိ၊ သင်သည် မတွေ့မမြင်ရပါ။ ဩပပါတိကာ စသတ္တေ၊ ဥပပါတ်သတ္တဝါတို့ကိုလဲပဲ။ နပဿသိ၊ မမြင်ရပါ၊

တသ္မာ၊ ထိုငါမမြင်ရတဲ့အတွက်ကြောင့်(ဝါ) ထိုကဲ့သို့ ဒိဗ္ဗစက္ခုကို မရသည့်အတွက် မမြင်ရသည် ဖြစ်လေသောကြောင့်။ နဇာနာမိ၊ သင်သည် အဲဒီသတ္တဝါနဲ့ နောက်လောက နောက်ဘဝ ရှိနေတယ်ဆိုတာကို မသိရှာပေ။

သင်တိုယ်တိုင် မမြင်ရတဲ့အတွက်ကြောင့် နောက်ဘဝ နောက်လောကနဲ့ ဥပပါတ်သတ္တဝါ ရှိတယ်ဆိုတာကို သင်သည် မသိရှာလေ။ ပရလောက နောက်ဘဝကို တကယ်ကိုယ်တိုင် မြင်လိုလျှင် သင်သည် ဒိဗ္ဗစက္ခုကိုရအောင် အားထုတ်လေသော့လို့ ဒါ တိုက်တွန်းရမှာ။ သူရထားတာက မံသစက္ခုပဲ၊ ဒိဗ္ဗစက္ခုရအောင် အားထုတ်ယင်တော့ ပရလောကကို မြင်ရမယ်။

ဒကာတော်မင်းကြီးဟာ ဒိဗ္ဗစက္ခုကို မရတဲ့အတွက်ကြောင့် ပရလောကကို မမြင်ရဘူး၊ မမြင်ရတာနဲ့မသိဘူး၊ မသိတာနဲ့ မရှိဘူးဆိုယင် ဒကာတော်မင်းကြီးဆိုနေတဲ့ နောက်ဘဝမရှိ၊ မရှိဆိုတဲ့ စကားဟာ တရားသဖြင့်ဆိုတဲ့ စကားမျိုး ဖြစ်ပါဦးမလားလို့ ဆိုလိုက်ရော၊ ပါယာသိမင်းကြီးဟာ မလှုပ်ဘူး ငြိမ်ပြီးတော့ ငုံ့နေတယ်။ ဒီတော့ အရှင်ကုမာရကဿပက—

ရာဇည၊ ပါယာသိမင်း။ တသ္မာ။ ထို့ကြောင့်။ တေ။ သင်ရဲ့ သန္တာန်မှာ။ ဧဝံ၊ ဤသို့သောအယူအဆသည်။ ဟောတု၊ ဖြစ်ပါစေလော့။

ဒကာတော်ပါယာသိမင်း—သင့်သန္တာန်မှာ ဤကဲ့သို့သော အယူအဆ ဖြစ်ပါစေ။

ဣတိပိ အတ္ထိ ပရောလောကော၊

ဒီအကြောင်းကြောင့်လဲပဲ ပရလောကဆိုတာရှိတယ်။

ဣတိပိ အတ္ထိ သတ္တာဩပပါတိကာ၊

ဒီအကြောင်းကြောင့်လဲပဲ ဥပပါတ်သတ္တဝါ ငရဲ နတ် ဗြဟ္မာဆိုတာ ရှိတယ်။

ဣတိပိ အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊

ဤအကြောင်းကြောင့်လဲပဲ ကောင်းသောကံ၊ မကောင်းသောကံနဲ့ ကောင်းသောအကျိုး၊ မကောင်းသောအကျိုးဆိုတာ ရှိတယ်။—လို

ဝဝ်ဝါဒေါ၊ ကျွန်ုပ်သည်သာအပ္ပဝါဒသည်။ ပေ၊ သင့်သဘောန် မှာ၊ ဟောကု၊ ဖြစ်ပါစေတော့လော့ (ဝါ) ဖြစ်ပါစေတော့ (ဝါ) ဖြစ်စေ ချင်ပါတယ်။—လို

အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပ ထေရ်သည်မြတ် သည်။ ပါယာသိရာဇညာ၊ သိက်သွန်းခြင်း အ... ...င်းဖြစ် လာတဲ့ ပါယာသိမင်းကြီးကို။ ဧတ်ဝဒေန်၊ ဤစကားကို။ အဝေါစ၊ ကောင်းစွာမသေချ်ပိန့်ကြားတော်မူခဲ့ပါပေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

နတ္တေဝ ယထာ တံ့ မညသိ ဣမိနာ မံသစက္ခုနာ။

ပရလောက နောက်ဘဝကို မံသစက္ခုနဲ့ကြည့်လိုက်တော့ မြင်နိုင် လိမ့်မယ်လို့ မမှတ်နဲ့။

ဒထာတော်ပါယာသိမင်း-ပရလောက နောက်ဘဝကို မံသစက္ခုနဲ့ ကြည့်လို့မမြင်ရတဲ့အတွက်ကြောင့် မရှိဘူးလို့ သင်ပြောခဲ့ယင်-

ဇစ္စန္ဓူပမော မညေ ပဋိဘာသိ ယံ မံ တွံ ဝဒေသိ။

သင်သည် အကန်းပြောပြောနေတာဖြစ်ပြီး သင်သည် သူကန်းနဲ့ တူခဲ့လေပြီ။—လို

အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပ မထေရ်သည်မြတ် သည်။ ပါယာသိရာဇညာ၊ ပါယာသိမင်းကို။ ဧတ်ဝဒေန်၊ ဤ အဆုံး အမြွက်ပါစကားကို။ အဝေါစ၊ ကောင်းစွာမသေချ်ပေးသနားတော်မူခဲ့ ပါပေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

## နတ္ထိကဝါဒဘက် ဦးတည်နေတဲ့ ပါယာသိမင်း

ပါယာသိမင်းကြီး-သင်ဒီလို ပြောတာဟာ ဒိဗ္ဗစက္ခုကို မရလို့ ပြောနေတာ၊ ဒိဗ္ဗစက္ခုကို သင်မရပေမယ့် ဒိဗ္ဗစက္ခုရတဲ့ ပုဂ္ဂိုလ်တွေအများ

ကြီးရှိတယ်။ ဒိဗ္ဗစက္ခုရထားတဲ့ ပုဂ္ဂိုလ်တွေက ဒေဝလောကကို မြင်ပြီးတော့ သိပြီးတော့ ပြောထားတာ။

ဒကာတော် မင်းကြီးက ဒိဗ္ဗစက္ခုကိုမရဘူး၊ မရတော့ ဒေဝလောကကို မမြင်ဘူး၊ မမြင်တဲ့အတွက်ကြောင့် ဒေဝလောကမရှိဘူးလို့ သင်မင်းကြီး ပြောတယ်၊ ဒေဝလောကကိုမြင်တဲ့ ပုဂ္ဂိုလ်လဲပဲ မရှိဘူးလို့ သင်မင်းကြီး ပြောတယ်၊ အဲဒီစကားဟာ နတ်လောက ဗြဟ္မာလောကကိုလဲပဲ ပယ်မြစ်ရာကျတယ်။ နတ်လောက ဗြဟ္မာလောကကို မြင်ဖူးတဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့ သူတော်ကောင်းတွေ ဘုရားပစ္စေကဗုဒ္ဓ ရဟန္တာတွေလဲ သင်သည် ပယ်မြစ်ရာကျတယ် ဒကာတော်မင်းကြီးလို့ဆိုလိုက်တယ်။

နတ်လောကမရှိ, နတ်လောကမြင်ဖူးတဲ့ ပုဂ္ဂိုလ်မရှိယင် စဉ်းစားကြည့်နော်။ ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့ပုဂ္ဂိုလ်လဲပဲမရှိ, ဒိဗ္ဗစက္ခုအဘိညာဉ်လဲမရှိ, ဒေဝလောကလဲမရှိ။ အလုပ်ကိုလဲပယ်, အဘိညာဉ်ဘာန်ခိုးတွေကိုလဲပယ်, ဒီလုပ်ငန်းလုပ်လို့ ဒီအဘိညာဉ်ရကြတဲ့ သူတော်စင်တွေကိုလဲပယ်၊ အကုန်လုံးကို ပယ်မြစ်ရာကျတဲ့ "နတ္ထိဝါဒ"ထဲကို တဖြည်းတဖြည်း သူသည် ဦးတည်သွားတယ်။

ဒကာတော်မင်းကြီး–ဒီအယူစွန့်လော့၊သင်သည်သူကန်းပြောသလို ပြောရာကျနေတယ်၊ သင်ဟာ သူကန်းဘာယောက်လို ဖြစ်ပါပြီလို့ဆိုလိုက်တော့ ပါယာသိမင်းကြီးက ထောင်လာပြန်တယ်။ ပါယာသိမင်းကြီးက ဘာပြောလာပြန်သလဲဆိုတော့–

ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ။

ဘဝံကဿပေါ၊ အရှင်ကုမာရမထေရ်သည်။ ဧဝံ၊ ဤသို့။ ကိဉ္စာပိ-အာဟ၊ အကယ်၍ဆိုတော့ဆိုသားပါပဲ။

အရှင်ဘုရား အဲဒီလိုပြောတာတော့ ဟုတ်ပါပြီ။

အထ ခေါ ဧဝံ မေ ဧတ္ထ ဟောတိ" ဣတိပိ နတ္ထိ ပရော လောကော၊ နတ္ထိ သတ္တာဩပပါတိကာ၊ နတ္ထိ သုကတ-ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော"

အထစပန၊ သို့သော်လဲပဲ။ မေ၊ တပည့်တော်မှာ။ ဧတ္ထ၊ ဤဝါဒ၌။ ဧဝံ၊ ဤသို့သောအယူသည်။ ဟောတိ၊ ရှိနေပါသေးတယ်ဘုရား။

ဣတိပိ နတ္ထိပရောလောကော - ဤအကြောင်းကြောင့်လဲပဲ နောက်လောကဆိုတာ မရှိဘူး။

ဣတိပိ နတ္ထိသတ္တာဩပပါတိကာ-ဤအကြောင်းကြောင့်လဲပဲ ဥပပါတ်သတ္တဝါ ငရဲ နတ် ဗြဟ္မာမရှိဘူး၊

ဣတိပိ နတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော-ဤအကြောင်းကြောင့်လဲပဲ ကောင်းကဲ့ မကောင်းကဲ့နဲ့ ကောင်းကျိုး, မကောင်းကျိုးဆိုတာ မရှိဘူးရယ်လို့ -

မရှိကို အရှိ မလုပ်နိုင်ဘူး တဲ့

ထွေး၊ ဤအယူအဆမှာ။ ဝဲ၊ ဤသို့သောဝါဒသည်။ ဟောတိ၊ တပည့်တော် သန္တာန်၌နေပါသေးတယ်ဘုရား။

ကိဉ္စာပိ ဘဝံ ကဿပေါ ဝေမာဟ ဒါပေမယ့်ဘုရား၊ အရှင်ဘုရား ဘယ်လိုပဲပြောပြော တပည့်တော်ကတော့ ငရဲမရှိ, နတ်မရှိ,ဗြဟ္မာမရှိ, နောက်ဘဝမရှိ, မရှိတာမရှိဘူးပဲ ဘုရား။ အရှိတော့ မလုပ်နိုင်သေးဘူး။-တဲ့

ဒီရှင်ဘုရင်ကြီးဟာ သူ့အယူကို တကယ်ကိုမစွန့်နိုင်လို့ ပြောနေတာပဲလား သို့မဟုတ် ဒီကိုယ်တော် ဆန်းဆန်းကြယ်ကြယ် ဥပမာတွေ တလုံးပြီးတလုံး တက်တက်ပြီးတော့ ပြောသွားတယ်။ သူ့ ဥပမာ လေးတွေ နားထောင်ကောင်းလိုက်တာ ဆိုပြီးတော့၊ အယူစွန့်ပြီးသား ဖြစ်ပေမယ့် လဲပဲ စကားပြော ကောင်းတဲ့ အတွက်ကြောင့် နားထောင်လို့ ကောင်းကောင်းရှိတာနဲ့ တမင်တို့နေတာလားတော့ မသိဘူး၊ ဟုတ်လား။

အဲဒီ အဓိပ္ပာယ်ဟာ သုတ္တန် ဆုံးတော့မှ ပေါ်လာပါတယ်၊ ပါယာသိမင်းကြီး ဘယ်လို ရည်ရွယ်ချက်နဲ့ ဒါတွေပြောနေတယ်ဆိုတာ သုတ္တန်ဆုံးတော့မှ ပေါ်လာတယ်။ အေး-အခုတော့ မဆုံးသေးဘူး၊ ဟုတ်လား။

ပါယာသိမင်းကြီး လုပ်လိုက်ပုံက ဒီလို၊ အရှင်ဘုရား-အရှင်ဘုရား ပြောသွားတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် တပည့်တော် ဒီအယူကို မစွန့်နိုင်သေးဘူးတဲ့။ နောက်ဘဝ မရှိဘူးဆိုတာဟာ မရှိအတိုင်းပါပဲ၊ ငရဲ နတ် ဗြဟ္မာသတ္တဝါမရှိဆိုတာဟာလဲ မရှိအတိုင်းပါပဲ၊ ကုသိုလ် အကုသိုလ်မရှိ

ဆိုတာလဲ မရှိအတိုင်းပါပဲ၊ ကံနဲ့ ကံအကျိုးမရှိဆိုတာလဲ မရှိအတိုင်းပါပဲ။ အရှိကို မလှုပ်နိုင်ဘူး။ ဒီလိုဆိုတော့—

အတ္ထိ ဘော ကဿပ ပရိယာယော။

ဒီနေရာမှာ ထပ်သွားတဲ့စာအုပ်ကို ဘုန်းကြီး ကျော်ထားခဲ့မယ်၊ ထပ်တလဲလဲ ရွတ်ရတာ များနေကယ်။ ပါယာသိမင်းကြီးကလဲ တခါ တခါ ကျော်တယ်၊ ထပ်ယင် ကျော်ကျော်သွားတယ်။ မနေ့က ပြောပြီး ခဲ့ပြီမဟုတ်လား၊ ၁၀ ချက်ကနေ ၅ ချက်ထိ သူ ကျော်ချခဲ့တာ၊ သုစရိုက် တရား ၁၀ ပါး ပြောရာကနေ တော်တော်ကြာ ၅ ပါးသီလအထိ သူ ချုံ့သွားတယ်။

အခုလဲကြည့်ဦး ဘယ်အထိ ချုံ့ဦးမလဲမသိဘူး၊ ပါယာသိမင်းလဲ ချုံ့ချုံ့သွားတယ်၊ စကားတွေထပ်တော့ တပ်ထပ်မပြောဘူး၊ စကား စုပြီးတော့ ပြောတယ်။ ဒီမှာလဲပဲ—

အတ္ထိ ပန ရာဇည ပရိယာယော၊

ဟဲ့–ပါယာသိမင်း၊ သင့်မှာ အကြောင်းပြစရာ ရှိပါသေးသလား။

ငါ ပြောနေတဲ့ နောက်ဘဝ နောက်လောက ဥပပါတ်သတ္တဝါ ကုသိုလ် အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးရှိတယ်ဆိုတာကို သင် မယုံဘူးဆိုတာ အကြောင်းပြစရာ ရှိသေးသလား၊ မယုံကြည်ခြင်းရဲ့ အကြောင်းကို သင်သည် ပြဦးလော့။

## သီလဝန္တပုဂ္ဂိုလ်တွေကို တွေ့မြင်ဖူးတယ်

အတ္ထိ ဘော ကဿပ ပရိယာယော၊

တပည့်တော် ပြစရာအကြောင်း ရှိပါသေးတယ်ဘုရား။

ဒီလိုဆိုလို့ရှိယင် သင်ရဲ့အကြောင်းကို ဆိုဦးလော့၊ ဘာအကြောင်း များ ပြမလဲ ပြောစမ်းပါ။

ဒီအခါမှာ အရှင်ကုမာရကဿပက နားထောင်ရမည့် အလှည့်၊ ပါယာသိမင်းဘုရားကြီးက အရှင်ကုမာရကဿပနဲ့တကွ ပရိသတ်ကြီးကို တခါတည်း အားပါးတရ ပြောရတဲ့အလှည့် သူက ယူပြန်တယ်။

ဣဓာဟံ ဘော ကဿပ ပဿာမိ သမဏဗြာဟ္မဏေ၊
သီလဝန္တေ ကလျာဏဓမ္မေ—

ဘော ကဿပ၊ အို—အရှင်ကုမာရကဿပ။

ဣဓ၊ ဤလောကမှာ။ အဟံ၊ တပည့်တော်သည်။ သီလဝန္တေ၊ သီလနှင့် ပြည့်စုံတော်မူကြကုန်သော။ ကလျာဏဓမ္မေ၊ ကောင်းသော တရား ရှိကြပေကုန်သော (ဝါ) တရားကောင်း လက်ကိုင်ထားကြကုန်သော (ဝါ) ကောင်းသော ကိုယ်ကျင့်တရား ရှိကြပေကုန်သော။ သမဏဗြာဟ္မဏေ၊ သမဏဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်တို့သည်။ ဧကစ္စေ သန္တိ၊ ရှိကြပါကုန်သည်ဘုရား။ တေ၊ ထိုသမဏဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ် သူမြတ်တို့ကို။ အဟံ၊ တပည့်တော်သည်၊ ပဿာမိ၊ တွေ့မြင်ဖူးပါတယ် ဘုရား။

သီလနဲ့ပြည့်စုံ, ကိုယ်ကျင့်တရားကောင်း, သူတော်ကောင်းတရား ကျင့်သုံးကြတဲ့ ကလျာဏဓမ္မရှိကြတဲ့ ပုဂ္ဂိုလ်တွေကို တပည့်တော် တွေ့ဖူး မြင်ဖူးပါတယ်။ ပါယာသိမင်းကြီး အကြောင်းပြလာတယ်၊ အတိုချုံ့ လိုက်ရယင် သူတော်ကောင်းတွေကို သူ အများကြီး တွေ့ဘူးပါတယ်တဲ့။

ဘုန်းကြီးတို့ပရိသတ်များ—ချုံ့လိုက်ကြစမ်းပါ။ အဲဒီလောက်အထိ ချုံ့လိုက်၊ ဟုတ်လား။ ပါဏာတိပါတာ ပဋိဝိရတာ အဒိန္နာဒါနာ ပဋိ ဝိရတာ ဒါတွေ တလုံးမှ မပြောဘူး။ ဟို—ရှေးရှေး စာပိုဒ်တွေကုန်လာခဲ့ လာလိုက်တာ ပါဏာတိပါတာ ပဋိဝိရတာ, အဒိန္နာဒါနာ ပဋိဝိရတာ ဆိုပြီး ဒါတွေနဲ့လာတာ။ အခုတော့ သူက သီလဝန္တေ ကလျာဏဓမ္မေ ဒါလေးနဲ့ သူ ပြောသွားတယ်။

ထပ်တလဲလဲ ကျလာလို့ရှိယင် စကားဆိုတာ အဲဒါ ချုံ့သွားတော့ ခပ်မြန်မြန် ပြီးတယ်ပေါ့။

သီလဝန္တေ ကလျာဏဓမ္မေ— သီလနဲ့ပြည့်စုံ, ကိုယ်ကျင့်တရားနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကို တပည့်တော် တွေ့ဖူး မြင်ဖူးပါတယ် ဘုရား ဘယ်လိုတွေ့ဖူးတုန်းဆိုတော့—

## ကိုယ့်ကိုကိုယ် သတ်သေကြပါတော့လား

ဇီဝိတုကာမေ အမရိတုကာမေ သုခကာမေ
ဒုက္ခပဋိကူလေ။

ဒုက္ခကိုစက်ဆုပ်, သုခကိုလိုလား, အသက်ရှင်မှုကို လိုလားပြီး တော့ မသေမှုကို လိုလားကြတဲ့ ပုဂ္ဂိုလ်တွေကို တပည့်တော်မြင်ဖူးပါ တယ်။

ဆိုလိုတဲ့အဓိပ္ပာယ်က ဒီလို အသက်ရှည်ဖို့ချည်း ဆုတောင်းနေပြီး သေဖို့ကြောက်နေကဲ့ သူတော်ကောင်းတွေ အများကြီး တွေ့ဖူးတယ်တဲ့။ သဘောပေါက်ကြရဲ့လား၊ သူတော်ကောင်းဆို သေဖို့ ကြောက်ရသေး လား၊တဲ့ သူဆိုလိုတာက၊ ဟုတ်လား။ သူတော်ကောင်း ဘယ်သွားမယ်ဆို ကာ ရှေ့ပိုင်းက ပြောပြီးပြီ၊ ပြောပြီးပြီမဟုတ်လား။ သူတော်ကောင်း သေယင် ဘယ်သွားမလဲ၊ ကာယဿဘေဒါ ပရံ မရဏာ မရွတ်တော့ဘူး။

ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ
ဥပပဇ္ဇန္တိ ဒေဝါနံ တာဝတိံသာနံ သဟဗျတံ၊

ဒီအပိုဒ်လာရမှာ မလာတော့ဘူး။ သူတော်ကောင်းတွေ သေ ယင်တဲ့ နတ်ပြည် ဗြဟ္မာ့ပြည်သွားကြမှာပေါ့။ သီလနဲ့ပြည့်စုံ သူတော် ကောင်းတရားနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကို တပည့်တော် အများကြီးတွေ့ဖူး တယ်။ အရှင်ဘုရားတို့ကလဲ ခဏခဏ ဟောတယ်၊ သူတော်ကောင်းသေ ယင် နတ်ပြည်သွားမှာ ဗြဟ္မာ့ပြည်သွားမှာလို့ ဟောတယ်။

အဲဒီသူတော်ကောင်းတွေဟာ ဇီဝိတုကာမာ အသက်ရှင်ဖို့ လိုလား ယိုက်ကြတာ အသက်ရှည်ပါရစေ, အသက်ရှည်ပါရစေ၊ အမရိတုကာ မာ-မသေပါရစေနဲ့,မသေပါရစေနဲ့ဆိုပြီး သေဘေးကြောက်ပြီး ကြက်သီး ထတဲ့သူတော်ကောင်းတွေ အများကြီးပဲ၊ ဟုတ်လား။

လူ့ပြည်ဆိုဘာ ပြောထားပြီးပြီ မစင်တွင်းကြီးလိုပဲ၊ မစင်တွင်း ကြီးနဲ့ တူတဲ့ လူ့ပြည် နေနေရတဲ့ သူတော်ကောင်းတွေဟာ နတ်ပြည် ရောက်မှန်း ကေန်သိယင် အသက်ရှည်ဖို့, မသေဖို့ ဘာပြုလို့လုပ်နေရမှာလဲ တဲ့၊ ပါယသိမ်းကြီးပြောပုံ၊ ဟုတ်လား။ အသက်ရှည်ဖို့, မသေဖို့ကို အဲဒီပုဂ္ဂိုလ်တွေ ဘာပြုလို့လုပ်နေကြတုန်း၊ အသက်ရှည်ဖို့ မသေဖို့ လုပ် မနေကြပဲနဲ့—

ဝိသံဝါ ခါဒေယျုံ-အဆိပ်ကို ငပ်မြန်မြန်သောက်လိုက်ဖို့ ကောင်းတယ်။

သတ္တံဝါဟရေယျုံ–အဆိပ်မသောက်ရဲယင်လဲ လက်နက်နဲ့ ကိုယ့်လည်ပင်း ကိုယ်ဖြတ်ပြီးတော့ ခပ်မြန်မြန်သေလိုက်ဖို့ ကောင်းတယ်။

ဥဗ္ဗန္ဓိတွာ ကာလကံရေယျုံ–လည်ပင်း ကြိုးကွင်းစွပ်ပြီးတော့လဲ သစ်ပင်ပေါ်က ခုန်ချဖို့ကောင်းတယ်။

ပပါတေဝါ ပပတေယျုံ – တောင်စောင်းကြီးပေါ်က နေပြီး ထောင်ကြား (ချောက်)ထဲ ခုန်ချပြီးတော့ သေလိုက်ဖို့ ကောင်းတယ်။

**နတ်ပြည်ရောက်မယ်လဲဆိုသေး, သေရမှာလဲကြောက်နေသေး**

သူတော်ကောင်းတွေပဲ သေယင် နတ်ပြည်ရောက်မှာ ဘာကြောက်စရာလိုတုန်း၊ အသက်ရှည်ရပါလို၏, အနာကင်းရပါလို၏ ဘာလုပ်နေစရာ လိုမလဲ။ ဒါလောက်တောင်မှ ရွံရှာစက်ဆုပ်ဖွယ်ကောင်းတဲ့ မစင်တွင်းကြီးနဲ့တူတဲ့ လူ့ပြည်မှာ နေလဲမနေပါနဲ့တော့၊ မြန်မြန်သေပြီးတော့ သူတော်ကောင်းတွေ အကုန်လုံး တပြုံလုံး နတ်ပြည်ပြောင်းကြဖို့ ကောင်းပါတယ်တဲ့၊ ပါယာသိမင်းကြီး ပြောလိုက်ပုံနော်။

ဒါပေမယ့် အဲဒီသူတော်ကောင်းတရားနဲ့ပြည့်စုံတဲ့ သူတော်ကောင်းတွေဟာ သေမှာ ကြောက်ပြီးတော့ အမရိတုကာမ–သေဖို့ကို ဘယ်သူမှ မလိုချင်ကြဘူး၊ ဘုန်းကြီးတို့ပရိသတ်ကော သေချင်လား၊ မသေချင်ကြဘူးတဲ့။ ဟုတ်လား။ ဘုန်းကြီးလဲ မသေချင်ဘူး။ ဖြစ်ပုံက အဲဒီလိုနော်၊ သူတော်ကောင်း သေရမှာ ကြောက်သလားတဲ့ ပါယာသိမင်းပြောလဲ ပြောစရာပဲ။ မသေလိုဘူး အသက်ရှည်လိုတယ်ဆိုတာ ဘာအလို့ငှာဆိုတဲ့ ရည်ရွယ်ချက်တော့ ပါရမယ်၊ ဟုတ်လား။

အရှင်ဘုရား–အဲဒီသူတော်ကောင်းတရား ကျင့်သုံးတဲ့ ပုဂ္ဂိုလ်တွေဟာ သေဖို့လဲ မလိုလားကြဘူး၊ ဘယ်သူမှ အဆိပ်သောက်ပြီး နတ်ပြည်ပြောင်းမယ်ဆိုတာလဲ တယောက်မှ မတွေ့ရဘူး၊ တရားအားထုတ်ယင်းနဲ့ ငါတော့ စိတ်ချရပြီဆိုပြီး လည်ပင်းဖြတ်ပြီးတော့ သေသွားတဲ့ ပုဂ္ဂိုလ်ကိုလဲ ဘယ်မှာမှ မတွေ့ရဘူး၊ တောင်စောင်းကနေ ခုန်ချပြီးတော့ ကိုယ့်ကိုကိုယ် အဆုံးစီရင်တဲ့ ပုဂ္ဂိုလ်ကိုလဲ မတွေ့ဖူးဘူး။

အဲဒီတော့ အရှင်ဘုရားတို့ဟာ သူတော်ကောင်းတရားတွေ ဒါ လောက်အားထုတ်ပြီးတော့ နတ်ပြည် ဗြဟ္မာ့ပြည် သွားတယ်ဆိုတာ ဟုတ် နိုင်ပါ့မလား။–တဲ့

နောက်လောက နောက်ဘဝမှာ, နတ်လောက ဗြဟ္မာလောက ရှိတယ်ဆိုယင် ဘာကြောက်နေစရာလိုလဲ၊ အဲဒီလို ကိုယ့်ကိုကိုယ် သတ်သေ လိုက်ယင် ကောင်းသားပဲ။ အရှင်ဘုရား–တပည့်တော်ပြောတဲ့ စကားကို အရှင်ဘုရား ဘယ်လိုဖြေမလဲ၊ အဲဒါကို ဖြေလိုက်စမ်းပါ။ ဒီလိုဆို လိုက်တော့ အရှင်ကုမာရကဿပက–

## အရှင်ကုမာရကဿပရဲ့ ဖြေချက်ဥပမာ

တေန ဟိ ရာဇည ဥပမံ တေ ကရိဿာမိ။
ဥပမာယ မိဓေကစ္စေ ဝိညူ ပုရိသာ၊
ဘာသိတဿ အတ္ထံ အာဇာနန္တိ။

ဒကာတော်ပါယာသိမင်း–ဒီလိုဆိုယင် သင့်ကို ဥပမာတခု ငါ ဆောင်ဦးမယ်။ ဥပမာနဲ့ချည်းပဲ။ ဥပမာနဲ့ပြယင် ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေ သိဖို့ရန် လွယ်လွယ်ကူကူဖြစ်တယ်၊ ဥပမာလေးနဲ့ပြောမယ်။

ဘူတပုဗ္ဗံ ရာဇည အညတရဿ ဗြာဟ္မဏဿ
ဒွေ ပဇာပတိယော အဟေသုံ။

ရှေးတုန်းက ပုဏ္ဏားတယောက်မှာ ဇနီးနှစ်ယောက်ရှိခဲ့ဖူးတယ်။ ရှေးသရေ့အခါနဲ့လာတယ်။ အဲဒီဇနီးနှစ်ယောက်တို့တွင်–

ဧကိဿာ ပုတ္တော အဟောသိ–

ဧကိဿာ၊ ဇနီးတယောက်မှာ။ ပုတ္တော၊ သားသည်။ အဟော သိ, ရှိတယ်။

အဲဒီ သားတယောက်က–

ဒသဝဿုဒ္ဒေသိကော ဝါ ဒွါဒသဝဿုဒ္ဒေသိကော ဝါ၊

ဆယ်နှစ်သား ဆယ့်နှစ်နှစ်သား။

အဲဒါကတော့ တိတိကျကျမဟုတ်ဘူး၊ ဆယ့်နှစ်နှစ်သားလောက် ကလေး ဆိုကြပါစို့၊ ဇနီးတယောက် သားကလေးနဲ့။

ကော ဂင်္ဂ နီ ဥပဝိငည်ာ၊

ငနိုးတယောက်ကတော့ ဖွားလုလုဖြစ်တဲ့ ကိုယ်ဝန်နဲ့၊

ငနိုးတယောက်ကတော့ သားကလေးတယောက်နဲ့ ငနိုးတယောက်မှာတော့ ဖွားလုလုဖြစ်သော ကိုယ်ဝန်နဲ့၊ အဲဒီအခါမှာ ဖြုန်းဆို

သော ဂြာဟုကော ကာလမကာသိ၊

အဲဒီ ပုဏ္ဏားကြီး သေသွားတယ်၊

ပုဏ္ဏားကြီးသေသွားတော့ ဟောဒီမှာ ငနိုးနှစ်ယောက် ကျန်ရစ်တယ်၊ စဉ်းစားကြည့်၊ တယောက်မှာက ၁၂ နှစ်ရွယ် သားကလေးတယောက်နဲ့ တယောက်မှာတော့ ကိုယ်ဝန်ဆောင်အမာနဲ့၊ အဲဒီမှာ ထို ငနိုးနှစ်ယောက် ရန်ဖြစ်ကြတယ်တဲ့၊ အမွေလုရာက စပြီးတော့ ဖြစ်ကြတာ၊ အမွေလုကြတော့ ဘယ်သူက စပြောတုန်းဆိုယင် ၁၂ နှစ်သား ပုဏ္ဏားလေးက စတာ–

> မာတုသပတ္တိ တေဒဝေါစ "ယမိဒံ ဘောတိ ဓနံ ဝါ ဓညံ ဝါ ရဇတံ ဝါ ဇာတရူပံ ဝါ သဗ္ဗံ တံ မယှံ၊ နတ္ထိ တုယှေတ္ထကိဉ္စိ၊ ပိတု မေ ဘောတိ ဒါယဇ္ဇံ နိယျာဒေဟိ" တိ။

ဘောတိ အယျေ! အို–ရှင်မ၊

အမေအရင်း မဟုတ်ဘူး၊ မာတုသပတ္တိ–ကိုယ်ဝန်နဲ့ အမျိုးသမီးကို ပြောတာ၊ မိထွေးလို့ပဲဆိုလိုက်ကြပါစို့၊ အဲဒီ မိထွေးကို ပုဏ္ဏားလေးက ပြောတာ။

ယမိဒံ ဘောတိ ဓနံဝါ–

ငါ့အဖေ ထားပစ်ခဲ့တာ။

ဓနံဝါ၊ ဥစ္စာလည်းကောင်း။ ဓညံဝါ၊ စပါးလည်းကောင်း။ ဇာတရူပံ၊ ဝါရဇတံဝါ၊ ရွှေငွေလည်းကောင်း။

ရွှေရော ငွေရော စပါးရော တစုံတခု အမှတ်အသားမရှိတဲ့ ပစ္စည်းတွေ အများကြီးပဲ။

သဗ္ဗံ တံ မယှံ–အဲဒါတွေအကုန်လုံး ငါပိုင်တယ်။

နတ္ထိတုယှေတ္တကိဉ္စိ–အဲဒီအထဲ သင် ပိုင်တာ တခုမှမရှိဘူး။

ကျုပ်က သားပဲဗျ၊ သားဆိုတာ အဖေ့ပစ္စည်း အကုန်ပိုင်တာ ပေါ့။ အဲဒါတွေ ကျုပ် အကုန်လုံးပေးပါဆိုပြီးတော့ ၁၂ နှစ်အရွယ်သို့ ရောက်နေပြီဖြစ်တဲ့ သားကလေးက ကိုယ်ဝန်နဲ့ ဖွားလုလု အမျိုးသမီးကို သွားပြီးတော့ ပြောတာ။ သူ့အမေဆိုယင် သူ ဘယ်ပြောမလဲ၊ အမေ မဟုတ်လို့ ပြောတာပေါ့။ သွားပြောတော့ ကိုယ်ဝန်နဲ့ အမျိုးသမီးက ပြန်ပြောတယ်–

**အချိန်ကို မစောင့်နိုင်တဲ့အတွက်**

အာဂမေဟိ တာဝ တာတ၊ ယာဝ ဝိဇာယာမိ၊

ငါ့သားလေး ဖွားလာသည့်တိုင်အောင် စောင့်ပါဦး–တဲ့

သားဖွားတဲ့အထိ စောင့်ပါဦးကွယ်။ ဘာလို့ စောင့်ရမှာတုန်းဗျ၊ အဲဒီပစ္စည်းတွေ အခုပဲဝေပေး။ ဒီလို ဆိုလာပြန်တော့–

တာတ၊ သားငယ်။ ယာဝ-ယတ္တကံကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဝိဇာယာမိ၊ ငါ သားဖွားတယ်လို့ ဆိုကြပါစို့။ တာဝ-တတ္တကံကာလံ၊ ထို ငါ့သား ဖွားလာသည့် ကာလတိုင်အောင်။ အာဂမေဟိ၊ စောင့်ဆိုင်းပါဦး။

သားဖွားလာတဲ့အထိ စောင့်ပါဦး။ ဘာဖြစ်လို့ စောင့်ခိုင်းရတာ တုန်းဆိုတော့–

သစေ ကုမာရကော ဘဝိဿတိ၊

အကယ်၍ သားယောကျာ်းကလေး ဖွားလာခဲ့မယ်ဆိုယင်။

တဿပိ၊ ကောဋ္ဌာသော ဘဝိဿတိ၊

ဖွားလာတဲ့ သားယောကျာ်းကလေးအတွက်လဲပဲ တစိတ်တဒေသ ပေးရမယ်။

ဇနီးနှစ်ယောက် ယူထားယင် အဲဒီလို ဖြစ်လာတတ်တယ်။ ဇနီး တယောက်ရှိသားက တောင်းဆိုလာတော့ ကိုယ်ဝန်နဲ့ ဇနီးတယောက်က

မဖွားရသေးတဲ့အချိန်ဆိုတော့ သူက ပြောရတာ၊ ငါ့သား ဖွားအောင်မင်း စောင့်ပါဦးကွာ၊ ပစ္စည်းတွေ မှင်းချည်း အကုန်ယူမသွားပါနဲ့။

ငါ့ကိုယ်ဝန် ဖွားသာကဲ့အခါ သားယောကျ်ား ဖြစ်ခဲ့မယ်ဆိုယင် ငါတို့ နှစ်ယောက်လုံးဟာ ခင်ပွန်း တယောက်ပည်းနဲ့ နေကြတာ၊ ဒီပစ္စည်းတွေဟာ မင်းချည်းပိုင်တာ မဟုတ်ဘူး၊ ငါ့သားလဲ ပိုင်တယ်၊ မင်းလဲ ပိုင်တယ်၊ ငါ့သားအာမှုက်ယဲတာဝက် မင်းအာမှုက်ယဲ တဝက် ပေါ့၊ အဲဒါကြောင့် သားဖွားတဲ့အထိ စောင့်ဖမ်းပါဦး၊ ဒီလိုပြောလိုက်တယ်။

သစေ ကုမာရိကာ ဘဝိဿတိ၊

အကယ်၍များ သမီးလေး ဖြစ်လာမယ်ဆိုယင်တော့–

သာပိ တေ ဩပဘောဂ္ဂါ ဘဝိဿတိ၊

အဲဒီသမီးလေးဟာ သင်ရဲ့ အလုပ်အကျွေးပါပဲ။

သားဆိုယင်တော့ ပစ္စည်းဘဝက်စီ၊ သမီးဆိုယင်တော့ ပစ္စည်းလဲ မင်း အကုန်ယူ၊ သမီးကိုလဲ မင်းရဲ့အလုပ်အကျွေးအဖြစ်နဲ့ ငါ အပ်မယ်တဲ့။

ဒီလိုပြောတော့ ဟို ၁၂ နှစ်သား ပုဏ္ဏား ပေါက်စလေး မစောင့်နိုင်ဘူးဗျာ၊ အဲဒါတွေ ကျုပ်သာ အခုချက်ချင်း အကုန်ပေး ဆိုပြီးတော့ တောင်းပြန်ရော၊ စောင့်ပါဦးလို့ နှစ်ကြိမ်ပြောတယ်၊ ဟိုကလဲ မစောင့်နိုင်ဘူး။ စောင့်ပါဦးလို့ သုံးကြိမ် တောင်းပန်တယ်၊ ဟိုကလဲ မစောင့်နိုင်ဘူး ဆိုပြီးတော့ သုံးကြိမ် တောင်းဆိုလာတယ်။

အဲဒီလို အတင်းဆိုလဲလာရော ကိုင်း–ဟောဒီ ငါ့ဝမ်းထဲက ကိုယ်ဝန်ဟာ သားလား သမီးလား ချက်ချင်းသိရအောင် ငါ မြင်မယ် ဟေ့၊ ပစ္စည်း အကုန်တော့ မပေးဘူးဆိုပြီးတော့ ဓားကိုင်ပြီး ဗိုက်ကို တခါတည်း ခွဲချလိုက်တာ။

### ပစ္စည်းလဲရှုံး အသက်ပါဆုံးရသည်

အထခေါ၊ ထိုအခါမှာ။ သာဗြာဟ္မဏီ၊ ထိုပုဏ္ဏေးမကြီးသည်။ သတ္ထံ၊ ဓားကို။ ဂဟေတွာ၊ ကိုင်စွဲ၍။ ဩဝရကံ၊ တိုက်ခန်းတွင်းသို့။ ပဝိသိတွာ၊ ဝင်ရောက်ပြီးတော့။ ဥဒရံ၊ ဝမ်းကို။ ဩပါဒေသိ၊ ဓားနဲ့ ခွဲခဲ့လေပြီ။

ဓားကိုင်ပြီး အခန်းထဲဝင်ကာ ဗိုက်ကို တခါတည်း ခွဲလိုက်ပါတယ်။ ဟို ပုဏ္ဏားကလေး ဗိုက်ဆံ(အမွှေ) အတင်းတောင်းလို့ ခွဲရတာ၊ ၁၂ နှစ်သား ပုဏ္ဏားလေးက ပစ္စည်း အတင်းတောင်းလို့ ဟောဒီမှာ ကိုယ်ဝန်ဆောင် ပုဏ္ဏေးမကြီးဟာ ငါ့သားအတွက်လဲ ပေးမှဖြစ်မယ်၊ ပစ္စည်းတွေ မြန်မြန်ဝေရအောင် ဆိုပြီးတော့ ဝမ်းဗိုက်ကို ခွဲချလိုက်တာ၊ ခေတ်မီတဲ့နည်းနဲ့ ခွဲတာမှုမဟုတ်ပဲ။

သာ၊ ထို မိမိဝမ်းဗိုက်ကို ဓားနဲ့ ခွဲလိုက်တဲ့ ပုဏ္ဏေးမကြီးသည်။ အတ္တာနုဥ္စ၊ မိမိကိုလဲ။ ဝိနာသေသိ၊ ပျက်စီးစေခဲ့လေပြီ။ ဇဝိတဥ္စ၊ အသက်ကိုလဲ။ ဝိနာသေသိ၊ ပျက်စီးစေခဲ့လေပြီ။ ဂဗ္ဘဥ္စ၊ ကိုယ်ဝန်ကိုလဲပဲ။ ဝိနာသေသိ၊ ပျက်စီးစေခဲ့လေပြီ။ သာပတေယျဥ္စ၊ ဥစ္စာအနှစ်ကိုလဲပဲ၊ ဝိနာသေသိ၊ ပျက်စီးစေခဲ့လေပြီ။

သူ့အသက်ကိုလဲ သူ ဖျက်ဆီး၊ သူ့ကိုယ်ကိုလဲ သူ ဖျက်ဆီး၊ အမွှေဥစ္စာကိုလဲ ဖျက်ဆီး။ အမွှေခံမယ့်သားကိုလဲ ဖျက်ဆီး။ အကုန်လုံး ဖျက်ဆီးပစ်လိုက်တာ သူလဲ အသက်ဆုံး၊ သားလဲ အသက်ဆုံး၊ ပစ္စည်းလဲ ဆုံးရှုံး မဟုတ်လား။ ဖွားအောင် စောင့်မယ်ဆိုယင် ရက်ပိုင်းပဲ ရှိတော့တာ၊ အဲဒါ မစောင့်နိုင်တော့ပဲ အမွှေခွဲချင်တာနဲ့ ဝမ်းဗိုက်ကိုခွဲလိုက်တာ အကုန်လုံး ဆုံးရှုံးသွားတယ်။ ဘုန်းကြီးတို့ ပရိသတ်များ— ရှေ့ဆက်ပြောဖို့ မလိုတော့ဘူး၊ အဓိပ္ပာယ်က ရှင်းနေပြီ၊ ဟုတ်လား။

သေပြီလို့ နတ်ပြည် ကိန်းသေရောက်မယ်ဆိုယင် အခုပဲ အဆိပ်သောက်သေလိုက်ကြပါတော့လားလို့ ပါယာသိမင်းက ပြောထားတယ် မဟုတ်လား၊ ဟောဒီမှာ ဂဗ္ဘိနီဥပမာ—ကိုယ်ဝန်ဆောင် ဓားခွဲတဲ့ ဥပမာနဲ့ ပြလိုက်တယ်။ ဖွားမယ့်အချိန်သို့ မရောက်သေးပဲနဲ့ အမွှေပစ္စည်းကို ခွဲယူချင်တာနဲ့ သားဆိုယင် တယောက်အဝက်၊ သမီးဆိုယင်တော့ ပစ္စည်းရော သမီးပါ ဟို ၁၂ နှစ်သား လက်ထဲအကုန်အပ်၊ ဒီလိုနော်။

သားလေးဖြစ်လိမ့်မယ်လို့လဲ မျှော်လင့်တယ်၊ ပစ္စည်းတဝက်ကိုလဲ ရလိမ့်မယ်လို့လဲ မျှော်လင့်တယ်။ အဲဒီ မျှော်လင့်ချက်နဲ့ ဖွားဖို့ရန် အချိန် မရောက်သေးတဲ့ ကိုယ်ဝန်ကိုခွဲတဲ့ ဒကာမကြီးဟာ—

အတ္တာနံ စေဝ ဝံပိတဉ္စ ဂဏ္ဍဉ္စ သာပတေယျဉ္စ ဝိနာသေသိ၊

မိမိကို လည်းကောင်း၊ မိမိအသက်ကို လည်းကောင်း၊ သား ယောကျ်ားဖြစ်တဲ့ကိုယ်ဝန်ကိုလည်းကောင်း၊ အပေါင်ပစ္စည်းကိုလည်းကောင်း ပျက်စီးစေခဲ့လေပြီ။

**အလကား အသက်ရှည်နေကြတာ မဟုတ်ဘူး**

န ခေါ ရာဇည သမဏဗြာဟ္မဏာ သီလဝန္တော ကလျာဏဓမ္မာ အပက္ကံ ပရိပါစေန္တိ၊ အပိ စ ပရိပါကံ အာဂမေန္တိ။

ရာဇည၊ ဒကာတော် ပါယာသိမင်း။

သီလဝန္တော၊ သီလနှင့် ပြည့်စုံဘော်မူကြကုန်သော။ ကလျာဏ ဓမ္မာ၊ ကောင်းသောတရား ရှိကြကုန်သော။ သမဏဗြာဟ္မဏာ၊ သမဏ ဗြာဟ္မဏ ခေါ် ဆို ပုဂ္ဂိုလ်သူမြတ်တို့သည်။ အပက္ကံ၊ **မကုန်ဆုံးသေးတဲ့ အာယုသင်္ခါရ်ပို၊** အာယုသင်္ခါရကိုလဲ၊ နပရိပါစေန္တိ၊ ကုန်ဆုံးအောင် **မလုပ်ကြလေကုန်။**

ပညာရှိ သူတော်ကောင်းတို့သည် မကုန်ဆုံးသေးတဲ့အာယုသင်္ခါရကို ကုန်အောင် ဘယ်သူမှ လုပ်မပစ်ကြဘူး, မဖြုန်းကြဘူး။ သူတော်ကောင်း မှန်သမျှ အာယုသင်္ခါရမကုန်သေးပဲနဲ့ ကိုယ့်ကိုယ်ကို ဘယ်သူမှ သတ်ပြီး တော့ သေချိုးထုံးစံမရှိဘူး။ ရဟန္တာကြီး များသော် တိုက်ခိုလေသာ ကုန် ပြီ၊ နိဗ္ဗာန်ဝင်ကြရမယ်ဆိုတာ သေနဲ့ သိနေပ လျက်နဲ့ ရဟန္တာဖြစ်ဖြစ်ချင်း ကိုယ့်ကိုယ်ကို သတ်ပြီးတော့ ရိနိဗ္ဗာန်ပြုတယ်ဆိုတာ ဘယ်ရဟန္တာမှ မရှိဘူး။

နာဘိ နန္ဒာမိ ဇီဝိတံ၊

ဇီဝိတံ၊ **အသက်ရှည်မှုကိုလဲပဲ။** နာဘိနန္ဒာမိ၊ နှစ်သက်လို့တော့ မဟုတ်ပါဘူး။

နာဘိနန္ဒာမိရကာ–သေခြင်း ကိုလဲပဲ မျှော်လင့်နေကြတာ မဟုတ် ပါဘူး။

အသက်ရှည်ပြီးတော့ ဟောဒီ စက်ဆုပ်ဖွယ်ခန္ဓာကိုယ်ကြီးနဲ့ နေနေရတာကို နှစ်သက်လို့လဲပဲ နေကြတာတော့ မဟုတ်ပါဘူးတဲ့၊ ဒါဖြင့် သေခြင်းကို မျှော်လင့်ကြသသားဆိုတော့ သေခြင်းတရားကိုလဲ မျှော်လင့်ကြတာတော့မဟုတ်ပါဘူး။ ဘာလုပ်နေကြတာလဲဆိုတော့—

နိဗ္ဗိသံ ဘတကော ယထာ၊

သူတပါးအိမ်မှာ လခစားလုပ်တဲ့ ပုဂ္ဂိုလ်သည် လ ကုန်တဲ့ရက် လစာထုတ်မယ့်ရက်ကို စောင့်ပြီးတော့ အလုပ် လုပ်နေသလိုပဲ၊ လခစားသမားတွေဟာ လကုန်တဲ့အခါ လစာရလိမ့်မယ်လို့ မျှော်လင့်ပြီးတော့ တာဝန် ထမ်းနေကြသလို အခုချက်ချင်း လကုန်စေသတည်းလို့ လကိုချုံ့လို့ ဘယ်ရမလဲ၊ လကုန်ရက်ကို စောင့်ပြီးတော့ အလုပ် လုပ်နေရသလိုပဲ။

ဟောဒီမှာ သူတော်ကောင်းတို့ကလဲ အာယုသင်္ခါရ ကုန်မယ့်အချိန်ကို စောင့်ဆိုင်းပြီးတော့ သူတော်ကောင်းတရားကို ကိုယ့်အတွက်လဲ အားထုတ်နေကြတယ်။ သူတပါးတို့အတွက်လဲ အားထုတ်နေကြတယ်။ အတ္တနဲ့ပရ ဤနှစ်ဝအကျိုးများ တိုးပွားဖို့ရန် အားထုတ်နေကြတာ၊ အလကားအသက်ရှည်နေကြတာ မဟုတ်ဘူး။

မိမိအကျိုး တိုးပွားဖို့ရန် အသက်ရှည်ရမယ်, သူတပါးအကျိုးတိုးပွားဖို့ရန်လဲ အသက်ရှည်ရမယ်။ အသက်ရှည်ခြင်းဖြင့် မိမိလဲအကျိုးစီးပွားဖြစ်စေ၊ သာသနာပြုပုဂ္ဂိုလ်များ အနေနဲ့လဲ သာသနာတော်ကြီး အကျိုးစီးပွားဖြစ်စေ၊ တိုင်းပြည် လူမျိုး ဘာသာ သာသနာ အများနဲ့ ကိုယ် ဒီနှစ်မျိုးမှာ အကျိုးစီးပွားတိုးပွားဖို့ရန် ဇီဝိတုကာမာ—အသက်ရှည်မှုကို လိုလားကြတာ၊ အမရိတုကာမာ—သေခြင်းကို မလိုလားကြဘူး၊ ဟုတ်လား။

## အတ္တဟိတ, ပရဟိတ နှစ်ဝအကျိုးအတွက်

ကလျာဏဓမ္မာ၊ ကောင်းသော သဘောရှိကြကုန်သော။ သီလဝန္တော၊ သီလနှင့် ပြည့်စုံတော်မူကြကုန်သော၊ သမဏဗြာဟ္မဏာ၊ သမဏဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်တို့သည်။ ဇီဝိတေန၊ အသက်ကြာမြင့်စွာရှည်ပြီးတော့ နေကြခြင်းဖြင့်။

ဗဟုဇနဟိတာယ စ ပဋိပန္နာ ဗဟုဇနသုခါယ—

ဗဟုဇနဟိတာယ၊ လူများစွာအကျိုးစီးပွားဖြစ်ဖို့နဲ့ အကျိုးငှာ။ ဗဟုဇနသုခါယ၊ လူများစွာချမ်းသာဖို့နဲ့အလို့ငှာ။ ပဋိပန္နာ၊ ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူနေကြပါတယ်။

တသ္မာ၊ ထိုကြောင့်။ ဧဝံ၊ ထိုပိပိအကျိုး၊ သူတပါးအကျိုး၊ မျှော်ကိုးပြီးတော့ အားထုတ်တော်မူနေကြတဲ့ သူတော်ကောင်းတို့သည်၊ အတ္တာနံ၊ မိမိဘို့ကို။ နပာတေန္တိ အချိန်မကျသေးပဲနဲ့ အသေလိုသတ်ပြီးတော့ သေကြတယ်ရယ်လို့ မရှိကြပါဘူး။

မိုက်တဲ့ပုဂ္ဂိုလ်တွေသာ သေကြတာ၊ မိုက်တဲ့ပုဂ္ဂိုလ်တွေသာ အချိန်မကျသေးပဲနဲ့ ကိုယ့်ကိုယ်ကိုသတ်ပြီးတော့ သေကြတာ။ ကိုယ့်အကျိုးသူ့အကျိုးမဆောင်ရွက်နိုင်ဟဲ့အခါ ကိုလေသာနှိပ်စက်လို့ ကိုယ့်ကိုယ်ကိုသတ်ကြတာ။

ကိုယ့်အကျိုးလဲပဲ ဆောင်ရွက်အားထုတ်၊ သူတပါး အကျိုးလဲ အားထုတ်ဆောင်ရွက်ခြင်းဆိုတဲ့ အဲဒီလို သူတပါးအကျိုး၊ မိမိအကျိုးကို ကြာကြာကြီးအားထုတ်ဖို့ရန်အတွက် အသက်သေမယ့်အချိန်ကို စောင့်ပြီးတော့၊ အခုနကပြောခဲ့တဲ့ လကုန်ရက်မှာ လစာထုတ်မယ်ဆိုတာလို အာယုသင်္ခါရ သူ့ဟာသူကုန်လို့ ဘဝကောင်းပွန်လိုက်ရယင် ဒီဘဝမှာ အားထုတ်ရတဲ့အတွက်ကြောင့် ဘဝသစ်ဆိုတဲ့ လစာထုတ်ခြင်း အကျိုးတရားဟာ အလိုလိုရလိမ့်မယ်။

အဲဒါကို မျှော်လင့်ပြီးတော့ စောင့်ဆိုင်းနေကြတာတဲ့၊ အချည်းနှီး ကိုယ့်ကိုယ်ကို သတ်ပြီးတော့ ဘယ်သေမှာတုန်း ဒကာတော် ပါယာသိမင်းကြီး။

ရာဇည၊ ပါယာသိမင်း။ ဥပမိနာပိပရိယာယေန၊ ဤအကြောင်းကြောင့်လဲပဲ။

ဥပမာယပိ အတ္ထိ ပရေလောကော၊ အတ္ထိ သတ္တာ ဩပပါတိကာ၊ အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော။

နောက်ဘဝ နောက်မလောက, ဥပပါတ်သတ္တဝါ, ကုသိုလ်အကုသိုလ်နဲ့ ကုသိုလ်အကုသိုလ်ရဲ့ အကျိုးရှိတယ်ဆိုတဲ့ အယူဝါဒသည်၊

တော၊ သင့်မှာ။ ဟောတု၊ ဖြစ်ပါတော့လား(ဝါ) ဖြစ်စေချင်ပါတယ်။-လို့

အာယသ္မ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ တော်စနံ ဤဂဗ္ဘိနီဥပမာကို စံပြုထားပြီးတော့ ပါယာသိမင်းတရားနားလည်ဖို့ အကြောင်းတရားတွေကို။ အဝေါစ၊ ကောင်းစွာ မသေမိန့်ကြားတော်မူလိုက်ပါပေသေးတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

ဂဗ္ဘိနီဥပမာ—ကိုယ်ဝန်ဆောင်အမျိုးသမီး ကိုယ့်ကိုယ်ကို ဖျက်ဆီးတဲ့ဥပမာ။

ဖွားချိန်မကျသေးပဲနဲ့ ခါးနဲ့ခွဲလို့ ပျက်စီးဆုံးရှုံးရတာ၊ သေချိန်မရောက်သေးပဲနဲ့ သေကြောပျက်စီးရတာ။ သူတော်ကောင်းတို့သည် သေချိန်မကျသေးပဲနဲ့ အာယုသင်္ခါရ မကုန်သေးပဲနဲ့ ကိုယ့်ကိုယ်ကို သတ်ပြီးတော့ မသေကြဘူး၊ ရဟန္တာကြီးများတောင်မှ ပရိနိဗ္ဗာန်စံမယ့်အချိန်ကို စောင့်ပြီးတော့ နေကြတယ်။

နာဘိနန္ဒာမိ ဇီဝိတံ နာဘိနန္ဒာမိ မရဏံ၊

အသက်ရှည်ဖို့ကို နှစ်သက်လို့လဲမဟုတ်ပါဘူး၊ သေခြင်းကိုနှစ်သက်လို့လဲ မဟုတ်ပါဘူး။

နိဗ္ဗိသံ ဘတကော ယထာ၊

လခစားလုပ်တဲ့ ပုဂ္ဂိုလ်သည် လကုန်ရက်မှာ လစာရမယ်ဆိုတာကို မျှော်သလိုပဲ အာယုအင်္ဂါရကုန်ယင် တို့ဟောဒီမှာ သုဂတိအကျိုးနဲ့နိဗ္ဗာန်ဆိုတဲ့အကျိုးကို ရလိမ့်မယ်ဆိုပြီးတော့ ကာလံ—အာယုသင်္ခါရကုန်ဆုံးမယ့်အချိန်အခါကာလကို။ အာဂမေန္တိ — စောင့်နေကြတယ် ဒကာတော်မင်းကြီးလို့ ပြောလိုက်တယ်။

ပါယာသိမင်းကြီး သူ့အယူကို စွန့်ပြီလားလို့ဆိုတော့ မစွန့်သေးပါဘူး။—တဲ့

ကိုင်း— ဇနာရီလဲထိုးပြီ၊ နောက်တရက်မှာ ဆက်ကြပါစို့။

# ပါယာသိသုတ္တန်

ပဌမပိုင်း

၁၃၄၃-ခုနှစ် နယုန်လဆန်း ၁၂ ရက်နေ့ည
ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားလမ်း၊
ဝဲပုံကျောင်းတိုက်အတွင်း
ဆင်ယင်ကျင်းပသည့်
ဓမ္မသဘင်၌ ဟောကြားသည်။

ဒီတော့ ယခုနက အကျိုးသမီး သူ့သားအပွေ့ရချင်တယ်ဆိုတာနဲ့ ပဲ ချက်ချင်း ဗိုက်ထဲကသားကို ခွဲပြီးတော့ ပြလိုက်တာ သားလဲသေ, အမေလဲသေ, အားလုံးတော့ သုံးကျိုးဆုံးရှုံးခဲ့တယ် မဟုတ်လား။ အေး–ဥာဏ်နည်းတဲ့ ပုဂ္ဂိုလ်ကွဲဟာ ဒီလိုပဲလုပ်တယ် ဒကာတော်ပါယာသိမင်း၊ တမလွန်ဘဝ ကံနှင့်သေမျိုးနေတယ်ဆိုတာ သူတော်ကောင်းတွေ သိပါတယ်။ ဒီလိုဆိုလိုက်တော့ ပါယာသိမင်းကြီးက -

ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ။
အထ ခေါ ဧဝံ မေ ဧတ္ထ ဟောတိ–

ဘဝံ ကဿပေါ၊ အရှင်ကုမာရကဿပ မထေရ်မြတ်သည်။ ဧဝံ၊ ဤသို့။ ကိဉ္စာပိအာဟ၊ တကယ်လို့ဆိုပါသော်၏။

အရှင်ကုမာရကဿပ–အရှင်ဘုရား ဒီလိုဆိုတော့ဆိုပါတယ်။ သို့ သော်လဲ–

ဧတ္ထ၊ ဤဝါဒမှာ။ မေ၊ တပည့်တော်ရဲ့။ ဧဝံ၊ ဤသို့သောအယူ ဝါဒသည်။ ဟောတိ၊ ဖြစ်နေသေးတယ်။

၁။ ဣတိပိ နတ္ထိ ပရော လောကော– နောက်လောကဆိုတာ မရှိဘူး။

၂။ ဣတိပိ နတ္ထိ သတ္တာ ဩပပါတိကာ–ငရဲ နတ် ဗြဟ္မာ ဥပပါတ် သတ္တဝါဆိုတာ မရှိဘူး။

၃။ ဣတိပိ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော– ကုသိုလ် အကုသိုလ်နဲ့ ထိုကုသိုလ် အကုသိုလ်ရဲ့ အကျိုး ပေးဆိုတာ မရှိဘူး။–လို့

ဧဝံဝါဒီဓနော၊ဤဝါဒသည်။ မေ၊ တပည့်တော်ရဲ့သန္တာန်မှာ။ဟော တိ၊ ရှိနေပါသေးတယ် ဖြစ်နေပါသေးတယ်ဘုရား။

အရှင်ကုမာရကဿပရဲ့ ဥပမာပေးဖြေရှင်းပြတာကို သူကျေတော့ ကျေနပ်တယ်၊ ဥပမာကိုတော့ သူတော်တော်ကြိုက်သွားတယ်၊ ဒါပေမယ့်

နောက်ဘဝမရှိဆိုတဲ့ သူ့အယူကို သူ မစွန့်သေးပါဘူးလို့ သူ ဆက်ပြောတယ်။ နောက်ဘဝမရှိ, ငရဲ နတ် ပြဟ္မာ ဥပပါတ် သတ္တဝါမရှိ, ကုသိုလ် အကုသိုလ်နဲ့ထိုကုသိုလ် အကုသိုလ်ရဲ့အကျိုးမရှိ ဆိုတဲ့ဝါဒကို တပည့်တော် မစွန့်နိုင်သေးဘူးလို့ သူဆက်ပြီးတော့ တက်လာတယ်။ ဒီအခါ အရှင် ကုမာရကဿပ မထေရ်က—

**အတ္ထိ ပန ရာဇည ပရိယာယော၊**

ရာဇည၊ ပါယာသိမင်း၊ တော၊ သင့်မှာ။ ပရိယာယော၊ အကြောင်းပြစရာသည်။ အတ္ထိပန၊ ရှိပါရဲ့လား။

**ဒကာတော် ပါယာသိမင်း**— နောက်ဘဝမရှိဘူးဆိုတဲ့ သင့်အယူ အဆအတွက် အကြောင်းပြစရာ လုံလုံလောက်လောက်ရှိပါသေးသလား။

**အတ္ထိ ဘော ကဿပ ပရိယာယော၊**

**ဘောကဿပ**၊ အို—အရှင်ကုမာရကဿပ။

ပရိယာ**ယော**၊ အကြောင်းပြစရာဆိုတာ အတ္ထိ၊ **ရှိပါသေးတယ်** ဘုရား။

**တပည့်တော်**မှာ အကြောင်းပြစရာ ရှိပါတယ်။

ဒီနေရာမှာ ထပ်ဘုလဲလဲလာတဲ့ ပါဠိတော်စာပိုဒ်တွေကို ဘုန်းကြီး တို့လိုရင်းမိအောင် ခြုံပြီးတော့ ဆိုလိုက်တယ်၊ အတ္ထိ ပန ရာဇည ပရိ ယာယော ယေန တေ ပရိယာယေန ဧဝံ ဟောတိ “ဣတိပိ အတ္ထိ ပရော လောကော” ဆိုတာတွေက သိပ်ထပ်သွားတယ်၊ လိုရင်းလေး ကောက်လိုက်တော့—

အတ္ထိ ပန ရာဇည ပရိယာယော၊

ဒကာတော်ပါယာသိမင်း သင်အကြောင်းပြစရာ ရှိရဲ့လား။

**တမလွန်လောက နောက်ဘဝမရှိကြောင်း အကြောင်းပြချက်**

အတ္ထိ **ဘော** ကဿပ ပရိယာယော၊

**တပည့်**တော်မှာ **အကြောင်းပြစ**ရာ ရှိပါတယ်ဘုရား။

ယထာ ကထံ ဝိယ ရာဇညာ၊

သင်ပြမယ့် အကြောင်းက ဘယ်လိုများပါလိမ့်မလဲ။

တေနဟိ ရာဇည ပရိယာယေ ဒဿေဟိ၊

ရာဇည၊ ပါယာသိမင်း။ တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ ပရိယာယံ၊ အကြောင်းပရိယာယ်ကို။ ဒဿေဟိ၊ ပြလော့။

ဒကာတော်ပါယာသိမင်း-ဗိလိုဆိုယင် သင်ပြလိုတဲ့အကြောင်းကို ပြပါ။

ပါယာသိမင်းကြီး အလည့်ရောက်လာပြန်ပြီနော်၊ ထိုပါယာသိမင်းကြီးရဲ့အလည့်ပြီးယင် အရှင်ကုမာရကဿပမထေရ်က သူတင်လာတဲ့အကြောင်းကို ဥပမာနဲ့ ရှင်းပြပေလိမ့်ဦးမယ်။ ပါယာသိမင်းကြီး နောက်ဘဝ မရှိဘူးဆိုတဲ့အကြောင်း သူ့ပြာမယ့်စကား နားထောင်ကြည့်ပါ။

ဣဓ မေ ဘော ကဿပ ပုရိသာ စောရံ
အာဂုစာရိံ ဂဟေတွာ ဒဿေန္တိ—

ဘောကဿပ၊ အိုဒ ရှင်ကုမာရကဿပ။

မေ၊ ဘုရားတပည့်တော်ရဲ့။ ဣဓ၊ ဤသေဝေဗျမြို့မှာ။ ပုရိသာ၊ တပည့်တော်ရဲ့ မင်းချင်းယောကျ်ားတို့သည်။ စောရံ၊ ခိုးသူကို။

ရှေးပေါရာဏ နိဿယအတိုင်းဆိုယင်တော့ စောရဆိုတာ ခိုးသူပဲ၊ စောရဆိုယင် ခိုးသူချည်းလာတာပဲ။ စောရကို ဗိန္ဒေရမှာ မင်းပြစ်ဒဏ်သင့်၊ သေဒဏ်အခတ်ခံရတဲ့ ရာဇဝတ်သားလို့ ဆိုလိုက်ပါ။

အာဂုစာရိံ၊ ယုတ်မာသောအကျင့်ရှိတဲ့။ စောရံ၊ သက်ထိုက်တဲ့ ရာဇဝတ်သားကို။ ဂဟေတွာ၊ ခေါ်ဆောင်ပြီးတော့။ ဒဿေန္တိ၊ ပြလာကြပါကုန်သည်ဘုရား။

အရှင်ဘုရား—တပည့်တော်တို့ရဲ့ သေတဗျမြို့မှာ၊ တပည့်တော်ရဲ့ နန်းတွင်းက မင်းချင်း ယောကျ်ားတို့သည် မင်းပြစ်ဒဏ်သင့်ပြီး သတ်ထိုက်သော ရာဇဝတ်သား တယောက်ကို ခေါ်လာပြီးတော့ တပည့်တော်ကို ပြပါတယ်ဘုရား။

အယံ တေ ဘန္တေ စောရော အာဂုစာရီ

ဘန္တေ၊ ပါယာသိမင်း။ အယံ၊ ဤသူသည်ကား။ အာဂုစာရီ၊ ယုတ်မာသောအကျင့်ရှိတဲ့။ စောရော၊ လူသတ်သမားပါ။

ဒီလူဟာ ယုတ်မာသော ကိုယ်ကျင့်တရားရှိတဲ့ လူသတ်သမား တယောက်ပါ အရှင်မင်းကြီး။

ဏ္ဍမယ ယံ ဣစ္ဆသိ၊ တံ ဒဏ္ဍံ ပဏောဟီတိ၊

ဏ္ဍမယ ဤသူ့အတွက်။ ယံ၊ အကြင် အပြစ်ဒဏ်ကို။ တွံ၊ သင်ပါယာသိ မင်းကြီးသည်။ ဣစ္ဆသိ၊ အလိုရှိ၏။ တံဒဏ္ဍံ၊ ထိုအပြစ် ဒဏ်ကို။ တွံ၊ သင်ပါယာသိမင်းကြီးသည်။ ပဏောဟိ၊ အပြစ်ဒဏ်ထားပါ။

အို-ပါယာသိမင်းတရား၊ ဤပုဂ္ဂိုလ်သည် သတ်ထိုက်သော ရာဇ ဝတ်သားပါ၊ သတ်ထိုက်သော ရာဇဝတ်သားကို မင်းကြီးသည် သင့် တော်သော အပြစ်ဒဏ်များ ပေးပါ၊ အမှုကတော့ သတ်ထိုက်တဲ့အမှု ပါပဲ၊ ဒါပေမယ့် မင်းကြီးသင့်လျော်တဲ့ အပြစ်ကိုသာ ပေးပါ။

မင်းကြီး အလိုရှိတဲ့ ဒဏ်ကိုပေးပါဆိုတော့ ပါယာမင်းကြီးက အဲဒီလူကို အမိန့် (ပြစ်ဒဏ်)လဲပေးမယ် သူသိလိုတဲ့ အချက်ကလေးကိုလဲ အဲဒီလူကို စမ်းမယ်၊ နောက်ဘဝကို ဘယ်လိုသွားမယ်ဆိုတာ စမ်းသပ် မယ်။

## လက်တွေ့ စမ်းသပ်ကြည့်မယ်

> တေန ဟိ ဘော ဣမံ ပုရိသံ ဇီဝန္တံယေဝ ကုမ္ဘိယာ ပက္ခိပိတ္ဝာ မုခံ ပိဒဟိတွာ အလ္လေန စမ္မေန ဩနန္ဓိတွာ အလ္လာယ မတ္တိကာယ ဗဟလာဝ လေပနံ ကရိတွာ ဥဒ္ဒနံ အာရောပေတွာ အဂ္ဂိ ဒေထာ''တိ။—လို့

ပါယာသိမင်းကြီး၏ အမိန့်ပေးလိုက်တယ်။

ဘော၊ အို-အချင်းတို့။

တေနဟိ၊ တိုက်တွန်းပါ၏။

ဟော့=ငါတိုက်တွန်းတယ်ကွ။

(ဝါ) တေနဟိ ထိုသို့သတ်ထိုက်တဲ့ ပုဂ္ဂိုလ်တယောက် ဖြစ်ပါမူ ကား၊ ဣမံပုရိသံ ဤယောက်ျားကို။ ဇီဝန္တံယေဝ အသက်ရှင်လျက်နှင့် ပင်လျှင်။ ကုမ္ဘိယာ အိုးကြီးကြီးထဲ၌။ ပက္ခိပိတ္ဝာ ထည့်၍။

ကုမ္ဘီယာဆိုတာကတော့ ပါဠိဘာသာနဲ့ ဆိုရင်တော့ "အိုး"ပါပဲ လူဘယောက်လုံး ထည့်ရမှာဆိုတော့ "တာအိုး"လေးတော့ မဖြစ်နိုင်ဘူး အိုးကြီးကြီးပဲ ဖြစ်မှာ၊ အဲဒါကြောင့်

ကုမ္ဘီယာ အိုးကြီးကြီးပဲဒ္ဒ၊

ရာဝင်အိုး စဉ့်အိုးကြီးယဲမှာ အဲဒီလူတယောက်ကို ကည့်မယ်။

ကုမ္ဘီယာ၊ အိုးကြီးကြီးလဲမှာ။ ပက္ခိပိတွာ ကည့်ပြီးတော့။ မုခံ ပိဒဟိတွာ၊ အိုးဝကိုလုံအောင်ပိတ်၍။ အလ္လေန စမ္မေန ဝိနဒ္ဓိတွာ၊ ကျက်၍။

စည်ကျက်သလိုပေါ့၊ အဲဒီသတ်မှာမယ့် ရာဇဝတ်သားကို စဉ့်အိုး ကြီးအကြီးကြီးထဲသည့်၊ ထည့်ပြီးဘော့ အပေါ်ကနေ စလောင်းဖုံးကြီးနဲ့ အုပ်လိုက်ပါ။

စလောင်းဖုံးကို ပက်လက်လှန်ပြီးဘော့ အုပ်ရမယ်၊ စလောင်း ဖုံးကို မှောက်ခုံကြီးအုပ်ယင် အပေါ်က အချွန်ကြီး ထက်နေလို့ အဲဒါ သားရေကျက်လို့မရဘူး။ စလောင်းဖုံးကို ပက်လက်လှန်ပြီးတော့အုပ်လိုက်၊ ပြီးဘော့မှ အပေါ်ကနေ အလ္လေန စမ္မေန ဩနဒ္ဓိတွာ၊ သားရေ အခြောက်နဲ့ဘောင် မကျက်ပါနဲ့ဟ အပေါ်ကလေး ကျွန်မှာစိုးလို့၊ သားရေအစိုနဲ့ ထိပ်ကနေ စည်ကျက်သလို လုံအောင်ကျက်ပါတဲ့။

အလ္လေန စမ္မေန ဩနန္ဒိတွာ၊ သားရေအစိုနဲ့ လုံစွာကျက်၍။ အလ္လာယ၊ စိုသော။ မတ္တိကာယ၊ မြေညက်ဖြင့်။ ဗဟလာဝလေပနံ၊ ထူထူ ထဲထဲ လိမ်းကျံခြင်းကို။ ကရိတွာ၊ ပြု၍၊

သတ်မယ့်လူကို စဉ့်အိုးကြီးထဲသည့် (စလောင်းဖုံး ဖုံးပြီးဘော့ သားရေနဲ့ကျက်၊ သားရေကျက်ပြီးဘော့ မြေကြီး စေးစေးနဲ့ အပေါ်က ရွှံ့ အောင် လုံနေအောင်ပိတ်လိုက်။

အဂ္ဂိရတ်ဖော်မိသလို

အဂ္ဂိရတ်ထိုးတဲ့ နေရာမှာ "ဖော်မိ"ဆယ်ဆိုတာ ရှိတယ်၊ လုံထဲ ဓာတ်လုံးလေးထည့်၊ အပေါ်က ဆေးအုပ် တာတောင် ဆေးဘူးတာ တွေအပြည့်ထည့်ပြီးဘော့ အပေါ်ကနေ လုံကို အဖုံးကလေးဖုံး။ ဖုံးပြီးတဲ့

အခါကျတော့ ရှိစေးစေး ကျောက်ခဲမပါရဘူး,သဲမပါရဘူး, သစ်မြင်တွေ ဘာတွေ မပါရဘူး။ စေးပြီးတော့ သန့်ရှင်းနေတဲ့ မြေစေး၊ အဲဒါကို မြေနီမှုန့်တို့ ကြွေမှုန့်တို့နဲ့ သေသေချာချာနယ် ထောင်းပြီးတော့ လက်နဲ့ ကိုင်လိုက်ယင် အစေးပေါက်လာတယ်။

အဲဒီဥစ္စာနဲ့ လုံကို အပေါ်ကနေ အဖုံးဖုံးပြီးတော့ တထပ်လျှောက် ပတ်ပြီးတော့ "မံ့"လိုက်၊ ပြီးတော့မှ အပေါ်ကနေ ရွှံ့စေး အရေစိမ် ထားတဲ့ အဝတ်ပါးပါးလေးတွေ တထပ်ပြီးတထပ် လျှောက်ပြီးတော့ ပတ်လိုက်။ ပြီးတော့ ရွှံ့စေးတထပ် မံလိုက်၊ အဝတ်တထပ်အုပ်လိုက်၊ အဲဒီလို အဝတ်သုံးထပ်နဲ့ ရွှံ့စေးသုံးထပ် "မံ"ပြီးပြီ ဆိုတဲ့ အခါကျ တော့မှ အဲဒီ ရွှံ့စေး "မံ"ထားတဲ့ လုံကလေးကို ဖွဲပြာနုနုကလေးထဲမှာ အသာလှိမ့်လိုက်ရတယ်၊ ကိုင်ချင်တဲ့ နေရာကကိုင် ဘယ်မှမကပ်တော့ဘူး၊ ပြီးတော့မှ အဲဒါကို မီးရဲရဲထဲထည့်ပြီးတော့ ဖုတ်ရတယ်တဲ့။

အင်္ဂရိတ်ထိုးတဲ့နေရာမှာ လုံကို"ဇော်မံ"တာ၊အဲဒီရွှံ့မံတာကို အင်္ဂရိတ် ဓဝါဟာရက"ဇော်မံ"တယ်လို့ ခေါ်တယ်။ "ဇော်"ဆိုတာ ဘာမှန်း တော့ မသိဘူး၊ အင်္ဂရိတ်ထိုးတဲ့နေရာမှာ အဲဒီလိုလုပ်တာတော့ တွေ့တာပဲ ကိုယ်တိုင်တော့ မထိုးဖူးပါဘူး။ အဲဒီတော့—

အလ္လေန စမ္မေန ဩနန္ဓိတွာ၊ သားရေဆာစိုနဲ့ ကျက်ပြီးတော့၊ အလ္လာယမတ္တိကာယ၊ စိုစွတ်သော မြေညက်ဖြင့်။ ဗဟလာဝလေပနံ၊ ထူထူ ထပ်ထပ်လိမ်းကျံမှုကို။ ကရိတွာ၊ ပြု၍။

စဥ္စအိုးထဲ လူရောက်သွားပြီ၊အဖုံးတထပ်, သားရေတထပ်, ရွှံ့စေး အဘပ်ထပ်, အဝတ်တွေအထပ်ထပ်ပတ်ပြီးတော့ ထားလိုက်တာ၊ ကြည့် စမ်း—အထဲကလူဟာ ဘယ်လိုလုပ်မျှား အသက်ထွက်မယ်တော့ မသိဘူး၊ ပိတ်တော့ထားလိုက်ပြီတဲ့။ အဲဒီလို လှောင်ပိတ်ပြီးတော့ ဘာလုပ်မလဲ ဆိုတော့-

ဗဟလာဝလေပနံ၊ ထူထူထဲထဲလိမ်းကျံမှုကို။ ကရိတွာ၊ ပြု၍။ ဥဒ္ဓနံ၊ ဖိုခနောက်ပေါ်ကို။ အာရောပေတွာ၊ တင်၍။ အဂ္ဂိံ၊ မီးကို။ ဒေထ၊ ပေးကြကုန်လော့။

ဖိုခနောက်ပေါ် တင်ပြီးတော့ အောက်ကနေ မီးနာနာထိုးတဲ့၊ ရာဇဝတ်သားကို အိုးထဲထည့်အလုံပိတ်ပြီးတော့ ဖိုခနောက်အောက်ကနေ မီးနာနာတိုက်ရမယ်။

## ပါယာသိမင်းကြီး သုတေသနလုပ်ပုံ

ပါယာသိမင်းကြီး ကြံကြံဖန်ဖန်လုပ်နေတာနေ့၊ မိုးပိုင်သိုင်ရှင်မျိုးဟာ တော်တော်ရှားတယ်၊ ဟုတ်လား။ သာသနာ့ခေတ်မှာ ဘုန်းကြီးတို့ ဒီတယောက်ပဲ တွေ့ဖူးတယ်၊ ဘုန်းကြီးတို့ကလဲ ပိဋကတ်သုံးပုံစာပေကို အားတိုင်းဖတ်တော့နေတာပဲ ဒီရှင်ဘုရင်ကြီးလို သေပြီးနောက်ဘဝရှိတယ် ဆိုတာကို ရူးရူးစမ်းစမ်းလုပ်တာ သူတယောက်ပဲ တွေ့ဖူးသေးတယ်။

နောက်ဘဝမရှိဘူးဆို မရှိဘူးလို့ ဒိအတိုင်း ထားလိုက်တာပါပဲ၊ သုတေသနလုပ်တဲ့နေရာမှာ ပါယာသိမင်းကို နောက်လူတွေ မမီနိုင်ဘူးထင်တယ်၊ ဟုတ်လား၊ နောက်ဘဝရှိ,မရှိ ဟောဒီ လူ့ခန္ဓာဟောင်းကျက်ပြီးယင် ခန္ဓာသစ်ဘခုသို့ ဟောဒီလူ့ဘဝထည်းက ဝိညာဉ်လေးဟာ ဘယ်လို ပြောင်းတယ်၊ ဟို-အတ္တဝါဒရှိကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ အယူအဆနဲ့ပြောယင် ဇီဝအတ္တလေးသည် ဒီဘဝကနေ နောက်ဘဝ ဘယ်လိုပြောင်းတယ်ဆိုတဲ့ ဥစ္စာကို သူစဉ်းစားတာ၊

စဉ်းစားတော့ အခုရှာပြီ၊ လူကြီးကို အိုးထဲထည့်, ကလုံပိတ်ပြီး ဘေးဖိုခနောက်ပေါ်မှာတင်, အောက်ကနေ မီးနာနာတိုက်ပေးလိုက်တယ်။ ဒီလို မီးနာနာ ပေးလိုက်ပြီဆိုတော့ အပေါ်ပိုင်းမှာနှုတ်ခမ်းကို မီးရှို့တာတော့ မဟုတ်ဘူးနော်၊ အောက်ပိုင်းက မီးနာနာမြှိုက်ခတော့ တခနကုန်မီးနဲ့မြှိုက်တယ်လို့ ဆိုကြပါစို့။

ယဒါ မယံ ဇာနာမ "ကာလင်္ကတော သော ပုရိသော"တိ၊

ယဒါ၊ အကြင်အခါမှာ။ သောပုရိသော၊ ထိုအိုးထဲကယောကျ်ားသည်။ ကာလင်္ကတော၊ သေလောက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မယံ၊ တပည့်တော်တို့သည်။ ဇာနာမ၊ သိကြပါကုန်တော့သည် ဘုရား။

အထ၊ ထိုအိုးထဲကယောကျ်ား သေလောက်ပြီဆိုသော အချိန် အခါကာလမှာ။ ကုမ္ဘိံ၊ အိုးကြီးကို။ ဩရောပေတွာ၊ ချကြကုန်၍။

မီးဖိုပေါ်တင်ထားတဲ့ အိုးကြီးကို ဖိုခနောက်ပေါ်ကနေ အသာ ကိုင်ပြီးတော့ မ,ချ၊ ပြီးခတော့ အပေါ်က ဇော်တွေမံထားတာ အထပ် ထပ်, အထပ်ထပ်မံထားတာ၊ အဲဒါတွေကို—

ဥတ္တိန္ဒိတွာ၊ ခွဲဖျက်ပြီးတော့ ဖွင့်ကြကုန်သည်ဖြစ်၍။

ဖွင့်ကော့ယင် ဝုန်းဒိုင်း, ဝုန်းဒိုင်းနဲ့ တအားမဖွင့်ရဘူး၊ တထပ်စီ, တထပ်စီ, ဖြည်းဖြည်း,ဖြည်းဖြည်း အပေါက်ကလေး သေးသေးကလေး, နည်းနည်း, နည်းနည်း ဖောက်ရမှာ။

အသက်ဘယ်လိုထွက်တယ်ဆိုတာချောင်းကြည့်တယ်

ကုမ္ဘိ ၊ အိုးကြီးကို။ ဥတ္တိန္ဒိတွာ၊ ဖောက်ခွဲကြကုန်၍။ မုခံ၊အိုးကြီးရဲ့ နှုတ်ခမ်းဝကို(ဝါ) အဖုံးကို။ ဝိဝရိတွာ၊ ဖွင့်လှစ်ကြကုန်၍။ သဏိကံ၊ ဖြည်းဖြည်း။

သဏိကံ–အသ ကလေးပေါ့၊ ဟုတ်လား။ သဏိကံကို ဆရာတော်ကြီးဘေ့က ''ဖြည်းဖြည်း''လို့ ဘာသာပြန်တယ်။ ဘုန်းကြီးက စဉ်းစားကြည့်ဘယ်၊ ဗရှင်ဘုရင် ဘယ်လိုလုပ်ပြီး အိုးကိုငုံ့ကြည့်မယ်ဆိုတာ စဉ်းစားကြည့်ပြီးဘော့–

သဏိကံ၊ အသာကလေး။ နိလ္လောကေမ၊ ချောင်း၍ကြည့်ကြပါကုန်တော့သည်ဘုရား။

အိုးကို အသာအပေါက်ဖောက်ပြီးတော့၊အသက်ဘယ်လိုထွက်တယ်ဆိုတာကို နည်းနည်းလေး အပေါက်ဖွင့်ပြီးတော့ တပည့်တော်တို့ ချောင်းပြီးတော့ ဖြည်းဖြည်း, ဖြည်းဖြည်းကြည့်ကြပါတယ်ဘုရား။

အပ္ပေဝ နာမဿ ဇီဝံ နိက္ခမန္တံ ပဿေယျာမာ''တိ။

အဿပုရိသဿ၊ ထိုယောကျ်ားရဲ့။ ဇီဝံ၊ အသက်ကို။ နိက္ခမန္တံ၊ ထွက်သည်ကို။ အပိနူပဿေယျာမ၊ အကၡ တွေ့ချင်ယင် တွေ့လိမ့်မယ် ဆိုသော ရည်ရွယ်ချက်ဖြင့်။ နိလ္လောကေမ၊ အသာချောင်းပြီးတော့ စောင့်ကြည့်ကြပါကုန်သည်ဘုရား။

အိုးကို ဖွင့်လိုက်လို့ရှိယင်တဲ့ အဲဒီဖွင့်လိုက်တဲ့အပေါက်ကလေးထ ဝနေပြီးတော့၊ ဒီလူ့ရဲ့အသက်ဟာ ကောန်အသက်သာ ရှိနေမယ်ဆိုယင်တော့ ဒီဖွင့်ထားတဲ့ အပေါက်ကလေးကနေ ထွက်သွားလိမ့်မယ် ဆိုပြီးတော့ တပည့်တော်တို့ ချောင်းကြည့်ကြပါတယ်ဘုရား။

ဘုန်းကြီးတို့ပရိသတ်များ–ဒီရှင်ဘုရင်ဟာ တော်တော် အံ့ဩစရာ ကောင်းတယ်။ ထိုအိုးထဲကလူဟာ မီးတောင် မပြုတ်ရသေးပါဘူး၊ လုံအောင် ပိတ်လိုက်တယ် ဆိုကထည်းက သေနေပါပြီ၊ မသေသွားဘူးဆိုရင် အသက်ဟာ ဒီအထဲမှာ ကျန်နေသေးတယ်။ ကိုယ်ခန္ဓာထဲကသော အသက် ထွက်သွားတာ အသက်ဟာ အိုးထဲကမထွက်သေးဘူး၊ ဝင်နေရာမှာ ရှိနေသေးတယ်လို့ သူကထင်ထားတာ။ အိုးကိုအလုံပိတ်ထားတော့ အပေါက် မရှိလို့ အသက်က မထွက်နိုင်ဘူးလို့ထင်တာ။

အပေါက်မရှိလို့ အသက်မထွက်ဘူးသာဆိုရင် လူတယောက် နေမကောင်းတဲ့အခါ သေမယ်ထင်ရင်၊ အဲဒီလူရဲ့ နှာခေါင်းပေါက် မျက်စိပေါက် ပါးစပ်ပေါက် အကုန်ပိတ်ထားဖို့ ကောင်းတယ်။ သူကြံ သလို ကြံမယ်ဆိုရင် ပြောပါတယ်၊ အပေါက်က အသက်ထွက်တယ် ပေါ့၊ ဟုတ်လား။

သဏိကံ၊ ဖြည်းဖြည်း ဖြည်းဖြည်း။ နိက္ခာမေမ၊ ကြည့်ကြပါ ကုန်သည်ဘုရား။

## နေ့ာက်ဘဝဆိုတာ မရှိပါဘူးတဲ့

အဿ ပုရိသဿ၊ ဤယောကျ်ားရဲ့။ ဇီဝံ။ အသက်ကို။ နိက္ခမန္တံ၊ ထွက်သွားသည်ကို။ ပဿေယျာမအပိနာ၊ တွေ့ချင်ယင် တွေ့ကြလိမ့်မယ်ဆို သော ရည်ရွယ်ချက်ဖြင့်။ နိက္ခာမေမ၊ ကြည့်ကြပါကုန်သည် ဘုရား။

နေဝဿ မယံ ဇီဝံ နိက္ခမန္တံ ပဿာမ၊

ဘောကဿပ၊ အို–အရှင်ကုမာရကဿပ။

မယံ၊ တပည့်တော်သည်။ အဿ၊ ထိုအိုးထဲမှာတည့်ပြီးတော့ မီး ဖုတ်ခံရသော ယောကျ်ားရဲ့။ ဇီဝံ၊ အသက်ကို။ နိက္ခမန္တံ၊ အိုးကို ဖွင့် လိုက်တဲ့အခါကျတော့ အိုးပေါက်ကထွက်သွားတာကို။ နပဿာမ၊ တပည့် တော်တို့ ဘယ်တော့မှ မတွေ့လိုက်ကြရပါကုန်ဘုရား။

ဘောကဿပ၊ အို–အရှင်ကုမာရကဿပ။

တသ္မာ၊ ထို့ကြောင့်။ ပရောမလောကော၊ နောက်ဘဝသည်။ နတ္ထိ၊ မရှိဘူး။

ဒါကြောင့် နောက်ဘဝမရှိဘူးလို့ တပည့်တော်ပြောတာ၊ နောက်ဘဝရှိယင် ဒီအိုးထဲက အသက်ကလေး ထွက်သွားရမှာပေါ့၊ နောက်ဘဝမရှိလို့သာ ဒီအိုးထဲက အသက် ထွက်ကိုမထွက်တာ။ တကယ်တော့ အသက်ကို မရှိဘူး ကိုယ်ဘော်၊ နောက်ဘဝရှိယင် ဒီအသက်ကလေးဟာ အိုးထဲကထွက်ပြီးတော့ နောက်တနေရာရာကိုသွားဖို့ကောင်းတာ။ အသက်ထွက်တာကို တပည့်တော် မတွေ့လိုက်ရတဲ့အတွက်ကြောင့်—

ပရလောကော၊ တမလွန်လောက နောက်ဘဝသည်။ နတ္ထိ၊ မရှိဘူးဘုရား။ ဩပပါတိကာ၊ ငရဲတွေ နတ်တွေ ဗြဟ္မာတွေဆိုတာ။ နတ္ထိ၊ မရှိပါဘူးဘုရား။ သုကတဒုက္ကဋာနံ ကမ္မာနံ၊ ကုသိုလ် အကုသိုလ်ကံတို့ရဲ့။ ဖလံဝိပါကော၊ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးတွေဆိုတာလဲ။ နတ္ထိ၊ မရှိပါဘူးဘုရား။

ဣတိ၊ ဤသို့။ ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်ကို။ ဧတံဝစနံ၊ ဤဆိုခဲ့တဲ့စကားကို။ အဝေါစ၊ ကောင်းစွာမသွေ လျှောက်ထားလိုက်ပါပေသတည်း။

“သာဓု—သာဓု—သာဓုပါဘုရား”

သတ္တဝါတယောက် ဘဝပြောင်းတယ်ဆိုတာကို ဟောဒီခန္ဓာကိုယ်ထဲက ဇီဝအတ္တ သို့မဟုတ် ဝိညာဉ် သို့မဟုတ် လိပ်ပြာ၊ ဒီလိုယူဆထားတဲ့ အရာဝတ္ထုတခုခုသည် ငှက်ကလေးများ သစ်ပင် တပင်မှတပင်၊ တပင်မှ တပင်သို့ ပြောင်း၍ ပြောင်း၍ ခုန်ပျံ ခုန်ပျံနေသလိုပဲ၊ တခန္ဓာမှ တခန္ဓာသို့ ပြောင်းပြီးတော့ ပျံသွားတယ်။

ခန္ဓာဟောင်းထဲက ထွက်သွားပြီးတော့ ခန္ဓာသစ်ထဲကို ပြောင်းသွားတယ်၊ ပျံသွားတယ်လို့ သူက ဒီလိုတွက်ပြီးတော့၊ အသက်ထွက်တာကို အဲဒါ အိုးနဲ့အလုံပိတ်သတ်ပြီးတော့ အဲဒီလူရဲ့အသက်ကို သူ ရှာကြည့်တာ မတွေ့လိုက်ဘူး—တဲ့။ အဲဒါကြောင့်-နောက်ဘဝဆိုတာ မရှိပါဘူး ကိုယ်တော်လို့ သူကလုပ်တာ။

## ပါယာသိမင်းကြီးရဲ့ သုတေသနမှိုင်မြမ်းမှု

ပါယာသိမင်းကလဲ ဥပမာနဲ့ကပ်တာပဲ၊ ပါယာသိမင်းရဲ့ကပ်သတ်တဲ့ ဥပမာကို အရှင်ကုမာရကဿပကလဲ သူ့လိုပဲ အိုးရွဲ့ယင် စလောင်းရွဲကလေးနဲ့ဖုံးမှ အနေတော်ကျတာ၊ အိုးရွဲကို စလောင်းဝိုင်းနဲ့ ဖုံးယင်

ဘယ်တော့မှ ပလုံဘူး၊ ိုးရဲ့စလောင်းရဲ့ထေးနဲ့ ဖုံးတော့ ဂည့်လို့ အချိုးကျတယ်။ ဒါ ကြ် အရှင်ကုမာရကဿပကလဲ

ဘေန ါ ရာည ဥပမံ တေ ဇရိဿာမိ၊

ဒကာဘော်ပါယာါင်း- ဗိလိုဆိုယင် သင့်ကို ငါ ဥပမာတခု ဆောင်ပြမယ်။

ဥပမာယ ိဓေကစ္စေ ဝိညူ ပုရိသာ
ဘာသိဘဿ အ ္ထံ အာဇာနန္တိ။

ဒီလောကမှာ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်များဟာ ဥပမာနဲ့ပြောယင် ပြောဆိုလိုတဲ့ အဓိပ္ပာယ်ကို သိလွယ်, နားလည်လွယ်, မှတ်သားလွယ်ကြပါတယ်။

ဘုန်းကြီး တို့ပရိသတ်များ ပြန်ပြီးတော့စဉ်းစားကြည့်၊ ဘုန်းကြီး မှတ်မိသာကဘော့ "ဣဓ သုတ်" ဟောတုန်းက အတ္တာဒိဋ္ဌိ ၂၀, သက္ကာယဒိဋ္ဌိ ၂၀ ကို ဘုန်းကြီးတို့ရှင်းပြတဲ့အခါမှာ၊ ဇီဝအတ္တနဲ့ ပရမ အတ္တဆိုပြီးတော့ အဘ္ဘန့်စံချိုးကို ဘုန်းကြီးတို့ ပြောခဲ့ဖူးပါတယ်။

(က) ပရမအတ္တသည် ဖန်ဆင်းရှင်

(ခ) ဇီဝအတ္တက ဖန်ဆင်းခံရတာ၊

ခန္ဓာအိမ်တခုကို ပရမအတ္တကြီးကနေ ဖန်ဆင်း တည်ဆောက်လိုက်တယ်။ ခန္ဓာအိမ်တခုကို ပရမအတ္တက ဖန်ဆင်းတည်ဆောက်ပြီးသည့်အခါ၊ ထိုခန္ဓာအိမ်ထဲမှာ ထိုဖန်ဆင်းရှင်လို့ဆိုရတဲ့ ပရမ အတ္တကလဲပဲ ဇီဝအတ္တဟာခုကို ထည့်သွင်းပေးလိုက်တယ်။

သိတာ ဇီဝအတ္တ၊
ခံစားတာ ဇီဝအတ္တ။
မှတ်သားတာ ဇီဝအတ္တ၊
နှိုးဆော်တိုက်တွန်းတာ ဇီဝအတ္တ။

အဲဒီ ဇီဝအတ္တဟာ အထူးသဖြင့် ဟောဒီ ခန္ဓာ ငါးပါးမှာ ဦးဆောင်တဲ့ အပိုင်းက သူတို့ယူဆတာများတယ်။

သတ္တဝါတယောက် သေတယ်ဆိုတော့ တည်ဆောက်ထားတဲ့ ရုပက္ခန္ဓာ အိမ်ကြီး ပျက်သွားတဲ့အခါ၊ အိမ်ကြီးတလုံး ပြိုကျတော့ အိမ်ပေါ်ကလူတွေ ဆင်းပြေးကြရတယ် ဆိုတာလိုပဲ၊ ခန္ဓာကိုယ်ကြီးပြို သွားတော့ ဒီခန္ဓာအိမ်ကို မှီခိုနေတဲ့ ဇီဝအတ္တလေးဟာ မှီခိုစရာမရှိလို့ ထွက်ရတယ်။ အဲဒါကိုပဲ အသက်ထွက်တယ်လို့ အတ္တဒိဋ္ဌိရဲ့နယ်မှာ ယူဆ ထားတယ်။

ပါယာသိမင်း စူးစမ်းနေတာဟာ အဲဒီနည်းကို မှီငြမ်းပြုပြီးတော့ စူးစမ်းဘာလို့မှတ်ပါ၊ ဟုတ်လား။

**စေတနာမျိုးစေ့ အဝိဇ္ဇာတဏှာက ရေမြေ၊ ကံမြေဓာတ်**

ဗုဒ္ဓဒေသနာတော် နည်းအရ ရုပ်နာမ်တို့ရဲ့ ကြောင်းကျိုးဆက်ပြီး တော့ ဖြစ်ပျက်, ဖြစ်ပျက်သဘောကို သူသည် နည်းနည်းမှ မစဉ်းစားမိ ပါဘူး။ ဘဝကူးဆိုတာ–

စုတိစိတ်သည် ဘဝဟောင်းရဲ့ အဆုံး။
ပဋိသန္ဓေ စိတ်သည် ဘဝသစ်ရဲ့အစ။

ဘဝဟောင်းရဲ့အဆုံးမှာ စုတိစိတ်နဲ့ပြိုင်ပြီးတော့ ဘဝဟောင်းက ရုပ်တွေ အကုန်ချုပ်သွားကြတယ်။ ဥတုဇရုပ်တို့ အာဟာရဇရုပ်တို့တော့ ကျန်တာပေါ့။ ကမ္မဇရုပ် စိတ္တဇရုပ်တို့ဟာ စုတိစိတ်ရဲ့ ဟိုဘက်ကိုလွန် ပြီးတော့ မသွားကြဘူး။

အေး–အသေးစိတ်တော့ ထားနော်၊ အကြမ်းအားဖြင့် ဒါလောက် ပဲမှတ်ထား။ ဘဝသစ် စ,လိုက်တော့ ပဋိသန္ဓေစိတ်က ဒိုင်းကနဲ ဉပ္ပါဒေါ၊ 'ဖြစ်''လဲဆိုရော၊ သူနဲ့အတူတူ ရုပ်တွေဟာ အဲဒီမှာ ပေါ်လာကြတာ၊ ဒါက ဒေသနာတော်နည်းပေါ့။

ဥပမာ ဆောင်ရမယ်ဆိုယင် မိုးလေလှိုင်လှိုင် ရွာတော့ မြေ ကလေးများ ပျော့ပြီးတော့လာတဲ့အခါ မိုးကလေးကလဲ ရွာတယ်၊ မြေ ကလဲ အစေးကလေးတွေ ပေါက်ပြီးတော့လာတယ်၊ အဲဒီအခါ စပါးစေ့ လေးတွေ ကြဲချလိုက်တယ်။

ကြဲလိုက်တုန်းကတော့ အစေ့လေးပါပဲ၊ အဲဒီ အစေ့လေးတွေဟာ တဖြည်းတဖြည်း အောက်မှာ အမြစ်တွယ်၊ အပေါ်မှာ အညွန့်လေးထက်။

အမြစ်ထ အောက်ဘက်ကို တပြည်းပြည်း တိုးတိုးပြီးဝင်သွား၊ အညွှန့်လေးက အပေါ်ကို တပြည်းဘပြည်း ရှည်ရှည် တက်လာတယ်၊ တော်တော်ကြာတော့ အစေ့ခလးကို ရှာလို့မတွေ့တော့ဘူး၊

ကြဲချတုန်းက စပါးစေ့နဲ့ ပေါက်လာတဲ့ ပေါ်ပင် ဘုန်းကြီးတို့ ပရိသတ်များ–တခြားစီနော်၊ ပေါ်စေ့သည် စပါးပင် မဟုတ်တော့ဘူး၊ စပါးပင်သည် စပါးစေ့ မဟုတ်တော့ဘူး၊ စပါးစေ့နဲ့ စပါးပင်ဟာ ဘာမှ မဆိုင်ဘူးလို့ ပြောလို့တော့ မဖြစ်ဘူး၊ ဒီအပင်သည် ဒီစပါးမျိုးစေ့က ပေါက်လာတာ။ ဒီမျိုးစေ့လေး ပေါက်ဖို့ရန် အားပေးတာ အား ပေးတုန်းလို့ဆိုယင် မြေဓာတ်နဲ့ ရေဓာတ်က အားပေးတယ်၊

(၁) ကံဆိုတဲ့ စေတနာသည် မျိုးစေ့၊

(၂) အဝိဇ္ဇာနဲ့တဏှာက မြေဓာတ်နဲ့ ရေဓာတ်၊

ကံမျိုးစေ့ကို အဝိဇ္ဇာတဏှာ မြေဓာတ်ရေဓာတ်တို့က အားပေး လိုက်တဲ့အခါကျတော့ ဇာတိဆိုပြီးတော့ ဘဝသစ်မှာ ခန္ဓာသစ်ဆိုတဲ့ အပင်လေးများ ပေါက်လာကြတယ်။

အပင်လေးတွေ ပေါက်ပေါက်, ပေါက်ပေါက်ပြီး ရှင်သန်, ရှင်သန်လာတဲ့အခါကျတော့ ဟို မျိုးစေ့လေးကို ရှာလို့မတွေ့တော့၊ ဆိုပါလိုပဲ၊ ဘဝသစ် ခန္ဓာသစ် ဖြစ်လာတဲ့ အခါကျတော့ ဘဝဟောင်းက ကံဟောင်းကို မင်းရှာပြစမ်းဟာ ဆိုယင် ရှာလို့တော့ မပြနိုင်ပါဘူး၊ ဒါပေမယ့် အဲဒီကံဟောင်းကြောင့် ပေါက်နေတဲ့အပင်ဟာ ဒါပဲဆိုတာတော့ ရဲရဲကြီးပြောနိုင်တယ်၊ စပါးစေ့ ပြန်ရှာပြဆိုယင် ရှာမပြနိုင်ဘူး၊ ဒီအစေ့ကပေါက်တာ ဒီအပင်ဆိုတာကိုတော့ လူတိုင်းပြောရဲတယ်။

## အရှင်ကုမာရကဿပ ဥပမာဆောင်ပြဦးမယ်

ဒီသဘောကို ပါယာသိမင်းသည် သဘောမပိုင်သေးတော့၊ ဘဝဟောင်း တခုကနေ ဘဝသစ်တခုပြောင်းတယ်ဆိုတာဟာ ငှက်ကလေးများသစ်ပင်ကို စွန့်ထားခဲ့ပြီးတော့ ဟိုသစ်ပင်ဘပင်သို့ ပြောင်းသွားတယ် ဆိုတာလို၊ သစ်တပင်မှတပင်, တပင်မှတပင်သို့ ငှက်ကလေးများ ခုန်၍, ခုန်၍ ပြောင်းနေ ပြောင်းနေသလိုပဲ။

ဇဝနအတ္တဆိုတာက တခန္ဓာကို စွန့်ခဲ့ပြီးတော့ နောက်တခန္ဓာထဲ ပြောင်းဝင်တယ်၊ တဘဝကို စွန့်ခဲ့ပြီးတော့ နောက်ဘဝကို ပြောင်းဝင်တယ်လို့ သူယူဆပြီးတော့ ရာဇဝတ်သားကို အိုးမှာထည့်ပြီး မီးရှို့လို့ သတ်, သေလောက်ပြီဆိုတဲ့အခါကျတော့ အိုးကြီးချ၊ အပေါက်ကလေး နည်းနည်းဖောက်ပြီးတော့ သူ့ရဲ့အသက်ကလေးဟာ ဘယ်ကနေ ထွက်ပြီး တော့သွားမှာလဲဆိုတာကို သူစောင့်ပြီး ကြည့်လိုက်တာ မတွေ့ရဘူး–တဲ့။

တကယ်လို့ အဲဒီအိုးပေါက်က ဇီဝအတ္တလေး သို့မဟုတ် အသက် ကလေး ထွက်သွားတာကို သူမြင်သာ မြင်လိုက်မယ်ဆိုယင် အဲဒီအသက် ကလေး နောက်ကနေ ဘယ်လိုလုပ် လိုက်ဖမ်းမလဲ၊ မင်းဘယ်သွားမလို့လဲ ဆိုတာကို သူမေးပဲ မေးနေမလား သို့မဟုတ် အဲဒါလေးကို သူဘယ်လို လုပ်ထားမလဲဆိုတာ ဘုန်းကြီးက စဉ်းစားကြည့်မိတယ်။

မတွေ့လို့သာပဲ တွေ့များတွေ့ယင် သူဘယ်လိုဆက်လုပ်မလဲ မသိ ဘူး။

ဖန်ပေါင်းချောင်ထဲထည့်ထားမယ်၊ ဟုတ်လား။

အဲဒီလိုဆို ဘဝသစ်, နတ်ပြည်, ဗြဟ္မာ့ပြည်, ငရဲသွားတယ်ဆိုတာ ဘယ်ရှာလို့ရတော့မှာလဲ ဖန်ပေါင်းချောင်ထဲ သွားနေမှာပေါ့။

ဒီတော့–အရှင်ကုမာရကဿပမထေရ်ကလဲပဲ ဒကာတော်ပါယာသိ မင်း–ငါ ဥပမာဆောင်ပြမယ်။

ဥပမာယ မိဓေကစ္စေ ဝိညူပုရိသာ
ဘာသိတဿ အတ္ထံ အာဇာနန္တိ။

ရာဇည၊ ပါယာသိမင်း။ ဣဓ၊ ဤလောကမှာ။ ဧကစ္စေ၊ အချို့ ကုန်သော။ ဝိညူပုရိသာ၊ ဉာဏ်ရှိကြတဲ့ အမျိုးသား အမျိုးသမီးတို့ သည်။ ဥပမာယ၊ ဥပမာဆောင်ပြခြင်းဖြင့်။ ဘာသိတဿ၊ ဆိုလိုသော စကားရပ်ရဲ့။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ ဇာနန္တိ၊ သိကြလေကုန်၏။

ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေ ဥပမာဆောင်ပြယင် သိလွယ်ကြတယ်။
ဘောကဿပ၊ အို–အရှင်ကုမာရကဿပ။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ ဥပမံ၊ ဥပမာကို။ ဂဏှာဟိ။ ပြုပါတော့ ကိုယ်တော်။

ကိုယ်တော်မြချင်တဲ့ ဥပမာကို ပြစမ်းပါ တသည့်တော်နားထောင်ပါ့မယ်။ ဗိလိုဆိုလိုက်တော့--

နေ့လယ်နေ့ခင်း အိပ်မက်မက်ဖူးလား

အဘိဇာနာသိ နေ့ာ ဟု ရာဇည ဒိဝါ သေယျံ
ဥပဂတော သုပိနကံ ပဿိတာ၊

ရာဇည၊ ပါယာသိမင်း။ ။ သင်သည်။ ဒိဝါသေယျံ၊ နေ့အခါ အပန်းဖြေအိပ်နေခြင်းသို့ ဥပဂတော၊ ကပ်ရောက်သည်ဖြစ်သော်။ သုပိနကံ၊ အိပ်မက်တခုကဲ့ မြင်မက်ဖူးသည်ကို။ ပဿိတာ၊ တွေ့ဖူးတယ်လို့။ အဘိဇာနာသိ၊ မှတ်မိရဲ့လား။

ဆိုလိုတာက- ဒကာတော်ပါယာသိမင်း။ နေ့ခင်းအခါ ပြာသာဒ်ထက်တက်ပြီးတော့ အပန်းဖြေ အိပ်စက်နေတဲ့အခါ အိပ်မက်ကလေးများ တခါတလေ မမက်ဘူးလားဟု။

အာရာမ ရာမဏေယျကံ ဝန ရာမဏေယျကံ
ဘူမိ ရာမဏေယျကံ ပေါက္ခရဏီ ရာမဏေယျကံ။

ရာဇည၊ ပါယာသိမင်း။ အာရာမရာမဏေယျကံ၊ အာရာမ်၏ မွေ့လျော်ဖွယ် သဘောရှိသည့် အဖြစ်ကိုလည်းကောင်း။ ဝနရာမဏေယျကံ၊ တော၏ မွေ့လျော်ဖွယ်သဘောရှိသည့် အဖြစ်ကိုလည်းကောင်း၊ ဘူမိရာမဏေယျကံ၊ မြေကြီးရဲ့ မှုခင်းကောင်းသည့်အဖြစ်ကိုလည်းကောင်း။ ပေါက္ခရဏီရာမဏေယျကံ၊ ရေကန်ကြီးတွေရဲ့ ကြည်နူးဖွယ် ကောင်းသည့် အဖြစ်ကိုလည်းကောင်း၊ သုပိနကံ၊ အိပ်မက်ထဲမှာ။ ပဿိတာ၊ တွေ့ဖူးတယ်လို့။ အဘိဇာနာသိ၊ မှတ်မိရဲ့သလား။

ဒကာတော်မင်းကြီး--နေ့ခင်း အခါ ပွဲတော်အုပ် တည်ပြီးလို့ ပြာသာဒ်ထက် တက်ပြီးတော့ အပန်းဖြေ အိပ်စက်တဲ့အခါ--

အာရာမရာမဏေယျကာ-- ပျော်စရာကောင်းတဲ့ ဥယျာဉ်ကြီးတွေကို အိပ်မက်ထဲမှာ မတွေ့ဖူးဘူးလား။

ဘူမိရာမဏေယျကာ--ရှုကွင်းကောင်းတဲ့ မြေကွက်ကြီးတွေကို ဒကာတော် မင်းကြီး မတွေ့ဖူးဘူးလား။

ဝနရာမကျောင်းက–အလွန်တရာ ကြည်နူးစရာကောင်းတဲ့ တော အုပ်ကြီးတွေကို အိပ်မက်ထဲ မမက်ဖူးဘူးလား။

ပေါက္ခရဏီရာမကျောင်းက–စိတ်ထဲ ကျေနပ်စရာသိပ်ကောင်း၊ကြည် နူးစရာကောင်း၊ ပျော်စရာကောင်းတဲ့ ကန်တော်ကြီးများ၊ ပျော်မွေ့ ဖွယ်ရာ ရေကန်ကြီးတွေကို အိပ်မက်ထဲ ဒကာတော်မင်းကြီး မမက်ဖူးဘူး လား။–လို့

ဒီလိုမေးလိုက်တယ်။ နေ့ခင်းပိုင်းကိုမေးတာ ညပိုင်းကို မေးတာ မဟုတ်ဘူး၊ ည ဘာကြောင့်မမေးတာလဲဆိုတော့ အကြောင်းရှိသကိုးဗျ။ နောက်တပိုဒ်လာမယ်။

> အဘိဇာနာမဟံ ဘော ကဿပ ဒိဝါ သေယျံ ဥပ ဂတော သုပိနကံ ပဿိတာ အာရာမရာမဏေယျကံ ဝနရာမဏေယျကံ။ ဘူမိရာမဏေယျကံ ပေါက္ခရဏီ ရာမဏေယျကန္တိ။

ဘောကဿပ၊ အို–အရှင်ကုမာရကဿပ။

ဒိဝါသေယျံ၊ နေ့အခါ၌အိပ်စက်ခြင်းသို့။ ဥပဂတော၊ ရောက် သော၊ အဟံ၊ တပည့်တော်သည်။ အာရာမရာမဏေယျကံ၊ ဥယျာဉ်၏ မွေ့လျော်ဖွယ်ရှိသည့် အဖြစ်ကိုလည်းကောင်း။ ဝနရာမဏေယျကံ၊ တော၏ မွေ့လျော်ဖွယ်ရှိသည့် အဖြစ်ကိုလည်းကောင်း။ ဘူမိရာမဏေယျကံ၊ မြေ ကြီး၏ ပျော်မွေ့ဖွယ်ကောင်းသည့် အဖြစ်ကိုလည်းကောင်း။ ပေါက္ခရဏီ ရာမဏေယျကံ၊ ရေကန်ကြီးတို့ရဲ့ ပျော်မွေ့ဖွယ် ရှိသည့် အဖြစ်ကို လည်း ကောင်း။ သုပိနကံ၊ အိပ်မက်ထဲမှာ။ ပဿိတာ၊ မက်ဖူးတာကို။ အဘိ ဇာနာမိ၊ တပည့်တော် မှတ်မိပါတယ်ဘုရား။

တပည့်တော် အိပ်မက် မက်ဖူးပါတယ်တဲ့၊ ပျော်စရာကောင်းတဲ့ တောကြီးတွေထဲမှာလဲ ပျော်လို့, ပျော်စရာကောင်းတဲ့ ဥယျာဉ်ကြီးတွေ ထဲမှာ ပျော်လို့, ပျော်မွေ့ဖွယ်ရာကောင်းတဲ့ ရေကန်ကြီးတွေထဲမှာ ရေ ချိုးလို့၊ အဲဒီလိုအိပ်မက်ထဲမှာ မက်ဖူးပါတယ်ကိုယ်တော်။

ပါယာသိမင်းကြီး နေ့ခင်းကြီး အိပ်မက်မက်တယ်နော်။ နောက် မေးခွန်းတခုက–

## အမျိုးသမီးငယ်ကလေးတွေ စောင့်ရှောက်နေကြသလား

ရက္ခန္တိ ကာ တပို့ သမယ ခုဇ္ဇာပိ ဝါမနကာပိ
ဝေလာသိကာပိ ကောမာရိကာပိတိ။

ရာဇည၊ ပါယာသိမင်း၊ တပို့သမယေ၊ ထိုကဲ့သို့ ဒကာတော် မင်းကြီး နေ့လယ်ခင်း စားပြီးအိပ်သည့်အခါ ပြာသာဒ်ထက်တက်ပြီးတော့ အိပ်စက်သောအခါ အလှန်တရာ ကြည်နူးဖွယ်ရာ ပျော်ပွဖွယ်ရာ ကောင်းတဲ့ ရှုခင်းကြီးတွေကို ရှုကြည့်ပြီးတော့ အိပ်မက်များ မက်နေသည့် အခါမှာ။

ခုဇ္ဇာကောမာရိကာပိ၊ကုန်းသော အမျိုးသမီးငယ်ကလေးတို့သည် လည်းကောင်း၊ ဝါမနကာ ကောမာရိကာပိ၊ ခွင်သောအမျိုးသမီးငယ် ကလေးတို့သည် လည်းကောင်း။ ဝေလာသိကာကောမာရိကာပိ၊ မြူးထူး ပျော်ပါး ကစားသည့်အရွယ် အမျိုးသမီးငယ်တို့သည် လည်းကောင်း၊ ကောမာရိကာပိ၊ ၁၂ နှစ်မှ ၁၆ နှစ်အတွင်း ကုမာရိ အရွယ်ရှိကြတဲ့ အမျိုးသမီးငယ်ကလေးတို့သည် လည်းကောင်း၊ တံ၊ သင်မင်းကြီးကို၊ ရက္ခန္တိ၊ စောင့်ရှောက်၍များ နေကြကုန်သလား။

ပါယာသိမင်းကြီး နေ့ခင်းများ အိပ်စက်နေတဲ့အခါ အနားကနေ စောင့်ပြီးတော့ နေကြတာ ဘယ်လိုပုဂ္ဂိုလ်တွေတုန်း ဆိုတော့

(၁) ခုဇ္ဇာ—ခါးကုန်းတဲ့ အမျိုးသမီးငယ်ကလေးတွေ၊
(၂) ဝါမနကာ-ခြေခွင်တဲ့ အမျိုးသမီးလေးတွေ၊
(၃) ဝေလာသိကာ-မြူးထူးပျော်ပါးကစားတဲ့ ၁၁ နှစ် ၁၂ နှစ်အရွယ် အမျိုးသမီးငယ်ကလေးတွေ၊
(၄) ကောမာရိကာ—၁၂ နှစ်က ၁၆ နှစ်အတွင်းအမျိုး သမီးငယ်ကလေးတွေ စောင့်ရှောက် နေကြပါ သလား။-တဲ့။

မင်းကြီး - နေ့ခင်းများစားသောက်ပြီးလို့ရှိယင် အဲဒီလို အမျိုးသမီး ငယ်ငယ်ကလေးတွေနဲ့ ရယ်စရာ မောစရာလေးတွေ ပြောပြီးတော့ မြူးထူး ပျော်ပါးလေ့ရှိပြီး ကလေး ကလေးတွေစောင့်ရှောက်နေကြပါသလားတဲ့။ စောင့်ရှောက်ကြပါတယ်ဘုရား။

ကလေးတွေဆိုတော့လဲ ယောကျ်ားကလေးတွေ မပါဘူး၊ ကလေးလေးတွေချည်းပဲ၊ ကလေးမလေးတွေကလဲ ခုဇ္ဇာ–တချို့လဲ ခါးလေးတွေကုန်းလို့၊ ဝါမနကာ–တချို့လဲ ခြေခွင်လို့။ အဓိပ္ပာယ်ကတော့–ကိုယ်လက်အင်္ဂါသိပ်ပြီးတော့ သန်သန်စွမ်းစွမ်း ထွားထွားကျိုင်းကျိုင်း အရွယ်ကြီးတဲ့ ဒကာမကြီးတွေ အနားမှာမရှိဘူး။ ယောကျ်ားကြီးတွေရှိဖို့ဆိုတာ ဝေးကိုဝေးတယ် တယောက်မှ မရှိဘူး။

ဘာဖြစ်လို့လဲ၊ မင်းကြီး နေ့လယ်ခင်း အိပ်နေတုန်း ဒီလိုကလေးကလေးတွေ အနားရှိမှ မင်းကြီး ပျော်လဲပျော်တယ် အန္တရာယ်လဲကင်းတယ်၊ အိပ်ရဘာကိုက စိတ်ချဘယ်ပေါ့ဗျာ၊ ဟုတ်လား။

အရွယ်ခပ်ကြီးကြီး ၂၀-၂၅ နှစ်အရွယ် အမျိုးသမီးကြီးတွေထားလို့ မင်းကြီး အိပ်ပျော်နေတုန်း မတော်လုပ်ကြံသွားယင် မခက်ဘူးလား။ ဓားနည်းဆုံး အိမ်မြှောင်ချေးလေးကို ဟောဒီ အိပ်ပျော်နေတဲ့ မင်းကြီးရဲ့ ပါးပေါ်သဲ ထည့်လိုက်ယင်အခက်၊ အဲဒါသေတယ်။ ဒီတော့ ကလေးငယ်ကလေးတွေကို အနားထားတော့ အန္တရာယ်ကင်းဘယ်။

ဒကာတော်မင်းကြီး–ဒီလို ကလေးလေးတွေနဲ့ မင်းကြီးနားမှာ အစောင့်အကြပ်ချားချပြီးတော့နေ့ခင်းများအိပ်ဖူးရဲ့လား၊ အိပ်ဖူးပါတယ်ဘုရား။ အိပ်တဲ့အခါကျတော့ ဒကာတော်မင်းကြီး – တောကြီးတွေ၊ တောင်ကြီးတွေ၊ ရေတွင်းရေကန်ကြီးတွေ၊ အလွန်ပျော်မွေ့ဖွယ်ကောင်းတဲ့ အိပ်မက်တွေကို ဒကာတော်မင်းကြီးဟာ မြင်မက်ဖူးရဲ့လား။ တပည့်တော် နေ့ခင်းအိပ်တဲ့အခါ ဒီလိုအိပ်မက်မျိုးတွေကို မက်ဖူးပါတယ်ဘုရား။

ဒီအခါမှာ အရှင်ကုမာရကဿပမထေရ်က ပါယာသိမင်းကြီးကို မေးလိမ့်မယ်။

## စကားကိုကပ်ပြီး ပြန်မေးတာ

ရာဇည၊ ပါယာသိမင်း။ မယာ၊ ငါသည်။ ဝတ္ထုမာန၊ ဆိုလတ္တံ့သော။ တံဝစနံ၊ ထိုစကားကို။ တွံ၊ သင်သည်။ ကိံ မညသိ၊ ဘယ်လိုများမှတ်ထင်ပါသိနည်း။

ဒကာတော် မင်းကြီး–ငါမေးမယ့် စကားကို သင်ဘယ်လိုထင်လိုက်တုန်း။

ခုနက အစောင့်တွေ ချတာ မချတာ, ဘယ်လို အရွယ်တွေကို အစောင့်ချတယ်ဆိုတာတွေက ဝိနေရာမှာ ဘုန်းကြီးတို့ သဘာဝသာ ပြောထား၊ ဒီနေရာမှာ ပဓာနမဟုတ်ပါဘူး၊ ဝိနေရာမှာ ပဓာနအချက်က ဘာလဲဆိုတော့ -

ရာဇည ပါယာသိမင်း၊ တာကုမာရိကာ၊ ထိုအမျိုးသမီးငယ်တို့သည်လည်းကောင်း၊ တာဝေလာသိကာ၊ ထိုပျော်ရွှင်တတ်ကဲ့ မိန်းကလေးငယ်တို့သည်လည်းကောင်း။ တာခုဋ္ဌာ ဝာဝမနကာ၊ ထိုကုန်းသော ခွင်သော အမျိုးသမီးငယ်ကလေးတို့သည်လည်းကောင်း။ ပဿ၊ သင်မင်းကြီးမှု၊ ဗီဝံ၊ အသက်ကို၊

သူ(ပါယာသိမင်း) သုံးတဲ့အတိုင်းပဲ သုံးထားတယ်နော်။

တုယ့် သင်မင်းကြီးရဲ့၊ ဗီဝံ၊ အသက်ကို၊ နိက္ခမန္တံ၊ အဲဒီဥယျာဉ်ကြီးကွေ, တောကြီးတွေ, ရှုခင်းကြီးတွေ, ရေကန်ကြီးတွေ ပို့ရာသို့ ထွက်ခွာသွားသည်ကို။ ပဿန္တိအပိနု၊ သူတို့လေးတွေ မြင်လိုက်ကြပါရဲ့ လား။

သဘောကျကြရဲ့လား၊ မင်းကြီး အိပ်နေတုန်း ဘေးနားက စောင့်နေကြတဲ့ မိန်းကလေးတွေက၊ မင်းကြီး အိပ်မက်မက်တော့ယင် မင်းကြီးရဲ့ စိတ်က ဥယျာဉ်ကြီးထဲ ရောက်သွားတယ်, တောထဲ ရောက်သွားတယ်, ရေကန်ကြီးတွေထဲမှာ ပျော်ပါးနေတယ်။

အဲဒီလို တောကြီးတွေထဲ, ရေကန်ကြီးတွေထဲ, ဥယျာဉ်ကြီးတွေထဲမှာ မင်းကြီးက အိပ်မက်ထဲမှာ ပျော်ပြီးတော့နေတုန်း ဘေးနားက စောင့်နေကြတဲ့ မိန်းကလေးတွေက မင်းကြီးကို စိုက်ပြီးတော့ ကြည့်နေကြမှာ၊ ရှင်ဘုရင်ကြီးဘော့အိပ်မောကျနေပြီ အိပ်မက်မျှားမက်နေသလား၊ ဘေးကတော့ မသိဘူးပေါ့လေ၊

မင်းကြီး တကယ်လို အိပ်မက်မက်နေယင်၊ ဒီသာတော်မင်းကြီးရဲ့ ဗီဝံ-အသက်ဟာ ထိုဥယျာဉ်တွေ, တောတောင်တွေ, ရေကန်တွေရှိရာကို ထွက်ခွာသွားတာကို ဒီမိန်းကလေးတွေ တွေ့လိုက်ပါရဲ့လားတဲ့။ အရှင်ကုမာရကဿပက ဒီလိုမေးလိုက်တာ။

ဒီတော့ စိတ္တာစာရ–စိတ်ရဲ့ကျက်စားမှုကို အရှင် ကုမာရကဿပ သိပါတယ်၊ သူက အသက်ထွက်ဆိုတာနဲ့ ပတ်သက်လို့ ဒီကလဲ အသက်

ထွက်ဆိုတာနဲ့ ကပ်ပြီးတော့ ပြန်မေးရတာ။ အသက်မရှိဘူး ဆိုတော့ အရှင်ကုမာရကဿပလဲ နားလည်ပြီးသားပဲ၊ ဇီဝမရှိဘူးဆိုတာ နားလည်ပြီးသားပဲ။မင်းကြီးက ဒီလိုဆိုလာတော့ သူလဲပဲ ဒီအတိုင်း ပြန်ကပ်ရတာ။

မင်းကြီး အိပ်မက်မက်နေတုန်း မင်းကြီး့ရဲ့ အသက်ကလေးဟာ အဲဒီဥယျာဉ်ကြီးထဲသွားပြီးတော့ ပျော်နေတာ, တောကြီးထဲ သွားပြီးတော့ ပျော်နေတာ, ရေကန်ကြီးထဲ သွားပြီးတော့ မင်းကြီးရေကူးနေတာ, ဘေးနားက မိန်းကလေးတွေ မမြင်ဘူးလား။ ဒီလိုဆိုလိုက်တော့ ပါယာသိမင်းကြီးဟာ စိုက်ပြီးတော့ ငိုင်သွားတယ်။

## မတွေ့လိုက်ကြပါဘူး

အင်း–အသက်ဟာ စောစောက ငါစဉ်းစားသလို၊ ဟို–လူတယောက်ကို အိုးထဲမှာထည့်, အလုံပိတ်,မီးမြှိုက်ပြီး သေလောက်ပြီဆိုတော့မှ ဖွင့်ကြည့်တယ်၊ အသက်ထွက်တာ ငါမတွေ့လိုက်ရဘူး။ အခုလဲ ငါအိပ်နေတုန်း ငါ့အသက်က ဟိုတောတွေတောင်တွေထဲ လှည့်လည်ပြီးတော့ အိပ်မက်နဲ့ ကျက်စားနေတယ်၊ ငါ့အသက်ထွက်သွားတာကို ဘေးနားက မိန်းမကလေးတွေ တွေ့လိုက်ဖို့ကောင်းတယ်၊ ပါယာသိမင်းကြီးလဲ စဉ်းစားမိတယ်။

ဘောသဿပ၊အို–အရှင်ကုမာရကဿပ။

ခုဇ္ဇာပိ၊ ကုန်းသော အမျိုးသမီးကလေးတို့သည် လည်းကောင်း။ ဝါမနကာပိ၊ ခွင်သော အမျိုးသမီးငယ်ကလေးတို့သည် လည်းကောင်း။ ဝေလာသိကာပိ၊ ပျော်ရွှင်သည့်အရွယ် အမျိုးသမီးငယ်ကလေးတို့သည် လည်းကောင်း။ကောမာရိကာပိ၊ ၁၂ နှစ်မှ ၁၆ နှစ်အရွယ် ကုမာရီအမျိုးသမီးငယ်ကလေးတို့သည် လည်းကောင်း။ မံ၊ တပည့်တော်ကို။ တမှိသမယေ၊ ထိုကဲ့သို့ အိပ်မက်နေခဲ့သောကာလမှာ။ (ဝါ) အိပ်ပျော်နေသောကာလမှာ။ ရက္ခန္တိ၊ စောင့်ကြပ်၍ နေကြပါကုန်သည်ဘုရား။

တာ၊ ထိုစောင့်ကြပ်နေကြတဲ့ အမျိုးသမီးငယ်ကလေးတို့သည်။ မံ၊ တပည့်တော်ရဲ့။ ဇီဝံ၊ အသက်ကို။ နိက္ခမန္တံ၊ ဥယျာဉ်ရှိရာ တောရှိရာ ရေကန်ရှိရာ ရှုခင်းကြီးတွေရှိရာကို ထွက်ခွာ၍သွားသည်ကို။ နပဿန္တိ၊ မတွေ့မမြင်ကြရပါကုန်ဘုရား။

ဣတိ၊ ဤသို့၊ ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်၊ အာယသ္မန္တံကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်ကို။ ဧတံဝစနံ၊ ဤဆိုခဲ့တဲ့စကားကို။ အဝေါစ၊ ကောင်းစွာမသေ့ လျှောက်ထားလိုက်ပါပေသတည်း။

"သာဂု-သာဂု သာဓုပါဘုရား"

ဘုန်းကြီးဟိုပရိသတ်များ ဘုန်းကြီးတို့ ရှေ့ဆက်မပြောပဲနဲ့ကောင် ဝိအာပိုဒ်ရဲ့အဖြေကာ ကြားတွေ့ပြီးနော်။ မင်းကြီးအိပ်ပျော်နေတုန်း အိပ်မက်မက်တာ မင်းကြီးရဲ့အသက် ထွက်ဆုတ်ပြီးတော့သွားတာကို ဘေးနားက စောင့်ကြည့်နေတဲ့လူတွေ မတွေ့ရဘူးဆိုယင် သေသွားတဲ့လူ အသက် ထွက်တာ ဘယ်လိုလုပ်တွေ့မလဲ။ အဖြေက ဒါပဲ၊ ဟုတ်လား။

ပါယာသိ မင်းကြီးက မတွေ့လိုက်ရကြောင်းပါ ဘုရား၊ မိန်းကလေးတွေ တည်ကြည်ကာခံပိုပဲဘေးနားက စောင့်ကြပ်ရှိနေကြပေမယ့် တပည့်တော်ရဲ့ အသက်ထွက်ပြီးသော ဟိုဥယျာဉ်တွေထဲမှာ ပျော်ပါးကျက်စားပြီးတော့ နေတာကို မတွေ့လိုက်ရကြောင်းပါဘုရား၊

စိတ္တနိယာမသဘော

ဒီတော့—ဓမ္မပဒမှာ ဓာတပိုဒ်ရှိပါတယ်။

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ၊
ယေစိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ၊ -လို့

စိတ္တာနုပဿနာနဲ့ စိတ္တာဟတ္ထမသဘောရဲ့အကြောင်း ဟောတုန်းက ဇီပါဠိတော်ကို ဘုန်းကြီးတို့ရှာပြီးတော့ ဟောထားခဲ့တယ်၊ စိတ္တနိယာမ သဘောကို ပြောတုန်းကလဲ ပြောခဲ့ပါတယ်။ ဒူရင်္ဂမံဆိုတဲ့ ဓာပိုဒ်—

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ၊
ယေစိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

စိတ္တံ၊ စိတ်ဆိုတာ။ ဒူရင်္ဂမံ၊ အဝေးက အာရုံကိုလဲ သိတတ်ပါပေ၏။

ဒူရင်္ဂမံဆိုတဲ့ ဓာပိုဒ်ကို ဘာသာပြန်ယင် "အဝေးကအာရုံကို သိတတ်၏"လို့ ဘာသာပြန်ရမယ်။ ပါဠိတော်အရှိအတိုင်း တိုက်ရိုက်ဘာသာ

ပြန်ယင်တော့ အဲဒီလိုပြန်လို့မရဘူး၊ တိုက်ရိုက်ပြန်ယင်တော့- "ဒူရင်္ဂမံ- အဝေးကို သွားတတ်၏"လို့ ဘာသာပြန်တယ်။

စိတ် အဝေးသွားတယ်ဆိုယင် ပါယာသိမင်းကြီး အကြိုက်ပေါ့၊ ထွက်သွားတာပေါ့။ ဒီကိုယ်ထဲကစိတ်သည် ဟို-အဝေးထွက်သွားတယ်ဆိုယင် ဒီမှာ အသေဖြစ်ကျန်ရစ်ရမယ်၊ ပြီးတော့ ပြန်ဝင်လာရမယ်။ ထွက်ချည် ဝင်ချည် ဖြစ်မနေဘူးလား။

ပဝိသန္တံ ဝါ၊ ဝင်လာသည်ကိုလည်းကောင်း။ နိက္ခမန္တံ ဝါ၊ ထွက်သွားသည်ကိုလည်းကောင်း။ နပဿန္တိ၊ ဘေးကစောင့်နေကြတဲ့ မိန်းကလေးတွေ မတွေ့လိုက်ကြရပါကုန်ဘူးရုး။

ပါယာသိမင်းကြီး လျှောက်ထား လိုက်တယ်။ ဝင်လာတာလဲ မတွေ့လိုက်ရဘူး၊ ထွက်သွားတာကိုလဲ မတွေ့လိုက်ရဘူး။ ဒီတော့ ယခုနက ဓမ္မပဒမှာ—

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

စိတ္တံ၊ စိတ်သည်။ ဒူရင်္ဂမံ၊ အဝေးကိုလဲ ပြေးသွားတတ်ပါပေ၏။

စိတ်သည် အဝေးကို ပြေးသွားတတ်တယ်။

ဟောဒီမွှာကြီးထဲမှာ တရားနာနေကြယင်း စိတ်က အိမ်ရောက်သွားတယ်၊ ဒီလို မပြောရဘူးလား၊ ကမ္မဋ္ဌာန်းကျောင်းမှာ တရားအားထုတ်နေယင်း စိတ်က ဈေးထဲရောက်သွားတယ်၊ ဒီလို မဆိုကြဘူးလား။ စိတ်က အဲဒီကို သွားကိုမသွားရဘူး၊ ရူပါရုံရှိရာကို မသွားဘူး၊ သဒ္ဒါရုံရှိရာကို မသွားဘူး၊ ဂန္ဓာရုံရှိရာကို မသွားဘူး၊ ဂန္ဓာရုံ ရသာရုံ ဘယ်အာရုံရှိရာကိုမှ စိတ်သည် အဝေးကို သွားတယ်လို့ မရှိဘူး။

ဒူရင်္ဂမံ ပါဠိတော်အရ အဝေးကို သွားတယ်ဆိုတာ ထိုအဝေးက အာရုံကို ဒီကလှမ်းပြီးတော့ သိတာပါ၊ အဲဒါကို အဝေးသွားတယ်လို့ ပြောတာ၊ ဒါကြောင့် အသက်ထွက်တာကို စောင့်ရှာလို့ ဘယ်ရပါ့မလဲ။

ဒူရင်္ဂမံ၊ အဝေးကိုလဲ ပြေးသွားတတ်၏။
ဒီအပိုဒ်ကို—
ဒူရင်္ဂမံ၊ အဝေးက အာရုံကိုလဲ—။

ဟဒယဝတ္ထုမှာတည်၍ တည်၍၊ မှီ၍ မှီ၍၊ ဘယ်ကိုမှမရွေ့ဘူး၊ ဒီမှာပဲ၊ စိတ်ရဲ့မှီရာသည် ဟဒယ၊ စက္ခုဝိညာဉ်ရဲ့ မှီရာကတော့ စက္ခု

ပသာဒပေါ့၊ သောတဝိညာဉ်ရဲ့ မှီရာက သောတပသာဒ၊ ဃာနဝိညာဉ်ရဲ့ မှီရာက ဃာနပသာဒ၊ ဇိဝှါဝိညာဉ်ရဲ့ မှီရာက ဇိဝှါပသာဒ၊ ကာယဝိညာဉ်ရဲ့ တည်ရာမှီရာက ကာယပသာဒ၊ မနောဝိညာဉ်ရဲ့ တည်ရာမှီရာက ဟဒယ၊ ဟုတ်လား။

ဟဒယမှာ တည်ရှိပုံ၊ ပဋ္ဌာနပါဠိကျသည့် အကြောင်းကိုမှ မရှုပ်ဘဲနဲ့ အဝေးအဝေးက အာရုံတွေကို လှမ်း၍လှမ်း၍ သိတတ်ပါပေ၏၊ ဒူရင်္ဂမံ ဆိုတာ ဒီအဓိပ္ပာယ်ပဲ။

## တလုံးစီတလုံးစီဖြစ်ကြတာ

ဧကစရံ၊ တလုံးစီတလုံးစီ ဖြစ်တတ်ပါပေ၏။

အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ (ဘဝင်ုပစ္ဆေဒ), စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ဇော-ဇောဆိုပြီး တော့ တလုံးစီ၊ တလုံးစီသွားတာ၊ နှစ်လုံးတွဲ သုံးလုံးတွဲ လေးလုံးတွဲ ငါးလုံးတွဲ အတွဲလိုက်ကြီး ဘယ်တော့မှ မဖြစ်ပါဘူး။ အသံကြားတဲ့ စိတ်နဲ့ အဆင်းသိတဲ့စိတ် တပြိုင်နက် မဖြစ်ပါဘူး၊ အသံကြားတဲ့စိတ်နဲ့ အဆင်းသိတဲ့စိတ်သည် တခြားစီ၊ တစိတ်ပြီးမှ တစိတ်၊ စိတ်တလုံးပြီးမှ တလုံးစီ ဖြစ်တာကို ဧကစရံ ဟုတ်လား။

အသရီရံ၊ လက်နဲ့ဆုပ်ပြစရာ ပါဆိုယင်တော့ အထည်ကိုယ်အနေနဲ့ ကိုင်ပြစရာ မရှိဘူး။

သိမှုသဘောရှိတာ အမှန်ပဲ။

ဒူရင်္ဂမံဆိုတဲ့ အပိုဒ်ကို ဂုဟာသယံနဲ့ ကပ်လိုက်ယင် ကိုယ်ထဲက စိတ်သည် အခြားထွက်မသွားဘူးလို့ဟာ သဘောချတယ်။

(က) ဂုဟာသယံ=ဂုဟ, အာသယ၊

(၁) ဂုဟာ=ဂူ၊

(၂) အာသယ=တည်နေရာ၊

(၃) ဂုဟာသယ=ဂူလေးထဲမှာ အောင်းနေတာ တဲ့။

ဘယ်ဂူလဲဆိုတော့ ဟဒယဝတ္ထုဆိုတဲ့ ဂူလေးထဲမှာ အောင်းနေတာ ဘယ်မှ မထွက်ပါဘူး။

ဂုဟာသယံ၊ ဟဒယဝတ္ထုဆိုသော နှလုံးအိမ်မှာ ကိန်းအောင်း၍ တည်ပါပေ၏။

တည်ရာသည် ဟဒယ။ အဝေးလှမ်း လှမ်းပြီးတော့ သိတယ် အဝေးသို့ ဇာကနေ ထွက်သွားတာ မဟုတ်ဘူး။ ဒါဖြင့် အဝေးထွက်သွားတာကို လက်ခံယင် ကျန်ရစ်တဲ့ လူ့ခန္ဓာကိုယ်ကြီးဟာ ဝိညာဉ်မရှိယင် အသေလားဆိုတော့ မသေဘူးတဲ့၊ မသေယင် ဘယ်လိုလုပ်နေတုန်း ထွက်သွားတဲ့ ဝိညာဉ်ကတခု ကျန်ရစ်တဲ့ ဝိညာဉ်ကတခု၊ အဲဒီလို ဝိညာဉ်နှစ်လုံး ပြိုင်နေယင် ဘယ်တော့မှ မဟုတ်တော့ဘူး၊ ဒါက တက္ကတ္ထိုရဲ့ ကြံဆတဲ့ သဘော၊ ဒါကြောင့် ဒူရင်္ဂမံနဲ့၊ ဂုဟာသယံကို ဆက်တွဲလိုက်သာ မှတ်ထားလိုက်။

ဒူရင်္ဂမံ၊ အဝေးက အာရုံကိုသိတတ်၏။ ဂုဟာသယံ ဟဒယဝတ္ထုမှာ တည်၍မှီ၍ နေတတ်ပါပေ၏။

ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ တံ-တာဒိသံ၊ ထိုသို့သဘောရှိသော။ စိတ္တံ၊ စိတ်ကို။ သံယမေဿန္တိ၊ စောင့်ရှောက်နိုင် ထိန်းသိမ်းနိုင်ကြသေကုန်၏။ တေ၊ ထိုစိတ်ကို စောင့်ရှောက်နိုင် ထိန်းသိမ်းနိုင်ကြသည့် ပုဂ္ဂိုလ်အပေါင်းတို့သည်။ မာရဗန္ဓနာ၊ ငါးဖြာအာရုံ ကာမဂုဏ်ချည်း မာရ်နတ်မင်းရဲ့ ကျော့ကွင်းက။ မောက္ခန္တိ၊ နိဗ္ဗာန်တိုင်ရောက် ခရီးပေါက်အောင် အပြီးတိုင် လွတ်မြောက်နိုင်ကြလေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား"

**အဝင်အထွက် မတွေ့မမြင်လိုက်ကြပါဘူး**

ဒီတော့-ဒီပါဠိတော်ပိုဒ်ကို ဘုန်းကြီးတို့ ထုတ်ပြလိုက်ခြင်းသည်၊ ဒူရင်္ဂမံ ဂုဟာသယံ-

ဒူရင်္ဂမံ-အဝေးသွားတာ မဟုတ်ဘူး အဝေးကအာရုံကို လှမ်းပြီးတော့သိတာ။ အဝေးက အာရုံကို လှမ်းသိတာကိုပင်လျှင် အဝေး အဝေးသို့ ထွက်ထွက်သွားတယ်လို့ ဆိုရပါတယ်။

ဘယ်မှာတည်နေတုန်းဆိုယင် ဟဒယဝတ္ထုမှာ တည်နေတယ်။ ဒီအဓိပ္ပာယ်ကို "ဂုဟာသယံ" ဆိုတဲ့ အပိုဒ်ဖြင့်ပြတယ်။ ဟဒယဝတ္ထုထဲက စိတ်ဟာ တခြားသို့ ထွက်မသွားဘူး၊ ဟဒယဝတ္ထုမှာ တည်မှီပြီးသော့ အဝေးက အာရုံကို လှမ်းပြီးသိတတ်တာ။

ကိုင်း—ဒါဖြင့်ယင် ပါယာသိမင်းကြီး အိပ်မက် မက်တာ စဉ်းစား လိုက်တော့။ ဒကာတော် ပါယာသိမင်း—အိပ်မက် မက်သည့် ကာလ ဥယျာဉ်တွေ ဘောဘောင်တွေ ရေကန်တွေမှာ ပျော်မွေ့ဖွယ်ရာ ကောင်းတဲ့ အိပ်မက်ကြီးများ မင်းကြီးမက်တဲ့အခါ မင်းကြီးရဲ့ အသက် ကလေး။

ပါယာသိမင်းကြီးပြောတဲ့ စကားအတိုင်း ပြောရတာနော်။

မင်းကြီးရဲ့ အသက်သည် အဲဒီ ဥယျာဉ်ကြီးတွေရှိရာ ထွက်သွား တယ်။ အိပ်မက်ဆုံးတဲ့အခါ ပြန်ဝင်လာကာယ်။

နိက္ခမန္တံဝါ၊ အိပ်မက် မက်တဲ့ အာရုံရှိရာ ထွက်ခွာသွားသည်ကို လည်းကောင်း။ ပဝိသန္တံဝါ၊ အိပ်မက်ဆုံးယင် ဟောဒီ ခန္ဓာထဲကို ပြန် လည်၍ ဝင်ရောက်လာသည်ကို လည်းကောင်း။ တာ၊ ထိုအမျိုးသမီး ငယ်တလေးတို့သည်၊ ပဿန္တိအပိနု၊ တေးနားဟော စောင့်ထိုင်ကြည့်ယင်းက တွေ့များတွေ့လိုက်ကြပါကုန်၏လော။

နော ဟိဒံ ဘော ကဿပ၊

မတွေ့လိုက်ကြရပါဘုရား။

မတွေ့ဘူးတဲ့၊ ဟုတ်လား။

တာဟိ နူမ ရာဇည တုယှံ ဇီဝန္တဿ ဇီဝန္တိယော
ဇီဝံ န ပဿိဿန္တိ ပဝိသန္တံဝါ နိက္ခမန္တံဝါ။

ရာဇည၊ ပါယာသိမင်း။ ဇီဝန္တိယော၊ အသက်ရှင်နေဆဲ ဖြစ်ကြကုန် သော။ တာ၊ ထိုအမျိုးသမီးငယ်တို့သည်၊ ဇီဝန္တဿ တုယှံ၊ အသက်ရှင် နေဆဲဖြစ်သော သင်မင်းကြီး၏။ ဇီဝံ၊ အသက်ကလေးကို။ ပဝိသန္တံဝါ နိက္ခမန္တံဝါ၊ ဝင်သည်ထွက်သည်ကိုလ။ နပဿိဿန္တိနူ၊ မတွေ့မမြင် ကြဘူးဆိုယင်။

အသက်ရှင်နေကြတဲ့ မိန်းမကလေးတွေက အသက်ရှင်ဆဲဖြစ်သော အသင်မင်းကြီးရဲ့ အသက်ကလေး ဝင်ချည် ထွက်ချည်လုပ်တာကို။ အိပ် မက် မက်တုန်းခါ၊ အိပ်မက်မက်သော ထွက်သွား၊ အိပ်မက်ဆုံးတော့ ပြန်ဝင်လာ။ အဲဒီလို ဝင်ချည်ထွက်ချည် လုပ်တယ်ဆိုတာကို တွေ့ကို မတွေ့လိုက်ကြဘူးဆိုယင်တော့—

မတွေ့ရလို့ နောက်ဘဝ မရှိဘူးမမှတ်နဲ့

အသက်ရှင်နေကြတဲ့ ပုဂ္ဂိုလ်တွေ စောင့်ကြည့်နေတာ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်တယောက်ရဲ့ အသက်ကလေး ဝင်လိုက်ထွက်လိုက် လုပ်နေတာကို=

အရှင်ကုမာရကဿပထေရ်လဲ ကတ်သီးကတ်သတ် ပြောတာပဲနော်။

အသက်ရှင်နေကြတဲ့ မိန်းကလေးတွေ စောင့်ကြည့်နေကြတာ၊အသက်ရှင်နေတဲ့ မင်းကြီးရဲ့ အသက်ဟာ ဝင်လိုက် ထွက်လိုက် ဖြစ်နေတာကို မတွေ့လိုက်ဘူး ဆိုယင်တော့....

ကိံ ပန တုံ့ ကာလင်္ကတဿ ဇီဝံ ပဿိဿသိ
ပဝိသန္တံ ဝါ နိက္ခမန္တံ ဝါ။

ရာဇည၊ ပါယာသိမင်း။ တုံ၊ သင်သည်၊ ကာလင်္ကတဿ၊ ကွယ်လွန်သွားသော (ဝါ) သေလွန်သွားသော ပုဂ္ဂိုလ်တယောက်ရဲ့၊ ဇီဝံ အသက်ကို၊ နိက္ခမန္တံ၊ ထွက်ခွာသွားသည်ကို။ ကိံ၊ အဘယ်ကြောင့် ပဿိဿသိ၊ တွေ့နိုင်ပါအံ့နည်း။

အသက်ရှင်နေကြတဲ့ ပုဂ္ဂိုလ်တွေ ထိုင်ကြည့်နေတာတောင် အသက်ရှင်နေတဲ့ သင်မင်းကြီး အိပ်မက်မက်တုန်း အသက်ကလေး ဝင်လိုက် ထွက်လိုက် ဖြစ်နေတာကို မတွေ့သေးယင်တော့ ဒကာတော်မင်းကြီး သေသွားတဲ့ ပုဂ္ဂိုလ်တယောက်ရဲ့ အသက် ဘယ်လိုထွက်မယ်ဆိုတာကို ဒကာတော်မင်းကြီး နည်းမျိုးစုံနဲ့ ဘယ်လိုပဲ စမ်းသပ်စမ်းသပ်၊ ဘယ်လိုပဲ ထိုင်ကြည့် ထိုင်ကြည့် ဒကာတော်မင်းကြီး တွေ့နိုင်လိမ့်မယ်လို့ မမှတ်ပါနဲ့။

ဒကာတော်မင်းကြီး — အသက်ထွက်တာ ဘယ်တွေ့နိုင်မှာတုန်း။ အသက်ထွက်တာ မတွေ့ရတဲ့အတွက်ကြောင့် နောက်ဘဝထခုခုများ မရှိဘူး ရယ်လို့ ဒကာတော်မင်းကြီး မမှတ်နဲ့။

ရာဇည၊ ပါယာသိမင်း။

အတ္ထိပရလောကော၊ နောက်ဘဝဆိုတာ ရှိတယ်။ အတ္ထိသတ္တာ ဩပပါတိကာ၊ ဥပပါတ်သတ္တဝါ ငရဲ နတ်ဗြဟ္မာ ဆိုတာရှိတယ်။ အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ ကုသိုလ် အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်တို့ရဲ့ အကျိုးဆိုတာ ရှိပါတယ်။ —လို့

အာယသ္မာကုမာရကဿပ ပေါ၊ စိတ္တကတိ မေ့ကထိက တော့ဒဂ်တွဲရတဲ့ အရှင်ကုမာရကဿပ မထေရ်သည်။ ပါယာသိရာဇညံ၊ တမလွန်လောက နောက်ဘဝမရှိဘူးလို့ ယူဆထားသော ပါယာသိမင်းကြီးကို။ တေံ၀စနံ၊ ဤစကားကို။ ဗျာကရောတိ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းမှန်စွာ ဖြေကြား တော် မူခဲ့ပါပေသတည်း။

“သာဓု—သာဓု…သာဓုပါဘုရား”

ဟောဒီ ဥပမာက ပါဠိအမည်မှာ ‘သုပိနူပမာ’ လို့ သုံးတယ်၊ အိပ်မက်—ဥပမာ ဟုတ်လား။ အေး….အိပ်မက်ကလေးမက်တုန်း အသက် ကလေးထွက်သွား၊ အိပ်မက်ဆုံးတော့ ပြန်ဝင်လာ၊ အသက်ရှင်တဲ့ လူ တယောက်ရဲ့အသက်ဟာ အဲဒီလိုဝင်လိုက်ထွက်လိုက်ဖြစ်နေတာကို အသက် ရှင်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဘေးက ထိုင်စောင့်ကြည့်တာ မတွေ့ရဘူး ဆိုယင် သေတဲ့လူ အသက်ထွက်တာ ဒကာတော်မင်းကြီး ဘယ်လိုလုပ် တွေ့မှာတုန်း၊ မတွေ့ဘူးပေါ့။

အသက်ထွက်တာ မတွေ့ယင် နောက်ဘဝမရှိဘူးလို့တော့ မလုပ် ပါနဲ့ နောက်ဘဝဘော့ ရှိပါတယ် ဒကာတော်မင်းကြီး။

အဲဒီလို အရှင်ကုမာရကဿပရဲ့ အိပ်မက် ဥပမာ ဆုံ သည့်ကာလ၊ ပါယာသိမင်းကြီးက—

အရှင်ဘုရားပြောတာယုတ္တိတော့ရှိသားပဲ

ကိစ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ။

ဘဝံ ကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်၊ ဧဝံ၊ ဤသို့။ ကိစ္စာပိအာဟ၊ အကယ်၍ဆိုတော့ ဆိုသားပါပဲ။

အရှင်ကုမာရကဿပ—အရှင်ဘုရား ဒီလိုဆိုတာ ယုတ္တိတန်ပါ တယ်။ အရှင်ဘုရား ဒီလိုပြောတာတော့ ဟုတ်သားပဲ။ ဒါပေမယ့်—

အထ ခေါ ဧဝံ မေ ဧတ္ထ ဟောတိ၊

အထခေါ၊ သို့သော်လည်း။ ဧတ္ထ၊ တမလွန်လောက နောက်ဘဝ မရှိဘူးဆိုတဲ့ အယူဝါဒ၌၊ မေ၊ တပည့်တော်မှာ။ ဧဝံဝါဒေါ၊ ဤသို့ သော အယူဝါဒသည်။ ဟောတိ၊ ရှိနေပါသေးတယ်။

အရှင်ကုမာရကဿပ ဒီလိုပြောတာတော့ ဟုတ်သားပဲ၊ အသက်ထွက်တာ မထွက်တာကို အရှင်ဘုရား ရှင်းပြတဲ့ ဥပမာနဲ့ တပည့်တော် သိရှိနားလည်ပါပြီ လုံလောက်ပါပြီ။ ဒါပေမယ့် နောက်ဘဝမရှိဆိုတာကတော့ မရှိဘဲအတိုင်းပါပဲ။ ရှိတယ်ဆိုတာကို လက်မခံသေးဘူး။

အရှင်ကုမာရကဿပကလဲ ပါယာသိမင်းကြီးရဲ့ ကတ်သီးကတ်သတ် စကားတွေကို ကြားလိုတဲ့အတွက်ကြောင့် တောင်းတယ်။

အတ္ထိ ပန ရာဇည ပရိယာယော၊

ရာဇည၊ ပါယာသိမင်း။ တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ တေ၊ သင့်မှာ။ ပရိယာယော၊ အကြောင်းသည်။ အတ္ထိပန၊ ရှိပါသေးသလော။

ဟဲ့–ပါယာသိမင်း သင့်မှာ အကြောင်းပြစရာ ရှိပါသေးသလား။

ပါယာသိမင်းကြီးရဲ့ ကတ်သီး ကတ်သတ် စကားလေးတွေကိုလဲ အရှင်ကုမာရကဿပက ကြားချင်သကိုးဗျ။ ဒကာတော် မင်းကြီး– အကြောင်းပြဖို့များ ရှိသေးသလား။

အတ္ထိ ဘော ကဿပ ပရိယာယော၊

တပည့်တော် အကြောင်းပြဖို့ ရှိပါတယ်ဘုရား။

ယထာ ကထံ ဝိယ ရာဇည၊

သင် ဘာအကြောင်းများ ပြချင်သေးတုန်း အကြောင်းပြစမ်းပါ။

ပါယာသိမင်းကြီးကလဲ နောက်ဝမရှိကြောင်း အကြောင်းပြလိမ့်ဦးမယ်၊ လူအသက်ထွက်တယ်ဆိုတာကို မရှိဘူးလို့ သူက ဒီကလာတာဗျ။ နောက်ဘဝ မရှိဆိုတာက ဝေးကိုနေတယ်။ အသက်ထွက်သွားတယ်ဆိုတာ ရှိကိုမရှိဘူးဆိုတဲ့အကြောင်းကို ဥပမာနဲ့သူပြောဦးမလို့–

ပါယာသိမင်း၊ အကြောင်းသာစကပြမယ်

ဣဓ မေ ဘောကဿပ ပုရိသာ စောရံ

အာဂုစာရိံ ဂဟေတွာ ဒဿေန္တိ–

ဘောကဿပ၊ အို-အရှင်ကုမာရကဿပ။

ဣဓ၊ ဤပညတ်တော်ရဲ့ ဘောတဗျမြို့မှာ။ မေ၊ တပည့်တော်ရဲ့။ ပုရိသာ၊ မင်းချင်းယောကျ်ားတို့သည်။ စောရံ အာဂုစာရိံ၊ မြစ်ဒဏ်

သင့်နေတဲ့ ရာဇဝတ်သားကို။ ဂဟေတွာ၊ ခေါ်ဆောင်လာပြီးတော့။ ဒဿေန္တိ၊ ပြကြပါကုန်သည်ဘုရား။

မင်းပြစ်ဒဏ်သင့်နေတဲ့ ရာဇဝတ်သားတယောက်ကို တပည့်တော်ထံ လာပြီးတော့ ပြကြပါတယ်ဘုရား။

အယံ တေ ဘန္တေ စောရော အာဂုစာရီ၊
ဣမဿ ယံ ဣစ္ဆသိ၊ တံ ဒဏ္ဍံ ပဏေဟီ''တိ။

ဘန္တေ ရာဇည၊ အို—ပါယာသိမင်း။

အယံ၊ ဤပုဂ္ဂိုလ်သည်ကား။ အာဂုစာရီ၊ အပြစ်ကို ကျူးလွန်ထားသော။ စောရော၊ ရာဇဝတ်သားပါ။ ဣမဿ၊ ဤရာဇဝတ်သားအတွက်။ ယံ၊ အကြင်အပြစ်ဒဏ်ကို။ တွံ၊ သင်မင်းကြီးသည်။ ဣစ္ဆသိ၊ အလိုရှိ၏။ တံဒဏ္ဍံ၊ ထိုအလိုရှိသည့်အပြစ်ဒဏ်ကို။ ပဏေဟိ၊ ချမှတ်ပါလော့။

အို—အရှင်ပါယာသိမင်း။

ဤပုဂ္ဂိုလ်သည်ကား အပြစ်ဒဏ်လွန်ကျူးတဲ့ ရာဇဝတ်သားပါ။ ပြစ်ဒဏ်လွန်ကျူးထားတဲ့ ရာဇဝတ်သားကို သင်မင်းကြီးသည်တိုက်သင့်တဲ့ ပြစ်ဒဏ် ချမှတ်တော်မူပါ။ မင်းချင်းယောကျ်ားတွေက တပည့်တော်အား ရာဇဝတ်သားကို ပြသည့်ကာလ။

တော ကဿပ၊ အို—အရှင်ကုမာရကဿပ။

တေ၊ ထိုပုဂ္ဂိုလ်တို့ကို။ အဟံ၊ တပည့်တော်သည်။ ဧဒါဝိ၊ ဆိုလိုက်ပါသည်ဘုရား။

လာပြတဲ့ မင်းချင်းယောကျ်ားတွေကို တပည့်တော် ဒီလို ပြောလိုက်ပါတယ်ဘုရား—

တေနှ ဟိ ဘော ဣမံ ပုရိသံ ဇီဝန္တံ ယေဝ တုလာယ
တုလေတွာ—

ပါယာသိမင်းကြီး တမျိုးစမ်းဦးမယ် [illegible] ပြီးလဲ ဒီလို ပိုက်ပြီး မိန်းရှိ စမ်းကြည့်ခဲ့တယ်၊ အ [illegible] လား။ အခုတနည်းစမ်းကြည့်ဦးမယ်။

**အသက်ထွက်သွားတာမရှိကြောင်း လက်တွေ့စမ်းမယ်**

**ဘော၊ အို–အချင်းတို့။**

စောနဟိ၊ ထိုသို့ဖြစ်ပါမူကား။ ဣမံပုရိသံ၊ ဤယောကျ်ားကို။ ဇီဝန္တံယေဝ၊ အသက်ရှင်ဆဲမှာပင်လျှင်။ တုလာယ၊ ချိန်ခွင်ဖြင့်။ တုလေတွာ၊ ချိန်၍။

**သာကာနီး လုပ်ပြန်ပြီတခါ။**

ရာဇဝတ်သားကို သတ်ကာနီး ချိန်ခွင်ထဲမှာ ထည့်ပြီးတော့ ချိန်ကြည့်တယ်ဘုရား။

အသတ်ခံရကာနီး ရာဇဝတ်သားကို ချိန်ခွင်ကတ္တားမှာ သေသေချာချာ ချိန်ကြည့်လိုက်တယ်။ ဒီလူဟာပိဿာချိန် ၅၀ ရှိတယ်လို့ ဆိုကြပါစို့။ မှတ်သားထားလိုက်တယ်။ အသက်ရှင်ဆဲကာလမှာ ပိဿာချိန် ၅၀ ရှိတယ်လို့ မှတ်သားထားလိုက်တယ်။ ပြီးတော့မှ–

ဇိယာယ အနဿာသကံ **မာရေတွာ–တဲ့**

**သတ်ပုံက တမျိုး။**

ဇိယာယ၊ လေးညှို့ဖြင့်။ အနဿာသကံ၊ အသက်မထွက်နိုင်အောင်။ မာရေတွာ၊ လည်ပင်းကို ချည်နှောင်ရစ်ပတ်၍။

လေးညှို့, လေးကြိုး၊ လေးကိုင်းမှာတပ်တဲ့ ကြိုးဆိုတာက အလွန်ခိုင်သကားဗျ။ လေးကိုင်းမှာတပ်တဲ့ အဲဒီလေးညှို့ကြိုးနဲ့ လည်ပင်းမှာ တပါတည်း တင်းကျပ်နေအောင် ရစ်ပြီးတော့ ကျပ်နေအောင် တင်းနေအောင် ချည်ပြီးတော့ အဲဒီပုဂ္ဂိုလ်ကိုသတ်တယ်။ ပါးစပ်ပေါက်က အသက်ထွက်သွားမှာစိုးလို့ လည်ပင်း ကြိုးနဲ့တင်းအောင် ချည်ပြီးတော့ သတ်တာ။ ပါယာသိမင်းကြီး စမ်းကြည့်နေတာနော်၊ ဒါကြောင့် နောက်ဘဝတို့ အသက်တို့ကို သုတေသနလုပ်တာ နည်းတော်တော်စုံတဲ့ ပါယာသိမင်းကြီးပဲ၊ ဟုတ်လား။

ဇိယာယ အနဿာသကံ မာရေတွာ၊

ဇိယာယ၊ လေးညှို့ဖြင့်။ ဂီဝံ၊ လည်ပင်းကို။ ဝေဌေတွာ၊ ရစ်ပတ်ပြီးတော့။ အနဿာသကံ၊ အသက်မထွက်နိုင်အောင်။ မာရေတွာ၊ ညှစ်ဖျစ်ပြီးတော့ သတ်၍။

လည်ပင်းကိုတခါတည်း လေးညှို့ကြိုးနဲ့တင်းနေအောင်၊ စက်သီးနဲ့ တင်းနေအောင် ချည်နှောင်ရစ်ပတ်ပြီး သတ်တော့၊ တဖြည်းဖြည်းနဲ့ လည်ချောင်းဟာ ပိတ်ဆို့သွားတော့ ပါးစပ်လဲပိတ်၊ နှာခေါင်းကလဲ ပိတ်သွားပြီဆိုတော့ အသက်ကလေး ဘယ်လိုထွက်မှာလဲ။

ခုနက အတ္တဝါဒပြောခဲ့တုန်းက ဇီဝအတ္တလေး ထွက်ရာအပေါက်ကလေးဘာပေါက် ရှိသေးတယ်တဲ့၊ ဇီဝအတ္တလေးရဲ့ ထွက်ရာအပေါက်အယ်ထိပ်မှာဆိုတော့ အခုကို လည်ပင်း ကြိုးနဲ့ရစ်ပတ်လိုက်တော့ အဲဒီအပေါက်ကလဲ မထွက်နိုင်တော့ဘူး၊ လည်ချောင်းကနေ ထအားညှစ်ပိတ်ထားတာကိုး။

ဇီယာယ အနုဿာသကံ မာရေတွာ ပုနဒေဝ
တုလာယ တုလေထာ”တိ။

ဇီယာယ၊ လေးညှို့ကြိုးဖြင့်၊ ဂီဝံ၊ လည်မင်းကို။ ဝေဌေတွာ၊ ရစ်နှောင်၍။ အနုဿာသကံ၊ အသက်မထွက်နိုင်အောင် နှိပ်စက်ပြီးသော့။ မာရေတွာ၊ သတ်၍။ ပုန၊ တဖန်။ ကာလကတံ၊ ကွယ်လွန်ခဲ့ပြီးသော။ တံပုရိသံ၊ ထိုယောကျ်ားကို။ တုလာယ။ ချိန်ခွင်ဖြင့်။ တုလေထ၊ ချိန်လိုက်ကြကုန်လော့။

ဣတိ၊ ဤသို့။ အဟံ။ တပည့်တော်သည်။ ဝဒေမိ၊ ဆိုလိုက်ပါတော့သည်ဘုရား။

## အလေးချိန်နှစ်ခု ကွာခြားနေတယ်

အလေးချိန်ကို စမ်းသပ်ကြည့်မြန်ပြီ။ ခုနက မသေခင်ချိန်ကြည့်တုန်းက အလေးချိန် ၅၀ ပိဿာရှိတယ်၊ ယခု လည်းပင်း ကြိုးနဲ့ဟာအား ညှစ်ရစ်ပတ်ပတ်ပြီး သတ်တော့ သေပြီလဲဆိုရော အဲဒီ အသေကောင်ကို တခါချိန်ကြည့်လိုက် ပြန်တယ်၊ ချိန်ကြည့်တော့ ဘယ်လို ဖြစ်နေတုန်းဆိုတော့ ပိုးပြီးတော့ လေးလာတယ်။ မသေခင်က ပိဿာချိန် ၅၀ ရှိတယ်ထား၊ သေသွဲပြီးရော ၅၅ ပိဿာလောက် ဖြစ်လာတာ၊ တချို့များ ပိဿာချိန် ၆၀ လောက် ဖြစ်လာတယ်။ အဲဒီလို ချိန်ကြည့်တော့ သေပြီးတဲ့အခါ ပိုပြီးတော့ လေးလာတာ တွေ့ရတယ်ဘုရား-တဲ့။

ဘုန်းကြီး ...ယ်ယ် ကိုရင်ကြီးဘဝမှာနေတုန်းက အသုဘရှုလိုက်သွားဖူးတယ်၊ လူ...သွားတဲ့အခါ အသုဘထမ်းတဲ့ သူငယ်ချင်းတွေကို

ညနေ ကျောင်းခေါ်ပြီးတော့ အပျင်းပြေ စကားပြောယင်း မေးကြည့်ဖူးတယ်၊ ဟော့ကောင်တွေ မင်းတို့ အသုဘပို့တော့ ဘယ်လိုတုန်းကွ၊ အဲဒီအလောင်းကြီး ရွာထဲကနေ ထမ်းထမ်း သွားလိုက်တာ၊ ရွာအပြင်ရောက် သုသာန်နား ရောက်တော့ ဘယ်လိုနေတုန်း။

အမယ်-ရွာထဲကနေ ထမ်းထုတ်, သုသာန် နားရောက်လေ ပိုပိုပြီးတော့ လေးလေးလာလေပဲကိုရင်ရ၊ တင်းနားရောက်လေ ပိုပိုလေးလေပဲတဲ့၊ နောက်ဆုံးကျတော့ ပစ်ချချင်စိတ် ပေါက်လာရော မထမ်းနိုင်အောင်ကို လေးတာတဲ့၊ ဘာဖြစ်လို့ လေးတာတုန်းဆိုတော့ ရွာပြင်ရောက်သွားပြီလဲဆိုရော ဘဝဟောင်းက မိတ်ဆွေသင်္ဂဟတွေက အဲဒီအခေါ် အကုန်တက်စီးကြတာလို့ ပြောတာပဲ၊ ဒါက ကလေးသားတွေပြောတာ ဟုတ်တာမဟုတ်တာတော့ ထားပေါ့၊ သူတို့က ထမ်းဖူးတာကို၊ လေးတာတော့ လေးတယ်ဟုတ်လား။

ဒီမှာလဲ ပါယာသိမင်းကြီးက ပြောနေတယ်။

ယဒါ ပန ဘော ကာလင်္ကတော ဟောတိ၊ တဒါ
ဂရုတရောစ ဟောတိ၊ ပတ္ထိန္နတရောစ အကမ္မညတရောစ။

ဘောကဿပ၊ အို-အရှင်ကုမာရကဿပ။

ယဒါ၊ အကြင်အခါမှာ။ ဘောပုရိသော၊ ထိုယောကျ်ားသည်။ ကာလင်္ကတော၊ ကွယ်လွန်ခဲ့သည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါမှာ သောပုရိသော၊ ထိုယောကျ်ားသည်။ ဂရုတရောစ၊ ပို၍ပို၍လေးလာသည်လည်း။ ဟောတိ၊ ဖြစ်ပါတယ်ဘုရား။ ပတ္ထိန္နတရောစ၊ ပို၍ကြမ်းထမ်းခက်ထရော်ခြင်း ရှိသည်သည်း။ ဟောတိ၊ ဖြစ်ပါတော့သည် ဘုရား။ အကမ္မညတရောစ၊ အမှုကိစ္စ၌ မခန့်သည်လည်း (ဝါ)ပျော့ပျော့ပျောင်းပျောင်း သွက်သွက်လက်လက် မရှိတော့သည်လည်း။ ဟောတိ၊ ဖြစ်ပါတော့သည်ဘုရား။

ဆိုလိုတဲ့အဓိပ္ပာယ် နားလည်ကြပြီပေါ့။ အသက်ရှင်တုန်း တပည့်တော် ချိန်ထားတယ်။ သတ်ပြီးလို့ သေသွားတဲ့အခါကျတော့လဲ တပည့်တော် ချိန်ကြည့်တယ်၊ အဲဒီ အလေးချိန် နှစ်ခုကို ယှဉ်ကြည့်တဲ့ အခါကျတော့ အသက်ရှင်တုန်းက အလေးချိန်ဟာ ပေါ့နေတယ်ဘုရား။

## ကြမ်းတမ်းခက်ထရော်သွားတယ်

**ယဒါ သော ဇီဝတိ တဒါ လဟုတရောစ ဟောတိ။ မုဒုကရောစ ကမ္မညတရောစ။**

ယဒါ၊ အကြင်အခါမှာ။ **သောပုရိသော၊** ထိုယောကျ်ားသည်။ ဇီဝတိ၊ အသက်ရှင်နေသေး၏။ တဒါ၊ ထိုအသက်ရှင်သေးသော အချိန်အခါကာလမှာ။ သောပုရိသော၊ ထိုယောကျ်ားသည်။ လဟုတရောစ၊ ပေါ့ပါးသည်လည်း။ ဟောတိ၊ ဖြစ်၏။ မုဒုတရောစ၊ နူးညံ့သည်လည်း၊ ဟောတိ၊ ဖြစ်၏။ ကမ္မညတရောစ။ အမှု၌ခန့်သည်လည်း။ ဟောတိ၊ ဖြစ်၏။

**အသက်ရှင်ဆဲကာလ ဟောဒီ လူသတ္တဝါရဲ့ ကိုယ်ခန္ဓာကြီးသည်** ပေါ့တယ်. နူးညံ့တယ် ပျော့ပျော့ပျောင်းပျောင်း ရှိတယ်။ အမှုကိစ္စမှာ ခန့်ခန့်ညားညား သွက်သွက်လက်လက် အံဝင်ခွင်ကျဖြစ်ပါတယ်။ **အသက်သေပြီဆိုတဲ့ အခါကျတော့—**

ဂရုတရောစ၊ ပို၍ပို၍လေးလာသည်လည်း။ ဟောတိ၊ ဖြစ်၏။

အလေးချိန်လဲ တိုးလာတယ်၊ ဟုတ်လား။

ပတ္ထိန္နတရောစ၊ ကြမ်းတမ်းခက်ထရော်မှုသည်လည်း။ ဟောတိ၊ **ဖြစ်၏။**

သေပြီးတဲ့ အလောင်းကောင်ရဲ့ ဘေးချထားတဲ့ လက်နှစ်ဘက်ကို နာရီဝက်လောက်ကြာသွားတဲ့အခါ ရင်ဘတ်ပေါ်တင်ပြီး ပူးကြည့်စမ်းပါ ပူးလို့ကိုမရဘူး၊ အဲဒါ ကြိုးနဲ့မှည်းပူးချည်ထားမှ ဒီလက်တွေ ပူးကပ်နေတယ်၊ ပတ္ထိန္နတရောစ ကြမ်းတမ်း ခက်ထရော်သွားတယ်။ တောင့်တောင့်တင်းတင်းကြီးတွေ ဖြစ်သွားတာ၊ မလွယ်ဘူးနော်။

**အသက်ရှင်နေတဲ့** အခါမှာတော့ လက်ကလေးတွေဟာ ဘယ်လိုပဲ ထားထား, ထားချင်သလိုထား ရတယ်၊ ကျောကုန်းဘက် လှမ်းစမ်း **ဘောင်ရတယ်။** မုဒုတရော ပျော့ပျော့ပျောင်းပျောင်း။ ကမ္မညတရော အမှု၌ခန့်ညားတယ်။ ဘယ်လို အမှုကိစ္စမျိုး ဆောင်ရွက်မလဲ၊ လက်ကလေးနဲ့ နားရွက်ထဲ ကိုင်လဲရတယ်၊ နှာခေါင်းထဲ နှိုက်လဲရတယ်။ ကျောကုန်း လက်ပြန်လှမ်းကုတ်လဲ ဖြစ်တယ်၊ အဲဒါ ကမ္မညတရ—ပျော့ပျော့ပျောင်းပျောင်း ရှိတာ ဟုတ်လား။

လဟုတရ–ဒီလက်တလေးဟာ အသက်ရှင်တုန်း အလေးချိန်ချိန် ကြည့်တော့ ပေါ့ပေါ့ပါးပါး ရှိတယ်၊ သေပြီလဲဆိုရော ဒီလက်ဟာ ဘယ်လိုမှ အသုံးချလို့ မရတော့ဘူး၊ နားချက်ထဲ နှိုက်လဲမရ၊ ကျောကုန်း လှမ်းကုတ်လို့မရ၊ အဲဒါ ကွေးနေတာချည်း ဆန့်လို့မလွယ်ဘူး၊ ဆန့်နေ တာချည်းလဲ ကွေးလို့မလွယ်တော့ဘူး။ ပတ္ထိန္နတရော-အလေးချိန်လဲတိုး လာတယ် ဟုတ်လား။ အေး-ဒါကြောင့်။

**အသက် ထွက်သွားတယ်ဆိုယင် ပေါ့ရမှာပေါ့**

အဃမ္ပိ ခေါ ဘော ကဿပ ပရိယာ ယေဿ၊

ဘော ကဿပ အို-အရှင်ကုမာရကဿပ။

အယံ၊ ဤကဲ့သို့ တပည့်တော်ဆိုခြင်းသည်။ ပရိယာယော၊ သေတဲ့ အခါ အသက်ထွက်ခြင်းမရှိဘူး ဆိုတဲ့အတွက် အသက်ဆိုတာမရှိဘူး မရှိ ဘူးလို့ တပည့်တော်ပြောတဲ့စကားအတွက် လုံလောက်တဲ့ အကြောင်းပါ ဘုရား။

သူ ပြောလိုတာကတော့ သေသွားလို့ အသက်ထွက်တယ်ဆိုယင် ပေါ့ကို သွားရမှာ၊ ဒီလိုဆိုတာ။

အသက်ထွက်သွားတယ်ဆိုယင် ပေါ့ကိုသွားရမှာ အခုတော့ လေး တောင် လာသေးတယ်ဆိုတော့ အရှင်ဘုရားတို့ ပြောတဲ့ အသက် ထွက် တယ်ဆိုတာ မဟုတ်ဘူး ကိုယ်တော်။

ဘုန်းကြီးတို့ပရိသတ်များ–ခန္ဓာ ဘယ်နှစ်ပါး ရှိသလဲ၊ ငါးပါး ရှိတယ်နော်။ သေပြီးတဲ့အခါ ခန္ဓာဘယ်လေ ကျန်ဘောလဲ၊ ရုပက္ခန္ဓာပဲ ကျန်တော့တာပေါ့၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာ ဏက္ခန္ဓာတွေမရှိတော့ဘူး၊ ဟုတ်လား။ သေသွားလို့ ကျန်တဲ့အလောင်းမှာ ခန္ဓာလေးပါး လျော့သွားတယ်၊ တပါးတည်းကျန်တယ်၊ ဟုတ်လား။

လေးခန္ဓာကြီး လျော့သွားတာတောင် ကိုယ်တော်(–)အလောင်း ကြီး မပေါ့ဘူး၊ လေးတောင်လာတယ် ကိုယ်တော်။ ပါယာသိမင်းက ဒီလို ပြောတာ။

ခန္ဓာငါးပါးရှိတာ သေတဲ့အခါ လေးခန္ဓာတောင် လျော့သွား တယ်၊ အသက်လဲ ထွက်သွားတယ်ဆိုယင် ကိုယ်တော် ဒီအလောင်းကြီး

ဟာ ပေါ့ပေါ့ပါးပါးလေး ဖြစ်လာဖို့ကောင်းတာ။ ခန္ဓာငါးပါး အစုံရှိတုန်းကတော့ အလေးချိန် တိုးတယ်ဆိုတာကတော့ ဟုတ်ပါတယ်၊ သေတဲ့အခါ ခန္ဓာငါးပါးလုံး မရှိတော့ဘူး။ ရူပက္ခန္ဓာပဲ ကျန်တော့တယ်။

ရူပက္ခန္ဓာတောင်မှ ကမ္မဇရုပ်, စိတ္တဇရုပ် မရှိတော့ဘူး၊ ဥတုဇရုပ်နဲ့ အာဟာရဇရုပ်သာ ကျန်တာ။ အာဟာရဇရုပ်ကလဲ သေပြီး ကြာကြာကြီး ကျန်တာမဟုတ်ဘူး၊ သေပြီးတော့ ကြာမြင့်စွာ ကျန်တာကတော့ ဥတုဇရုပ်တခုတည်းပဲ ကျန်တယ်။

## ဟုတ်မယ်မထင်ဘူး မယုံဘူး-တဲ့

အဲဒါကြောင့် ရူပက္ခန္ဓာတောင် အကုန်ကျန်တာ မဟုတ်ဘူး။ ရူပက္ခန္ဓာတစိတ်တဒေသ ကျန်တယ်။ ရူပက္ခန္ဓာတစိတ်တဒေသ လျော့သွားတယ်။ နာမ်ခန္ဓာလေးပါးက အကုန်လုံး လျော့သွားတယ်။ အဲဒါတောင် သေပြီး ဟောဒီအလောင်းကြီးဟာ အလေးချိန်တွေစီးပြီးတော့ တိုးလာတယ်ဆိုတော့—

ကိုယ်တော်–ဝေဒနာတွေ ထွက်သွားတယ်၊ သညာတွေထွက်သွားတယ်၊ သင်္ခါရတွေ ထွက်သွားတယ်၊ ဝိညာဉ်တွေ ချုပ်သွားတယ်၊ ဇီဝဆိုတာလေးက ထွက်သွားတယ်၊ အသက်ထွက်သွားတယ်ဆိုတာ ဟုတ်မယ်ကို မထင်ပါဘူး။ ဝေဒနာတွေ, ဝေဒနာတွေ ရှိမယ်ကိုမထင်ပါဘူးကိုယ်တော်။ နောက်ဘဝ သွားတယ်ဆိုတာ တပည့်တော်တို့ မယုံနိုင်ဘူးလို့ သူက လာပြန်တာ။

အဲဒါ ပါယာသိမင်းကြီးရဲ့ ပေါက်ကတ်ကတ်သတ် ထွက်လာတဲ့ စကား။ ဒီတော့ အရှင်ကုမာရကဿပမထေရ်သူမြတ်က—

ဒကာတော်ပါယာသိမင်း— သင့် အကြောင်းပြတာကို ငါ မငြင်းပါဘူး၊ ငါပြတဲ့အကြောင်းကိုလဲ သင်သည် စဉ်းစားပါဦးလော့။

> တေန ဟိ ရာဇည ဥပမံ တေ ကရိဿာမိ၊
> ဥပမာယ မိဓေကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ
> အာဇာနန္တိ။

ဒကာတော်ပါယာသိမင်း–ထိုသို့ဖြစ်ပါမူ အား ဥပမာ ဆောင်ပြီးတော့ ငါပြဦးမယ်၊ ငါပြတဲ့ဥပမာကို သင်သည် နားစိစိ ထောင်ပါ။

ဉာဏ်ရှိတဲ့ယောကျ်ားသည် ဥပမာနဲ့ပြောမှ သိရှိ နားလည်ဖို့ လွယ်ကူတယ်-လို့၊ အရှင်ကုမာရကဿပ မထေရ်သူမြတ်ရဲ့ ဘက်က ဂ-ခု မြောက် ဥပမာလာမယ်ပေါ့၊ ဟုတ်လား။

ပါယာသိမင်းကြီး အကြောင်းပြတာတွေလဲ မှတ်သားထားကြ၊ သူ့နည်းနဲ့သူပေါ့၊ ဟုတ်လား။ အရှင်ကုမာရကဿပ မထေရ်ရဲ့ ဂ-ခု မြောက် ဥပမာ—

**ဥပမာ ဆောင်ပြဦးမယ် ဒကာတော်မင်းတရား**

> သေယျထာပိ ရာဇည ပုရိသော ဒိဝသံ သန္တတ္တံ
> အယောဂုဠံ အာဒိတ္တံ သမ္ပဇ္ဇလိတံ သဇောတိဘူတံ
> ကုလာယ ကုလေယျ။

ရာဇည၊ အို-ပါယာသိမင်း။

သေယျထာပိ၊ ဥပမာပုံဆို အဘယ်ကဲ့သို့နည်း၊ ဟူမူကား။ ပုရိသော၊ ယောကျ်ားတယောက်သည်။ ဒိဝသံသန္တတ္တံ၊ တနေ့လုံး မီးထဲမှာ ဖုတ်ထားတဲ့၊ အာဒိတ္တံ၊ မီးတွေ တောက်လောင်၍နေတဲ့။ သမ္ပဇ္ဇလိတံ၊ အလျှံတွေ တပြောင်ပြောင် ထနေတဲ့။ သဇောတိဘူတံ၊ အရောင်တွေ တဖိတ်ဖိတ်တောက်နေတဲ့၊ အယောဂုဠံ၊ ရဲရဲတောက်နေတဲ့ သံတုံးကြီးကို။ ကုလာယ၊ ချိန်ခွင်မှာ။ ကုလေယျ၊ ချိန်စက်ခဲ့ပေရာ၏။

ဒကာတော်ပါယာသိမင်း—တနေ့လုံး မီးထဲမှာဖုတ်လို့ ရဲရဲတောက်နေတဲ့ သံခဲကြီးတခဲကို ချိန်ကြည့်လိုက်စမ်းပါ။

ယဒါ၊ အကြင်အခါမှာ။ သော အယောဂုဠော၊ ထိုသံတွေခဲကြီးသည်။ နိဗ္ဗုတော၊ ငြိမ်းခဲ့လေ၏။

အကြင်အခါမှာ အဲဒီသံတွေခဲမှာ ရဲရဲတောက်နေတဲ့ မီးတွေ ငြိမ်းပြီဆိုယင်—

အထ၊ ထိုအခါမှာ။ သီတံ၊ ငြိမ်းချမ်းခဲ့ပြီးသော။ နိဗ္ဗုတံ၊ မီးတွေ အကုန်လုံးကင်းငြိမ်းခဲ့ပြီးသော။ တံအယောဂုဠံ၊ ထိုသံတွေခဲကြီးကို။ ပုန၊ တဖန်။ တုလာယ၊ ချိန်ခွင်ဖြင့်။ တုလေယျ၊ ချိန်စက်ခဲ့လေရာ၏။

တနေ့လုံး မီးထဲဖုတ်ထားလို့ ရဲရဲတောက်နေတဲ့ သံတွေခဲကို ချိန်ကြည့်၊ ပြီးတော့မှ အဲဒီသံတွေခဲကို အအေးခံ၊ အေးပြီးတော့ အပူဓာတ်

လုံးဝကုန်ပြီဆိုတဲ့အခါမှာ နောက်တခါပြန်ပြီး ချိန်ကြည့်လိုက်ပါ ဒကာတော်ခင်းကြီး။ သံတုံး သံတွေခဲတုံးက တတုံးတည်းရယ်၊ ပူတဲ့အခါ ချိန်ကြည့်, အေးတဲ့အခါ ချိန်ကြည့်။

အလေးချိန် ဘယ်လိုခြားနားသွားလဲ

ကဒါ နု ခေါ သော အယောဂုဠော လဟုတရောဝါ
ဟောတိ မုဒုတရော ဝါ ကမ္မညတရော ဝါ
ယဒါ ဝါ အာဒိတ္တော သမ္ပဇ္ဇလိတော သဇောတိ
ဘူတော၊ ယဒါ ဝါ သီတော နိဗ္ဗုတော ဟောတိ။

ရာဇည ပါယာသိမင်း။

ကဒါ၊ အဘယ်အခါမှာ။ သောအယောဂုဠော၊ ထိုသံတွေခဲကြီးသည်၊ လဟုတရောဝါ၊ ပေါ့ပါးသည်လည်း၊ ဟောတိ၊ ဖြစ်ပါသလော။ မုဒုတရောဝါ၊ နူးညံ့သည်လည်း။ ဟောတိ၊ ဖြစ်ပါသလော။ ကမ္မညတရောဝါ၊ အမှု၌ ခန့်သည်လည်း။ ဟောတိ၊ ဖြစ်ပါသလော။

ယဒါ၊ အကြင်အခါမှာ။ သောအယောဂုဠော၊ ထိုသံတွေခဲကြီးသည်။ အာဒိတ္တော၊ မီးတွေ တောက်လောင်၍နေ၏။ သမ္ပဇ္ဇလိတော၊ အလျှံပြောင်ပြောင် ထ၍နေ၏။ သဇောတိဘူတော၊ အရောင်တွေ ထဖိတ်ဖိတ်တောက်၍နေ၏၊ တဒါ၊ ထိုအခါ၌၊ လဟုတရောဝါ၊ ပို၍ ပေါ့ပါသလော။ မုဒုတရောဝါ၊ ပို၍နူးညံ့ ပျော့ပျောင်းပါသလော။ ကမ္မညတရောဝါ၊ အမှု၌ ပို၍ခန့်ပါသလော။

ယဒါ၊ အကြင်အခါမှာ။ သောအယောဂုဠော၊ ထိုသံတွေခဲကြီးသည်၊ သီတော၊ အေးငြိမ်းခဲ့ပါ၏။ နိဗ္ဗုတော၊ မီးတွေ အကုန်လုံးကင်းငြိမ်းခဲ့ပါ၏။ တဒါ၊ ထိုအခါ၌။ လဟုတရောဝါ၊ ပို၍ ပေါ့ပါသလော။ မုဒုတရောဝါ ပို၍နူးညံ့ပျော့ပျောင်းပါသလော ။ ကမ္မညတရောဝါ၊ ပို၍ခန့်ညားပါသလော။

ဒကာတော်မင်းကြီး သံတွေခဲနှစ်မျိုး ချိန်ကြည့်ပေါ့၊ မီးမဖုတ်ခင် တခါချိန်ကြည့်, မီးဖုတ်ပြီးတဲ့အခါ တခါချိန်ကြည့်။ အဲဒီလိုချိန်ကြည့်တဲ့အခါကျတော့ ရဲရဲတောက်နေတဲ့အခါမှာ ပိုလေးသလား၊ သို့မဟုတ် အေးပြီးတော့နေတဲ့အခါမှာ ပိုပြီးတော့ လေးသလား။ အဲဒီလို အရှင်ကုမာရကဿပက မေးတော့ ပါယာသိမင်းကြီးက

ယဒါ သော ဘောကဿပ အယောဂုဠော ဒေဝသ
သဟဂတော စ ဟောတိ ဝါယောသဟဂတော စ
အာဒိတ္တော သမ္ပဇ္ဇလိတော

သဇောတိဘူတော၊ တဒါ လဟုတရော စ ဟောတိ
မုဒုတရော စ ကမ္မညတရော စ။

## ပါယာသိမင်းကြီးရဲ့အဖြေ

ဘောကဿပ၊ အို–အရှင်ကုမာရကဿပ။

ယဒါ၊ အကြင်အခါမှာ။ သော အယောဂုဠော၊ ထိုသံတွေခဲကြီး သည်ကား။ တေဇော သဟဂတော စ ဟောတိ၊ တေဇော အပူဓာတ်လဲ ဝင်နေတယ်။ ဝါယောသဟဂတော စ ဟောတိ၊ ဝါယောလေဓာတ်လဲ ဝင်နေတယ်။ အာဒိတ္တော၊ ရဲရဲညီးအောင် မီးတွေစွဲပြီးတော့ တောက်လောင်၍ နေခဲ့ပါပေ၏။ သမ္ပဇ္ဇလိတော၊ အလျှံပြောင်ပြောင် တောက်လောင်၍ နေခဲ့ပါပေ၏။ သဇောတိဘူတော၊ အရောင်တွေ ဖိတ်ဖိတ် တောက် လောင်၍ နေခဲ့ပါပေ၏။

အရှင်ဘုရားကုမာရကဿပ-ဟောဒီသံတွေခဲကြီးဟာ ရဲနေအောင် မီးတောက်နေတဲ့အခါမှာ လဟုတရော-ပေါ့လဲပေါ့တယ်၊ မုဒုတရော-နူး ညံ့ပျော့ပျောင်းမှုလဲရှိတယ်၊ ကမ္မညတရော-အမှုကိစ္စမှာလဲ ခန့်တယ်။

ဆိုလိုတဲ့ အဓိပ္ပာယ်ကို နားလည်ကြပြီပေါ့၊ ဟုတ်လား။

သံတုံးကြီးကို ရဲနေအောင် မီးဖုတ်ထားယင် အလေးချိန်လဲ ပေါ့တယ်၊ ပျော့ပျောင်းမှုလဲ ရှိလာတယ်၊ လုပ်ချင်တဲ့ပုံစံကို လုပ်လို့ ရတယ်။ ဓါးလုပ်မလား၊ တူးရွင်း (တရွင်း) လုပ်မလား၊ ပျော့ပျော့ ပျောင်းပျောင်း ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် နူးနူးညံ့ညံ့နဲ့ ကြိုက်တဲ့ပုံစံကို သွင်းလို့ရတယ်တဲ့။ တေဇောဓာတ်တွေ ဝင်နေတဲ့အချိန် မှာ သံခဲကြီးဟာ ပျော့ပျောင်းတယ်၊ ဝါယောဓာတ်တွေ ဝင်နေတဲ့အချိန် မှာ သံခဲကြီးဟာ ပေါ့တယ်၊ ဟုတ်လား။

ယဒါ၊ အကြင်အခါမှာ။ သော အယောဂုဠော၊ ထိုသံတွေခဲကြီး သည်ကား။ သီတော၊ ငြိမ်းအေးခဲ့သော်။ နိဗ္ဗုတော၊ အပူဓာတ်မှ ကင်းစင်ခဲ့သော်။

ငြိမ်းအေးပြီးတော့ အပူတွေကင်းသွားပြီဆိုကြပါစို့။

တဒါ၊ ထိုအခါမှာ။ သောအယောဂုဠော၊ ထိုသံတော့ခဲကြီးသည်ကား။ ဂရုတရောစ၊ ပို၍ ပို၍ လေးလာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပတ္ထိန္နတရောစ၊ ပို၍ခက်မာသည်လည်း။ ဟောတိ၊ ဖြစ်၏။ အကမ္မညတရောစ၊ အမှုကိစ္စမှာလဲ မခန့်ညားတော့သည်လည်း။ ဟောတိ၊ ဖြစ်၏။

မီးတွေငြိမ်းလို့အေးနေတဲ့အခါ သံတုံးသံခဲကြီးများဟာ လေးလဲလေးတယ်၊ အမှုကိစ္စမှာ ဆောင်ရွက်ဖို့မလိုတော့ဘူး၊ နူးညံ့ ပျော့ပျောင်းမှုမရှိတော့ပဲနဲ့ ကြမ်းတမ်းခက်ထရော်မှုတွေလဲ ဖြစ်လာပါတယ်တဲ့။

ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ မီးဖုတ်ထားတဲ့အခါမှာ ပေါ့တယ် ပျော့ပျောင်းတယ်။ အေးနေတဲ့အခါကျတော့ လေးတယ်၊ ခက်မာတယ် ဟုတ်လား။

ဒါကို ဘယ်သူကပြောနေတာလဲ၊ အရှင်ကုမာရကဿပကို ပါယာသိမင်းကြီးက ပြောနေတာနော်။ ပါယာသိမင်းကြီးက အရှင်ကုမာရကဿပမေးတာကို ပြန်ပြီးတော့ ဖြေတဲ့အပိုင်း၊ ဟုတ်လား။ သူဖြေတာ နှစ်ခုဖြေထားတယ်၊ စုံတယ်နော်။ ဒီတော့ အရှင်ကုမာရကဿပလိုချင်တဲ့ အကွက်ထဲ တည့်တည့်ကြီးဝင်သွားတယ်။

ခန္ဓာကိုယ်ပေါ့ပါးနူးညံ့နေရတာက

ရာဇည၊ ပါယာသိမင်း။

ယဒါ၊ အကြင်အခါမှာ။

အရှင်ကုမာရကဿပက အကြောင်းနဲ့ ပြောပြမယ်။

သောအယောဂုဠော၊ ထိုသံတော့ခဲကြီးသည်ကား။ တေဇောသဟဂတော စ၊ တေဇောဓာတ်တွေလဲ ဝင်နေတယ်။ ဝါယောသဟဂတော စ၊ ဝါယောဓာတ်တွေလဲဝင်နေတယ်။

တေဇောဝင်တော့ ဝါယောလဲဝင်လာတယ်။ ရှင်းသွားပြီပေါ့။ တေဇော ဝါယောဝင်နေတဲ့ သံခဲကြီးဟာ-

လဟုတရောစ၊ ပေါ့ပါးလာသည်လည်း။ ဟောတိ၊ ဖြစ်၏။ မုဒုတရောစ၊ နူးညံ့ပျော့ပျောင်းသည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။ ကမ္မညတရောစ၊ ဘယ်လိုပစ္စည်းကိုပဲ လုပ်ကိုင်ဆောင်ရွက်သည် ဖြစ်စေ လုပ်လိုတဲ့ လုပ်ငန်းကိစ္စမှာ ခန့်ခန့်ညားညား ဝင်ရောက်သွားသည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။

တေဇောဝါယောဝင်ယင် သံတိုးဟာပေါ့ပါးတယ်။ ပျော့ပျောင်းတယ်။ ဒါကြောင့်-

ဧဝံမေဝ ခေါ ရာဇညာ ယဒါယံ ကာယော အာယုသဟဂတော စ ဟောတိ ဥသ္မာသဟဂတော စ ဝိညာဏသဟဂတော စ-

ရာဇည၊ အို–ပါယာသိမင်း။

ဧဝမေဝ၊ ဤဥပမာအတိုင်းပဲ။ အယံကာယော၊ ဟောဒီသတ္တဝါတို့ရဲ့ ရုပကာယကြီးဟာလဲပဲ။-

၁။ အာယုသဟဂတောစ၊ အာယုနှင့်တကွ ဖြစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

၂။ ဥသ္မာသဟဂတောစ၊ ဥသ္မာနှင့်တကွ ဖြစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

၃။ ဝိညာဏသဟဂတောစ၊ ဝိညာဉ်နှင့်တကွ ဖြစ်သည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။

တဒါ–ဘယ်သို့ကာလ၊ ထိုကဲ့သို့အာယု, ဥသ္မာ, ဝိညာဉ်နှင့်တကွ ဖြစ်နေသောကာလမှာ။ အယံကာယော၊ ဟောဒီသတ္တဝါတို့ရဲ့ ရုပကာယသည်။ လဟုတရောစ၊ ပေါ့ပါးသည်လည်း။ ဟောတိ၊ ဖြစ်၏။ မုဒုတရောစ၊ နူးညံ့သည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။ ကမ္မညတရောစ၊ အမှုကိစ္စနှင့်ဆီလျော်သည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။

အာယု, ဥသ္မာ, ဝိညာဉ်ဆိုပြီးတော့ သုံးမျိုးရှိရာ၊ အာယုအရ ဒီနေရာမှာ ဇီဝိတရုပ်ကိုဟောကဲပါ။ ရုပ်တို့ကို ထိန်းသိမ်းစောင့်ရှောက်တဲ့, ရုပ်ရုပ်ချင်းထိန်းသိမ်း စောင့်ရှောက်ပေးတဲ့ ရုပ်ဓာတ်တမျိုးရှိတယ်။ အဲဒါကို "ရုပ်ဇီဝိတ" လို့ ခေါ်တယ်။

ဥသ္မာဆိုတာက "ကမ္မဇတေဇော"။ ဝိညာဉ်ဆိုတာက "ဝိညာဏက္ခန္ဓာ"၊ အဲဒီ ဝိညာဏက္ခန္ဓာပါယင် ကျန်တဲ့စေတသိက်ခန္ဓာ သုံးခုလဲ သူနဲ့တပေါင်းတည်း ပါသွားပေစေ။

အာယု, ဥသ္မာ, ဝိညာဉ်ရှိနေယင် ဟောဒီရုပကာယဟာ ပေါ့ပါးတယ်၊ သွက်လက်တယ်၊ ပျော့ပျောင်းတယ်။ ဘုန်းကြီးတို့ ဟောထားတဲ့ ပေဏပိဏ္ဍူပမာသုတ္တန်ရဲ့ နောက်ပိုင်းမှာ—

### အာယု ဥသ္မာ ဝိညာဉ် စွန့်ခွာသွားယင်

အာယု ဥသ္မာ စ ဝိညာဏံ၊
ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊
ပရဘတ္တံ အစေတနံ။—လို့

၁။ အာယုစ၊ ရုပ်ဇီဝိတသည်လည်းကောင်း။
၂။ ဥသ္မာစ၊ ကမ္မဇတေဇောဓာတ်သည်လည်းကောင်း။
၃။ ဝိညာဏံစ ဝိညာဏက္ခန္ဓာ ထိုဝိညာဏက္ခန္ဓာနဲ့ တွဲဖြစ်တဲ့ ဝေဒနာ, သညာ, သင်္ခါရ ဆိုသော နာမ်ခန္ဓာတို့သည်လည်း ကောင်း။

ဣတိ၊ ဤသို့၊ ယာယောမ္မာ၊ အာယု, ဥသ္မာ, ဝိညာဉ်ဆိုသော သုံးပါးသောတရားတို့သည်။ ယဒါ၊ အကြင်အခါ၌။ ဣမံကာယံ၊ ဤ ခန္ဓာကိုယ်ကြီးကို။ ဇဟန္တိ၊ စွန့်ခွါသွားကြလေကုန်၏။

တဒါ၊ ထိုအခါ၌။ အပဝိဒ္ဓေါ၊ မငဲ့မကွက် ရက်ရက်စက်စက် စွန့်ပစ်ခံရသည်ဖြစ်၍။ အစေတနံ၊ စိတ်စေတနာမရှိတော့ပါပဲနဲ့။ ပရဘတ္တံ၊ ကျီး ခွေး လင်းတ ပိုးလောက်တို့ရဲ့ အစာဖြစ်လျက်။ သေတိ၊ မသာ ခေါင်းဝယ် လျောင်းရလေတော့၏။—လို့

ဒီလိုဆိုထားတယ်။

သေတာကိုက အာယု,ဥသ္မာ,ဝိညာဉ် ဒီသုံးခု စွန့်ခွာသွားတာကို သေတယ်လို့ ခေါ်တယ် အာယု-ရုပ်ဇီဝိတ ရပ်ပြီး ပြန်မဖြစ်တော့ဘူး၊ ဖြစ်ပြီးပျက်, ပျက်ပြီး နောက်အသစ်ပြန်ဖြစ်ရမှာကိုး။

(၁) အာယု ဆိုတဲ့ ရုပ်ဇီဝိတ ပျက်စီးပြီး အသစ်ပြန်မဖြစ် တော့ဘူး၊
(၂) ဥသ္မာဆိုတဲ့ ကမ္မဇတေဇောဓာတလဲပဲ ကံကုန်သော့ အဲဒီ တေဇောဓာတ်လဲကုန်သွားပြီး ပြန်မလာတော့ဘူး၊
(၃) ဝိညာဉ်လ မလာတော့ဘူး၊

အာယု—ရုပ်ဇီဝိတ ပျက်သွယ်၊ ပြန်မလာတော့ဘူး၊

ဉဿ္မာ–ကံကြောင့်ဖြစ်တဲ့ တေဇောရပ်တယ်၊ ပြန်မလာတော့ဘူး။
ဝိညာဉ်-ဝိညာဉ်ပျက်စီးတော့ ရပ်သွားတယ်။နောက်ပြန်မဖြစ်တော့ဘူး။
အဲဒီ အာယု, ဉဿ္မာ, ဝိညာဉ် ဒီလိုသုံးခု ခန္ဓာဟောင်းထဲမှာ အသစ်ပြန်မဖြစ်တော့တာကိုပဲ သေတယ်လို့ခေါ်တယ်။ ခန္ဓာသစ်ထဲမှာ သွားဖြစ်တာက ဘဝသစ်။ ခန္ဓာဟောင်းထဲမှာ အာယု ဉဿ္မာ ဝိညာဉ် အသစ်ပြန်မဖြစ်တော့တာကို သေတယ်လို့ခေါ်တယ်။ ခန္ဓာသစ်မှာတော့ သွားဖြစ်ယင် အဲဒါ ဘဝသစ်ပေါ့။ ဒီတော့-

အာယု ဆိုတာ ရုပ်ဇီဝိတ၊
ဉဿ္မာ ဆိုတာ ကမ္မဇတေဇော၊
ဝိညာဉ် ဆိုတာ နာမ်ခန္ဓာတွေ အကုန်လုံးယူလိုက်။

အာယု, ဉဿ္မာ, ဝိညာဉ်ရှိနေသေးယင်

အဲဒီလို အာယု ဉဿ္မာ, ဝိညာဉ် ဒီသုံးခု ပျက်စီးပြီးလို့ ခန္ဓာဟောင်းထဲမှာ အသစ်ပြန်ပြီးတော့ မဖြစ်တော့ယင်-

အပဝိဒ္ဓေါ၊ မသေမီက ချစ်လှစွာသည့် ဆွေညာတိရင်း မိတ်ခပင်းတို့က ရက်ရက်စက်စက် စွန့်ပစ်ခံရသည်ဖြစ်၍။ သေတိ၊ မသာခေါင်းဝယ် လျောင်းရရှာလေဘော့၏။

လယ်တီဆရာတော်ကြီး ပြောသလိုဆိုယင်-
သေတိ၊ခြောက်ပေတွင်း စင်းစင်းကြီး အိပ်ရရှာ လေဘော့၏။–တဲ့
လယ်တီဆရာတော် ဦးဝိလာသကဲ ခြောက်ပေတွင်းလို့ ပြောတယ်။
ဒီတော့-ဆိုလိုတဲ့ အဓိပ္ပာယ်ကို မှတ်သား ထားလိုက်ကြပါ၊ အာယု, ဉဿ္မာ, ဝိညာဉ်ရပ်သွားပြီးတော့၊ ဒီခန္ဓာဟောင်းမှာ အသစ်ပြန်မဖြစ်ယင် သေတယ်လို့ မှတ်ကြပါ၊ အဲဒီ အာယု, ဉဿ္မာ, ဝိညာဉ် ရှိနေသေးယင် ဒီပုဂ္ဂိုလ် အသက်ရှင်တယ်လို့ "သမုတိသစ္စာ"မှာ ပြောတယ်။

ယဒါ၊ အကြင်အခါ၌။
အာယုသဟဂတော၊ ရုပ်ဇီဝိတနဲ့တကွ ဖြစ်ဆဲ၊
ဉဿ္မာသဟဂတော၊ ကမ္မဇတေဇောနဲ့တကွ ဖြစ်ဆဲ။
ဝိညာဏသဟဂတော၊ ဝိညာဏက္ခန္ဓာနဲ့ တွဲပြီးတော့ ကျန်တဲ့ စေတသိက်ခန္ဓာတွေ နာမ်တရားတွေ ဖြစ်ဆဲ။

အာယု ဥသ္မာ ဝိညာဉ်ဖြစ်ဆဲ၊ ဟောဒီ ကာယထဲက မရုပ်သေး သမျှ ကာလပတ်လုံး-

အယံကာယော၊ **မောင်တို့အမိတို့ရဲ့** ရူပကာယကြီးသည်။ **လဟု တရောစ၊** သွက်လက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ မုဒုတရောစ၊ နူးညံ့ပျော့ပျောင်းသည်လည်း၊ ဟောတိ၊ ဖြစ်ပါပေ၏၊ ကမ္မညတရောစ၊ **အမှုကိစ္စမှန်သမျှ** ခန့်ခန့်ညားညားဆီလျော်၍ **နေသည်လည်း** သင့်လျော်၍ **နေသည်လည်း၊** ဟောတိ၊ ဖြစ်ပါပေ၏။

သံတုံးသံခဲကြီး ရဲနေအောင် ဖုတ်ထားသလိုပဲ၊ အာယု၊ ဥသ္မာ၊ ဝိညာဉ်ရှိနေတဲ့ ရူပကာယဟာ ပေါ့ပါးတယ်၊ ပျော့ပျောင်းတယ်၊ သွက်လက်တယ်၊ သံတုံးသံတွေခဲကြီး အပူတွေ ကုန်သွားပြီဆိုယင်၊ တေဇောကုန်သွားပြီဆိုယင် သံတုံးသံတွေခဲကြီးထဲက ဝါယောတွေလဲ ထွက်သွားတယ်။

သံတုံးသံခဲကြီးထဲက တေဇောတွေ သွင်းထားတဲ့အခါ ဝါယောလဲ **ဝင်နေတယ်၊** တေဇောနဲ့ ဝါယောဝင်နေတော့ သံတုံး သံတွေခဲကြီး ဟာ ပေါ့လာတယ်။ တေဇောဝါယောမရှိတဲ့အခါ သံတုံးကြီးသံတွေခဲ ကြီးဟာ လေးသွားတယ်။

## အလေးဓာတ်နဲ့အပေါ့ဓာတ်

ဒကာတော်မင်းကြီး-လူ့ခန္ဓာကိုယ်မှာ အာယု ဥသ္မာ ဝိညာဉ် ရှိနေတုန်း ပေါ့ပါးတယ်၊ နူးညံ့တယ်။ အာယု ဥသ္မာ ဝိညာဉ်မရှိ ယင်သော်ရော၊ အဲဒီ သေတဲ့အခါ အာယု ဥသ္မာ ဝိညာဉ် မရှိတဲ့အတွက် ကြောင့်မို့လို့ ခန္ဓာကိုယ်ကြီးဟာ လေးလာတယ်ဒကာတော်မင်းကြီး၊-တဲ့။

အာယု၊ ဥသ္မာ၊ ဝိညာဉ်မရှိယင် ဘာကြောင့် လေးတုန်းဆိုတော့ ပထဝီနဲ့ အာပေါတွေက သိပ်လွှမ်းမိုးလာတာ၊ အဲဒါကြောင့် လေးတာ၊ ဥသ္မ **ဆိုတာ** တေဇောမဟုတ်လား၊ အဲဒီတေဇောက ဝါယောနဲ့တွဲတယ် **မဟုတ်လား၊** တေဇောဝါယောဝင်တဲ့အခါ **ပေါ့တာပေါ့။** တေဇော ဝါယောရုပ်တော့ လေးတာပေါ့။

(၁) အလေးဓာတ်က ပထဝီ အာပေါ၊

(၂) အပေါ့ဓာတ်က တေဇော ဝါယော၊

**ဒကာတော်မင်းကြီး**-အသက်ရှင်တုန်းပေါ့တာ၊ သေသွားတဲ့အခါ **လေးသွားတယ်ဆိုတာ** တေဇော၊ ဝါယော၊ ပထဝီ၊ အာပေါတို့နဲ့သာ

ဆိုင်တယ်၊ အသက်ထွက်, မထွက်ဆိုဘာနဲ့ မဆိုင်ဘူးလို့ အရှင်ကုမာရ ကဿပက ရှင်းပြလိုက်တယ်၊ ဟုတ်လား။

ယဒါ၊ အကြင်အခါ၌။ သောအယောဂုဠော၊ ထိုသံတွေခဲကြီးသည်။ တေဇောသဟဂတောစ၊ တေဇောနဲ့တကွ ဖြစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

တဒါ-တသ္မိံကာလေ၊ ထိုအခါကာလမှာ။ သောအယောဂုဠော၊ ထိုသံခဲအူကြီးသည်။ လဟုတရောစ၊ ပေါ့ပါး သွက်လက်သည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။ မုဒုတရောစ၊ နူးညံ့ပျော့ပျောင်းသည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။ ကမ္မညတရောစ၊ အမှုကိစ္စ၌ သင့်လျော်သည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။

ဧဝမေဝ၊ ဤအတူပဲ။

ယဒါ၊ အကြင်အခါမှာ။ အယံကာယော၊ ဤရူပကာယကြီးဟာလဲ။ အာယုသဟဂတောစ၊ အာယုဆိုသော ရုပ်ဇီဝိတနဲ့တကွ ဖြစ်သည်လည်း ဟောတိ၊ ဖြစ်၏။ ဥသ္မာသဟဂတောစ၊ ကမ္မဇတေဇောနဲ့တကွ ဖြစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိညာဏသဟဂတောစ၊ ဝိညာဉ်နဲ့တကွ ဖြစ်၍ နေသည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။

တဒါ–တသ္မိံကာလေ၊ ထိုကဲ့သို့ အာယု, ဥသ္မာ, ဝိညာဉ်ရှိနေသော ကာလမှာ။ အယံကာယော၊ ဤရူပကာယ ကြီးသည်။ လဟုကရောစ၊ ပေါ့ပါးသွက်လက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ မုဒုကရောစ၊ နူးညံ့ပျော့ပျောင်းသည်လည်း ဟောတိ၊ ဖြစ်ပါပေ၏။ ကမ္မညတရောစ၊ အမှုကိစ္စမှာ သင့်လျော်သည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။

## ပထဝီတွေ အာပေါတွေ လွှမ်းမိုးလာလို့

ရာဇညာ၊ ပါယာသိမင်း။

ယဒါ၊ အကြင်အခါမှာ။ သောအယောဂုဠော၊ ထိုသံတွေခဲကြီးသည်။ နေဝ တေဇောသဟဂတော၊ တေဇောဓာတ် ကင်းသွားသည်လည်း။ ဟောတိ၊ ဖြစ်၏။ န ဝါယောသဟဂတော၊ ဝါယောဓာတ် မရှိတော့သည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။

သံတွေခဲကြီးဟာ တေဇောဓာတ် ကုန်သွားလို့ အေးလဲ သွားပြီ။ ဝါယောဓာတ်မရှိတော့လို့, လှုပ်လှုပ်ရှားရှား မရှိတော့ဘူး။

သီတော နိဗ္ဗုတော၊ အေးငြိမ်းခဲ့လေပြီ။

တဒါ၊ ထိုကဲ့သို့ တေဇော ဝါယောကင်းလို့ ငြိမ်းအေးလာသော ကာလ၌၊ သော အယောဂုဠော၊ ထိုသံတွေခဲကြီးသည်။ ဂရုတရောစ၊ ပို၍လေးလာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပတ္ထိန္နတရောစ၊ ခက်မာတဲ့သဘောရှိသည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။ အကမ္မညတရောစ၊ အမှုကိစ္စ ဆောင်ရွက်ရန် မခန့်ညား မသင့်လျော်တော့သည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။

ဧဝမေဝ၊ ဤအတူပဲ။

ယဒါ၊ အကြင်အခါမှာ။ အယံကာယော၊ ဤရူပကာယကြီးမှာလဲပဲ။ နေဝအာယုသဟဂတော နဥသ္မာသဟဂတော နဝိညာဏသဟဂတော။ အာယု ဥသ္မာ ဝိညာဉ်တရား သုံးပါး ကင်းကွာ၍ သွားခဲ့ပါပေ၏။

တဒါ—တသ္မိံကာလေ၊ ထိုကဲ့သို့ အာယု ဥသ္မာ၊ ဝိညာဉ်တရားသုံးပါး ကင်းကွာသွားသော ကာလမှာ။ အယံကာယော၊ ဤရူပကာယသည်။ ဂရုတရောစ၊ သေပြီးတဲ့အလောင်းကြီးဟာ လေး၍ လေး၍ လာသည်လည်း။ ဟောတိ၊ ဖြစ်ပေတော့တယ်။

အာယု, ဥသ္မာ, ဝိညာဉ်မရှိလို့ ပထဝီတွေ,အာပေါတွေ လွှမ်းမိုးလာလို့။

ဂရုတရောစ၊ လေးလံ လေးလံ၍ လာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပတ္ထိန္နတရောစ၊ ခက်မာ ခက်မာ၍ လာသည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏၊ အကမ္မညတရောစ၊ ဘယ်အမှုကိစ္စမှ မှ မခန့်ညားတော့သည်လည်း။ ဟောတိ၊ ဖြစ်ပါပေ၏။

ရာဇည၊ ပါယာသိမင်း။ တသ္မာ၊ ထို့ကြောင့်။ တေ၊ သင်ရဲ့သန္တာန်မှာ။ ဝေံ၊ ဤသို့သော အယူအဆသည်။ ဟောတု၊ ဖြစ်ပါစေလော့။

ဒကာတော်ပါယာသိမင်း သင့်သန္တာန်မှာ ဤကဲ့သို့ အယူအဆဖြစ်ပါစေ။

ဣတိပိ အတ္ထိပရောလောကော—အဲဒီ အကြောင်းကြောင့် လဲပဲ နောက်လောကဆိုတာ ရှိတယ်။

ဣတိပိ အတ္ထိသတ္တာသြပပါတိကာ– ဥပပါဒ် သတ္တဝါ ဆိုတာ ရှိတယ်။

ဣတိပိ အတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော–ကုသိုလ် အကုသိုလ်နဲ့ ကုသိုလ်အကုသိုလ်အကျိုးဆိုဘာ ရှိတယ်။

## နောက်ဘဝ ရှိတယ်လို့မှတ်လိုက်ပါ ဒကာတော်မင်းကြီး

သေပြီး ခန္ဓာကိုယ်ကြီး လေးလာတယ် ဆိုတာနဲ့ အသက်ရှင် နေတုန်း ခန္ဓာကိုယ်ကြီး ပေါ့တယ်ဆိုတာလေးနဲ့ ဒကာတော် မင်းကြီး- စိတ် စေတသိက်တွေ မရှိဘူးလို့ မလုပ်လိုက်နဲ့၊ ကံ ဉာဏ် ဝီရိယတွေ မရှိဘူးလို့ မလုပ်လိုက်နဲ့၊ ကံတရားရှိတယ်၊ အဝိဇ္ဇာ တဏှာဆိုတဲ့စေတသိက် တွေဟာ ရှိတယ် ဒကာတော်မင်းကြီး။ -လို့

အဲဒီ အဝိဇ္ဇာ တဏှာ ကံဆိုတဲ့ တရားတွေဟာ ဘဝသစ် ခန္ဓာ သစ်ကို တည်ဆောက်ဖို့ စုဆောင်းထားတဲ့ ရေဓာတ်,မြေဓာတ်,မျိုးဓာတ် တွေပဲ၊ ရေဓာတ်, မျိုးဓာတ်, မြေဓာတ်မရှိယင် အပင်ပေါက်ဖို့ ဆိုတာ ဒကာတော်မင်းကြီး သေချာသလိုပဲ၊ အဝိဇ္ဇာ တဏှာ ကံ ရှိယင် ဘဝ သစ် ခန္ဓာသစ်ဖြစ်တာပေါ့ ဒကာတော်မင်းကြီး။

အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ တော်ဝစနံ၊ ဤကဲ့သို့ တမလွန်လောက နောက်ဘဝရှိကြောင်း ကောင်း မြတ်တဲ့ စကားတွေကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူခဲ့ပါပေသတည်း။

## "သာဓု–သာဓု–သာဓုပါဘုရား"

ဥပမာနောက်တခုရဲ့ အမည်မှာ ပါဠိအမည်အားဖြင့်- "သန္တတ္တ အယောဂုဠ" ဥပမာတဲ့။ ရဲရဲတောက်နေတဲ့ သံခဲကို ဥပမာ ထားပြီး တော့ပြတယ်။ သန္တတ္တအယောဂုဠ–ရဲရဲတောက်နေသော သံတွေခဲဥပမာ။

ယခုနကတော့ "သုပိနကူပမာ အိပ်မက်ဥပမာ"၊ အိပ်မက်ဥပမာ ပြပြီးတော့ အသက်ထွက်တယ် မထွက်ကယ်ဒကာမင်းကြီး မစဉ်းစားပါနဲ့။

သံတွေခဲ ဥပမာ ပြပြီးတော့ အသက်ထွက်ပြီးယင် လေးတယ်။ အသက်မထွက်သေးခင် ပေါ့တယ်။

အဲဒါကို ဒကာတော်မင်းကြီး စဉ်းစားမနေနဲ့၊ တေဇော ဝါ ယောဓကြောင့် သံတွေခဲ ရဲရဲတောက်နေတုန်း ပေါ့သလိုပဲ အာယုဥသ္မာ

ဝိညာဉ်ရှိယင် ရူပကာယဟာ ပေါ့တယ်၊ အာယု ဥသ္မာ, ဝိညာဉ်ရပ်ယင် ရူပကာယဟာ အေးနေတဲ့သံခဲလို လေးတာပေါ့။

အဲဒါလေးနဲ့ကပ်ပြီးတော့ အသက် ရှိမရှိ, စိတ် စေတသိက် ရှိမရှိ, နောက်ဘဝ ရှိမရှိကို ဒကာတော်မင်းကြီး စဉ်းစားတာဟာ နည်းမမှန်ဘူး၊ အဝိဇ္ဇာ တဏှာ ကံ ရှိသမျှ နောက်ဘဝဆိုတာ ရှိတာပေါ့ ဒကာတော်မင်းကြီးလို့ အရှင်ကုမာရ ကဿပထေရ်သည် နတ္ထိကဝါဒ, ဥစ္ဆေဒဝါဒကို ယူမှားနေတဲ့ ပါယာသိမင်းကြီးအား-

ဒကာတော်ပါယာသိမင်း—

(၁) နောက်ဘဝ ရှိတယ်လို့ မှတ်လိုက်ပါ။

(၂) ဥပပါတ်သတ္တဝါ ရှိတယ်လို့ မှတ်လိုက်ပါ။

(၃) ကုသိုလ် အကုသိုလ် ရှိနေတယ်လို့ မှတ်လိုက်စမ်းပါ။—လို့ တိုက်တွန်းတော်မူပါတယ်။ တိုက်တွန်းတဲ့အခါ ပါယာသိမင်းကြီးက—

ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ၊

ဒီလို တက်လာပြန်တယ်။

အရှင်ဘုရား ပြောတော့ ပြောတာပဲ ဒါပေမယ့်ဘုရား ဆိုပြီးတော့ လာပြန်ရော။

ကိုင်၊ ၁၀ နာရီလဲ ထိုးပြီ နောယ်တပတ်မှ ဆက်ကြဦးစို့။

# ပါယာသိသုတ္တန်

## ဆဋ္ဌမပိုင်း

၁၃၄၃ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်နေ့ည

ရန်ကုန်တိုင်း ပန်းပဲတန်းမြို့နယ်

သိမ်တော်ကြီးဓမ္မာရုံအတွင်း

ဆင်ယင်ကျင်းပသည့်

ဓမ္မသဘင်၌ ဟောကြားသည်။

## နောက်ဘဝမရှိကြောင်း အကြောင်းပြပါ

ကိစ္စာပိ ဘဝံ ကဿပေါ ဝေမာဟ။
အထ ခေါ ဝေံ မေ ဧတ္ထ ဟောတိ။

ဘဝံ ကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ဝေံ၊ ဤသို့။ **ကိစ္စာပိအာဟ၊** အကယ်၍အားဖြင့် ဆိုတော့ဆိုပါ၏။

အထခေါ၊ သို့သော်လည်းပဲ။ (ဝါ) ထိုသို့ ဆိုပင်ဆိုပါသော်လည်းပဲ၊ ဧတ္ထ၊ ဤနောက်ဘဝမရှိဆိုသောပြဿနာ၌။ မေ၊ **တပည့်တော်မှာ။** ဝေံ၊ ဤသို့**သောအယူအဆသည်။** ဟောတိ၊ ရှိနေပါသေးတယ်ဘုရား။

အရှင်ကုမာရကဿပ ဒီလိုပြောတာတော့ဟုတ်ပါတယ်၊ သို့သော်လည် နောက်ဘဝမရှိဆိုတဲ့ဝါဒမှာ တပည့်တော် ဒီအတိုင်းပဲ, မရှိဆိုတဲ့အတိုင်းပဲ ယူဆနေပါသေးတယ်ဘုရား။

ဣတိ၊ ဤသို့။ ပါယာသိရာဇညော၊ ပါယာသိ မင်းကြီးသည်။ **အာယသ္မန္တံကုမာ**ရကဿပံ၊ အရှင်ကုမာရကဿပမထေရ်ကို။ ဝေံဝစနံ၊ ဤ**စကားကို။** အဝေါစ၊ ကောင်းစွာမသေချာ လျှောက်ထားလိုက်ပါပေ**သတည်း။**

"သာဓု-သာဓု-သာဓုပါဘုရား"

**အရှင်ကုမာရကဿပမထေရ်သူမြတ်က—**

အတ္ထိ ပန ရာဇည ပရိယာယော။

ရာဇည ပါယာသိမင်း။

ပရိယာယော၊ နောက်ဘဝမရှိဘူးဆိုတဲ့အတွက် အကြောင်းပြစရာ**သည်။** တော၊ သင့်မှာ။ အတ္ထိပန၊ ရှိပါသေးသလား။

**နောက်ဘဝမရှိ** မရှိဘူးဆိုတာနဲ့ပတ်သက်လို့ သင်သည် အကြောင်း**ပြစရာ ရှိပါသေး**သလား။

အတ္ထိ ဘော ကဿပ ပရိယာယော။

ဘောကဿပ၊ အို-အရှင်ကုမာရကဿပ။

ပရိယာယော၊ နောက်ဘဝ **မရှိကြောင်း ကောင်းစွာ** ပြစရာ **အကြောင်းပရိယာယ်သည်။** အတ္ထိ၊ ရှိပါတယ်ဘုရား။

နောက်ဘဝမရှိဘူးလို့ ဖြစ်ရာအကြောင်း တပည့်တော်မှာ ရှိပါသေးတယ်ဘုရား။

ယထာ ကထံ ဝိယ ရာဇညာတိ။

ရာဇည၊ ပါယာသိမင်း။

ယထာ ကထံဝိယ၊ ဘယ်လိုများလဲ။

နောက်ဘဝမရှိဘူးလို့ အကြောင်းဖြစ်ရာ ဒကာတော်မင်းကြီးမှာ ရှိသလား။ ရှိပါတယ်။

ဒကာတော်မင်းကြီး– နောက်ဘဝ မရှိဘူးဆိုတာ ဘယ်လိုများ အကြောင်းပြမတုန်း၊ မင်းကြီး-ဆိုစမ်းပါ။

ဘုန်းကြီးတို့ပရိသတ်များ ပါယာသိမင်းကြီးက နောက်ဘဝမရှိကြောင်းကို ဒီမှာ အကြောင်းပြလိမ့်မယ်"

## ရာဇဝတ်သားတယောက် ပြစ်ဒဏ်ချမှတ်လိုက်တယ်

ဣဓ မေ ဘော ကဿပ ပုရိသာ စောရံ အာဂုစာရိံ ဂဟေတွာ ဒဿေန္တိ-

ဘော ကဿပ၊ အို-အရှင်ကုမာရကဿပ။

ဣဓ၊ ဤဘပည့်ဘောင်ရဲ့ သေတဗျမြို့မှာ။ မေ၊ တပည့်တော်ရဲ့။ ပုရိသာ၊ မင်းချင်းယောကျ်ားတို့သည်။ အာဂုစာရိံ၊ အပြစ်ကို လွန်ကျူးထားသော။ စောရံ ခိုးသူကို။ ဒဿေန္တိ၊ လာ၍ ပြကြပါကုန်သည်ဘုရား။

တပည့်တော်ရဲ့ သေတဗျမြို့မှာ မင်းချင်းယောကျ်ားတို့က အပြစ်လွန်ကျူးထားတဲ့ ခိုးသူကိုလာပြီးတော့ ပြကြပါသည်ဘုရား။

အယံ တေ ဘန္တေ စောရော အာဂုစာရီ၊
ဣမဿ ယံ ဣစ္ဆသိ၊ တံ ဒဏ္ဍံ ပဏေဟီ"တိ။

ဘန္တေ၊ အို-အရှင်ပါယာသိမင်း။

မယံ၊ ဤသူသည်ကား။ စောရော၊ ခိုးသူပါ။ အာဂုစာရီ၊ ရာဇဝတ် မင်းဒဏ်သင့်နေတဲ့ပုဂ္ဂိုလ်ပါ။ ဣမဿ၊ ဤပုဂ္ဂိုလ်အား။ ယံ၊ အကြင်ဒဏ်ကို။ ဣစ္ဆသိ၊ မင်းကြီးအလိုရှိပါ၏။ တံ၊ ထိုမင်းကြီးအလိုရှိတဲ့ ဒဏ်ကို။ ပဏေဟိ။ မင်းကြီးချမှတ်တော်မူပါ။

မင်းကြီး- ဒီပုဂ္ဂိုလ်ဟာ မင်းဖြစ်ထိုက်သင့်နေတဲ့ ရာဇဝတ်သား တယောက်ဖြစ်နေပါတယ်၊ ဤပုဂ္ဂိုလ်ကို အရှင်မင်းကြီးသည် သင့်တော်ရာ ဖြစ်ဒဏ်ကို ပေးတော်မူပါလို့ လာပြီးတော့ ပြကြပါတယ်ဘုရား။

တပည့်တော်ရဲ့သေတာဗျူဟိုမှာ နန်းတွင်းက မင်းချင်းယောကျ်ားတွေက မင်းဖြစ်ဒဏ်သင့်တဲ့ ရာဇဝတ်သားတယောက်ကို လာပြီးတော့ ပြကြပါတယ်ဘုရား။ ဤပုဂ္ဂိုလ်ဟာ အပြစ်ဒဏ်သင့်နေတဲ့ပုဂ္ဂိုလ်, ဒဏ်ထားထိုက်တဲ့ ပုဂ္ဂိုလ်တယောက်ပါ၊ မင်းကြီးသည် သင့်တော်ရာဒဏ်ကို ချမှတ်ပါလို့ လာပြီးတော့ ပြောကြပါတယ်ဘုရား။ အဲဒီအခါ တပည့်တော်သည် ထိုပုဂ္ဂိုလ်ကို စစ်ဆေးပြီးတော့ အပြစ်ပေးလိုက်ပါတယ်။

တေန ဟိ ဘော ဣမံ ပုရိသံ အနုပဟစ္စ ဆဝိဉ္စ စမ္မဉ္စ မံသဉ္စ နှာရုံစ အဋ္ဌိဉ္စ အဋ္ဌိမိဉ္ဇဉ္စ ဇီဝိတာ ဝေါရောပေထ။

ဘော၊ အို-အချင်းတို့။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ ဣမံပုရိသံ၊ ဤယောကျ်ားကို။ ဆဝိဉ္စ၊ အရေပါးကိုလည်းကောင်း။ စမ္မဉ္စ၊ အရေထူကိုလည်းကောင်း။ မံသဉ္စ၊ အသားကိုလည်းကောင်း။ နှာရုံစ၊ အကြောကို လည်းကောင်း။ အဋ္ဌိဉ္စ၊ အရိုးကို လည်းကောင်း။ အဋ္ဌိမိဉ္ဇဉ္စ၊ ရိုးတွင်းခြင်ဆီကို လည်းကောင်း။ အနုပဟစ္စ-အဝိနာသေတွာ၊ မပျက်စီးစေပဲ။ ဇီဝိတာ၊ ဇီဝိတန္ဒြေမှ။ ဝေါရောပေထ၊ ချလိုက်ကြကုန်လော့။

မင်းချင်းယောကျ်ားတို့ ဒီလိုဆိုယင် အဲဒီ မင်းပြစ်ဒဏ် သင့်နေတဲ့ ရာဇဝတ်သား ကို အရေပါးကိုလဲ မပျက်ပြားစေပဲ၊ အရေထူကိုလဲ မပျက်ပြားစေပဲ၊ အသားကိုလဲ မပျက်စီးစေပဲ၊ အကြောကိုလဲ မပျက်စီးစေပဲ၊ အရိုးကိုလဲ မပျက်စီးစေပဲ၊ ရိုးတွင်းခြင်ဆီကိုလဲ မပျက်စီးစေပဲ၊ ခန္ဓာကိုယ်ကို ဘာမှမပျက်စီးစေပဲနဲ့ အဲဒီပုဂ္ဂိုလ်ကို သတ်လိုက်ကြပါ။

## မသေမရှင်လေး သတ်ကြ

မင်းပြစ်ဒဏ် သင့်နေကဲ့ ရာဇဝတ်သားကို အရေထူ, အရေပါး, အသား, အကြော, အရိုး, ခြင်ဆီ, ဘာမှပျက်စီးခြင်း ထိခိုက်ခြင်း ဒဏ်ရာလေး နည်းနည်းမှမရှိပဲနဲ့ ကိုပုဂ္ဂိုလ်ကို မင်းတို့ သေအောင်သတ်ကြလို့ အမိန့်ပေးလိုက်တယ်။

ဘယ်လိုနည်းလဲတော့ မသိဘူး၊ ပါယာသိမင်းကြီး အမိန့်ပေး လိုက်တာကတော့ အဲဒီလို လာတယ်။ ဘာမှ မထိခိုက်အောင် အရိုး အကြော အသား အသွေးခြင်ဆီ အရေထူ အရေပါး ဘာမှမထိခိုက်ပဲနဲ့ ဘာမှ မပျက်ဆီးစေပဲနဲ့ ထိုသူကို သတ်လိုက်၊ အဲဒီအခါမှာ မင်းချင်း ယောကျ်ားတို့က—

တေ မေ "သာဓူ" တိ ပဋိဿုတွာ တံ ပုရိသံ အနုပဟစ္စ ဆဝိဉ္စ စမ္မဉ္စ နှာရုံစ အဋ္ဌိဉ္စ အဋ္ဌိမိဉ္စဉ္စ ဇီဝိတာ ဝေါရောပေန္တိ။

တေ၊ ထိုမင်းချင်း ယောကျ်ားတို့သည်။ မေ၊ တပည့်တော်၏။ ဝစနံ၊ စကားကို။ သာဓူတိ၊ ကောင်းပါပြီဟု။ ပဋိဿုတွာ၊ ဝန်ခံကြ ကုန်၍။ တံပုရိသံ၊ ထိုယောကျ်ားကို။ ဆဝိဉ္စ၊ အရေပါးကိုလည်းကောင်း စမ္မဉ္စ၊ အရေထူကိုလည်းကောင်း။ မံသဉ္စ၊ အသားကို လည်းကောင်း။ နှာရုံစ၊ အကြောကို လည်းကောင်း။ အဋ္ဌိဉ္စ၊ အရိုးကို လည်းကောင်း။ အဋ္ဌိမိဉ္စဉ္စ၊ ရိုးတွင်းခြင်ဆီကိုလည်းကောင်း။ အနုပဟစ္စ–အဝိနာသေတွာ၊ မပျက်စီးစေပဲ။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေန္တိ၊ ချလိုက်ကြလေ ကုန်၏။

အရေပါးကလေးကိုတောင်မှ မပျက်စီးစေပဲ ဟိုရာဇဝတ်သားကို သတ်လိုက် ကြတယ်။ ညင်ညင်သာသာကလေး အရေထူ အရေပါး အကြော အရိုး အသား ရိုးတွင်းခြင်ဆီ ဘာမှမပျက်စီးစေပဲ ထိုသူကို သတ်မှာဆိုတော့ ဘယ်လိုများ သတ်တယ် ဆိုတာတော့ မသိဘူး၊ အဋ္ဌကထာဋီကာကတော့ အဲဒါကို ဖွင့်ပြမထားဘူး။ ဘာမှ မပျက်စီးစေ ပဲနဲ့ သတ်ကြ၊ သတ်ဆိုတော့ သေအောင်သတ်ရမှာ ဒါပေမယ့် ချက်ချင်း အဲဒီပုဂ္ဂိုလ်ဟာ သေသွားတာမျိုး မဟုတ်ရဘူး၊ မင်းကြီးက ဘာထပ်မှာ တုန်းဆိုတော့—

ယဒါ သော အာမတော ဟောတိ၊

ယဒါ အကြင်အခါ၌။

ဘုန်းကြီးတို့ ပရိသတ်များ–အာမတော ဟောတိဆိုတဲ့ ပါဠိကို အဋ္ဌကထာက ဘယ်လိုဖွင့်လိုက်သလဲဆိုတော့ "အနွှမတောမရိတုံအာရဒ္ဓေါ ဟောတိ" လို့ ဖွင့်သော အဲဒီအတိုင်း အနက်ပေးကြည့်ယင် ဘယ်လိုကြီး ဖြစ်မလဲ၊ နားထောင်ကြည့်ပါ။

ယဒါ၊ အကြောင်အခါ၌၊ သော—စော၊ ထိုသေဒက်ချမှတ်ခံရတဲ့ အကျဉ်းသားသည်။ အာမတော—အဒ္ဓမာတော၊ တဝက်သေသည်။ ဟောတိ၊ ဖြစ်၏။

ဘယ်လို ဖြစ်သွားသလဲ၊ တဝက်သေတဲ့ လူကို မြင်ဖူးကြလား။ အဆန်းပဲနော်၊ တဝက်သေတယ်ဆိုတာ ဆိုလိုတဲ့အဓိပ္ပာယ်က သေလုလု ဖြစ်ပြီးတော့ မျောနေတာ၊ ဟုတ်လား။

ယဒါ၊ အကြောင်အခါ၌။ အဒ္ဓမတော၊ တဝက်သေသည်။ (ဝါ) သေလုလုဖြစ်ပြီးတော့ မျောနေသည်။ ဟောတိ၊ ဖြစ်၏။

သေလုလုဖြစ်ပြီးတော့ မျောနေပြီဆိုယင်—

**ပက်လက်ထားပြီးကြည့်ကြစမ်း**

ဘော၊ အို—အချင်းတို့။

ဘေနပတိ၊ ထိုသို့ဖြစ်ပါမူကား။ (ဝါ)ထိုအခါကျတော့မှ။ ဣမံ ပုရိသံ၊ ဤအရေအသားအရေပါး မထိခိုက်အောင် သတ်ထားလို့ တဝက်သေနေတဲ့ပုဂ္ဂိုလ်ကို (ဝါ) သေလုလုဖြစ်ပြီးတော့ အသက်ထွက်ကာနီးဖြစ်ပြီးတော့ မျောနေတဲ့ ပုဂ္ဂိုလ်ကို။ ဥတ္တာနံ၊ ပက်လက်။ နိပါတေထ၊ လှဲလိုက်ကြကုန်လော့။

အဲဒီပုဂ္ဂိုလ်ကို ပက်လက်ထားလိုက် စမ်းပါ၊ ပက်လက်ထားပြီး ဘာလုပ်မှာလဲဆိုတော့—

အပ္ပေဝ နမယာ ဇီဝံ နိက္ခမန္တံ ပဿေယျာမာ'တိ။

အသာ၊ ထိုသေလုလုဖြစ်နေသော ပက်လက်လှန်ထားတဲ့ ပုဂ္ဂိုလ်ရဲ့၊ ဇီဝံ၊ အသက်ကို၊ နိက္ခမန္တံ၊ ဘယ်အပေါက်က ထွက်ခွာ သွားတယ်ဆိုတာကို၊ အပ္ပေဝနာမပဿေယျာမ၊ အကယ်၍ တွေ့မျှားတွေ့လိုငြား ဆိုပြီးတော့ ကြည့်ရှုကြပါကုန်လော့။

တဝက်သေတဲ့ ပုဂ္ဂိုလ် သေလုလု ဖြစ်နေတဲ့ ပုဂ္ဂိုလ် မျောနေတဲ့ ပုဂ္ဂိုလ်ကို ပက်လက်လှန်ထားပြီးတော့ အနားမှာ ဝိုင်းနေ တပည့်တော်တို့က သေကိုက်နီးလွှားကမ—အသာလေးစောင့်ပြီးတော့ ချောင်းကြည့်ကြပါတယ်ဘုရား။ အသက်ဟာ နှာခေါင်းက ထွက်တာလား ပါးစပ်က

ထွက်တာလား, မျက်လုံးက ထွက်တာလား။ ဘယ်ကထွက်တာလဲ ဆိုတာ အနားကနေ တပည့်တော်တို့ တွေ့လိုတွေ့ငြား ချောင်းပြီးတော့ စောင့်ကြည့်နေကြပါတယ်ဘုရား။

ပန သို့သော်လည်းပဲ။

နေဝဿ မယံ ဇီဝံ နိက္ခမန္တံ ပဿာမ။

အဿ၊ ထိုသေလုလု ဖြစ်နေသော ပုဂ္ဂိုလ်၏၊ ဇီဝံ၊ အသက်ကို။ နိက္ခမန္တံ၊ ဘယ်ဒွါရပေါက်က ထွက်ခွာသွားတယ် ဆိုတာကို။ မယံ၊ တပည့်တော်တို့သည်။ နေဝပဿာမ၊ မတွေ့မမြင်လိုက်ရပါကုန်ဘုရား။

အသက် ဘယ်အပေါက်က ထွက်သွားတယ် ဆိုတာကို တပည့်တော်တို့ မတွေ့လိုက်ကြပါကုန်ဘုရား။

အရေထူအရေပါးတွေကို မပျက်စီးအောင်၊ ဘာမှမထိခိုက်အောင် သတ်၊ သေတော့မသေသေးဘူး၊ သေလုလုဖြစ်နေတဲ့ပုဂ္ဂိုလ်ကို ပက်လက်လှန်ထားပြီး ဘေးနားကနေ ထိုင်ပြီးတော့ စောင့်ကြည့်နေကြပါတယ်။ အသက်ထွက်သွားတာ ဘယ်ကနေ တွေ့ရမလဲလို့ စောင့်ကြည့်နေတာ မတွေ့လိုက်ရဘူးတဲ့။ ပက်လက်လှန်ထားလို့ အသက်ထွက်တာ မတွေ့ရ ယင် အဲဒီပုဂ္ဂိုလ်ကို ဘယ်လိုလုပ်ရမလဲ—

## မှောက်ထားပြီး ကြည့်ကြစမ်း

အဝကုဇ္ဇံ နိပါတေထ၊

အဝကုဇ္ဇံ၊ မှောက်ခုံ။ နိပါတေထ၊ လှဲလိုက်ကြကုန်လော့။

ဟေ့—မင်းချင်းတို့၊ အဲဒီပုဂ္ဂိုလ်ကို မှောက်ခုံ ထားလိုက်ကြ။ ပက်လက်လှန်ထားပြီး အသက်ဟာ ပါးစပ်ကထွက်သလား, နှာခေါင်းကထွက်သလားဆိုတာ ကြည့်တာ။ ပါးစပ်တွေ, နှာခေါင်းတွေက အသက် ထွက်တာ မတွေ့ရဘော့ မှောက်ခုံ ထားလိုက်ကြ၊ အသက် ဘယ်က ထွက်မလဲ ဆိုတာ ကြည့်ကြရအောင်။—တဲ့

ပါယာသိမင်း ကြံကြံဖန်ဖန်လုပ်တယ်နော်။ မှောက်ခုံထားလိုက်ကြဆိုဘော့ မင်းချင်းယောကျ်ားတို့က သေလုလုဖြစ်နေတဲ့ ထိုပုဂ္ဂိုလ်ကို မှောက်ခုံကြီး ထားလိုက်ကြပြန်တယ်၊ ဒီအခါ ပါယာသိမင်းက—

အပေ့ဝ နာမယာ ဇီဝံ နိက္ခမန္တံ ပဿေယျာမာ'တိ၊

ဒီလူ အသက်ဘယ်ကထွက်မလဲဆိုတာ မှောက်ခုံထားတဲ့ပုဂ္ဂိုလ်ကြီးကို သူက စောင့်ပြီးတော့ ကြည့်တယ်တဲ့၊ မှောက်ခုံထားတဲ့လူရဲ့အသက်ဘယ်လို ထွက်ဘယ်ဆိုတာကို ပါယာသိမင်းကြီး စောင့်ကြည့်တယ်တဲ့။ အဲဒီတော့ အရှင်ကုမာရကဿပက မှောက်ခုံထားတော့ အဲဒီလူ အသက်ထွက်တာကို တွေ့လိုက်သလား ဒကာတော်မင်းကြီးဆိုတော့—

နေဝဿ မယံ ဇီဝံ နိက္ခမန္တံ ပဿာမ၊

ဘောကဿပ၊ အို-အရှင်ကုမာရကဿပ။

မယံ၊ တပည့်တော်တို့သည်။ အဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ဇီဝံ၊ အသက်ကို။ နိက္ခမန္တံ၊ ထွက်ခွာသွားသည်ကို။ နပဿာမ၊ မတွေ့လိုက်ရပါကုန်ဘုရား။

မှောက်ခုံထားတဲ့ပုဂ္ဂိုလ်ရဲ့ အသက်ထွက်တာကိုမတွေ့တော့ ဒကာတော်မင်းကြီး ဘာဆက်လုပ်သေးတုန်း။

ပဿေန နိပါတေထ၊

တစောင်း ထားကြည့်တယ်ဘုရား။

တစောင်းထားကြည့်တော့ကော အသက်ထွက်တာ တွေ့သလား။

နေဝဿ မယံ ဇီဝံ နိက္ခမန္တံ ပဿာမ၊

တစောင်းထားကြည့်တော့လဲ မတွေ့ပါဘုရား။

တစောင်းထားကြည့်တဲ့အခါ မတွေ့တော့ ဒကာတော်မင်းကြီး ဘာလုပ်သေးတုန်း။

ပဿေန နိပါတေထ၊ ဒုတိယေန ပဿေန နိပါတေထ။

တစောင်းဆိုတော့ ဥပမာ ဘယ်ဘက်စောင်းထားလို့ မတွေ့ယင်' ဒုတိယေနပဿေန-ညာဘက်ကို တခါ စောင်းထားပြီးတော့ ကြည့်သေး'တယ်၊ ဇွေခုနက် ဝါယာ ဟိုဘက် ဒီဘက် လှည့်ကြည့်လိုက်တာ အသက်ထွက်တာကို မတွေ့လိုက်ရဘူး။

## အသက်ထွက်တာ ရှာကြည့်ကြစမ်း

ဒုတိယေန ပဌမေန နိပါတေထ၊

ထစောင်းထားလို့ အသက်ထွက်တာ မတွေ့ယင်၊ စောင်းနေလို့ အသက်ဟာ မထွက်အားဘူးထင်တယ်။

ဥဒ္ဓံ ဌပေထ၊ ခြေထောက်မိုးမျှော်ခေါက်ထိုး ထားကြည့်ပြန်တယ်။ (၁) ဥဒ္ဓံ၊ ခြေထောက်ကအထက်မှာ ခေါင်းက အောက်မှာ။ ဌပေထ၊ ထားကြကုန်လော့။

ခေါက်ထိုးထားပြီး ကြည့်ပြန်တော့လဲ အဲဒီပုဂ္ဂိုလ် အသက်ထွက်တာ တပည့်တော်တို့ မတွေ့ရကြောင်းပါဘုရား။ ခေါက်ထိုးထားလဲ မတွေ့ရဘူး၊ ခေါက်ထိုးထားလို့ မတွေ့ယင်—

ဩမုဒ္ဓကံ ဌပေထ၊

မတ်တတ်ထားလိုက်ကြစမ်းပါ။

မတ်တတ်ထားပြီးတော့ ငယ်ထိပ်က ဗြဟ္မာ့ရန္ဓဆိုတဲ့ အပေါက်ကလေးကများ ထွက်လေသလားလို့တပည့်တော်တို့စောင့်ပြီးတော့ချောင်းကြည့်ကြပါတယ်၊ အဲဒီပုဂ္ဂိုလ် အသက်ထွက်တာကို မတွေ့ရကြောင်းပါဘုရား။ ဒကာတော်မင်းကြီး— မတ်တတ်ထားတာလဲ အသက် ထွက်တာ မတွေ့ရဘူးလား၊ မတ်တတ်ထားတာလဲ အသက်ထွက်တာ မတွေ့ရဘူးဘုရား။ အဲဒီတော့ ဒကာတော်မင်းကြီး ဘာဆက်လုပ်သေးတုန်း။

ဩဓုနာထ သန္ဓုနာထ နိဒ္ဓုနာထ၊

မတ်တတ်ထားလို့ မတွေ့တော့ လှုပ်ကြည့်တယ်။
ဩဓုနာထ၊ ဒီဘက်ဆွဲဆွဲပြီးတော့ လှုပ်ကြည့်တယ်။
အဲဒါလဲ အသက်ထွက်တာ မတွေ့ရဘူး။

သန္ဓုနာထ၊ ဟိုဘက်တွန်းတွန်း၊ တွန်းတွန်းပြီးတော့ လှုပ်ကြည့်ပြန်တယ်။

အဲဒါလဲ အသက်ထွက်တာ မတွေ့လိုက်ရဘူး။

နိဒ္ဓုနာထ၊ ရှေ့တိုးနောက်ငင် ကျုမ်းထိုးမှောက်ခုံ လှုပ်ပြီးတော့ ကြည့်ပြန်တယ်။

**အသက်ထွက်တာ မတွေ့လိုက်ရဘူး–တဲ့**

မုန့်လေပွေ့ဖုတ်သလို အထက်အောက် ပြောင်းပြန်လှန်လှန်ပြီးတော့ လှုပ်ကြည့်လိုက်, ဟိုဘက်ဒီဘက်လှုပ်ခါကြည့်လိုက်နဲ့ ဒီပုဂ္ဂိုလ်ရဲ့ အသက် ဘယ်လိုထွက်တယ်ဆိုတာ စောင့်ပြီးတော့ကို ကြည့်တာ မတွေ့လိုက်ရဘူး တဲ့။

**ဒီလိုအကြောင်းတွေကြောင့် နောက်ဘဝဆိုတာ မရှိဘူး၊**

အပွေ၀ နာမဿ ဇီဝံ နိက္ခမန္တံ ပဿေယျာမာ''တိ။

ဒီပုဂ္ဂိုလ်ရဲ့အသက် ဘယ်လိုထွက်တယ်ဆိုတာကို စောင့်ကြည့်ကြ ပါတယ်။

နေဝဿ မယံ ဇီဝံ နိက္ခမန္တံ ပဿာမ။

အဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ဇီဝံ၊ အသက်ကို။ နိက္ခမန္တံ၊ ဘယ်လိုပဲ လှုပ်လှုပ် ဘယ်လိုပဲခါခါ ဘယ်လိုပဲပုတ်ပုတ် ဘယ်လိုပဲ ကျွမ်းထိုးမှောက်ခုံ ပြုပြု အသက်ထွက်တာကို။ မယံ၊ တပည့်တော်တို့သည်။ နေဝပဿာမ၊ တခါဖူးမျှ မတွေ့လိုက်ကြရပါကုန်ဘုရား။

ဘော ကဿပ၊ အို–အရှင်ကုမာရကဿပ။

တာသ္မာပိ၊ ထို့ကြောင့်လဲပဲ။

အသက်ထွက်တာမရှိယင်၊ ဟောဒီခန္ဓာကိုယ်ထဲက ဇီဝအတ္တဆိုတဲ့ အသက်ကလေးသည် ထွက်မသွားဘူးဆိုယင် နောက်ဘဝဆိုတာ မရှိဘူး တဲ့၊ နောက်ဘဝရှိယင် ဒီကိုယ်ထဲက ဘဝကောင်ဟာ ထွက်ပြီးတော့ ဟိုကို ပြောင်းကိုပြောင်းသွားရမှာ၊ ပါယာသိမင်းက ဒီလိုယူဆတာ၊ ဘဝပြောင်း တယ်ဆိုတာ ဒီကိုယ်ထဲက အပေါက်တပေါက်ပေါက်က နေပြီးတော့ ဇီဝ ရုပ်လုံးတစုံတခုသည် ထွက်ပြီးတော့ တခြားနေရာ ရွှေ့သွားတယ်လို့ ပါယာ သိမင်းကြီးက ဒီလိုတွက်တာ။

ဒီတော့ သူ့ရဲ့ဝါဒအတိုင်းဆိုယင် ဇီဝ၊ ဒီခန္ဓာကိုယ်ထဲက ဇီဝဆိုသော ရုပ်လုံးတခုသည် ဒီခန္ဓာကိုယ်ကြီးပျက်လို့သေတဲ့အခါ ထွက် ပြီးတော့ တခြားဘဝခန္ဓာတခုသို့ ပြောင်းသွားတာကို ပကတိမျက်စိနဲ့ မကြည့်နိုင်တောင် မှန်ပြောင်းနဲ့ စောင့်ကြည့်ယင် တွေ့ဖို့ကောင်းတယ်။

အဘိညာဉ်နဲ့ စောင့်ကြည့်ယင် အဲဒီအသက်ကလေး ထွက်ပြီးတော့ ဟိုဘဝ ကူးသွားတာကို တွေ့ရှိဖို့ကောင်းဘယ်။

ဒါပေမယ့် တပည့်တော် အမျိုးမျိုး စမ်းသပ်ကြည့်တယ်၊ အသက်ကလေး ဒီကိုယ်ထဲကထွက်ပြီး နောက်ဘဝတခုသို့ ပြောင်းသွားတာကို တွေ့ကိုမတွေ့ရဘူးဘုရား။ ဒါကြောင့်မို့လို့–

ဘော ကဿပ၊ အို–အရှင်ကုမာရကဿပ။

ပရောလောကော၊ တမလွန်လောက နောက်ဘဝဆိုတာ။ နတ္ထိ၊ မရှိပါဘူးဘုရား။ ဩပပါတိကာ၊ ငရဲတွေ နတ်တွေ ဗြဟ္မာတွေဆိုတဲ့ ဥပပါတ်သတ္တဝါတွေဆိုတာလဲ။ နတ္ထိ၊မရှိကြပါဘူးဘုရား။သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော၊ ကုသိုလ် အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်တို့ရဲ့ အကျိုးတရားတွေဆိုတာ။ နတ္ထိ၊ မရှိကြပါဘူးဘုရား။

ဣတိ၊ ဤသို့။ ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ အာယသ္မန္တံကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်ကို။ ဧတံ ဝစနံ၊ ဤသို့ခဲ့တဲ့စကားကို။ အဝေါစ၊ ရွှေနားတော် ကြားအောင် လျှောက်ထားရှာလေတော့သတည်း။

''သာဓု–သာဓု–သာဓုပါဘုရား''

နောက်ဘဝပြောင်းတယ်ဆိုတာ မယုံဘူး–တဲ့

ပါယာသိမင်းကြီးရဲ့ စမ်းသပ်နည်းတနည်းကို ဘုန်းကြီးတို့ပရိသတ် ရလိုက်ကြပြီ။

လူတယောက်ကို မသေမရှင်လေးသတ်၊ မျောနေတဲ့ အချိန်မှာ အသက် ဘယ်ကထွက်သလဲဆိုတာကို ပက်လက်လှန်ကြည့်၊ မှောက်ခုံမှောက်ကြည့်၊စောင်းထားပြီးကြည့်၊ မတ်တတ်ထားကြည့်၊ ဇောက်ထိုးထား ကြည့်၊ ဟိုဘက်ဒီဘက်ဆွဲလှုပ်ကြည့်၊ ကျွမ်းထိုးမှောက်ခုံလှုပ်ကြည့်၊ အမျိုး မျိုး စမ်းသပ်ကြည့်တာ အသက် ဘယ်ကထွက်တယ်ဆိုတာ မတွေ့လိုက်ရ ပနဲ့ ဇီလူဟာ အသေဖြစ်သွားတယ်။

ဒါကြောင့် အသက်လဲမထွက်ပါဘူး၊ ဒီထွက်သွားတဲ့အသက်ဟာ နောက်ဘဝသို့ ရောက်ဘယ်ဆိုတာ မရှိပါဘူး၊ အဲဒါကြောင့် နောက်ဘဝ ဆိုတာ မရှိဘူးဘုရားလို့ ပါယာသိမင်းကြီးက ပြောတယ်။

အဲဒီတော့ ဘုန်းကြီးတို့ပရိသတ်မျ ား ပါယာသိမင်းကြီးရဲ့ စကား ဆုံးပြီလို့ မမှတ်လိုက်ကြနဲ့ဦး၊ ပါယာသိမင်းကြီးက ကတ်ကတ်သတ်သတ် တခါတက်လာသေးတယ်။ ဘယ်လိုလဲဆိုတော့—

တဿ တဒေဝ စက္ခု ဟောတိ တေ ရူပါ၊
တဉ္စာယတနံ နပ္ပဋိသံဝေဒေတိ။

တဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ စက္ခု၊ မျက်စိသည်။ တဒေဝစက္ခု၊ ထိုမျက်စိ အတိုင်းပဲဘုရား။

သေကာခမျက်လုံးလေး ကြည့်လိုက်ယင် ဒီအတိုင်းပဲ ပျက်ကို မပျက်ဘူး။

ရူပါ၊ ရူပါရုံတို့ကလဲ။ တေရူပါ၊ ထိုရူပါရုံတို့အတိုင်းပါပဲဘုရား။

ရူပါရုံကလဲ ဒါပဲ၊ စက္ခုဆိုတဲ့ မျက်လုံးကလဲ ဒါပဲ။ မျက်လုံး ကလဲ ဒီအတိုင်းရှိနေတယ်၊ ရူပါရုံကလဲ ဒီအတိုင်းရှိနေတယ်။ သို့သော်—

တဉ္စာယတနံ နပ္ပဋိသံဝေဒေတိ၊

တေနစက္ခုနာ၊ ထိုမျက်စိဖြင့်။ တဉ္စာယတနံ၊ ထိုရူပါရုံရဲ့အရသာ ကို။ နပ္ပဋိသံဝေဒေတိ၊ ကြည့်ခြင်း သိခြင်း ခံစားခြင်း မရှိဘူးဘုရား။

မျက်လုံးလဲရှိနေသားပဲ၊ ရူပါရုံကြီးလဲ ရှိနေသားပဲ၊ ဒါပေမယ့် အဲဒီမျက်လုံးဟာ ကြည့်ခြင်း၊ သိခြင်း၊ ခံစားခြင်းဆိုတာ မရှိတော့ဘူး ကိုယ်တော်တဲ့။ သေကာခလူကိုပါယာသိမင်းစမ်းဆပ်နေတာ၊ ဟုတ်လား။

တဒေဝ သောတံ ဟောတိ တေ သဒ္ဒါ၊
တဉ္စာယတနံ နပ္ပဋိသံဝေဒေတိ။

တဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ သောတံ၊ သောတာယနဟာလဲ။ တဒေဝ၊ ထိုအတိုင်းပါပဲ။ တေသဒ္ဒါ၊ ထိုသဒ္ဒါရုံတို့ကလဲ။ တဒေဝ၊ ထိုအတိုင်း ပါပဲ။

သောတပသာဒလဲ ရှိနေသေးတယ်၊ အသံတွေလဲ ရှိနေသေးတယ်။ ဗမာလိုပြောယင် အသံလဲရှိ၊ နားလဲအရှိပဲ၊ နားကြီး ပျက်တာမှ မဟုတ် သေးပဲ။ ဒါပေမယ့် အသံကို ကြားခြင်း၊ သိခြင်း၊ ခံစားခြင်းဆိုတာတော့ မဖြစ်တော့ဘူး။ နှာခေါင်းလဲအရှိ၊ အနံ့လဲအရှိ၊ ဒါပေမယ့် အနံ့ကို ရှူခြင်း၊ သိခြင်း၊ ခံစားခြင်းဆိုတာ မဖြစ်တော့ဘူး။

လျှာ(ရှာ)ကြီးလဲ အရှိသားပဲ၊ အရသာတွေလဲ ရှိသွားပဲ၊ ဒါပေမယ့် အရသာကို ခံစားခြင်းဆိုတာ မရှိတော့ဘူး။ ကိုယ်ခန္ဓာလဲ ရှိတယ်၊ ဖောဋ္ဌဗ္ဗအာရုံဆိုတာလဲ ရှိတယ်၊ အတွေ့အထိ ခံစားခြင်းဆိုတာ မရှိတော့ဘူး၊ ဟုတ်လား။

ဒါကြောင့်–ဟောဒီ ပုဂ္ဂိုလ်ဟာ အသက်ထွက်ပြီးတော့ နောက်ဘဝ ပြောင်းသွားတယ်ဆိုတာ အရှင်ဘုရားတို့ အပြောပဲ။ တပည့်တော်တော့ မယုံဘူး ကိုဖစ်တော်လို့ ပါယာသိမင်းကြီးက ဒီလိုဆက်လာတယ်။ ဒီအခါကျတော့ အရှင်ကုမာရကဿပအလှည့် ဖြစ်သွားပြီ။ အရှင်ကုမာရကဿပမထေရ်က–

**ဥပမာတခုဆောင်ပြဦးမယ် ဒကာတော်မင်းကြီး**

> တေန ဟိ ရာဇည ဥပမံ တေ ကရိဿာမိ၊ ဥပမာယ မိဓေကစ္စေ ဝိညူပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ။

ရာဇည၊ ပါယာသိမင်း။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ တေ၊ သင့်အတွက်။ ဥပမံ ဥပမာတခုကို။ ကရိဿာမိ၊ ငါဆောင်ပြပေအံ့။

ဒကာတော်မင်းကြီး–ငါ ဥပမာတခု ဆောင်ပြမယ်။

ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ ဝိညူပုရိသာ၊ အသိအလိမ္မာ ဉာဏ်ပညာနဲ့ ပြည့်စုံကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ ဥပမာယ၊ ဥပမာဖြင့်။ ဘာသိတဿ၊ ပြောဆိုလိုက်တဲ့စကားရဲ့။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ ဇာနန္တိ၊ သိရှိ နားလည်ကြလေကုန်၏။

ဒကာတော်မင်းကြီး– ဥပမာနဲ့ ဆောင်ပြမယ်၊ ဥပမာနဲ့ ပြယင် ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေ နားလည်လွယ်ကြပါတယ်။

အရှင်ကုမာရကဿပရဲ့ ဥပမာတခု လာပြန်ပြီ၊ ဘယ်နှစ်ခုမြောက် ဥပမာလဲဆိုတော့ ကိုးခုမြောက်ဥပမာ၊ ဟုတ်လား။ ပါယာသိ မင်းကြီး တင်ပြတဲ့ ဥပမာနဲ့ အရှင်ကုမာရကဿပရဲ့ ဥပမာကို ရောထွေး မပစ်လိုက်ကြနဲ့ ဟုတ်လား။

အရှင်ကုမာရကဿပက ဒကာတော် မင်းကြီး– ငါ ဥပမာတခု ဆောင်ပြမယ်၊ နားထောင်။

ဘူတပုဗ္ဗံ ရာဇည အညတရော သစ်ဓမော သက်ံ အာဒါယ ပစ္စန္တိမံ ဇနပဒံ အဂမာသိ။ သော ယေန အညတရော ဂါမော တေနုပသင်္ကမိ။

ရာဇည၊ ပါယာသိမင်း။

ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဖူး အကြောင်းထူးတခု ရှိတယ်။

ဒကာတော် ပါယာသိမင်း– ရှေးကဖြစ်ခဲ့တဲ့ ဖြစ်ရပ်တခု ရှိဖူးပါတယ်၊ ရှေးဟောင်းဖြစ်ရပ်တခု ရှိခဲ့ဖူးတယ်။

အညတရော၊ တယောက်သော။ သစ်ဓမော၊ ခရုသင်းမှုတ်စားတဲ့ လူတယောက်သည်။ သက်ံ၊ ခရုသင်းတခုကို။ အာဒါယ၊ ယူဆောင်၍။ ပစ္စန္တိမံ ဇနပဒံ၊ ပစ္စန္တရာဇ်အရပ်သို့။ အဂမာသိ၊ သွားခဲ့လေ၏။

ဒကာတော်မင်းကြီး–ရှေးတုန်းကခရုသင်းမှုတ်စားတဲ့ လူတယောက် ခရုသင်းကို ကိုင်ပြီးတော့ ပစ္စန္တရာဇ်ကို သွားတယ်။ ပစ္စန္တရာဇ် ဆိုတာ တိုင်းပြည်ရဲ့ အစွန်အဖျား ဗဟုသုတ အလှန်ခေါင်းပါးတဲ့ အရပ်ပေါ့၊ ပိုပြီးတော့ရှင်းအောင် ပြောရမယ်ဆိုယင် ခရုသင်းကို မြင်ကို မမြင်ဖူးတဲ့ အရပ်လို့ ပြောမှ ပိုကောင်းမယ်။ ခရုသင်းမှုတ်စားတဲ့ လူတယောက်ဟာ ခရုသင်းကို မမြင်ဖူးတဲ့ အရပ်ကို သွားတယ်။ အဲဒီလိုဆိုယင် ပိုကောင်းတယ်။

ဒီနေရာမှာ ဥပမာ‌ေ း ကခုကို ဘုန်းကြီးက ဂ ပ်ဆင့်ပြီးတော့ ပြောဦးမယ်၊ အဲဒါလေးကောေ ား၊ အရှင်ကုမ ရက ဿပ‌ရဲ့ ဥပမာ ဆုံးတော့မှ ပြောမယ်။

### ဘာသံများပါလိမ့်

ခရုသင်းမှုတ်စားတဲ့လူ ာယောက်သည် ခရုသင်းကိုင်ပြီး ပစ္စန္တရာဇ် အရပ်ကို သွားတယ်၊ အဲဒီအရပ်က ခရုသင်းဆိုတာကို မြင်ကို မမြင်ဖူးဘူး။

သော ယေန အညတရော ဂါမော တေနုပသင်္ကမိ၊

ရွာတရွာကို ရောက်ခဲ့ပါတယ်၊ ရွာတရွာ ရောက်တဲ့ကာလ။

မဇ္ဈေ ဂါမဿ ဌိတော–

ဂါမဿ၊ ရွာတရွာရဲ့။ မဇ္ဈေ၊ အလယ်မှာ။ ဌိတော၊ ရပ်လျက်။

ခရုသင်းကိုင်ထားတဲ့ပုဂ္ဂိုလ်ဟာ ရွာတရွာရောက်တော့ ရွာလယ်ကောင်မှာ မတ်တတ်ရပ်ပြီး–

သခ်ံ၊ ခရုသင်းကို။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဥပလာပေတွာ၊ မှုတ်လိုက်၍။

ခရုသင်း မမြင်ဖူးတဲ့ရွာ၊ ရွာလယ်အရပ်မှာ ရပ်ပြီး ခရုသင်းကို သုံးချက်မှုတ်လိုက်ပါတယ်။ သုံးချက်မှုတ်လိုက်ပြီးတော့–

သခ်ံ၊ ခရုသင်းကို။ ဘူမိယံ၊ မြေမှာ။ နိက္ခိပိတွာ၊ ချထား၍။ ဧကမန္တံ၊ သင့်လျော်ရာမှာ။ နိသီဒိ၊ ထိုင်လိုက်တယ်။

ခရုသင်းကို သုံးချက်မှုတ်၊ မှုတ်လဲပြီးရော တရွာလုံး ခရုသင်းသံကို ကြားကြရတယ်။ ခရုသင်းမှုတ်ပြီး ထိုသူဟာ ထိုင်လိုက်တယ်တဲ့။ တရွာလုံးက ခရုသင်းသံကြားလိုက်တော့ တို့ရွာထဲက ထူးဆန်းတဲ့ အသံတခုပါ၊ ဘာသံပါလိမ့်မလဲဆိုပြီး တခါတည်း လူတွေဟာ တရွာလုံး ထွက်လာကြတယ်။

ဂါလီဗာကြီးကို လီလီပွတ်တွေ ဝိုင်းကြည့်သလို

ဘုန်းကြီးတို့ မော်တော်ကား အရောက်အပေါက်နည်းတဲ့ ရွာကို မော်တော်ကားနဲ့ သွားတဲ့အခါ ''ပွမ်'' ဆို ဟွန်းတီးလိုက်ယင် တရွာလုံးရှိကြတဲ့ ကလေးတွေဟာ အကုန်လုံး ထွက်လာကြတာပဲ၊ ဖုန်တထောင်းထောင်း ထနေတဲ့ မော်တော်ကား နောက်မြီးကနေ ဝိုင်းပြီးတော့ ခိုပြီးတော့ စီးကြတာ ပျော်စရာကောင်းလိုက်တဲ့ဖြစ်ခြင်း။

ဘေးကဘယ်တဲ့ ကလေးကတွယ်၊ နောက်ကတက်တဲ့ကလေးကတက်၊ တွဲလောင်းချိတ်တဲ့ ကလေးက ချိတ်နဲ့ စီးလိုက်လာကြတာ၊ ဘုန်းကြီးက ဒရိုင်ဘာကို ဖြည်းဖြည်းအမောင်းခိုင်းပြီး၊ ဆံသလောက် တက်စီးပစေဆိုပြီး ဖြည်းဖြည်းအမောင်းခိုင်းတော့ တိုးလို့တွဲလောင်းနဲ့ တက်စီးလိုက်ကြတာ၊ ပျော်စရာကြီးပဲ ဟုတ်လား။

ဟို–ဂါလီဗာထရာဗဲလ် (Gulliver Traveller) စာအုပ်ထဲက ဂါလီဗာကြီးကို လီလီပွတ်တွေ ဝိုင်းနေတဲ့အတိုင်းပဲ၊ ဂါလီဗာစာအုပ်က

သိမ်နေလောက်ကျသွားပြီ၊ ဟို—နှစ်တော်တော်ကြာက ဘုန်းကြီးတို့ ဖတ်ဖူးတာ။

အဲဒီအထဲမှာ ဘယ်တိုင်းပြည် ရောက်သွားတယ်မသိပါဘူး၊ ဂါလီဗာဆိုတဲ့ လူကြီးကို လီလီပွတ်တွေက လေ့ကားထောင်ပြီးတော့ တက်ကြည့်ကြတာ၊ ဂါလီဗာဆိုတဲ့ လူကြီးက အိပ်နေတာ လီလီပွတ်ဆိုတဲ့ လူတွေက သေးသေးလေးတွေ လှေကား ထောင်တက်ကြတာ လူလေးငါးခြောက်ထောင်လောက် တက်ကြည့်ကြတာ ဂါလီဗာကြီး မြူဘောင်မဖြူဘူး။ ဟုတ်လား။

ဘုန်းကြီးတို့ စီးသွားတဲ့ ဂျစ်ကားဘစီးကို ရွာက ကလေးတွေ ဝိုင်းပြီးစီးကြတာ ဂျစ်ကားဟာ ဘမမှုမဖြစ်ဘူး၊ အဲဒါရွာထဲဖြတ်ပြီး မောင်းသွားတဲ့အခါ ကားပေါ်ရောက်တဲ့ ကလေးတွေကတော့ လက်ခုပ်လက်ဝါးတီး လက်ခေါက်တွေဘာတွေ ရှိကနဲမှုတ်ပြီး အော်လိုက်လာကြတယ်။ ကားပေါ် မတက်လိုက်ရတဲ့ တက်လို့မရကြတဲ့ ကလေးတွေကတော့ ကားနောက်ကနေဝိုင်းပြီးတော့ လိုက်လာကြတာ ဖုန်တထောင်းထောင်းနဲ့ ပျော်စရာကောင်းလိုက်တာ. ဟုတ်လား။

အဲဒီဖြစ်ရပ်က ယခုရက်ပိုင်းအတွင်း မကြွေးသွားပြီး တရားဟောတုန်းက ကိုယ်တွေ့ တွေ့ကြုံခဲ့တဲ့ ဖြစ်ရပ်ပါပဲ၊ ရွာကြီးဘရွာ ရောက်ခဲ့တုန်းက တရွာလုံး ကလေးတွေ ဝိုင်းအုံထားလို့ မနည်းတိုးထွက်ခဲ့ရတယ်၊ ဒီလိုဖြစ်ကြတယ်။

## ခရုသင်းသံ ကြားလို့ ဝိုင်းလာကြတယ်

အခုလဲ ခရုသင်းသံ ကြားပြီဆိုတော့ အုတ်အုတ်ကျက်ကျက် တရွာလုံး ထွက်လာကြတယ်။

ကဿ နု ခေါ ဧသော သဒ္ဒေါ

ဧသော သဒ္ဒေါ၊ ဤအသံသည်ကား။ ကဿ၊ အဘယ်အရာဝတ္ထုရဲ့။ သဒ္ဒေါ၊ အသံပေနည်း။

ဟော့—ဒါ ဘာသံတုန်း။

ဝံရဇနီယော ဝံကမနီယော ဝံမဒနီယော၊
ဝံဗန္ဓနီယော ဝံမုစ္ဆနီယော၊

ပျော်လွန်းလို့ အော်ကြတာ၊

ဧဝံရာဇနီယော-ဒါလောက်တောင် ကြိုက်စရာကောင်းတဲ့ အသံ။ ဧဝံကမနီယော-ဒါလောက်တောင် နှစ်သက်စရာကောင်းတဲ့ အသံ၊ ဧဝံမဒနီယော-ဒါလောက်တောင် ယစ်မူးစရာကောင်းတဲ့အသံ၊ ဧဝံဗန္ဓနီယော-ဒါလောက်တောင် စိတ်ကို ညှို့တဲ့အသံ၊ ဧဝံမုစ္ဆနီယော- ဒါလောက်တောင်မှ တွေဝေဖွယ်ကောင်းတဲ့အသံ။

ဒီအသံကိုကြားလိုက်ရတာ စိတ်ကိုတွေဝေသွားတာပဲကွာ၊ကောင်းလိုက်တဲ့အသံ။ ကဿေသောသဒ္ဒေါ-ဒါ ဘာသံတုန်းဆိုပြီးတော့ လူတွေအုတ်အုတ်ကျက်ကျက်နဲ့ဝိုင်းအုံလာကြတယ်။ ခရုသင်းမှုတ်တဲ့လူကို တရွာလုံးဝိုင်းထားလိုက်ကြတယ်၊ ဟိုလူကလဲ ခရုသင်းကြီး ကောင်းစွာချပြီးထိုင်နေတယ်။ စိုင်းလာတဲ့ လူအုပ်ကြီးက မေးတယ်။

အမ္ဘော ကဿ နု ခေါ ဧသော သဒ္ဒေါ-

အမ္ဘော-ပုရိသ၊ အို-အမောင်ယောကျ်ား။

ဧသောသဒ္ဒေါ၊ ဤအသံသည်ကား။ ကဿနုခေါ၊ အဘယ်အရာဝတ္ထုရဲ့။ သဒ္ဒေါ၊ အသံလဲ။

ဟေ့-သူငယ်ချင်း၊ ခုနက အလွန်ကြည်နူးစရာကောင်းတဲ့, ကျေနပ်စရာကောင်းတဲ့, တပ်မက်စရာကောင်းတဲ့, တွေဝေစရာကောင်းတဲ့, မိန်းမောစရာကောင်းတဲ့ အသံဘာသံ တို့ကြားလိုက်ရတယ်။ အဲဒါ ဘာသံတုန်းလို့ မေးကြတော့ ခရုသင်းမှုတ်တဲ့လူက ပြောတယ်။

ဧသော ခေါ ဘော သင်္ခေါနာမ၊ ယဿေသောသဒ္ဒေါ
ဧဝံရဇနီယော ဧဝံကမနီယော ဧဝံမဒနီယော
ဧဝံဗန္ဓနီယော ဧဝံမုစ္ဆနီယော။

ဘော၊ အို-အချင်းတို့

ဧသောသဒ္ဒေါ၊ ဤအသံသည်ကား။ သင်္ခေါနာမ၊ ခရုသင်းရဲ့ အသံပါပေတည်း။ ယဿ၊ ယင်းကဲ့သို့သော။ ဧသောသဒ္ဒေါ၊ ဤအသံသည်ကား။ ဧဝံ၊ ဤသို့။ ရဇနီယော၊ တပ်မက်ဖွယ်ရာ ကောင်း၏။ ကမနီယော၊မွေ့လျော်ဖွယ်ရာကောင်း၏။ မဒနီယော၊ ယစ်မူးဖွယ်ကောင်း၏။ ဗန္ဓနီယော၊ စိတ်ကိုညှို့တတ်ပါပေ၏။ မုစ္ဆနီယော၊ ကြားရလျှင် တွေဝေမိန်းမော၍ သွားတတ်ပါပေ၏။

## အို–ခရုဆင်း သာယာတဲ့အသံလေးမြည်စမ်းပါ

ဒါဟာ တခြားအသံမဟုတ်ဘူး၊ ဒါလောက်သာယာကြည်နူးဖွယ်ကောင်းတဲ့အသံဟာ ခရုသင်းသံဗျ၊ အဲဒါ ခရုသင်းလို့ခေါ်တယ်လို့ ပြောလိုက်တော့၊ ဩော်-ခရုသင်းက ဒီအသံမျိုး မြည်သတဲ့လား၊ မြည်ပါတယ်။ ကောင်းပြီဆိုပြီးတော့ အဲဒီပစ္စန္တရာစ်က လူတွေဟာ ခရုသင်းနား မှာ လူတွေဝိုင်းအုံပြီး–

တေ တံ သင်္ခံ ဥတ္တာနံ နိပါတေသုံ
''ဝဒေဟိ ဘော သင်္ခ ဝဒေဟိ ဘော သင်္ခါ''တိ။

ဘော သင်္ခ၊ အို-ခရုသင်း။ ဘော သင်္ခ၊ အို-ခရုသင်း။ ဝဒေဟိ၊ သာယာဖွယ်ကောင်းတဲ့ အသံလေးထသံလောက် မြည်လိုက်စမ်းပါ။

ဣတိ၊ ဤသို့၊ ဝတ္ဝာ၊ ဆိုကြကုန်၍။ တေ၊ ထိုသူတို့သည်။ တံသင်္ခံ၊ ထိုခရုသင်းကို၊ ဥတ္တာနံ၊ ပက်လက်၊ နိပါတေသုံ၊ လှန်ကြကုန်ပြီ။

ခရုသင်းကြီးကို ပက်လက်ဆွဲလှန်လိုက်ပြီး ဆိုလိုက်စမ်းပါ, မြည်လိုက်စမ်းပါဆိုတော့ ခရုသင်းက မြည်ပါ့မလား။

နေဝ သော သင်္ခေါ သဒ္ဒံ မကာသိ၊

သောသင်္ခေါ၊ ထိုခရုသင်းကြီးသည်၊ သဒ္ဒံ၊ အသံကို၊ နေဝ အကာသိ၊ မပြုတော့သည်သာလျှင်တည်း။

ဒီခရုသင်းက ဘာသံမှထွက်မလာဘူး။

ဒီတော့ ပက်လက်လှန်ထားလို့ အသံမမြည်တာဒနေမယ် မှောက်ခုံထားဦးမှဆိုပြီးတော့–

တေ၊ ထိုပစ္စန္တရာစ်ကလူတို့သည်၊ တံသင်္ခံ၊ ထိုခရုသင်းကို၊ အဝကုဇ္ဇံ၊ မှောက်ခုံ၊ နိပါတေသုံ၊ ချကြကုန်ပြီ။

ခရုသင်းကို မှောက်ခုံထားလိုက်ပြီးတော့-

ဝဒေဟိ ဘော သင်္ခ ဝဒေဟိ ဘောသင်္ခ၊ အို- အချောင်ခရုသင်း ဆိုလိုက်စမ်းပါ, မြည်လိုက်စမ်းပါလို့ပြောတော့ ခရုသင်းက မြည်ပါ့မလား။

နေဝ သော သခေါ် သဒ္ဒမကာသိ–အဲဒီခရုသင်း ဘာသံမှ ထွက်မလာဘူး။

ပက်လက်ထားလဲ မမြည်ဘူး၊ မှောက်ခုံထားလဲပဲ မမြည်ဘူးတဲ့။ ပစ္စန္တရာစ်က လူတွေ ခရုသင်းရဲ့အသံကို ရှာနေကြတာနော်။ ခရုသင်းက အသံမြည်တယ်ဆိုလို့ ရှာနေကြတာ။

ခရုသင်းကြီးကို ပက်လက်လှန်ထားပြီး မြည်စမ်းပါ၊ မြည်စမ်းပါ ပြောလဲ မမြည်ဘူး၊ မှောက်ခုံထားပြီး မြည်စမ်းပါ မြည်စမ်းပါပြောလဲ မမြည်ဘူး။ ပက်လက်ထားလဲမမြည်, မှောက်ခုံထားလဲမမြည်, ဒါဖြင့်ယင် စောက်ထိုးထား အဲ ဒါလဲ မမြည်ဘူး။ မတ်တတ်ထားပြန်တော့လဲ မမြည်ဘူး။ အဲဒီလိုးဆိုလို့ရှိယင်–

ရိုက်ကာ ပုတ်ကာ နှက်ကာ အသံရှာ

ပါဏိနာ အာကောဋေသုံ၊

လက်နဲ့ပုတ်ခတ်ကြလေကုန်၏။

လက်သီးနဲ့ထုကွာ။

ခရုသင်းကို လက်သီးနဲ့ ထုပြီး ဆိုဟေ့ဆိုဟေ့၊ဒါလဲ ခရုသင်းကြီးက အသံထွက်ရဲ့လား။ အသံမထွက်ဘူး အသံမမြည်ဘူးတဲ့။ လက်နဲ့ပုတ်ခတ်လို့ လက်သီးနဲ့ထုလို့မှ အသံမမြည်ယင်–

လေဍ္ဍုနာ အာကောဋေသုံ၊

ခဲနဲ့ထုကြလေကုန်၏။

ခဲနဲ့ထုကြကွာ။

ခရုသင်းကို ခဲနဲ့ထုပြီး ဆိုဟေ့, ဆိုဟေ့ ဆိုဘော့ ခရုသင်းကြီးထ ဆိုရဲ့လား၊ မဆိုဘူး မမြည်ဘူးတဲ့။ လက်သီးနဲ့ထုလို့လဲ မမြည်,ခဲနဲ့ထုလို့လဲ မမြည်ယင် ဘာလုပ်မလဲ–

ဒဏ္ဍေန အာကောဋေသုံ၊

တုတ်နဲ့ရိုက်ခတ်ကြလေကုန်၏။

တုတ်နဲ့ရိုက်ကွာ။

တုတ်ဘော့နဲ့ ရိုက်ပြန်တော့လဲ တဂေါက်ဂေါက် မြည်နေတယ်၊ သာယာတဲ့ အသံမထွက်ဘူးတဲ့။ တုတ်နဲ့ရိုက်လို့ မမြည်ယင်–

သတ္တေန ကာကောဋ္ဌေသုံ၊

ခေါးနဲ့ခုတ်ကြလေကုန်၏။

ခေါးနဲ့ခုတ်ကွာ။

တုတ်နဲ့ရိုက်လို့ မပြည်တော့ ခေါးနဲ့ခုတ်တယ်၊ ခေါးနဲ့ခုတ်လို့ကော အသံပြည်ရဲ့လား၊ မပြည်ဘူးတဲ့၊ ဟုတ်လား။ ခရုသင်း အသံရှာတာတဲ့၊ ပစ္စန္တရာဇ်က လူတွေလုပ်ပုံနော်။

နေဝ သော သင်္ခေါ သဒ္ဒမကာသိ။

သောသင်္ခေါ၊ ထိုခရုသင်းသည်။ သဒ္ဒံ၊ အသံကို။နေဝအကာသိ၊ မပြုတော့သည်သာတည်း။

ဘာသံမှ မလာဘူး။ ခေါးနဲ့ခုတ်လို့ အသံမပြည်ယင်—

ဒြေဓိ သု—ဆွဲဆွဲပြီးတော့ လုပ်ကြကုန်၏။

အနိုနို သု—တွန်းတွန်းပြီးတော့ လုပ်ကြကုန်၏။

နိဒ္ဒနိ သု—ခါ၍ခါ၍ လုပ်ကြကုန်၏။

ဆွဲလုပ် တွန်းလုပ် ခါပြီးတော့လုပ် မြှောက်ပြီးတော့လုပ် ကျမ်း ထိုးမှောက်ခုံလုပ်။

ဘောသင်္ခ၊ အို-ခရုသင်း။ သဒ္ဒံ၊ အသံကို။ ဝဒေဟိ၊ မြည်လော့။

ဘော သင်္ခ၊ အို—ခရုသင်း။ သဒ္ဒံ၊ အသံကို။ ဝဒေဟိ၊ မြည်လော့။

အမောင်ခရုသင်း—အသံလေးတခု မြည်ပြစမ်းပါ။

သောသင်္ခေါ၊ ထိုခရုသင်းသည်။ သဒ္ဒံ၊ အသံကို။ နေဝအကာသိ၊ မပြုသည်သာလျှင်တည်း။

ဘယ်လိုပဲလုပ်လုပ် ခရုသင်းကြီးဟာ ထုလို့ နှက်လို့ ရိုက်လို့ မြှောက်လို့ လှန်လို့ အသံမြည်ရဲ့သား၊ မမြည်ဘူးတဲ့။ ပစ္စန္တရာဇ်က လူတွေ ခရုသင်း၏ အသံကို ရှာတာများလေခြင်း၊ ဟုတ်လား၊ ခရုသင်းမှုတ်စား တဲ့ လူက ထိုင်ပြီးတော့ ငေးစားတယ်။

## တော်တော်မိုက်တဲ့လူတွေပဲ

"ယာဝ ဗာလာ ဣမေ ပစ္စန္တဇနပဒါ မနုဿာ၊
ကထဉှိ နာမ အယောနိသော လဒ္ဓသဒ္ဒံ
ဂဝေသိဿန္တိ" တိ။—တဲ့

စဉ်းစားဘယ်။

ပစ္စန္တဇနပဒါ၊ ပစ္စန္တရာစ်ဇနပုဒ်၌နေကြကုန်သော။ ဣမေမနုဿာ၊ ဤလူတို့သည်။ ယာဝဗာလာ၊ အလွန်ဉာဏ်နည်းကြလေကုန်၏ (ဝါ) ယာဝဗာလာ၊ အလွန်မိုက်ကန်းကြလေကုန်၏။

ဟောဒီပစ္စန္တရာစ်ဇနပုဒ်က ပုဂ္ဂိုလ်တွေဟာ တယ်ပြီးတော့ ဉာဏ်နည်းတယ်၊ လူအတွေ လူပြိန်းတွေပဲ။

ကထံ-အဘယ်ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ အယောနိသော၊ မသင့်မတင့် မလျောက်ပတ် မကောင်းသော မဆီလျော်သော အကြောင်းအားဖြင့်။ သဒ္ဒံ၊ ခရုသင်းရဲ့အသံကို။ ဂဝေသိဿန္တိနာမ၊ ရှာနေကြကုန်တာလဲ။

ဘယ်နှယ်ကြောင့် မဆီလျော်တဲ့အကြောင်းနဲ့ ခရုသင်းအသံကို ရှာရတာတုန်း၊ ဒီနည်းနဲ့ အသံရှာလို့ ဘယ်ရမှာတုန်း၊ ခရုသင်းမှုတ်စားတဲ့လူက စဉ်းစားပြီးတော့—

သင်္ခံ ဂဟေတွာ တိက္ခတ္တုံ သင်္ခံ ဥပလာပေတွာ—

သင်္ခံ၊ ခရုသင်းကို။ ဂဟေတွာ၊ ကောက်ယူ၍။ တိက္ခတ္တုံ၊ သုံးကြိမ်။ သင်္ခံ၊ ခရုသင်းကို။ ဥပလာပေတွာ၊ ပါးစပ်မှာတပ်ပြီးတော့ မှုတ်လိုက်သည်ရှိသော်။

ခရုသင်းကောက်ကိုင် ပါးစပ်မှာတပ်ပြီး မှုတ်လိုက်တော့—

ရဇနီယသဒ္ဒ—တပ်မက်ဖွယ်ရာအသံ၊

ကမနီယသဒ္ဒ—နှစ်သက်ဖွယ်အသံ၊

မဒနီယသဒ္ဒ—ယစ်မူးဖွယ်ရာ အသံ၊

ဗန္ဓနီယသဒ္ဒ—စိတ်ကိုညှို့တဲ့အသံ၊

မုစ္ဆနီယသဒ္ဒ-တွေဝေဖွယ်ကောင်းတဲ့အသံ ကြည်နူးဖွယ်ကောင်းတဲ့ အသံစုံဟာ ခရုသင်းက ထွက်လာတယ်။

အဲဒီလို ခရုသင်းက ကောက်ယူ ြုး သုံးချက်မှုတ်လိုက်ပြီးရော ခရုသင်းကိုင်ပြီး ရွာကထွက်သွားတယ်။

## ပစ္စန္တရာဇ်ကလူတွေသဘောပေါက်ကြပြီ

ဒီရွာမှာ ခရုသင်းမှုတ်စားလို့ မရဘူး၊ လူအာ့တွေပဲ ခရုသင်းကို တုတ်နဲ့ရိုက်, ခဲနဲ့ခေါက်, ခဲနဲ့ထု, လက်နဲ့ပုတ်, ကျွမ်းထိုးမှောက်ခုံလုပ်ပြီးတော့ အသံရှာတဲ့ လူတွေ၊ ပါးစပ်နဲ့မှုတ်ယင် အသံထွက်တယ်ဆိုတာ နားမလည်ပဲပဲ ဆိုပြီး ခရုသင်းကိုင်ပြီးတော့ ရွာက ထွက်သွားရောတဲ့၊ ဟုတ်လား။

အဲဒီတော့မှ ရွာကလူတွေ သဘောပေါက်ကြသတဲ့။ ထိုပစ္စန္တရာဇ် ရွာက လူတွေ ဘယ်လိုသဘောပေါက်သွားတုန်းဆိုတော့-

> ယဒါ ကိရ ဘော အယံ သင်္ခေါနာမ ပုရိသသဟဂတော စ ဟောတိ ဝါယာမသဟဂတော စ ဝါယုသဟဂတော စ၊ တဒါယံ သင်္ခေါ သဒ္ဒံ ကရောတိ။

ပစ္စန္တရာဇ်က လူတွေသဘောပေါက်သွားကြပြီတဲ့။

ဘော၊ အို-အချင်းတို့။

ယဒါ၊ အကြင်အခါမှာ။ အယံသင်္ခေါ၊ ဤခရုသင်းကြီးသည်။ ပုရိသသဟဂတောစ၊ ယောကျ်ားနှင့်တကွ ဖြစ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

ယောကျ်ားဆိုတာကတော့ စာမှာရှိတဲ့အတိုင်းပြောတာ၊ အမှန်ကတော့—

၁။ ပုရိသဘဟဂဘောစ—ခရုသင်းမှုတ်တဲ့ လူတယောက် ယောက်လဲ သူ့မှာရှိရမယ်၊

၂။ ဝါယာမသဟဂတောစ-အဲဒီလူက လုံ့လဝီရိယလဲ ပြုရမယ်။

၃။ ဝါယုသဟဂဘောစ—အဲဒီ ခရုသင်းထဲမှာ၊ လေ ဓာတ်တွေလဲ ကောင်းစွာ ဝင်ရောက်သွားရမယ်၊

ဆိုပြီးတော့—

၁။ ခရုသင်းမှုတ်သူရယ်၊

၂။ ခရုသင်းမှုတ်သူရဲ့ လုံ့လပယောဂရယ်၊

၃။ ခရုသင်း ထဲမှာ ဝင်ရောက်သွားတဲ့ လေဓာတ်ရယ်၊—လို့

သုံးမျိုးရှိရပြီး၊ အဲဒီသုံးမျိုး ပေါင်းမိတဲ့အခါ—

**တဒါ ယံ သင်္ခေါ သဒ္ဒံ ကရောတိ။-တဲ့**

တဒါ၊ ထိုအခါမှာ။ အယံသင်္ခေါ၊ ဤခရုသင်းကြီးသည်။ သဒ္ဒံ၊ အသံကို။ အရောတိ၊ ပြု၏။

ဣတိ၊ ဤသို့။ ပစ္စတ္တဇနပဒါနံမနုဿာနံ၊ ပစ္စန္တရာဇ်မှာနေကြတဲ့ လူအပေါင်းတို့အား။ တေဒဟောသိ၊ အဲဒီလို သဘောပေါက်သွားကြလေကုန်တော့၏။

အဲဒီတော့မှ ပစ္စန္တရာဇ်က လူ့ရဲ့ သဘောပေါက်သွားကြတယ်။ ဩော်—ခရုသင်းကို ခဲနဲ့ထုလို့ မမြည်ဘူး။ တုတ်နဲ့ရိုက်လို့လဲ မမြည်ဘူး၊ ဓားနဲ့ခုတ်လို့လဲ မမြည်ဘူး၊ ပက်လက်လှန် မှောက်ခုံထား ဇောက်ထိုးထား လဲ မမြည်ဘူး၊ ရွှေဘိုးနောက်ဆုတ် လှုပ်လို့လဲမမြည်ဘူး။ လုံ့လပယောဂကို အသုံးချ၊ ပါးစပ်မှာတေ့ပြီး လေနဲ့မှုတ်မှ ခရုသင်းဟာ မြည်တယ်။

၁။ မှုတ်သူရယ်၊

၂။ လုံ့လပယောဂရယ်၊

၃။ ဝါယောဓာတ်ရယ်၊-လို့

ဒီလို သုံးခုပေါင်းမှ ခရုသင်း မြည်တယ် ဆိုတာကို ထိုလူတွေ သဘော ပေါက်သွားကြတယ်၊ ဟုတ်လား။ အဲဒီတော့မှ အရှင်ကုမာရကဿပက ပါယာသိမင်းကြီးကို ဆိုလိုက်တယ်။

## အကြောင်းသုံးပါးဆုံမှ

ရဇည၊ ပါယာသိမင်း။

ဝေမေဝ—ဇေတထာ၊ ပမာထားယူ ထို့အတူပါပဲ။ (ဝါ)ခရုသင်းကြီးမှာ အကြောင်းသုံးပါးဆုံမှ အသံထွက်လာတာယ်ဆိုတာလိုပဲ။

ယဒါယံ ကာယော အာယုသဟဂတော စ ဟောတိ
ဥသ္မာသဟဂတော စ ဝိညာဏသဟဂတော စ၊

ယဒါ၊ အကြင်အခါမှာ။ အယံကာယော၊ ဤကိုယ်ကာယဟာလဲပဲ။ အာယုသဟဂတောစ၊ ရုပ်ဇီဝိတနှင့်တကွဖြစ်သည်လည်း၊ ဟောတိ၊ ဖြစ်၏၊ ဥသ္မာသဟဂတောစ၊ ကမ္မဇတေဇောဆိုသော အပူငွေ့နှင့်တကွဖြစ်သည်လည်း၊ ဟောတိ၊ ဖြစ်၏၊ ဝိညာဏသဟဂတောစ၊ ဝိညာဉ်နှင့်တကွ ဖြစ်သည်လည်း၊ ဟောတိ၊ ဖြစ်၏။

ဟောဒီခန္ဓာကိုယ်မှာ—

၁။ အာယုရှိတယ်၊

၂။ ဥသ္မာရှိတယ်၊

၃။ ဝိညာဉ်ရှိတယ်၊

သုံးပါးဆိုတာရှိတယ်၊

၁။ အာယု—ရုပ်ဇီဝိတ၊

၂။ ဥသ္မာ—ကမ္မဇတေဇောဓာတ်၊

၃။ ဝိညာဏ—သိမှုသဘောဝိညာဉ်၊

ဒီသုံးခုရှိနေကြမယ်ဆိုယင်—

တဒါ၊ ထိုအခါမှာ၊ အယံကာယော။ ဤသုံးခု ဆုံနေသော ဤကိုယ်ကာယကြီးသည်။ အဘိက္ကမတိပိ၊ ရှေ့သို့လဲတက်၏၊ ပဋိက္ကမတိပိ၊ နောက်သို့လဲဆုတ်၏။ တိဋ္ဌတိပိ၊ ရပ်လည်းရပ်၏။ နိသီဒတိပိ၊ ထိုင်လည်းထိုင်၏၊ သေယျံပိကပ္ပေတိ၊ အိပ်လည်းအိပ်၏၊
စက္ခုနာပိရူပံပဿတိ၊ မျက်လုံးနှင့်လည်း အဆင်းကိုကြည့်၏၊ သောတေနပိသဒ္ဒံသုဏာတိ၊ နားနှင့်လည်း အသံကို နားထောင်၏၊

ဿာနေနပိဂန္ဓိဿာယတိ၊ နှာခေါင်းနှင့်လည်း အနံ့ကို ရှူ၍၊ ဇိဝှါယဝိရ-
သံသာယတိ၊ လျှာနှင့်လည်း အရသာကို စား၍ လျက်၍၊ ကာယေနပို-
ဖောဋ္ဌဗ္ဗံဖုသတိ၊ ကိုယ်နှင့်လည်း အတွေ့အထိကို ခံစား၍၊ မနသာပို-
ဓမ္မံဝိဇာနာတိ၊ စိတ်နှင့်လည်း ကြံစည်၍သိ၏။

အာယု, ဥသ္မာ, ဝိညာဉ်ရှိမှ ဤကိုယ်ကာယဟာ လှုပ်ရှားခြင်း, မြင်ခြင်း, ကြားခြင်း, နံခြင်း၊ စားခြင်း, ထိခြင်း, သိခြင်း ဆိုတာရှိတယ်။ အာယု, ဥသ္မာ, ဝိညာဉ်မရှိယင် ဤကိုယ်ကာယသည် မလှုပ်ရှားဘူး, မမြင်ဘူး, မကြားဘူး, မနံဘူး, မစားဘူး, မသိဘူး, မထိဘူး ဒကာတော်မင်းကြီး။ ဒကာတော်မင်းကြီး အသက်ရှာတာဟာ ပစ္စက္ခ-ရာဇ်ဇနပုဒ်က လူအတွေ ခရုသင်းရဲ့အသံကို ရှာသလို ဖြစ်နေပြီလို့ ပြောလိုက်တယ်။ ပါယာသိမင်းကြီး ထိသွားပြီ၊ ဟုတ်လား။

## ခရုသင်းရဲ့ အသံကိုရှာသလိုဖြစ်နေပြီ

ရာဇညာ၊ ဟဲ့-ပါယာသိမင်း။

တဲ့၊ သင်သည်။ ဝေမေဝ၊ ပစ္စက္ခရာဇ်က လူအာ, ခရုသင်းရဲ့ အသံကို ရှာသည့်ပုံနှင့်မခြားဘမူ အလားတူ၍။ ယာဝဗာလာ၊ အလွန်မိုက်မဲလှစွာသော။ တို့၊ သင်ပါယာသိမင်းကြီးသည်။ အယောနိသော၊ မလျော်ကန်ပတ်တဲ့ အကြောင်းအားဖြင့်။ ပရလောကံ၊ တမလွန်လောကကို။ ဂဝေသိဿသိနာမ၊ ရှာမှီးနေဘို၏တကား။

အရှင်ကုမာရကဿပက နည်းနည်း, နည်းနည်းနဲ့ ထိထိမိမိလေး ဆိုလာပြီ၊ ဟုတ်လား။ ပစ္စက္ခရာဇ်ကလူအာ, ခရုသင်းရဲ့ အသံကိုရှာသလို ဒကာတော်မင်းကြီးဟာ နောက်ဘဝကိုမသင့်တော်သောအကြောင်းတွေနဲ့ ရှာမှီးနေလေစွတကား။

ရာဇညာ၊ ပါယာသိမင်း။

တေ၊ သင်ပါယာသိမင်းကြီးရဲ့။ ပါပကံ၊ ယုတ်မာလှစွာသော။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူကြီးကို။ ပဋိနိဿဇ္ဇ၊ ယခုပဲ စွန့်လွှတ်လိုက်ပါတော့လော့။

ဧတံ၊ ဤသို့။ အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်မြွက်သည်။ ရာဇည၊ ဘိသိက်သွန်းခြင်း အလျှင်းမရှိ

သော။ ပါယာသိ၊ ပါယာသိမင်းကြီးကို။ တေဝစနံ၊ ဤစကားကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေးသတည်း။

“သာဓု–သာဓု–သာဓုပါဘုရား”

ကျေးလက်တောရွာ ပစ္စန္တရာစ်သား လူသည် ခရုသင်းကို မမြင်ဖူးတော့ ခရုသင်းရဲ့ အသံရှာတာဟာ၊ မှောက်ခုံမှောက်၊ ပက်လက်လှန်၊ ဖောက်ထိုးထား၊ ဂျမ်းထိုးမှောက်ခုံပြု့ဟိုဘက်တွန်း ဒီဘက်ရွှေ၊ တုတ်နဲ့ရိုက်၊ ခါးနဲ့ခုတ်၊ လက်နဲ့ပုတ်ပြီး ခရုသင်းကြီး 'အသံမြည်စမ်း၊ အသံမြည်စမ်းလို့ ပြောတော့ မမြည်းဘူးပေါ့။ ဘယ်မြည်မှာတုန်း၊ ခရုသင်းမှုတ်သူလဲမရှိ၊ လုံ့လပယောဂလဲမရှိ၊ လေခါတ်လဲ မရှိဘူး ဆိုယင်ဒီခရုသင်းမြည်ပါ့မလား၊ မမြည်ဘူးပေါ့၊ ဟုတ်လား။

ဒကာတော်မင်းကြီး–

(၁) သေသွားတဲ့လူမှာ မျက်လုံးရှိပေမယ့်လဲပဲ မကြည့်ဘူး၊ မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အာယု၊ ဥသ္မာ၊ ဝိညာဉ်မရှိလို့။

(၂) သေသွားတဲ့လူမှာ နားရှိပေမယ့် မကြားဘူး၊ ဘာဖြစ်လို့လဲ၊ အာယု၊ ဥသ္မာ၊ ဝိညာဉ်မရှိတော့လို့ မကြားဘူး။

(၃) သေသွားတဲ့လူဟာ မစားတော့ဘူး၊ ဘာဖြစ်လို့လဲ၊ အာယု ဥသ္မာ ဝိညာဉ် မရှိလို့ မစားဘူးပေါ့။

ဒကာတော်မင်းကြီးဟာ ပစ္စန္တရာစ် လူ ခရုသင်း အသံရှာသလို ဖြစ်နေပြီ၊ မင်းကြီးရဲ့ အယူမှားကို စွန့်လိုက်လော့လို့ အရှင်မာရကဿပက တည့်တည့်ကြီး ပြောပါတယ်၊

ပင်လယ်ပြင် မမြင်ဖူးတဲ့ ဘောင်ပေါ်ကဖထိး

ဘုန်းကြီးတို့ မွန်ပြည်နယ်ကို တရားဟောသွားတော့ သံဖြူဇရပ်ရောက်သွားတယ်၊ အဲဒီက မွန်ဒကာကြီးတယောက် စကားပြောအတော်ကောင်းတယ်၊ ဘုန်းကြီးတို့နဲ့ လေ့လွှနဲ့ရင်းရင်းနှီးနှီးပါပဲ။ အဲဒီဒကာကြီးဟာ ကျိုက္ခမီဘက်ကို လိုက်လိုက်ပြီးတော့ လာလေ့ရှိတယ်၊ မီနှစ်တော့

လိုက်မလာဘူး၊ ဟိုလွန်ခဲ့တဲ့ တနှစ်က ကျိုက္ခမီမှာ ဘုန်းကြီးတို့ နားနေတော့ ထိုဒကာကြီးကလဲ လိုက်လာတယ်။

ကျိုက္ခမီပင်လယ်နဖူးမှာ ဆောက်လုပ်ထားတဲ့ အဆောက်အအုံလေးမှာ ဘုန်းကြီးတို့ အေးအေးဆေးဆေးနဲ့ ပင်လယ်ကြီးမျက်နှာမူပြီး လှိုင်းတံပိုးသံတွေ နားထောင်ပြီးတော့ အနားယူကြတယ်။ အဲဒီတော့ ထိုမွန်ဒကာကြီးက ရယ်စရာ မော်ရာတွေကို မပြတ်မပြတ် သူပြောတယ်၊ သူပြောတဲ့အထဲက ရယ်စရာလေး တခုပေါ့။

ပင်လယ်ရဲ့ ရေမျက်နှာပြင်ဟာ ဘယ်တော့မှ ငြိမ်ငြိမ်နေတယ်လို့ မရှိဘူးနော်၊ ပင်လယ်ရေမျက်နှာပြင်ဟာ ဘယ်တော့မှ ငြိမ်ငြိမ်မနေဘူး လေသာမတိုက်တာ ရေကတော့ အမြဲဘမ်း လှိုင်းလေးတွေနဲ့ သွဲ့ဟာသွဲ့ရှိနေတာ၊ တဝုန်းဝုန်းနဲ့ လှိုင်းခုန်နေတဲ့ ပင်လယ်ရေပြင်ကြီးကြည့်ပြီးတော့ ထိုဒကာကြီးက ပြောတယ်၊ ဆရာတော်–ဟိုမှာကြည့်စမ်းပါ၊ ရေတွေ ခုန်နေတယ်တဲ့။ ဒကာကြီး–ခုန်တာဟုတ်ရဲ့လား၊ ခုန်ရုံတင် မဟုတ်ဘူး က နေတာပါဘုရားတဲ့၊ သူက ဒီလိုပြောတယ်။ တပည့်တော်ပြောဦးမယ်တဲ့၊ ပြောပါ ဒကာကြီးဆိုတော့–

အဲဒီ ပင်လယ်ပြင်ကို မမြင်ဖူးတဲ့ အလွန် တောနက်ပြီးတော့ မြင့်မားတဲ့ တောင်ကြီးတွေပေါ်မှာ နေတဲ့ တောင်ပေါ် ကရင်အဘိုးကြီးတယောက်ဟာ အလယ်လားယင်းနဲ့ ကျိုက္ခမီကို ရောက်တယ်တဲ့၊ ကျိုက္ခမီရောက်တော့ အဲဒီ ပင်လယ်ပြင်ကြီးကို ကြည့်ပြီး တခါတည်း ရင်ဘတ်မ,ပြီးတော့ မျက်တောင်မခတ်ပဲ ငေးကြည့်နေတယ်၊ ဒီလောက်ကျယ်တဲ့ ရေပြင်ကြီးကို တခါမှ မမြင်ဖူးပဲကိုး။

ရေတွေက တဝုန်းဝုန်း တဖြုန်းဖြုန်းနဲ့ လှိုင်းပုတ်နေတော့ သူက ကြည့်လို့ သိပ်ကောင်းနေတာနဲ့ စိတ်ထဲ ဘယ်လိုထင်သွားတယ်မသိဘူး။ ပြုန်းဆို သူ့တောင်ပေါ်က ပါလာတဲ့ ဝါးပိုး ဝါးကျည်တောက်ကြီးနဲ့ ပင်လယ်ရေတွေကို တခါတည်း အပြည့်ထည့်လိုက်တယ်၊ ထည့်ပြီးတော့ လုံအောင်ပိတ်ပြီး တောင်ပေါ် ပြန်သွားတယ်တဲ့။

## ရေတွေမှန်းပြီးသေကုန်တာ–တဲ့

တောင်ထိပ်လဲရောက်ရော မောင်းထုပြီး တရွာလုံး အကုန်ခေါ် လိုက်တယ်၊ လာကြဟေ့– လာကြဟေ့ အထူးအဆန်း ပြမယ်ဆိုပြီး

မောင်းထုပြီးတော့ တရွာလုံးခေါ်လိုက်တော့ ဘောင်ပေါ် ကရင်တွေဟာ ကျိုက္ခမီက ဘုရားဖူးပြန်လာတဲ့ ကရင်အဘိုးကြီးဆီကို ဝိုင်းလာကြတယ်။

ဝိုင်းလဲသာကြရော လင်ဗန်းကြီးချ၊ လင်ဗန်းကြီးချ ဆိုပြီးတော့ ဝါးကျည်တောက်ထဲက ပင်လယ်ရေတွေကို ကြည့်ကြဖော့ဆိုပြီး သွန်ထည့်လိုက်တာ၊ ရေတွေက လင်ဗန်းထဲလဲကျရော ငြိမ်လို့ တချက်မှမလှုပ်တော့ဘူး။ အဲဒီတော့ ဟိုလူတွေက မေးကြတယ် ခင်ဗျား ဘာပြောတာတုန်း အထူးအဆန်းပြမယ်လဲဆိုသေးတယ်၊ ဝါးကျည်တောက်ထဲက ရေတွေသွန်ပြတာပဲ မြင်ရတယ်။ ဘာထူးဆန်းသလဲ ပြောစမ်းပါဦးဆိုတော့—

အဲဒါ အထူးအဆန်းပဲကွ၊ ဒီကျမှဆန်းတော့ဟာ ဟိုမှာတော့ အဆန်းပဲ။ ဟိုမှာ ဘယ်လိုဆန်းသလဲ၊ ငါတွေ့ခဲ့ရတာ နည်းတဲ့ရေထုကြီး မဟုတ်ဘူး၊ တချက်ကလေးမှ ငြိမ်ငြိမ်မနေရဘူး ရေတွေဟာ အမြဲတမ်း ကနေကြတယ်လို့ ပြောတယ်။

ဟိုမှာကနေကြတဲ့ ရေတွေဟာ ဒီဘောင်ထိပ်ပေါ် ရောက်တော့ ဘာကြောင့် မကတော့တာလဲ၊ ဝါးကျည်တောက်ထဲ လှောင်ပိတ်ပြီး ယူခဲ့လို့ မှန်းပြီးတော့ သေသွားတယ်ထင်တယ်လို့ ပြောသတဲ့။ ဝါးကျည်တောက်ထဲ လှောင်ပိတ်ပြီးတော့ထည့်လာတာ ဘောင်ထိပ်ရောက်တော့ ရေတွေမှန်ပြီးတော့သေကုန်တာ။ အဲဒါကြောင့် မကတော့ဘူး၊ ပင်လယ်မှာတော့ ရေတွေဟာ ဝ ကယ်က လို့ သိပ်လှုတာပဲလို့ ပြောပြသတဲ့။

ကိုင်း–ဘောင်ပေါ်က ကရင်ဟာ ရေလှိုင်းတွေထနေတာကို ရေမှာ အသက်ရှိတယ်ထင်ပြီး၊ ကနေတယ်လို့ သူက ထင်လိုက်တယ်နော်၊ အမှန်ကတော့ ရေဟာ ဝါယောဓာတ်ကြောင့် လှုပ်နေတာ၊ လင်ဗန်းထဲမှာ ဝါယောဓာတ်မှမရှိတာ လှုပ်ဦးမလား၊ မလှုပ်တော့ဘူး မဟုတ်လား။ ပါယာသိမင်းကြီးလဲ အဲဒီကရင်အဘိုးကြီးလိုပါပဲလို့၊ ဟုတ်လား။

အေး–အဲဒါက ဘုန်းကြီးတို့တင်ပြတဲ့ ဥပမာတခုပေါ့၊ သံပြုဇရပ် ဆရာကြီးပြောလိုက်တာ၊ ဟုတ်လား။

## ပါယာသိမင်းကြီးက ဥပမာနဲ့ငြင်းဦးမယ်

သေသွားတဲ့လူမှာ ဝါယောဓာတ်မှ မရှိတော့တာ၊ မျက်တောင်ခတ်တာတွေ ဘာတွေဘယ်ရှိတော့မှာတုန်း၊ ဟုတ်လား။ ဝါယောဓာတ်ရှိနေတော့ မျက်လုံးကမျက်တောင်ခတ်ခတ်နဲ့ကြည့်တယ်၊ သိတယ်၊ ခံစားတယ်

**ထိုတာ**တွေ ရှိမယ်မဟုတ်လား**။**အေး—ဒီတော့ ပါယာသိမင်းကြီး အတွက် ဥပမာတခု ပြီးပစေတော့၊ ဟုတ်လား။ အရှင်ကုမာရကဿပမထေရ်ရဲ့ ဥပမာကိုကြားပြီးတဲ့ကာလ ပါယာသိမင်းကြီးက-

ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ။

အထ ခေါ ဧဝံ မေ ဧတ္ထ ဟောတိ—

အရှင်ကုမာရကဿပမထေရ်က ဤကဲ့သို့ပြောတာတော့ ဟုတ်ပါရဲ့ ဒါပေမယ့် တပည့်တော် နောက်ဘဝမရှိဆိုတာကိုတော့ မစွန့်နိုင်ဘူး၊ မရှိ အတိုင်းပဲ ပဲဘုရား၊ ဒီလိုတက်လာပြန်တယ်။ ဒီအခါ အရှင်ကုမာရကဿပက-

အတ္ထိ ပန ရာဇည ပရိယာယော—

ဒကာတော်ပါယာသိမင်း— ဒကာတော်မင်းကြီးမှာ အကြောင်း ပြစရာ ရှိသေးသလား။

အတ္ထိ ဘော ကဿပ ပရိယာယော—

တပည့်တော် အကြောင်းပြနိုင်ပါသေးတယ်ဘုရား။

ယထာ ကထံ ဝိယ ရာဇညာတိ၊

မင်းကြီး— ဘယ်လိုများ အကြောင်းပြဦးမလဲ။ မင်းကြီး၊ ပြစရာ ရှိယင် ပြလော့။

ဒီတော့ ပါယာသိမင်းကြီးက—

ဣဓ မေ ဘော ကဿပ ပုရိသာ စောရံ

အာဂုစာရိံ ဂဟေတွာ ဒဿေန္တိ—

အို—အရှင်ကုမာရကဿပ။

တပည့်တော်ရဲ့သေတာပျမြို့မှာ မင်းချင်းယောကျ်ားတို့က သော ဒဏ်ပေးထိုက်တဲ့ ရာဇဝတ်သားတယောက် တပည့်တော်ကို လာပြီးတော့ အပ်ပါတယ်ဘုရား။

''အယံ ဧတ ဘန္တေ စောရော အာဂုစာရီ

ဣမဿ ယံ ဣစ္ဆသိ၊ တံ ဒဏ္ဍံ ပဏေဟိ''တိ။

ဤပုဂ္ဂိုလ်ဟာ သတ်ထိုက်တဲ့ပုဂ္ဂိုလ်ပါ၊ သင့်တော်တဲ့အပြစ်ဒဏ်ကို မင်းကြီး ကြိုက်သလို ပေးတော်မူပါလို့ လာပြီးတော့ လျှောက်တင်ကြ ပါတယ်ဘုရား။

တျာဟံ ဇဝံ ဓဒါမိ–

ထိုအခါ ထိုမင်းချင်းယောက်ျားတို့ကို တပည့်တော် ဒီလိုပြော လိုက်ပါတော့သည်ဘုရား။ ဘယ်လိုပြောလိုက်တုန်းဆိုတော့–

အရေပါးရဲ့အကြားမှာ အသက်ရှာကြည့်တယ်

"တေနဟိ ဘော ဣမဿ ပုရိသဿ ဆဝိံ ဆိန္ဒထ."

ဘော၊ အိုအချင်းတို့။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ ဣမဿ ပုရိသဿ၊ ဤယောကျ်ား၏။ ဆဝိံ၊ အရေပါးကို။ ဆိန္ဒထ၊ အလှာလိုက်ခွာကြကုန်လော့။-တဲ့

ပါယာသိမင်းကြီးလုပ်တာနော်၊ အဲဒီသေဒဏ်ပေးခံရမယ့် လူကို အရေပါးကို အလှာလိုက်ခွာကြတဲ့။ ဘာဖြစ်လို့ ဒီလိုလုပ်ခိုင်းရဘာလဲဆို တော့ အဲဒီအရေပါးနဲ့အရေထူ အရေက နှစ်ထပ်နော်၊ အရေထူနဲ့ အရေ ပါးရဲ့ကြားထဲမှာ အသက်ရှိမလားဆိုတာကို ရှာကြည့်မလို့တဲ့၊ဟုတ်လား။

ဆဝိံ၊ အရေပါးကို။ ဆိန္ဒထ၊ အလှာလိုက် အလှာလိုက် ခွာကြ ကုန်လော့၊

တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ဇီဝံ၊ အသက်ကို။ အပ္ပေဝနာမ ပဿေယျာမ၊ အကယ်၍ တွေ့များတွေ့လိုငြားဆိုပြီးတော့ ကြည့်ရှုကြပါ ကုန်လော့။

နောက်ဘဝ ရှိမရှိ ဆိုတာကို သူက အသက်ထွက် မထွက်ကနေ စပြီးတော့ စဉ်းစားတယ်၊ ဒီက အသက်ထွက်တယ်ဆိုယင် ထွက်ပြီး ဘယ် သွားသလဲ၊ အဲဒါရှာရမှာ။

ဗောဓိမဏ္ဍာရုံထဲကလူတွေ ဒီမဏ္ဍာရုံထဲက ထွက်သွားယင် ဘယ် သွားတယ်ဆိုတာကို လိုက်ရမယ် မဟုတ်လား၊ မဏ္ဍာရုံထဲက ထွက်ကို မထွက်ဘူးဆိုယင် ဘယ်မှ လိုက်ရှာစရာ မလိုဘူး၊ အမိပ္ပာယ်က ဒီလို နော်။

အသက်ထွက်ကိုမထွက်ဘူးဆိုယင် နောက်ဘဝဆိုတာ ရှာဖို့လိုသေး သလား၊ မလိုဘူးတဲ့၊ အသက်ထွက်တယ်ဆိုယင် ထွက်တဲ့ အသက်ဘယ် သွားတုန်း၊ဆိုဘာ လိုက်ရမယ်၊ ရှာရမယ်။ အဲဒီ နောက်ဘဝ မရှာသေး

ပဲနဲ့ ဒီအသက် ဘယ်လိုထွက်တယ်ဆိုတာကို သူ့ာ အထွက်လေးကိုရှာကြည့်ဘာ။

ဆဝိဆန္ဒထ၊ အရည်ပါးကို လှာပြီးတော့မှ။ ဇီဝံ၊ အသက်ကို။ ပသေယျာမ၊ ရှာကြကြည့်ကြကုန်လော့။

အေး–အဲဒီ သေဒဏ်အပေးခံရတဲ့ လူရဲ့အရေခွာပြီး အရေထူနဲ့ အရေပါးအကြားမှာ အသက်ကို ရှာကြဆိုတော့ အသက်ရှာကြတယ်၊ တွေ့ပါ့မလား၊ မတွေ့ကြဘူး။–တဲ့

နေဝဿ မယံ ဇီဝံ ပဿာမ–အဲဒီပုဂ္ဂိုလ်ရဲ့ အရေပါးကြားထဲမှာလဲ အသက်မရှိဘူးဘုရား။

အရေပါးကိုခွာလို့ အသက်ရှာမရယင်–

**အရေထူနဲ့ အကြောတွေကြားမှာ အသက်ရှာကြည့်ပြန်တယ်**

စမ္မံ ဆိန္ဒထ၊

စမ္မံ၊ အရေထူကို။ ဆိန္ဒထ၊ ခွာကြကုန်လော့။

အရေထူကို ဆက်ခွာပြီးမှတော့ အသက်ရှာကြဟေ့၊ အရေထူကို ခွာပြီးတော့ အသက်ရှာကြပြန်တယ်။

အပ္ပေဝ နာမဿ ဇီဝံ ပသေယျာမ၊

အရေထူကိုခွာပြီးတော့ အသက်ရှာကြပြန်တော့ကော–

နေဝဿ မယံ ဇီဝံ ပဿာမ၊

အဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ဇီဝံ၊ အသက်ကို။ မယံ၊ တပည့်တော်တို့သည်၊ နေဝပဿာမ၊ မတွေ့ကြရပါကုန်ဘုရား။

အရေပါးခွာပြီးတော့ အသက်ရှာသို့ မတွေ့ဘူး၊ အရေထူခွာပြီးတော့ အသက်ရှာပြန်တော့လဲ မတွေ့ဘူး တဲ့။ အရေထူခွာလို့ အသက်မတွေ့ယင်–

မံသံ ဆိန္ဒထ၊

အသားတွေကို အတစ်လိုက် အတစ်လိုက်လှီး ပြီးတော့ အဲဒီမှာ အသက်ကို ရှာကြဟေ့ဆိုတော့ကော တွေ့ပါ့မလား၊ မတွေ့ဘူး တဲ့။

တသာပုဂ္ဂလာ ထိုပုဂ္ဂိုလ်ရဲ့၊ ဇီဝံ၊ အသက်ကို။ မယံ၊ ဘုရား တပည့်တော်တို့သည်။ နေဝပဿာမ၊ မတွေ့မမြင် ကြပါကုန်ဘုရား။

အသားကို လှီးဖြတ်ပြီးတော့ အသက်ကို ရှာလိုလဲ မတွေ့ဘူး၊ အရေထူ အရေပါး အသားကိုခွာပြီးတော့ လှီးဖြတ်ပြီးတော့ အသက် ရှာလို့ မတွေ့ယင်—

နှာရုံ ဆိန္ဒထ၊

အကြောတွေကို ဖြတ်ကြကုန်လော့။

အကြောတွေကို တချောင်းစီ တချောင်းစီ အကုန်ဖြတ်၊ ဘယ် အကြောထဲမှာ အဲဒီ အသက်နေသလဲဆိုတာ အကြောတွေ အကုန်ခွဲရှာ ကြပြန်တယ်။ အကြောတွေထဲမှာကော အသက်ရှိရဲ့လား၊ မရှိဘူး တဲ့။ လူထကိုယ်လုံးမှာ အကြောပေါင်း ဘယ်လောက်ရှိသလဲ—

နှာရု အဆင်းဖြူစွာ၊ လည်ဂိဝါမှ၊ ဝဲယာရှေ့နောက်၊ ရှေ့နောက်ခြေသက်၊ ငါးစီသက်၍၊ သွယ်ခက်ရစ်ရုံ၊ ခတ္တာငုံလို၊ ကိုယ်ကိုဆောင်တွယ်၊ ခြောက်ဆယ်ကြောမ၊ စသည်များစွာ၊ ကွန်ရက်ဖြာသို့၊ ကိုးရာသော အကြောသည်။

အကြောပေါင်းကိုးရာတဲ့။ ဝိဇ္ဇယသုတ္တန်ထဲမှာ ဒါတွေ အပြည့် အစုံဟောပြီးသား ပါတယ်နော်။ အဲဒီအကြော ကိုးရာကို တချောင်းစီ တချောင်းစီ လှီးဖြတ်ခွဲထုတ်ပြီးတော့ အသက်များ တွေ့မလားလို့ရှာ လိုက်ကြတာ၊ တွေ့ကြရဲ့လား။ မတွေ့ကြပါဘူး။—တဲ့

အဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ဇီဝံ၊ အသက်ကို။ မယံ၊ တပည့်တော်တို့ သည်။ နေဝပဿာမ၊ မတွေ့မမြင်ကြရပါကုန်ဘုရား။

အကြောတွေကို ဖြတ်ရှာလို့မှ အသက်ကို မတွေ့ရယင်—

အရိုးနဲ့ ရိုးတွင်းခြင်ဆီကြားမှာ ရှာကြည့်ပြန်တယ်

အဋ္ဌိံ ဆိန္ဒထ၊

အရိုးတွေကို အကုန်လုံး တဆစ်စီ တဆစ်စီ အကုန်လုံး ဖြတ်ကြ။ အရိုးတွေကို အကုန်လုံးဖြတ်ပြီးတော့ ရှာကြတဲ့။ အရိုးက ဘယ် လောက်ရှိသလဲ—

အင်္ဂ အသင်းဖြူစွာ၊ နှာနှလုံးဦး၊ နဖူးတပါး၊ မျက်နှာမေးရိုး၊ ညှပ်ရိုးပခုံး၊ လက်ရုံးပေါင်ခေါ်၊ ဒူးအားခြေနောက်၊ ရောက်သည်နှစ်ချက်၊ ဖမျက်မြင်းခေါင်း၊ မောင်းဖျားလေးမည်၊ လည်ခုနှစ်ရိုး၊ ခေါင်းခွံကိုးတည့်၊ ရင်ရိုးစုဒ္ဒသ်၊ ၄၁ရယ်ကျောက်မှန်၊ နံနှစ်ဆယ့်လေး၊ ခြောက်ဆယ့်လေးတော့၊ လက်ခြေရိုးနုံ၊ သုံးရာသော အရိုးအစုသည်၊ အဋ္ဌိသံဝိဇ္ဇဟိ၊ ထင်ရှားပုံသော ရှိတုံချေ၏ တကား။

အရိုးပေါင်း သုံးရာဖြတ်ပြီးတော့ အသက်ရှာလိုက်တာ တွေ့သတဲ့လား၊ မတွေ့ကြရဘူး တဲ့။

ဘော ကဿပ၊ အိုး—အရှင်ကုမာရ ကဿပ။

တသပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ဇီဝံ၊ အသက်ကို။ မယံ၊ တပည့်တော်တို့သည်။ နေဝပဿာမ၊ မတွေ့လိုက်ကြရပါကုန်ဘုရား။

အရိုးဖြတ်ရှာတော့လဲ အသက်ကို မတွေ့လိုက်ရပါဘုရား။ အရိုးသုံးရာဘချောင်းစီ ခွဲဖြတ်ရှာသို့ အသက်ကို မတွေ့ယင်—

အဋ္ဌိ မိဉ္ဇံ ဆိန္ဒသာ၊

ရိုးတွင်းခြင်ဆီထဲမှာ ဖောက်ထွင်းပြီးတော့ ရှာကြဟော့။

ရိုးတွင်းခြင်ဆီထဲ ဖောက်ပြီးတော့ ရှာယင်တဲ့၊ ရှာပြီ၊ တွေ့သလားဆိုတော့—

အဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ဇီဝံ၊ အသက်ကို။ မယံ၊ တပည့်တော်တို့သည်။ နေဝပဿာမ၊ မတွေ့လိုက်ကြကုန်ပါဘုရား။

ရိုးတွင်း ခြင်ဆီထဲမှာလဲ အသက်မတွေ့ဘူး၊ ခန္ဓာကိုယ် ရှိသမျှကောဋ္ဌာသတွေ အကုန် လှီးဖြတ် ခွဲစိပ်ပြီးတော့ ပါယာသိမင်းကြီး အသက်ကိုရှာလိုက်တာ၊ ဇီအသက် ဘယ်နေရာမှာနေတုန်း, ဘယ်လိုထွက်တုန်း, ထွက်ပြီးတဲ့ အသက်သည် ဘယ်သွားတုန်းဆိုတာကို ရှာလိုက်တာ ဘယ်မှာမှ ရှာလို့မရဘူးတဲ့။

### အသက်မရှိတဲ့အတွက် နောက်ဘဝလဲမရှိ

ဘုန်းကြီးတို့ ပရိသတ်များ—ဟောဒီမှာ လျှပ်စစ်မီးတွေကို တွေ့ကြတယ်နော်၊ အဲဒီ လျှပ်စစ်မီးကို ဘယ်က ထုတ်လုပ်လိုက်တာလဲ ဆိုယင်

ဒိုင်နမိုထဲ ထုတ်လုပ်လိုက်တာ ထွက်လာတာ၊ ဒိုင်နမိုထဲမှာ လျှပ်စစ်ဓာတ်တွေ ဘယ်နေရာမှာ အောင်းနေသလဲဆိုတာ တခုစီ ဖြုတ်ပြီးတော့ ရှာကြည့်ယင် တွေ့ပါ့မလား၊ မတွေ့နိုင်ဘူးနော်။

ကြေးတိုင်ကြီးတွေ၊ ကြေးချောင်းကြီးတွေကို အစိတ်စိတ် ခွဲပြီးတော့ ရှာ၊ လျှပ်စစ်ဓာတ် ဒီနေရာမှာ ရှိသလား၊ မရှိဘူးတဲ့။ ကွိုင်ထုတ်ကြီးတွေထဲ ရှာလဲမရှိဘူး၊ သံလိုက်တုံးကြီးတွေ ခွဲစိတ်ရှာလဲ လျှပ်စစ်ဓာတ်မရှိဘူး၊ အင်ဂျင်လုံးကြီးတွေထဲရှာမယ်တဲ့ လျှပ်စစ်ဓာတ်မရှိဘူး။

အဲဒါတွေအကုန် စုပေါင်းပြီးတော့ စက်နှိုးလှည့်တော့မှ လျှပ်စစ်ဓာတ် ထွက်လာတာ၊ စက်ကြီးထဲကနေ လျှပ်စစ်ဓာတ် လာတော့ ဓာတ်ကြိုးလေးကို ခွဲစိတ်ရှာတော့ကော တွေ့ပါ့မလား၊ မတွေ့ဘူးတဲ့၊ လျှပ်စစ်ဓာတ် ရှိတာတော့ အမှန်ပဲ ရှာလို့တော့ မတွေ့ဘူး။ ထိုလိုက်ယင်တော့ သေမှာပဲနော်။

အေး—ပါယာသိမင်းကြီး အသက်ကို ရှာတာဟာလဲ လျှပ်စစ်ဓာတ်ကို ရှာသလို ဖြစ်နေတာပဲနော်။

ပါယာသိမင်းကြီးက အရှင်ဘုရား ကုမာရကဿပ—တပည့်တော်သည် အသတ်ခံရတဲ့ ပုဂ္ဂိုလ်ရဲ့ အသက်ကို ဟောဒီလို ခန္ဓာကိုယ်ကို ခွဲစိတ်ပြီးတော့ ရှာလိုက်တာ ဘယ်လိုမှ ရှာ၍ မရကြောင်းပါ ဘုရား။

ဘောကဿပ၊ အို–အရှင်ကုမာရကဿပ။

တသ္မာ၊ ထို့ကြောင့်။ ပရောလောကော၊ တမလွန် လောက နောက်ဘဝသည်။ နတ္ထိ၊ မရှိကြောင်းပါဘုရား။

နောက်ဘဝဆိုတာမရှိဘူး။ ဘာကြောင့်လဲ၊ အသက်မရှိလို့။ အသက်ရှိယင် အသက်ထွက်မယ်၊ ထွက်ယင် ထွက်တဲ့အသက်သည် နောက်ဘဝကို သွားရမယ်။ ဒီမှာ အသက်မရှိဘူး၊ အသက်မရှိယင် အသက်ထွက်တယ်ဆိုတာကို မရှိဘူး၊ ထွက်တယ်ဆိုတာမရှိယင် ထွက်ပြီးယင် အဲဒီအသက်သည် တခြားဘဝသွားတယ်ဆိုတာ မရှိဘူး။ ဒါကြောင့် နောက်ဘဝဆိုတာ မရှိဘူးဘုရားလို့ ပါယာသိမင်းကြီး ပြောချလိုက်တယ်။

## အရှင်ကုမာရကဿပကလဲ ဥပမာနဲ့ရှင်းပြတယ်

ဒီတော့ – အရှင်ကုမာရကဿပက ပါယာသိမင်းကြီးကို ဥပမာတခု ဆောင်ပြီးတော့ပြဦးမယ်တဲ့။ ဥပမာ ကိုးခုပြီးသွားပြီ၊ ယခု ပြောရမယ့် ဥပမာက ဆယ်ခုမြောက်ဥပမာ၊ ဟုတ်လား။

တေန ဟိ ရာဇည ဥပမံ တေ ကရိဿာမိ။

ရာဇည၊ ပါယာသိမင်း။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ တေ၊ သင့်အား။ ဥပမံ၊ ဥပမာကို။ ကရိဿာမိ၊ ဆောင်ပြဦးအံ့။

ဥပမာယ မိဓေကစ္စေ ဝိညူပုရိသာ
ဘာသိတဿ အတ္ထံ အာဇာနန္တိ။

ဣဓ၊ ဤလောကမှာ။ ဧကစ္စေ၊ အချို့ကုန်သော။ ဝိညူပုရိသာ၊ ဉာဏ်ရှိသောယောကျ်ားတို့သည်။ ဥပမာယ၊ ဥပမာဖြင့်။ ဘာသိတဿ၊ ဆိုအပ်သောစကား၏။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ အာဇာနန္တိ၊ သိရှိနားလည်ကြလေကုန်၏။

ဥပမာဆောင်ပြမှယင် ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေ သိရှိနားလည်ကြတယ်၊ ဥပမာလေး ဆောင်ပြကြဦးစို့။ အရှင်ကုမာရကဿပ ဆောင်ပြတဲ့ ဥပမာက ဘာလဲဆိုယင်–

ဘူတပုဗ္ဗံ ရာဇည အညတရော အဂ္ဂိကော ဇဋိလော
အရညာယတနေ ပဏ္ဏကုဋိယာ သမ္ဗတိ–တဲ့

ရာဇည၊ ပါယာသိမင်း။

ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဖူး အကြောင်းထူးကား။ အညတရော၊ တယောက်သော။ အဂ္ဂိကော၊ မီးပူဇော်လေ့ရှိသော။ ဇဋိလော၊ ရသေ့တယောက်သည်။ အရညာယတနေ၊ တောအရပ်မှာ။ ပဏ္ဏကုဋိယာ၊ သစ်ရွက်မိုးသောကျောင်းဖြင့်။ သမ္ဗတိ၊ နေတယ်။

မီးပူဇော်လေ့ရှိသော ရသေ့ကြီးတယောက်သည် တောထဲမှာနေတယ်၊သူ့ရဲ့ရသေ့သင်္ခမ်းကျောင်းမှာ အမြဲထမ်းမီးဖိုပြီးတော့ မီးပူဇော်ထား

တယ်၊ ထင်းတွေပုံ ထောပတ်တွေလောင်း မီးရှို့ပြီး ဘာပူဇော်တာလဲဆို တော့ သူတို့ရဲ့အရှင်သခင် ဗြဟ္မာကြီးကို မီးပူဇော်တာတဲ့။

အဲဒီလို အမြဲတမ်း မီးပူဇော်လေ့ရှိတဲ့ ရသေ့ တယောက်ဟာ တနေ့တော့ တောထဲမှာ ဘာဖြစ်တုန်းဆိုယင်သူ့ရဲ့ ရသေ့သင်္ခမ်းကျောင်း အနီးမှာ လှည်းကုန်သည်တို့ရဲ့ လှည်းတပ်ကြီးတတပ်လာပြီးတော့ စခန်း ချကြတယ်။ တညတာ စခန်းချအိပ်စက်ပြီးတော့ မနက်လဲရောက်ရော လှည်းတပ်ကြီးဟာ ထွက်ခွာသွားကြတယ်၊ လှည်းတပ်ကြီး ထွက်သွား တော့ ရသေ့ကြီးက စဉ်းစားတယ်။

အေး–ညကလှည်းငါးရာ ငါ့ကျောင်းဘေးနားမှာ လာရောက် ပြီးတည်းခို နားနေသွားကြတယ်။ ယခု မနက်ခင်းရောက်တော့ ခရီးဆက် လက်ထွက်ခွာသွားကြပြီ။ လှည်းတွေ ထွက်ခွာသွားကြယင် သူတို့တပ်ချ သွားတဲ့နေရာမှာ စွန့်ပစ်ခဲ့တဲ့ တစုံတခုသော ပစ္စည်းတွေ ဘာတွေ ကျန်ရစ်တာဘဲတယ်၊ အဲဒီကျန်ရစ်တဲ့ ပစ္စည်းဟာ ပံ့သကူအဖြစ် ငါ့မှာ အသုံး ဝင်တယ်။ ကောက်ရအောင် သွားဦးမယ်ဆိုပြီး ရသေ့ကြီးလှည်းစခန်း ချတဲ့ နေရာကို သွားရောတဲ့။

## မိဘမဲ့မွေးစကလေးငယ်ကောက်ရ

သွားတဲ့အခါကျတော့ ရသေ့ကြီးအတွက် အသုံးဝင်တဲ့ စားစရာ သောက်စရာ ပစ္စည်းဘော့ ရပဲမရတာထား၊ ဘာသွားတွေ့လိုက်တုန်းဆို တော့ မွေးဖွားကာစ ကလေးငယ်လေးတယောက် ခြေကလေးကန်ကန်, လက် ကလေးကန်ကန်နဲ့ ပက်လက်ကလေး ကျန်ရစ်တာကို အဲဒီမှာ တွေ့ရ တယ်တဲ့။

ဖွားကာစ ကလေးငယ်လေးကို တွေ့ရတော့ ထိုရသေ့ကြီးက ဟောဒီကလေးဟာ လှည်းတပ်က ကျန်ရစ်တဲ့ ကလေးပဲ၊ လှည်းတပ်က ကျကျန်ရစ်တဲ့ ဒီကလေး ငယ်လေးကို ငါလို ရသေ့တယောက်က အသက် ထင်ရှားရှိနေလျက်သားနဲ့ ဤကလေးဟာ ခိုကိုးရာမဲ့ပြီး သားရဲတိရစ္ဆာန် ဘေးနဲ့တွေ့ပြီးတော့ သေရမယ်ဆိုရင် ဘယ်ဖြစ်ကောင်းပါ့မလဲ။

သတ္တဝါတွေကို သနားတတ်တဲ့ ရသေ့တယောက် ရှိပါလျက် သားနဲ့ သတ္တဝါငယ်ကလေး အသက်သည် အချည်းနှီး မသေစကောင်း ဘူး၊ ငါကယ်တင် စောင့်ရှောက်လေမှပဲဆိုပြီးတော့ လှည်းတပ်က စွန့် ပစ်ထားခဲ့တဲ့ ဖွားကာစ ကလေးကို ရသေ့ကြီးဟာ ကောက်ယူ ပွေ့ချီပြီး

သခ်မ်းကျောင်းထဲကို ယူသွားတယ်။ သနားလှန်းလို့ သူတပါးစွန့်ပစ်ထားခဲ့တဲ့ ကလေးလေးကို ရသေ့ကြီးဟာ ကြွီးစားပမ်းစား တောထဲက သစ်သီးသစ်ဥ ရှာဖွေကျွေးမွေးပြီးတော့ မွေးထားတယ်။

ရွာကို မရောက်ဖူးတဲ့ ကလေး၊ မြို့ကို မရောက်ဖူးတဲ့ကလေး၊ လူအုပ်များစွာကို မတွေ့ဖူးတဲ့ကလေး၊ မြို့မှာ ပညာမသင်ဖူးတဲ့ ကလေး၊ တောထဲမှာပဲ ရသေ့ကို အဖေအမေလုပ်ပြီးတော့ တောထဲက သစ်ပင်တွေ တောတောင်ရေမြေတွေ ကြည့်ပြီးတော့ နေရတဲ့ ကလေးဆိုတော့ ဗဟုသုတက အလွန်ခေါင်းပါးနေတယ်တဲ့။

ထိုကလေးဟာ ဆယ်နှစ်၊ ဆယ့်တနှစ်၊ ဆယ့်နှစ်နှစ် အရွယ်လောက် ရောက်လာခဲ့ပြီဆိုကြပါစို့။ အဲဒီအခါကျတော့ ရသေ့ကြီးက လက်လှဲကလေး ရလာတယ်။ ရလာတော့ ခုနက မီးပူဇော်တဲ့ ကိစ္စကို မကြာမကြာ ခိုင်းတယ်၊ ရေခပ်ခိုင်း တံမြက်လှည်းခိုင်း သေနာသနဝတ်ကလေးများ ပြုခိုင်းနဲ့ ခိုင်းဖို့စေဖို့ရလာတယ်တဲ့။

## မှာစရာရှိတာ မှာထားခဲ့တယ်

ကိုင်း–တနေ့တော့ ရသေ့ကြီးဟာ လူများနေထိုင်ရာ ရွာကိုမြို့ကို ချဉ်းကပ်ဖို့ကိစ္စတခု ပေါ်လာတယ်၊ မြို့ရွာကို သွားဖို့ ကိစ္စပေါ်လာတော့ သူ့သားလေးကို မှာတယ်။

ငါ့သား–ဟောဒီ ငါတို့ရဲ့ သခ်မ်းကျောင်းမှာ အမြဲမပြတ် မီးပူဇော်ထားတယ်ဆိုတာ မင်းအသိပဲ။ သူတို့မီးပူဇော်တာက မီးငြိမ်းစေရဘူး၊ နေ့မီး, ညမီးဆက်နေအောင် ပူဇော်တာ။ ငါမြို့ကိုကိစ္စနဲ့သွားမယ်၊ ငါသွားနေသမျှ ကာလပတ်လုံး ဟောဒီကျောင်းထဲက မီးမငြိမ်းစေနဲ့နော်၊ မပြတ်မပြတ် မီးထည့်ပေးလို့ ရသေ့ကြီးက လှည်းတပ်က စွန့်ပစ်ထားခဲ့တဲ့ ထိုကလေးကို မှာနေတယ်။

အယံ့ ဝါသိ ဣမာနိ ကဋ္ဌာနိ ဣဒံ အရဏိသဟိတံ။

အယံ၊ ဤသည်ကား။ ဝါသိ၊ ပဲခွပ်ဟည်း။ ဣမာနိ၊ ဤသည်တို့ကား။ ကဋ္ဌာနိ၊ ထင်းတို့တည်း။ ဣဒံ၊ ဤသည်ကား။ အရဏိသဟိတံ၊ ပွတ်ခုံပွတ်ကျည်။

အဲဒါတွေ ပေးအပ်ပြီးတော့ မှာတယ်၊ ငါ့သား–ဟောဒီမှာ ဒါမှာ ပဲခွပ်ကွ၊

ရှေးတုန်းကတော့ ပဲခွပ်၊ ဒီကနေ့ဆိုယင်တော့ ရဲဒင်း သို့မဟုတ် ပုဆိန်ပေါ့၊ ဟုတ်လား။ ပဲခွပ်ဆိုတာက အပြားလိုက် ပေါက်ပြားခုတ် သလို တည့်တည့်ခုတ်(ပေါက်)တာ၊ ပုဆိန်ဆိုတာကတော့ တစောင်း ခုတ်တာနေ့၊။ ပဲခွပ်က ကွေးကွေးကလေး အပြားလိုက် ရှေ့ကို ခုတ် ခုတ် ခုတ်ခုတ်ပြီးတော့ယူတယ်၊ ပုဆိန်တို့ ရဲဒင်းတို့ဆိုတာက တစောင်း ခုတ်တယ်၊ တစောင်းခုတ်တာနဲ့ တည့်တည့်ခုတ်တာ အဲဒါ ကွာတယ်၊ တည့်တည့်ခုတ်ယင် ပဲခွပ်၊ တစောင်းခုတ်ယင် ရဲဒင်း၊ ဟုတ်လား။

ပွတ်ခုံပွတ်ကျည် ဆိုတာက ဒီကနေ့ခေတ်လို ယမ်းမီးခြစ်၊ ကျောက်မီးခြစ်၊ ဂက်စ် (Gas) မီးခြစ်ဆိုတာတွေ မရှိသေးတော့ အောက်က ခုံတခု၊ ဝါးလုံး ကြသောင်းဝါးပေါ့၊ အပေါ်က ကြသောင်းဝါး အခြောက်တလုံး၊ ဝါးအခြောက်တလုံး အောက်ကခံ အပေါ်ဝါး၊ အခြောက်တလုံးနဲ့ အဲဒီဝါးလုံးရဲ့ အရင်းအဖျားမှာ ဝါး ဂွမ်း စည်းပြီးတော့ နာနာပွတ်ရတယ်။

ဝါးလုံးနှစ်လုံး နာနာ ပွတ်ပွတ်ယင်း ပွတ်ယင်းနဲ့ မီးထွက်လာပြီး တော့ ဝါးလုံးရဲ့ ထိပ်နားစည်းထားတဲ့ ဝါဂွမ်းကို အဲဒီမီးကူးသွားစေတာ။ အဲဒါ ပွတ်ခုံတဲ့ အောက်က ခံပွတ်ရတာ၊ ပွတ်ကျည်ဆိုတာက အပေါ်က တွန်းပွတ်ရတာ၊ ဟုတ်လား။

ဂျပန်ခေတ်တုန်းကတော့ ကျောက်ခဲနဲ့ သံတုံးကလေးနဲ့ ပွတ်ကြ ရတယ် မဟုတ်လား၊ မီးခြစ်မရှိဘူး ကျောက်ခဲနဲ့ သံတုံးကလေးပွတ်ကြ ရတာ၊ အဲဒါ ဝါဂွမ်းကလေးကပ်ပြီး ပွတ်တော့ ဖြန်းဆိုမီးပွင့်ပြီး ဝါ ဂွမ်းသွားစွဲတာ၊ အဲဒီ ဝါဂွမ်းကနေတဆင့် မီးပွားပြီးတော့ ယူကြရ တာနေ့၊။

## ဂျပန်ခေတ်က သုံးခဲ့ဖူးတဲ့ ထိုးလိုက်မီးစ

နောက်တခါ ထိုးလိုက်မီးစဆိုတာလဲ ရှိသေးတယ်၊ ဂျပန်ခေတ် က လုပ်ကြတာ။ ထိုးလိုက်မီးစဆိုတာကို ဒီကနေ့တော့ သိပြီး သိကြ မယ် မဟုတ်ဘူးဘူး၊ ဘုန်းကြီးတို့ကျောင်းက ဆရာတော် လုပ်တာကို ဘုန်းကြီးက ကျောင်းသားဘဝနဲ့ဆိုတော့ အဲဒါ ကြည့်ပြီး မြင်ဖူး မြင်ဖူး တယ်၊

ထိုးလိုက်မီးစဆိုတာ ကျွဲချိုတို့ ရင်းတိုက်နှစ်တို့ကို လုပ်ရတယ်။ ဥပမာ—ရင်းတိုက်နှစ်ကလေး တထွာလောက်၊ လုံးပတ်တလက်မလောက်၊ ချောနေအောင်ပွတ်ပြီး အလယ်တည့်တည့်က နေ အပေါက်လေး၊ တဆော်သာသာ သေးသေးလေး ခေတ်ကြိုး ခပ်ကြီးကြီး ဝင်လောက်တဲ့ အပေါက်လေး ဖောက်လိုက်၊ ဒီအပေါက်ဟာ ချောမွတ်နေရမယ်။

အဲဒီအပေါက်က ဘယ်လောက် နက်ရမှာလဲ ဆိုတော့ ခုနက တထွာလောက်ရှိတဲ့ ရင်းတိုက်နှစ်ကို သုံးပုံနှစ်ပုံ၊ သုံးပုံတပုံလောက်ရှိတဲ့ တွင်းကလေး ဖြစ်အောင် အလယ်က ဖောက်ထား။

ပြီးတော့မှ ဒီအပေါက်ကလေးနဲ့ သင့်တော်မယ့် ရင်းတိုက်နှစ် တုတ်တံလေးတခုလုပ်ရတယ်၊ အတိုအရှည်ကလဲ အနေတော်ကလေးရယ်၊ ဘယ်လောက် အနေတော်လဲ ဆိုလို့ရှိယင် နောက်က လက်ကိုင်ပါတယ်၊ ရှေ့က တုတ်တံကလေးကို ခုနက အပေါက်ထဲ အရှိန်နဲ့ ဆောင့်ပြီးတော့ ထိုးထည့်လိုက်လို့ရှိယင် ထိုတုတ်တံရဲ့ထိပ်နဲ့ ခုနက ရင်းတိုက်နှစ်တွင်းရဲ့ အောက်ခြေနဲ့ဟာ အနည်းငယ်မျှ လွတ်နေရမယ် လုံးပ ထိမနေစေရဘူး။

ပြီးတော့ အဲဒီ တုတ်တံလေးရဲ့ထိပ်မှာ ဘာလုပ်ထားသလဲဆိုတော့ တွင်းကလေး သေးသေးဟူးထားတယ်၊ နည်းနည်းချိုင့်ဟာလေး ရှိရမယ်၊ အဲဒီအထဲ ဝါဂွမ်းလေးထည့်ကာပ်၊ ကျပ်နေအောင်ဆိုပြီးတော့ လေထိုးတံလို သေးဘာ ဝါရှာလေးဘာလေး နည်းနည်းပါးပါးပတ်၊ ဆီလေးဘာလေးထည့်ပြီး ရင်းတိုက်နှစ်တွင်းလေးထဲကို ဒီက လက်ကိုင်ပွတ်တံလေးကို အရှိန်နဲ့ ပွတ်ထိုးထည့်လိုက်လို့ရှိယင် လေလေချောင်း ပိတ်ကန်ပြီးတော့ အဲဒီမှာ မီးဖြစ်သွားတာ။

ဆောက်ကနဲ ဆွဲထုတ်လိုက်လို့ရှိယင် တုတ်တံရဲ့ထိပ်ဖျားက ဝါဂွမ်းမှာ မီးကလေးလောင်ပြီးတော့ ပါလာတယ်။ အဲဒါကို ''ထိုးလိုက်မီးစ''လို့ ခေါ်တယ်၊ ထိုးလိုက်တဲ့အခါ မီးပါလာတယ်၊ အဲဒါ ဘုန်းကြီးတို့ ဂျပန်ခေတ်က သုံးခဲ့ရဖူးပါတယ်။

အဲဒါလဲ ပွတ်ခုံပွတ်ကျည်တမျိုးပဲ၊ လေလေချောင်းထိ မီးဖြစ်တယ် ဆိုတာ သေချာတယ် မဟုတ်လား။ ကောင်းကင်မှာ လျှပ်စီ တွေ့ ဝင်းကနဲ ဝင်းကနဲနဲ့ မိုးဦးကျတွေ့သွားပဲ၊ အဲဒါ လေလေချောင်း ပွတ်လို့ မီးဖြစ်တာ။

## မီးငြိမ်းသွားတာမသိခဲ့

ပွတ်ခုံပွတ်ကျည်ဆိုတာ သဘောပေါက်ကြပြီပေါ့၊ ဟုတ်လား။ အောက်က ဝါးလုံးတလုံးခံ အပေါ်ကဝါးလုံးတလုံးနဲ့ ကန့်လန့်ဖြတ်ပြီး နာနာပွတ်ယင် မီးပွင့်တယ်၊ ကျောက်တုံးနဲ့သံတုံး ဖြန်းကနဲ ဖြန်းကနဲ တိုက်ယင် မီးပွင့်တယ်။ ခုနက ထိုးလိုက်မီးစအခေါင်းလေးထဲကို ဒီဘက်က အတံလေးတခုနဲ့ ကျပ်နေအောင် တအားဆောင့်ထိုးထည့်လိုက်လို့ရှိယင် လဲပဲ မီးဖြစ်တယ်၊ ဟုတ်လား။

ဣဒံ အရဏိသဟိတံ-ဟောဒီမှာပွတ်ခုံနဲ့ပွတ်ကျည်၊

ဣမာနိကဋ္ဌာနိ-ဒီမှာထင်းတွေ၊

**အယံဝါသိ-ဟောဒီမှာ ပဲခွပ် ရဲဒင်း ပုဆိန် ရှိပါလေရဲ့၊**

ငါ့သား-မီးတော့ မငြိမ်းစေနဲ့။ မီးငြိမ်းသွားလို့ရှိယင်လဲ ပဲခွပ်နဲ့ ထင်းခွဲ၊ ခုနက ပွတ်ခုံပွတ်ကျည်နဲ့ မီးရအောင်ပွတ်၊ မီးပွတ်ပြီးတဲ့အခါ ကျတော့ ထင်းပုံကြီးထဲ ထောမတ်တော့ လောင်းလောင်းပြီးတော့ တို ပူဇော်နေကျ၊ ဗြဟ္မာကြီးကို မီးပူဇော်ပြီးတော့ နေရစ်ပါ။ မီးမငြိမ်းစေနဲ့ ဆိုပြီး ရသေ့ကြီးက လှည်းတပ်က စွန့်ပစ်ထားလို့ ကောက်ယူ မွေးထားတဲ့ ကလေးကို မှာတယ်၊ အဲဒီလို မှာထားပြီးတော့ မြို့ကိုထွက်သွားတယ်။

ရသေ့ကြီး မြို့ကိုသွားပြီလဲဆိုရော ဇလေးတို့ သဘာဝအတိုင်း တောထဲမှာ ကစားနေတာ၊ ကစားယင်း ကစားယင်းနဲ့ မီးမထည့်မိပဲ ဟို-ပူဇော်တားကဲ့ မီးပုံကြီးငြိမ်းသွားရော။ ကလေးက သင်္ခမ်းကျောင်းထဲ ပြန်နှဆို ဝင်ကြည့်လိုက်တော့ မီးငြိမ်းနေတာတွေ့ရတယ်။

ဟာ-ငါ့အဖေမှာစခဲ့တာ မီးငြိမ်းသွားပြီ၊ မီးဆက်ပြီးတော့ထည့် ရမယ်ဆိုပြီး ပဲခွပ်(ရဲဒင်း)ကို ကောက်ကိုင်ကာ မီးရှာတယ်။ သူ့အဖေ ရသေ့ကြီး မှာပစ်ခဲ့တာက ပွတ်ခုံနဲ့ပွတ်ကျည် ပွတ်ပြီးတော့ မီးရအောင် လုပ်ရမယ်လို့ မှာပစ်ခဲ့တာယ်မဟုတ်လား။ အဲဒါ သူကမပွတ်ပဲနဲ့ စိတ်ကူးက ဘယ်နှယ်ဖြစ်သွားသလဲဆိုတော့-

အောက်က ပွတ်စရာ အရာဝတ္ထုတခု အပေါ်က ပွတ်တဲ့ပစ္စည်းက တခု၊ ကျောက်နဲ့သံနဲ့ပွတ်ယင် မီးပွင့်ဆိုတာကို၊ ဝါးလုံးတလုံးနဲ့တလုံး ပွတ်ယင် မီးပွင့်တယ်ဆိုတာကို မစဉ်းစားပဲနဲ့ အေး-ဒီမီးဟာ ပွတ်ခုံထဲမှာ ရှိရ

မယ် သို့မဟုတ် ဒီပွတ်ကျည်ထဲမှာ ရှိရမယ်၊ ဒီကျောက်ခဲထဲမှာ မီးရှိရမယ်၊ ဒီသံခဲထဲမှာ မီးရှိရမယ်လို့ အဲဒီလိုတွေးပြီးတော့ ဘာလုပ်တယ် မှတ်သလဲ၊ ပွတ်ခုံနဲ့ပွတ်ကျည်ကို ရဲဒင်းနဲ့ တအားခွဲချလိုက်တယ်။ – တဲ့

## မီးကိုရှာတဲ့သူငယ်

ခွဲရမှာက ထင်းကိုခွဲရမှာ၊ ဒီလိုမဟုတ်ဘူး၊ ခေတ်လိုပြောရင် ဘာသွားခွဲလိုက်သလဲဆိုတော့ မီးခြစ်ကိုခွဲပြီးတော့ မီးရှာတယ်တဲ့၊ ဟုတ်လား။ ထင်းကိုခွဲပြီးတော့ပုံ၊ မီးခြစ်ကို သူ့ဟာနဲ့သူ သူ့သဘာဝအတိုင်း ခြစ်ရမယ့်ကိစ္စ၊ ဒီလိုမဟုတ်တော့ဘူး ပွတ်ခုံနဲ့ပွတ်ကျည်လို့ဆိုရတဲ့ မီးခြစ်ကို ရဲဒင်းနဲ့ တအားခွဲလိုက်တာ လေးစိတ်ကွဲသွားတယ်၊ မီးတွေ့ရဲ့လား၊ မတွေ့ဘူးတဲ့၊ ဟုတ်လား။

လေးစိတ်ကွဲလို့မတွေ့ရင် ရှစ်စိတ်ခွဲလိုက်ဦးမယ်ဆိုပြီး ဆက်လက်ပြီးတော့ခွဲပြန်တယ်၊ ရှစ်စိတ်ခွဲလို့မတွေ့တော့ ဆယ့်ခြောက်စိတ်ခွဲမယ်၊ မတွေ့ဘူး။ အစိတ်စိတ်အမြွာမြွာဖြစ်အောင် ရဲဒင်းနဲ့ပိုင်းဖြတ်ပြီးတော့ မီးရှာတယ်၊ တွေ့ရဲ့လား၊ မတွေ့ဘူး။ ဓားနဲ့ အတုံးအတစ် ပြုပြီးတော့ရှာ၊ မတွေ့ဘူး။ ရဲဒင်းနဲ့ အတုံးအတစ်ပြုပြီးတော့ရှာ၊ မတွေ့ဘူး၊ ထုချေပြီးတော့ ရှာဘာလဲ ပွတ်ခုံနဲ့ပွတ်ကျည်မှာ မီးမတွေ့ရဘူး။

နောက်ဆုံးကျတော့ ကိုင်း– အစိတ်စိတ်အမြွာမြွာလဲ ဖြစ်ကုန်ပြီ၊ အတုံးအတစ်လဲဖြစ်ကုန်ပြီ၊မီးလဲမရသေးဘူး၊ ဟောဒီပွတ်ခုံနဲ့ ပွတ်ကျည်ထဲ မီးဘယ်လိုများရှိတုန်းဆိုတာ နောက်ဆုံးစဉ်းစားလို့မရတော့ ဘာလုပ်သလဲဆိုယင်၊ အကုန်လုံး မီးပွတ်ခုံရော မီးပွတ်ကျည်ရော အစိတ်စိတ်အမြွာမြွာခွဲပြီး ဆုံထဲထည့်ပြီးတော့ ထောင်းပစ်လိုက်တယ်တဲ့၊ မီးများရမလား လို့၊ မီးခြစ်ဆုံထဲ ထည့်ထောင်းလို့ မီးထွက်ပါမလား၊ မထွက်ဘူးနော်။

ခုတ်မီးခြစ်ဆိုယင်လဲ ကျောက်ရှိတယ်၊ ဆီရှိတယ်၊ မီးဇာရှိတယ်၊ ခုတ်ဆီရှိတယ်၊ အနေတော်ထောင်ထားပြီး ဘီးနဲ့ကျောက်နဲ့ ပွတ်ပေးလိုက်တဲ့အခါ၊ ရှေ့က မီးဇာနဲ့ဆီကို အနေတော်လေးထားမယ်ဆိုယင်၊ မီးပွင့်မှာပဲမဟုတ်လား။ မီးခြစ်ကျောက်ကိုခွဲရှာ မီးမရှိဘူး၊ ဘီးကိုချေရှာလို့ မီးမရှိဘူး၊ မီးဇာထုတ်ရှာလို့မီးမရဘူး၊ ဟုတ်လား၊ အဲဒီခုတ်မီးခြစ်ကို ဆုံထဲထည့်ထောင်းပြီးတော့ အမှုန့်ကြိတ်ရှာလို့ မီးမရဘူး။

## မီးကိုဒီလိုရှာရတယ်

ဟောဒီမှာ ရှာလိုက်တာ၊ ပွတ်ခုံနဲ့ ပွတ်ကျည်ကို အစိတ်စိတ် အမြွာမြွာခွဲ ထုချေ ထောင်းဆုံထဲမှာ အမှုန့်ကိုဖြစ်နေပြီ မွှေနှောက်ပြီး တော့ရှာတယ်၊မီးကိုမတွေ့ရဘူး။ နောက်ဆုံးကျတော့ ကိုင်း–လေထဲလွှင့်ကြည့်မယ်၊ မီးများထွက်မလားဆိုပြီး ပွတ်ခုံနဲ့ ပွတ်ကျည်ကို အမှုန့်ကြိတ်ပြီး လေထဲ လွှင့်လိုက်တာ မီးမရတဲ့ အပြင် ပွတ်ခုံလဲ ဆုံး ပွတ်ကျည်လဲဆုံးရော၊ မီးပုံကြီးလဲ ငြိမ်းရောတဲ့။ ကျေးတောသားလေး ဟာ မှိုင်ပြီးတော့ ထိုင်ပြီးငိုင်နေတယ်။

ရသေ့ကြီးပြန်ရောက်လဲလာရော ဟဲ့–ငါ့သား၊ဘယ့်နှယ်တုန်းကွ မီးတွေ ငြိမ်းနေပါပကောလား၊ မင်းဘယ်လိုလုပ်တုန်း၊မီးဆက်ပြီးတော့ မထည့်ဘူးလား။ ဆရာရသေ့မှာသွားလို့ ပွတ်ခုံနဲ့ပွတ်ကျည်မှာ မီးရှိတယ် ဆိုလို့ မီးရှာလိုက်တာ မီးမတွေ့ဘူး၊ မီးမရဘူး။

ဟာ၊ မင်းဘယ်လိုလုပ်ရှာတုန်း။ကျွန်တော်ရှာတာကတော့ ပွတ်ခုံနဲ့ ပွတ်ကျည်ကိုပဲခွပ်(ရဲဒင်း)နဲ့ စိတ်ခွဲပြီးတော့ရှာတာပဲ။ ရရဲ့လား၊ မရဘူး။ အဲဒီတော့ ဘယ်လို ဆက်လုပ်တုန်း၊ အတုံးအဘာစ်လုပ်ပြီးတော့ ရှာတယ် မတွေ့ဘူး။ နောက် ဘယ်လို လုပ်သေးတုန်း၊ ထောင်းထုပြီးတော့ ရှာ တယ် မတွေ့ဘူး။ နောက် ဘယ်လိုလုပ်ပြီး ရှာသေးတုန်း၊ အမှုန့်ကြိတ် ပြီးတော့ လေထဲလွှင့်ပြီး မီးထွက်မလားလို့ ရှာသေးတယ် မတွေ့ဘူးတဲ့။ ဒီတော့ ရသေ့ကြီးက–

ယထာ ဗာလော အယံ ဒါရကော အဗျတ္တော၊
ကထံ ဟိ နာမ အယောနိသော အဂ္ဂိံ
ဂဝေသိဿတိ၊ တိ။

အယံဒါရကော၊ ဤသူငယ်သည်။ ယထာ-အတိဝိယ၊အလွန်လျှင်။ ဗာလော၊ မိုက်လှချေစွတကား။ အဗျတ္တော၊ မလိမ္မာချေ၏ တကား။ ကထံ၊ အဘယ့်ကြောင့်။ အယောနိသော၊ အကြောင်း မဟုတ်ပဲနှင့်။ အဂ္ဂိံ၊ မီးကို။ ဂဝေသိဿတိနာမ၊ ရှာမှီးနေဘိ၏။

မိုက်လိုက်တဲ့သူငယ် မီးကို ဒီလိုရှာလို့ဘယ်ရပါ့မလဲ၊ ပီးခြစ်(ပွတ်ခုံ ပွတ်ကျည်)ကို ထောင်းထုချေပြီးတော့ မီးရှာလို့ ဘယ့်နှယ်လုပ် ရမှာ တုန်း။ ဟဲ့–မီးကို ဒီလိုရှာရတယ်ကွဆိုပြီး ထင်းတွေကို ပဲခွပ်(ရဲဒင်း)နဲ့

အစိတ်စိတ် အမြွာမြွာခွဲပုံပြီးတော့ ပွတ်ခုံနဲ့ ပွတ်ကျည်ကို တခါတည်း ကောက်ပြီးတော့ ပွတ်လိုက် တိုက်လိုက်တာ၊ ရှဲရှဲ ရှဲရှဲနဲ့ လေးငါးချက် လောက်သာ ပွတ်လိုက်ရတယ် ဖြန်းဖြန်း ဖြန်းဖြန်းနဲ့ ကပ်ထားတဲ့ ဝါ ဂွမ်းမှာ မီးစွဲတယ်တဲ့၊ ဟုတ်လား။

ဝါဂွမ်း မီးစွဲပြီလဲ ဆိုရော ထောပတ်တွေကို ထင်းတွေအပေါ် လောင်းပြီး လေကလေး အနည်းငယ်ပေးလိုက်တော့ မီးတော့ ဟုန်းဟုန်း ဟုန်းဟုန်းနဲ့ တောက်လာပြီတော့ ဖြတ်ခွာကြီးပူဇော်တဲ့ မီးပုံကြီးက ချက် ချင်းပြန်ရောက်လာတယ်တဲ့၊ ဟုတ်လား။

## ကလေးငယ် မီးရှာသလို ဖြစ်နေပြီ ဒကာတော်

ရာဇညာ၊ ပါယာသိမင်း။

တွံ၊ သင်လဲပဲ။ ဝေမဝ၊ ဤအဘူပဲ။ ဒါရကောဝိယ၊ ပွတ်ခုံနဲ့ ပွတ်ကျည်ကို ထုထောင်း ခြေမွပြီးတော့ မီးရှာတဲ့ ကျေးတောသား သူငယ်လိုပဲ။ ဗာလော၊ မိုက်လှချေ၏ဒကာ၊ အဗျတ္တော၊ မလိမ္မာချေ ၏တကား။ အယောနိသော၊ အကြောင်းမဟုတ်ပဲနဲ့။ ပရလောကံ၊ တမလွန်လောကကို၊ ဂဝေသိဿသိနာမ၊ ရှာပိုး၍ နေဘိတကား။

ဒကာတော်မင်းကြီးလဲ နောက်ဘဝ ရှာတယ်ဆိုတာကိုအကြောင်း မဟုတ်ပဲနဲ့ မသင့်လျော်သော အကြောင်းနဲ့ ရှာပြီးတော့ နေလိုက်တာ။

(၁) အသက်ကို ရှာတယ်၊

(၂) အသက်ထွက်တာကို စဉ်စားတယ်၊

(၃) ထွက်သွားတဲ့ အသက် နောက်ဘဝ သွားတယ် ဆိုတာကို စဉ်းစားတယ်။

စဉ်းစားလို့ မရတော့ အသက် ဘယ်ရှိလို့တုန်း ဆိုပြီးတော့ လူတကိုယ်လုံး အစိတ်စိတ်အမြွာမြွာ ခွဲခြမ်းစိတ်ဖြာ လှီးဖြတ်ပြီးတော့ရှာ တယ်။

ဒကာတော်မင်းကြီး–အသက်ထွက်တာကို ရှာတာ၊ ထွက်သွားတဲ့ အသက်သွားတဲ့ နေရာကို ရှာတာဟာ ခုနက လုလင်ငယ်က စွန့်ပစ်ထား ခဲ့တဲ့ကလေး ပွတ်ခုံနဲ့ ပွတ်ကျည်ကို ထောင်းထုခြေမွပြီးတော့ မီးရှာသလို ဖြစ်နေပြီ၊ ဒကာတော်မင်းကြီးဟာ လူမိုက်ပဲတဲ့၊ ဟုတ်လား။

ပဋ္ဌိနိယာဇ္ဇေတံ ရာဇည ပါပကံ ဒိဋ္ဌိဂတံ၊

ရာဇည၊ ပါယာသိမင်း။

တံ၊ သင်မင်းကြီးသည်။ ပါပကံ၊ ယုတ်မာလှစွာသော။ ဒိဋ္ဌိဂတံ၊ မှားယွင်းလှစွာသော။ တေ၊ ထိုမိစ္ဆာဒိဋ္ဌိ အယူကြီးကို။ ပဋိနိဿဇ္ဇ၊ စွန့်လွှတ်ပါတော့။

ဒကာတော်မင်းကြီးရဲ့ သန္တာန်မှာ ဖြစ်နေတဲ့ ယုတ်မာတဲ့ ဟောဒီ နောက်ဘဝမရှိ၊ အသက်မရှိ၊ အသက်ထွက်တယ် ဆိုတာ မရှိဆိုတဲ့ ဩဝါဒကြီးကို သင်မင်းကြီး စွန့်လွှတ်ပါလေ တော့လော့၊ ဤဘဝက သတ္တဝါတွေ နောက်ဘဝ သွားတယ်ဆိုတာ မရှိဆိုသော အယူဝါဒ ကြီးကို စွန့်လွှတ်ပါလေတော့လော့။

ဣတိ၊ ဤသို့။ အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပ မထေရ်သည်။ ရာဇညံ၊ ဘိသိက်သန်းခြင်း အလျင်းမရှိတဲ့ ပါယာသိမင်း ကြီးကို။ တေဝစနံ၊ ဤစကားကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာ အားဖြင့် မိန့်ကြားတော်မူလိုက်ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

### ပါယာသိမင်းကြီးရဲ့ (Logic) နည်းကျကျယူဆချက်

ဘုန်းကြီးတို့ ပရိသတ်များ–ပါယာသိမင်းကြီးကို အရှင်ကုမာရ ကဿပဆိုလိုက်တဲ့ လိုရင်းစကားရပ်ကို မှတ်ထားကြပါ။ ပါယာသိမင်း ကြီးက–

(၁) အသက်ကိုရှာတယ်၊

(၂) အသက်ထွက်တာကို ရှာတယ်၊

(၃) ထွက်သွားတဲ့အသက် ဘယ်ဘဝကို ဘယ်လိုသွား တယ်ဆိုတာကို ရှာတယ်၊

အဲဒီလိုရှာတော့ မူရင်းကနေစပြီးတော့ရှာတယ်၊ လူ့ခန္ဓာကိုယ် မှာ အသက်ဟာ ဘယ်နေရာမှာ နေသလဲဆိုတာ ရှာလိုက်တာ အရေထူ အရေပါး၊အသား၊အမွေး၊အကြော၊အရိုး၊ ခြင်ဆီအကုန်လုံးကို ဖောက်ခွဲ

လှိုးဖြတ်ပြီးတော့ ရှာတော့တယ်၊ မတွေ့ဘူး၊ အဲဒီလို ရှာမတွေ့တဲ့အတွက်ကြောင့်—

(က) အသက်ဆိုတာ မရှိဘူး၊
(ခ) အသက်ထွက်တယ်ဆိုတာလဲ မရှိဘူး၊
(ဂ) အသက်ထွက်သွားတယ်ဆိုတာ မရှိယင် ထွက်သွားတဲ့ အသက်နောက်ဘဝတခုကိုသွားတယ်ဆိုတာလဲ မရှိဘူး၊

အဲဒါကြောင့် ''နောက်ဘဝမရှိဘူး'' လို့ ပါယာသိ မင်းကြီးက လောဂျစ် (Logic) နည်းကျကျ ပြောလိုက်တာ၊ ဟုတ်လား။ အရှင်ကုမာရကဿပမထေရ်က ကျေးတောသား မီးခြစ် (ပွတ်ခုံပွတ်ကျည်) ကို ထုချေပြီးတော့ မီးရှာတဲ့ ဥပမာနဲ့ သူ့ကို ဆုံးမတယ်၊ ဟုတ်လား။ အဲဒါကို ''အဂ္ဂိကဇဋိလဥပမာ'' လို့ ဘုန်းကြီးတို့ ပါဠိတော်မှာ အမည်အားဖြင့် ဒီလိုပေးပါတယ်၊ ပြီးတော့ ခရုသင်းမှုတ်တဲ့ ဥပမာကိုတော့ ''သင်္ခဓမ္မဥပမာ'' လို့ ဒီလိုပေးပါတယ်။ အဲဒီမှာ—

(က) ခရုသင်းမှုတ်သူ၊
(ခ) ခရုသင်းမှုတ်သူရဲ့ လုံ့လပယောဂ၊
(ဂ) ခရုသင်းထဲ ဝင်သွားတဲ့ဝါယော(လေ)ဓာတ်၊

ဒီသုံးမျိုးရှိမှ ခရုသင်းဟာ အသံထွက်တယ်။ ထိုနည်းတူစွာပဲ—

(က) အာယု
(ခ) ဥသ္မာ
(ဂ) ဝိညာဉ်

ဒီသုံးမျိုးရှိမှ မြင်တယ်, ကြားတယ်, စားတယ်, နံတယ်, ထိတယ်, သိတယ်ဆိုတာတွေ ဖြစ်ပေါ်လာတာ၊ ဟုတ်လား။ သေနေတဲ့ ပုဂ္ဂိုလ်မှာ အာယု, ဥသ္မာ, ဝိညာဉ်မှ မရှိပဲမြင်တယ်, ကြားတယ်, စားတယ်, နံတယ်, ထိတယ်, သိတယ်ဆိုတာ ဘယ်ဖြစ်တော့မှာတုန်း ဆိုပြီးတော့ ''သင်္ခဓမ္မဥပမာ—ခရုသင်းမှုတ်တဲ့ဥပမာ'' နဲ့ ဆုံးမတယ်၊ ဟုတ်လား။

ကိုင်း—မနက်ဖြန်ညကျမှ ဆက်ကြရအောင်၊ ဒီကနေ့ည ၁၀ နာရီ ထိုးပြီမို့ တော်ကြစို့။

# ပါယာသိသုတ္တန်

## သတ္တမပိုင်း

၁၃၄၃–ခုနှစ် နယုန်လပြည့်ကျော် ၆-ရက်နေ့ည၊
ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ်
သိမ်တော်ကြီး ဓမ္မာရုံ
ဓမ္မသဘင်၌ ဟောကြားသည်။

## ကာလာမတို့ကိုပြောခဲ့တဲ့ ဗုဒ္ဓရဲ့စကားတခွန်း

လူဘယောက်အသက်ရှင်တယ်ဆိုတာဟာ ဘယ်လိုအခြေအနေမှာ ပြောတုန်းဆိုယင် အာယု၊ ဥသ္မာ၊ ဝိညာဉ် သုံးခုရှိခိုက်ပြောတာ၊ သေတယ်ဆိုတာကတော့ အာယု၊ ဥသ္မာ၊ ဝိညာဉ် သုံးခုရပ်သွားတာကို ပြောတာ။ ဒီသဘောကိုနားမလည်ရှာသော အန္ဓဗာလဖြစ်တဲ့ ပါယာသိမင်းတရားအသက်ကိုရှာတယ်တဲ့၊ ရှာလို့မတွေ့ဘူး၊ ဟုတ်လား။

အသက်ကိုရှာလို့မတွေ့တော့ အသက်ထွက်တာမရှိဘူး၊ ထွက်သွားတဲ့အသက်မရှိယင် ထိုထွက်သွားတဲ့အသက်၏ သွားရာရောက်ရာ ဆိုတဲ့ဘဝသစ်တခုသည် မရှိဘူးလို့ ပါယာသိမင်းကြီးက လော်ဂျစ်(Logic) နည်းကျကျ ဒီလိုစဉ်းစားတယ်။

ဟို–ကေသမုတ္တိသုတ်တော်မှာ မြတ်စွာဘုရားက ကာလာမမင်းတို့ကို ဟောဖူးတယ်မဟုတ်လား။

မာ တက္ကဟေတုဆေန ဂဏှိတ္ထ၊

ကာလာမာ၊ ကာလာမမင်းတို့။

တက္ကဟေတုကေန၊ မိမိတို့သဘောအားဖြင့် ကြံစည်စဉ်းစားတွေးတောရုံမျှဖြင့်သာလျှင်။ မာဂဏှိတ္ထ၊ ဟုတ်ပြီ မှန်ပြီလို့ အတည်တကျ မယူကြကုန်လင့်။

တက္ကဗေဒနည်းကျတယ်ဆိုပြီးတော့ ဟုတ်ပြီလို့ယူမထားနဲ့။ အသက်မရှိယင် အသက်ထွက်တယ်ဆိုတာ မရှိဘူး၊ ထွက်သွားသောအသက် မရှိယင် ထိုအသက်၏ သွားရာရောက်ရာဘဝသည် မရှိဘူး၊ အဲဒါ တက္ကဗေဒနည်း၊ ဟုတ်လား။

မြတ်စွာဘုရားက ကာလာမသုတ်မှာ ကာလာမမင်းတို့ကိုဟောဖူးတယ် မဟုတ်လား၊ ကာလာမတို့က ခေတ်မီတဲ့ပုဂ္ဂိုလ်ပေါ့ဆိုတော့ ဘုရားက ခေတ်မီတဲ့အတွေးအခေါ်နဲ့ လွတ်လွတ်လပ်လပ် မင်းတို့ယူဆဖို့ဆိုပြီးတော့ အယူအဆ(၁၀)မျိုး ဟောခဲ့တယ်။ အဲဒီအထဲမှာ တခုက–

မ၁ တက္ကဟေတုကေန ဂဏှိတ္ထ-တဲ့

မင်းတို့ တက္ကဗေဒနည်း ညီညွတ်တယ်ဆိုပြီး သိပ်ဟုတ်တယ်လို့ ယူမထားနဲ့ဦး၊ တက္ကဗေဒနည်းတွေ အကုန်မမှန်ဘူးလို့ မြတ်စွာဘုရားက ဒီလို မိန့်တော်မူခဲ့ဖူးပါတယ်။

"မ၁တက္ကဟေတုကေန ဂဏှိတ္ထ"ဆိုတဲ့ အပိုဒ်ကို လန်ဒန်ပါဠိအသင်းကြီးက အင်္ဂလိပ်ရိုပါဠိဘော်ကြီးကို အင်္ဂလိပ်ဘာသာ ပြန်ထားလိုက်တာက—

Be ye not messless by near logic.—လို့

ဒီလိုဘာသာပြန်ထားတယ်၊ ဟုတ်လား။ "တက္က"ဆိုတဲ့ အပိုဒ်ကို Logic လော့ဂျစ်လို့ ဘာသာပြန်ထားတယ်။ ဒါ လန်ဒန်ပါဠိအသင်းကြီးက ဘာသာပြန်တာကို ပြောတာပါ၊ ဘုန်းကြီးတို့ ပြန်တာ မဟုတ်ပါဘူး။

ဒါကြောင့်-တက္ကဗေဒနည်းကျတယ်ဆိုလဲ အကုန်လုံးတော့ မဟုတ်သေးဘူးတဲ့၊ ဟုတ်ချင်သလောက်တော့ ဟုတ်မယ်ပေါ့။

## အသက်ထွက်တာမတွေ့ရလို့ နောက်ဘဝမရှိဘူးလို့ ဆိုနိုင်သလား

ပါယာသိမင်း အသက်ရှာတာဟာ အဲဒီလို တက္ကဗေဒနည်းနဲ့ အကြောင်းတခုမှ အကျိုးတခုသို့၊ အကျိုးတခုမှ အကြောင်းတခုသို့၊ အကျိုးအကြောင်း ထောက်၍ထောက်၍ သုရှာသွားတာ အသက်ရှာလို့ မတွေ့ဘူးတဲ့၊ အရေဆုတ်ပြီးတော့ရှာ အကြောဖြတ်ပြီးတော့ရှာ၊ အသားလှီးပြီးတော့ရှာ၊ တကိုယ်လုံး ကောဋ္ဌာသတွေကို အစိတ်စိတ်အမြွှာမြွှာ ခွဲ၍ခွဲ၍ရှာလိုက်တာဟာ အသက်ကို ရှာလို့မတွေ့ဘူးတဲ့။

(က) အသက်မရှိဘူး၊ ရှာမတွေ့လို့ မရှိဘူး။

(ခ) အသက်မရှိယင် အသက်ထွက်တယ်ဆိုတာ မရှိဘူး။

(ဂ) အသက်ထွက်တာ မရှိယင်—တနည်း ထွက်သွားတဲ့အသက် မရှိယင် ထိုအသက်၏ သွားရာဘဝတခုသည် မရှိဘူး။

ဒါဟာ ပါယာသိမင်းကြီးရဲ့နည်း(ယူဆချက်)ပေါ့။

အရှင်ကုမာရကဿပမထေရ်က ထိုပါယာသိမင်းအား မီးခြစ် (ပွတ်ခုံပွတ်ကျည်)ထဲမှာ မီးရှာတဲ့ဥပမာနဲ့ရှင်းပြတယ်။ ကျောက်(ပွတ်ခုံ) ထဲမှာ မီးမရှိဘူး၊ ဘီး(ပွတ်ကျည်)ထဲမှာ မီးမရှိဘူး၊ မီးဇာ(ဝါဂွမ်း) ထဲမှာ မီးမရှိဘူး၊ အဲဒီသုံးခု ပေါင်းစုလိုက်တော့မှ မီးဖြစ်တာ။

တခုစီတခုစီဖြုတ်ပြီးတော့ ထုချေရှာ ဘယ်တော့မှ မီးမတွေ့နိုင်ဘူး ဒကာတော်မင်းကြီး၊ ဒကာတော်မင်းကြီးဟာ ကျေးတောသား လူမိုက် အမေအဖေ စွန့်ပစ်ခဲ့တဲ့ လှည်းတပ်က စွန့်ပစ်ထားခဲ့တဲ့ ကလေးဟာ မီး ခြစ်(ပွတ်ခုံပွတ်ကျည်)ကို ထုချေပြီးတော့ မီးရှာသလိုဖြစ်ပြီလို့ မင်းကြီးကို ရက်ရက်ရဲရဲဆုံးမတယ်၊ ဟုတ်လား။

မီးခြစ်ကျောက်တခုစီ၊ ဘီးလေးတခုစီ၊ မီးဇာလေးတခုစီ၊ တခုစီ တခုစီ ဖြုတ်ပြီး ထောင်းထုပြီးတော့ချေရှာ မီးမတွေ့ဘူးပေါ့၊ အဲဒီ အတိုင်းပဲ ခန္ဓာကိုယ်ကို အစိတ်စိတ်ခွဲပြီးရှာလို့ အသက်ကိုမတွေ့ဘူးပေါ့၊ မီးခြစ်ကို ထုချေရှာလို့ မီးမတွေ့တာနဲ့ ဒီမီးခြစ် မီးမထွက်ဘူးလို့ ဆိုရတော့ မှာလား၊ မဆိုနိုင်ပါဘူး။

(က) ခန္ဓာကိုယ်ကို အစိတ်စိတ် ခွဲဖြတ်လို့ရှာလို့ အသက်မတွေ့ တာနဲ့ အသက်မရှိဘူးလို့ ဆိုရတော့မှာလား၊ မဆိုနိုင်ဘူး။

(ခ) အသက်မတွေ့လို့ အသက်ထွက်တာမရှိဘူးလို့ ဆိုရတော့ မှာသား၊ မဆိုနိုင်ဘူး။

(ဂ) အသက်ထွက်တာမရှိလို့ နောက်ဘဝမရှိဘူးလို့ ဆိုရတော့ မှာလား၊ မဆိုနိုင်ဘူး။

## တော်တော်ဇွဲကောင်းတဲ့လူ

ဒီတော့ ပါယာသိမင်းကြီးက ပြန်လျှောက်တယ်–

ကိဉ္စာပိ ဘဝံ ကဿပေါ၊ ဝေမာဟ၊

ဘဝံကဿပေါ၊ အရှင်ကုမာရကဿပ မထေရ်သည်။ ကိဉ္စာပိ ဝေမာဟ၊ အကယ်၍ ဤကဲ့သို့ ဆိုတော့ ဆိုပါ၏။

အရှင်ဘုရားကုမာရကဿပ–အရှင်ဘုရားပြောတာ သဘာဝတော့ ကျတယ်၊ ဟုတ်တော့ဟုတ်သားပါပဲတဲ့။ လောကမှာတော့ တောက်ခဲတယ် မကန့်ကွက်ဘူးနော်။

အထ ခေါ နေဝ ါဟံ သက္ကောမိ ဣဒံ ပါပကံ ဒိဋ္ဌိဂတံ ပဋိနိဿဇ္ဇိတုံ။

အထခေါ၊ ထိုအရှင်ဘုရား ယုတ္တိပြပြီးတော့ ဆိုပင်ဆိုပါသော်လဲ။ အဟံ၊ တပည့်တော်သည်။ ဣဒံပါပကံ၊ ဤကဲ့သို့ အရှင်ဘုရား အပြောအရ ယုတ်မာတယ်လို့ ဆိုရပေသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူကြီးကို။ ပဋိနိဿဇ္ဇိတုံ၊ စွန့်လွှတ်ဖို့ရန်။ နေဝသက္ကောမိ၊ မတတ်နိုင်သေးပါဘုရား။

တော်တော် ဇွဲကောင်းတဲ့ ပါယာသိမင်းကြီးပဲ–နော်။ အရှင်ဘုရား ယုတ္တိနဲ့ ပြောတာတော့ ဟုတ်သားပဲ၊ ဒါပေမယ့် ဒီအယူကို တပည့်တော် စွန့်ဖို့တော့ မတတ်နိုင်သေးဘူး။ ကိုယ်တော်ပြောနိုင်ယင် ပြောစမ်းပါဦးတဲ့။ ဟုတ်လား။

ဘုန်းကြီးတို့ ကျေးဇူးရှင်–အနီးစခန်း ဆရာတော် အိန္ဒိယပြည် ရောက်တုန်းက အိန္ဒိယမှာ ရက်သော်တော် ကြာအောင် နေခဲ့တယ်၊ အဲဒီလိုပဲ မိစ္ဆာအယူဝါဒတခုကို အပြင်းအထန်စွဲနေတဲ့ ပုဂ္ဂိုလ်တယောက်နဲ့ ညလုံးပေါက် စကားပြောကြတာ၊ ဆွေးနွေးတာပေါ့လေ။ ဒီအယူအဆ ကျွတ်မလားဆိုပြီးတော့ ပြောတာ မနက်မိုးလင်းတော့ အခုပါယာသိမင်း ပြောသလို အရှင်ဘုရားပြောတာတွေဟာ သဘာဝတော့ သော်တော်ကျသားပဲ၊ ဒါပေမယ့် တပည့်တော် စွန့်လွှတ်ဖို့ တော်တော် စဉ်းစားရဦးမယ်လို့ပြောသတဲ့။

ဒီတော့ ဆရာသော်က အမိန့်ရှိလိုက်တယ်၊ မင်းလဲကွယ် ဇီနိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို မွှေနှောက်ပြီးတော့ ဖတ်ထားတဲ့ ပုဂ္ဂိုလ်တယောက်ပဲ၊ ထပ်ပြီးတော့ ဖတ်ဦးဆိုပြီး၊ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် အပြည့်အစုံ အဲဒီလူကို လှူလိုက်တယ်၊ ဆရာတော် လှူလိုက်တဲ့ ပိဋကတ်သုံးပုံနိကာယ်ငါးရပ်ကို အခေါက်ခေါက် အစအဆုံး အကုန်းလုံးဖတ်တာ၊ နောက်ကျတော့ တဖြည်းဖြည်းနဲ့ သူ့အယူကို စွန့်သွားတယ်လို့ ဆရာတော်က အမိန့်ရှိဖူးပါတယ်။

ဒီတော့–ပါယာသိမင်းကြီးလဲ သူ့အယူဝါဒကို စွန့်တော့စွန့်လိမ့်မယ် ထင်တယ်၊ အရှင်ကုမာရကဿပဟာ နည်းမျိုးစုံ(ဥပမာ)နဲ့ ရှင်းလင်းမိန့်ကြားရတယ်။ အရှင်ဘုရား အကြောင်းယုတ္တိပြပြီး ဆုံးမတာ ထောင်းတော့ကောင်းသားပါပဲ၊ သို့သော် နောက်ဘဝမရှိဆိုတဲ့ အယူ

အဆကို တပည့်တော်စွန့်ဖို့ မစွမ်းနိုင်သေးပါ၊ ခက်ခဲနေပါသေးတယ် ဘုရားတဲ့။ စကားစရပ် တက်လာပြန်တယ်။

## သူတို့က ဒီလိုသိထားကြတယ်

ဘာကြောင့် ခက်တယ် ဆိုတာကို သူ့အကြောင်းပြဦးမှလို့၊ သူ့အကြောင်းပြတာ လုံးလောက်သည် မလုံလောက်သည်ကို ဘုန်းကြီးတို့ ပရိသတ် ဉာဏ်နဲ့စဉ်းစားဝေဖန်ကြည့်လိုက်ကြပေါ့။

ရာဇာပိ မံ ပသေနဒိကောသလော၊
ဇာနာတိ တိရောရာဇာနောပိ—

ဘော ကဿပ၊ အို—အရှင်ကုမာရကဿပ။

ပသေနဒိကောသလောရာဇာပိ၊ ပသေနဒီကောသလမင်းကြီးက လဲပဲ။ မံ၊ တပည့်တော်ကို၊ ဝေါ၊ ဤသို့၊ ဇာနာတိ၊ သိထားတယ်။ တိရောရာဇာနောပိ၊ တိုင်းတပါးက မင်းအပေါင်း တို့ကလဲပဲ။ မံ၊ တပည့်တော်ကို၊ ဝေါ၊ ဤသို့၊ ဇာနန္တိ၊ သိထားကြတယ်။

အရှင်ဘုရား—တပည့်တော်ရဲ့ နောက်ဘဝမရှိဆိုတဲ့ ဒိဋ္ဌိအယူကြီးကို စွန့်ဖို့ရန်ခက်တာကတော့ ဟောဒီမှာ အကြောင်းတခု တပည့်တော်ပြောပါမယ်။ ပသေနဒီ ကောသလမင်းကြီးကလဲ တပည့်တော်ကို သိတယ် ဘုရား၊ တခြားတခြား တိုင်းတပါးက မင်းတွေကလဲ တပည့်တော်ကို သိနေကြပါတယ်၊ ဘယ်လိုသိထားကြသလဲဆိုတော့—

ပါယာသိ ရာဇညော ဧဝံဝါဒီ ဧဝံဒိဋ္ဌိ—

ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ ဧဝံဝါဒီ၊ ဤကဲ့သို့သော နောက်ဘဝမရှိဘူးဆိုတဲ့ မိစ္ဆာဝါဒရှိနေတယ်။ ဧဝံဒိဋ္ဌိ၊ ဤကဲ့သို့သော အယူမှားကြီးရှိနေတယ်။

ပါယာသိမင်းဟာဒီဝါဒရှိတယ် ဒီအယူမှားကြီးရှိတယ်လို့ ပသေနဒီကောသလမင်းကြီးလဲ သိထားပါတယ်၊ အခြားတိုင်းတပါးက မင်းတို့ကလဲ သိထားကြပါတယ်ဘုရား။

ဣတိပိ နတ္ထိ ပရောလောကော—နောက်ဘဝဆိုတာ မရှိဘူး၊ နတ္ထိသတ္တာ ဩပပါတိကာ—ရဲ့ဘွေ နတ်တွေ ပြိတ္တာတွေဆိုတာ မရှိဘူး၊ နတ္ထိသုကတ

ဒုက္ကဋ္ဌာနံ ကမ္မာနံ ဖလံဝိပါကော – ကုသိုလ် အကုသိုလ်နဲ့တကွ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးမရှိဘူးလို့ ပါယာသိမင်းမှာ အဲဒီလို မိစ္ဆာ အယူ အဆရှိထားတယ်ဆိုတာ–

မိစ္ဆာဒိဋ္ဌိဆိုတဲ့ စကားလုံးကို နည်းနည်းလေး ဒီနေရာမှာ နဲ့တ် လိုက်မှ ပါယာသိမင်း၊ သက်သာရာ ရမယ်။ နောက်ဘဝမရှိ, ငရဲနဲ့ နတ်ပြဲဟ္မာမရှိ, ကုသိုလ် အကုသိုလ်မရှိဆိုသော အယူဝါဒကို ပါယာသိ မင်းကြီး လက်ကိုင်ထားတယ်၊ ပါယာသိမင်း လက်ကိုင်ထားတဲ့ ဝါဒ သုံးခုနော်။

(၁) နောက်ဘဝမရှိဘူး

(၂) ငရဲနဲ့ နတ်ပြဟ္မာမရှိဘူး

(၃) ကုသိုလ် အကုသိုလ်ဆိုတာ မရှိဘူး

ပါယာသိမင်းဟာ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ ဒီလိုဝါဒရှိတယ်၊ ဧဝံဒိဋ္ဌိ– ဤသို့ သော အယူရှိတယ်။ မိစ္ဆာဆိုတဲ့ စာလုံးလေးအသာချန်ထားလိုက်၊ ဟုတ် လား၊ ဤသို့သောဝါဒရှိတယ်, ဤသို့သော အယူရှိတယ်လို့ ပသေနဒီ ကောသလလောရာဇာပိ–ပသေနဒီကောသလမင်းကြီးကလဲ တပည့်တော်ကို သိတယ်ဘုရား၊ တိရောရာဇာနောပိ –ခြားတိုင်းပြည်တွေက ရှင်ဘုရင် တွေကလဲ တပည့်တော်ကို သိထားကြပါတယ်ဘုရား။

## ဒီအယူဝါဒကို စွန့်လိုက်မယ်ဆိုယင်

ပါယာသိမင်းကြီးမှာ ဒီဝါဒ ဒီအယူရှိနေတယ်လို့ ကောသလ မင်းကြီးကရော အခြားအခြားမင်းတွေကပါ တပည့်တော်ကို သိထားကြ ပါတယ်၊ အဲဒီလိုအများသိဖြစ်တဲ့ ဝါဒကြီးကို ယူထားတဲ့အတွက်ကြောင့် တပည့်တော်မှားပြီဆိုပြီး စွန့်လွှတ်ဖို့ရန် ခက်တယ်လို့ ပါယာသိမင်းကြီးက လျှောက်လိုက်တယ်။

ဘော ကဿပ၊ အို–အရှင်ကုမာရကဿပ။

အဟံ၊ တပည့်တော်သည်။ ဣဒံပါပကံ၊ ဤကဲ့သို့ အရှင်ဘုရား ပြောသလို ယုတ်မာလှစွာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူကြီးကို။ သစေပဋိ နိဿဇ္ဇိဿာမိ၊ အကယ်၍ စွန့်လွှတ်ခဲ့မယ်ဆိုယင်–

တကယ်လို့ တပည့်တော် ဒီဝါဒကို စွန့်လိုက်မယ်ဆိုယင်၊ ဘာဖြစ်လာမလဲဆိုတာ ကြည့်ရအောင်—

ဘဝိဿန္တိ မေ ဝတ္တာရော—

မေ၊ တပည့်တော်ရဲ့ အပေါ်မှာ။ ဝတ္တာရော၊ ပြောဆိုခြင်းတို့သည်။ ဘဝိဿန္တိ၊ ဖြစ်လာကြပါလိမ့်မယ်ဘုရား။

နှစ်ပေါင်းများစွာက ဒီအယူကြီးယူလာပြီးတော့ အခုမှ စွန့်လိုက်မယ်ဆိုယင် တပည့်တော်ကို သူများတွေက ပြောကုန်ကြလိမ့်မယ်၊ သူများပြောမှာ ကြောက်တယ်တဲ့။ အယူမှားတခုကို ကြာကြာကြီး ယူစွဲမိပြီဆိုယင် မှားမှန်းသိပေမယ့် မစွန့်တော့ဘူး။

မှားတုန်းကတော့မှားတယ်၊ မှားတာကိုမှားမှန်းသိလို့ စွန့်ပါပြီဆိုတော့ ဘုရားသာသနာတော်နည်းကတော့ မှားတာကို စွန့်ပြီဆိုယင် အဲဒါ ပညာရှိသူတော်ကောင်းဖြစ်သွားတယ်၊ ဟုတ်လား။ မှားတာကို မှားမှန်းမသိသေးဘူး မစွန့်သေးဘူးဆိုယင် ထိုပုဂ္ဂိုလ်သည် မိုက်မဲတယ်၊ အမှားကိုစွန့်ပြီဆိုယင် ထိုပုဂ္ဂိုလ်သည် သူတော်ကောင်း၊ ဒီလို မဟုတ်လား။

ဒီတော့ ပါယာသိမင်းကြီးဟာ အဲဒီသဘောကို နားမလည်ဘူး၊ သူက ဘယ်လို တွေးမိတုန်းဆိုတော့၊ ဟိုတုန်းက နောက်ဘဝမရှိ မရှိဆိုတဲ့ အယူအဆနဲ့ သူက ထင်ရှားလာခဲ့ဟာ အခုမှ နောက်ဘဝ ရှိတယ်လို့ ပြောင်းရမယ်ဆိုယင်တော့ သူသိက္ခာကျမယ်တဲ့၊ သူက ဒီလိုတွေးမိတာ၊ ဟုတ်လား။

အဲဒါကြောင့် တခြားပုဂ္ဂိုလ်တွေကလဲ တပည့်တော်ကို ဒီအယူရှိနေတယ်လို့ သိထားကြမယ်တဲ့၊ အဲဒီလို သိထားကြတဲ့အတွက်ကြောင့် ဒီအယူကြီးကို စွန့်လိုက်ယင် တပည့်တော်ကို ပြောကုန်ကြလိမ့်မယ်၊ ပါယာသိမင်းကြီးဟာ သတ္တိမကောင်းဘူး ကုမာရကဿပခြေရင်းမှာ ဝပ်စင်းသွားပြီလို့ ပြောကုန်ကြလိမ့်မယ်။

**သူတို့ ကဲ့ရဲ့ပြစ်တင်ပြောဆိုကြလိမ့်မယ်**

ဘော ကဿပ၊ အို-အရှင်ကုမာရကဿပ။

မေ၊ တပည့်တော်အား၊ ဝတ္တာရော၊ ပြောဖွယ်ဆိုဖွယ်ကဲ့ရဲ့ဖွယ်တို့သည်၊ ဘဝိဿန္တိ၊ ဖြစ်လာကြပါလိမ့်မယ်ဘုရား။

ပြောဆိုဖွယ် ကဲ့ရဲ့ဖွယ်ကွေ ဖြစ်လာကြလိမ့်မယ်၊ ဘယ်လိုများ ပြောဆိုလာကြမလဲဆိုယင်–

ယာဝ ဗာလေ ပါယာသိရာဇညော–

အယံပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ ယာဝအတိဝိယ၊ အလွန်လျှင်။ ဗာလော၊ မိုက်မဲလှပေစွတကား။

ပါယာသိမင်းကြီးဟာ လူမိုက်ကြီးပေ့။

ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ အတိဝိယ၊ အလွန်လျှင်။ အဗျတ္တော၊ အသိဉာဏ်နည်းလှချေ၏တကား။

ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ ယာဝ-အတိဝိယ၊ အလွန်လျှင်။ ဒုဂ္ဂဟိဘာဂါဟိ၊ စွန့်လွှတ်နိုင်ခဲတဲ့ အယူကြီးကို ယူထားတာတို့အခုမှ သိရလေခြင်း (ဝါ) သိရချေ၏တကား။

ဣတိ၊ ဤသို့။ ဝတ္တာရော၊ ပြောဖွယ်ဆိုဖွယ်တို့သည်။ ဘဝိဿန္တိ၊ ဖြစ်လာကြပါကုန်လိမ့်မယ်ဘုရား။

သူကြောက်ပုံကဘာမျိုးကြီးနေခဲ့၊ ဒီအယူမှားကြီးနဲ့ သေသွားပြီးတော့ ဘဝတပါးရောက်သွားမှာကို သူမကြောက်ဘူး။ ဒီအယူမှားကြီးကို စွန့်လိုက်လို့ရှိယင် ပြောကုန်ကြလိမ့်မယ်၊ ပါယာသိမင်းကြီးဟာ ဉာဏ်နည်းလိုက်တာ၊ သတ္တိနည်းလိုက်တာ၊ စွန့်လွှတ်နိုင်ခဲတဲ့ အယူကြီးယူထားမှန်း အခုမှပဲ သိကြရလေခြင်း ဆိုပြီးတော့၊ အခြား အခြား ပြိုင်ဘက်ရှင်ဘုရင်တွေက ထပည့်သော်ကိုသိပြီးတော့ ဒီလို ကဲ့ရဲ့စကားပြောဆိုကြပါလိမ့်မယ်ဘုရား။

တသ္မာ၊ ထို့ကြောင့်။ အဟံ၊ တပည့်တော်သည်။ ဣဒံပါပကံ၊ ဤကဲ့သို့ အရှင်ဘုရားပြောသလို ယုတ်မာလှစွာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူကြီးကို။ ပဋိနိဿဇ္ဇိတုံ၊ စွန့်လွှတ်ဖို့ရန်။ နေဝသက္ကောမိ၊ မတတ်နိုင်သေးပါဘူး ကိုယ်တော်။–တဲ့

ပါယာသိမင်း ငြင်းတောင်းတယ်နော်၊ ပြီးတော့ ဆက်လက်လျှောက်ပြန်သေးတယ်–

**ဘယ်သူတွေဘာပဲပြောပြော ဆောင်ထားဦးမယ်**

ကောပေနပိ နံ ဟရိဿာမိ၊ မက္ခေနပိ နံ ဟရိဿာမိ၊
ပလာသေနပိ နံ ဟရိဿာမိ။—တဲ့

ဘော ကဿပ၊ အို—အရှင်ကုမာရကဿပ။

ကောပေနပိ၊ စိတ်ဆိုးသဖြင့်လဲပဲ။ နံ၊ ထိုအယူမှားကြီးကို။ ဟရိဿာမိ၊ ဆောင်ထားပါဦးအံ့ ဘုရား။

ဒါက ပါဠိတော်အတိုင်း အနက် ပြန်ဆိုလိုက်တာ၊ ဟုတ်လား။

ကောပေနပိ၊ အမျက်ထွက်ခြင်းဖြင့်လဲ စိတ်ဆိုးခြင်းဖြင့်လဲ။ နံ၊ ထိုအယူမှားကြီးကို(ဝါ)ထို နောက်ဘဝမရှိတဲ့ ဝါဒကြီးကို။ ဟရိဿာမိ၊ ဆောင်ထားပါဦးမယ်။

ဆိုလိုတဲ့ အဓိပ္ပာယ်က—

ဘယ်သူပဲ စိတ်ဆိုးဆိုး စိတ်ဆိုးချင်တဲ့လူတွေ ဆိုးပစေတော့တဲ့ ဒီအယူကြီးကို သူဆောင်ထားဦးမယ်၊ ဒီလို ဆိုလိုတာ၊ ဟုတ်လား။

ကောပေနပိ၊ ဘယ်သူပဲ စိတ်ဆိုးနေနေ။ နံ၊ ထိုအယူကြီးကို။ ဟရိဿာမိ၊ တပည့်တော် ဆောင်ထားဦးမယ် ဘုရား။

ဇွဲအတော်ကောင်းတဲ့ မင်းကြီးပဲ။

မက္ခေနပိ၊

မက္ခဆိုတာ ယှဉ်ပြိုင်တာ။

မက္ခေနပိ၊ အရှင်ဘုရားနဲ့ ယှဉ်ပြိုင်လိုသောကြောင့်လဲပဲ။ နံ၊ ထိုအယူကြီးကို။ ဟရိဿာမိ၊ တပည့်တော် ဆောင်ထားလိုက်ပါဦးမယ် ဘုရား။

အရှင်ဘုရားနဲ့ ယှဉ်ပြိုင်ချင်လို့ကို ဒီအယူကြီးကို တပည့်တော် ဆောင်ထားဦးမှာ၊ ကိုင်း—ဘယ်လောက် သတ္တိကောင်းထားသလဲဆိုတာ၊ ဟုတ်သား။ နောက်တခါ—

ပလာသေနပိ၊ အရှင်ဘုရားရဲ့ ဝါဒကို ချေဖျက်လိုသောကြောင့် လဲပဲ။ နံ၊ ထိုအယူအဆကြီးကို။ ဟရိဿာမိ၊ ဆောင်ထားပါဦးမယ် ဘုရား။

အရှင်ဘုရားရဲ့ နောက်ဘဝရှိတယ်၊ ငရဲ၊ နတ်၊ ပြဟ္မာ ရှိတယ်၊ ကုသိုလ် အကုသိုလ်ရှိတယ်ဆိုတဲ့ အရှိဝါဒကို ချေဖျက်ချင်တဲ့ အတွက် ကြောင့်လဲပဲ တပည့်တော် ဒီအယူကို ဆောင်ထားဦးမယ်တဲ့။ အဲဒါကို တမျိုးလေးဘာသာပြန်ကြဦးစို့၊ အရှင်ဘုရားတို့ရဲ့ "အရှိဝါဒကြီး"ကို တိုက်ခိုက်ဖို့ရန် တပည့်တော် ဆောင်ထားလိုက်ဦးမယ်တဲ့။ ဒီအဓိပ္ပာယ် ရတယ်နော်။

## အရှင်ဘုရားတို့ရဲ့ အရှိဝါဒကို တိုက်ခိုက်ဖို့

ပလာသေနပိ၊ အရှင်ဘုရားတို့ရဲ့ အရှိဝါဒကြီးနဲ့ ယှဉ်ပြိုင်ဖို့ရန် တုပြိုင်ဖို့ရန် ချေဖျက်ဖို့ရန်။ နံ၊ ထိုဝါဒကြီးကို။ ဟရိဿာမိ၊ ဆောင် ထားလိုက်ပါဦးမယ် ဘုရား။

ဘယ်သူပဲ စိတ်ဆိုးဆိုး တပည့်တော် ဒီအယူကိုယူဆောင်ထားဦး မယ်၊ အရှင်ဘုရားတို့ရဲ့ အရှိဝါဒကို တိုက်ခိုက်ဖို့ရန် တပည့်တော်ဆောင် ထားလိုက်ဦးမယ်၊ အရှင်ဘုရားတို့ရဲ့ အယူအဆတွေနဲ့ ယှဉ်ပြိုင်ဖို့ရန် တပည့်တော် ဆောင်ထားလိုက်ဦးမယ်တဲ့။

ပါယာသိမင်းကြီး ရဲ့ လျှောက်ထားချက်ဟာ ဘုန်းကြီးတို့ ပရိ သတ်အတွက် အဓိပ္ပာယ်ရှင်းနေလို့ သိပ်အကျယ်ချဲ့စရာ မလိုဘူးနော်၊ ပြည့်စုံနေတယ်၊ ဟုတ်လား။ ဒီဘော့ ပါယာသိမင်းကြီး သူ့ဝါဒမစွန့် နိုင်တဲ့ အကြောင်းကို ပြောပုံဟာ ဒီအတိုင်းပဲ၊ ဟုတ်သလား။

— အရှင်ဘုရားတို့ ဝါဒကိုပြိုင်ဖို့၊

— အရှင်ဘုရားတို့ ဝါဒကို တိုက်ခိုက်ဖို့၊

— ဘယ်သူပဲ စိတ်ဆိုးဆိုး မစွန့်ဘူးကိုယ်တော်၊ ဆောင် ထားဦးမယ်။

ကိုင်း—ကိုယ်တော်ပြောနိုင်ယင် ပြောဦး၊ ဒီလိုဆိုတော့ အရှင် ကုမာရကဿပကလဲ စိတ်ရှည်လိုက်တာ ဇွဲကောင်းကောင်းနဲ့ တရား ဟောတယ်။

တေန ဟိ ရာဇည ဥပမံ တေ ကရိဿာမိ၊ ဥပမာယ မိဓေကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ။

ရာဇည၊ ပါယာသိမင်း။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ တေ၊ သင့်အတွက်၊ ဉပမံ၊ ဉပမာ လေးတခုလောက်တော့။ အဟံ၊ ငါသည်။ ကရိဿာမိ၊ ဆောင်ပြဦး မယ်။

ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ ဝိညူပုရိသာ၊ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တို့သည်။ ဘာသိတဿ၊ ဆိုလိုသောစကားရပ်ရဲ့။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ ဉပမာယ၊ ဉပမာ ဆောင်ပြသဖြင့်။ အာဇာနန္တိ၊ သိနိုင်ကြတယ်။

ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေကို တည့်တည့်ကြီး ပြောစရာ မလိုဘူး၊ ဉပမာလေး ဆောင်ပြရုံနဲ့ ဆိုလိုတဲ့သဘောကို နားလည်သွားကြတယ်၊ ဒကာတော်မင်းကြီးလဲ ဒီဉပမာလေးကို နားထောင်ကြည့်ကြစမ်းပါ။

ဒီလိုဆိုလိုက်တော့ ပါယာသိမင်းကြီးကလဲ အရှင်ဘုရား ကုမာရကဿပ ဉပမာဆောင်ပြလိုက်စမ်းပါ၊ အရှင်ဘုရားဆောင်ပြမယ့် ဉပမာကို တပည့်တော် နားထောင်ပါ့မယ်တဲ့။ ဒီတော့ အရှင်ကုမာရကဿပက—

"သတ္တဝါဟာ ဉပမာ" တဲ့၊ ဒီဉပမာကို ဆောင်ပြပါတယ်။

## လှည်းကုန်သည်မျိုး နှစ်ယောက်

သတ္တဝါဟာ ဉပမာ လှည်းကုန်သည်မျိုး ဉပမာ၊ ဟုတ်လား။ အဲဒီလှည်းကုန်သည်မျိုး ဉပမာ ပါဠိက အလွန် ရှည်လျားလွန်းတယ်၊ အဲဒါကြောင့် တောက်လျှောက်ပဲ စကားပြေနဲ့ ပြောမယ်နော်၊ ဟုတ် လား၊

ဒကာတော် ပါယာသိမင်း ရှေးတုန်းက လှည်းတထောင်ကို လူနှစ် ယောက် ဦးဆောင်ပြီးတော့ ကုန်ရောင်းပို့ရန် ကန္တာရကို ဖြတ်သန်းပြီး ထွက်ခွာလာကြတယ်၊ ရိက္ခာအပြည့်တင်ပြီး ကန္တာရကို ဖြတ်သန်းကာ ခရီးပြင်းနှင်ကြတယ်၊ ခရီးရှည်ကြီးကို သွားကြရတာ၊ အုပ်ချုပ်တာက လူနှစ်ယောက်။

သွားယင်းသွားယင်းနဲ့ တော်တော်ကြာတော့ လှည်းတွေကများ၊ နွားတွေကများ၊ လူတွေကများ၊ တယောင်ကြီး စုသွားကြတယ်ဆိုတော့ လူခရာ နွားနော နည်းတာမဟုတ်ဘူးနော်၊ အဲဒီလို သွားယင်းသွားယင်းနဲ့ အနည်းငယ်ပျံသွားမိတယ်ဆိုယင်ပဲ လှည်းပေါ်တင်ယူလာခဲ့တဲ့ လူရိက္ခာ

နွားရိုက္ခာဟာ လူအုပ်ကြီး နွားအုပ်ကြီးနဲ့ သွားကြရတော့ တဖြည်း တဖြည်း ပြက်သာကြတယ်။

နွားတွေအတွက် မြက်တို့ ရေတို့ နည်းနည်း နည်းနည်း ခေါင်းပါး လာတယ်၊ လူတွေအတွက်လဲ ထမင်းရေ ရေရေ တဖြည်းတဖြည်း ခေါင်းပါးလာတယ်၊ သွားရတဲ့ခရီးက ကန္တာရခရီးဆိုတော့ မြက်မရှိဘူး ထင်းမရှိဘူး ရေမရှိဘူး၊ နို့ချတာက ကန္တာရတဲ့၊ အဲဒါဖြတ်ပြီးတော့ သွားကြတယ်။

ခရီးဘော်တော် နှင်လာမိကြတော့ လှည်းကုန်သည်မှူး ဖြစ်တဲ့ ဦးစီးပုဂ္ဂိုလ်နှစ်ယောက်တို့ တိုင်ပင်ကြတယ်၊ ဒါလောက်ရှည်တဲ့ ခရီးကို တို့ဒါလောက်များတဲ့ လူအုပ်ကြီးနဲ့ စုပြီးတော့သွားယင် မကြာခင် လမ်းခုလတ်မှာ ရိက္ခာပြတ်လိမ့်မယ်၊ လူတွေများလွန်းလို့ ရိက္ခာအတွက် ဟာဝန် လေးလိမ့်မယ် ခွဲကြစို့၊ လူစုခွဲရအောင်လို့ တိုင်ပင်ကြတယ်။

အဲဒီလို တိုင်ပင်ပြီးတော့ တယောက်က လှည်းငါးရာကို ဦးဆောင်၊ တယောက်က လှည်းငါးရာကို ဦးဆောင်၊ အုပ်စုနှစ်စုခွဲပြီးတော့ အဲဒီမှာ တစုကို ရှေ့ကနေ အလျင်ခရီးနှင်လိုက်တယ်၊ လှည်းငါးရာတစုကို ကုန်သည်မှူးတယောက်က အုပ်ချုပ်ပြီး ရှေ့က ခရီးပြင်းနှင်ပြီးတော့ ထွက်ခွာသွားကြပြီ၊ တစုက နောက်မှာကျန်ရစ်ခဲ့တယ်။

## ကန္တာရခရီးကြမ်းမှအန္တရာယ်

အဲဒီလို ထွက်ခွာသွားတဲ့အခါ ရှေ့နားတော်တော်ရောက်သွားပြီ ဆိုတော့ ကန္တာရခရီး သုံးချိုးတချိုးလောက်မှာ လူတွေတအုပ်ကြီးကို တွေ့ရတယ်၊ အဲဒီလူအုပ်ကြီးဟာ လက်ထဲမှာပဒုမ္မာကြာပန်းတွေ ကြာဖြူ တွေ ကြာညိုတွေ အဆုပ်လိုက် အဆုပ်လိုက်ကိုင်လို့၊ တချို့ကလဲ ကြာ ရိုးတွေ လည်ပင်းမှာပတ်လို့၊ တချို့က ကြာစွယ်တွေကို စားလို့၊ တချို့ ဆိုယင် ပုဆိုးတွေ အင်္ကျီတွေ ရေစိုလို့၊ တချို့ဆိုယင် ခေါင်းက ဆံပင် တွေမှာ ရေတွေစိုလို့၊ အဲဒီ လူအုပ်ကြီးနဲ့ရင်ဆိုင်တွေ့ကြရတယ်။

အဲဒီသိုတွေ့တော့ ကြည့်လိုက်တယ်၊ ဟိုလူတွေကိုကြည့်ရတာ ကြာ စွယ် ကြာရိုးတွေကိုကိုင်လို့၊ ကြာပန်းတွေပန်လို့၊ တကိုယ်လုံးလဲ ရေတွေ စိုလို့ပါလား၊ ဟေ့ရှေ့နားမှာ မိုးကြီးသည်းထန်စွာ ရွာသွားပြီထင်တယ်၊

အဲဒီ 'မိုးကြီး၊သည်းထန်စွာ ရွာထားတဲ့ နေရာမှာ ကြာတွေပေါက်နေတဲ့ ရေကန်ကြီးများ၊ ရေအိုင်ကြီးများရှိပုံ ပေါ်တယ်လို့ သူတို့ တွေးကြည့်ကြတယ်။

အဲဒီလို ရင်ဆိုင်အတွေ့မှာ ကြာစွယ်ကြာရိုးတွေ ကိုင်လာကြတဲ့ တကိုယ်လုံး ရေစိုနေကြတဲ့ လူတွေက ခင်ဗျားတို့ ဘယ်သွားကြမှာလဲလို့ မေးတော့၊ အဲဒီ ကန္တာရဖြတ်ပြီး ကျုပ်တို့ ကုန်သွားရောင်းကြမှာပါ။ ခင်ဗျားတို့ လှည်းပေါ်မှာ ဘာတွေပါတုန်း၊ ရောင်းရေကုန်တွေပဲ ပါတယ်။ ဒါကင်ပဲလား၊ စားစရာရိက္ခာတွေလဲ ပါပါသေးတယ်။ ရေတွေကော ပါသေးလား၊ စဉ့်အိုးကြီးတွေနဲ့ ရေတွေလဲ တင်လာခဲ့တာပေါ့ဗျာ။

ခင်ဗျားတို့ အလကားအလေးခံပြီးတော့ တင်လာခဲ့တာပဲ၊ ဟို–ရှေ့နားမှာ မိုးကြီးသည်းထန်စွာ ရွာထားတယ်၊ ရေကန်ကြီးတွေထဲမှာ ကြာတွေကြာတွေနဲ့ ရေတွေကို ပြည့်နေတာပဲ၊ အဲဒါအလေးခံပြီးတော့ သယ်မလာကြနဲ့ လှည်းပေါ့ပေါ့နဲ့ နွားတွေသက်သာအောင် ရေတွေသွန်ပြီးတော့ လှည်းတွေကို မောင်းကြပါလားလို့ အကြံပေးကြတယ်။

အဲဒါဟုတ်တယ်ဟေ့ဆိုပြီး ယုံကြည်စိတ်ချပြီးတော လှည်းပေါ်က ရှိသမျှရေအားကို အကုန်သွန်ပြီး လှည်းပေါ့ပေါ့ချည်း မောင်းချသွားကြတယ်တဲ့၊ မောင်းယင်းမောင်းယင်း တဖြည်းဖြည်းနဲ့ ရှေ့နားမှာ ရေတွေ့လိမ့်မယ် ရှေ့နား ရေတွေ့လိမ့်မယ်နဲ့ သွားလိုက်ကြတာ ကန္တာရတဝက်သာကျိုးရော ရေကိုတစက်မှ မတွေ့ဘူး၊ မိုးလဲ ဘယ်မှာမှ မရွာဘူး၊ သဲခြောက်ချည်းပဲ တွေ့ကြရတယ်တဲ့၊ နိရုဒကကန္တာရ-ရေမရှိတဲ့ သဲပြင်ကြီးတဲ့၊ ဟုတ်လား။

## လက္ခဏာသုံးချက် မမှတ်သားမိလို့

ကံ ဥဒကံ တာရေတိ ဝေဿတိကန္တာရော၊

ဝေဿ၊ ဤအရပ်မှာ။ ကံဥဒကံ၊ ရေကို။ တာရေတိ၊ ကျော်လွန်သွားတယ်။ တသ္မာ၊ ထို့ကြောင့်။ သောဒေသော၊ ထိုအရပ်သည်။ ကန္တာရော၊ ကန္တာရမည်ပေါ်တယ်။

“က”သဒ္ဒါဟော “တရ”သဒ္ဒါက ကျော်သွားတယ် ဆိုတော့ လွန်နေတယ်၊ “မရှိဘူး”ဆိုတဲ့ အဓိပ္ပာယ်ရတယ်၊ ဟုတ်လား။

က— ရေ၊

တာရ—အဲဒီရေတည်းဟူသော အခက်အခဲကို ကျော်ဖို့ရန် မနည်းကြိုးစားကြရမှာ။

အေး—မိုးလဲမရွာ၊ မိုးရွာတာလဲ မတွေ့၊ ရေကန်လဲ မတွေ့တော့ လူတွေဟာ စောစောက ရေတွေကို သယ်လာခဲ့ရယင် အကောင်းသား၊ ဟိုလူတွေပြောတာ ယုံပြီးသွန်ပစ်ခဲ့မိတာ တို့တော့ရေငတ်ပြီလို့ တွေးဘော ပြောဆိုပြီး ခရီးဆက်ကြရမှာ တဖြည်းဖြည်းနဲ့ လူတွေရော နွားတွေပါ အစာငတ်ရေငတ်နဲ့ အဲဒီမှာ အားလုံးသေကုန်ကြရောတဲ့။

အစာငတ်ရေငတ်ဖြစ်ပြီး သေကုန်ကြတော့မှပဲ အဲဒီပုဂ္ဂိုလ်တွေကို အကုန်လုံးလာပြီးဘော့ စားပစ်လိုက်ကြတယ်၊ ကြာစွယ်ကြာရိုးကြာရင်း တွေကိုင်ပြီးတော့ တကိုယ်လုံး ရေလောင်းလာကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဘီလူးတွေ ဖြစ်နေကြတယ်။

ဘီလူးတွေနေတာကို ဘီလူးမှန်း အဲဒီလူတွေ မသိကြဘူးနော်၊ ဘုန်းကြီးတို့ ပရိသတ်ကော ဘီလူးမှန်း သိကြရဲ့လား၊ ဘယ်လို အမှတ် အသားနဲ့ ဘီလူးကို မှတ်မလဲ၊ မှတ်သာထားလိုက်ကြ၊

၁။ ဖနောင့်တိုတယ်၊

၂။ မျက်ထောင့်နီတယ်၊

၃။ မျက်တောင်မခတ်ဘူး၊

ဒီသုံးချက် မှတ်ထားလိုက်ကြ၊ ဟုတ်လား။ ဖနောင့်တိုတယ်၊ ခြေသလုံးနဲ့ ဖနောင့်ဟာ တသားတည်းချည်း ရှိတယ်၊ ဖနောင့်ဟာ နောက်ထွက်နေတယ်ဆိုတာ ဘီလူးမှာ ဘယ်တော့မှမရှိဘူး၊

## လက္ခဏာကိုနားလည်ထားယင် အကျိုးရှိတယ်

အေး—ဘုမ္မစိုးနတ်များ လူယောင် ဖန်ဆင်းလာယင်လဲ အဲဒီ အတိုင်းပဲ၊ ဖနောင့်တိုတယ်, မျက်ထောင့်နီတယ်, မျက်ခမ်းက ဝိုင်းပြီး တော့ နီနေတာပေါ့၊ ပြီးတော့ မျက်တောင်မခတ်ဘူး၊ ဒီသုံးချက်ကြည့် ပြီးတော့ လူမဟုတ်ဘူးဆိုတာ မှတ်သားထားကြ၊ ဟုတ်လား။

လူမဟုတ်ယင် ပါဠိကတော့ "အ နုဿ"၊ မနုဿဆိုတာ "လူ" အဲဒီမနုဿရှေ့ာ "အ"လေး ထည့်လိုက်တော့ "အမနုဿ" လူမဟုတ်ဘူး၊ He is not a man ဟုတ်လား မနုဿက ဘီလူးလို့လဲ ဘာသာ ပြန်လို့ရတယ်။

ဆရာတော်ကြီးတပါးက ဆွမ်းခံကြွယင်း သူ့ဆွမ်းလာလောင်းတဲ့ လူကို အကဲခတ်ကြည့်တယ်၊ ဆွမ်းလာလောင်းတာက ဘယ်လို လောင်း သလဲဆိုယင် ရန်ကုန်က ပေးလိုက်တာပါတဲ့ ရား–ဟောဒီမှာ ကိတ်မုန့်နဲ့ အရက်သီးတွဲကြီးပါဆိုပြီး လာလောင်းတာ။ အဲဒီလူကို အကဲခတ်တော့ ဖနောင့်လဲ တိုနေတယ် မျက်ထောင့်လဲ နီနေတယ် မျက်တောင်လဲ မခတ် ဘူး၊ ဒါတွေ အကဲခတ်ကြည့်မိတော့ ဆရာတော်ကြီးက ဗိုလ်ဟာ လူမ ဟုတ်ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒီလူကို အကဲခတ်ယင် ဒါ ရတာပဲ နော်။

လူပင်ဖြစ်သင့်ကစား အဲဒီအင်္ဂါလက္ခဏာ ပါလာယင်လဲပဲ အဲဒါ သတိထားရမယ်၊ ပကတိ လူသားထဲက ဖနောင့်တိုခြင်း မျက်ထောင့် နီခြင်း မျက်တောင်မခတ်ပဲနဲ့ တခါတည်း စိမ်းပြီးတော့ အချိန်ကြာမြင့် စွာ ကြည့်တတ်ခြင်း၊ ဒီအင်္ဂါလက္ခဏာ သုံးချက်ဟာ ခုန ဘပုဂ္ဂိုလ်တော့ရဲ့ လက္ခဏာနဲ့တူတယ်၊ အမနုဿတို့ရဲ့ လက္ခဏာနဲ့ တူတယ်၊ အေး–ဒါဟာ လက္ခဏာကို နားလည်ပြီးတော့ ထားလို့ရှိယင် အရာရာမှာ အကျိုးရှိပါ တယ်တဲ့၊ ဟုတ်လား၊

ကိုင်း–ဗိတော့ ခုနက လှည်းကုန်သည်ငါးရာတို့ဟာ ဘီလူးတွေကို တကယ်လူထင်ပြီးတော့ ပြောတဲ့စကားကို လက်ခံပြီး လုပ်လိုက်ကြတာ၊ ရှိသမျှရေရော အစာရော အကုန်သွန်ပစ်ပြီး ရှေ့နားမှာ ရေလည်းရ အစာ ရော ရမယ်ဆင်ပြီး သွားလိုက်ကြတာ၊ အကုန်လုံး သေကုန်ကြရောတဲ့။

နောက်လှည်းငါးရာအုပ်စုကလဲ ရှေ့ကသွားနှင့်တဲ့ လှည်းအုပ်စု ဟာ ဟောဒီကန္တာရကို ကျော်ပြီးသွားလောက်ပြီထင်ပြီးတော့ နောက်က လိုက်လာကြတယ်၊ အဲဒီလိုလိုက်လာကြတော့ ခုနက လူ ယ ပြန်ဆင်း ထားတဲ့ ဘီလူးအုပ်နဲ့ တွေ့ကြပြန်တယ်။

တွေ့တော့ လှည်းအုပ်က ပြောပြန်တယ်၊ ခင်ဗျားတို့ ဘယ်တုန်း၊ ကန္တာရကို ကျော်ကြမလို့၊ ဟာ-ခင်ဗျားတို့လှည်းပေါ်မှာ အစာတွေ

ရေတွေ တင်လာဘာ ဖလေးလိုက်တာ၊ အဲဒါတွေ သွန်ပစ်ခဲ့ပြီး ပေါ့ပေါ့ ပါးပါးသွားကြပါ၊ ရှေ့နားမှာ စိမ်းညို့ညို့တောကြီးရှိပါတယ်၊ မိုးတွေ ကလဲ ရွာထားလိုက်တာ ကြည့်လေ ကျုပ်တို့မှာ မိုးစိုလို့ တကိုယ်လုံး ရေ တောင်မခြောက်သေးဘူးလို့ ပြောကြတယ်။

## ခွဲခြားသိတဲ့ဉာဏ်ရှိသူ လှည်းကုန်သည်မှူး

အဲဒီတော့ ဒုတိယလှည်းအုပ်စုကို အုပ်ချုပ်ပြီးတော့ လိုက်မပါလာ တဲ့ လှည်းကုန်သည်မှူးက ယခုနက လက္ခဏာကိုတတ်ထားတယ်၊ ပထမ လှည်းအုပ်စုကို အုပ်ချုပ်တဲ့ လှည်းကုန်သည်မှူးက အဲဒီလက္ခဏာကို တတ် မထားလို့ အကုန်လုံးသေကုန်ကြရတာ။

ဒုတိယလှည်းကုန်သည်မှူးက ထိုလက္ခဏာကိုတတ်ထားတော့ နေ ကြဦး၊ နေကြဦး သူများပြောတိုင်း မလုပ်ကြနဲ့ ငါအကဲခတ်ဦးမယ်ဆိုပြီး လူတွေကိုကြည့်လိုက်တော့၊

- ဖနောင့်မပါကြဘူးတဲ့၊
- စကားပြောနေပေမယ့် မျက်တောင်မခတ်ကြဘူးတဲ့၊
- မျက်ထောင့်ကြီးတွေ နီနေကြတယ်–တဲ့။

ဖွားသက္ကရာဇ်ကိုမေးပြီး သုံးနဲ့စား ကြည့်တော့ ဟာ–ဒီလူတွေဟာ ဘီလူးနက္ခတ်ပါကြကယ်ဆိုပြီးတော့ မဖြစ်ဘူး မဖြစ်ဘူးဆိုပြီး သူ့လူတွေ ကို စားရေရိက္ခာ ခြိုးခြိုးခြံခြံသုံးစွဲကြ ရှေ့နားမှာ အခက်အခဲတွေလိမ့် မယ် ထင်တယ်လို့ပြောပြီး ရှေ့ဆက်သွားကြတယ်။

လူယောင်ဖန်ဆင်းထားကြတဲ့ ဘီလူးတွေကလဲ နောက်ကနေ တစေ့ အစောင်းကြည့်ပြီး လိုက်လာကြတယ်။ လှည်းကုန်သည်ငါးရာအုပ်စုဟာ တယောက်နဲ့တယောက် စောင့်ကြပ်ပြီးတော့ သွားလိုက်ကြတာ ဟို–ရှေ့ နားရောက်တော့ လှည်းတွေရော လူတွေရော နွားတွေရော အကုန်လုံး ဖရိုဖရဲကျဲပြီး အရိုးတွေ အပုံလိုက် အပုံလိုက် ဖြစ်နေကြတာကို တွေ့ကြရ တယ်တဲ့၊ အကုန်လုံး သေကုန်ကြပြီ။

ထိုသူတို့ သေဆုံးနေတဲ့နေရာ ရောက်လာကြတော့ ဒုတိယလှည်း ငါးရာအုပ်စုရဲ့ လှည်းကုန်သည်မှူးက ကိုင်း–ဒီလူတွေတော့ ဘီလူးစကား

ကို ယုံပြီးတော့ အားလုံးသေဆုံးကုန်ကြပြီ၊ ဘီလူးစကားကို လူကယုံတယ် ဆိုတော့ အဲဒီလူဟာ ဘယ်လိုလူလဲဆိုယင် ဘီလူးနဲ့လူကို ခွဲခြားသိနိုင်တဲ့ ဉာဏ် မရှိတဲ့လူမျိုးပဲ။ အဲဒီလိုလူမျိုး ဦးဆောင်တဲ့အတွက်ကြောင့် အဲဒီ ဦးဆောင်တဲ့ ပုဂ္ဂိုလ်လဲ ဘီလူးအစားခံရလို့ သေတယ်၊ နောက်လိုက်ငါး ရာတို့လဲ ဘီလူးအစားခံရလို့ သေကုန်ကြပြီ။

ကိုင်း–အပေါင်းအသင်းတို့ အဲဒီပုဂ္ဂိုလ်တွေ သေဆုံးလို့ ကျန်ရစ် ခဲ့တဲ့ ဥစ္စာတွေထဲက အနှစ်ရှိတဲ့ဥစ္စာ အကုန်ယူပြီး လှည်းမှာတင်၊ တို့ လှည်းပေါ်က အနှစ်မရှိတဲ့ဥစ္စာတွေ စွန့်ပစ်ကြဆိုပြီး အားလုံး ဖိုးတန် အနှစ်ရှိတဲ့ပစ္စည်းတွေချည်း လှည်းပေါ်တင်ပြီးတော့ ရေနဲ့ရိက္ခာအ ခြုံးခြုံ စောင့်ရှောက်ကာ သွားကြစို့လို့–။

ဘီလူးနဲ့လူကို ခွဲခြားသိတဲ့ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်က ပေးတဲ့အဆုံးအမ မှာ ကောင်းစွာတည်တဲ့ လှည်းသားငါးရာတို့သည် ထိုကန္တာရကို ကျော် ပြီးတော့ ခရီးဆုံးကို ချမ်းသာစွာ ရောက်ကြတယ်တဲ့၊ ဟုတ်လား။

## အကျိုးမဲ့ပျက်စီးကုန်ကြတော့မှာပဲ

အဲဒီတော့ ပြန်ကောက်လိုက်၊

ရာဇည၊ ပါယာသိမင်း။

ဧဝ မေဝ–ဧဝံတထာ ပမာထားယူ ထို့အတူပဲ။ တွံ၊ သင်သည်။ အယောနိသော၊ မသင့်မတင့်သောအားဖြင့်။ ပရလောကံ၊ တမလွန် လောက နောက်ဘဝကို။ ဂဝေသန္တော၊ ရှာမှီးခဲ့သည်ဖြစ်သော်။ သော ပုရိသော သတ္တဝါဟော၊ တိုပထလှည်းကုန်သည်မှူးသည်၊ အနယန ဗျသနံ၊ အကျိုးမဲ့ပျက်စီးခြင်းသို့၊ အာပဇ္ဇိဿတိယထာ၊ ရောက်သွား လေဘိသကဲ့သို့။

ဉာဏ်မရှိဟဲ့ လှည်းကုန်သည်မှူးက ဦးဆောင်တဲ့ အတွက်ကြောင့် လှည်းကုန်သည်မှူးသည် ဘီလူးနဲ့လူကို ခွဲခြားသိမြင်နိုင်တဲ့ဉာဏ် မရှိလေ သောကြောင့်၊ အကြောင်းဂတော့ ဒါပဲ၊ လှည်းငါးရာကို ဦးဆောင်တဲ့ ကုန်သည်မှူးသည် လူနဲ့ဘီလူး၊ ခွဲခြားသိမြင်နိုင်တဲ့ဉာဏ် မရှိသည် ဖြစ် လေသောကြောင့်–

အနုယဗျသနံ၊ အကျိုးမဲ့ ပျက်စီးခြင်းသို့။ အာပဇ္ဇိဿတိယထာ၊ ရောက်သွားသလဲ့ပဲ။ တံ့ပိ၊ သင်မင်းကြီးလဲပဲ။ ယာဝအတ္တိဝိယ၊ အလွန်လျှင်။ ဗာလော၊ သမ္မာဒိဋ္ဌိနှင့်မိစ္ဆာဒိဋ္ဌိကို ခွဲခြားသိနိုင်တဲ့ဉာဏ် မရှိသဖြင့် မိုက်မဲသေစွတကား။ အဗျတ္တော၊ သမ္မာဒိဋ္ဌိနှင့်မိစ္ဆာဒိဋ္ဌိကို ခွဲခြားသိနိုင်တဲ့ ဉာဏ်စွမ်းမရှိသဖြင့် မိုက်မဲလေစွတကား။

တသ္မာ၊ ထို့ကြောင့်။ တံ့ပိ၊ သင်မင်းကြီးလဲပဲ။ အနုယဗျသနံ၊ အကျိုးမဲ့ပျက်စီးခြင်းသို့။ အာပဇ္ဇိဿတိ၊ မကြာခင် ရောက်ပေလိမ့်လတ္တံ့။

ရာဇဉာ၊ ပါယာသိမင်း။

ယေပို၊ အကြင်ပုဂ္ဂိုလ်တို့သည်လဲ။ တေ၊ သင်ရဲ့။ ဝစနံ၊ စကားကို။ သောတဗ္ဗံ၊ နားထောင်ထိုက်တယ်လို့။ သဒ္ဒါတဗ္ဗံ၊ ယုံကြည်ထိုက်တယ်လို့။ မညိဿန္တိ၊ မှတ်ထင်ကြကုန်လိမ့်မယ်။

ဒကာတော်မင်းကြီး—သင့်စကားကို နားထောင်တဲ့ ပုဂ္ဂိုလ်တွေ ယုံကြည်သွားတဲ့ ပုဂ္ဂိုလ်တွေလဲပဲ—

အနုယဗျသနံ' အကျိုးမဲ့ပျက်စီးခြင်းသို့။ အာပဇ္ဇိဿန္တိ၊ ရောက်ကြပေကုန်လိမ့်မယ်။

ဒကာတော်မင်းကြီး ပျက်စီးသလို ဒကာတော်မင်းကြီးရဲ့ စကားကို ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေ လိုက်နာတဲ့ ပုဂ္ဂိုလ်တွေလဲပဲ ဟို—ဉာဏ်မရှိတဲ့ လှည်းမှူးရဲ့ စကားကို လိုက်နာကြပြီးတော့ နောက်လိုက်လှည်းကုန်သည်ငါးရာ ပျက်စီးကြသလို၊ ဒကာတော်မင်းကြီးရဲ့ ဝါဒကို ယုံကြည်ထားကြတဲ့ ဒကာတော်မင်းကြီးရဲ့ စကားကို ယုံကြည်ထားကြတဲ့ သေတဗျမြို့ထလူပေါင်းများစွာတို့ဟာ အကျိုးမဲ့ ပျက်စီးကြတော့မှာပဲလို့ ဆုံးမလိုက်တယ်။

## ဘာပြုလို့ မစွန့်နိုင်ရတာတုန်း

ရာဇဉာ၊ ပါယာသိမင်း။

တသ္မာ၊ ထို့ကြောင့်။ ဓေရှပ် ဤသို့သဘောရှိသော။ ပါပကံ၊ ယုတ်မာလှစွာသော။ ဒိဋ္ဌိဂတံ၊ ခေါင်းဆောင်ရော နောက်လိုက်တွေပါ ပျက်စီးမယ့် ပေ့ဘဲဒီ နောက်ဘဝမရှိဘူးဆိုတဲ့ ဝါဒဆိုးကြီးကို။ ပဋိနိဿဇ္ဇ၊ စွန့်လိုက်စမ်းပါတော့လော့။

တော၊ သင့်အား။ ဓိဃရတ္တံ၊ ကြာမြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး။ အဟိတာယ၊ အစီးအပွားမရှိဖို့ရန်။ ဒုက္ခာယ၊ ဆင်းရဲဖို့ရန်။ မာအဟောသိ မဖြစ်ပါစေနဲ့။

နေ့ပေါင်း များစွာ, ညဉ့်ပေါင်း များစွာ, လပေါင်း များစွာ, နှစ်ပေါင်းများစွာ, ဘဝပေါင်းများစွာ, ကမ္ဘာပေါင်းများစွာ သင်မင်းကြီးရဲ့ ဆင်းရဲဒုက္ခ မရောက်ပါစေနဲ့။

တသ္မာ၊ ထို့ကြောင့်။ ကံပါပကံဒိဋ္ဌိဂတံ၊ ထိုမိစ္ဆာအယူကို။ တွံ၊ သင်မင်းကြီးသည်။ ပဋိနိဿဇ္ဇ၊ စွန့်လွှတ်လိုက်ပါတော့လော့။

ဣတိ၊ ဤသို့။ အာယသ္မာကုမာရကဿပ မထေရ်သည်။ ပါယာသိရာဇည်၊ ပါယာသိမင်းကြီးကို။ တော်ဝစနံ၊ ဤစကားကို။ အခဝါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

အေး–အရှင်ကုမာရကဿပရဲ့ ဆုံးမချက်ကလဲ ပိုင်ပိုင်နိုင်နိုင်ပဲနော်၊ ပါယာသိမင်းကြီးကလဲ သူ့စွန့်နိုင်တဲ့အကြောင်း ပိုင်ပိုင်နိုင်နိုင် ခုနက အတိုင်းပဲ ပြောဦးမယ်။

ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ၊

အရှင်ဘုရား ဒီလိုပြောတာ ယုတ္တိတော့ အတန်သားပဲ။

အထခေါ၊ သို့သော်လည်း အဟံ၊ တပည့်တော်သည်။ ဣဒံပါပကံ ဒိဋ္ဌိဂတံ၊ ဤမှားယုတ်မာတဲ့ မှောက်မှားယူကြီးကို၊ ပဋိနိဿဇ္ဇိတုံ၊ စွန့်လွှတ်ဖို့ရန်၊ နေဝသက္ကောမိ၊ မတတ်နိုင်သေးပါဘူးဘုရား။

အရှင်ဘုရားပြောတာတွေ ကောင်းပါတယ်၊ နားထောင်လို့ တယ်ကောင်းတယ်၊ နားထောင်လို့တော့ ကောင်းသားပဲ၊ ဒါပေမယ့် ဒီအယူ တပည့်တော် မစွန့်နိုင်သေးဘူးတဲ့၊ ဘာပြုလို့ မစွန့်နိုင်ရတုန်း မင်းကြီး– ပြောစမ်းပါဆိုတော့။

## ပြောစရာကြီးဖြစ်လာတော့မှာပဲ

ရာဇာပိ မံ ပသေနဒိ ကောသလော ဇာနာတိ–

တပည့်တော် နောက်ဘဝ မရှိဆိုတဲ့ဝါဒ လက်ကိုင်ထားတာကို ပသေနဒီကောသလ မင်းကြီးကလဲ သိထားပြီးပြီ။ ပါယာသိမင်းကြီးဟာ– နောက်ဘဝမရှိဘူးဆိုတဲ့ ဝါဒလက်ကိုင်ထားတယ်လို့ ကောသလမင်းကြီးက သိထားတယ်၊ အဲဒီလို သိထားတဲ့ ဒီဝါဒကြီးကို တလျှောက်လုံးယူလာခဲ့တာ၊ အခုမှ စွန့်ရမယ်ဆိုယင် တပည့်တော် ညံ့ရာကျတယ် ဘုရား။ အဲဒါကြောင့် ဒီအယူကို တပည့်တော် မစွန့်နိုင်ဘူး၊ ဆက်ပြီးတော့ တပည့်တော် သယ်ဆောင်သွားဦးမယ်။

**တိရောရာဇာနောပိ၊ တိုင်းတပါးမင်းကတို့ကလဲ။ မံ၊ တပည့်တော်ကို** ဇာနန္တိ၊ သိထားကြပါကုန်သည် ဘုရား။

တိုင်းတပါးမင်းတွေကလဲ သိထားကြပြီ၊ သေတဗျမ္ဗိက ပါယာသိမင်းကြီးဟာ နောက်ဘဝ မရှိဘူးဆိုတဲ့ အယူဝါဒ လက်ကိုင်ထားတယ်ဆိုတာ တခြားမင်းတွေလဲ သိထားကြပါတယ်။ အကယ်၍ တပည့်တော်ဟာ နောက်ဘဝမရှိဆိုတဲ့ ဒိဝါဒဆိုးကြီးကို စွန့်လိုက်မယ်ဆိုယင် ဘဝိဿန္တိ မေ ဝတ္တာရော – တပည့်တော်ကို ပြောစရာကြီးတွေ ဖြစ်ကုန်လိမ့်မည်။ ဘယ်လိုပြောကြမလဲဆိုတော့–

ယာဝ–အတိဝိယ၊ အလွန်လျှင်။ ပါယာသိရာဇညော၊ ပါယာသိ **မင်းကြီးသည်။** ဗာလော၊ မိုက်၏။

ပါယာသိမင်းကြီးဟာ ညံ့လိုက်တာကွာ ဇွဲမရှိဘူး၊ ဗာလော– မိုက်တယ်၊ အဗျတ္တော–ဉာဏ်နည်းတယ်။ ဒုဂ္ဂဟိတဂါဟိ–စွန့်လွှတ်နိုင်ခဲ့တဲ့ အယူဆိုးကြီးကို ယူထားတာ ယခုမှ တို့သိရလေခြင်း ဆိုပြီးတော့ တခြားမင်းတွေက တပည့်တော်ကို ပြောဆိုကြပါလိမ့်မယ် ဘုရား။

တသ္မာ၊ ထို့ကြောင့်။ အဟံ၊ တပည့်တော်သည်။ **ကောပေနပိ၊ စိတ်ဆိုးချင် ဆိုးပစေတော့။** နံ၊ ထိုအယူကို။ ဟရိဿာမိ၊ ဆောင်မြဲဆောင်ထားလိုက်တော့မယ်။ မက္ခေနပိ၊ အရှင်ဘုရားတို့ရဲ့ အရှိဝါဒကို တိုက်ခိုက်ဖို့ရန်လဲပဲ။ ဟရိဿာမိ၊ တပည့်တော် ဆောင်ထားလိုက်မယ်။ ပဠာသေနပိ၊ အရှင်ဘုရားတို့နှင့် ပြိုင်ဖို့ရန်လဲပဲ။ နံ၊ ထိုဝါဒဆိုးကြီးကို။ ဟရိဿာမိ၊ တပည့်တော် ဆောင်ထားလိုက်မယ်။

## ဥပမာ တခုပြီးတခုပေးပြီးတော့

ပါယာသိမင်းဟာ ဇွဲကောင်းကောင်းနဲ့ ပြိုင်ပြီးတော့ ပြောတယ်။ ဘုန်းကြီးတို့ ပရိသတ်များ-ပရိသတ်ကို မေ့မပစ်ကြနဲ့နော်၊ သေတဗျမြို့က ပရိသတ်တွေဟာ ပါယာသိမင်းကြီးရဲ့ နောက်မှာ ထောင်သောင်းချီပြီးတော့ ဝေးမပြီးတော့ နားထောင်နေကြတယ်၊ အရှင်ကုမာရကဿပရဲ့ နောက်မှာလဲ သံဃာေါ်ရာတို့ကလဲ ဝိုင်းပန်းစောင့်ကြ်ပြီးတော့ နားထောင်နေကြတယ်။ အဲဒီလို ပရိသတ်နှစ်ဘက်စုပြီးတော့ နားထောင်နေတဲ့ စကားစစ်ထိုးပွဲကြီးမှာ–

(က) နောက်ဘဝရှိတယ်၊

(ခ) နောက်ဘဝ မရှိဘူး၊

ဒီစကားနှစ်ခု အချေအတင် ပြေရှင်း ပြောဆိုကြရာမှာ၊ အရှင်ကုမာရကဿပက ပါယာသိမင်းကို စကားတရပ်ပြီးတရပ် ဥပမာတခုပြီး တခု တင်တင်, တင်တင်ပြီးတော့ ခပ်တင်းတင်းလေး ပြောပြောလာတယ်၊ ဟုတ်လား။

ဟို–မီးရှာတဲ့ ဥပမာတုန်းက အမေအဖစွန့်ပစ်ထားခဲ့တဲ့ကလေး ဉာဏ်နည်းလွန်းလို့ မီးရှာတာတယ်တာကို ပါယာသိမင်းကြီးနဲ့ တူတယ်လို့ ပြောခဲ့တယ် မဟုတ်လား။ အဲဒီနောက် လူနဲ့ဘီလူး ခွဲခြားသိတဲ့ ဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်ဦးဆောင်ယင် အဲဒီ ဦးဆောင်သူလဲ ပျက်စီးတယ်၊ နောက်လိုက်တွေလဲ ပျက်စီးတယ်ဆိုတဲ့အကြောင်း ပါယာသိမင်းကို ပြောတယ်။ အခုတဖန် လာလိမ့်မယ်။

ဧဝမေဝ ခေါ ရာဇည ဥပမံ တေ ကရိဿာမိ၊

ရာဇည၊ ပါယာသိမင်း။

တေနဟိ၊ ထိုသို့ ဖြစ်ပါမူကား။

ရှေးဆရာတော်ကြီးများကတော့ "တေနဟိ" ဆိုတဲ့ ပုဒ်ကိုအနက်ဖွင့်တဲ့အခါ ဘယ်လိုဖွင့်လဲဆိုတော့–

တေနဟိ၊ ထိုသို့ ဖြစ်ပြီးကား။

ဒီလို ဖွင့်ကြတယ်၊ ပရိသတ်များ နားလည်ကြမှာ မဟုတ်ဘူး၊ ဘုန်းကြီးတို့လဲ ငယ်ငယ်က အဲဒါ နားမလည်ခဲ့ဘူး။

တေနဟိ၊ ထိုသို့ဖြစ်ပါမူထား။

ဒီလိုဆိုတော့ စာသုံးလုံးမပျက် အဓိပ္ပာယ်လဲရှင်းတယ်။ ဗမာလို ဆိုယင်တော့—

တေနဟိ၊ ဒီလိုဆိုယင်ကွာ။

အဲဒါက အရပ်ပြော ဟုတ်လား။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ တေ၊ သင့်အတွက်။ ဥပမံ၊ ဥပမာကို။ ကရိဿာမိ၊ ငါပြုဦးမယ်။

ဥပမာယ မိဓေကစ္စေ ဝိညူပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ။

ဥပမာနဲ့ပြယင် ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေ နားလည် လွယ်ကြတယ်၊ သိလွယ်ကြတယ်။

ကောင်းပြီအရှင်ဘုရား—ဆန်းကြယ်တဲ့ စကားပြောကြားတတ်တဲ့ စိတ္တကထိ မဟာကထိက ဖြစ်တော်မူတဲ့ အရှင်ဘုရားရဲ့ စကားဟာ ဆန်းကြယ်လွန်းလို့ နားထောင်လို့ ကောင်းလိုက်တာ၊ ဥပမာ လေးများနဲ့ ပြောပါဦးဘုရား—တဲ့။ ဒီတော့ အရှင်ကုမာရကဿပ မထေရ်က—

## ဝက်မွေးသမား ဝက်စာတွေ့ပြီ

ရာဇည၊ ပါယာသိမင်း။

ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူး အကြောင်း ထူးကား။ အညတရော သူကရပေါသကော ပုရိသော၊ ဝက်မွေးထားတဲ့ ပုဂ္ဂိုလ်တယောက် သည်။ သကမှာ ဂါမာ၊ မိမိရွာမှ။ အညံ ဂါမံ၊ တခြားတပါး ရွာသို့။ အဂမာသိ၊ သွားတယ်။

ဝက်မွေးထားတဲ့ လူတယောက်ဟာ မိမိရွာကနေ တခြားရွာကို သွားပါလေရော။

တတ္ထ အဒ္ဒသ ပဟူတံ သုက္ခဂူထံ ဆဍ္ဍိတံ။

သော၊ ထိုဝက်မွေးထားတဲ့ ပုဂ္ဂိုလ်တယောက်သည်။ တတ္ထ၊ ထိုဆိုက် ရောက်သွားတဲ့ တခြားရွာ၌။ ပဟူတံ၊ မြောက်မြားလှစွာသော။ ဆဍ္ဍိတံ၊

စွန့်ပစ်ရှိထားသော၊ သုက္ခဂူထံ၊ ခြောက်သွေ့၍ နေတဲ့ မစင်တွေကို။ အဒ္ဒသ၊ တွေ့မြင်ခဲ့လေပြီ။

ဘုန်းကြီးတို့ အစေလကဿပသုတ်ကို ဟောတုန်းကတော့ ဒီဥပမာကို စကားပြေလေးနဲ့ ပြောခဲ့တယ်၊ ပါယာသိသုတ္တန်ကယူပြီး ပြောပါတယ်လို့ ပြောခဲ့တယ်။

ဝက်မွေးတဲ့ လူတယောက်ဟာ ရွာတရွာရောက်တော့ ရွာတရွာလုံးက စွန့်ပစ်ထားတဲ့ ခြောက်နေတဲ့ မစင်တွေကို တွေ့ပါတယ်တဲ့။ စာအတိုင်း ပြောပါတယ်၊ အဓိပ္ပာယ်က သိပ်ရှင်းလွန်းလို့ ဘုန်းကြီးတို့အပိုထည့်မပြောပါဘူး၊ ဟုတ်လား။ တရွာလုံးက စွန့်ပစ်ထားတဲ့ ခြောက်သွေ့နေတဲ့ မစင်တွေကို ဝက်မွေးထားတဲ့ လူတွေ့တဲ့အခါ သူက ဘယ့်နှယ်စဉ်းစားတုန်းဆိုတော့—

**အယံ ခေါ** ပဟူတော သုက္ခဂူထော **ဆဍ္ဍိတော၊ မမ စ**

**သူကရဘတ္တံ၊** ယံနူနာဟံ ဣတော သုက္ခဂူထံ ဟရေယျန္တိ။

အယံ၊ ဤစွည်းဟာ။ ပဟူတော၊ မြောက်မြားစွာ။ ဆဍ္ဍိတော၊ စွန့်ပစ်ထားသော။ သုက္ခဂူထော၊ မစင်ခြောက်တွေ။

အယံ၊ ဤမစင်ခြောက်သည်။ မမ၊ ငါ့ရဲ့။ သူကရဘတ္တံ၊ ဝက်စာဖြစ်ပါတယ်။

ဒီတရွာလုံး စွန့်ပစ်ထားတဲ့ မစင်ခြောက်တွေဟာ အချိုးနှိုးမဖြစ်ဘူး အလဟဿ မဖြစ်ဘူး။ ရွာသားတွေ နားလည်လို့ စွန့်ပစ်ထားကြတာ။ ငါလို ဝက်မွေးထားတဲ့ ပုဂ္ဂိုလ်တယောက်အတွက်တော့ အဲဒါ ဝက်စာအဖြစ် အသုံးကျတယ်။

အဟံ၊ ငါသည်၊ ဣတော၊ ဤရွာမှ။ သုက္ခဂူထံ၊ ခြောက်သွေ့တဲ့ မစင်ကို။ ဟရေယျံ၊ ဆောင်ယူရပါမူကား။ ယံနူန၊ ကောင်းလေစွ။

ဣတိ၊ ဤသို့၊ စိန္တေတွာ၊ ကြံစည်ပြီးသော်။ သော ပုရိသော၊ ထိုပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိရဲ့။ ဥတ္တရာသင်္ဂံ၊ အပေါ်က ရုံလေ့တဲ့ အထည်ကြီးကို။

ဥတ္တရာသင်္ဂ—အပေါ်ရုံအဝတ်တဲ့၊ အဒီ ယမ်းကတ်ပုံးနဲ့ ကြည့်နော်၊ တကိုယ်လုံးအပေါ်က ရုံထားတဲ့ ဆာလံကြီးပေါ့၊ ဟုတ်လား။

## ဝက်စာထုပ်ထမ်းအပြန်လမ်းမှာ

ဥတ္တရာသင်္ဂ၊ အပေါ်ရုံ ဆာရီခြုံထည်ကြီးကို။ ပတ္ထရိတွာ၊ ဖြန့်လိုက်၍။

အားပါးတရနဲ့ ဝက်စာတွေ အခုမှ တွေ့တယ်ဆိုပြီး၊

ပတ္ထရိတွာ၊ဖြန့်လိုက်ပြီးတော့မှ။ ပဟူတံ၊မြောက်မြားလှစွာသော။ သုက္ခရုတံ၊ မစင်ခြောက်တွေကို။ အာကိရိတွာ၊ အပြည့်ထည့်၍။ ဘဏ္ဍိကံ-ဗန္ဓိတွာ၊ အထုပ်ကြီးထုပ်ပြီးတော့မှ၊ သီသေ၊ ဦးခေါင်း၌။ ဥဗ္ဗာဟေတွာ၊ ရွက်ပြီးတော့။ အတ္တနောဂါမံ၊ မိမိရဲ့ရွာသို့။ အဂမာသိ၊ ပြန်လာခဲ့တယ်။

အဲဒီပုဂ္ဂိုလ် လုပ်လိုက်ပုံကတော့နော်၊ တခါတည်း အပေါ်ရုံ ခြုံထည်ကြီးကိုဖြန့် မစင်ခြောက်တွေ အပြည့်သိပ်ထည့်၊ အထုပ်ကြီးထုပ်ပြီး ခေါင်းပေါ်မှာ ရွက်ပြီးတော့ ရွာပြန်လာတယ်တဲ့။ ဝက်စာထုပ်ကြီး ရွက်ပြီး ရွာပြန်လာရောတဲ့၊ ဟုတ်လား။ ဉာဏ်နည်းတဲ့လူ အလုပ်လုပ်တာ နော်၊ အသိဉာဏ်အလွန်နည်းတဲ့ ဗာလဆိုတဲ့ပုဂ္ဂိုလ် အလုပ်လုပ်နေတာ၊ ဟုတ်လား။ ကိုင်း—ဘာဖြစ်မတုန်း။

တဿ အန္တရာမဂ္ဂေ မဟာအကာလမေဃော ပါဝဿိ။

တဿ၊ ထိုဝက်စာထုပ် ရွက်လာသော ပုဂ္ဂိုလ်ဘယောက်အတွက်။ အန္တရာမဂ္ဂေ၊ မိမိရွာမရောက်မီ လမ်းခုလတ်မှာ။ မဟာအကာလမေဃော၊ အခါမဲ့ရွာသော မိုးကြီးသည်။ ပါဝဿိ၊ သည်းထန်စွာ ရွာခဲ့လေပြီ။

ရွာမရောက်ခင် လမ်းခုလတ်မှာ မိုးကြီးပုန်းကနဲဆို သည်းထန်စွာ ရွာချလိုက်တယ်တဲ့။ ကိုင်း—ဘုန်းကြီးတို့ ပရိသတ်ကို ရှေ့ဆက်မပြောပဲနဲ့ သိလောက်ကြပြီ၊ ဟုတ်လား။ ဝက်စာထုပ် ရွက်လာတဲ့လူ ဘယ်လိုဖြစ်တယ်ဆိုတာ ရှေ့ဆက် မပြောပဲနဲ့ သိကြပြီနော်။

သော ဥဂ္ဃရန္တံ ပဂ္ဃရန္တံ ယာဝ အဂ္ဂနခါဂူထေန
မက္ခိတော ဂူထဘာရံ အာဒါယ အဂမာသိ။

မိုးက တဝုန်းဝုန်းနဲ့ သည်းထန်စွာ ရွာချတော့-

ဥဂ္ဃရန္တံ၊ အထက်ကိုလဲပဲ စိမ့်ပြီးတော့ထွက်၍ နေပေထသော။ ပဂ္ဃရန္တံ၊ အောက်ကိုလဲပဲ ယိုစိမ့်၍ ကျနေပေထသော။

အထက်ကိုလဲစိမ့်ထွက်၊ အောက် ဲစီးပြီးတော့ ကျလာတယ်။

ယာဝအင္ဂနခါ၊ အောက်ဘက်ခြေသည်းအဖျားလေးတိုင်အောင်။ မက္ခိတာ၊ လိမ်းကျံ၍လာသော။ သော၊ ထိုသူသည်။ ဂူထဘာရံ၊ မစင် ထုပ်ကြီးကို။ အာဒါယ၊ ယူဆောင်၍။ အဂမာသိ၊ မိမိရွာသို့ ပြန်လာခဲ့ လေ၏။

ဟော့လူ-ခင်ဗျားရူးနေသလား

တံ၊ ထိုသူကို။ မနုဿာ၊ လူတို့သည်။ ဒိသွာ၊ တွေ့မြင်ကြကုန် သည်ရှိသော်။ ဧဝံ၊ ဤသို့။ အာဟံသု၊ ပြောဆိုကြလေကုန်ပြီ။

တွေ့တဲ့လူတွေက ဆဲကြဆိုကြကြိမ်းကြမောင်းကြနဲ့ အဲဒီလူကို—

ကစ္စိနော တွံ ဘဏေ ဥမ္မတ္တော ကစ္စိ ဝိစေတော၊

ဘဏေ၊ အို-အချင်းယောကျ်ား။

တွံ၊ သင်သည်။ ကစ္စိ၊ အသို့နည်း။ ဥမ္မတ္တောနု၊ ရူးမျှားရူးနေ သလား။

ဘဏေ၊ အို-အချင်းယောကျ်ား။

တွံ၊ သင်သည်။ ကစ္စိ အသို့နည်း။ ဝိစေတောနု၊ စိတ်များ ဖောက်ပြန်နေသလား။

ဟော့လူ-ခင်ဗျား ဘယ်လိုလုပ်လာတာလဲ၊ ခင်ဗျားရူးနေသလား။ စိတ်ဘော့များ ဖောက်ပြန်နေသလား။ ဘာဖြစ်လို့တုန်းဗျ-ခင်ဗျားတို့က ဆို လှချည့်လား။

ဥဂ္ဃရန္တံ၊ အထက်ကိုလဲ စိမ့်ထွက်၍နေသော။ ပဃ္ဃရန္တံ၊ အောက် ကိုလဲပဲ ယိုစီးကျ၍နေပေသော။ ယာဝအင္ဂနခါ၊ အောက်ဘက်ခြေသည်း ဖျားလေးတိုင်အောင်၊ ဂူထေန၊ မစင်ဖြင့်။ မက္ခိတော၊ လိမ်းကျံ၍ လာ သော။ တွံ၊ သင်သည်။ ဂူထဘာရံ၊ မစင်ဝန်ထုပ်ဝန်ပိုးကြီးကို။ ကထံ-ကသ္မာ၊ ထာရကာ၊ အဘယ်ကြောင့်။ ဟရိဿတိနာမ၊ သယ်ဆောင်၍ လာခဲ့ ပါဘိသနည်း။

ဟော့ အထက်ကိုလဲ စိမ့်ထွက် အောက်ကိုလဲ ယိုစီးကျပြီးတော့ နံစော်နေတဲ့ ပောဒိအထုပ်ကို ခင်ဗျား ဘယ်နှယ်ကြောင့် ရွက်လာခဲ့တာတုန်း၊ ရူးမျှားနေသလား၊ စိတ်ဖောက်ပြန်နေသလားလို့ ဝိုင်းပြီးတော့ ပြောကြတာ၊

ဘယ်သူမှ လက်မခံပဲ နှင်ထုတ်ကြပြီ

အဲဒီလို ပြောကြတော့ ထိုမစင်ရွက်လာတဲ့ လူက ဘာပြန်ပြောတယ်မှတ်သလဲ·

တုမှေ့ ခေတ္ထ ဘဏေ ဥမ္မတ္တာ တုမှေ့ ဝိစေထာ၊
တထာ ဟိ ပန မေ သူဏရဘတ္တန္တိ။

ဘဏေ၊ အို–အချင်းတို့

တုမှေ့၊ သင်တို့သည်။ ဝိစေတာ၊ စိတ်တွေဖောက်ပြန်နေကြတယ်။

တထာ–တသ္မာကာရဏာ၊ ထိုအကြောင်းကြောင့်။ ပဟူတံ၊ မြောက်မြားလှစွာသော'၊ ဤဒ်သုက္ခဂူထံ၊ ဤမစင်ခြောက်သည်။ မေ၊ ငါ့ရဲ့။ သူကရဘတ္တံ၊ ဝက်စာအလို့ငှာ သယ်ဆောင်လာတယ်။

မင်းတို့သာရူးနေကြတာပါ ငါမရူးပါဘူး၊ ပောဒိဥစ္စာ ငါ့ရဲ့ဝက်စာတွေ၊ သူက ဒီလိုပြန်ပြောတယ်။ ဝက်စာထုပ်အဖြစ် သယ်လာတာ သူ့ကိုသနားလို့ ဘေးကလူတွေက ဘယ်လိုပဲ ပြောဆိုတားမြစ်ဆုံးမကြစကာမူ၊ ထိုဆုံးမကြတဲ့ပုဂ္ဂိုလ်တွေကို သူက ဘာပြောလိုက်သလဲဆိုတော့ မင်းတို့သာရူးနေကြတာပါ၊ ဝက်စာအဖြစ် ငါသယ်လာတာဆိုပြီးတော့ ဤအထုပ်ကိုသူသည် စွန့်ပစ်ခြင်းမရှိပဲ–

ဂူထေန၊ မစင်ဖြင့်။ မက္ခိတော၊ လိမ်းကျံ၍နေသော။ ဂူထဘာရံ၊ မစင်ဝန်ထုပ်ကြီးကို။ အာဒါယ၊ ယူဆောင်၍။ အဂမာသိ၊ မိမိအိမ်ရောက်သည့်တိုင်အောင် သွားပါတယ်။

ထိုပုဂ္ဂိုလ်သည် တကိုယ်လုံးမှာ မြင်မကောင်းအောင် ဖြစ်နေပေမယ့် ဒီအထုပ်ရွက်ပြီးတော့ အိမ်ရောက်အောင် သယ်သွားပါတယ်တဲ့၊ ဟုတ်သား၊ အိမ်ရောက်ပြန်တော့လဲ မိဘဆွေမျိုးသားချင်းတို့က လက်မခံ၊ အပေါင်းအသင်း ရောင်းရင်းတို့ကလဲ သူ့ကို အပေါင်းအဖော်

မလုပ်၊ ဇနီးကတော င် သူ့ကို အနှောင့်အယှက်မပေးခဲ့ဘူး၊ ငေပ်မြန်မြန် အိမ်က နှင်ထုတ်ရတယ်။

ဗီအနံ့စင်သွားအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို "ဂူထကူပ ဥပမာ"တုန်းက ပြောထားခဲ့ဘယ်နော်၊ဝါးခြမ်းပြားလေးနဲ့ ဘယ်လိုခြစ် ရမယ်လို့ မြေကြီးနဲ့ ဘယ်လိုလိမ်းရမယ်လို့ ဆီနဲ့ဘယ်လိုပွတ်ရမယ်လို့ဆို တာတွေကို အကြိမ်ကြိမ်ပြောခဲ့ပြီးပါပြီ၊ သန့်ရှင်းအောင် လုပ်ရမယ်ဆိုတဲ့ အကြောင်းတွေ ပြောခဲ့ပြီးပါပြီ၊ ဟုတ်လား၊

အေး ဘယ်သူကမှသက်မခံ ထိုလူ ရွာထဲမှာ အရှက်တကွဲဖြစ်ပြီး ရွာက နှင်ထုတ်ခံလိုက်ရတဲ့အဖြစ်ကို ရောက်ပါတယ်။

## ဆန်းကြယ်တဲ့ဥပမာတွေပြပြီး ဆုံးမတယ်

ရာဇညာ၊ ပါယာသိမင်း၊

တံ့ပိ၊ သင်လဲ၊ ဧဝမေဝ၊ ဤအတူပင်လျှင်။ ဂူထဘာရိက္ကူပ မောမညော၊ မစင်ထုပ်ကို ယူဆောင်လာတဲ့ ပုဂ္ဂိုလ်နှင့်တူစွာ၊ ငွဲ့ဘာသိ၊ သင်ရဲ့သဘောတရားဟာ ဟောဒီမှာ ထင်ရှားနေတယ်။

ဒကာတော်မင်းကြီးဟာ မိစ္ဆာဒိဋ္ဌိကို ဒါလေးက်တောင် နှစ် ပေါင်းများစွာ သယ်ဆောင်လာတာဟာ ဘာနဲ့တူတုန်းဆိုတော့ မိုးသဲသဲ ရွာနေတဲ့အခါ မစင်ထုပ်ခေါင်းပေါ်မှာ ရွက်ပြီးတော့ လာသလိုပါပဲ ဒကာတော်မင်းကြီး၊ ဒကာတော်မင်းကြီးရဲ့ ဟောဒီနောက်ဘဝမရှိဘူးဆို တဲ့ မိစ္ဆာအယူ မစင်တုပ်ကြီးဟာ မိုးသည်းထန်စွာ ရွာတော့ ဒကာ တော်မင်းကြီး ပင်ပန်းရှာလိမ့်မယ်။

ရာဇညာ၊ ပါယာသိမင်း၊

ဧဝရူပံ၊ ဤသို့ ဒါလောက်စက်ဆုပ်ဖွယ်ရာ ပေါင်းလုစွာသော၊ ဂူထဘာရိဝိယ၊ မစင်ထုပ်ကြီးနဲ့ တူလှစွာသော။ တေ၊ သင်မင်းကြီးရဲ့ ပါပကံ၊ ယုတ်မာလှစွာသော၊ တံဒိဋ္ဌိဂတံ၊ ထိုနောက်ဘဝမရှိဆိုတဲ့ မိစ္ဆာအယူကြီးကို။ ပဋိနိဿဇ၊ စွန့်လွှတ်လိုက်ပါလေလော့၊

ရာဇညာ၊ ပါယာသိမင်း၊

တေ၊ သင်မင်းကြီးအတွက် ဒီဃရတ္တံ၊ ကြာမြင့်စွာသော နေ့ ညဥ့် ရက် လ နှစ်တို့ပတ်လုံး (ဝါ) ကြာမြင့်စွာသော ဘဝတို့ပတ်လုံး၊

အဟိတဘာဝ၊ အစီးအပွားမဲ့ဖို့ရန်။ ဒုက္ခာဝ၊ ဆင်းရဲဖို့ရန်။ မာအာဟောသိ၊ မဖြစ်ပါစေနဲ့။

ဒကာတော်မင်းကြီး–ဟောဒီမိတ္တဒိဋ္ဌိအယူမှားဆိုတဲ့ မစင်ထုပ်ကြီးကို မချနိုင်ဘူးဆိုယင်တော့ ဒကာတော်မင်းကြီးဟာ ဘဝများစွာ သံသရာမိုးရွာထဲမှာ မစင်ထုပ်ထမ်းလာတဲ့လူလို ဒုက္ခများတော့မယ်။ ဒါကြောင့် ဒကာတော်မင်းကြီး–မိစ္ဆာအယူဆိုတဲ့ မစင်ထုပ်ကြီးကို စွန့်လိုက်စမ်းပါ၊ မစွန့်ယင် ဒုက္ခဖြစ်လိမ့်မယ်၊ စွန့်လွှတ်လိုက်စမ်းပါ ဒကာတော်မင်းကြီး။

ဣတိ၊ ဤသို့။ အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ဂူထဘာရိကူပမာယ၊ မစင်ထုပ်ထမ်းလာသည့် ဥပမာဖြင့်။ ပါယာသိရာဇညံ၊ ပါယာသိမင်းကြီးကို။ အနုသာသတိ၊ ကောင်းစွာ မခဲသွ ဆုံးမတော်မူလိုက်ပါပေသတည်း။

“သာဓု–သာဓု–သာဓုပါဘုရား”

ဘာဥပမာပါလိမ့်၊ “ဂူထဘာရိကဥပမာ” မစင်ထုပ်ထမ်းလာတဲ့ ဥပမာ၊ ဟုတ်လား။ အခုနက “သတ္တဝါဟဥပမာ” လှည်းကုန်သည်မူးဟာ ဘီလူးနဲ့လူကို ခွဲခြားမသိတဲ့အတွက်ကြောင့် ပျက်စီးရတဲ့ ဥပမာ၊ ဟုတ်လား။ ဆန်းဆန်းကြယ်ကြယ်ဥပမာများစွာဖြင့် အရှင်ကုမာရကဿပမထေရ်က ပါယာသိမင်းကြီးကို ဆုံးမပြန်တယ်၊ ဟုတ်လား။

ကိုင်း–ဒီနေ့ည ၉ နာရီ ၁၅ မိနစ်ရှိပြီမို့ နားကြဦးစို့။

# ပါယာသိသုတ္တန်

## အဌမပိုင်း

၁၃၄၃-ခုနှစ်၊ ဝါဆိုလဆန်း ၅-ရက်နေ့ည

ရန်ကုန်တိုင်း၊ အလုံမြို့နယ် မလွန်ဆန်လွှာအသင်းထောက်၏

ဓမ္မသဘင်၌ ဟောကြားသည်။

## မစွန့်နိုင်ခြင်းအကြောင်း ပါယာသိမင်းပြောတယ်

အရှင်ကုမာရကဿပမထေရ်က ဥပမာ အရပ်ရပ်တို့ဖြင့် ဆန်းဆန်းကြယ်ကြယ်ပြုပြီး ပါယာသိမင်းကြီးအား ဆုံးမတော်မူပါတယ်။ ဒကာတော်မင်းကြီးရဲ့ အယူမှားကြီးကို စွန့်လွှတ်လေလော့၊ ဤအယူမှား မစွန့်လွှတ်ပဲနေယင်၊ ကြာမြင့်စွာသော ကာလတို့ပတ်လုံး ဒကာတော်မင်းကြီးရဲ့ ကိုယ်စိတ်နှစ်ပါး ဆင်းရဲလိမ့်မယ်လို့ အရှင်ကုမာရကဿပ ဆုံးမတော်မူပါတယ်။

ဒီအခါ ပါယာသိမင်းက တက်လာပြန်တယ်၊ ဘယ်လိုတက်လာသလဲဆိုတော့—

ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ၊

ဘဝံကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ဧဝံ၊ ဤသို့။ ကိဉ္စာပိအာဟ၊ အကယ်၍ကား ဆိုတော့ဆိုပါ၏။

အရှင်ဘုရား ဒီလိုပြောတာတော့ ဟုတ်သားပဲ၊ အရှင်ဘုရား မိန့်တော်မူတဲ့ ဥပမာတွေဟာ တယ်ပြီးတော့ ကောင်းတယ်၊ ယုတ္တိအလွန်တရာရှိတယ်၊ သဘာဝယုတ္တိ အလွန်မိတယ်ဘုရား။ ဒါပေမယ့်ဘုရား—

အထ ခေါ နေဝါဟံ သက္ကောမိ ဣဒံ ပါပကံ ဒိဋ္ဌိဂတံ ပဋိနိဿဇ္ဇိတုံ။

အထခေါ၊ သို့သော်လည်း။ အဟံ၊ တပည့်တော်သည်။ ဣဒံပါပကံ၊ ဤယုတ်မာလှစွာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူကြီးကို။ ပဋိနိဿဇ္ဇိတုံ၊ စွန့်လွှတ်ဖို့ရန်။ နေဝသက္ကောမိ၊ မတတ်နိုင်သေးပါဘုရား။

အရှင်ဘုရားပြောတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီအယူကြီးကို တပည့်တော် မစွန့်နိုင်သေးဘူးဘုရား။ ဒကာတော်မင်းကြီး— ဘယ့်နှယ်ကြောင့် မစွန့်နိုင်ရတာတုန်း။

ဆုဇ္ဇပိ မံ ပသေနဒိဓမ္မော်သလော ဇာနာတိ
တိဒ္ဓရာရာဇာနော်ပိ—

ဘော ကဿပ၊ အို—အရှင်ကုမာရကဿပ။

ရာဇာပိပသေနဒိကောသလော၊ ပသေနဒိကောသလ မင်းကြီး
ကလဲ၊ မံ၊ တပည့်တော်ကို၊ ဇာနာတိ၊ သိထားပါတယ်ဘုရား။ တိရော
ရာဇာနော်ပိ၊ တခြားတခြား ၊တိုင်းတပါးမင်းတွေကလဲ၊ မံ၊ တပည့်
တော်ကို၊ ဇာနန္တိ၊ သိရှိထားကြပါကုန်သည်ဘုရား။

အရှင်ကုမာရကဿပ—တပည့်တော်ကို ကောသလမင်းကြီး ကလဲ
သိထားတယ်၊ အခြားအခြား တိုင်းတပါးက မင်းတွေကလဲ သိထားကြ
ပါတယ်။ ဘယ်လို သိထားကြတုန်းဆိုတော့ ပါယာသိမင်းဟာ—

(၁) နောက်ဘဝဆိုတာ မရှိ၊

(၂) ငရဲ နတ် ပြဟ္မာ မရှိ၊

(၃) ကုသိုလ် အကုသိုလ်ဆိုတာ မရှိ၊

ဆိုတဲ့ဥစ္ဆေဒဒိဋ္ဌိအယူရှိတယ်၊ဒီအယူကို ယူစွဲထားတယ်လို့ ကောသလ
မင်းကြီးကလဲ သိထားတယ်၊ အခြားအခြား တိုင်းတပါးက မင်းတွေ
ကလဲ တပည့်တော်ကို သိထားကြတယ်ဘုရား။ အဲဒီလို အများသိပြီး
ဖြစ်နေတော့ ဒီအယူမှားကြီးကို တပည့်တော်စွန့်ဖို့ရန် ခက်နေပါတယ်
ဘုရားလို့ ဒီလိုလျှောက်တယ်။

အကယ်၍ တပည့်တော်ဟာ နှစ်ပေါင်းများစွာက ယူစွဲလာခဲ့တဲ့
အယူမှားကြီးကို အခုမှ စွန့်လိုက်ရမယ်ဆိုယင် တပည့်တော်ကို ကောသလ
မင်းကြီးကလဲ ဆိုလိမ့်မယ်၊ တိုင်းတပါးက မင်းတွေကလဲ တပည့်တော်ကို
ပြောဆိုကြလိမ့်မယ်။ ပါယာသိမင်းကြီးဟာ အလွန် ဉာဏ်နည်းတဲ့
ရှင်ဘုရင်ကြီး သတ္တိမရှိဘူး ခုတမျိုး ခုတမျိုးဖြစ်တယ်လို့ တပည့်တော်ကို
ပြောဆိုကြလိမ့်မယ်ဘုရား၊ အဲဒါကြောင့်မို့လို့ ဒီအယူကို ဘုရားတပည့်
တော် ဒီအတိုင်းပဲ ထားပါရစေတော့ မစွန့်လွှတ်နိုင်တော့ပါဘူးရယ်လို့ သူ
လျှောက်ပါတယ်။

## ကြွေအန်ကစားသူနှစ်ယောက် ဥပမာနဲ့ပြောမယ်

ဒီအခါမှာ အရှင်ကုမာရကဿပမထေရ်က ရပ်မနေဘူး။

တေန ဟိ ရာဇည ဥပမံ တေ ကရိဿာမိ၊ ဥပမာယ
မိဓေကစ္စေ ဝိညူပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ။

ရာဇည၊ ပါယာသိမင်း။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ တေ၊ သင်မင်းကြီးအတွက်၊ အဟံ၊ ငါသည်။ ဥပမံ၊ ဥပမာတခုကို။ ကရိဿာမိ၊ ဆောင်ပြဦးမယ်။

ဒကာတော်ပါယာသိမင်း–ထိုသို့ဖြစ်ပါလျှင် သင့်ကို ငါ ဥပမာတခု ဆောင်ပြဦးမယ်။

ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ ဝိညူပုရိသာ။ ဉာဏ်ရှိတဲ့ ယောကျာ်းတို့သည်။ ဥပမာယ၊ ဥပမာဖြင့်။ ဘာသိတဿ၊ ပြောဆိုအပ်သော စကားရဲ့။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ အာဇာနန္တိ၊ သိရှိနားလည်ကြပါတယ်။

ဒီလောကမှာ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ဥပမာဆောင်ပြယင် ဆိုလိုတဲ့ အဓိပ္ပာယ်ကို နားသည်သွားကြတယ်။ ဒါကြောင့် သင်မင်းကြီး အတွက် ငါဥပမာတခု ဆောင်ပြမယ်၊ နားထောင်စမ်းပါ။ မှန်လှပါ ဘုရား–ဒီလိုဆိုယင် အရှင်ဘုရား ဘာဥပမာ မိန့်ကြားမှာပါလဲ၊ အရှင်ဘုရားမိန့်ကြားတဲ့ ဥပမာတခုကို မိန့်ကြားတော်မူပါဘုရား။ တပည့် တော် နားထောင်ပါမယ်။ ဥပမာလေး ပြောပါဦးဆိုတော့ အရှင်ကုမာရ ကဿပမထေရ်သူမြတ်က–

ဘူတပုဗ္ဗံ ရာဇည ဒွေ အက္ခဓုတ္တာ ဒိဗ္ဗိံသု။

ရာဇည၊ ပါယာသိမင်း။

ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဖူးအကြောင်းတရားကား။ အက္ခဓုတ္တာ၊ ကြွေအန် ကစားကြသောကု၊ ဒွေ၊ နှစ်ယောက်သော ပုဂ္ဂိုလ်တို့သည်။ ဒိဗ္ဗိံသု၊ ရှိခဲ့ ဖူးကြလေကုန်ပြီ။

ဒကာတော်ပါယာသိမင်း၊ ရှေးက ဖြစ်ခဲ့ဖူးတဲ့ အကြောင်းတခုကို ပြောရမယ်ဆိုယင် ရှေးရှေးတုန်းက ကြွေအန်လောင်းကစားတဲ့ လူနှစ် ယောက် ရှိခဲ့ဖူးပါတယ်၊

ဒီဥပမာဟာ အရှင်ကုမာရကဿပရဲ့ ၁၃–ခုမြောက် ဥပမာဖြစ်ပါတယ်၊ ဥပမာရဲ့ အမည်ကို ပါဠိတော်မှာ "အက္ခဓုတ္တကူပမာ" လို့ အမည်ပေးပါတယ်၊ မြန်မာလို ပြောရယင်တော့ "ကြွေအန် လောင်းကစားသူ နှစ်ယောက်တို့ရဲ့ ဥပမာ" လို့ ဒီလို ပြောရမယ်။

ဒကာတော်ပါယာသိမင်း ရှေးတုန်းက ကြွေအန်လောင်းကစားကြတဲ့ လူနှစ်ယောက် ရှိခဲ့ဖူးတယ်၊ ရှိခဲ့ဖူးယင် ဘယ်လိုပါလဲ ဘုရား။

## ကြွေသီးကို ဝါးပြီးထွေးပစ်တယ်

တေ၊ ထိုနှစ်ယောက်သော ပုဂ္ဂိုလ်တို့သည်။ အက္ခေဟိ၊ ကြွေအန်တို့ဖြင့်။ ဒိဗ္ဗိံသု–ကိဠိံသု၊ ကစားကြလေကုန်ပြီ။

ကြွေအန်လောင်းကစားကြတဲ့ ပုဂ္ဂိုလ်နှစ်ယောက်တို့ဟာ ကြွေသီးလေးတွေကိုင်ပြီးတော့ အဲဒီမှာ ကစားကြတယ်တဲ့။ ကစားကြတော့ ကစားတိုင်း ကစားတိုင်း တယောက်သော ပုဂ္ဂိုလ်ကနိုင်တယ်၊ တယောက်သော ပုဂ္ဂိုလ်က ကစားတိုင်း ကစားတိုင်း ရှုံးနေတယ်။ အဲဒီလို ရှုံးတဲ့ ပုဂ္ဂိုလ်နဲ့ နိုင်တဲ့ ပုဂ္ဂိုလ်နှစ်ယောက် ဖြစ်သော့ ရှုံးတဲ့ ပုဂ္ဂိုလ်က ဘာလုပ်တုန်းဆိုတော့–

ဧကော အက္ခဓုတ္တော အာဂတာဂတံ ကလိံ ဂိလတိ၊

အထခေါ၊ ထိုအခါ၌၊

ဧကော အက္ခဓုတ္တော၊ ကြွေအန် လောင်းကစားသမားတို့သည်။ အာဂတာဂတံ၊ ရောက်လာတိုင်း ရောက်လာတိုင်းသော။ ကလိံ၊ ရှုံးတဲ့ ကြွေလုံးတွေကို။ ဂိလတိ၊ မျို၍ မျို၍ ချတယ်။ (ဝါ) ဂိလတိ၊ ပါးစပ် ထဲထည့်ပြီးတော့ ဝါးပစ်လိုက်တယ်။

ရှုံးတဲ့ပုဂ္ဂိုလ်က ဒီကြွေလုံးဟာရှုံးတယ်၊ ဒီကြွေသီးဟာ ရှုံးတယ်၊ ဒီကြွေသီးဟာ မင်္ဂလာမရှိဘူးဆိုပြီးတော့ အရှုံးဘက်က ပြပြနေတဲ့ ကြွေသီးကို စိတ်ဆိုးဆိုးနဲ့ ကောက်ကောက်ပြီး ပါးစပ်ထဲထည့်ပြီးတော့ ဝါးဝါးပစ်တယ်၊ မျိုချပစ်လိုက်တယ်တဲ့။ ပါဠိတော်ကတော့ ဂိလတိ မျိုချတယ်လို့ ဆိုတာပဲ၊ တကယ်မျိုတာလား ပါးစပ်ထဲငုံထားတာလား စိတ်ဆိုးမာန်ဆိုးနဲ့ နင်ရှုံးရမလားဆိုပြီး ကြွေသီးကောက်ဝါးတာလား ဒါ တခုခုပဲ။

အာဂတာဂတံ၊ ရောက်လာတိုင်း ရောက်လာတိုင်း သော၊ ကလိံ၊ ကြွေလုံးကို။ ဂိလတိ၊ မျိုချတယ် (ဝါ) ဝါးပြီးတော့ ထွေးပစ်လိုက်တယ်။

ကြွေသီး ကြွေလုံးကို မျိုချပစ်တယ်ဆိုယင်လဲ တမျိုးကြီးပဲ၊ ကြွေသီးမဟုတ်လို့ အခြားသစ်သား ဘာညာတစုံတခု ရှိဆိုလို့ရှိယင်လဲ မျိုချလို့တော်သေးတယ်၊ ကြွေသီး အသီးလိုက်ကြီး မျိုချတာတော့ ဒါဖြစ်ချင်မှ ဖြစ်မယ်ပေါ့လေ၊ အခြား အသီး တစုံတခုရှိယင်တော့ မျိုချလိုက်တယ်ဆိုယင် ဖြစ်စကောင်းတယ်။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်များ မျိုတာတွေ့၊ ထွေးတာတွေ့၊ ဝါးတာတွေ ဒါဟာ ပမာန မဟုတ်ပါဘူး၊ ပမာနက ဘာလဲဆိုတော့ အရှုံးဘက်ကိုပြတဲ့ ဟောဒီအန်စာလုံးကို စိတ်ဆိုးဆိုးနဲ့ မင်္ဂလာ မရှိဘူးဆိုပြီးတော့ ကောက်ပြီး ပါးစပ်လဲထည့်တဲ့ ဒီသဘောကို အဓိက ထားပြီးတော့ မှတ်ကြပါ၊ ဟုတ်လား။

အေး–ဒီလို လုပ်လုပ်နေတယ်၊ အဲဒီလို အရှုံးဘက်ကို ပြနေတဲ့ အန်စာလုံးကို မင်္ဂလာမရှိတဲ့ အန်စာလုံးပဲဆိုပြီးတော့ ကောက်ကောက်ပြီး ပါးစပ်ထဲထည့်ပြီး မျိုတယ်။ ဝါးလို့ ရယင်လဲ မျိုချင်မျိုမယ်ပေါ့၊ ဝါးမရလို့ ရှိယင်လဲ တံထွေးတွေနဲ့ လိမ်းကျံပြီးတော့ သူထွေးပစ်မယ်ပေါ့၊ ဒီလိုမှ မဟုတ်သေးလဲ ပါးစပ်ထဲငုံထားချင် ထားမယ်ပေါ့၊ ဒီလို လုပ်နေတာ။ စိတ်ဆိုးဆိုးနဲ့ မင်္ဂလာမရှိတဲ့ အန်စာတုံးဆိုပြီးတော့ သူ ဒီလို လုပ်ပါတယ်။

## အနိုင်ရချင်ယင် ဗလိနက်စာတင်ပေးမယ်

အဒ္ဒသာ ခေါ ဒုတိယော အက္ခဓုတ္တော တံ အက္ခဓုတ္တံ
အာဂတာဂတံ ဂလိံ ဂိလန္တံ၊

ဒုတိယော အက္ခဓုတ္တော၊ အခြားနိုင်နေတဲ့ ကြွေအန်သမားသည်။ တံအက္ခဓုတ္တံ၊ ထိုရှုံးဘက်ရှုံးနေတဲ့ ကြွေအန်သမားကို။ အာဂတာဂတံ၊ လာတိုင်း လာတိုင်းသော။ ကလိံ၊ ကြွေအန်လုံး ဂိလန္တံ၊ ဝါး မျိုချနေသည်ကို။ အဒ္ဒသာ ခေါ အဒ္ဒသာဝေ၊ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတော့သည်သာလျှင်တည်း။

နိုင်နေတဲ့ ပုဂ္ဂိုလ်တယောက်က ဟိုလူဟာ ကြွေသီးတွေကို ကောက်ကောက်ပြီးတော့ ဝါးမျိုနေတယ်, အန်စာလုံးတွေကို ဝါးနေတယ့်ပါး စပ်ထဲထည့်ပြီးတော့ ငုံထားတယ်ဆိုတာကို တွေ့သွားတယ်၊ မြင်သွားတယ်၊ သိသွားတယ်။ သိသွားတော့ အဲဒီပြိုင်ဘက် ပုဂ္ဂိုလ်က လုပ်တော့မယ်။ ဘာလုပ်မလဲဆိုတော့—

ဒိသွာ တံ အက္ခဓုတ္တံ တေဒဝေါစ—

ဒိသွာ၊ တွေ့မြင်လိုက်ရသည် ရှိသော်၊ ဒုတိယောသော အက္ခဓုတ္တော၊ နှစ်ယောက်မြောက် အနိုင်ရနေတဲ့ ကြွေအန်သမားက။ တံအက္ခဓုတ္တံ၊ ထို ရှုံးနေတဲ့ ကြွေအန်သမားကို။ တေဝစနံ၊ ဤစကားကို။ အဝေါစ၊ ပြောကြားပါတယ်။

အန်စာတုံးတွေကို မျိုချနေတာကို တွေ့မြင်လိုက်ရတဲ့ အခြားပြိုင်ဘက် ပုဂ္ဂိုလ်တယောက်က ထိုသူကို ပြောလိုက်တယ်။

တွံ ခေါ သမ္မ ကေဠိကေန ဇိနာသိ၊

သမ္မ၊ အို—အဆွေ။

တွံ၊ သင်သည်ကား။ ကေဠိတေန၊ ကေန်ပဲ။ ဇိနာသိ၊ ရှုံးနေပုံ ပေါက်တယ်။

အဆွေ—မင်းရှုံးနေသလား။

ဒေဟိ မေ သမ္မ အက္ခေ ပဇောဟိဿာမိ''တိ။

သမ္မ၊ အို—အဆွေ။

အက္ခေ၊ အန်စာလုံးတို့ကို။ မေ၊ ငါ့အား။ ဒေဟိ၊ ပေးပါ။ အဟံ၊ ငါသည်။ တေ၊ ထိုအန်စာလုံးတို့ကို။ ပဇောဟိဿာမိ-ဗလိကမ္မံ ကရိဿာမိ။

ပဇောဟိဿာမိ ဆိုတဲ့ ပါဠိတော်ကို အဋ္ဌကထာက ဗလိကမ္မံ ကရိဿာမိလို့ ဖွင့်လိုက်တော့ အဓိပ္ပာယ်က တမျိုးလေး။

အဆွေ—မင်းအန်စာလုံးတွေကို ကောက်ကောက်ပြီးတော့ မျိုချနေဘယ်၊ ကေန္တတော့ မင်းရှုံးပြီထင်တယ်၊ ဒအေး—အဲဒီလိုဆိုယင် မင်း

အနိုင်ရချင်သလား၊ နိုင်ချင်တာပေါ့။ နိုင်ချင်ယင် မင်းပါးစပ်ထဲက အန်စာလုံးတွေ အကုန်လုံးပေး၊ ဘာလုပ်မလို့တုန်း၊ အဲဒါတွေ ဘာလုပ်မလဲဆိုတော့ ဗလိကမ္မံကရိဿာမိတဲ့ ဗလိကမ္မပူဇော်ပေးမယ်။ ဗလိကမ္မဆိုတာ ပူဇော်တဲ့အလုပ်ပေါ့၊ ဟုတ်လား။

## အန်စာလုံးတွေအကုန်ပေးလိုက်တယ်

ရှုံးတဲ့အန်စာလုံးတွေကို၊ ဆိုကြပါစို့—နတ်စင်တခုမှာ သို့မဟုတ် နတ်ပွဲဘာညာထိုးထားတဲ့နေရာဇာနမှာ သွားတင်ပြီးတော့ အဲဒါကို ပူဇော်ဖွယ်ရာမြောက်မြားစွာတို့ တင်မြှောက်ပသပြီး အကျွန်ုပ် ဤအန်စာလုံးတွေနဲ့ ကစားအား ရှုံးရှုံးနေပါတယ်၊ ရှုံးနေတဲ့အန်စာလုံးတွေကို အရှင်ကြီးအရှင်ကောင်းတို့က ကူညီညာသိုင်းဝိုင်း မပြီးတော့ နိုင်အောင်စောင့်ရှောက်တော်မူကြပါလို့ တန်ခိုးကြီးတဲ့ နတ်ကွန်းတခုမှာ ထားပြီးတော့ ဗလိကမ္မပူပေးမယ်လို့ ဟိုလူက ပြောတာ။

အဟံ၊ ငါသည်။ ဘော၊ ထိုအန်စာလုံးတို့ကို။ ပဇောဟိဿာမိ— ဗလိကမ္မံကရိဿာမိ၊ ဗလိနတ်စာတင်ပြီးတော့ ငါနိုင်အောင် ကြံဆောင်၍ ပေးပါမယ်။—လို

ဒုတိယောအက္ခဓုတ္တော၊ ပြိုင်ဘက်ဖြစ်တဲ့ ဒုတိယအန်စာသမားက။ တံအက္ခဓုတ္တံ၊ ထိုရှုံးနေတဲ့ အန်စာသမားကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ ပြောကြားခဲ့ပါပေ၏။

ဒီလိုလဲ ပြောလိုက်ရော။

"ဧဝံသမ္မ"တိ ခေါ သော အက္ခဓုတ္တော
တဿ အက္ခဓုတ္တဿ အက္ခေ ပါဒါသိ။

ဧဝံသမ္မာတိ၊ ကောင်းပါပြီအဆွေတို့။ သောအက္ခဓုတ္တော၊ ထိုရှုံးနေတဲ့ ကြွေအန်သမားသည်။ အက္ခေ၊ အန်စာလုံးတို့ကို။ တဿအက္ခဓုတ္တဿ၊ ထိုမိမိအား ပြောဆိုလာတဲ့ ပုဂ္ဂိုလ်အား။ ပါဒါသိ၊ ပေးလိုက်လေပြီ။

အရှုံးပြနေတဲ့ အန်စာလုံးတွေ အကုန်လုံးပေးလိုက်တယ်၊ ရော့ကွာ—ငါအနိုင်ရအောင် အဲဒါတွေကို မင်း ဗလိနတ်စာ တင်ပေးစမ်းပါ။ ဒီလိုလဲဆိုလိုက်ရော ဟိုလူက အန်စာလုံးတွေ အကုန်လုံးယူပြီးတော့—

ဘုန်းကြီးတို့ပရိသတ်များ--ယခုအထိ ဘုန်းကြီးတို့ပရိသတ် စဉ်းစားချင်မှ စဉ်းစားမိမယ်၊ နှစ်ယောက်အပြိုင်ကြဲနေတဲ့ ကြွေအန်ကစားပွဲမှာ တယောက်က ရှုံးတယ် တယောက်က နိုင်တယ်။ ရှုံးတဲ့လူက အရှုံးပြတဲ့အန်စာလုံးတွေကို မင်္ဂလာမရှိဘူးဆိုပြီးတော့ ပါးစပ်မှာငုံထားလိုက်တယ်၊ အဲဒါကို ဟိုအနိုင်ရတဲ့လူက မြင်တော့လှမ်းပြောတယ်၊ မင်း-နိုင်ချင်ယင် အဲဒီအန်စာတွေကို ငါနတ်တင်ပေးမယ်လို့ ဒီလိုပြောတယ် မဟုတ်လား။ အဲဒါ ယုံကြည်ပြီးတော့ သူ့အန်စာတွေ ဟိုလူကို အကုန်ပေးလိုက်တယ်တဲ့။

## အဆိပ်လူးတဲ့အန်စာလုံး

အဲဒီကတည်းကိုက စဉ်းစားကြည့်ပေတော့၊ အန်စာလုံးပါးစပ်ထဲ ငုံထားတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လောက်ညံ့တယ်ဆိုတာ ဘယ်လောက်အထိ အသိညဏ်နည်းတယ်ဆိုတာ အဲဒါ စဉ်းစားကြည့်လိုက်ကြပေတော့။ ဘယ်နှယ် ပြိုင်ဘက်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို သူ့အန်စာလုံးတွေ ပေးလိုက်တယ်ဆိုကတည်းကိုက သူညဏ်နည်းလို့ ပေးတာ။

ဟိုလူက သူနိုင်အောင် ဘယ်နတ်တင်ပေးမှာတဲ့တုန်း၊ နိုင်ချင်လို့ ကစားတဲ့ဥစ္စာ တဘက်ကလူကို အနိုင်ရအောင်ဆိုပြီး ဘယ်လိုလုပ်နတ်တင်ပေးမှာတဲ့တုန်း။ ဒါမဖြစ်နိုင်ဘူးနော်၊ ဘာလုပ်ပေးလိုက်သလဲဆိုတော့ ကြည့်ပါ။

အထင်ခါ၊ ထိုအခါမှာ။ သောအက္ခဓုတ္တော၊ ထိုပြိုင်ဘက်ဖြစ်တဲ့ ကြွေအန်သမားသည်။ အက္ခေ၊ မိမိပြိုင်ဘက်ဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ အရှုံးကို ချည်းပြနေတဲ့ အန်စာလုံးတို့ကို။ ဝိသေန၊ အဆိပ်ဖြင့်။ ပရိဘာဝေတွာ၊ လိမ်းကျံလိုက်၍-

အဲဒီအန်စာတွေကို အဆိပ်နဲ့အကုန်လုံးစိမ်လိုက်တယ်တဲ့၊ အဆိပ်နဲ့ လိမ်းကျံလိုက်တယ်၊ အဆိပ်နဲ့ လိမ်းကျံပြီးတော့၊ ထိုပုဂ္ဂိုလ်ကို ပြန်ပေးလိုက်တယ်၊ ရော့ကွာ-ငါဗလိနတ်စာ တင်ခဲ့ပြီးပြီ၊ ဒီအန်စာလုံးတွေနဲ့ ကစားယင် မင်းနိုင်ရမယ်ဆိုပြီးတော့ ပေးလိုက်တယ်တဲ့။ ပြန်ပေးလိုက်ပြီးတော့ အဲဒီရှုံးနေတဲ့ပုဂ္ဂိုလ်ဟာ ကစားတဲ့အခါကျပြန်တော့လဲ တခြားလူနဲ့ မကစားဘူး၊ ဒီလူနဲ့ပဲ ပြန်ပြီးကစားတယ်၊ ကစားတော့ ရှုံးမြဲရှုံး၊ ရှုံးတော့ ဘယ်လိုလုပ်သလဲဆိုယင် အယင်အတိုင်းပဲ။

တေအက္ခဝိစုတ္တာ၊ ထိုကြွေအန်သမားနှစ်ယောက်တို့သည်။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ အက္ခေဟိ၊ အန်စာတို့ဖြင့်။ ဒိဗ္ဗိံသု-ကစ္စိံသု၊ မြူးထူးပျော်ပါးကစားကြလေကုန်ပြီ။

သောကုမ္ဘစုတ္တော၊ ထိုပထမ ရှုံးခဲ့တဲ့ကြွေအန်ကစားသမားသည်။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်အဖြစ်နဲ့လည်း။ အာဂတာဂတံ၊ ရောက်လာတိုင်းရောက်လာတိုင်းသော။ ကလိံ၊ အန်စာလုံးကို။ ဂိလတိ၊ မျိုချပြန်တယ်။

အဆိပ်နဲ့လိမ်းကျံသွားတဲ့ အန်စာလုံးတွေကို ယခုအခါမှာလည်း မင်းတို့တွေကြောင့် ငါရှုံးရတာဆိုပြီး စိတ်ဆိုးဆိုးနဲ့ ကောက်ကောက်ပြီး ပါးစပ်ထဲငုံထည့်၊ ငုံထည့်ပြီးတော့ မျိုလိုက်တယ်တဲ့။ ပထမအကြိမ် ကစားတုန်းကတော့ ပစ္စည်းသာဆုံးရှုံးတာ ယခု ဒုတိယအကြိမ်ပြန်ကစားတော့ ဟောဒီမှာ အဆိပ်လူးထားတဲ့ အန်စာလုံး မျိုလိုက်တော့ အသက်ပါ ဆုံးရှုံးရတော့မယ့် အခြေအနေကို ရောက်သွားပြီ မဟုတ်လား။

အဲဒါကို ပြိုင်ဘက်အနိုင်ရတဲ့ပုဂ္ဂိုလ်က ပြောသေးတယ်၊ အဆွေ မင်းနိုင်ချင်သလား၊ နိုင်ချင်တာပေါ့၊ နိုင်ချင်ယင် အန်စာလုံးတွေကို မမျိုပါနဲ့လို့ ပြောသေးတယ်။ စေတနာရှိသလိုလိုနဲ့ ပြောနေဟာပါ၊ ဒါပေမယ့် ဟိုလူက ရှုံးတော့ စိတ်ဆိုးဆိုးနဲ့ အန်စာတွေကောက်ပြီး ပါးစပ်ထဲ ငုံထည့်ဝါးမျိုချပြီးတော့ချ၊ ဒီလိုချည်းလုပ်နေတယ်။ ဒီတော့ယင်—

## မိုက်မဲလှတဲ့ ကြွေအန်သမား

အထခေါ၊ ထိုအခါမှာ။ ဒုတိယောအက္ခဓုတ္တော၊ ပြိုင်ဘက်ဖြစ်သော ကြွေအန်လောင်းကစားသမားက။ တံအက္ခဓုတ္တံ၊ ထိုအရှုံးပြနေတဲ့ ကြွေအန်သမားကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ ပြောကြားခဲ့ပါ၏။

လိတ္တံ ပရမေန တေဇသာ၊ ဂိလမက္ခံ ပုရိသော နဗုဇ္ဈတိ။
ဂိလ ရေ ဂိလ ပါပဓုတ္တက၊ ပစ္ဆာ တေ ကဋုကံ
ဘဝိဿတီ''တိ။

ပါပဓုတ္တက၊ ဟဲ့-မိုက်မဲလှတဲ့ ကြွေအန်ကစားသမား၊
ဒီတခါကျတော့ ခပ်နှာလေးလုပ်ပြီ။

အက္ခံ၊ အန်စာကို။ ဂိလံ ဂိလာ ... ... ။ ပုရိသော မိုက်မဲတဲ့ ယောကျ်ားသည်၊ ... ... ... နဲ့ ... အဆိပ်ဖြင့်၊ လိတ္တံ၊ လိမ်းကျံထားသည်ကို၊ နဗုဇ္ဈတိ၊ မသိရှာလေ။

ဉာဏ်နည်းတဲ့ပုဂ္ဂိုလ်ပဲ၊ ပြင်းထန်တဲ့အဆိပ်နဲ့ လိမ်းကျံထားတာကို သူသည် မသိရှာလေ။

ရေ ပါပစုက္ခတ၊ အို–ဉာဏ်နည်းတဲ့ လောင်းကစားသမား။

ဂိလ ဂိလ၊ မျိုချင်တိုင်း မျိုလော့။ တေ၊ သင့်အား။ ပစ္ဆာ၊ နောင်ကျတော့။ ကဋုကံ၊ကြွင်နာစပ်ရှား အခံရခက်လှစွာသော ဆင်းရဲမှုသည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မယ်။

အဆိပ်နဲ့လိမ်းထားတာကို ဟောဒီဉာဏ်နည်းတဲ့ ဟောဒီအန်စာသမား မသိရှာလေ၊ အဆိပ်နဲ့လိမ်းထားတဲ့ ဟောဒီ အန်စာလုံးတွေကို မျိုရှမျိုရှချခြင်းဖြင့် နောင်အခါကျတော့ ပြင်းထန်လှသော ဒုက္ခကို ခံစားရမယ်ဆိုတာ သူသည် မသိရှာလေ။ မိုက်လှတဲ့ အန်စာသမား ငါဘယ်လိုပဲပြောပြော သင်သည် မျိုချင်တိုင်းမျိုနေခဲ့တယ်၊ နောင်ကျတော့ ပြင်းထန်တဲ့ဒုက္ခဝေဒနာကို ခံစားလိုလျှင် အဲဒီအန်စာလုံးကို မျိုမြသာမျို။- လို့

သောအကွခုတ္တော၊ ထိုပြိုင်ဘက်ဖြစ်သော အန်စာသမားက။ စတံ ဝစနံ၊ ဤဆိုခဲ့တဲ့စကားကို။ အဝေါစ၊ ပြောကြားခဲ့ပါပေတော့၏။

ဥပမာကတော့ ဒီမျှပါပဲ၊ အဆိပ်လူးထားတဲ့ အန်စာလုံးကို မျိုတဲ့ ပုဂ္ဂိုလ်ဟာ သေတယ် မသေဘူးဆိုတာကိုတော့ အရှင်ကုမာရကဿပက ဆက်လက်ပြီး မမိန့်တော့ဘူး၊ အဓိပ္ပာယ်ကတော့ ဒါလောက်တောင် အဆိပ်တွေလူးထားတဲ့ အန်စာကို တလုံးပြီးတလုံး မျိုနေတဲ့ ပုဂ္ဂိုလ်ဟာ သေခြင်းမှတပါး အခြားမရှိတော့ပါဘူးတဲ့၊ ဟုတ်ကြရဲ့လား။

ပြိုင်ဘက်ဖြစ်တဲ့ပုဂ္ဂိုလ်က အဆိပ်လူးထားတဲ့ အန်စာတွေကို သူ့ကို ပေးတာ၊ ဗလိနတ်စာတင်ထားတဲ့ အန်စာတုံးက ဒါနဲ့ကစားယင် နိုင်ရမယ်ဆိုပြီးတော့ ပေးတာ၊ တလုံးပြီးတလုံးရှုံးတယ်ဆိုပြီး ကောက်မျိုပစ်လိုက်တယ်။

နောက်ဆုံးကျတော့ ဟိုလူက သတိပေးသွားတယ်၊ ယုတ်မာညံ့ဖျင်းတဲ့ ကြွေအန်ကစားသမား–ဒီအန်စာလုံး အဆိပ်တွေလိမ်းထားတယ်ဆိုတာကို သင်မသိရှာလေ၊ မျိုတော့မျိုတော့တဲ့ နောက်ကျတော့ ပြင်းထန်တဲ့ ဆင်းရဲဒုက္ခတော့ ဖြစ်တော့မှာပဲလို့ ဟိုလူကပြောလိုက်တယ်။ မျိုမြ

မျိုမြဲ့တဲ့၊ အဆိပ်လူးထားတဲ့ အန်စာလုံးကို မျိုချတဲ့ပုဂ္ဂိုလ်ဟာ သေခြင်းသာလျှင် အဆုံးရှိတယ်တဲ့၊ ဟုတ်ပလား။

### ဒကာတော်မင်းကြီး စွန့်လွှတ်ပါလေ

ဝေမေဝ ခေါ တွံ ရာဇည အက္ခဝုတ္တကူပမော
မညော ပဋိဘာသိ။

ရာဇည၊ ပါယာသိမင်း၊

ဝေမေဝ၊ ဤအတူပင်လျှင်။ တွံပိ၊ သင်မင်းကြီးလဲပဲ။ အက္ခဝုတ္တကူပမော၊ အဆိပ်လူးထားတဲ့ အန်စာလုံးကို မျိုချတဲ့အန်စာသမားလိုပဲ။ ပဋိဘာသိမညော၊ သင်လဲတူနေလေတော့ပြီ။

ဒကာတော်ပါယာသိမင်း– ဒကာတော်မင်းကြီးလဲပဲ နောက်ဘဝမရှိဘူးဆိုသော အယူအဆ၊ ဂေရဲ နတ် ပြဟ္မာ မရှိဆိုသော အယူအဆ၊ ကုသိုလ် အကုသိုလ်မရှိဆိုသော အယူအဆ။ အဲဒါတွေစုပြောလိုက်တော့ ဥစ္ဆေဒဒိဋ္ဌိတဲ့ ဟုတ်လား။

အဆိပ်လူးထားတဲ့ အန်စာလုံးမျိုတာကမှ တော်သေးတယ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ အန်စာလုံးကြီးကို မျိုထားသော ဒကာတော်ပါယာသိမင်းကြီးဟာ ယခုဟာ ကြွေအန်ကစားသမား၊ အဆိပ်လူးထားတဲ့ အန်စာလုံးမျိုတာထက် ဆိုးပါပြီ ဒကာတော်မင်းကြီး။ ဒကာတော်မင်းကြီးလဲ အဆိပ်လူးတဲ့ အန်စာလုံးကို မျိုမိသလိုတော့ ဖြစ်ပြီ။

ပဋိနိဿဇ္ဇေတံ ရာဇည ပါပကံ ဒိဋ္ဌိဂတံ၊

ရာဇည၊ ပါယာသိမင်း၊၊

ပါပကံ၊ ယုတ်မာလှစွာသော။ တံဒိဋ္ဌိဂတံ၊ ထိုနောက်ဘဝမရှိဆိုတဲ့ အယူကြီးကို။ ပဋိနိဿဇ္ဇ၊ ဒကာတော်မင်းကြီး စွန့်လွှတ်ပါလေ။

မာ တေ အဟောသိ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယာတိ။

ဒကာတော်မင်းကြီး– ဒကာတော်မင်းကြီးကို မေတ္တာကြီးမားလွန်းလို့ ကရုဏာကြီးမားလွန်းလို့ ငါဆုံးမနေတာ၊

ရာဇညာ၊ ပါယာသိမင်း။

တေ၊ သင်မင်းကြီး၏။ တော်ဒိဋ္ဌိဂတံ၊ ထိုမိစ္ဆာအယူကြီးကို။ ပဋိနိဿဇ္ဇ၊ စွန့်လွှတ်ပါလေ။

ဣတိ၊ ဤသို့။ အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပ မထေရ်သူမြတ်ကြီးသည်။ ပါယာသိရာဇညော၊ ဉစ္ဆေဒဒိဋ္ဌိ အယူမှားယူစွဲမိတဲ့ ပါယာသိမင်းတရားကြီးကို။ တော်ဝစနံ၊ ဤစကားကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော် မူခဲ့ပါပေသတည်း။

"သားခုံ–သာခု–သားခုပါဘုရား"

**ကောသလမင်းတို့တာတွေက ပြောကြလိမ့်မယ်**

အက္ခဝုတ္တကူပမာ– ကြွေအန် လောင်းကစားသူတို့ရဲ့ ဉပမာတဲ့၊ ဟုတ်လား။

ဉစ္ဆေဒဒိဋ္ဌိ အယူကို ယူထားအယ်ဆိုတာဟာ အဆိပ်လူးထားတဲ့ အန်စာလုံးကို မျိုမိကြသလိုပဲလို့ လိုရင်းကို မှတ်မိကြပါစေ။ ပါယာသိမင်းကြီးရဲ့ ဉစ္ဆေဒဒိဋ္ဌိ အယူကို စွန့်လွှတ်ဖို့ရန် အရှင်ကုမာရကဿပမထေရ်သည် ဉပမာဖြင့် ဆုံးမတော်မူတယ်။

ဒကာတော်မင်းကြီး–ဤအယူမှားကို စွန့်လွှတ်လော့၊ ကြာမြင့်စွာ သောကာလတို့ ပတ်လုံး ဒကာတော်မင်းကြီး ဆင်းရဲဒုက္ခဖြစ်မှာစိုးလို့ ငါပြောနေတာ၊ စွန့်လိုက်ပါ။ ဒီလိုဆိုတော့ အရှင်ကုမာရကဿပရဲ့ စကားရပ်များ အဆုံးမှာ၊ စွန့်လွှတ်လိုက်ပါဆိုတဲ့ စကားရပ်ရဲ့ အဆုံးမှာ ပါယာသိမင်းကြီးက–

ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ၊

ဘဝံ ကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ကိဉ္စာပိဧဝမာဟ၊ အကယ်၍ ဤကဲ့သို့ ဆိုတော့ပါတယ်။

အရှင်ဘုရား ဒီလိုပြောဘာတော့ ဟုတ်ပါတယ်။

အထခေါ၊ သို့သော်လည်းပဲ။ အဟံ၊ တပည့်တော်သည်။ ဣဒံ ပါပကံ၊ ဤယုတ်မာလှစွာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာဒိဋ္ဌိအယူကြီးကို။ ပဋိ

နိုသတ္တိုဏ်၊ စွန့်လွှတ်ဖို့ရန်။ နေဝသက္ကောမိ၊ မစွန့်လွှတ်နိုင် သေးပါဘုရား။

ဒါပေမယ့် ဒိဋ္ဌိအယူကြီးကို တပည့်တော်မစွန့်နိုင်သေးပါဘူးဘုရား။ ဘာကြောင့် မစွန့်နိုင်ရတာတုန်းဆိုတော့—။

ရာဇာပိ မံ ပသေနဒိကောသလော ဇာနာတိ-

ပသေနဒီ ကောသလမင်းတရားကြီးကလဲ တပည့်တော်ကို သိထားတယ်။

တိရောရဇ္ဇာနောပိ၊ တိုင်းတပါးမင်းတွေကလဲ ပါယာသိမင်းကြီးဟာ ဥစ္ဆေဒအယူရှိတယ်လို့ သိထားကြပါတယ်။

အဲဒီလို ကောသလမင်းကြီးနဲ့ တိုင်းတပါးက မင်းတွေ သိထားကြသည် ဖြစ်ပါလျက်နဲ့ တပည့်တော် ဒိဋ္ဌိအယူမှားကြီးကို ယခုမှ စွန့်လိုက်မယ်ဆိုယင်၊ ကြာမြင့်စွာသော ကာလက တည်းက မင်းများစွာတို့က တပည့်တော်ကို ဥစ္ဆေဒအယူရှိထားတဲ့ မင်းကြီးလို့ သိထားကြတာ၊ ယခုမှ စွန့်ရမယ်ဆိုယင်တော့ တပည့်တော်ကို အဲဒီမင်းတွေက ပြောဆိုကြပါလိမ့်မယ်၊ ပါယာသိမင်းကြီးဟာ အလွန်တရာ ဉာဏ်နည်းတဲ့မင်းကြီး၊ သတ္တိအလွန်တရာ ကြောင်တဲ့ မင်းကြီး၊ ဒို့မကောင်းဘူးရယ်လို့ တပည့်တော်ကို ပြောကြ ဆိုကြပါလိမ့်မယ်။

အရှင်ဘုရားတို့နဲ့ ဝါဒပြိုင်ဖို့အတွက်

ဘောကာဿပ၊ အို အရှင်ကုမာရကဿပ။

တသ္မာ၊ ထိုကဲ့သို့ တခြားသောမင်းတွေက ပြောကြမည်ဆိုကြမည် ဖြစ်လေသောကြောင့်—။

ကောပေနပိ နံ ဟရိဿာမိ၊ မက္ခေနပိ နံ ဟရိဿာမိ၊
ပဠာသေနပိ နံ ဟရိဿာမိ။

ကောပေနပိ၊ စိတ်ဆိုးချင်သပဆိုင်ဆိုးကြပေတော့၊ နံ၊ ထိုအယူမှားကြီးကို။ အဟံ၊ တပည့်တော်သည်။ ဟရိဿာမိ၊ ဆက်လက်ပြီးတော့ ဆောင်မြဲဆောင်သွားပါတော့မယ် ဘုရား။

မက္ခေနပိ၊ အရှင်ဘုရားတို့ရဲ့ နောက်ဘဝရှိတယ် ဆိုသော ဝါဒ နတ်နဲ့ပြဟ္မာ ငရဲသတ္တဝါဆိုသော ဝါဒ ကုသိုလ် အကုသိုလ်ရှိတယ် ဆိုသော ဝါဒကို ချေဖျက်ဖို့ရန်လဲပဲ။ နံ၊ ထိုမိစ္ဆာဒိဋ္ဌိဝါဒကြီးကို။ အဟံ၊ တပည့်တော်သည်။ ဟာရိဿာမိ၊ ဆက်လက်ပြီးတော့ ဆောင်ထားမြဲ ဆောင်ထားပါဦးမယ်ဘုရား။

အရှင်ဘုရားတို့ရဲ့ အရှိဝါဒကို ချေဖျက်ဖို့ရန်အတွက်လဲပဲ တပည့်တော် ဟောဒီမရှိဝါဒကို ဆောင်ထားလိုက်ပါဦးမယ်ဘုရား။

ဘောဂကဿပ၊ အို–အရှင်ကုမာရကဿပ။

ပလာသေနပိ၊ အရှင်ဘုရားတို့နဲ့ ပြိုင်ဆိုင်ဖို့ရန်လဲပဲ။ နံ၊ ထိုဥစ္ဆေဒ ဝါဒဆိုတဲ့ နောက်ဘဝမရှိ ငရဲနတ်ပြဟ္မာမရှိ ကုသိုလ် အကုသိုလ်မရှိ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးမရှိဆိုတဲ့ ဝါဒဆိုးကြီးကို။ အဟံ၊ တပည့် တော်သည်။ ဟရိဿာမိ၊ ဆက်လက်ပြီးတော့ ဆောင်ထားလိုက်ပါဦးမယ် ဘုရား။

၁။ ကောပေနပိ နံ ဟရိဿာမိ၊

အရှင်ဘုရား–ဒီအယူကြီးကို အရှင်ဘုရားတို့ပဲဖြစ်ဖြစ် ဘယ်သူကပဲဖြစ်ဖြစ် စိတ်ဆိုးချင်လဲဆိုးကြပစေတော့ တပည့်တော် ဆောင်ထားဦးမယ်။

၂။ မက္ခေနပိ နံ ဟရိဿာမိ၊

အရှင်ဘုရားတို့ရဲ့ အရှိဝါဒကို ချေဖျက်ဖို့ရန် တပည့် တော် ဆောင်ထားလိုက်ဦးမယ်။

၃။ ပလာသေနပိ နံ ဟရိဿာမိ၊

အရှင်ဘုရားတို့နဲ့ ဝါဒပြိုင်ဖို့ရန် တပည့်တော် ဒီအယူ အမှားကြီးကို ဆောင်ထားလိုက်ပါဦးမယ်။

ပါယာသိမင်း ဇွဲဟောင်းတယ်နော်။

အရှင်ဘုရားတို့ကပဲဖြစ်ဖြစ် ဘယ်သူကပဲဖြစ်ဖြစ် စိတ်ဆိုးချင် ဆိုး ကြပစေ၊ အရှင်ဘုရားတို့ရဲ့ အရှိဝါဒကို ချေဖျက်ဖို့ရန်, အရှင်ဘုရား တို့နဲ့ ဝါဒပြိုင်ဆိုင်ဖို့ရန် တပည့်တော် ဆောင်ထား လိုက်ပါဦးမယ်

ဘုရားလို့ ပါယာသိမင်းကြီးက အရှင်ကုမာရကဿပကို လျှောက်တင်သည့်ကာလ အရှင်ကုမာရကဿပ မထေရ်မြတ်ကလဲ—

သူငယ်ချင်းနှစ်ယောက် ရွာပျက်ကြီးကိုသွားကြတယ်

တေန ဟိ ရာဇည ဥပမံ တေ ကရိဿာမိ၊—တဲ့

၁၄—ခုမြောက် ဥပမာကို ဆက်လက်ပြီးတော့ မိန့်ကြားတော်မူပါလိမ့်ဦးမယ်။

ရာဇည၊ ပါယာသိမင်း။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ တေ၊ သင့်အား။ အဟံ၊ ငါသည် ဥပမံ၊ ဥပမာတခုကို။ ကရိဿာမိ၊ ဆောင်ပြဦးမယ်။

ဒကာတော်မင်းကြီး—ထိုသို့ဖြစ်လျှင် ဒကာတော် မင်းကြီးအား ဥပမာတခု ငါဆောင်ပြဦးမယ်။

ဥပမာယ မိဓေကစ္စေ ဝိညူပုရိသာ ဘာသိတဿ
အတ္ထံ အာဇာနန္တိ။

ဣဓ၊ ဤခလောကမှာ၊ ဝိညူပုရိသာ၊ ဉာဏ်ရှိတဲ့ ယောကျာ်းမှန်သမျှ။ ဥပမာယ၊ ဥပမာပြသိုက်ရုံဖြင့်၊ ဘာသိဘဿ၊ ဆိုသိုတဲ့စကားရဲ့၊ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ အာဇာနန္တိ၊ သိရှိနားလည်သွားကြပါတယ်။

ဉာဏ်ရှိတဲ့ ယောကျာ်းဟာ ဥပမာပြရုံနဲ့ နားလည်သွားတယ်၊ ဒကာတော်မင်းကြီးလဲ ဉာဏ်ရှိပဲ့ ပုဂ္ဂိုလ်ပဲ ဥပမာနဲ့ပြယင် နားလည်ရာပေါ့။

ဘောကဿပ၊ အို—အရှင်ကုမာရကဿပ။

တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ ဘော၊ အရှင်ဘုရားရဲ့။ ဥပမံ၊ ဥပမာကို။ ကရောဟိ၊ ပြတော်မူပါဦးဘုရား။

ကောင်းပြီဘုရား၊ ဒီလိုဆို အရှင်ဘုရားရဲ့ ဥပမာလေး ပြပါဦး။

ဒီလိုလျှောက်တော့ ၁၄-ခုမြောက် ဥပမာကို ဒီမှာ ကုတ်လာတယ်နော်၊ ပါဠိခေတ်တော့က ထပ်ကလဲသံနဲ့ ရှည်ရှည်ဝန်းဝန်း ဘာက်ဖြောင့် ဒီနည်းမှာ ဘုန်းကြီးတို့ ပရိယတ်ဘက် နားသိမှာ ကြားကြရတာ

လိုရင်းနဲ့ ရှင်းရှင်းဖြစ်သွားအောင် ဒီဥပမာကို စကားပြေလေးနဲ့ပဲ ပြောလိုက်မယ်။

ဒကာဘော်ပါယာသိမင်း—ရှေးတုန်းက ရွာကြီးတရွာ အလွန်ဆရာစည်ကားတဲ့ ရွာကြီးတရွာ ပျက်စီးခဲ့ဖူးတယ်၊ ရွာကြီးတရွာလုံး ပျက်စီးသွားပြီး တရွာလုံးက လူတွေ အကုန်ရွှေ့ပြောင်းသွားကြပြီဆိုတဲ့ သတင်းကြားရတော့ အခြားရွာတရွာက ယောကျ်ားနှစ်ယောက် တို့ဟာ ထိုရွာပျက်ကြီးရှိရာကို သွားကြပါတယ်။

ရွာပျက်ကြီးရှိရာ ရောက်သွားကြတော့ ဘာတွေ တွေ့ကြသလဲဆိုယင်၊ သာဏသုတ္တ—ပိုက်ဆံလျှော်တွေကို တွေ့ကြသတဲ့။ သာဏသုတ္တ—ပိုက်ဆံလျှော် ဂုန်လျှော်တွေလို့ ဆိုကြပါစို့၊ ဂုန်လျှော်တွေကို တထွေးကြီး တွေ့ကြသတဲ့။ တွေ့ကြတော့ ထိုလူနှစ်ယောက်ဟာ ကိုင်း—ရွာလဲပျက်ပြီ ရွာကလူတွေလဲ ထွက်ပြေးကုန်ကြပြီ၊ လာကွာ-တို့ အဲဒီဂုန်လျှော်တွေကို စုပြီးတော့ နိုင်သလောက် ထမ်းကြရအောင် ဆိုပြီး တခါတည်း နိုင်သလောက်ကလေး တထုပ်ထမ်းပြီးတော့ သွားကြတယ်။

## တယောက်ကဂုန်လျှော်ထုပ်ထမ်းတယ်

ဂုန်လျှော်ထုပ် တယောက်တထုပ် ထမ်းပြီး နောက်ပြန်သွားစာမဟုတ်ဘူး၊ ရှေ့ဆက်ပြီး ခရီးဆက်ကြတော့၊ ရှေ့နား အနည်းငယ်ရောက်တဲ့အခါ ရက်ပြီးသား ဂုန်နီဖျင်တွေကို တွေ့ကြပြန်တယ်တဲ့။ ဂုန်လျှော်နဲ့ ရက်ပြီးသား ဂုန်နီဖျင် ဘယ်ဟာ အဖိုးတန်သလဲ၊ ရက်ပြီးသား ဂုန်နီဖျင်က အဖိုးတန်တာပေါ့၊ ဟုတ်လား။

အဲဒီလိုတွေ့ရတော့ တယောက်သောလူက ပြောတယ်၊ သူငယ်ချင်းရေ—ဟောဒီမှာ ရက်ပြီးသား ဂုန်နီဖျင်တွေကွ၊ တို့ဟာ ဗီစီးပွားဥစ္စာ အကျိုးအတွက် ထွက်လာခဲ့ကြတာပဲ၊ မရက်ရသေးတဲ့ ဂုန်လျှော်တွေကို ဒီနားမှာ ချထားပစ်ခဲ့ကြစို့၊ ရက်ပြီးသားတွေ တို့ထမ်းသွားရယင် အကျိုးများမယ်ဆိုပြီး တယောက်သောလူက ဂုန်လျှော်ထုပ်ကြီးချ ဂုန်နီဖျင်တွေကို ကျစ်နေအောင် လိပ်ပြီးတော့ တနိုင်ကြီး တထွေးကြီး သူထမ်းသွားတယ်၊ ဟိုလူတယောက်က ဘာပြောသလဲဆိုတော့—

ဒုရာဘောဝ သုသာန္တ ဒွေါ စ၊—တဲ့

ဟောဒီ ဂုန်လျှော်ထုပ်ကြီးကို ငါသည်—

ဒုရာဘတော၀၊ အဝေးကြီးကနေသယ်လာခဲ့ရတာ။ သုသ န္တဒွေါစ၊ ကောင်းမွန်စွာလဲ ထုပ်ပိုးပြီးတော့ လ ခဲ့ရတာ။

ငါဟာ ဒီဂုန်လျှော်ထုပ်ကြီးကို စွန့်လွှတ်ဖို့ရန် မတတ်နိုင်ဘူး၊ အဝေးကြီးကလဲ သယ်လာခဲ့ရတာ၊ ကျစ်နေအောင်လဲ ထုပ်ပိုပြီး လာခဲ့ရတာ၊ ဒါသောကြောင် သယ်ဆောင်လာခဲ့ရတဲ့အတွက် အထုပ်ကြီးကို ဒီရွာကျမှတော့ ငါမချတော့ဘူးဆိုပြီးတော့ ဆက်ထမ်းသွားတယ်။

တယောက် ဂုန်လျှော်ထုပ်၊
တယောက်က ဂုန်နီဖျင်ထုပ်၊

အဲဒီလို တယောက် ာထုပ်ထမ်းပြီးတော့ ရွှေခရီးဆက်ကြတော့ ရှေ့နားလဲရောက်ရော ဝါဂွမ်းတွေကို တွေ့ကြပြန်ရောတဲ့၊ ဝါဂွမ်းတွေ တွေ့တော့ ဂုန်နီဖျင်အထုပ် ယမ်းလာခဲ့တဲ့လူက ပြောပြန်တယ်၊

သူငယ်ချင်းရေ–ဟောဒီမှာ ဝါဂွမ်းတွေကဂုန်လျှော် ဂုန်နီ ဝါဂွမ်း ဒီသုံးမျိုး ယှဉ်ကြည့်ယင် ဝါဂွမ်းက အဖိုးဘန်တာပေါ့၊ မင်းဂုန်လျှော် တောကို ချထားပစ်ခဲ့ကွ၊ တို့ဝါဂွမ်းတွေ ထမ်းသွားကြရအောင် ဆိုပြီး အဲဒီလူက ဂုန်နီဖျင်အထုပ်ချပြီး ဝါဂွမ်းတွေကို ကျစ်နေအောင် ထုပ်ပြီး တော့ သူထမ်းတယ်။

ဟိုလူက ကာပြော လဲဆိုတော့ ငါအဝေးကြီးက သယ်ခဲ့ရတာ ကွာ၊ ကြိုးတွေနဲ့ ကျစ်နေအောင် ထုပ်ရပိုးရနဲ့ ပင်ပန်း မက ဖာလှန် များခဲ့တာ၊ ဟောဒီ ဂုန်လျှော်ထုပ် ငါမစွန့်နိုင်ဘူး ဆိုပြီးဟော့ ဂုန်လျှော် ထုတ်ပဲ ဆက်ထမ်းလာခဲ့တယ်။

တယောက် ဂုန်လျှော်ထုပ်၊

တယောက်က ဝါဂွမ်းထုပ်၊

ဝါဂွမ် ထုပ်ကနေ အထည်ထုပ်ထမ်း

အဲဒီလို ထမ်းပြီး ရွှေခရီး ဆက်ကြပြန်တော့ ရှေ့နားမှာ ဝါဂွမ်း ကနေတဆင့်တက် လုပ်ထားတဲ့ ချည်မျှင်ဘော့ကို တွေ့ကြပြန်တယ်တဲ့၊

ချည်မျှင်တွေ၊ ချည်ခင်တွေ၊ ချည်ထုပ်တွေ နည်းတာမဟုတ်ဘူး တွေ့ကြ ပြန်တယ်တဲ့။ အဲဒါနဲ့ ဝါဂွမ်းထုပ် ထမ်းလာတဲ့လူက သူထမ်းလာတဲ့ ဝါဂွမ်းထုပ် အသာချပြီး ချည်မျှင်တွေကို ထုပ်ပြီးတော့ တခါထမ်းယူ လာပြန်တယ်၊ ဟိုလူကတော့ ဂုန်လျှော်ထုပ်ကိုပဲ ဆက်ပြီးတော့ ထမ်း တယ်တဲ့။

အဲဒီလိုနဲ့ ရှေ့ခရီး ဆက်ကြပြန်တော့ ရွာနားမှာ ရက်ပြီးသား အလွန်တရာ ချောမွတ်ပြီးဟော့နေတဲ့ အထည်တွေကို တွေ့ကြပြန်တယ်။ တွေ့တော့ ချည်မျှင်အထုပ် ထမ်းလာတဲ့လူက သူ့ချည်မျှင်ထုပ်ကို ပစ် ချပြီး အထည်တွေကို ထုပ်ပြီးတော့ ထမ်းပြန်တယ်၊ ဟိုလူကတော့ ဂုန်လျှော်ထုပ်ကိုပဲ ဆက်ပြီးတော့ ထမ်းလာပြန်တယ်။

တယောက်က ဂုန်လျှော်ထုပ်၊

တယောက်က အထည်ထုပ်၊

အဲဒီလို ခရီးဆက်သွားကြပြန်တော့ ဘာတွေတွေ့ပြန်တုန်းဆိုတော့ အဆင့်အတန်းမြင့်တဲ့ အထည်တွေကို တွေ့ကြရပြန်တယ်။ အထည်တွေက တဆင့်ထက်တဆင့် အတန်းအစား မြင့်မြင့်၊ မြင့်မြင့်လာတဲ့ အဖိုးတန် အထည်တွေချည်း၊ တွေ့တွေ့လာရတော့ ညံ့တဲ့အထည်ကို ပစ်ထားခဲ့ပြီး အဖိုးတန် အထည်ကို ဆက်ထမ်းတယ်၊ လူတယောက်က ဒီလိုချည်း အထုပ်ပြောင်းပြောင်း ပြောင်းပြောင်းပြီးတော့ ထမ်းသွားတယ်။

ဘုန်းကြီးတို့ ပရိသတ်များ—သဘာဝကလေးကို စဉ်းစားကြည့် ယင် အမှားဆိုတာ ရှိတတ်တာပဲနော်၊ နှစ်ယောက်စလုံး စထမ်းလာခဲ့ကြ တုန်းက ဂုန်လျှော်ထုပ်ချည်း ထမ်းလာခဲ့တာ မဟုတ်လား။ လူနှစ်ယောက် စလုံးဟာ အတူတူချည်းပဲ ဂုန်လျှော်ထုပ်ချည်း ထမ်းလာကြတာ။

နောက်ကျတော့ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်က ဂုန်လျှော်တွေ စွန့်စွန့် စွန့် စွန့်ပြီးတော့ အဖိုးတန်တာတွေကို ဆက်လက်ပြီးတော့ ထမ်းထမ်း၊ ထမ်း ထမ်းသွားတယ်၊ ဟိုတယောက်ကတော့ ဉာဏ်နည်းတော့ အဲဒီဂုန်လျှော် ထုပ်ကိုပဲ ဆက်လက်ပြီးတော့ ထမ်းပါတယ်တဲ့၊ ဟုတ်လား။

ဒေး—ဒါကြောင့် အမှားအယွင်းဆိုတာ ဒေါသမကင်းသူတိုင်းရဲ့ ဓမ္မတာ၊ ဟုတ်လား။ မှားဘာကို မှားမှန်းသိတဲ့အချိန် ထိုပုဂ္ဂိုလ်သည်

လူလိမ္မာပဲ၊ မှားဘာကို မှားမှန်းမသိပဲ ဆက်လက် မှားနေယင်တော့ မိုက်မြဲ မိုက်မြဲပဲတဲ့၊ ဟုတ်လား။

## ခဲထုပ်ကနေ ရွှေထုပ်ပြောင်းထမ်း

အထည်ထုပ်ကိုထမ်းတဲ့ပုဂ္ဂိုလ်က အထည်တွေ တထည်ပြီးတထည် ညွှတ်တဲ့အထည်ကို စွန့်စွန့်ထားပြီးတော့ ကောင်းသည်ထက် ကောင်းတဲ့ အထည်ကို ဆက်လက်ပြီးတော့ထမ်း၊ ထမ်းယင်း ထမ်းယင်းနဲ့ အဲဒီ အထည်ကနေ လွန်သွားတော့ ရွှေနားမှာ ဘာတွေတွေပြန်သလဲ ဆိုတော့ ခဲတွေတွေ့ရပြန်ပါယ်တဲ့။ သတ္တုတမျိုးပေါ့၊ ခဲပုပ်တွေက တပုံကြီးတွေ့ရ ပြန်တယ်တဲ့။

တွေ့သလိတွေ့ရော ဝါဂွမ်းထုပ်ထမ်းလာတဲ့လူက ဂုန်လျှော်ထုပ်ထမ်း လာတဲ့လူကိုပြော တယ်။ ဟေ့သူငယ်ချင်း–မင်းဂုန်လျှော်ထုပ်ကြီး ချတော့ကွ၊ ဟောဒီမှာ ခဲတွေ့တွေ့နေပြီ သိပ် [illegible]ဖိုးတန်တဲ့သတ္တုတွေကွ၊ အဲဒါတွေ ထမ်းကြစို့ကွာ။ ဟာ–အဝေးကြီးကလဲ ထမ်းလာခဲ့ရတယ်၊ သေသေ ချာချာလဲ ထုပ်ပိုးခဲ့ရတာ ဟောဒီဂုန်လျှော်ထုပ်ကို ငါမစွန့်နိုင်ဘူးလို့ ပြန် ပြောတယ်။ ဟိုလူကတော့ ဝါဂွမ်းထုပ်ချပြီး ခဲတွေ ထမ်းယူလာတယ်။

တယောက်က ဂုန်လျှော်ထုပ်၊
တယောက်က ခဲထုပ်၊

အဲဒီလိုထမ်းပြီး ရွှေခရီးဆက်ကြပြန်တော့ ရွှေနားမှာ ကြေးဆိုတဲ့ သတ္တုတွေကို တွေ့ကြပြန်တယ်၊ [illegible] တွေ့တွေ့ရတော့ ခဲထုပ်ထမ်းလာတဲ့ လူက ခဲထုပ်ကိုစွန့်ထားခဲ့ပြီ [illegible] ဆက်ထမ်းတယ်၊ ဟိုလူကတော့ ဂုန်လျှော်ထုပ် ထမ်းလာမြဲ [illegible] ဆက်ပြန်တော့ ရွှေမှာ ငွေတွေတွေ့ပြန်တယ်၊ ငွေတွေတွေ့ပြန်တော့ [illegible] စွန့်ထားခဲ့ပြန်ပြီး ငွေတွေထုပ်ပိုးပြီးတော့ ထမ်းယူပြန်တယ်။ [illegible] မြင့်သွားပါ နော်၊ ဟိုလူကတော့ ဂုန်လျှော်ထုပ် [illegible] ထမ်းလာတယ်။

အဲဒီကနေ ရွှေ [illegible] တော့ [illegible] တပုံကြီး တွေ့ကြရ တယ်တဲ့၊ ရွှေတွေကို [illegible] ရွှေတွေကို တဆုပ်ကြီး နိုင်သလောက [illegible] ပြန်တယ်၊ ဟေ့– သူငယ်ချင်း မင်းဂုန်လျှော်ထုပ်ကြီး [illegible] မှာ [illegible] ဖိုးအတန် ဆုံးဆိုတာ ရွှေကွ၊ ရွှေရတနာတွေကို ထမ်းကြစို့လို့ ပြောတယ်။ အဝေး

ကြီးကနေ ကြိုးစားပမ်းစားသယ်လာခဲ့ရလို့ မစွန့်နိုင်ဘူးဆိုကာ၊ ဂုန်လျှော်ထုပ်ကိုပဲ ဆက်လက်ပြီးတော့ ကြိုးစားပမ်းစား ထမ်းသွားပါတယ်တဲ့။

အေး–ရွှေထုပ်ထမ်းလာတဲ့လူလဲ မိမိရွာကို ပြန်ရောက်ရော၊ ဂုန်လျှော်ထုပ် ထမ်းလာတဲ့လူလဲ မိမိရွာ ပြန်ရောက်ရော၊ အဲဒီမှာ ကြည့်လိုက်ကြ-။

## ရွှေထုပ်ထမ်းသမားကို ဝမ်းပန်းတသာကြိုကြတယ်

တေ ယေန သကော ဂါမော တေနုပသင်္ကမိံသု၊

တေ၊ ထိုသူငယ်ချင်းနှစ်ယောက်တို့သည်။ ယေန၊ အကြင်အရပ်မှာ။ သကော ဂါမော၊ မိမိတို့ရဲ့ရွာသည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထိုမိမိတို့ရွာ ရှိရာသို့။ ဥပသင်္ကမိံသု၊ ချဉ်းကပ်၍လာကြလေကုန်ပြီ။

မိမိတို့ရဲ့ရွာကို ဆိုက်ရောက်၍လာကြပါပြီ။ မိမိတို့ရွာသို့ ဆိုက်ရောက်လာသည့်ကာလ ထိုနှစ်ယောက်သော အဆွေခင်ပွန်းတို့တွင်–။

ယော၊ အကြင်သူသည်။ သုဝဏ္ဏဘာရံ၊ ရွှေထုပ်ကို။ အာဒါယ၊ ယူ၍။ အာဂမာသိ ပြန်လာခဲ့တယ်။ တဿ၊ ထိုရွှေထုပ်ထမ်းပြီးပြန်လာတဲ့ ပုဂ္ဂိုလ်၏။ မာတာပိတရောပိ၊ မိဘနှစ်ပါးတို့သည်လည်း။ အဘိနန္ဒိံသု၊ နှစ်သက်ရွှင်လန်း အားရဝမ်းသာ ရှိကြလေကုန်၏။ ပုတ္တဒါရာပိ၊ သားမယားတို့ကလဲပဲ။ အဘိနန္ဒိံသု၊ နှစ်သက်ရွှင်လန်း အားရဝမ်းသာရှိကြလေကုန်၏။ မိတ္တာမစ္စာပိ၊ မိတ်ဆွေခင်ပွန်းတို့ကလဲပဲ။ အဘိနန္ဒိံသု၊ နှစ်သက်ရွှင်လန်း အားရဝမ်းသာကြလေကုန်၏။

ရွှေထုပ်ထမ်းလာတဲ့လူ သူ့ရွာရောက်တဲ့ အခါကျတော့ မိဘနှစ်ပါးကလဲ ဝမ်းသာလိုက်ကြတာ၊ ငါ့သားဉာဏ်ရှိတယ်၊ ဂုန်လျှော်ထုပ်စွန့်ပြီးတော့ ရွှေထုပ်ထမ်းခဲ့ပေကာယ်လို့ မိဘနှစ်ပါးကလဲ ဝမ်းသာကြလို့။ သားမယားတို့ကလဲ ဝမ်းသာကြလို့၊ ဆွေမျိုးတွေ မိတ်ဆွေတွေ သူငယ်ချင်းအပေါင်းအသင်းတွေကလဲ ဝမ်းသာကြလို့ ခရီးဦး ကြိုဆိုကြတတ်။

ယော ပန ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်ကတော့။ သာဏဘာရံ၊ ပိုက်ဆံလျှော်ထုပ် (ဂုန်လျှော်ထုပ်)ကြီးကို။ အာဒါယ၊ ယူပြီးတော့။ အာဂမာသိ၊ ပြန်လာခဲ့တယ်။ တဿ၊ ထိုဂုန်လျှော်ထုပ် ထမ်းပြန်လာတဲ့ပုဂ္ဂိုလ်ကျတော့။ မာတာပိတရောပိ၊ မိဘနှစ်ပါးတို့ကလဲပဲ။ နေဝအဘိနန္ဒိံသု၊ နှစ်သက်ရွှင်လန်းဝမ်းမြောက်ခြင်း မဖြစ်ကြလေကုန်။

ဂုန်လျှော်ထုပ်ထမ်းလာတဲ့လူကျတော့ မိဘနှစ်ပါးကလဲ ဝမ်းသာခြင်း မဖြစ်ကြဘူး–တဲ့။

ပုတ္တဒါရာပိ၊ သားမယားတို့ထလဲပဲ။ နအာတိနဒ္ဒိသု၊ နှစ်သက်ရွှင်လန်း အားရဝမ်းသာခြင်း မရှိကြသေကုန်၏ မိတ္တာမိစ္စာပိ၊ မိတ်ဆွေ ခင်ပွန်းတို့သလဲပဲ၊ နအာတိနဒ္ဒိသု၊ နှစ်သက်ရွှင်လန်း အားရဝမ်းသာခြင်း မရှိကြလေကုန်။

ရွှေထုပ်ထမ်းလာတဲ့လူကို တရွာလုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြမယ်၊ ဂုန်လျှော်ထုပ်ထမ်းလာတဲ့လူကိုတော့ မိဘနှစ်ပါးကလဲ ဝမ်းမသာ၊ ခရီးဦးကြိုဆိုခြင်းမရှိကြသလို၊ သားမယား ဆွေမျိုးဉာတိ အပေါင်းအသင်း ဘယ်သူကမှ ဝမ်းမြောက်ဝမ်းသာ လှိုက်လှိုက်လှဲလှဲ ခရီးဦးကြိုဆိုခြင်း မရှိပါဘူး၊

န စ တတောနိဒါနံ သုခံ သောမနဿံ အဓိဂစ္ဆိ။

တတောနိဒါနံ၊ ထိုဂုန်လျှော်ထုပ်ထမ်းလာခြင်းဆိုသော အကြောင်းကြောင့်။ သုခံသောမနဿံ၊ ချမ်းသာခြင်း ဝမ်းသာခြင်းကို။ သော၊ ထိုဂုန်လျှော်ထုပ်ထမ်းလာတဲ့ ပုဂ္ဂိုလ်သည်။ န အဓိဂစ္ဆိ၊ ဘယ်လိုနည်းနှင့်မှ မရရှိခဲ့တော့ပါပေ။

## ပါယာသိမင်းကို ဆုံးမချေချွတ်တော်မူတယ်

ရာဇည၊ ပါယာသိမင်း။

ဝေဝမေဝ၊ ဤအတူပင်လျှင်။ တွံပိ၊ သင်မင်းကြီးလဲပဲ။ သာဏဘာရိကူပမောမညေ ပဋိဘာသိ၊ ဂုန်လျှော်ထုပ်ထမ်းနေတဲ့ ပုဂ္ဂိုလ်ကြီးနဲ့ တူလှပါတော့သည်တကား၊

ရာဇည၊ ပါယာသိမင်း။

တသ္မာ၊ ထို့ကြောင့်။ ဘော၊ သင်မင်းကြီးရဲ့။ ပါယာသိ၊ ယုတ်မာသုစွာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူကြီးကို။ ပဋိနိဿဇ္ဇ၊ စွန့်လွှတ်ပါလေတော့လော့။

ရာဇည၊ ပါယာသိမင်း။

ဘော၊ သင်မင်းကြီးအား။ ဒီဃရတ္တံ၊ ကြာမြင့်စွာသော ကာလတို့ပတ်လုံး၊ ဒုက္ခာယ၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲဖို့ရန်။ မာအဟောသိ၊ မဖြစ်ပါစေလင့်၊

ဣတိ၊ ဤသို့။ အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ပါယာသိရာဇည်၊ မိစ္ဆာဒိဋ္ဌိ အယူကြီးကို ယူစွဲ

ထားတဲ့ ပါယာသိမင်းကြီးကို။ တော်ဝစနံ၊ ဤစကားကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

သာကာဘာရိကူပမာ– ပိုက်ဆံလျှော်ထုပ်ကို ထမ်းသည့် ဥပမာ၊ ဟုတ်လား။

အရှင်ကုမာရကဿပ ပါယာသိမင်းကြီးရဲ့ မိစ္ဆာဒိဋ္ဌိအယူကို ပိုက်ဆံလျှော်ထုပ်ကြီးနဲ့ ဥပမာထားပြီးတော့ လျှော်ထုပ်ထမ်းတဲ့ လူကိုတော့ ပါယာသိမင်းကြီးနဲ့ တူပါတယ်လို့ ဥပမာဆောင်ပြီး ဆုံးမတော်မူပါတယ်။

ဒကာတော်မင်းကြီး–ဟိုမှာရွှေထုပ်ထမ်းသွားတဲ့ ပုဂ္ဂိုလ်ကိုတော့ မိဘနှစ်ပါးကလဲ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတယ်၊ သားမယားတို့ကလဲ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတယ်၊ မိတ်ဆွေ အပေါင်းအသင်း ရောင်းရင်းတို့ကလဲပဲ ဆွေမျိုးသားချင်းတို့ကလဲပဲ ရွှေထုပ် ထမ်းလာတယ် ဆိုပြီးတော့ အားပါးတရ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတယ်။

ဂုန်လျှော်ထုပ်ကိုပဲ ထမ်းပြီး အိမ်ပြန်လာတဲ့ ပုဂ္ဂိုလ်ကျတော့ မိဘနှစ်ပါးလဲဝမ်းမသာ၊ ဇနီးမယားကလဲ ဝမ်းမသာ၊ ဆွေမျိုးသားချင်းတို့ကလဲ ဝမ်းမသာ၊ အဲဒီဂုန်လျှော်ထုပ် ထမ်းလာမိတဲ့ အတွက်ကြောင့် ချမ်းသာခြင်း ဝမ်းသာခြင်းဆိုတာကိုလဲ ရနိုင်လိမ့်မယ် မဟုတ်ဘူး ဒကာတော်မင်းကြီး။ ဒါကြောင့် ဒါကာတော်မင်းကြီးရဲ့ ဥစ္ဆေဒဒိဋ္ဌိအယူကြီးကို စွန့်လိုက်ပါလို့ မိန့်ကြားတော် မူလိုက်ပါတယ်။

ရာဇည၊ ပါယာသိမင်း။

တေ၊ သင်မင်းကြီးရဲ့၊ ပါပကံ၊ ယုတ်မာလှစွာသော။ ဝေရှပံ၊ ဤသို့သဘောရှိသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူကြီးကို။ ပဋိနိဿဇ္ဇ၊ စွန့်လွှတ်ပါလေလောဘာ့လော့။ တေ၊ သင်ဒကာတော်မင်းကြီးမှာ။။ ဒီဃရတ္တံ၊ ကြာမြင့်သောကာလတို့ပတ်လုံး။ အဟိတာယ၊ အကျိုးမဲ့ဖို့ရန်။ ဒုက္ခာယ၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲဖို့ရန်။ မာအဟောသိ။ မဖြစ်ပါစေလင့်။

ဣတိ၊ ဤသို့။ အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပ မထေရ်မြတ်သည်။ ရာဇညံ၊ ပါယာသိ မင်းကြီးကို။ တော်ဝစနံ၊ ဤစကားကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဆုံးမတော် မူခဲ့ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

## ပါယာသိမင်းကြီးလျှောက်ထားပြီ

ဥပမာ ၁၄-ခုစုံသွားပြီကုန်သွားပြီဆိုကြစို့၊ ဥပမာ ၁၄-ခု ကုန်သွား စုံသွားတော့ ပါယာသိမင်းကြီးရဲ့ လျှောက်တင်ချက်ကို နားထောင်ကြည့်စမ်းပါ။ ရှေ့ပိုင်းက ဥပမာ ၁၃-ခုမှာတော့ ဥပမာ တခု တခု ဆုံးတိုင်း ဆုံးတိုင်း သူ့အယူကို မစွန့်နိုင်ဘူးချည်း လျှောက်ခဲ့တယ်၊ ဤ ၁၄-ခုမြောက် ဥပမာ ဆုံးပြီဆိုတဲ့ အခါကျ တော့ သူလျှောက်ထားပုံက တမျိုးဖြစ်သွားတယ်။

ဘုန်းကြီးတို့ စဉ်းစားကြည့်လိုက်တယ်၊ သေတဗျမြို့ရဲ့ မြောက်ဘက်က ဟိုရှင်းတိုက်တောထဲမှာ အရှင်ကုမာရကဿပရဲ့ ဘေးမှာ သံဃာတော်ငါးရာ ပဋိသမ္ဘိဒါပတ္တရဟန္တာ ပုဂ္ဂိုလ်တွေ ဝန်းရံပြီးတော့ နေကြတယ်၊ ပါယာသိမင်းကြီးရဲ့ ဘေးမှာလဲပဲ နန်းတော်ရှိ ပရိသတ်အားလုံးနဲ့ သေတဗျမြို့သူ မြို့သား အားလုံး ဝန်းရံပြီးတော့ နားထောင်ကြတယ်။

အရှင်ကုမာရကဿပနဲ့ ပါယာသိမင်းကြီးတို့ရဲ့ စကားစစ်ထိုးပွဲဟာ နေ့လယ်စာ စားပြီးတဲ့အချိန်ကနေပြီး စကားစစ်ထိုး ပြောဆိုနေကြတာဟာ ညနေစောင်းလို့ တော်တော်မိုးချုပ်သွားဟန် လက္ခဏာရှိပါတယ်၊ စကားစစ်ထိုးပွဲဟာ တော်တော်ကြာညောင်းသွားတဲ့ လက္ခဏာ ရှိတယ်။ ဒါကြောင့်-ပါယာသိမင်းကြီးက ဘယ်နှယ်လျှောက်တုန်းဆိုတော့—

ပုရိမေနေဝ အဟံ ဩပမ္မေန ဘောတော ကဿပဿ
အတ္တမနော အဘိရဒ္ဓေါ။—တဲ့

ဘောကဿပ၊ အို-အရှင်ကုမာရကဿပ။

ပုရိမေနေဝ ဩပမ္မေန၊ ပထမဆုံး ပြလိုက်တဲ့ ဥပမာဖြင့်ပင်လျှင်။ အဟံ၊ တပည့်တော် သည်။ ဘောတော ကဿပဿ အရှင်ကုမာရကဿပရဲ့၊ ဝစန်၊ ဖြေကြားတဲ့ စကားဖြေစကားကို။ အတ္တမနော၊ နှစ်သက်ရှင်လန်း အားရဝမ်းသာသည်ဖြစ်၍၊ အဘိရဒ္ဓေါ၊ နှစ်သက်လက်ခံပါပြီဘုရား။

မယံ၊ တပည့်တော်ရဲ့။ ပါကံ။ ယုတ်မာလှစွာသော၊ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူကြီးကို။ ဝိနိဿဇ္ဇိ၊ တပည့်တော် စွန့်လွှတ်ခဲ့ပါပြီဘုရား။

ဥပမာ ၁၄-ခုကိုတင် နံပါတ်(၁) ဥပမာကို ပြောပြီးကတည်းကိုက သူ့ရဲ့ မိစ္ဆာအယူကြီးကို စွန့်ပြီးနေပါပြီတဲ့၊ ဒါပေမယ့် တပည့်တော် ဆက်လက်ပြီးတော့ အရှင်ဘုရားကို မငြင်းနိုင်သေးဘူး မစွန့်သေးဘူးလို့ ကတ်ကတ်ကက်ကက် ပြောနေတာကတော့ ဝဖြားကြောင့် မဟုတ်ပါဘူး။

ပထမနံပါတ်(၁) ဥပမာ ပြောလိုက်ရုံနဲ့ တပည့်တော်ရဲ့ နောက် ဘဝမှရှိဆိုတဲ့ ဥစ္စာဒိဋ္ဌိကြီးကို စွန့်နေပါပြီဘုရား၊ ဒါပေမယ့်လဲပဲ အရှင် ဘုရားရဲ့ စိတ္တကထိခမ္မာထိက ဇောင်ဘဲ့ဆိုတာကို တပည့်တော် ကြားထား တော့ ဆန်းဆန်းကြယ်ကြယ် ဥပမာတွေနဲ့ ပြောနေတာကို နားထောင် ကောင်းလွန်းလို့ဘုရား—တဲ့၊ တပည့်တော် ကတ်သတ်ပြီးတော့ ပြောနေရ ရတာ။

## ဆန်းကြယ်တဲ့စကား နာကြားလိုလို့ တဲ့

ဒီမင်းကြီးကို ဟောရတာ အရှင်ကုမာရကဿပ အတော်မောရှာ မှာပဲ၊ ဘယ်နှယ်ဗျာ သူ့အယူကို စွန့်ယင်လဲ စွန့်ပြီဆိုတာ စောစောက ပြောရောပေါ့၊ အခုတော့ သူ့ကိုဟောလိုက်ရတာ တနေ့လုံး၊ ဥပမာ ၁၄—ခုတောင် ဟောယူရတယ်။ တနည်းတော့လဲ သူအဲဒီလို ကတ်သီး ကတ်သတ်မေးတာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေတယ် သူက အဲဒီ လိုမှ မစွန့်သေးဘူး မစွန့်သေးဘူးလို့ မဆုံခဲ့ယင် ဒီဥပမာတွေဟာ ဒီသုတ္တန်ထဲမှာ ပေါ်လာမှာတောင် မဟုတ်ဘူး၊ ဟုတ်လား။

ဘောကဿပ၊ အို—အရှင်ကုမာရကဿပ။

ယံ၊ တပည့်တော်ရဲ့။ ပါပကံ၊ ယုတ်မာလှစွာသော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူကြီးကို။ ပဋိနိဿဇ္ဇံ၊ တပည့်တော် စွန့်လွှတ်ခဲ့ပါပြီဘုရား။

အပိစာဟံ ဣမာနိ ဝိစိတြာနိ ပဥှာပဋိဘာနာနိ
သောတုကာမော ဧဝါဟံ ဘဝန္တံ ကဿပံ ပစ္စနိကံ
ကာတဗ္ဗံ အမညိဿံ။

အပိစ၊ သို့သော်လည်း။ ဣမာနိဝိစိတြာနိ ပဥှာပဋိဘာနာနိ၊ ဤဆန်း ကြယ်လှစွာသော မေးခွန်းရဲ့အဖြေ အမဖြေရဲ့အဖြေတို့ကို။ (ဝါ) ဆန်း ကြယ်လှစွာသော အရှင်ဘုရားရဲ့ တရားစကားနဲ့ ဥပမာတို့ကို။ သောတု ကာမော၊ နာကြားလိုခဲ့သည်ဖြစ်၍။ အဟံ၊ တပည့်တော်သည်။ ဘဝန္တံ ကဿပံ၊ အရှင်ဘုရားကုမာရကဿပကို။ ပစ္စနိကံ ကာတဗ္ဗံ၊ ဆန့်ကျင်ဘက် လုပ်မိတယ်လို့။ အမညိဿံ၊ ထင်ရပါတော့သည်ဘုရား။

အရှင်ဘုရားရဲ့ ဆန်းကြယ်တဲ့ စကားတွေကို နာကြားလိုတဲ့အတွက် ကြောင့် အရှင်ဘုရားကို တပည့်တော် ဆန့်ကျင်ဘက် လုပ်မိခဲ့ပါတယ် ဘုရား။

## ဗုဒ္ဓဘာသာအဖြစ်ခံယူကြောင်း

အဘိက္ကန္တံ ဘော ကဿပ၊ အဘိက္ကန္တံ ဘော ကဿပ၊ သေယျထာပိ ဘော ကဿပ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ "စက္ခုမန္တော ရူပါနိ ဒက္ခန္တီ"တိ၊

ဧဝမေဝံ ဘောတာ ကဿပေန အနေကပရိယာယေန ဓမ္မော ပကာသိတော၊ ဧသာဟံ ဘော ကဿပ တံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံ ဘဝံ ကဿပေါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။-လို့

ပါယာသိမင်းကြီးရဲ့အယူမှားကို တခါတည်းစွန့်ပြီးတော့ အားပါးတရနဲ့ ဗုဒ္ဓဘာသာအဖြစ်ကို သေသေချာချာခံယူသွားတဲ့အကြောင်း ဟောဒီမှာ လျှောက်ထားချက်-။

ဘော ကဿပ၊ အို-အရှင်ကုမာရကဿပ။

တော်၊ အရှင်ဘုရားရဲ့ ဝစနံ၊ အားဖြစကားတော်ဟာ။ အဘိက္ကန္တံ၊ အလွန်အလွန် နှစ်သက်ဖွယ်ရာ ကောင်းလှပါတော့သည်ဘုရား။ အဘိက္ကန္တံ၊ အလွန်နှစ်သက်ဖွယ်ရာ ကောင်းလှပါဘော့သည်ဘုရား။

နိက္ကုဇ္ဇိတံ ဝါ ဝိဝရေယျ မှောက်ထားတဲ့အိုးကြီးများကို လှန်ပြလိုက်သလိုပါပဲ။

ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ ဖုံးလွှမ်းထားတာတွေကို ဖွင့်လှစ်၍ ပြလိုက်သလိုပါပဲ။

မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ တောကြီးမျက်မည်း လမ်းမှားနေတဲ့ ပုဂ္ဂိုလ်ကို လမ်းမှန်ပြလိုက်သလိုပါပဲ။

အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ၊ အမှောင်ကြီးထဲမှာ မီးတိုင်ကြီးတွေကို ဆောင်ပြလိုက်သလိုပါပဲ။

အမှောင်ထုကြီးထဲမှာ မီးပြတာသည်သာ ဟာ မျက်စိကောင်းနေတဲ့ပုဂ္ဂိုလ်ကို ပြရတာ။ မျက်စိကန်းနေတဲ့ပုဂ္ဂိုလ်ကို မီးတိုင်တွေ ဘယ်နှစ်တိုင်ပဲ ဆောင်ပြထားသား အချည်းနှီးပါပဲ၊ ဒါကြောင့် ပါယာသိမင်းကြီး လျှောက်ပုံအလဲ သေချာတယ်-။

စက္ခုမန္တော ရူပါနိဒက္ခန္တိ၊—တဲ့

စက္ခုမန္တော၊ မျက်စိနှင့်ကွင်းအလင်းရတဲ့ ပုဂ္ဂိုလ်တို့သည်။ ရူပါနိ၊ အဆင်းမျိုးစုံ ရုပ် ရုံတို့ကို။ ဒက္ခန္တိတိ၊ မြင်ကြပါစေဆိုသော ရည်ရွယ်ချက်ဖြင့်—

မျက်စိကောင်းတဲ့ ပုဂ္ဂိုလ်တွေ အလင်းရောင်ပြလိုက်ယင် ရူပါရုံကို မြင်ကြပါစေဆိုသော ရည်ရွယ်ချက်ဖြင့်—

## ဗုဒ္ဓဘာသာဥပါသကာအဖြစ် မှတ်တော်မူပါ

တေလပဇ္ဇောတံ၊ ဆီမီးတန်ဆောင်ကြီးကို။ ဓာရေယျ သေယျ ထာပိဝါ၊ ဋ္ဌိထွန်းပြလိုက်သလိုပါပဲ။

မျက်စိကောင်းတဲ့လူတွေအတွက် မီးတိုင်ကြီးပြလိုက်သလိုပဲ တရား ဆီမီးတိုင်ဆိုတာက၊ ဉာဏ်မျက်စိရှိသူတို့အတွက် ထောင်ပြရတာ။

ဧဝမေဝ– ဧဝံတထာ၊ ပမာလားယူထို့ အတူပဲ။ဘောတာ ကဿပေန၊ အရှင်ကုမာရကဿပမထေရ်သူမြတ်သည်။ အဟံ၊ တပည့်တော်ကို။ အနေက ပရိယာယေန၊ တပါးမက များစွာသော နည်းပရိယာယ်ဖြင့် (ဝါ) ဥပမာ ၁၄-ချက်တို့ဖြင့်။ ဓမ္မောပကာသိတော၊ တရားတွေ ပြလိုက်ပါတော့ဘည်ဘုရား။

ဘောကဿပ၊ အို—အရှင်ကုမာရကဿပ။

အဇ္ဇာဂေ၊ ဒီကနေ့ကိုအစပြု၍။ ပါဏုပေတံ၊ တပည့်တော် အသက်ရှင်နေသမျှ ကာလပတ်လုံး။ တံဘဝန္တံ ဂေါတမံ၊ ထိုဘုရားရှင် ကိုယ်တော်မြတ်ကို လည်းကောင်း။ ဓမ္မဥ္စ၊ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တရားတော်ပုန်သမျှကိုလည်းကောင်း။ ဘိက္ခုသံဃဥ္စ၊ ထိုတရားတော်တွေကို စောင့်ရှောက်တော်မူကြတဲ့ ရဟန်းသံဃာတော်အရှင်သူမြတ်တွေကို လည်းကောင်း။ သရဏံ–သရဏံဂတိ၊ ကိုးကွယ်ရာပဲဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်သိမှတ် တပည့်တော်ပါယာသိမင်း ဆည်းကပ်လိုက်ပါတော့သည် ဘုရား။

ဘောကဿပ အို—အရှင်ကုမာရကဿပ။

အဇ္ဇတဂ္ဂေ၊ ဒီကနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ မံ၊ တပည့်တော်ကို။ ရဘာနတ္တယံ၊ ရတနာသုံးပါးကို။ သရဏံဂတံ၊ ကိုးကွယ်ခြင်းသို့ ဆိုက်ရောက်သော ဥပါသကံ၊ဗုဒ္ဓဘာသာဥပသကာဒါယကာ

တယောက်ဟူ၍။ ဒါရေတုံ ကောင်းစွာမသေ့ မှတ်သားတော်မူစေချင်ပါ တော့သည်ဘုရား။

ဣတိ၊ ဤသို့။ ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်ကို။ ဧတံ ဝစနံ၊ ဤဆိုခဲ့တဲ့စကားကို (ဝါ) သာရဏဂုံကည်ကြောင်း ဗုဒ္ဓဘာသာ ဖြစ်ကြောင်း ဥပါသကာဖြစ်ကြောင်း လျှောက်ထားတောင်းပန်သည့် စကားကို။ အဝေါစ၊ ရှေးနားတော်ကြားအောင် လျှောက်ထားရှာလေ တော့သတည်း။

''သာဓု—သာဓု—သာဓုပါဘုရား''

## ပါယာသိမင်းကြီးရဲ့အတွင်းစိတ်ကို မဆင်ခြင်မိ

ဘုန်းကြီးတို့ပရိသတ်များ-ပါယာသိမင်းကြီးဟာ သူ့ရဲ့ဉစ္ဆေဒဒိဋ္ဌိ အယူမှားကြီးကို နံပါတ်(၁) စန္ဒိမသူရိယာဥပမာ- နေနဲ့လကို ဥပမာထား ပြီးတော့ ပြောလိုက်ကတည်း ကိုက သူ့အယူမှား ကို စွန့်ထားပြီးနေပြီ၊ သို့သော် အယူမှားစွန့်လို့ လင်းမှန်ရောက်တာ ဟာ စိတ်ထဲမှာပဲထားတယ် နှုတ်ကနေ ထုတ်မပြောဘူးနော်။

ပါယာသိမင်းတရား သမ္မာဒိဋ္ဌိအယူသို့ ပြောင်းခဲ့တာဟာ နေလ ဥပမာအိုတဲ့ နံပါတ်(၁)ဥပမာ ပြောပြီးကတည်းက သူပြောင်းခဲ့ပါ ပြီ၊ သို့သော်လဲ သူ့အယူပြောင်းပြီး သာသနာ့ဘောင်ကြည်ညိုကြောင်း ရတနာသုံးပါးကို ကိုးကွယ်သိုလ်ဆည်းကပ်ကြောင်းကို သူ [illegible] ကော့ မပြောဘူး။ အရှင်ကုမာရ [illegible] ဟာ [illegible] နီးဆန်း ကြယ်ကြယ်ပြောကြားနေတာ [illegible] သူကဆက်ပြီးတော့ [illegible]။

အရှင်ကုမာရကဿပ [illegible] ပါယာသိမင်းကြီးရဲ့ အတွင်း စိတ်ကို မဆင်ခြင်မိဘူးနော်၊ အေးအာဝုဇ္ဈ [illegible] တန်ခိုးဆိုတာ ဆင်ခြင် [illegible] မဆင်ခြင်ဘယ်သိပါမလဲ၊ [illegible] တော့ ဒီမင်းကြီး မိစ္ဆာဒိဋ္ဌိ [illegible] ပြီး [illegible] နေတာ။

သူ့ဘုန်းကြီး ဆုံးလဲ [illegible] အရှင်ဘုရား [illegible] အရှင်ဘုရား တရားစကားတည်း စွန့်ပြီး [illegible] ဖြစ် သွားတယ်၊ ဟုတ်လား။ တကယ်တော့ မဟုတ်ပါဘူးဟဲ့ ပါယာသိမင်း

ကြီး သမ္မာဒိဋ္ဌိဖြစ်သွားတယ်ဆိုတော့ အခမာပြေလို့ ဝမ်းသာစရာကြီး ပေါ့၊ ဟုတ်လား။

သရဏဂုံတည်ကြောင်းကိုလဲ လျှောက်ထားခဲ့ပြီ၊ ဗုဒ္ဓဘာသာဖြစ် ကြောင်းလဲ လျှောက်ထားခဲ့ပြီ၊ ရတနာသုံးပါး ဆည်းကပ်တဲ့ ဥပါသကာ ဖြစ်ကြောင်းကိုလဲ လျှောက်ထားခဲ့ပါပြီ။ အခုမှပွင့်ပွင့်လင်းလင်းလျှောက် တယ်၊ သုတ္တန် စ တုန်းကတော့ သူမလျှောက်ထားပဲနဲ့ ကပ်၍ကပ်၍ လာခဲ့တာ သုတ္တန်ဆုံးတော့မှ ပွင့်ပွင့်လင်းလင်း လျှောက်ထားခဲ့ပါတယ်။

ဒီမျှမကသေးပဲနဲ့ သူဘာသာဆက်၍လျှောက်တုန်းဆိုတော့—။

လစ္ဆာမိ စာဟံ ဘောကဿပ မဟာယည်ံ ယဇိတုံ၊ တဲ့

အခြားအခြား သုတ္တန်များမှာတော့ သရဏဂုံတည်ပြီးပြီ၊ တပည့် တော်ကို ဗုဒ္ဓဘာသာ ဥပါသကာတယောက်အဖြစ် မှတ်ယူတော်မူပါလို့ လျှောက်ထားပြီးယင် သုတ္တန်ဟာ ပြီးသွားကာပဲများပါတယ်။ ဘုန်းကြီး တို့ ပရိယတ်က အခြားအခြားသုတ္တန်တွေကို ထပ်တလဲလဲနာထားတော့ အဘိက္ကန္တံဘန္တေ အဘိက္ကန္တံဘန္တေ ဆိုယင် သုတ္တန်ဆုံးပြီဆိုတာ သိကြ ရတယ်။

အခုတော့ သရဏဂုံတည်ပြီးပြီဆိုကော့မှ ပါယာသိမင်းကြီး သဒ္ဓါ တရားတွေဖြစ်နေလိုက်တာ ကြည့်ကြစမ်းပါ၊ သဒ္ဓါတရားတွေ သိပ်ဖြစ် လာတာ သာသနာတော်ကို ကြည်ညိုတဲ့စိတ်တွေ သိပ်ဖြစ်လာပြီးတော့ ဘာမလျှောက်တုန် ဆိုတော့။

## ပါယာသိမင်းယဇ်ပူဇော်လိုကြောင်း

လစ္ဆာမိ စာဟံ ဘောကဿပ မဟာယည်ံ ယဇိတုံ—တဲ့

ဘောကဿပ၊ အို—အရှင်ကုမာရကဿပ။

အဟံ၊ တပည့်တော်သည်။ မဟာယည်ံ၊ ကြီးစွာသောယဇ်ကို။ ''မဟာသည''ကို ယဇ်လို့ပဲ ဘာသာပြန်ကြရအောင်နော်၊ နောက် ကျတော့မှ အဲဒီ''ယည''ဆိုတဲ့ ပုဒ်ကလေးရဲ့ အဓိပ္ပာယ်ကို မနက်ဖြန်ည ကျမှ ရှင်းပြမယ်၊ ဟုတ်လား။

မဟာယည်ံ ကြီးစွာသောယဇ်ကို။ ယဇိတုံ၊ ပူဇော်ဖို့ရန်။ လစ္ဆာမိ၊ တပည့်တော်အလိုရှိပါသည်ဘုရား။

တပည့်တော်အကြီးအကျယ် ယဇ်ပူဇော်ချင်ပါတယ်ဘုရား၊ ဗုဒ္ဓ ဘာသာဖြစ်စဆိုတော့လဲပဲ, တနည်း မူလတန်း ဗုဒ္ဓဘာသာလောက်ပဲဖြစ်

သေးတယ်ဆိုတော့လဲပဲ ဗုဒ္ဓဘာသာတို့ရဲ့ ဒါနကောင်းမှုအကြောင်းကို နားမလည်သည်ဖြစ်ခြင်းကြောင့် ရတနာသုံးပါးအား ပူဇော်တယ်ဆိုတဲ့ ဒါနကောင်းမှုကို နားမလည်သည်ဖြစ်ခြင်းကြောင့် ဗုဒ္ဓဘာသာဖြစ်သစ်စ မူလဘာန်းဗုဒ္ဓဘာသာမျှသာ ရှိသေးတဲ့ ပါယာသိမင်းကြီးက—။

မဟာယညံ၊ ကြီးစွာသောယဇ်ကို။ ယဇိတုံ၊ ပူဇော်ဖို့ရန်။ ဣစ္ဆာမိ၊ အလိုရှိပါသည်ဘုရား။

တပည့်တော် အကြီးအကျယ် ယဇ်ပူဇော်ခြင်းအလို့ငှာ အလိုရှိပါတယ်ဘုရား။

အနုသာသတု မံ ဘဝံ ကဿပေါ—

ဘဝံကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ တံယညံ၊ ထိုယဇ်ပူဇော်ဖွယ်ရာ နည်းလမ်းတွေကို။ မံ၊ တပည့်တော်ကို။ အနုသာသတု၊ ဆိုဆုံးမတော်မူပါ နည်းလမ်းပေးတော်မူပါ။

တပည့်တော် ယဇ်ပူဇော်ပွဲကြီး အကြီးအကျယ် ပူဇော်ချင်ပါတယ်ဘုရား၊ ယဇ်ပူဇော်ဖို့ နည်းများပေးပါဦး၊ ယဇ်ပူဇော်နည်းလေး တပည့်တော်ကို ဟောပါဦး။

ယံ မမဿ ဒီဃရတ္တံ ဟိတာယ သုခါယာတိ၊

ယံ၊ ယင်းကဲ့သို့မျိုး ယဇ်ပူဇော်လိုက်ရမယ်ဆိုယင်။ မမ၊ တပည့်တော်အတွက်။ ဒီဃရတ္တံ၊ ကြာမြင့်စွာသော ကာလတို့ပတ်လုံး။ ဟိတာယ၊ စီးပွားဖြစ်ဖို့ရန်။ သုခါယ၊ ချမ်းသာဖို့ရန်။ အတ္ထာယ၊ အကျိုးဖြစ်ဖို့ရန်။ ဘဝိဿတိ ဖြစ်ပါလိမ့်မယ်ဘုရား၊

အဲဒီလိုမျိုးယဇ်ကြီး အကြီးအကျယ် ပူဇော်လိုက်ရယင် တပည့်တော် ဘဝများစွာ ချမ်းသာသွားလိမ့်မယ်လို့ ယူပါတယ်၊ ဒါကြောင့် တပည့်တော် အကြီးအကျယ် ယဇ်ပူဇော်ချင်ပါတယ်၊ ယဇ်ပူဇော်ဖို့ နည်းလမ်းများ တပည့်တော်ကို ပြသပေးတော်မူပါ ဆုံးမပေးတော်မူပါလို့ -

ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ အာယသ္မန္တံကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်ကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ ရှေ့နားတော် ကြားအောင် လျှောက်ထား ရှာလေတော့သတည်း။

"သာဓု—သာဓု—သာဓုပါဘုရား"

ပါယာသိမင်းတရားဟာ ယဇ်ပူဇော်ဖို့ အရှင်ကုမာရကဿပထံမှာ နည်းတောင်းတယ်. ယဇ်ပူဇော်နည်းများ တပည့်တော်ကိုပေးပါ။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာကြီးပွားဖို့ ပူဇော်ပွဲတခု လုပ်ချင်ပါတယ်လို့ တောင်းပန် တယ်၊ ဟုတ်လား။

အရှင်ကုမာရကဿပမထေရ်က ပါယာသိမင်းကြီးအား ပူဇော် ကောင်းတဲ့ယဇ်နဲ့ မပူဇော်ကောင်းတဲ့ယဇ်ကို ခွဲပြီးတော့ ဟောလိမ့်မယ်။ ပါယာသိမင်းကြီး အကြီးအကျယ် ယဇ်ပူဇော်ပွဲကြီးတခု ဆင်နွှဲပါလိမ့် မယ်၊ ပါယာသိမင်းကြီးရဲ့ ဘဝနိဂုံးချုပ်ခန်းကို မနက်ဖြန်ခါညကျမှ ဆက်ကြရအောင်၊ ဟုတ်လား။

ဒီကနေ့ည ၈–နာရီကနေ ၉-နာရီခွဲအထိ ၁-နာရီခွဲကြာတယ်၊ တော်ကြစို့ နားကြစို့၊ ဟုတ်လား။

# ပါယာသိသုတ္တန်

## နဝမပိုင်း

၁၃၄၃ခု၊ ဝါဆိုလဆန်း ၁၁-ရက်နေ့ည

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊

မလွန်ဆန်လွှာအသင်း၊ထောက်၏ ဓမ္မသဘင်၌ ဟောကြားသည်။

## ကောသလမင်းရဲ့ လက်အောက်ခံပါယာသိမင်း

ဒီကနေ့ညမှာတော့ ပါယာသိသုတ္တန်ကြီးကို အားလုံးနိဂုံးကမွတ် အဆုံးသတ်ရမယ့်ညပါ။ ပါယာသိသုတ္တန်ကြီး နိဂုံကမွတ်အဆုံးသတ် သွားတော့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ပါယာသိမင်းကြီးရဲ့ ဥစ္ဆေဒအယူမှားကြီး ကျွတ်လွတ် သွား ကြောင်း ကောင်းစွာသိခဲ့ရပြီ၊ ဥစ္ဆေဒဒိဋ္ဌိ အယူမှားကြီးက ပါယာသိမင်းကြီး ကောင်းစွာ ကျွတ်လွတ်ခဲ့တယ်။

(က) နောက်ဘဝဆိုတာ မရှိ၊
(ခ) ငရဲ နတ်ပြဟ္မာ သတ္တဝါဆိုတာမရှိ၊
(ဂ) ကုသိုလ်အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်ရဲ့ အကျိုး ဆိုတာမရှိ၊

ဆိုတဲ့ အယူအဆ, အယူမှားကြီးဟာ ပါယာသိမင်းကြီးရဲ့သန္တာန် မှာ နှစ်ပေါင်းများစွာက စွဲပြီးတော့ လာခဲ့တာ ပသေနဒီကောသလမင်း တရားကြီးလဲသိတယ်။ ကောသလ မင်းတရားပိုင်တဲ့ ကောသလတိုင်း အတွင်းမှာ နယ်ဘစိတ် တခုသဖြစ်သော သေတဗျမြို့ကို အုပ်ချုပ်ရတဲ့ ပါယာသိမင်းဟာ ကောသလမင်းကြီးရဲ့ လက်အောက်ခံမင်း ဘုရင် ခံတမျိုးပေါ့။

ဒီတော့ သူ့ရဲ့အထက်ကရှိနေတဲ့ ကောသလမင်းကြီးကလဲ သူ့ရဲ့ လက်အောက်ခံ ဘုရင်ခံအယောက်ဖြစ်တဲ့ ပါယာသိမင်းမှာ ဒီဥစ္ဆေဒအယူ ရှိတယ်ဆိုတာ ကောသလမင်းကြီးလဲ သိထားတယ်၊ တိရောရဋ္ဌရာဇာ နောပိဇာနန္တိ တိုင်းတပါးက မင်းတွေကလဲ အလုံးစုံ သိထားကြတယ်။

အဲဒီလို မင်းအားလုံးက သိထားကြတဲ့ အတွက်ကြောင့် ပါယာ သိမင်းကြီးသည် စောစောတုန်းက သူ့အယူကို မစွန့်ဘူး။

ကောဒပနပိ နံ ဟာရိဿာမိ၊ မက္ခေနပိ နံ ဟာရိဿာမိ၊
ပလာသေနပိ နံ ဟာရိဿာမိ -လို့

သူ ထပ်တလဲလဲ ပြောခဲ့တယ်၊

ဘော ကဿပ၊ အို-အရှင်ကုမာရကဿပ။

နံ ထိုနောက် ဘဝမရှိဆိုတဲ့ အယူအဆကြီးကို၊ ကောဓေနပိ ဘယ်သူတွေကပဲ စိတ်ဆိုးချင်ဆိုးပစေတော့။ အပိ၊ ဟာပဉ္စတော်က။ ဟာရိဿာမိ၊ ဆောင်ကာပါဦးမယ် ဘုရား။

မကျွေနုပိ၊ အရှင်ဘုရားတို့ရဲ့ ၁ါဒကို ချေဖျက်ဖို့ရန်လဲပဲ ဟရိဿာမိ၊ ဆောင်ထားပါဦးမယ်ဘုရား။

ပလာသေနုပိ၊ အရှင်ဘုရားတို့ရဲ့ ဝါဒကို တုပြိုင်ဖို့ရန်လဲပဲ။ ဟရိဿာမိ၊ ဆောင်ထားပါဦးမယ် ဘုရား။

ဘယ်သူပဲ စိတ်ဆိုးဆိုးတဲ့ တပည့်တော်တော့ ဒီအယူကို မစွန့်နိုင်သေးဘူး၊ အရှင်ဘုရားတို့နဲ့ ပြိုင်ဆိုင်ဖို့ရန် အရှင်ဘုရားတို့ရဲ့ ဝါဒကို ဆိုးနှက်ချေဖျက်ဖို့ရန် ဗိဝါဒကို တပည့်တော် ဆောင်ထားပါဦးမယ်လို့ ထပ်တလဲလဲ လျှောက်ထားခဲ့တဲ့ ပါယာသိမင်းကြီးသည် ယခုအခါ သုတ္တန်အဆုံး တမွတ် နိဂုံးသတ်တဲ့အခါလ—။

## ပါယာသိမင်း အယူစွန့်ပြီ

ပုရိမေနေဝ အဟံ ဩပမ္မေန ဘောတော ကဿပဿ
အတ္တမနော အဘိရဒ္ဓေါ။

ဘောကဿပ၊ အို—အရှင်ကုမာရကဿပ။

ပုရိမေနေဝဩပမ္မေန၊ ပထဆုံး ပြလိုက်တဲ့ ဥပမာဖြင့်ပင်လျှင်။ အဟံ၊ တပည့်တော်သည်။ ဘောတောကဿပဿ၊ အရှင်ဘုရား ကုမာရကဿပရဲ့။ ဝစနံ၊ ဖြေကြားလိုက်တဲ့ စကားကို။ အတ္တမနော၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်သည်ဖြစ်၍ အဘိရဒ္ဓေါ၊ နှစ်သက်စွာ လက်ခံလိုက်ရပါတော့သည် ဘုရား။

အရှင်ဘုရား ပြောကြားလိုက်တဲ့ ရှေးဦးစွာသော ဥပမာဖြင့်ပင်လျှင် တပည့်တော်ရဲ့ အယူဝါဒကို စွန့်လွှတ်ပြီးတော့၊ အရှင်ဘုရား ပြောကြားတဲ့ နောက်ဘဝရှိတယ်, ငရဲနတ်ပြဟ္မာရှိတယ်, ကုသိုလ် အကုသိုလ် ဆိုတာရှိတယ်, ကုသိုလ် အကုသိုလ်ရဲ့ အကျိုးဆိုတာ ရှိတယ်ဆိုတဲ့ အရှိဝါဒကို ဘုရာ တပည့်တော် လက်ခံလိုက်ပါပြီ ဘုရား၊ ဥစ္ဆေဒ ဒိဋ္ဌိကို စွန့်လိုက်ပါပြီ ဘုရား။

ဥစ္ဆေဒဒိဋ္ဌိ စွန့်လိုက်ပုံကတော့ လယ်သမား တယောက်ဟာ လယ်ကွက်ထဲ တွင်ရှေ့ငါးရတာ အလုန်ခက်တဲ့ ကိုင်းတောတွေ, သက်ကယ်တောတွေကို အမြစ်ကပါ တူးပြီးတော့၊ အကုန်လုံး မီးရှို့ပြာချပြီး တောင်ထိပ်လေလာရာကနေ တက်ပြီး လွှင့်ပစ်လိုက်သလိုပဲ။ ကိုင်းမြစ်တွေ သက်ကယ်မြစ်တွေ အကုန်တူးပြီးတော့ မီးရှို့ပြာချပြီး ရေစီးသန်တဲ့ မြစ်ကြီးထဲ မျှောပစ်လိုက် သလိုပဲ၊ အရှင်ဘုရားရဲ့ တရားထည်း

ဟူသော လေထဲမှာ တပည့်တော်ရဲ့ မိစ္ဆာ[illegible]အယူတည်းဟူသော ကိုင်းဖုတ်ကြီးကို မီးတိုက်ပြီးပြာချကာ လွင့်လိုက်ပါပြီ ဘုရား။

အရှင်ဘုရားရဲ့ တရားတော်[illegible]ဟူသော ရေယာဉ်ကျောမှာ တပည့်တော်ရဲ့ မိစ္ဆာအယူတည်းဟူသော [illegible]ကြီးကို မီးရှို့ပြီးတော့ ပြာချကာ မျှောလိုက်ပါပြီလို့ ပါယာသိမင်းတရား အယူစွန့်ကြောင်း အားပါးတရ လျှောက်ပြီးတော့ [illegible] ရတနာသုံးပါး [illegible]ကောင်းစွာ ဆောက်တည်ခဲ့တယ်၊ ဗုဒ္ဓဘာသာ ဥပါသကာ ဖြစ်ကြောင်းကို ကောင်းစွာ လျှောက်တင်ခဲ့တယ်။

ဒီတော့ ဘုန်းကြီးတို့ [illegible]ရိသတ်များ ရှေးဦးစွာ ပြလိုက်သော ဥပမာဖြင့်ပင်လျှင် သူ့အယူမှား စွန့်ခဲ့ပြီဆိုတဲ့ အကြောင်းကို ပါယာသိ မင်းသည် လျှောက်တယ်။ နောက်ထပ် ဆက်မျှသာ ရှိပြတဲ့ ဥပမာ ၁၃ ခု တို့ကတော့ သူနားထောင်ကောင်းတာနဲ့ [illegible] မေးနေလို့ အရှင်ကုမာရကဿပက ဟောပြရတာ။

နောက် ဥပမာ ၁၃ ခု ဟောနေပေမဲ့ ပါယာသိမင်းကြီးမှာ မိစ္ဆာ အယူမရှိတော့ပါဘူး၊ ပ[illegible] ဥပမာနဲ့ပဲ ပါယာသိမင်းကြီးသည် မိစ္ဆာ အယူကို စွန့်ပြီးသား ဖြစ်သွားပြီ၊ ယိုပတမ ဥပမာသည်ကား–''စန္ဒိမ သူရိယဥပမာ''တဲ့၊ နေလ ဥပမာပေါ့၊ ယိုနေလ ဥပမာကို ပြလိုက်တော့ ပါယာသိမင်းကြီးသည် အယူကို စွန့်[illegible]တယ်။

နေလ ဥပမာကိုပြတော့ အရှင်ကုမာရကဿပက [illegible] မင်းကြီး–ဒီနေနဲ့လဟာ ဟောဒီ လူ့လောကထဲမှာလား နတ်လောကထဲက လားလို့ ဒါလေးမေးလိုက်တာ၊ ပါယာသိမင်းကြီးက စဉ်းစားပြီးတော့ သူကြည့်တယ်၊ သူ့ဉာဏ်ကတည်းကဆိုယင် နေလ[illegible]မယ့် မေးခွန်းတွေကို [illegible]တယ်လို့သူ [illegible] နတ်လောကထဲ မဆိုယင် [illegible]ကို ဘယ်လိုပြရမလဲ [illegible]သူစဉ်းစား ကြည့်တယ်။

နေနဲ့လဟာ [illegible]သားကွေ့ရဲ့ [illegible] နတ် သားတွေရဲ့ [illegible]ပြီး တော့မှ ဆုံးဖြတ်ချ[illegible] [illegible] ဖြစ် ပါတယ်၊ လူ့လော[illegible] [illegible]တယ်နဲ့ အဂ္ဂညသုတ္တန်ကို [illegible]တော့ [illegible] ကျေကျေ နပ်နပ်ဖြေလိုက်တယ်။

## ယင်ပူဇော်လိုကြောင်း၊

ဒီတော့—နေလနှစ်ပါးရဲ့ အကြောင်းအရာကို ဘုန်းကြီးတို့ ပရိသတ်များက သိချင်ကြပေလိမ့်မယ်၊ သိချင်ယင် အဂ္ဂညသုတ်တော်ကြီး ဟောတဲ့အခါကျတော့ သိကြရမှာပေါ့၊ ဟုတ်လား။ ဤသုတ္တန်ထဲမှာ ဘော့ ဘုန်းကြီးတို့ အပိုမထည့်တော့ပါဘူး၊ အဂ္ဂညသုတ္တန်ကြီးကို ဟောတဲ့အခါကျယင်, ဟောဖြစ်တဲ့ အခါကျယင် ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့အတွက် နေလအကြောင်းများ ပါလာလိမ့်မယ်ပေါ့။

ဟောချင်စာနဲ့ပဲ ဟိုသုတ္တန်ကျက် ဒီသုတ္တန်ကျက်နဲ့ ကျက်ထားလိုက်ရတာကလဲ ဘုန်းကြီးတို့ ဆရာတော်ကြီး ပြောသလိုဆိုယင် လည်ချောင်းဟာ လှည်းပဒေါင်းလိုကို ဖြစ်နေပြီ။

အဂ္ဂညသုတ္တန်ကိုလဲ ဘုန်းကြီးတို့က ကျက်ပြီးသား၊ အဆင်သင့်ပါပဲ နှုတ်ထဲဆောင်ထားပြီးသား၊ အနည်းငယ်လောက် ပြန်ကြည့်လိုက်လို့ရှိယင် အကုန်လုံး ကြေကြေညက်ညက် ဖြစ်သွားဖို့ အဆင်သင့်ပဲ။ ထိုအကြောင်းအရာတို့သည် သုတ္တန်မှာ အကျယ်ပါနေတယ်၊ ဒါကြောင့် ထိုသုတ္တန်ကို ဘုန်းကြီးတို့ တခန်းဟောဖို့ရန် နှုတ်မှာ ဆောင်ပြီးသား၊ စိတ်ထဲမှာလဲ ရည်သန်ပြီးသားဖြစ်တဲ့ အတွက်ကြောင့် ဒီသုတ္တန်ထဲမှာ အဂ္ဂညသုတ္တန်က စာသားဘော့ကို မထည့်တော့ပဲ ထိုသုတ္တန်ကျမှ သီးသီးသန့်သန့် ဟောကြနာကြဖို့လို့ ချန်ထားလိုက်ကြ၊ ဟုတ်လား။

ကောင်းပြီ၊ ဒီတော့ ပါယာသိမင်းကြီးက အရှင်ကုမာရကဿပကို ဆက်လက်ပြီးဘော့ လျှောက်တယ်။

> ဣစ္ဆာမိ စာဟံ ဘော ကဿပ မဟာယညံ ယဇိတုံ၊
> အနုသာသတု မံ ဘဝံ ကဿပေါ ယံ မမဿ
> ဒီဃရတ္တံ ဟိတာယ သုခါယာတိ။

ဘော ကဿပ၊ အို—အရှင်ကုမာရကဿပ။

အဟံ၊ တပည့်တော်သည်။ မဟာယညံ၊ ကြီးစွာသော ယဇ်တခုကို။ ယဇိတုံ၊ ပူဇော်ဖို့ရန်။ ဣစ္ဆာမိ၊ အလိုရှိ၍ နေပါတယ်။

တံ၊ ထိုယဇ်ပူဇော်ဖို့ နည်းလမ်းတခုကို။ ဘဝံကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ မံ၊ တပည့်တော်ကို။ အနုသာသတု၊ ညွှန်ကြားပြသ ဆုံးမတော်မူပါ။

ယံ၊ ယင်းကဲ့သို့ ပူဇော်လိုက်တဲ့ ယဇ်ကြီးသည်။ မမ၊ တပည့်တော် အတွက်။ ဒီဃရတ္တံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ဟိတာယ၊ စီး ပွားဖြစ်ဖို့ရန်။ သုခါယ၊ ချမ်းသာဖို့ရန်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မယ် ဘုရား။

အရှင်ဘုရား ကုမာရကဿပ–တပည့်တော် ယဇ်ကြီး တခုတော့ အကြီးအကျယ် ပူဇော်ချင်တဲ့ဆန္ဒဖြစ်နေပါတယ်၊ ယဇ်ပူဇော်ဖို့ရန် နည်း လမ်းများ တပည့်တော်ကို ညွှန်ကြားတော်မူပါ။ အရှင်ဘုရား ညွှန်ကြား သည့်အတိုင်းသာ တပည့်တော် ယဇ်ပူဇော်ပွဲကြီးတခု ဆင်နွှဲလိုက်ရမယ် ဆိုယင်၊ ထိုကဲ့သို့ ပူဇော်လိုက်ရတဲ့ ယဇ်ပူဇော်ပွဲကြီးက ဘုရား တပည့် တော်အတွက် ကြာမြင့်စွာသော ကာလ ကြာမြင့်စွာသော ဘဝတိုင်တတ်လုံး အကျိုးစီးပွားဖြစ်ပြီးတော့ ချမ်းသာဖို့ ဖြစ်လာပါလိမ့်မယ်လို့–။

ပါယာသိရာဇညော၊ ပါယာသိဘုရင်ခံကြီးသည် (ဝါ) ပါယာသိ မြို့စားကြီးသည်။ အာယသ္မန္တံကုမာရကဿပံ၊ အရှင်ကုမာရကဿပ မထေရ်သူမြတ်ကို။ ဧတံဝစနံ၊ ဤဆိုခဲ့သည့် ယဇ်ပူဇော် လိုကြောင်း လျှောက်ထား တောင်းပန်သည့် စကားကို။ အဝေါစ၊ ရှေနားတော် ကြားအောင် လျှောက်ထားရှာလေတော့သတည်း။

“သာဓု–သာဓု–သာဓုပါဘုရား”

တပည့်တော် ယဇ်ပူဇော်ပွဲကြီးတခု ဆင်နွှဲလိုပါတယ်၊ အရှင် ဘုရား ညွှန်ကြားပါဦး၊ တပည့်တော်အတွက် အကျိုးစီးပွား ဖြစ် အောင် ယဇ်ပူဇော်ပွဲတခုကို ဘယ်လိုများ ပူဇော်ရယင် ကောင်းပါလဲ၊ ဒီလို လျှောက်ထားလိုက်တယ်။

## ပါယာသိမင်းကြီးမလျှောက်တတ်လို့ပါ

“ယည”လို့ ဒီမှာလာခနေတယ်၊ ပါဠိက“မဟာယညံ ယဇိတုံ၊ အနုသာသတု မံ ဘဝံ ကဿပေါ ယံ မမဿ ဒီဃရတ္တံ ဟိတာယ သုခါယ”လို့ ဒီလိုရှိတယ်။ “ယည”ဆိုတဲ့ ပါဠိဟာ “ယဇ” ဆိုတဲ့ ပါဠိကနေ ပြောင်းသွားတာ၊ ယဇ ဆိုတဲ့ ပါဠိပုဒ်ကို ဘာသာပြန်တော့ “ယဇ်”လို့ ဒီလိုပဲ ဘာသာပြန်တယ်၊ ယပက်ယက်နဲ့ ပိုဘက်က ဇကွဲနဲ့ တွဲလိုက်၊ ယဇ ယဇ–ယဇ်ဒါပဲ။ အဲဒီယဇ သဒ္ဒါ ဘာပေးသလဲဆိုတော့–

ဒေဝပူဇာ = နတ်ကိုပူဇော်ခြင်း၊
သင်္ဂဟ = ချီးမြှောက်ခြင်း၊
ဒါန = အလှူပေးခြင်း၊—တဲ့

ဤအနက်အဓိပ္ပာယ်တွေကို "ယဇ" ပုဒ်ကဟောတယ်၊ အဲဒီလို ဟောလေတော့ ပါယာသိမင်းဟာ ဒါနရဲ့အဓိပ္ပာယ်ကို နားမလည် ဘော့ သူ့ဒိမှာသုံးနှုန်းလိုက်တာက "ယဇ" သို့မဟုတ် "ယည" ယဇ် ပူဇော်မှုဆိုတဲ့ စကားလုံးနဲ့ သုံးလိုက်တယ်၊ အမှန်ကတော့ သူ အလှူ ပေးချင်လို့ လျှောက်လိုက်တာပဲ မလျှောက်တတ်လို့နေ၁။ ပါယာသိမင်း ကြီးက အလှူကြီးတခု ပေးချင်တယ်လို့ လျှောက်တာ မလျှောက်တတ် တဲ့ အတွက်ကြောင့်—

ဣစ္ဆာမိ ခေါဟံ ဘော ကဿပ မဟာယညံ ယဇိတုံ၊

တပည့်တော်ယဇ်ကြီးတခု အကြီးအကျယ် ပူဇော်ချင်တယ်။—လို့ သူလျှောက်တယ်။

အရှင်ကုမာရကဿပရဲ့ တရားနိဂုံးအဆုံးမှာ ပါယာသိမင်းကြီး လက်ခံသွားတဲ့ အချက်သုံးချက်ကို ဘုန်းကြီးတို့ ပရိသတ်မှတ်မိကြပစေ၊

(၁) နောက်ဘဝရှိတယ်လို့လဲ လက်ခံသွားပြီးပြီ၊
(၂) ဧရဲ့ နတ်ပြဟ္မာ ရှိတယ်ဆိုတာကိုလဲ လက်ခံသွား ပြီးပြီ၊
(၃) ကုသိုလ် အကုသိုလ်ရှိတယ်၊ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးရှိတာကိုလဲ လက်ခံသွားပြီးပြီ၊

အဲဒီလို လက်ခံသွားပြီးပြီ ဖြစ်ခြင်းကြောင့် ဟောဇာမှာ ယဇ်ကြီး တခု အကြီးအကျယ် ပူဇော်ချင်တယ်လို့ လျှောက်ထားလိုက်တဲ့ စကား ထဲမှာ သတ္တဝါများစွာကို သတ်ပြီးတော့ နတ်ပူဇော်လို့တယ် ဆိုတဲ့ လျှောက်ထားတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ဘူးလို့ ဘုန်းကြီးတို့ ပရိသတ် သဘော ပိုက်ထားရမယ်။

ကုသိုလ်ရှိတယ်, အကုသိုလ်ရှိတယ်, ကုသိုလ်ရဲ့အကျိုး, အကုသိုလ်ရဲ့ အကျိုးဆိုတာရှိတယ်၊ အဲဒီအကျိုးတွေရဲ့ ဖြစ်ရာနောက်ဘဝဆိုတာရှိတယ် ဆိုတာကို လက်ခံပြီးပြီ ဖြစ်ခြင်းကြောင့်၊ ယဇ်ပူဇော်လိုသည် ဆိုသော စကားထဲမှာ သတ္တဝါများစွာတို့ကို သတ်ပြီးတော့ ထိုသတ္တဝါတို့ရဲ့သွေးနဲ့ နတ်တို့ကို ပူဇော်ချင်တယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးကို သူပြောတာ မဟုတ် ဘူး—။

သိုသော်လည်းပဲ မပြောတတ်တဲ့ အကြောင်းကြောင့် ဝေါဟာရမကျွမ်းကျင်တဲ့ အတွက်ကြောင့် တပည့်တော် ယဇ်ကြီးတခု အကြီးအကျယ်ပူဇော်ချင်ပါတယ်လို့ လျှောက်လိုက်မိတယ်၊ အဲဒီလို လျှောက်လိုက်မိတာ သည်ပင်လျှင် အရှင်ကုမာရကဿပက သူတော်ကောင်းတို့ရဲ့ ယဇ်ပူဇော်နည်းနဲ့ သူယုတ်မာတို့ရဲ့ ယဇ်ပူဇော်နည်း၊ ဒီနည်းနှစ်ပါးကို ခွဲခြားပြီးတော့ ပြောခွင့်ရသွားတယ်။ ဒါကြောင့်—

## အကျိုးကျေးဇူးရှိတဲ့ လုပ်ရပ်ဟုတ်မဟုတ်

အာယသ္မာ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပသည်။ ပါယာသိရာဇညံ၊ ပါယာသိမင်းကြီးကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်ကြားတော်မူလိုက်ပါပေ၏။

ယထာရူပေ ခေါ ရာဇည ယညေ ဂါဝေါ ဝါ ဟညန္တိ၊
အဇေဠကာ ဝါ ဟညန္တိ၊ ကုက္ကုဋသူကရာ ဝါ ဟညန္တိ၊
ဝိဝိဓာ ဝါ ပါဏာ သံဃာတံ အာပဇ္ဇန္တိ၊

ရာဇည ပါယာသိမင်း။

ယထာရူပေ၊ အကြင်ကဲ့သို့သော ယညေ၊ ယဇ်ဘုံတခု၌။ ဂါဝေါ ဝါ၊ နွားတို့ကိုမူလည်း။ ဟညန္တိ၊ သတ်ကြလေကုန်၏။ အဇေဠကာ ဝါ၊ ဆိတ်သိုးတို့ကိုလည်း ဟညန္တိ၊ သတ်ကြလေကုန်၏။ ကုက္ကုဋသူကရာ ဝါ၊ ကြက်ဝက်တို့ကိုလည်း ဟညန္တိ၊ သတ်ကြလေကုန်၏။ ဝိဝိဓာပါဏာ ဝါ၊ မြောက်မြားလှစွာကုန်သော သတ္တဝါတို့သည်လည်း။ သံဃာတံ၊ သတ်ဖြတ်ခံရသည်၏ အဖြစ်သို့။ အာပဇ္ဇန္တိ၊ ရောက်ကြလေကုန်၏။

ဒကာတော်မင်းကြီး အကြင်ကဲ့သို့သော ယဇ်ကြီး တစုံတခုမှာ နွားတွေကို သတ်တယ်, ဆိတ်တွေကို သတ်တယ်, သိုးတွေကို သတ်တယ်, ကြက်တွေကို သတ်တယ်, ဝက်တွေကို သတ်တယ်၊ မြောက်မြားစွာသော သတ္တဝါတွေကို သတ်ဖြတ်ပြီးတော့ ဟိုသတ္တဝါတို့ရဲ့ သွေးနဲ့ နဖာတို့ ကျေနပ်အောင် ပူဇော်တယ်ဆိုပါစို့ -

ဝေရူပေါ ခေါ ရာဇည ယညော န မဟပ္ဖလော ဟောတိ
န မဟာ နိသံသော န မဟာ ဇုတိကော န မဟာဝိပ္ဖာရော။

ဝေရူပေါ၊ ဤသို့သဘော ရှိသော။ ယညော၊ ယဇ်သည်။ မဟပ္ဖလော၊ အကျိုးကြီးသည်။ န ဟောတိ၊ ဖြစ်နိုင်ပါပေ။ မဟာနိသံသော၊ ကြီးကျယ်သော အကျိုးဆက်တွေ ဖြစ်ပေါ်လာသည်၊ န ဟောတိ၊ မဖြစ်

နိုင်ပါပေ။ မဟာဝိပ္ဖာရော၊ ကြီးမားကျယ်ပြန့်တဲ့ ယဇ်ပူဇော်ပွဲကြီးသည်၊ (ဝါ) ပြန့်နှံ့ကျယ်ပြောတဲ့ ယဇ်ပူဇော်ပွဲကြီးသည်။ န ဟောတိ မဖြစ်နိုင်ပါပေ။

ဒကာတော်မင်းကြီး သတ္တဝါပေါင်းများစွာကို ထုတ်ဖြတ်ပြီးတော့မှ မိမိချမ်းသာကြောင်း ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ဟာ သတ္တဝါများစွာရဲ့ အသက်ကို သတ်ဖြတ်ပြီးတော့မှ မိမိချမ်းသာဖို့ကို ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ရဲ့ ယဇ်ပူဇော်ခြင်းသည်–

နမဟပ္ဖလော–အကျိုးလဲ မကြီးပါဘူး၊

နမဟာနိသံသော–အကျိုးဆက်တွေလဲ မတိုးပွားပါဘူး၊

နမဟာဇုတိကော အဲဒီလိုပူဇော်ခြင်းဟာ တန်ခိုးလဲမထက်ပါဘူး။

နမဟာဝိပ္ဖာရော–ပြန့်ပြောတဲ့ ဂုဏ်ရှိတဲ့ လုပ်ငန်းမျိုးလဲ မဟုတ်ပါဘူး။

ဒကာတော်မင်းကြီး။ သူတပါး ညှဉ်းဆဲပြီးမှ မိမိချမ်းသာမယ်ဆိုယင် ဒကာတော်မင်းကြီး စဉ်းစားကြည့်ပေါ့၊ ဒီလုပ်ငန်းဟာ မှန်မြတ်တဲ့ လုပ်ငန်းမျိုး ဘယ်ဟုတ်ပါတော့မလဲ၊ အကျိုးကျေးဇူးကြီးမားတဲ့ လုပ်ငန်းမျိုးလဲ မဖြစ်နိုင်ဘူး ဒကာတော် ပါယာသိမင်း။

မြေ ညွှံ

> သေယျထာပိ ရာဇည ဂဿကော ဗီဇနင်္ဂလံ အာဒါယ ဝနံ ပဝိသေယျ၊

ရာဇည၊ ပါယာသိမင်း။

သေယျထာပိ၊ ဥပမာ ငါပြရမယ်ဆိုလျှင်။ ကဿကော၊ လယ်သမားတယောက်သည် ။ဗီဇနင်္ဂလံ၊ မျိုးစေ့နှင့် ထွန်တုံးကို။ အာဒါယ၊ ယူဆောင်၍။ ဝနံ၊ တောထဲကို။ ပဝိသေယျ၊ ဝင်ရောက်၍သွားခဲ့ရာ၏။

လယ်သမားတယောက်သည် ထွန်တုံးနဲ့ မျိုးစေ့ကို ယူဆောင်ပြီးတော့ လယ်တောကို သွားခဲ့တယ်။

> သော တတ္ထ ဒုက္ခေတ္တေ ဒုဗ္ဘူမေ အဝိဟတခါဏုကဏ္ဍကေ ဗီဇာနိ ပတိဋ္ဌာပေယျ ခဏ္ဍာနိ ဝါတာတပဟတာနိ အသာရဒါနိ အသုခသယိတာနိ၊

ရာဇည၊ ပါယာသိမင်း။

သော၊ ထိုမျိုးစေ့နဲ့ ထွန်တုံးကို ယူဆောင်ပြီးတော့ လယ်တောကို သွားတဲ့ပုဂ္ဂိုလ်သည်။ ခဏ္ဍာနိ၊ ကျိုးပဲ့၍ နေကုန်သော။ ပုတီနိ၊ ပုပ်

သိုး၍ နေကုန်သော၊ ဝါဘာတပဟတာနိ၊ လေပူနေပူ နှိပ်စက်အပ်ကုန်သော ကြွပ်ကြွပ်ရှိ၍ နေသော။ အသာရဒါနိ၊ အနှစ်မရှိ ကုန်သော။ အသုခာသဟိတာနိ၊ လေလုံနေလုံ မထားအပ်ကုန်သော။ ဗီဇာနိ၊ မျိုးစေ့တို့ကို။ ဒုက္ခေ၊ မညီညွတ်သောမြေရှိသော။ အဝိဟတာ ... သစ်ငုတ် ခလုတ်တို့ကို ဖယ်ရှားခြင်း အလျင်းမရှိသော ... မကောင်းတဲ့လယ်မြေမှာ။ ပတိဋ္ဌာပေယျ၊ ကြဲချစိုက်ပျိုးရာ ...။

လယ်သမားက ယာက်က ထွန်တုံးနဲ့ မျိုးစေ့ကိုယူပြီး ... ဘောကိုသွားကယ်၊ အဲဒီလယ်ထဲမှာ ထွန်ပြီးတော့ မျိုးကြဲ ... ကွက်က ဘယ်လို လယ်ကွက်လဲဆိုယင် ဒုက္ခေ—မညီညွတ်သော လယ်ကွက်တဲ့၊ နိမ့်တဲ့နေရာကနိမ့် မြင့်တဲ့နေရာကမြင့် တောင်ကုန်းရှိတဲ့ နေရာရှိ အဲဒီလို မညီမညွတ်ဖြစ်နေတဲ့ လယ်ကွက်ကြီး။ မညီညွတ်တော့ ... အိုင်တဲ့နေရာမှာ သိပ်အိုင်နေပြီးတော့ ခြောက်တဲ့နေရာမှာ သိပ်ခြောက် နေတယ်၊ လယ်မျှ ုး မညီဘူးဆိုယင် အဲဒီလို ဖြစ်တယ်။

ဒါကြောင့် ဗမာပြည် လယ်ကွက်တွေကိုကြည့်လိုက်ရင် လယ် ကန်သင်း သန့်ပုံဟာ ဘုန်းကြီးတို့ ပရိသတ် တွေ့ကြတဲ့အတိုင်းပဲ ... နည်းမှ အချိုးအဆစ်မပြေပြစ်ဘူး၊ လယ်ကန်သင်း ... ကြည့်လေ၊ ဘောင့်ကွက်လဲ မဟုတ်ဘူး။ တကောက် ... မဟုတ်ဘူး၊ ကန့်ချင်သလို ကန့်ထားကြတယ်။ တချို့ ... ဆိုယင် ဟွန်တသည့်လေးငရှိဘယ်၊ တချို့လယ်ကွက်ကျ ... ပြီး ဗမာပြည်မြေပုံကျနေတာပဲ။

အဲဒီလို အချိုးအဆစ် မပြေပြစ်တဲ့ လယ်ကွက် ... ဒီလိုဖြင့်နေရ ... ဆိုယင် အကြောင်းရင်းကတော့ ... မညီညွတ်မှုသည် အကြောင်းရင်းပဲ။ ရေများတဲ့ နေရာမှ ... အလတ်စားရှိတဲ့ နေရာမှာတကွက်၊ တောင်ကုန်းလေး ... တကွက် အဲဒီလို လျှောက်ကွက်ကြတာ။ တကေလေ ... မှာပင်လျှင် ... နေရာကတကွက်ကွက် မြင့်တဲ့နေရာက ... သစ်ငုတ်ခလုတ်ရှိတဲ့ နေရာက တကွက်ကွက်၊ မြက် ... နေရာက ... အဲဒီလို လျှောက်ကွက်တော့ အ ... အများကြီး ဖြစ်ကုန်တယ်။

... ဆိုမြို့ ... ကောင်လဲ ညှိနိုင်မယ်၊ ... အကုန်ပုံး ... သင်နိုင်မယ်၊ သဲမြေ ... မြေ သစ်ငုတ် ... မြ ...

မြေ စသည့် အဲဒီလို မညီမညွတ် ဖြစ်နေတာတွေကို ညီအောင် ညှိပေးနိုင်မယ်ဆိုယင်၊ လယ်ကန်သင်းတွေဟာ တခါတည်း အချိုးကျလို့ တတောကွက် နှစ်တောကွက် စတဲ့ စနစ်ကျတဲ့ အကွက်လေးတွေ ဖြစ်လာမှာပေါ့။

## မျိုးညံ့—မိုးညံ့

အဲဒီလို မဖြစ်ဘူးတဲ့၊ ဟောဒီမှာ—

ဒုက္ခေတ္တေ ဒုဗ္ဘူမေ အဝိဟတခါဏုကဏ္ဋကေ—

ဒုဗ္ဘူမေ၊ မညီညွတ်တဲ့ မြေရှိသော။ အဝိဟတခါဏုကဏ္ဋကေ၊ ပယ်နုတ်ခြင်း အလျင်းမရှိတဲ့ ဆူးငြောင့် ခလုတ်တွေပြည့်၍ နေပေထသော။ ဒုက္ခေတ္တေ၊ မြေဩဇာ မကောင်းတဲ့ လယ်ယာမြေမှာ။ တာနိဗီဇာနိ၊ ထိုမျိုးစေ့တို့ကို။ ပတိဋ္ဌာပေယျ၊ ကြဲချစိုက်ပျိုးခဲ့ပေရာ၏။

ဆူးငြောင့်ခလုတ်နဲ့ ရေမရှိ မြေဩဇာမကောင်းတဲ့ လယ်ယာမြေမှာ မျိုးတွေသွားပြီးတော့ ကြဲတယ်၊ အဲဒီမျိုးက ဘယ်နှယ်မျိုးတွေလဲဆိုတော့—

ခဏ္ဍာနိ—အပိုင်းအပိုင်း ကျိုးနေတဲ့ မျိုးစေ့တွေတဲ့၊

ပူတီနိ—မခြောက်ပဲနဲ့ တခါတည်း လှောင်ထားတဲ့ အတွက်ကြောင့် အောက်နေဘဲ့ မျိုးစေ့တွေတဲ့၊

ဝါတာတပဟတာနိ—အခြောက်လှန်းပြန်တော့လဲ အပြင်းအထန် နေပူမိထားပဲ့အတွက်ကြောင့် ကြွပ်ကြွပ်ရွနေတဲ့ မျိုးစေ့တွေတဲ့၊

အသာရဒါနိ—အနှစ်မရှိတဲ့ မျိုးစေ့တွေ—တဲ့၊

အသုခသယိတာနိ-စနစ်တကျမထားတဲ့အတွက်ကြောင့် နေပူလိုက် မိုးရွာလိုက် ဖြစ်တဲ့မျိုးစေ့တွေတဲ့၊

အဲဒီလို မကောင်းတဲ့ မျိုးစေ့တွေကို ဘယ်မှာ ကြဲတုန်းဆိုတော့ မကောင်းတဲ့ လယ်ယာမြေမှာ ကြဲတယ်။

တာနိဗီဇာနိ၊ ထိုကဲ့သို့သော မျိုးစေ့တို့ကို။ ပတိဋ္ဌာပေယျ၊ ကြဲချစိုက်ပျိုးခဲ့ပေရာ၏။

ဒေဝေါ စ န ကာလေန ကာလံ သမ္မာဓာရံ အနုပ္ပဝေစ္ဆေယျ၊ ရာဇည္၊ ပါယာသိမင်း။

ဒေဝေါစ၊ မိုးကလဲပဲ။ ကာလေနကာလံ၊ ဆယ့်ငါးရက် တကြိမ် ဆယ်ရက်တကြိမ် ငါးရက်တကြိမ်။ သမ္မာဓာရံ၊ ရက်မှန်။ နအနုပ္ပဝေစ္ဆေယျ၊ ရွာသွန်းခြင်း အလျင်မရှိခဲ့ပေရာ။

မိုးကလဲ မှန်မှန်မရွာဘူး၊ မျိုးကလဲ ညံ့နေတယ်၊ မြေကလဲ မကောင်းဘူး။

**ရာဇညာ၊ ပါယာသိမင်း။**

တာနိဗိဇာနိ၊ ထိုကဲ့သို့သော မျိုးစေ့တို့သည်။ ဝုဒ္ဓိံ၊ ကြီးပွားခြင်းသို့။ ဝိရူဠှိံ၊ စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပွားခြင်းသို့။ အာပဇ္ဇေယျုံ အပိနု၊ ရောက်နိုင်ကြပါကုန်၏လော။

ကဿကော၀၊ လယ်သမားကြီးကလဲ။ ဝိပုလံဖလံ၊ ကြီးကျယ်များပြတ်တဲ့ အကျိုးအာရုံးတော့ကို။ အဓိဂစ္ဆေယျ အပိနု၊ ရနိုင်ပါ၏လော။

ဒကာတော်ပါယာသိမင်း-

(၁) မြေကလဲအလွန်ညံ့တယ်၊

(၂) မျိုးကလဲအလွန်ညံ့တယ်၊

(၃) မိုးကလဲညံ့တယ်၊ မိုးလဲမကောင်းဘူး၊

မြေညံ့မှာ မိုးမကောင်းတဲ့အခါ မျိုးညံ့ကို စိုက်လိုက်ရယင် ထိုအပင်တွေဟာ ဘယ်လိုလုပ် ပေါက်ပါ့မလဲ။ ပေါက်လာပြန်တော့လဲ ဘယ်လိုလုပ် အသီးသီးပါ့မလဲ၊ သီးယင်လဲ အဖျင်းပဲ သီးမှာပေါ့။ အဲဒီလိုဆိုယင် ဘယ့်နှယ်လဲ၊ လယ်သမားကြီး ချမ်းသာပါဦးမလား ဒကာတော် ပါယာသိမင်း။-လို့

ဣတိ၊ ဤသို့၊ အာယသ္မာ၊ ကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သည်။ ဥပမံ၊ ဤဥပမာကို။ အပုစ္ဆိ၊ သိလိုရေးနှင့် မေးမြန်းတော်မူခဲ့ပါပေသတည်း။

"သားစု--သာစု--သာစုပါဘုရား"

**အလှူပေးနည်း စနစ်တကျဖြစ်အောင် သင်ပေးနေတာ**

အရှင်ကုမာရကဿပ ဥပမာ [illegible] ကောင်းမှုပါ [illegible] ဒကာတော်မင်းကြီ — မြေညံ့မျိုးညံ့မှာ မိုး [illegible] အခါမှာ စိုက်ပျိုးလိုက်ယင် အသီးအနှံ ယုတ်ပါဦးမလားလို့ မေးလိုက်တော့ ပါယာသိမင်းကြီး ပြေပုံက တိုတိုပဲ--

နော ဟိ ဒံ ဘော ကဿပ။

ဘယ့်နှယ်လုပ် အကျိုးစီးပွား ဖြစ်ထွန်းတော့မှာလဲ ဘုရား လို့ ဖြေလိုက်တယ်။

အကျိုးစီးပွား [illegible] ဖြစ်ထွန်းနိုင်ပါ့ [illegible] ရား၊ မိုးမျိုးစေ့တွေကလဲ ဘယ်မှာ လာပြီးတော့ အပင်ပေါက် ဦးတော့မလဲ [illegible] ရား၊ အပင်လဲ မပေါက်နိုင်ဘူး အကျိုးစီးပွား ဖြစ်ထွန်းခြင်းဆိုတာ မဖြစ်နိုင်ပါ

ဘုရားလို့ ဖြေလိုက်တယ်။ ဒီအခါကျတော့ အရှင်ကုမာရကဿပ မထေရ်ရဲ့ သူမြတ်က–

ဝေမေ့ဝ ခေါ ရာဇည ယထာရူပေ ယညေ–

ရာဇည၊ ပါယာသိမင်း။

ဝေမေဝခေါ၊ ဤအတူပဲ။ ယထာရူပေယညေ၊ အကြင်ကဲ့သို့သော ယဇ်မှာ–

ယဇ ယဇ်ဆိုတာကို ခုနက အနက်သုံးမျိုးရကြောင်း ပြောထားပါပြီ–။

(၁) နတ်အား ပူဇော်ခြင်း

(၂) ချီးမြောက်ထောက်ပံ့ခြင်း

(၃) အလှူကြီးပေးခြင်း

ယဇ သို့မဟုတ် ယည ဆိုတဲ့ ပုဒ်ကရတဲ့အနက်အဓိပ္ပာယ်သုံးမျိုး၊ ဟုတ်လား။

အရှင်ကုမာရကဿပက ပါယာသိမင်းကို အလှူပေးနည်းကို စနစ်တကျဖြစ်အောင် ဟောဒီမှာ သင်ပြနေတာ။

ရာဇည၊ ပါယာသိမင်း။

ယထာရူပေယညေ၊ အကြင်ကဲ့သို့သောယဇ်မှ။ ဂါဝေါ၊ နွားတို့ကိုလဲ။ ဟညန္တိ၊ သတ်ကြတယ်။ အဇေဠကာဝါ၊ ဆိတ်သိုးတို့ကိုလဲ။ ဟညန္တိ၊ သတ်ကြတယ်။ ကုက္ကုဋ္ဌသူကရာဝါ၊ ကြက်ဝက်တို့ကိုလဲ။ ဟညန္တိ၊ သတ်ကြတယ်။ ဝိဝိဓာပါဏာဝါ၊ မြောက်မြားလှစွာသော သတ္တဝါတို့သည်လဲ။ သံဃာတံ၊ သတ်ဖြတ်ခံရသည်၏အဖြစ်သို့။ အာ–ပဇ္ဇန္တိ၊ ရောက်ကြလေကုန်၏။

ဒကာတော်ပါယာသိမင်း–အဲဒီလို သတ္တဝါများစွာကို သတ်ဖြတ်ပြီးတော့ လည်ချောင်းသွေးနဲ့ နတ်အားကျေနပ်အောင်ပူဇော်တယ်။ နတ်တို့က ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ။ ဒကာတော်မင်းကြီး အဲဒီလိုသတ္တဝါများစွာကိုသတ်ပြီး ပူဇော်လိုက်တဲ့ ယဇ်ပွဲကြီးမှာ သတ္တဝါတို့ရဲ့ အသားကို အလှူခံစားမယ်ဆိုပြီးတော့ လာကြတဲ့ အလှူခံပုဂ္ဂိုလ်တွေကလဲ မိမိတို့ကိုယ်ကို မိမိတို့ သမဏဗြာဟ္မဏလို့ သမုတ်ထားတဲ့ ပုဂ္ဂိုလ်များကလာပြီးတော့ အလှူခံပြီး စားသွားကြတယ်။ သမဏဗြာဟ္မဏအမည်ခံတဲ့ ပုဂ္ဂိုလ်တွေက ဒီယဇ်ပူဇော်ပွဲကြီးမှာ လာပြီးအလှူခံစားသွားတော့ ထိုပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်တွေများလဲဆိုတော့–

(၁) မိစ္ဆာဒိဋ္ဌိ—မှားယွင်းသောအယူရှိနေတဲ့ပုဂ္ဂိုလ်တွေ၊
(၂) မိစ္ဆာသင်္ကပ္ပ—မှားယွင်းတဲ့အကြံရှိနေတဲ့ပုဂ္ဂိုလ်တွေ၊
(၃) မိစ္ဆာဝါစာ—မှားယွင်းတဲ့ စကားရှိနေတဲ့ ပုဂ္ဂိုလ်တွေ၊ မမှန်ကန်တဲ့စကား ရှိနေတဲ့ပုဂ္ဂိုလ်တွေ၊
(၄) မိစ္ဆာကမ္မန္တ—မမှန်တဲ့အလုပ်ကိုလုပ်ကိုင်နေတဲ့ပုဂ္ဂိုလ်တွေ၊
(၅) မိစ္ဆာအာဇီဝ—မှားယွင်းသော အသက် မွေးခြင်းဖြင့် အသက်မွေးနေကြတဲ့ပုဂ္ဂိုလ်တွေ၊
(၆) မိစ္ဆာဝါယာမ—မမှန်မကန်အားထုတ်နေကြတဲ့ပုဂ္ဂိုလ်တွေ၊
(၇) မိစ္ဆာသတိ—မကောင်းသောသတိ ရှိကြတဲ့ပုဂ္ဂိုလ်တွေ၊
(၈) မိစ္ဆာသမာဓိ—မှားယွင်းသောသမာဓိရှိကြတဲ့ ပုဂ္ဂိုလ်တွေ၊

မိစ္ဆာဒိဋ္ဌိကစပြီး မိစ္ဆာသမာဓိဆိုတဲ့ စကားရပ်အားလုံး စာပိုဒ် ရှစ်ပိုဒ်ရှိတယ်။ အဲဒါကို သဘောပေါ်တုံးဆိုတော့ “မိစ္ဆာမဂ္ဂင်ရှစ်ပါးကို ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်တွေ”လို့ မှတ်ကြ။

ဘုန်းကြီးတို့ ဓမ္မဒေသနာမှာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတာကို ဘုန်းကြီးတို့ ပရိသတ် နေ့ပိုင်းရွတ်နေတာပဲ၊ သမ္မာဒိဋ္ဌိ ဆိုတာရှိယင် မိစ္ဆာဒိဋ္ဌိဆိုတာ ပြောင်းပြန်ရှိသား၊ သမ္မာသင်္ကပ္ပ ဆိုတာရှိယင် သူ့ရဲ့ ပြောင်းပြန်သည် မိစ္ဆာသင်္ကပ္ပဆိုတာ ရှိပါတယ်၊ ဒါကြောင့် သမ္မာဒိဋ္ဌိ အစရှိတဲ့ မဂ္ဂင်ရှစ်ပါး ရဲ့ဆန့်ကျင်ဘက်ဟာ မိစ္ဆာမဂ္ဂင်ရှစ်ပါးတဲ့၊ ဟုတ်လား။

၁။ မိစ္ဆာဒိဋ္ဌိ-အယူမှားတယ်၊
၂။ မိစ္ဆာသင်္ကပ္ပ အကြံမှားတယ်၊
၃။ မိစ္ဆာဝါစာ-စကားပြောမှားတယ်၊
၄။ မိစ္ဆာကမ္မန္တ-အလုပ်ဆောင်မှုလဲ မှားနေကြတယ်၊
၅။ မိစ္ဆာအာဇီဝ-အသက်မွေးလုပ်ငန်းလဲ မှားနေကြတယ်၊
၆။ အားထုတ်လုပ်ကိုင်ဆောင်ရွက်မှု မှန်သမျှတွေလဲ မှားယွင်းနေကြတယ်၊
၇။ မိစ္ဆာသတိ သတိကပ်ထားပေမယ့် အမှားမှာ သတိဖြစ်နေတယ်၊
၈။ မိစ္ဆာသမာဓိ-စိတ်တည်ငြိမ်တယ်ဆိုပေမယ့် မှားယွင်းတဲ့ လုပ်ငန်းများမှာ တည်ငြိမ်နေကြတယ်၊—လို့

မိစ္ဆာမဂ္ဂင်ရှစ်ပါးကို ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်များက ပဋိဂ္ဂါဟက။

ဒကာတော်မင်းကြီး–သတ္တဝါများစွာရဲ့ အသက် သတ်ပြီးတော့ ပူဇော်တဲ့ ယဇ်ပွဲမှာ လာရောက်ပြီးတော့ အလှူခံပြီးတော့ စားသွားကြတယ်။ မိစ္ဆာဂုဏ်ရှစ်ပါး ကျင့်သုံးတဲ့ပုဂ္ဂိုလ်တွေက သတ္တဝါများစွာတို့ရဲ့ အသက်ကိုသတ်ပြီးတော့ ယဇ်ပူဇော်တဲ့ပွဲကြီးမှာ ထိုသတ္တဝါတို့ရဲ့ အသား တွေကို လာရောက်၍ အလှူခံစားသောက်သွားကြတယ်။

ဒကာတော်မင်းကြီး–နတ်တို့ကိုလဲပဲ သတ္တဝါတို့ရဲ့ သွေးနဲ့ ပူဇော်တယ်၊ မြင့်မြတ်တယ်လို့ဆိုတဲ့ အလှူခံပုဂ္ဂိုလ်တွေကိုလဲပဲ သတ္တဝါများစွာရဲ့ အသားတွေကို လှူတယ်။ ဒီကယ်တော့ အဲဒီအသားများစွာကို ယဇ် ပူဇော်ပွဲမှာ လာရောက်အလှူခံစားတဲ့ ပုဂ္ဂိုလ်တွေဟာ မိစ္ဆာမဂ္ဂင်ကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေပဲ ဒကာတော်မင်းကြီး။

ဒကာတော်မင်းကြီး–ယခုနက ပြောထားတဲ့ ဥပမာမှာ မြေလဲ မကောင်းဘူး မျိုးလဲ သန့်ဘူး မိုးကလဲမကောင်းဘူးလို့ ပြောခဲ့တယ်၊ မြေမကောင်းဘူးဆိုတာ အလှူခံတဲ့ ပုဂ္ဂိုလ်က မိစ္ဆာမဂ္ဂင် ကျင့်နေတဲ့ ပုဂ္ဂိုလ်မို့လို့ မကောင်းသောမြေမှာ ကြဲမိသလိုဖြစ်တာတဲ့၊ အလှူခံညံ့ ဆိုတာဟာ မြေညံ့တာ၊ ဟုတ်လား။

မျိုးနဲ့ မိုး ဆိုတာက

မျိုးညံ့တယ် ဆိုတာက တော့ ဒကာတော်မင်းကြီးရဲ့ အလှူပစ္စည်း တွေ ညံ့နေတယ်၊ သတ္တဝါများစွာကို ညှဉ်းဆဲသတ်ဖြတ်ထားတဲ့ အသား တွေဆိုတာ ဘယ်လောက်ညံ့တုန်း၊ အဲဒါ မျိုးညံ့ပဲ။

ဒကာတော်မင်းကြီးရဲ့ စိတ်ထဲမှာလဲပဲ သူတပါး ညှဉ်းဆဲပြီးမှ ကိုယ်ချမ်းသာဖို့ လုပ်တာဖြစ်ခြင်းကြောင့် အဲဒါဟာလဲ မိုးမကောင်းတာပဲ၊ စေတနာမကောင်းဘူးဆိုတာဟာ မိုးမကောင်းတာပဲ။

ပုဗ္ဗစေတနာ – ရှေးဦးစွာ ဖြစ်တဲ့ စေတနာ၊
မုဥ္စစေတနာ – အလယ်ပိုင်းဖြစ်တဲ့ စေတနာ၊
ပရစေတနာ – နောက်ပိုင်းဖြစ်တဲ့ စေတနာ၊

ရှေးဦးစွာဖြစ်တဲ့ စေတနာညံ့ယင် မိုးဦးညံ့တာ၊ အလယ်ပိုင်းဖြစ် တဲ့ စေတနာညံ့ယင် မိုးလယ်ညံ့တာ၊ နောက်ပိုင်းဖြစ်တဲ့ စေတနာညံ့ တော့ မိုးနှောင်းညံ့တာ၊ မိုးဦး မိုးလယ် မိုးနှောင်း မိုးသုံးချက် မကောင်းဘူးဆိုတာက စေတနာသုံးတန်ညံ့တာ။

ပါယာသိမင်းကြီးရဲ့စေတနာက အဲဒီလိုသာ သတ္တဝါများစွာရဲ့ အသက်ကို သတ်ပြီးတော့ ပူဇော်မယ် ဆိုယင်တော့ တကယ့်စေတနာညံ့

ကြီးပဲနေဘ်။ မိစ္ဆာဒိဋ္ဌိနဲ့ ယှဉ်တွဲနေတဲ့ စေတနာတဲ့၊ ဒါအလွန်ညံ့တဲ့ စေတနာ၊ အဲဒါ မကောင်းသေးမိုးတွေ သူ့မှာရှာတာ။

မိစ္ဆာဒိဋ္ဌိနဲ့ မဂ္ဂင်ကျင့်တဲ့ပုဂ္ဂိုလ်တော့က ဒီအသားကွေကို လာပြီးတော့ အလှူခံစားဘာက ဘာတဲ့လဲ၊ လယ်ယာမြေ အညံ့ကို သူရလိုက်တာ။ ဒီအသားတွေကို တကယ့်ကုသိုလ်ထင်ပြီးတော့ သူကိုယ်တိုင်သတ်ဖြတ်လှူနေတာက ညံ့ဖျင်းတဲ့မျိုးတွေကို လယ်ယာမြေအညံ့မှာ မိုးလဲ မကောင်းပဲနဲ့ သူကြဲနေတာ၊ ဟုတ်လား။

ရာဇည၊ ပါယာသိမင်း။

ဝေမေဝခေါ—ဓိတဘာ၊ မေးထားယူ ထို့ အတူပင်လျှင်။ ယထာ ရူပေယေည၊ အကြင်သို့ သဘောရှိသောယဇ်မှာ။ ဂါဝေါ၊ နွားတို့ ကိုလဲ၊ ဟညန္တိ၊ သတ်ကြတယ်။ အဇေဠကာဝါ၊ ဆိတ်သိုးတို့ကိုလဲ။ ဟညန္တိ၊ သတ်ကြတယ်။ ကုက္ကုဋသူကရာဝါ၊ ကြက်ဝက်တို့ကိုလဲ။ ဟညန္တိ၊ သတ်ကြတယ်။ ဝိဝိခါဝါ ပါဏာ သံဃာတံ အာပဇ္ဇန္တိ၊ မြောင်မြားစွာသော သတ္တဝါတို့လဲ ညှဉ်းပဲသတ်ဖြတ်ခြင်း ခံကြရတယ်။

ပဋိဂ္ဂါဟကာစ အလှူခံပုဂ္ဂိုလ်တွေကို ကြည့်လိုက်ပြန်တော့လဲပဲ။ မိစ္ဆာဒိဋ္ဌိ အယူမှားနေတဲ့ ပုဂ္ဂိုလ်တွေ။ မိစ္ဆာသင်္ကပ္ပ အကြံမှားနေတဲ့ ပုဂ္ဂိုလ်တွေ၊ မိစ္ဆာဝါစာ၊ မှန်ကန်တဲ့စကား ပြောကြားနေတဲ့ ပုဂ္ဂိုလ်တွေ။ မိစ္ဆာကမ္မန္တာ၊ အလုပ်အကိုင်မှားယွင်းနေတဲ့ ပုဂ္ဂိုလ်တွေ။ မိစ္ဆာအာဇီဝ၊ အသက်မွေးလုပ်ငန်း မှားယွင်းနေတဲ့ ပုဂ္ဂိုလ်တွေ။ မိစ္ဆာဝါယာမ၊ အားထုတ်ဆောင်ရွက်မှုများ မှားယွင်းနေတဲ့ ပုဂ္ဂိုလ်တွေ။ မိစ္ဆာသတိ၊ သတိရှိတယ်ဆိုပေမယ့် အမှားမှာ သတိရှိနေတဲ့ ပုဂ္ဂိုလ်တွေ။ မိစ္ဆာသမာဓိ၊ မှားယွင်းတဲ့ အလုပ်ကြီးတွေမှာ စူးစိုက်နေမိကြတဲ့ ပုဂ္ဂိုလ်တွေ။

ရာဇည၊ ပါယာသိမင်း။

တသ္မာ၊ ထို့ကြောင့်၊ ဝေရူပေါယညော၊ ကျက်သရေမဲ့သောယဇ်မျိုးသည်။ မဟပ္ဖလော၊ အကျိုးကြီးသည်။ နဟောတိ၊ မဖြစ်နိုင်ပါ၊ မဟာနိသံသော၊ ကြီးမားသော အကျိုးဆက်ဖြစ်လေသည်။ နဟောတိ၊ မဖြစ်နိုင်ပါ။ မဟာဇုတိကော၊ တန်ခိုးထက်တဲ့ ယဇ်ပူဇော်ခြင်းမျိုးသည်။ နဟောတိ၊ မဖြစ်နိုင်ပါ။ မဟာဝိပ္ဖာရော၊ အလွန်တရာ ကြီးပြန့်ပြောစည်ကား အကျိုးများ ပိုးပွားတဲ့ ယဇ်ပူဇော်ပွဲကြီးသည်။ နဟောတိ၊ မဖြစ်နိုင်ပါ။

ဣတိ၊ ဤသို့၊ အာယသ္မာကုမာရကဿပ၊ အရှင်ကုမာရကဿပ မှထေရ်သည်။ ပါယာသိရာဇညံ၊ ပါယာသိမင်းကြီးကို။ ဇော်ဝစန်၊ ဤ စကားကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြား တော်မူခဲ့ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

## အလှူခံပုဂ္ဂိုလ်တွေ ကြည့်လိုက်ပြန်တော့

ဘုန်းကြီးတို့ပရိသတ်များ–ဤစကားရပ်တို့ဖြင့် ပူဇော်မှု မှားယွင်း တဲ့ သဘာကိုလဲပဲ ဖော်ပြထားတယ်၊ ပူဇော်တယ် ပူဇော်တယ်ဆိုပေမယ့် မှားယွင်းသော ပူဇော်မှုတွေဆိုတာကိုလဲ ဒီမှာပြောထားတယ်။

မှားယွင်းသောပူဇော်မှုဆိုတာ ဘယ်လိုလဲ၊ စ,လာကတည်းကိုက သတ္တဝါများဖွာကို ညှဉ်းဆဲသတ်ဖြတ်ပြီးတော့မှ ကိုယ်ချမ်းသာအောင် လုပ်တယ်ဆိုတာဟာ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပကို အခြေခံပြီး ဆောင်ရွက် တာဖြစ်ခြင်းကြောင့် ဒကာတော်ပါယာသိမင်း–အဲဒီယဇ်မျိုး မပူဇော် ထိုက်ဘူး အကျိုးမများ မတိုးပွားဘူးလို့ ဟောမြစ်တော်မူခဲ့တယ်။

ဥပမာပေးပြီတော့၊ အလွန်ညံ့ဖျင်းတဲ့ လယ်ယာမှာ မိုးကောင်း ကောင်း မရွာတဲ့အချိန် မျိုးအညံ့စားကြဲမိသလို ဖြစ်လိမ့်မယ် ဒကာတော် မင်းကြီး၊ ဒါကြောင့် သတ္တဝါများကိုသတ်ပြီး ပူဇော်တဲ့ယဇ်ကိုတော့ ဒကာတော်မင်းကြီး မဆောင်ရွက်ပါနဲ့။ ဒါဖြင့်ယင ဘယ်လိုယဇ်မျိုး ဆောင်ရွက်ရမှာပါလဲဘုရား-

ယထာရူပေ စ ခေါ ရာဇည ယညေ နေဝ ဂါဝေါ ဟညန္တိ၊ န အဇေဠကာ ဟညန္တိ၊ န ကုက္ကုဋသူကရာ ဟညန္တိ၊ န ဝိဝိဓာ ဝါ ပါဏာ သံဃာတံ အာပဇ္ဇန္တိ။ ပဋိဂ္ဂါဟကာ စ ဟောန္တိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တာ သမ္မာအာဇီဝါ သမ္မာဝါယာမာ သမ္မာသတိ သမ္မာသမာဓိ။

ဧဝရူပေါ ခေါ ရာဇည ယညော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖာရော။

ရာဇည၊ ပါယာသိမင်း။

ယထာရူပေစယညေ၊ အကြင်ကဲ့သို့သော ယဇ်ပူဇော်ပွဲတို့မှာ–

ပါယာသိမင်းကြီး ကျမ်းကျင်ထားတဲ့ ဝေါဟာရအတိုင်းပဲ အရှင်ကုမာရကဿပက ယဇ်ပူဇော်မှုကို ဆက်လက်ပြီးတော့ သုံးထားတယ်၊ အလှူပေးမှုရယ်လို့ ပြောင်းပြီးတော့ မသုံးပါဘူး။

ဒကာတော် မင်းကြီး-အကြင် ကဲ့သို့သော ယဇ်ပူဇော်ပွဲကြီးမှာ–

နေဝဂါဝေါဟာညွှန့်၊ နွားတွေကိုလဲ မသတ်ဘူး။ နအဇေဠကာ ဟာညန္တိ၊ ဆိတ်သိုးတွေကိုလဲ မသတ်ဘူး။ နကုက္ကုဋသူကရာဝါ ဟာညန္တိ၊ ကြက်ဝက်တွေကိုလဲ မသတ်ဘူး။ နဝိဝိဓာဝ ပါဏာသံဃာတံ အာပဇ္ဇန္တိ၊ များစွာသော သတ္တဝါတို့ မျက်ရည်ပေါက်ကြီးငယ်ကျပြီးတော့ ဆင်းရဲဒုက္ခလဲ မဖြစ်ကြဘူး။

ဒကာတော်မင်းကြီး ဒကာတော်မင်းကြီးရဲ့ ယဇ်ပူဇော်မှုမှာ အဲဒီလို မဖြစ်ကြဘူး။ ကြွလာတဲ့ အလှူပုဂ္ဂိုလ်တွေကို ကြည့်လိုက်မြန်တော့လဲပဲ–

(၁) သမ္မာဒိဋ္ဌိ အယူမှန်တဲ့ ပုဂ္ဂိုလ်တွေ၊

(၂) သမ္မာသင်္ကပ္ပ–အကြံအစည်မှန်ကန်တဲ့ ပုဂ္ဂိုလ်တွေ၊

(၃) သမ္မာဝါစာ–အပြောအဆို မှန်ကန်တဲ့ ပုဂ္ဂိုလ်တွေ၊

(၄) သမ္မာကမ္မန္တာ–လုပ်ကိုင်ဆောင်ရွက်မှု မှန်မှန် ကန်ကန်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊

(၅) သမ္မာအာဇီဝ–အသက်မွေး လုပ်ငန်းမှန်ကန်တဲ့ ပုဂ္ဂိုလ်တွေ၊

(၆) သမ္မာဝါယာမ–အားထုတ်လုပ်ကိုင်မှု မှန်ကန်တဲ့ ပုဂ္ဂိုလ်တွေ၊ အားထုတ် ဆောင်ရွက်မှုဆိုတဲ့ ဝီရိယရဲ့ ကြိုးပမ်းချက် မှန်ကန်တဲ့ ပုဂ္ဂိုလ်တွေ၊

(၇) သမ္မာသတိ– မှန်သော နေရာမှာ သတိထားတဲ့ ပုဂ္ဂိုလ်တွေ၊

(၈) သမ္မာသမာဓိ–မှန်ကန်သော လုပ်ငန်းမှာ တည်ငြိမ်စူးစိုက်တဲ့ စိတ်ကို လွှတ်ထားတဲ့ ပုဂ္ဂိုလ်တွေ၊

သမ္မာမဂ္ဂင် ရှစ်ပါးကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်တွေ။ မိစ္ဆာမဂ္ဂင်နဲ့ သမ္မာမဂ္ဂင်ဟာ ဆန့်ကျင်ဘက်၊ သမ္မာဒိဋ္ဌိ အစရှိသော သာမဂ္ဂင်ရှစ်ပါးကို ကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်တွေပဲ ဒကာတော်မင်းကြီး။ အလှူခံဖို့ ကြွလာကြတယ်။

## သန့်ရှင်းမှုသုံးခုဆိုတာ ဘာတွေလဲ

သမ္မာမဂ္ဂင်ရှစ်ပါး ကျင့်သုံးတဲ့ အလှူခံတွေ၊ အဆင့်အတန်း မြင့်မြင့်နဲ့၊ အဲဒီထက် တိုးတက်ပြီးတော့ စဉ်းစားယင်တော့ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ၊ ဒီပုဂ္ဂိုလ်တွေအထိ စဉ်းစားလို့ရတယ်။ သမ္မာမဂ္ဂင် ကျင့်သုံးတဲ့ နေရာမှာ အရိယာပုဂ္ဂိုလ်က တိုက်ရိုက်နော်၊ ပုထုဇဉ် ပုဂ္ဂိုလ်များကတော့ ကျင့်တဲ့အခါလဲကျင့် တခါတခါ ချော်တဲ့အခါလဲ ချော်တယ်။

သမ္မာမဂ္ဂင်ကို ပုထုဇဉ်များ ကျင့်တာက မှန်ကန်မှု တယ်ပြီးတော့ မရှိလှဘူး၊ တခါတခါလဲ သမ္မာဒိဋ္ဌိလိုလိုနဲ့ မိစ္ဆာဒိဋ္ဌိ ဖြစ်ဖြစ်သွားတယ်။ တခါတခါမှာ သမ္မာသင်္ကပ္ပ-အကောင်း ကြံသလိုလိုနဲ့ မကောင်းတာကို ကြံယင် ကြံမိတတ်တယ်။ တခါတခါ သမ္မာဝါစာ-စကား ကောင်းကောင်းပြောသလိုလိုနဲ့ ပြောယင်းပြောယင်း မိစ္ဆာဝါစာဖြစ်ဖြစ် သွားတတ်တယ်နော်။

ပုထုဇဉ်များရဲ့ သမ္မာမဂ္ဂင် ရှစ်ပါးကျင့်သုံးမှုသည် မမြဲပါဘူး၊ အရိယာ ပုဂ္ဂိုလ်တို့ရဲ့ သမ္မာမဂ္ဂင် ရှစ်ပါးကျင့်သုံးမှုကတော့ကောန်မြဲတယ်လို့ မှတ်ပါ၊ အဲဒါလယ်ယာမြေကောင်းတာပဲ။

ရဇည၊ ပါယာသိမင်း။

ဝေရူမပါယသော၊ ဤကဲ့သို့သော ယဇ်ပူဇော်ခြင်းသည်ကား မဟပ္ဖလော၊ ကြီးကျယ်သော အကျိုးရင်း ရှိပါပေ၏။ မဟာနိသံသော၊ ကြီးကျယ်တဲ့ အာနိသင်ဆိုတဲ့ အကျိုးဆက်ရှိပါပေ၏။ မဟာဇုတိကော အဲဒီလို ပူဇော်ခြင်းဖြင့် တန်ခိုးလဲ ထက်ပါပေ၏။ မဟာဝိပ္ဖာရော၊ ကြီးမားကျယ်ပြန့်တဲ့ လုပ်ငန်းကြီးလဲ ဖြစ်ပါပေ၏။

ဒကာတော်မင်းကြီး -

(၁) အလှူခံ ပုဂ္ဂိုလ်ကလဲ သမ္မာမဂ္ဂင် ကျင့်သုံးတဲ့ သူတော်စင်၊

(၂) လှူမယ့်တန်းမယ့် ပစ္စည်းကလဲတရားသဖြင့်ရသော ပစ္စည်း၊ သူတပါးကို ညှဉ်းဆဲပြီးတော့မှ သူတပါးတို့ မျက်ရည်ပေါက်ကြီးငယ် ကျပြီးတော့မှ ရလာတဲ့ ပစ္စည်းမျိုး မဟုတ်ဘူး၊ ဓမ္မိယလဒ္ဓ–စင်ကြယ်တဲ့ပစ္စည်း။

(၃) လှူတဲ့ပုဂ္ဂိုလ်ရဲ့ စေတနာသလဲ ဖြူစင်သန့်ရှင်းပြီးတော့ မွန်မြတ်အားကောင်း နေခဲ့တယ်။

အကြောင်းအင်္ဂါသုံးရပ်–

(၁) အလှူခံမြတ်၊

(၂) လှူဖွယ်ပစ္စည်းက သန့်ရှင်း၊

(၃) စေတနာက သန့်ရှင်း၊

အလှူခံသန့်တယ်, ပစ္စည်းသန့်တယ်, အလှူရှင်ရဲ့ စေတနာသန့်တယ်၊ သန့်ရှင်းမှု သုံးခုနော်။ အေး–ဒီသုတ္တန်မှာတော့ သန့်ရှင်းမှုကို သုံးချက်ပဲပြတယ်။

ဝိသုဒ္ဓိလေးပါးနဲ့ပြည့်စုံတဲ့ ဒါန

ဒက္ခိဏာဝိဘင်္ဂ သုတ္တန်မှာတော့ သန့်ရှင်းမှုကို လေးချက်ပြထားတယ်၊ အဲဒီလေးချက်မှာ တခုထည့်မယ်ဆိုယင် "ဒါယက ဝိသုဒ္ဓိ" ဆိုတာကိုထည့်ရတာယ်၊ ဒါယကာ ဝိသုဒ္ဓိဆိုတာက လှူသူ တန်းသူ ပူဇော်သူရဲ့ ကာယကံ, ဝစီကံ, မနောကံတွေ သန့်ရှင်းပြီးတော့နေတဲ့ သီလ ပြည့်စုံမှုကို ဒါယကာ ဝိသုဒ္ဓိလို့ပြောတာ။

အလှူရှင်ရဲ့ ကာယကံ, ဝစီကံ, မနောကံဖြူစင်အောင် ဘာနဲ့သုတ်သင်ရသလဲဆိုယင် သီလနဲ့သုတ်သင်ရတယ်၊ သီလနဲ့သုတ်သင်ပြီး ပစ္စည်းရှာတော့ ပစ္စည်းလဲ သန့်ရှင်းသွားတယ်၊ ဟုတ်လား။ ပဲဒါ လေးခု ဝိသုဒ္ဓိ။

ပစ္စည်းလဲသန့်ရှင်း ကိုယ်အမူအရာ နှုတ်အမူအရာကလဲ သန့်ရှင်းနေတော့ ထိုပုဂ္ဂိုလ်ရဲ့စိတ်ထဲလဲ သန့်ရှင်းပြီးသားဖြစ်ဖို့ရာ ဓလေ့ရှိနေ

တယ်၊ အော—အဲဒါ စေတနာဝိသုဒ္ဓိ စေတနာကလဲ သန့်ရှင်းပြီး ကြည်နေတယ်၊ ဟုတ်လား။

အလှူခံကလဲမဂ္ဂင်ရှစ်ပါး သီလသမာဓိပညာ သိက္ခာသုံးပါးတရားကို ကျင့်နေတဲ့ပုဂ္ဂိုလ်ဆိုတော့ ပဋိဂ္ဂါဟတာ ဝိသုဒ္ဓိ—အလှူခံဘက်ကလဲ သန့်ရှင်းမှုရသွားတယ်။

— မြေလဲကောင်းတယ်၊

— မျိုးလဲကောင်းတယ်၊

— မိုးလဲကောင်းတယ်၊

လယ်သမားကြီးကလဲ ကောင်းတယ်၊—တဲ့

၁။ မြေကောင်းတယ်, မျိုးကောင်းတယ်, မိုးကောင်းတယ်, လယ်သမားကလဲ တယ်ပြီးတော့ကောင်းတယ်။ ထိုနည်းတူစွာပါပဲ မြေကောင်းဆိုတာက အလှူခံမြတ်, မဂ္ဂင်ရှစ်ပါး သိက္ခာသုံးပါး သီလသမာဓိပညာ ကျင့်သုံးတဲ့ပုဂ္ဂိုလ်ကိုရတာဟာ မြေကောင်းကိုရတာ။

၂။ မျိုးကောင်းမျိုးသန့်ဆိုတာက လှူဖွယ်ပစ္စည်း။ ဓမ္မိယလဒ္ဓ—တရားနဲ့လျော်ညီစွာ ရလာတဲ့ပစ္စည်း၊ မတရားသောပစ္စည်း မဟုတ်ဘူး၊ အဲဒါ မျိုးကောင်းကိုရတာ။

၃။ မိုးကောင်းမိုးမှန်ဆိုတာက ပုဗ္ဗ, မုဉ္စ, ပရ ဆိုတဲ့ စေတနာသုံးတန် သန့်သန့်ရှင်းရှင်း ဖွံ့ဖွံ့ဖြိုးဖြိုး တိုးပွားပြီးတော့ နေတာကို မိုးကောင်းတယ်လို့ ဆိုရတယ်။

၄။ လယ်သမားကောင်းတယ်ဆိုတာကတော့ အလှူရှင်ရဲ့သီလနဲ့ ပြည့်စုံမှုကို ဆိုလိုတယ်။

အဲဒီလေးချက်သန့်ရှင်းတာကို ဝိသုဒ္ဓိလေးပါးနဲ့ ပြည့်စုံတဲ့ဒါနလို့ ဒက္ခိဏာဝိဘင်္ဂသုတ္တန်မှာ ဘုန်းကြီးတို့ ဟောထားပြီးပါပြီ။ ဒီသုတ္တန်မှာ သုံးချက်ပဲပြောထားတော့ ဘုန်းကြီးတို့က ဒက္ခိဏာဝိဘင်္ဂသုတ္တန်ကလာတဲ့ အဓိပ္ပာယ်တခုကို ထပ်ဖြည့်စွက်လိုက်ယင် လေးခု ဖြစ်သွားပါတယ်၊ ဟုတ်လား။

ဒကာတော်ပါယာသိမင်း–ဤကဲ့သို့သောယဇ်ပူဇော်ခြင်းသည်သာလျှင် မှန်မြတ်တဲ့ပူဇော်ခြင်း အကျိုးကြီးတဲ့ပူဇော်ခြင်းဖြစ်ပါတယ်။

အလှူခံမြတ်, မဂ္ဂင်ရှစ်ပါး, သိက္ခာသုံးပါး သီလသမာဓိပညာကျင့်သုံးတဲ့ပုဂ္ဂိုလ်ကို ရအောင်ရှာ၊ လှူမယ့်တန်းမယ့် ပစ္စည်းကိုလဲ တရားသော ပစ္စည်းဖြစ်အောင်ရှာ၊ ဒကာတော်မင်းကြီးရဲ့စေတနာကိုလဲ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်း အားကောင်းအောင်မွေး၊ ဒကာတော်မင်းကြီး လှူမယ်ကြံတော့လဲသိထားကိုဆောက်တည် ကိုယ်နှုတ်နှင်ပါး သီလနဲ့သန့်ရှင်းပါစေ။

ဒီလိုဆိုယင် ဒကာတော်မင်းကြီး–အဲဒီယဇ်ပွဲဟာ အကျိုးကြီးပြီး မှန်မြတ်တဲ့ပူဇော်ပွဲဖြစ်ပြီလို့ ဝိသုဒ္ဓိလေးပါးနဲ့ပြည့်စုံတဲ့ ဒါနပြုဖို့ရန် အရှင်ကုမာရကဿပက ညွှန်ကြားတိုက်တွန်းတော်မူလိုက်တယ်။

## သီးနှံတွေဖွံ့ဖြိုးပြီးတော့ အကျိုးဖြစ်မယ်

ပါယာသိမင်းကြီးရဲ့စိတ်ဟာ စောစောကတော့ ယဇ်ပူဇော်ပွဲ ယဇ်ပူဇော်ပွဲ ဒါနလောက်ပဲဖြစ်နေတာ၊ အခုတော့ ဝိသုဒ္ဓိလေးပါးနဲ့ ပြည့်စုံတဲ့ ဒါနဆိုတာ ဒီလိုလုပ်ရတယ်လို့ သူနားလည်သွားတယ်။ အဲဒီမှာ အရှင်ကုမာရကဿပမထေရ်။ ယခုနက ဥပမာကို ပြောင်းပြန် ပြန်ပြီးတော့ တခါမိန့်တော်မူပြန်တယ်။

ရာဇညာ၊ ပါယာသိမင်း။

သေယျထာပိ၊ နှိုင်းယှဉ်စရာဥပမာကား ဤသို့မှတ်အပ်လျှင်။ ဂဿကော၊ လယ်သမားကြီးသည်။ ဗီဇနင်္ဂလံ မျိုးစေ့နှင့်ထွန်တုံးကို။ အာဒါယ၊ ယူပြီးတော့။ ဝနံ၊ သယ်တောကို။ ပဝိသေယျ၊ ဝင်ရောက်ခဲ့သော ရာ၏။

ဒကာတော်မင်းကြီး လယ်သမား [illegible] မျိုးစေ့နှင့် ထွန်တုံးယူပြီးတော့ လယ်တောကို သွား [illegible]။

သော၊ ထိုလယ်သမားသည်။ သုဘူမေ [illegible] မြေ၌ [illegible] နေရာထေးသော်။ [illegible] ပြောင့်ခလုတ် မြက်တွေ အကုန်လုံး [illegible] ရှင်းလင်းထားခဲ့ပြီးသော်။ [illegible] အလွန်တရာ

မြေသြဇာကောင်းတဲ့ လယ်ယာမြေ၌။ ဗီဇာနိ၊ မျိုးစေ့တို့ကို။ ပတိဋ္ဌပေယျ၊ ကြဲချရာ၏။

မျိုးကြဲလိုက်တယ်၊ မြေကလဲ အနိမ့်အမြင့်ညီလို့ သဲတွေ နုံးတွေ မြက်တွေဟာ ဟိုနေရာတကွက် ဒီနေရာတကွက် ဒီလိုမဟုတ်ပဲနဲ့ တသားတည်း အားလုံးညီညွတ်နေတဲ့လယ်ယာ။ ဆူးငြောင့်ခလုတ် မြက်ဖုတ်ရယ်လို့လဲပဲ မရှိပါဘူး၊ ချောမွတ်ပြီးတော့ ပြေပြစ်တဲ့လယ်ယာမှာ မျိုးသွားပြီးတော့ ကြဲတယ်တဲ့။ ကြဲတဲ့မျိုးစေ့တွေကလဲ ဘယ်လိုမျိုးစေ့တွေလဲ ဆိုယင်—

အခဏ္ဍာနိ — အကျိုးအပဲ့မပါဘူး၊

အပူတိနိ — အဆွေးအဘောက်မပါဘူး၊

သာရဒါနိ — အနှစ်ပြည့်တဲ့ မျိုးစေ့၊ အဖျင်းမပါဘူး၊

သုခသယိတာနိ— လေလုံမိုးလုံ သေသေချာချာ သိမ်းထားတာ၊

အဝါတာတပဟတာနိ—လေပူ နေပူရဲ့ ဒဏ်ကို ပြင်းပြင်းထန်ထန်ဒီမျိုးစေ့မခံခဲ့ရဘူး၊

အဲဒီလို မျိုးကောင်းမျိုးသန့်ကို လယ်ယာမြေကောင်းမှာ ကြဲလိုက်တယ်။

ဒေဝါစ၊ မိုးကလဲပဲ။ ကာလေနကာလံ၊ ရံခါရံခါ (ဝါ) ဆယ့်ငါးရက်တကြိမ် ဆယ်ရက်တကြိမ် ငါးရက်တကြိမ်။ သမ္မာဓာရံ၊ ရက်မှန်မှန်။ အနုပ္ပဝေစ္ဆေယျ၊ မပြတ်မပြတ် ရွာသွန်းခဲ့ရပေရာ၏။

မိုးကလဲ ရက်မပြတ် ရက်မှန်ရက်မှန် ရွာသွန်းခဲ့တယ်လို့ ဆိုပါစို့။

လယ်သမားကြီးကလဲ ဉာဏ်ရှိရှိနဲ့ ပေါင်းသင်ခြင်း ရေသွင်းခြင်း မြေထုတ်ခြင်းတို့ကို ပြုလုပ်တယ်လို့ ဆိုကြပါစို့။

ရာဇည၊ ပါယာသိမင်း။

တာနိဗီဇာနိ၊ ထိုကဲ့သို့သော မျိုးစေ့တို့သည်။ ဝုဒ္ဓိံ ဝိရူဠိံ၊ စည်စည်ကားကား ပေါက်ရောက်ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပွားခြင်း သို့။

အာပေ၁ဇ္ဇယျံအပိန္န၊ ရောက်နိုင်ကြပါကုန်၏လော၊ ကဲသာကောဝ၊ လယ်သမားကြီးလဲ၊ ဝိပုလံ၊ ကြီးကျယ် မွားမြတ်သော၊ ဖလံ၊ အကျိုးတရားကို၊ အဓိဂစ္ဆေယျအပိ်နု၊ ရနိုင်ရာပါ၏လော။

ဒကာတော်ပါယာသိမင်း–လယ်ယာမြေကလဲ ကောင်းတယ်၊ မျိုးကလဲ ကောင်းတယ်၊ မိုးကလဲ ကောင်းတယ်၊ ဒီအခိုက်မှာ ဉာဏ်ရှိတဲ့ လယ်သမားဟာ သွားပြီးတော့ မျိုးကြဲခယ်ဆိုယင် အဲဒီမျိုးတွေ ကောင်းကောင်း မပေါက်ပေဘူးလား၊ လယ်သမားကြီးမှာလဲ အသီးအနှံတွေ ဖွံ့ဖြိုးပြီးတော့ အကျိုးစီးပွား ဖြစ်ပေဘူးလား။–လို့

အာယသ္မာကုမာရကဿပေါ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်သည်။ ပါယာသိရာဇညံ၊ ပါယာသိမင်းကြီးကို။ ဧတံဝစနံ၊ ဤဆိုခဲ့သည့် စကားကို။ အပုစ္ဆိ၊ သိလိုရေးနှင့် မေးမြန်းတော်မူခဲ့ပါပေသတည်း။

"သာဓု–သာဓု–သာဓုပေါ့ဘုရား"

ဒါဟာ အဓိပ္ပာယ်ပြန်ဖို့ မလိုတော့ဘူး၊ အဓိပ္ပာယ်ရှင်းရှင်းမို့ ဘုန်းကြီးတို့ ပရိသတ် နားလည်ကြပါယ်။ ပါယာသိမင်းကြီးရဲ့ လျှောက်ထားချက်က တိုတိုပဲ။

ဧဝံ ဘော ကဿပ။–တဲ့

အရှင်ဘုရားကုမာရကဿပ–မြေကောင်းတယ်၊ မျိုးကောင်းတယ်၊ မိုးကောင်းတယ်၊ လယ်သမားလဲ ကောင်းတယ်ဆိုယင်တော့ အပင်လဲ ကောင်းကောင်းပေါက်မှာပဲ၊ အသီးလဲပဲ သေသေချာချာ ထွက်တယ်၊ အဖျင်းမပါဘူးပေါ့ဘုရား၊ လယ်သမားလဲ ချမ်းသာမှာပေါ့၊ ဧဝံ၊ ဘောကဿပလို့ တိုတိုပဲ သူက ဖြေလိုက်တယ်။

ဒါကြောင့် ဒကာတော်မင်းကြီး–ယဉ်ပူဇော်မယ်ဆိုယင် ပုဂ္ဂိုလ်ကို ညဥ်းဆဲပြီးတော့မှ ကိုယ်ချမ်းသာမယ် ဆိုယင် ကိုယ်ချမ်းသာဖို့အတွက် သူတပါးကို မဆင်းရဲပါစေနဲ့၊ သတ္တဝါများကို သတ်ပြီး၊ ... ပူဇော်တာဟာ မွန်မြတ်တဲ့ ပူဇော်ခြင်းမဟုတ်ဘူးလို့ မိန့်ကြားတော်မူတယ်။

ဒီလို မိန့်ကြားလိုက်တော့ ပါယာသိမင်းကြီး၊ နားလည်သွားတယ်။ ခြောဲ–မွန်မြတ်တဲ့ ဒါနပုဂ္ဂိုလ်တော့ ငါပေးလှူရမှာပေမယ်၊ သတ္တဝါတွေ

သတ်ပြီးတော့ ပူဇော်တယ်ဆိုတာဟာ တကယ့်မတရားတဲ့ လုပ်ငန်းကြီးမျိုးပဲ ဆိုတာကို ပါယာသိမင်းကြီး ကောင်းကောင်း နားလည်သွားတယ်။

အဲဒီမှာ ပါယာသိမင်းကြီးနဲ့ အရှင်ကုမာရကဿပတို့ လမ်းခွဲ လိုက်ကြတယ်။–တဲ့

အထခေါ၊ ထိုအခါမှာ။ ပါယာသိရာဇညော၊ ပါယာသိမင်းကြီး သည်။ အာယသ္မန္တံကုမာရကဿပံ၊ အရှင်ကုမာရကဿပမထေရ်သူမြတ်ကို။ အဘိဝါဒေတွာ၊ အလွန်အလွန် ရိုသေစွာ ရှိခိုးလိုက်၍။

ရှိခိုးပြီ၊ အစတုန်းကတော့ ရှိမခိုးပဲနဲ့ ဝင်ထိုင်တာနော်။ အစ တုန်းကတော့–

ယေနာယသ္မာ ကဿပေါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
အာယသ္မတာ ကုမာရကဿပေန သဒ္ဓိံ သမ္မောဒနီယံ
ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိ။–လို့

ဒီလိုစခဲ့တာ၊ အရှင်ကုမာရကဿပ ရှိရာသို့ ပါယာသိမင်းကြီး ရောက်လာတယ်၊ ဝမ်းမြောက်စကား နှစ်သက်ဖွယ်ရာစကား မမေ့နိုင် သော စကား နှုတ်ဆက်စကား ပြောကြားပြီးတော့ အသားလေးပဲ ဘေးနားမှာ ဝင်ထိုင်လိုက်ပါတယ်၊ အစက ဒီလိုစခဲ့တာ။

အခု ဆုံးလဲဆုံးရော ဒီလိုမဟုတ်ကြတော့ဘူး။

အာယသ္မန္တံ ကုမာရကဿပံ၊ အရှင်ကုမာရကဿပ မထေရ် သူမြတ်ကို။ အဘိဝါဒေတွာ၊ အလွန်အလွန် ရိုသေစွာရှိခိုးလိုက်၍။

ကျေးဇူးဘင်လွန်းလို့ ပါယာသိမင်းကြီးဟာ အရှင်ကုမာရကဿပ ကို ရိုရိုသေသေ လက်အုပ်ချီ၍ ရှိခိုးခဲ့တယ်။

## လားပေါင်းများစွာ မေးစရာ

အရှင်ကုမာရကဿပရဲ့ တရားကိုပဲ ကြည်ညိုလို့လား၊ ဒါမှမဟုတ် ယင် အရှင်ကုမာရကဿပမထေရ်ရဲ့ ဆန်းဆန်းကြယ်ကြယ် ဥပမာတွေနဲ့ ပြောဘတ်ဖာ စကားဆန်းကြယ်စွာ ပြောတတ်တာကိုပဲ ကြည်ညိုလို့လား၊ ဒါမှမဟုတ် သူကိုယ်တိုင်ပဲ တကယ့်ကို သမ္မာဒိဋ္ဌိဖြစ်ပြီးတော့ သဒ္ဓါတရား တွေပေါ်ပေါ်လာ လို့လား၊ လားပေါင်း များစွာနဲ့ ဘုန်းကြီးတို့ ပရိသတ်များ ဒီနေရာမှာ စဉ်းစားနိုင်တယ်။

လားပေါင်းများစွာနဲ့ စဉ်းစားတော့ စဉ်းစားတဲ့ လားပေါင်းများစွာဟာ အကုန်လုံးပဲမှန်တယ်လို့ ဘုန်းကြီးတို့က ဒီလိုပဲ သဘောကျတယ်။

၁။ အရှင်ကုမာရကဿပ အဟောကောင်းလို့ ရှိခိုးတာလား၊ ဟုတ်ပါတယ်။

၂။ ဆန်းကြယ်တဲ့ ဥပမာတွေကို ပြောတတ်လို့ စကားတတ်လို့ ရှိခိုးတာလား၊ ဟုတ်ပါတယ်။

၃။ ပါယာသိမင်းကြီး မိစ္ဆာအယူကို စွန့်ပြီးလို့ ရှိခိုးတာလား၊ ဒါလဲ ဟုတ်ပါတယ်။

၄။ ပါယာသိမင်းတရားကြီး သဒ္ဓါတရားတွေဖြစ်သွားလို့ ရှိခိုးတာလား၊ ဒါလဲ ဟုတ်ပါတယ်။

ဘုန်းကြီးတို့ ရိသတ်များ အားလုံးစုပြီးတော့ ပါယာသိမင်းကြီး အပေါ် ဂုဏ်ပြုလိုက်ကြ၊ ဟုတ်လား။

အာယသ္မန္တံကုမာရကဿပံ၊ အရှင်ကုမာရကဿပ ပေယျာလ်ရှိသူမြတ်ကို။ အဘိဝါဒေတွာ၊ အလန့် လက်မြှောက်စဉ်၊ ပဥ္စပတိဋ္ဌိတ နည်းနဲ့ ကျကျနနရှိခိုးလိုက်၍။ ပဒက္ခိဏံကတွာ၊ လက်ယာရစ် သုံးကြိမ်လှည့်လည်၍။

ပဥ္စပတိဋ္ဌိတ—

၁။ ဒူးနှစ်ဘက်၊

၂။ တံတောင်နှစ်ဘက်၊

၃။ နဖူးကျ

အဲဒါ ပဥ္စပတိဋ္ဌိတတဲ့၊ မှတ်ထားနော်။ ဘုန်းကြီးတို့ ပြောကားတာ မှတ်ပါ။ ဒူးချ တံတောင်ချ နဖူးချလား။ ဘုန်းကြီးတို့ မြို့ဘက်က တံတောင်ဆစ် အပေါ်ပိုင်း နဲ့ နဖူး ပြီး လက်ဝါလေးပင့်ချတာ။ ဒူးချရမယ်၊ တံတောင်ဆစ်ကို ချသွားရမယ်၊ တံတောင်ဆစ်ကျသွားတောင် ဟို-လက်ခမောင်းတွေ လက်ပါးတွေ မကျပဲနဲ့ မနေဘူး၊ လက်ဝါးလေးသာချတာ တံတောင်ဆစ်မကျန်နေတာများတယ်။

အေး–ဒါကြောင့် ဒူးချ တံတောင်ချ နဖူးကျ၊ အဲဒါမှ ထိခြင်း ငါးပါး ဟုတ်လား။

"လက်ချ ဒူးချ တံတောင်ချ၊ နဖူးကျစေ ဦးချလေ"–လို့ ဘုန်းကြီးတို့ ကလေးတွေကို သင်ပြထားတယ်၊ ဒရိုန်း ပြသလိုပေါ့။

## လက်ယာရစ်လှည့်တယ်ဆိုတဲ့အဓိပ္ပာယ်

ကလေးတွေကို ဘုန်းကြီးတို့ စာသင်တုန်းက ဦးချခန်းသင်တဲ့ အခါကျတော့ အားလုံး ယောကျ်ားကလေးတွေပေါ့၊ အားလုံး စီတန်းပြီး ဆောင့်ကြောင့် အထိုင်ခိုင်းရတယ်။ အားလုံးသတိဆိုယင် ကလေး တွေဟာ နဖူးပေါ် လက်အုပ်ဘလေးတွေ တင်ပြီးသား၊ ဘယ်က စ ရ မယ်ဆိုတာ သူတို့လေးတွေ သိနေကြတယ်။ လက်ချဆိုယင် လက်ဝါးနှစ် ဘက်ထောက်လိုက်ကြတယ်၊ ဒူးချဆိုယင် ဒိုးဒိုးဒိုးဒိုးဆို ဒူးတွေအကုန်လုံး ကျသွားကြတယ်။ ကျောင်းမှာ ကလေးတွေကို စာသင်တုန်းက ဘုန်း ကြီးတို့ ဒီလိုသင်ပေးခဲ့တာ။

လက်နဲ့ဒူးချထား မလှုပ်နဲ့ဦး၊ ရှေ့မပစ်နဲ့ဦးဆိုတော့ ခပ်ကုန်းကုန်း လေးတွေ ဖြစ်နေကြရော၊ တံတောင်ဆစ်ချလိုဆိုလိုက်ရော စောစောက ချထားတဲ့ လက်နှစ်ဘက်ဟာ ရှေ့ကို တွန်းကို တွန်းပို့လိုက်ရတယ်။ ဘယ်လောက် တွန်းပို့လိုက်ရမလဲဆိုတော့ တံတောင်စာလောက် တွန်းပို့ လိုက်ရမယ်၊ ချမှာက တံတောင်ဆစ်ချမှာ ဖြစ်တဲ့ အတွက်ကြောင့် တံတောင်လောက်ကို လက်ကို တွန်းလိုက်မှ တံတောင်ဆစ် ချလို့ရတယ်၊ စာထွာလောက် တွန်းပို့ထားယင် ဟောဒီတံတောင်ဆစ် ချလို့ကို မရဘူး၊ ဟုတ်လား။

အေး–အဲဒီစနစ် မှတ်ထားပြီး အိမ်ရောက်တဲ့အခါ ကလေးတွေ ပြန်သင်ပေးလိုက်ကြ၊ ကိုယ်တိုင်လဲကိုယ့်ဟာကိုယ် ပြန်သင်ကြဦး၊ ဟုတ် လား။

လက်အုပ်ချီလျက် မတ်တတ်ရပ်ပြီးတော့ လက်ယာရစ် သုံးကြိမ် လှည့်ပြီး အရိုအသေပြုပါတယ်။ အရိုအသေပြုရမည့် ပုဂ္ဂိုလ်ကို မိမိရဲ့ လက်ယာဘက်က ထားပြီးတော့လှည့်ရမယ်၊ အဲဒါလက်ယာရစ်။ အရို

အသေပြုတဲ့ပုဂ္ဂိုလ်ကို မိမိရဲ့ လက်ယာဘက်မှာ ရှိပစေတဲ့၊ လက်ယာဘက်မှာ ထားပြီးတော့ လှည့်သွား၊ အဲဒါ လက်ယာရစ်ပဲ၊ ဟုတ်လား။

အေး-အရှိအသေပြုရမယ့် ပုဂ္ဂိုလ်ရဲ့ လက်ယာဘက်ကနေ သွားပြီးတော့ မလှည့်နဲ့ အရှိအသေပြုခံရမယ့် ပုဂ္ဂိုလ်ရဲ့ လက်ယာဘက်ကနေ ကိုယ်ကသွားလိုက်လို့ရှိယင် အရှိအသေပြုခံရမယ့် ပုဂ္ဂိုလ်က ကိုယ့်လက်ဝဲဘက် ရောက်နေတယ်။ လက်ဝဲဘက်ရောက်သွားယင် အဲဒါ ရှိသေရာမဟုတ်ဘူးတဲ့။

အေး-အဲဒါကြောင့် လက်ယာရစ်ဆိုသည်ကား မိမိ အရှိအသေပြုမယ့် ပုဂ္ဂိုလ်၊ မိမိအရှိအသေပြုမယ့် စေတီပုထိုးများသည် မိမိရဲ့လက်ယာဘက်မှာပဲ ရှိပစေ။

ဒါကြောင့်။ ပါယာသိမင်းကြီးဟာ—

တိက္ခတ္တုံ၊ သုံးကြိမ်။ ပဒက္ခိဏံ ကတွာ၊ လက်ယာရစ်လှည့်လည် အရှိအသေပြုပြီးသော့မှ၊ ပက္ကာမိ၊ ကောင်းစွာမသေ ဖယ်ခွာခဲ့ပါပေတော့သတည်း။

"သာဓု-သာဓု သာဓုပါဘုရား"

ဥတ္တရလုလင်ကိုစေခိုင်းပြီ

ပူဇော်ကောင်းတဲ့ ယဇ်နဲ့ မပူဇော်ကောင်းတဲ့ ယဇ်ကို ခွဲခြားနိုင်နားလည်သွားကြပြီ။ ပါယာသိမင်းကြီးဟာ ကျေနပ်ပြီးတော့ အရှိအသေပြုကာ ထပြန်သွားပြီတဲ့၊ ဟုတ်လား။

ဟို—သေတဗျမြို့ရဲ့ မြောက်ဘက်က ရင်းတိုက်တောထဲမှာ အရှင်ကုမာရကဿပနဲ့ သံဃာငါးရာတို့ကလဲ သီတင်းသုံးပြီးတော့ ကျန်ရစ်တော်မူကြတယ်။

ပါယာသိမင်းကြီးနဲ့ သေတဗျမြို့သူမြို့သားတို့သည် အရှင်ကုမာရကဿပ မထေရ်ကို အရှိအသေပေးပြီးသော့ ရင်းတိုက်တောကနေ တရွေ့ရွေ့ ထွက်ခွာလို့ သေတဗျမြို့ကြီးထဲ ရောက်ကြတယ်။

သေတဗျမြို့ထဲရောက်လို့ မိမိနန်းတော်ကျတော့ ပါယာသိမင်းက သူ့ရဲ့အစေအပါး ပုဂ္ဂိုလ်ခေါ်လို ပြောရယင် ကိုယ်ရေး အရာရှိ ဥတ္တရ

လုလင်ဆိုတာ ရှိပါတယ်၊ ပါယာသိမင်းကြီးရဲ့ အနားမှာကပ်ပြီးတော့ ဝေယျာဝစ္စကို ရင်းရင်းနှီးနှီး ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်ပေါ့၊ ဟုတ်လား။ ပါယာသိမင်းကြီးဟာ ဥတ္တရ လုလင်ကို အဲဒီမှာ အမိန့်ပေးတယ်။—တဲ့

အမောင်ဥတ္တရ—အရှင်ကုမာရကဿပ မထေရ်ထံ ငါယဇ်ပူဇော်ဖို့နည်းကို မေးမြန်းခဲ့တယ်၊ အဲဒါကြောင့် အရှင်ကုမာရကဿပ မထေရ်က ယဇ်ပူဇော်ဖို့နည်းတွေ ငါ့အား ဟောကြားလိုက်တယ်၊ မပူဇော်ကောင်းတဲ့ ယဇ်နဲ့ ပူဇော်ကောင်းတဲ့ ယဇ်ကို ငါ့အားခွဲခြားပြီးတော့ပြောလိုက်တယ်။ မပူဇော်ကောင်းတဲ့ ယဇ်ကို ငါမပူဇော်ပါဘူး၊ ပူဇော်ကောင်းတဲ့ ယဇ်ကိုငါပူဇော်မယ်၊ မောင်ဥတ္တရ။ ဟောဒီမှာ ယဇ်ပူဇော်ဖို့ရန်ပြင်ဆင်ပါတော့လို့ အမိန့်ပေးပါတယ်။

ဘုန်းကြီးတို့ ပရိသတ်များ သောတဗျမြို့ရဲ့ တံခါးလေးပေါက်မှာ မဏ္ဍပ်ထိုးပါတယ်၊ မြို့လယ်ကောင်မှာလဲ မဏ္ဍပ်တခု ထိုးခဲ့ပါတယ်၊ အားလုံးမဏ္ဍပ်ငါးလုံးထိုးပြီးတော့ ဥတ္တရလုလင်ကို အကုန်လုံး စီမံခိုင်းတယ်တဲ့။ မဏ္ဍပ်ထိုးဖို့ရန် အစီအမံကိုလဲပေးတယ်၊ ဒီအလှူမဏ္ဍပ်ငါးခုမှာဥတ္တရလုလင်ကို လှူဖို့ရန် ဘာတွေပေးလိုက်တုန်းဆိုတော့—

အထခေါ ပါယာသိရာဇညော ဒါနံ ပဋ္ဌပေသိ—

အထခေါ၊ ထိုအခါမှာ။ ပါယာသိရာဇညော၊ ပါယာသိမင်းကြီးသည်။ ဒါနံ အလှူကို။ ပဋ္ဌပေသိ၊ ဖြစ်စေသတော်၏။ (ဝါ)ဒါနံ၊ အလှူဒါနကို။ ဒဒါတိ၊ ပေးလှူခဲ့ပါပေတော့၏။

မြို့ရဲ့တံခါးလေးမုခ်နဲ့ မြို့လယ်ကောင်မှာ မဏ္ဍပ်ထိုးပြီးတော့အလှူကြီး တခုကို ပါယာသိမင်းကြီး ကြီးကျယ်စွာပေးလှူခဲ့တယ်။ အလှူကြီးတခု အကြီးအကျယ် သူပေးပြီတဲ့၊ အရှင်ကုမာရကဿပ မိန့်လိုက်တဲ့အတွက်ကြောင့် ပါယာသိမင်းကြီးရဲ့ အလှူမှာ သူတပါးတို့အားညှဉ်းဆဲသတ်ဖြတ် နှိပ်စက်လုယက်ပြီးတော့ လှူတာမျိုး လုံးဝမပါဘူး၊ သန့်ရှင်းတဲ့ ပစ္စည်းတွေချည်း သူထုတ်လှူတယ်။ ဘာတွေ ထုတ်လှူသလဲဆိုတော့ ကြည့်လိုက်ကြစို့—

## ပါယာသိမင်းကြီးရဲ့ အလှူပွဲ

တသ္မိံ ခေါ ပန ဒါနေ ဝေရူပံ ဘောဇနံ ဒီယတိ—

တသ္မိံ ယေနဒါနေ၊ ထိုကဲ့သို့သော ပေးလှူတဲ့ ပါယာသိမင်းတရား ရဲ့ အလှူဒါနမှာ။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ဘောဇနံ၊ ဘော ဇဉ်ကို။ ဒီယတိ၊ ပေးလှူတယ်။

ပါယာသိမင်းကြီးရဲ့ အလှူမှာ ဤကဲ့သို့သော ဘောဇဉ်ကို ပေး လှူခဲ့တယ်။ ဘာများတုန်းဆိုတော့—

ကဏာဇကံ ဗိလင်္ဂ ဒုတိယံ—တဲ့

ဗိလင်္ဂဒုတိယံ၊ စားစရာဟင်း အဖော်ဆိုလို့ ပုံးရည်မျှသာပါသော။ ကဏာဇကံ၊ ဆန်ကွဲ(ဇကွဲ) ထမင်းကို။ ဒီယတိ၊ ပေးလှူခဲ့တယ်။

ဟင်းကပုံးရည်၊ ချက်ထားတဲ့ ထမင်းက ဆန်ကွဲထမင်း။ ပါယာ သိမင်းကြီးရဲ့ အလှူမှာ ကျွေးနေတာက ဆန်ကွဲထမင်းနဲ့ ပုံးရည်ဟင်း ပဲတဲ့။ သူတပါး ညည်းဆဲခြင်း နှိပ်စက်ခြင်း သတ်ဖြတ်ခြင်း ဟော့ မပါ ဘူး၊ ဒါပေမယ့် ပစ္စည်းက ညံ့လိုက်တဲ့ဖြစ်ခြင်း၊ ခေါ်ရဲ့သ တော်မှ ဆင်းရဲသားတိုင်း မစားဘူး၊ ဖုန်းတောင်း ယာစကတို့ စားမယ့် အမျိုး အစားဘွဲ့ကို သူလှူနေတာ၊ ဟုတ်လား။ အဝတ်အစား ကိုပြန်တော့ ကြည့်လိုက်ဦး—

စောရကာနိ စ ဝတ္ထာနိ ဂုဠဝါလကာနိ၊

ဝတ္ထာနိစ၊ အဝတ်တွေ ကိုပြန်တော့လဲပဲ။ စောရကာနိ၊ ကြမ်း တမ်းထူထဲလှစွာကုန်သော အဝတ်တွေ။

အဝတ်တွေကလဲ ကြမ်းကြမ်းထူထူကြီးတွေတဲ့။

ဂုဠဝါလကာနိ၊ မြိတ်အဆာကြီးတွေလဲ ပွားပွား ပွားပွားနဲ့ အမြိတ်ကြီးတွေက ပိုကျယ်၊ အမြိတ်အဆာကြီးတွေ ပွားပွား ပွားပွားနဲ့ ထူကူကြမ်းကြမ်း အဝတ်ကြီးတွေကို အဲဒီမှာ လှူတယ်တဲ့။

အလှူပေးပြီး ဒါးလိုးလိုးပြီးတော့ ကိုကဲ့သို့ လှူပြီးသော့ နောက်လိုက်ကား ပါယာသိမင်းကြီး လှူသတဲ့၊ ပါယာသိမင်းကြီး လှူသတဲ့ ဆိုတော့ လူကြီး ပူဇော်ကောင်းတွေ ဟန်ကျပန်ကျ လာလိုက်ကြတာ၊ ဘာ

များစားမရလဲဆိုပြီး မကျွပ်ထဲ ဝင်လိုက်တော့၊ ဆန်ကွဲထမင်းနဲ့ ပုံးရည် ဟင်းလဲတွေ့ရော မျက်နှာရှုံ့မဲ့ပြီး ဘယ်သူမှ မစားကြတော့ပဲ ပြန်ထွက် သွားကြတယ်။

## လှူပုံတန်းပုံ ညံ့လွန်းလို့

အဝတ်တွေပေးနေသတဲ့ဆိုတော့ လာလိုက်ကြတာ၊ ဘာများလဲလို့ ကြည့်လိုက်တော့ အနန်းဆန်မျှင်တွေ ယက်ထားတဲ့ ဖျင်ကြမ်းကြီးတွေ အဆာတွေ အမြိတ်တွေကလဲ တထွာလောက် တပေလောက်ရှိတယ်၊ အဲဒီ ဖျင်ကြမ်းထည် ကြီးတွေ ကြည့်ပြီးတော့လဲပဲ သဌေး သူကြွယ် ကုန်သည် လယ်လုပ် ဆင်းရဲသား ဘယ်သူမှ မယူကြဘူး။ အကုန်းလုံး စားလဲ မစား ယူလဲမယူပဲနဲ့ ပြန်သွားကြတယ်။–တဲ့

ဒါဖြင့်ယင် သူ့အလှူကို ဘယ်သူတွေ ခံယူတုန်းဆိုတော့–

သမဏဗြာဟ္မဏ ကပဏဒ္ဓိက ဝဏိဗ္ဗကယာစကာနံ။

သမဏ–မိမိကိုယ်ကို သမဏအမည် ခံကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဗြာဟ္မဏ–မိမိတို့ကိုယ် မိမိတို့ ဗြာဟ္မ အမည်ခံကြတဲ့ ပုဂ္ဂိုလ်တွေ၊ ကပဏ–အထီးကျန်တဲ့ ပုဂ္ဂိုလ်တွေ၊ အဒ္ဓိက–ခရီးသည်တွေ၊ ဝဏိဗ္ဗက–သူတောင်း စားတွေ၊ ယာစကာ=ဖုန်းတောင်းယာစကာတွေ။

သူ့အလှူကို အလှူခံကြပါလို့ ဖိတ်လိုက်တော့ လာလိုက်ကြတာ၊ ရသေ့ ရဟန်းများကျတော့ ကောင်းတာပဲ လှူလှူ ဆိုးတာပဲ လှူလှူ ငြင်းပယ်ခြင်းမရှိ သူတော်ကောင်းစိတ်နဲ့ ယထာလာဘသန္တော–ရသမျှနဲ့ ကျေနပ်ရမယ်ဆိုတဲ့ အရိယာဝံသ တရားတော်နဲ့ လျော်ညီစွာ ကျိတ်မှိတ် သည်းခံပြီးတော့ အလှူခံသွားကြတယ်။

ကပဏ–အထီးကျန်တဲ့ ပုဂ္ဂိုလ်တွေကျတော့ သူတို့က ခိုကိုးရာ မရှိတော့ကာ ပေးသမျှကိုပဲ ယူကြတယ်။

အဒ္ဓိက–ခရီးသည်တွေကလဲ ခရီးသွားယင်း လမ်းမှာ တော်တော့ အဲဒါ ဝင်စားကြတယ်။

ဝဏိဗ္ဗကယာစကာ–သူတောင်းစား ဖုန်းတောင်း ယာစကာတွေ ကျပြန်တော့လဲ ဒါမျိုးပဲ စားရတယ်။–တဲ့။

ဒီတော့—သူ့အလှူပွဲမှာ အလှန်မွန်မြတ်တဲ့ အလှူခံရယ်လို့ မရဘူး ပေါ့နော်၊ ပါယာသိမင်းကြီး လှူပုံကန်းပုံ လှူလှန်းလို့ ဂုဏ်သရေရှိတဲ့ ပုဂ္ဂိုလ်တွေ မလာကြဘူးတဲ့၊ အစားလဲညံ့တယ်၊ အဝတ်လဲ ညံ့တယ်၊ ဒါဖြင့် ပါယာသိမင်းကြီး အဲဒီလို လှူနေတာဟာ ကိုယ်တိုင်ဆင်းပြီးတော့ ဒီအလှူကြီး ပေးသလားလို့မေးယင်—

### အသက္ကစ္စဒါနဖြစ်နေတယ်

တသ္မိံ ခေါ ပန ဒါ ဥတ္တရောနာမ<br>
မာဏဝေါ ဝါဝဋ္ဋေ အဟောသိ၊

တသ္မိံခေါပနဒါနေ၊ ထိုကဲ့သို့ ဆန်ကွဲထမင်းနဲ့ ပုံးရည်ဟင်းကိုပေး လှူနေသော အလှူပွဲကြီးမှာ။ ဥတ္တရောနာမမာဏဝေါ၊ ဥတ္တရလုလင် သည်။ ဝါဝဋ္ဋေ၊ အားထုတ်ဆောင်ရွက်ရသည်။ အဟောသိ၊ ဖြစ်ပါ ပေ၏။

ပါယာသိမင်းကြီးရဲ့ အလှူပွဲမှာ စီမံခန့်ခွဲတဲ့ ပုဂ္ဂိုလ်က ဥတ္တရ လုလင်တဲ့၊ ကိုင်း—ကိုယ်တိုင်လဲ မလှူဘူးနော်။ အလှူခံကျေတော့မှာလဲ ရှိသေလေးစားမှု သူ့မှာ မရှိဘူး၊ အလှူပစ္စည်းကလဲ စားချင်လို့ မဝတ်ချင်လို့ နန်းတော်က စွန့်ပစ် သုန်ပစ်ရမယ့် ပစ္စည်းမျိုးကို သူယုတ် ပြီးတော့ လှူနေတယ်၊ ပါယာသိမင်းကြီး လုပ်ပုံနော်။

သတ္တဝါတွေကို သတ်ဖြတ်ခြင်း ညှင်းဆဲခြင်းဆိုတဲ့ ယဇ်ပူဇော်တာ မျိုးတော့ မဟုတ်ဘူး၊ ဒါပေမယ့် လှူပြီးဆုံးပြန်တော့လဲ သူ စိတ်မတော လှူတော့ ဘယ်လိုဖြစ်သလဲ ပစ္စည်းလဲ ညံ့တော့ ပြန်ပြီး မှန်းမှုတော့၊ သုန်ရမယ့်၊ အမှိုက်ပုံထဲ ရောက်မယ့် ဥစ္စာမျိုးတွေကို သူ့သည်း လုပ်ပြီးတော့ ပေးနေ တယ် ကျွေးနေတယ်။

အဲဒီအလှူပွဲမှာ ကိုယ်တိုင်ကော လာလုပ်သလားဆိုတော့ မဟုတ် ပါဘူး၊ ဥတ္တရလုလင်နဲ့ အကုန်လုံးလွှဲထားတယ်၊ ကိုယ်တိုင်ထွက်ပြီးတော့ မလှူဘူး။

အလှူပွဲကြီးကို ကြွလာကြတဲ့ ပုဂ္ဂိုလ်တွေ ကြည့်လိုက်ပြန်တော့လဲ တကယ် မြင့်မြတ်တဲ့ အလှူခံ ပုဂ္ဂိုလ်တော တော်ပြီးတော့ မလာကြဘူး၊ မြို့ထဲရွာထဲက ဂုဏ်သရေရှိ လူကြီးတွေကလဲ မလာကြဘူး၊ ဘာဖြစ်လို့လဲ

ဆိုတော့ ဆန်ကွဲထမင်းနဲ့ ပုံးရည်ဟင်းကျွေးပြီး ဖျင်ကြမ်း အဝတ်အထည် ပေးတယ်ဆိုတော့ လူကြီး လူကောင်းတွေ မလာကြဘူး။

အဲဒီတော့ ကပဏ–အထီးကျန်၊ အဒ္ဒိက–ခရီးသည်၊ ဝဏိဗ္ဗက ယာစကာ–သူတောင်းစား ဖုန်းတောင်းယာစကာ ခိုကိုးရာမဲ့တဲ့ ဒီလို ပုဂ္ဂိုလ်တွေချည်း ဝင်စားဝင်ယူကြတော့ ဒီလို အလှူခံတွေ ကြည့်ပြီး ဘော့ဘာ ပါယာသိမင်းကြီးက ရှိသေတဲ့စိတ်များ ဖြစ်ဦးမှာလား။မဖြစ် ဘူးတဲ့၊ ဟုတ်လား။

– ရှိသေခြင်းလဲမရှိ၊

– ကိုယ်တိုင်လဲမလှူ၊

– မစွည်းကလဲညံ့၊

အဲဒါဟာ ဘာလဲဆိုတော့ ''အသက္ကစ္စဒါန''တဲ့၊ ဝေလာမသုတ္တန် မှာ ဘုန်းကြီးတို့ ဒီအကြောင်းကို ဟောထားပါတယ်။ အေး-အဲဒီတော့ ပါယာသိမင်းကြီးဟာ အသက္ကစ္စဒါနကို ပေးလှူ၍နေခဲ့ပါတယ်။

ပါယာသိရာဇညဿ၊ ပါယာသိမင်းကြီးရဲ့။ တသ္မိံ ခေါ်ပနဒါနေ၊ ထိုကဲ့သို့သော ပေးလှူနေတဲ့ အသက္ကစ္စဒါနပွဲကြီးမှာ။ ဥတ္တရောနာမ မာဏဝေါ၊ ဥတ္တရခေါ်သော လုလင်က။ ဝါဝဋ္ဌော၊ စီမံဆောင်ရွက် ရသည်။ အဟောသိ၊ ဖြစ်ပါပေ၏။

## ဥတ္တရလုလင်ရဲ့ဆုတောင်း

ဓသော၊ ထိုဥတ္တရလုလင်သည်။ တံတာဝိသံ၊ ထိုသို့သဘောရှိတဲ့။ ဒါနံ၊ ညံ့ဖျင်းတဲ့ အလှူဒါနမျိုးကို။ ဒတွာ၊ ပေးလှူပြီးသည် ဖြစ်၍။ ဧဝံ၊ ဤသို့။ ဥဒ္ဒိသတိ၊ ဆုတောင်းပါတယ်။

ဘုန်းကြီးတို့ပရိသတ်များ– ဥတ္တရလုလင်ကဒီ လိုအလှူမျိုးလှူပြီး တော့ဆုတောင်းတယ်တဲ့။တကယ့်အလှူရှင်က ပါယာသိမင်း၊ ကိုကဲတိုင် လှူနေတာက ဥတ္တရလုလင်။ အလှူရှင်က ဒီအလှူပွဲကို လာကြည့်ရုံပဲ ကြည့်သွားတယ်၊ ကိုယ်တိုင်ပါဝင်ပြီးတော့ လှူတာရယ်လို့ တခါမှ မရှိ ဘူးတဲ့။

ဒီတော့ ကိုယ်တိုင် ကိုယ်ထိလက်ရောက် လှူနေရတဲ့ ဥတ္တရလုလင်က လှူယင်း လှူယင်းနဲ့ သူက စိတ်ပျက်လာတယ်၊ အလှူခံပုဂ္ဂိုလ်တွေကလဲ

ဖုန်းတောင်း ယာစကာတွေ ခရီးသွားတွေ ခိုကိုးရာမဲ့တွေက တိုးလျှိုး လုယက်ပြီးတော့ စားကြသောက်ကြတယ်။

ပါယာသိမင်းကြီးလဲ တခါတုန်းက အဝေးကနေ လှမ်းကြည့်ပြီး တခါတရံ လာတောင်မလာဘူး၊ လှူဖို့ဆိုပြီး နန်းတော်ထဲကနေ ထုတ်ထိုတ်ပေးပြန်တော့လဲ ဆန်ကွဲပုံးရည်နဲ့ ဖျင်ကြမ်းကြီးတွေပဲ ထုတ်ထုတ်ပေးနေတော့ ဥတ္တရလုလင်ဟာ လှူယင်းလှူယင်း စိတ်ပျက်လာတယ်၊ စိတ်ပျက်လာတော့ ဆုတောင်းလိုက်တယ်တဲ့။ ဥတ္တရလုလင်ရဲ့ ဆုတောင်းကလေးက –

"ဣမိနာဟံ ဒါနေန ပါယာသိံ ရာဇညမေဝ ဣမသ္မိံ
လောကေ သမာဂစ္ဆိံ၊ မာပရသ္မိံ"န္တိ။

အဟံ၊ ငါသည်။ ဣမိနာဒါနေန၊ ဤဒါနကြောင့်။ ပါယာသိံ ရာဇညံ၊ ပါယာသိမင်းကြီးကို။ ဣမသ္မိံလောကေဧဝ၊ ဤဘဝမှာပဲ။ သမာဂစ္ဆိံ၊ အတူတကွ တွေ့ကြုံဆုံဆည်းရစေတော့၊ ပရသ္မိံ၊ တမလွန် လောက နောက်ဘဝမှာ၊ မာသမာဂစ္ဆိံ၊ မတွေ့ကြုံ မဆုံဆည်းရစေနဲ့ တော့။

ဣတိ၊ ဤသို့၊ ဒါနံဒတွာ၊ အလှူပေးပြီးတော့၊ ဥဒ္ဒိသတိ၊ တောင်း စွာမသေ့ ဆုတောင်းလိုက်ပါတော့သတည်း။

"သာဓု–သာဓု-သာဓုပါဘုရား"

ဘုန်းကြီးတို့ ပရိသတ်များ-ဥတ္တရလုလင်ရဲ့ ဆုတောင်းပုံဟာ ဟို အကိတ္တိဇာတ်ထဲက အကိတ္တိရသေ့ကြီးရဲ့ဆုတောင်းပုံနဲ့ ဟူနေကယ်နော်၊ အကိတ္တိဇာတ်ကို ဘုန်းကြီးတို့ တခါမှ မဟောရသေးပါဘူး၊ ဘုန်းကြီးတို့ ကျေးဇူးရှင် အနီးစခန်း ဆရာတော်ကြီး ဟောပြီ တော့သားတာ မှတ်ပါ တယ်၊ ဘုန်းကြီးတို့ ပရိသတ်များ နားထောင်ကြည့်ပါ။

ဒီဘဝ ဒီမျှနဲ့သာ ရှိပါစေတော့

ဗာလံ နပဿေ နသုဏေ န[illegible] န[illegible]သော- တဲ့

ဆုတောင်းတွေ အဲဒီမှာ တသီကြီးပါတယ်။ အဲဒီတော့ ကိုအကိတ္တိ ဇာတ်ကို နည်းယူပြီးတော့များ ဥတ္တရလုလင်က ဆုတောင်းလိုက်လေ သလား မသိပါဘူး။

အဟံ၊ ငါသည်၊ ဣမိနာဒါနေန၊ ဤကဲ့သို့သော ဆန်ကွဲထမင်းပုံးရည်ဟင်းနှင့် ဖျင်ကြမ်းအဝတ်တွေကို လှူရတဲ့ဒါနကြောင့်။

တကယ်ဆိုတော့ အလှူရှင်ဟာ ပါယာသိမင်းနေ၁၊ ဆုတောင်းချင်းတောင်းယင် ပါယာသိမင်းက တောင်းဖို့ကောင်းတာ အခုတော့ အလှူရှင်ဖြစ်တဲ့ ပါယာသိမင်းက ဘာဆုမှမတောင်းဘူး၊ ပါယာသိမင်းရဲ့ အလှူပွဲမှာ ကိုယ်တိုင်ဝင်ပြီးတော့ စီမံဆောင်ရွက်နေရတဲ့ ကိုယ်စားလှယ် အလှူဒါယကာ ဥတ္တရလုလင်က—

ဣမိနာဒါနေန၊ ဤကဲ့သို့သော အလှူဒါနကြောင့်။ ပါယာသိံ ရာဇညံ၊ ပါယာသိမင်းကြီးကို။ ဣမသ္မိံလောကေယေဝ၊ ဟောဒီ ဘဝမှာပဲ။ သမာဂစ္ဆိံ၊ အတူတကွ နေထိုင်ပရစေတော့။

ပါယာသိမင်းကြီးနဲ့ ဒီဘဝမှာပဲ အတူတကွ ဆုံဆည်းပရစေတော့—တဲ့။

ပရသ္မိံ၊ တမလွန်လောက နောက်ဘဝမှာ။ မာသမာဂစ္ဆိံ၊ ဘယ်တော့မှ အတူတကွ မနေရစေနဲ့တော့။—လို့

ဣတိ၊ ဤသို့၊ ဥဒ္ဒိသတိ၊ ဆုတောင်းလိုက်ပါတယ်။

ငါသည် ဤကဲ့သို့သော ဒါနပြုရတဲ့ကောင်းမှုကြောင့် ပါယာသိမင်းကြီးနဲ့ ဒီဘဝမှာပဲ အတူတကွနေပရစေ၊ နောက်ဘဝမှာ ပါယာသိမင်းကြီးနဲ့ မဆုံဆည်းပရစေနဲ့တော့၊ ဥတ္တရလုလင်က အဲဒီလို ဆုတောင်းလိုက်ပါတယ်။

ဘာကိုစိတ်ပျက်သွားသလဲဆိုတာ ဘုန်းကြီးတို့ပရိသတ် သဘောပေါက်ပြီပေါ့၊ သူကိုယ်တိုင်တောင်မှ မစားတဲ့ဥစ္စာတွေ၊ သူ့နန်းတော်ထဲက အလုပ်သမားအစေအပါးတောင်မှ မစားကြတဲ့ ဆန်ကွဲထမင်းပုံးရည်ဟင်းကို ဟောဒီမှာအလှူပေးနေတယ်ဆိုတော့၊ အလှူကို စီမံရတဲ့ ဥတ္တရလုလင်ဟာ စိတ်ပျက်မယ်ဆိုယင် ပျက်စရာပဲ။

သူကိုယ်တိုင် ဝတ်ဖို့ဆိုတာဝေးရော သူကိုယ်တိုင် ခြေထောက်တောင်မှ မသုတ်တဲ့ အဝတ်ကြမ်းကြီးကို ဟောဒီမှာအလှူပေးနေတယ်ဆိုတော့ အလှူရှင်စိတ်မပျက်ပေမယ့် အလှူကိုစီမံတဲ့ ဥတ္တရလုလင်က စိတ်ပျက်တယ်။

ဒါကြောင့်–ဒါလောက်တောင်မှ မလှူတတ်တဲ့ ပါယာသိမင်း၊ ဒါလောက်တောင်မှ စိတ်ထားညံ့တဲ့ ပါယာသိမင်း ဒီဘဝပဲဆုံပရစေ နောက်ဘဝအဆက်ဆက် မဆုံဆည်းပရစေနဲ့လို့ ဒီလိုဆုတောင်းလိုက်တယ်။ အဲဒီဆုတောင်းသံကို ပါယာသိမင်းကြီးက ဘယ်လိုလုပ်များ စုံစမ်းတယ် မသိဘူး သူကြားသွားတယ်၊ ငါ့အလှူကိုစီမံတဲ့ ဥတ္တရလုလင်ဟာ ဒီလို ဆုတောင်းနေ ဆိုပဲလို့ ပါယာသိမင်းကြီးသတင်းကြားသွားတယ်။

## ဘာမကျေနပ်စရာရှိပါသလဲ

ပါယာသိမင်းကြီး သတင်းလဲကြားသွားရော ဥတ္တရလုလင်ကို ချက်ချင်းရှေ့သွင်းစေပြီး၊ ဟေ့–အမောင်ဥတ္တရ–မင်း ဒီလိုဆုတောင်းဆိုတာ မှန်ရဲ့လား၊ မှန်လှပါ ကျွန်ုပ်ဘာဝ်မျိုး ဒီအတိုင်းဆုတောင်းပါတယ်။ ဟာ–ဘယ်လိုဆုတောင်းတုန်း၊ အရှင်ပါယာသိမင်းနဲ့ ဒီဘဝဇီမျှသာ ဆုံပရစေ နောက်ဘဝအဆက်ဆက် ဘယ်တော့မှ မဆုံဆည်းပရစေနဲ့လို့ ဆုတောင်းပါတယ်၊ ပါယာသိမင်း ရှေ့မှာ ဥတ္တရလုလင်က ရဲရဲဝံ့ဝံ့ ဝန်ခံတယ်။ ဒီတော့ ပါယာသိမင်းကြီးက–

တာတဥတ္တရ၊ အို–အမောင်ဥတ္တရလုလင်။

ပုညတ္ထိကော၊ ကောင်းမှုရဲ့အကျိုးကို လိုလား‌ကြကုန်သော။ မယံ၊ ငါတို့သည်။ ဒါနဿဖလံ [illegible]ကောင်းမှုရဲ့အကျိုးကိုသာလျှင်။ ပါဋိကင်္ခါ [illegible] နေသနနု၊ အလိုရှိယိုက်သည် မဟု[illegible]ပါလော။

[illegible]ကောင်းမှုအကျိုးကို လို[illegible]လို့ ပြုကြတဲ့ ငါတို့သည် အဲဒီ ကောင်းမှုရဲ့အကျို[illegible]ကိုပဲ [illegible]ကုန်[illegible]းလိုက်တယ် မဟုတ်ပါလားတဲ့။ အမောင်ဥတ္တရ–ကောင်းမှုကို[illegible]တဲ့ ငါတို့[illegible]တွေဟာ ကောင်းမှုရဲ့အကျိုး ကို မှန်ကန်စွာ ဆုတောင်းထိုက်[illegible]ယ် မဟုတ်ပါလား။

ဒီလိုတဲ့အဓိပ္ပာယ်[illegible]တော[illegible] ဟာ[illegible]ယ်တော့ အမောင်လုလင်ရာ မင်း ဟာ ယခုလို မိတ္တဒိဋ္ဌိ[illegible] [illegible] ဒိဋ္ဌိအယူ[illegible]ပြောင်း၊ အကြီး အကျယ် အလှူ[illegible] [illegible] ပါယာသိမင်းကြီးနဲ့[illegible] [illegible] အဆက် ဆက် ရှေ့လည်တဲ့ [illegible] [illegible]တောင်း[illegible] တောင်း[illegible]ကောင်းတာ ပေါ့၊ ပါယာသိမင်းကြီးက [illegible] ကြည့်တာ၊

[illegible]ကောင်းမှု [illegible] ဒီလိုသာ တော[illegible]င်းရမှာ ဆုဒီဘဝပဲ ဆုံပ[illegible]စေ နော[illegible]က်[illegible]မဆုံပ[illegible]စေနဲ့ဆိုတော့ ဒါဟာ ကုသိုလ်

ကောင်းမှုကို ဆုတောင်းတဲ့ အဓိပ္ပာယ်မဟုတ်ဘူး။ စဉ်းစားကြည့်လေ၊ ကောင်းမှုရဲ့ အကျိုးကိုလိုလားလို့ ဆုတောင်းယင် ဘဝအဆက်ဆက်အတူ တကွ တွဲပရစေ ခွဲပရစေ ဒါမျိုးပဲ လာကြမှာပေါ့။

အခုတော့ဗျာ နောင်ဘယ်ဘဝမှာမှ မတွေ့ပရစေနဲ့ဆိုတော့ ကုသိုလ် ကောင်းမှုအတွက် ဆုတောင်းတဲ့ အဓိပ္ပာယ်မရောက်တော့ဘူး၊ မကျေနပ် လို့ ကျိန်စာဆိုလိုက်တာနဲ့ တူနေတယ်။ အဲဒါကို ပါယာသိမင်းက ပြောတာ၊ အမောင်ဥတ္တရ–မင်းဉစ္စာ ကောင်းမှုအတွက် ဆုတောင်းတာ မျိုးမဟုတ်ဘူးကွ၊ မင်းငါ့မကျေနပ်လို့ ကျိန်စာဆိုသလို ဖြစ်နေပြီ၊ ဘယ် လိုတုန်းကွ ရှင်းစမ်းပါဦးဆိုတော့ ဥတ္တရလုလင်က ရှင်းပြတယ်။

အို–ပါယာသိမင်းကြီး။

အရှင်မင်းကြီးနဲ့အကျွန်ုပ်တို့သည် အတူတကွ နေထိုင်ကြရတဲ့ ဤ ဘဝမှာ အရှင်မင်းကြီးသည် အကျွန်ုပ်တို့ရဲ့ အနှစ်သက်ဆုံး တိုင်းပြည် အုပ်ချုပ်မင်းလုပ်နေတဲ့ ပုဂ္ဂိုလ်ကြီး တယောက်ပါ၊ အရှင်မင်းကြီးကို အကျွန်ုပ်တို့ အကြည်ညိုဆုံး အနှစ်သက်ဆုံး ဖြစ်ပါတယ်။

အရှင်မင်းကြီးနဲ့ အကျွန်ုပ်တို့ဟာ သေတာဗျမြို့မှာ နှစ်ပေါင်းများ စွာကတည်းက ဆိုးတူကောင်းဖက် အတူဘကွနေလာခဲ့ကြတာ၊ အကျွန်ုပ် တို့က အနှစ်သက်ဆုံး အကြည်ညိုဆုံးဖြစ်တဲ့ မင်းကြီး တယောက်ပါ၊ အကျွန်ုပ်တို့ အကြည်ညိုဆုံး အနှစ်သက်ဆုံးဖြစ်တဲ့ မင်းကြီးက အကျွန်ုပ် တို့ကို ဟောဒီမှာ မနှစ်သက်တာတွေ ချပေးရတာလဲလို့ ရှင်းပြပြောဆို လိုက်တယ်။

ဟဲ့အမောင်ဥတ္တရ–မင်းတို့က ငါ့ကိုကြည်ညိုတယ် နှစ်သက်တယ် ဆိုတာတော့ ဟုတ်ပါပြီ၊ မင်းတို့ မနှစ်သက်တာတွေ ငါဘာတွေများ ချပေးလိုက်မိတုန်းဆိုတော့ ဥတ္တရလုလင်က အဲဒီမှာ လျှောက်လိုက်တယ်။

## ဥတ္တရလုလင်ရဲ့မကျေနပ်ချက်

ဘောတော ခေါ ဒါနေ ဝေရူပံ ဘောဇနံ ဒီယတိ
ကဏာဇကံ ဗိလင်္ဂဒုတိယံ ယံ ဘဝံ ပါဒါပိ နဠစ္ဆေယျ
သမ္ဗုသိတုံ၊ ကုတော ဘုဥ္ဇိတုံ။

ဘောရာဇည၊ အို–ပါယာသိမင်း။

တေ၊ သင်မင်းကြီးရဲ့။ ဒါနေ၊ အလှူမှာ။ ဝေရူပံ၊ ဤသို့ သဘောရှိသော။ ဗိလင်္ဂဒုတိယံ၊ ပုံးရည်မျှဆာပါသော။ ကဏာဇကံ၊

ဆန်ကွဲထမင်းမျှသာဖြစ်သော။ ဘောဇနံ၊ စားဖွယ်ကို။ ဒီယတိ၊ ပေးလှူတယ်။

ယံ၊ ယင်းကဲ့သို့သော ဆန်ကွဲထမင်းနှင့် ပုံးရည်ဟင်းကို။ ဘဝံ၊ အရှင်မင်းကြီးသည်။ ဘုဉ္ဇိတုံ၊ စားသောက်သုံးဆောင်ဖို့ရန်။ ကုတော၊ အဘယ်မှာ ဖြစ်နိုင်ပါမလဲ၊ ပါဒေနပိ၊ ခြေဖြင့်လဲ။ သမ္ဘုသိတုံ၊ ထိတွေ့ခြင်း၊ နဣစ္ဆေယျ၊ အလိုမရှိရာ။

အရှင်မင်းကြီး—အရှင်မင်းကြီးဟာ အလှူပေးတယ် အလှူပေးတယ်နဲ့ ဆန်ကွဲထမင်း ပုံးရည်ဟင်းတွေချပြီးတော့ လှူတာ ကောင်းရော လား၊ အဲဒီဆန်ကွဲထမင်း ပုံးရည်ဟင်းကြီးကို အရှင်မင်းကြီးစားဖို့ရန် မဆိုထားနဲ့ ခြေထောက်နဲ့တောင် မင်းကြီးတို့ချင်တာမျိုး မဟုတ်ပါဘူး လို့ ဥတ္တရလုလင်က ရဲရဲတင်းတင်းပြောတယ်။

အရှင်မင်းကြီးကိုယ်တော်တိုင် စားဖို့ဆိုတာဝေးရော ခြေထောက်နဲ့တောင် မတို့ချင်တဲ့ ဆန်ကွဲထမင်း ပုံးရည်ဟင်းကို ဘာဖြစ်လို့ လှူရ တာတုန်း၊ မင်းကြီးကို အကျွန်ုပ်တို့က အလွန်ကြည်ညို နှစ်သက်ပါတယ် ဒါပေမယ့် မင်းကြီးပေးလှူတဲ့ ပစ္စည်းတွေကိုတော့ အကျွန်ုပ်တို့ဘယ်လိုမှ မနှစ်သက်နိုင်ပါဘူး။ ဘယ်ဆိုယင် အရှင်မင်းကြီးဟာ ကိုယ်စားသလို သူများကို လှူဖို့ကောင်းပါတယ်။

ခေသုမာနိ စ ပတ္တာနိ ဂုဠဝါလကာနိ၊
ယာနိ ဘဝံ ပါဒါပိ—
နဣစ္ဆေယျ သမ္ဘုသိတုံ၊ ကုတော ပရိဒဟိတုံ။

ဘောရာဇညာ၊ အိုပါယာသိမင်း။

ယော၊ သင်မင်းကြီးနှင့် ဒါန၊ အလှူမှာ။ ဝေရှုံကြည်သို့ သဘောရှိသော၊ ခေသုမာနိ၊ ကြမ်းတမ်းထူလဲကုန်သော။ ဂုဠ ဝါလကာနိ၊ ဖြိုမကြီး နွယ်လဲ ပြုံကြီးလျှမ်းပြုံမနေသော။ ဝတ္ထာနိ၊ အဝတ်ပုဆိုး ဖဲပိုး ပေးလှူခဲ့ပါပေ၏။

ယာနိဝတ္ထူနိ ရှိကုန်သော အဝတ်တို့ကို။ ဘဝံ၊ အရှင်မင်းကြီးသည်။ ပေးဟိတ်တုံ၊ ဝတ်ဆင်ဖို့ရန်။ ကုတော၊ အဘယ်မှာလျှင် ဖြစ်နိုင်ပါမလဲ၊ ပေးပါပြီ ပါဒေနပိ၊ ခြေဖြင့်သော်လ၊ သမ္ဘုသိတုံ၊ ထွေးယဖြင်းမှာ။ နဣစ္ဆေယျ၊ အလိုမရှိရော။

အရှင်မင်းကြီး—အရှင်မင်းကြီးက ခြေထောက်နဲ့တောင်မှ မတို့ချင်တဲ့ ဖျင်ကြမ်းထည်ကြီးတွေကို ဟောဒီမှာ ထုတ်ပြီးတော့ လှူတယ်။ အရှင်မင်းကြီး ဝတ်ဖို့ဆိုတာဝေးရော၊ ခြေထောက်နဲ့တောင် မတို့ချင်တဲ့ ဖျင်ကြမ်းပေးလှူတယ်ဆိုတာ မင်းကြီးကောင်းရောလား။ မင်းကြီးကို ကျုနိုပ်တို့က ကြည်ညိုပါတယ် နှစ်သက်ပါတယ်၊ သို့သော် မင်းကြီးရဲ့ ဖျင်ကြမ်းထည်ကြီးတွေနဲ့ လှူတဲ့အလှူပွဲကိုတော့ အကျွန်ုပ်တို့ ဘယ်နည်းနဲ့မှ မနှစ်သက်နိုင်ပါဘူးတဲ့၊ ဟုတ်လား။

## ဥတ္တရလုလင် လျှောက်တင်လိုက်လို့သာ

ဥတ္တရလုလင် လျှောက်ထားတဲ့ စကားအကော်ကောင်းတယ်နော်၊ မင်းကြီးကို ကျွန်ုပ်တို့က ကြည်ညိုပါတယ် နှစ်သက်ပါတယ် သို့သော် မင်းကြီးရဲ့ အလှူကိုတော့ ဘယ်လိုမှ မနှစ်သက်နိုင်ပါဘူး။ ဘာကြောင့်လဲ၊ ပစ္စည်းဟာ ကိုယ်တိုင်လဲ မသုံးချင်၊ ခြေထောက်နဲ့တောင် မတို့ချင်တဲ့ ပစ္စည်းတွေ ထုတ်လှူနေလို့ မနှစ်သက်နိုင်ပါဘူး။

အကျွန်ုပ်တို့ အပေါ်မှာ မင်းကြီးနှစ်သက်တယ်ဆိုယင် မင်းကြီး စားသလို အစားအစာတွေကို ထုတ်လှူဖို့ကောင်းတယ်၊ မင်းကြီးဝတ်သလိုပဲ အဝတ်အထည်တွေကိုလဲ ထုတ်ပြီးတော့ လှူဖို့ကောင်းပါတယ်လို့ ဥတ္တရလုလင်က လျှောက်ထားလိုက်တော့ အဲဒီမှာ ပါယာသိမင်းကြီးဟာ စိတ်မဆိုးပဲ ကျေနပ်တယ်တဲ့။

ဒီလိုဆိုလို့ရှိယင် အမောင်ဥတ္တရလုလင် ငါစားတဲ့အတိုင်း အလှူခံပုဂ္ဂိုလ်တွေကို ကျွေးပါ၊ ငါဝတ်တဲ့ အဝတ်အထည်တွေ အတိုင်းပဲ သူတို့ကိုလဲ အဝတ်အထည်များ လှူပါလို့ အခွင့်ပြုလိုက်ပါတယ်။

အဲဒီတော့မှ နန်းတော်ထဲရှိတဲ့ ဂိုထောင်တွေ ဖောက်ပြီးတော့ မင်းတရားစားသုံးတဲ့ ဆန်တွေ ပဲတွေ အကုန်ထုတ်ပြီး ပဏီတဘောဇဉ် မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေ ချက်ပြုတ်ကာ မွန်မြတ်တဲ့ အလှူကြီး ပေးတယ်တဲ့။

မင်းကြီးဝတ်တဲ့ အဝတ်အထည်တွေ အတိုင်းပဲ မင်းကြီးအတွက် သီးသန့်ထားတဲ့ အဝတ်ဂိုဒေါင်ထဲက အထည်တွေ အကုန်ထုတ်ပြီးတော့ မွန်မွန်မြတ်မြတ် အဲဒီမှာ လှူခဲ့တယ်။

အဲဒီကျတော့ ပါယာသိမင်းကြီးရဲ့ အလှူပွဲတွေကို ကြည့်လိုက်ကြစမ်းပါ၊ အထက်တန်းကျတဲ့ ဂုဏ်သရေရှိတဲ့ လူကြီးလူကောင်းတော့ ဝတ္ထုခန့်ခြရရနဲ့ ဝင်ရောက်ပြီးတော့ စား၊ ကြသုံးကြနဲ့ အလှူခံကြနဲ့ ဘလှူကြီးဟာ တင့်တယ်လိုက်တာတဲ့၊ ဟုတ်လား။

မွန်မြတ်တဲ့ အလှူခံတွေ များစွာလာကြတယ်၊ ဂုဏ်သရေရှိတဲ့ အလှူခံ ပုဂ္ဂိုလ်တွေ များစွာလာပြီးတော့ စားသောက် သုံးဆောင်ကြတော့ ဒီအလှူပွဲကို ပါယာသိမင်းကြီးဟာ အလေးထားပဲ အမိန့်ပေးပြီးတော့ ကြည့်နေတယ်၊ ကိုယ်တိုင်ဝင်ပြီးတော့ ကာခါမှ မပေးကျွေး မလှူတန်းခဲ့ဘူးတဲ့ သူ့ဘပါးကို အလှူခိုင်းခဲ့တယ်။

ကိုယ်တိုင်စီမံခန့်ခွဲတာက ဥတ္တရလုလင်၊ အလှူရှင်က ပါယာသိမင်း။

လက်ထိလက်ရောက် ကိုယ်တိုင်စီမံခန့်ခွဲ လှူတန်းတာက ဥတ္တရလုလင်၊ ဟုတ်လား၊

အေး–ဒါကြောင့် ပါဠိတော်မှာ ဘာဆိုပြောတုန်း ဆိုတော့–

ဘာဝနိဂုံး အဆုံးသတ်ကြတဲ့အခါ

ကြော့ ခေါ်သည့ ဥဒါန်နှ၊ လိုက်လှသော မြို့လုံတံခါးလေး မုခ်နှင့် မြို့ရှိအိမ်ဆောင်မှာ ကျောက်ငါးလုံးပြီးမော့ ကမင်း ရည်ချောင်းစီး နှင့်မြတ်တဲ့ အလှူပွဲကြီးမှာ။

ဝေဘ၊ ယှိဥက္ကရေပြောင်က။ ယူလာ၍၊ အလှူရေစည်းနဲ့ အလှူခံကို အရှိအဝေသပြု၍။ ဒါန်၊ အလှူဒါနကို။ ဒတွာ၊ ပေးလှူခဲ့သည်ဖြစ်၍။ သဟတ္ထာ၊ ကိုယ့်လက်နဲ့။ ဒါန်၊ အလှူဒါနကို၊ ဒတွာ၊ ပေးလှူခဲ့သည်ဖြစ်၍။ စိတ္တီကတ်ာ၊ လေးလေး မြတ်မြတ် ပြုပြီးတော့။ ဒါနံဒတွာ၊ ပေးလှူခဲ့သည် ဖြစ်၍။

အနုပဝိဒ္ဓါ၊ မသုံးချင်လို့ ပိုလျှံလို့ စွန့်ပစ်ရတယ့် ပစ္စည်းမျိုးမဟုတ်ပဲနဲ့ ... ပစ္စည်းကို၊ ဒါနံဒတွာ၊ ပေးလှူခဲ့သည်ဖြစ်၍။

သက္ကစ္စဒါနတဲ့-တဲ့။

၁။ ကိုယ်တိုင်လဲ လှူတယ်၊

၂။ ရိုရိုသေသေလဲလှူတယ်၊

၃။ လေးလေးမြတ်မြတ်လဲလှူတယ်၊

၄။ မှန်မြတ်တာကိုလဲလှူတယ်၊

ဥတ္တရလုလင်ဟာ အဲဒီလိုလှူဒါန်းခဲ့တယ်တဲ့။

သော၊ ထိုဥတ္တရလုလင်သည်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဒါနံ၊ အလှူဒါနကို။ ဒတွာ၊ ပေးလှူခဲ့သည်ဖြစ်၍။

> ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ
> ဥပပဇ္ဇိ ဒေဝါနံ တာဝတိံသာနံ သဟဗျတံ။

ကာယဿ၊ ခန္ဓာကိုယ်ရဲ့။ ဘေဒါ ပျက်ခြင်းကြောင့်။ ပရံမရဏာ၊ သေသည်၏ အခြားမဲ့ နောက်ကာလမှာ။ သုဂတိံ၊ သူတော်ကောင်းတို့ လားရာဖြစ်သော။ သဂ္ဂံလောကံ၊ နတ်ပြည်ဘဝ နတ်လောက၌။ ဒေဝါနံ တာဝတိံသာနံ၊ တာဝတိံသာ နတ်တို့ရဲ့။ သဟဗျတံ၊ အသင်းဝင်အဖြစ်သို့။ ဥပပဇ္ဇိ၊ ကောင်းစွာ မသေ့ ကပ်ရောက်ခဲ့ပါပေတော့သကာည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

အလှူဒါနကို ကိုယ်တိုင်စီမံ ကိုယ်တိုင်လှူ မှန်မှန်မြတ်မြတ် ရိုရိုသေသေ လေးလေးစားစား ကိုယ်ထိလက်ရောက် လှူခဲ့တဲ့အလှူရှင် ဥတ္တရလုလင်ကတော့ ကွယ်လွန်သည့်ကာလ တာဝတိံသာ နတ်တို့ရွာမှာ ရွှေဗိမာန်နဲ့ ဖြစ်ပါတယ်။

ဥတ္တရလုလင်ရဲ့ ဘဝနိဂုံးချုပ်တော့ တာဝတိံသာမှာ ရွှေဗိမာန်နဲ့ ဥတ္တရနတ်သားလို့ ဖြစ်ရှိသွားပါတယ်။

ပါယာသိမင်းကြီး ကြည့်လိုက်ကြစို့။

ပါယာသိရာဇညေပန၊ ပါယာသိ မင်းကြီးကတော့။ အထခေါ၊ ထိုကဲ့သို့သော အလှူဒါနမှာ။ အသက္ကစ္စံ၊ အရိုအသေ မပြုမူ၍။ အသဟတ္ထာ၊ ကိုယ်တိုင်မဟုတ်ပဲ သူတပါးခိုင်းပြီးတော့။ အစိတ္တီကတံ၊ စိတ်ထဲက လေးလေးနက်နက် မရှိမူ၍။ အပဝိဒ္ဓံ၊ မသုံးချင်လို့ ပိုနေတဲ့ပစ္စည်း အမှိုက်ပုံသို့ စွန့်သွန်ရလောက်မယ့် အခြေအနေရောက်နေတဲ့ ပစ္စည်းမျိုးကိုမှ။ ဒါနံဒတွာ၊ ပေးလှူခဲ့သည်ဖြစ်၍။

**ကာယဿ**၊ ခန္ဓာကိုယ်ရဲ့။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ ပရံမရဏာ၊ သေသည်၏ အခြားမဲ့ နောက်ကာလမှာ။

**စတုမဟာရာဇိကာနံ ဒေဝါနံ သဟဗျတံ**
ဥပပဇ္ဇိ သုညံ သေရီသကံ ဝိမာနံ။

**စတုမဟာရာဇိကာနံ ဒေဝါနံ**၊ စတုမဟာရာဇ်နတ်တို့ရဲ့။ **သဟဗျတံ**၊ အသင်းဝင်အဖြစ်သို့၊ သုညံ၊ အပေါင်းအဖော်မရှိ အလုပ်အကိုင်မရှိ ဆိတ်သုဉ်း၍ နေသော။ သေရီသကံဝိမာနံ၊ ဗိမာန်ရဲ့ အပေါက်ဝမှာ ကုက္ကိုပင်ကြီး ရှိတဲ့အတွက်ကြောင့် သေရီသကဝိမာန ခေါ်သော ကုက္ကိုပင်ဗိမာန်ကျွန်းသို့။ ဥပပဇ္ဇိ၊ ကောင်းစွာမသေ့ ဆိုက်ရောက်တော်မူခဲ့ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

## ပါယာသိမင်းနဲ့ဥတ္တရလုလင်တို့ခြားနားချက်

ပါယာသိမင်းကြီးဟာ စတုမဟာရာဇ်နတ်ပြည်၊ ပါဠိတော် အတိုင်း နာမည်လေးက – "သေရီသကဗိမာန်" တဲ့။ "သိရိသ" ပုဒ်ဟာ ရှေ့ "သေရီသက" ဖြစ်သွားတာ၊ သိရိသ ဆိုတာ ကုက္ကိုပင်ကို ခေါ်တာယ်။

အဲဒီနတ်ဗိမာန်ကြီးရဲ့ အပေါက်ဝမှာ ကုက္ကိုပင်ကြီး ရှိပါတယ်၊ ဗိမာန်ကတော့ ငွေဗိမာန်ပါပဲ၊ဘယ်နတ်ပြည်ကျွန်းဆိုပေမဲ့ စတုမဟာရာဇ် နတ်ပြည်။

စတုမဟာရာဇ် နတ်ပြည်ဆိုပေမဲ့ ကျွန်းကြီးတို့ မြေကြီးနဲ့ ဟာဆက် တည်းပဲဗျ၊ ဟုတ်လား။

အေး–စတုမဟာရာဇ်နတ်ပြည်, ကုက္ကိုပင်ကြီး ပေါက်နေတဲ့ ငွေ့ဗိမာန်မှာ သွားဖြစ်တယ်။

သညာ–ဆိတ်သုဉ်းနေတာယ်၊ အလုပ်အကျွေးဖြစ်တဲ့ နတ်သား၊ နတ်သမီးရယ်လို့ တယောက်မှ အပေါင်းအဖော်မရှိဘူး။

အဲဒီ ကုက္ကိုပင်ကြီး ကြည့်လိုက်တော့လဲ ယောဒိမြေပြင်မှာ တွေ့မြင်နေရတဲ့ ကုက္ကိုပင်ပင်တွေ့ကိုသာ ကြည့်ပေတော့ အဝေးက ကြည့်ယင် ညို့ညို့မှိုင်းမှိုင်းကြီးနေ၁်။

ငွေ့ဗိမာန်ကြီးရဲ့ အပေါက်ဝမှာ ကုက္ကိုပင်ကြီးက ပိတ်ပြီးပေါက်နေတဲ့တော့ မှောင်လို့ အရောင်လဲမထွက်ဘူး။

အရောင်အဆင်းလဲ မထွက်၊ ကုက္ကိုပင် မှောင်ရိပ်ကြီးကလဲကျနေ၊ အလုပ်အကျွေး အခြံအရံ မရှိသာလဲမရှိ ပါယာသိမင်းကြီးဟာ ပျင်းခြောက်ခြောက်နဲ့ အဲဒီမှာ နတ်သားကြီး သွားဖြစ်တယ်တဲ့။

သူ့အလှူကိုစီမံသွားတဲ့ ဥတ္တရလုလင်ကတော့ အထက်တာဝတိံသာ နတ်ပြည်မှာ ရွှေဗိမာန်နဲ့ ဖြစ်ပါတယ်။

အလှူရှင် ပါယာသိမင်းသည် စတုမဟာရာဇ် နတ်ပြည်က ပုက္ကိုပင် ပေါက်နေတဲ့ ငွေ့ဗိမာန်မှာ တယောက်တည်း ပျင်းခြောက်ခြောက်နဲ့ နတ်သားကြီး သွားဖြစ်တယ်။

အလှူရှင် မဟုတ်သော်မယ့် အလှူကို စီမံခန့်ခွဲတဲ့ ပုဂ္ဂိုလ်က ငါ့အလှူပဲလို့ စိတ်ထဲမှာ သဘောထားပြီးတော့ စီမံသွားတဲ့ အတွက်ကြောင့်။ နောက်တခါ–

၁။ သက္ကစ္စ

၂။ သဟတ္ထ

၃။ စိတ္တိကတ

၄။ အနပဝိဒ္ဓ

ဒီပါဠိလေးချက်လာတယ်။ မြန်မာလို ဆိုယင်တော့–

၁။ သက္ကစ္စ-ပစ္စည်းနဲ့အလှူခံပုဂ္ဂိုလ်ကို ရိုသေမှု။

၂။ သဟတ္တ—ကိုယ်ထိလက်ရောက် လှူတယ် သူများကို မခိုင်းဘူး၊

၃။ စိတ္တီကတ—စိတ်က လေးလေး နက်နက် စိတ်ပါ လက်ပါ၊

၄။ အနပဝိဒ္ဓ—ညံ့တဲ့ပစ္စည်း ဘယ်တော့မှ မလှူဘူး၊ မွန်မြတ်တာ ရွေးလှူတယ်၊

အဲဒီအင်္ဂါလေးချက်နဲ့ ညီညွတ်တဲ့ "သက္ကစ္စဒါန"ကိုပြုတဲ့ ဥတ္တရ လုလင်က အသက်တာဝေတိ သာမှာ ရွှေဗိမာန်နဲ့ နေရတယ်၊

၁။ ကိုယ်တိုင်လဲ တခါမှ လာမလှူဘူး၊

၂။ အလှူခံတွေကိုလဲ ရိုရိုသေသေ စိတ်မထားဘူး၊

၃။ လေးလေးနက်နက်လဲ စိတ်မထားဘူး။

၄။ ပစ္စည်းကြီးကိုလဲ ညံ့တာမှ ထုတ်လာတယ်၊

အဲဒီလိုလှူလာခဲ့တဲ့ ပါယာသိမင်းကတော့ စတုမဟာရာဇ်နတ်ပြည် ကက္ကိုပြင်ပေါက်နေတဲ့ ငွေဗိမာန်မှာ ပျင်းခြောက်ခြောက်နဲ့ တယောက်တည်းဖြစ်ရတယ်။—တဲ့

ပါယာသိနတ်သားနဲ့ ဥတ္တရနတ်သားတို့ရဲ့ ခြားနားချက်ကို ရကြပြီပေါ့၊ ဟုတ်လား။

ကိုင်း—ဘုန်းကြီးတို့ ပရိသတ်များ—နတ်ဖြစ်တောင် ပျင်းခြောက် ခြောက် နေရတဲ့ နတ်မင်းကြီးတော့ မဖြစ်ရလေအောင် အပေါင်းအဖော် မရှိ၊ အလုပ်မကျူးမရှိ၊ ပျင်းခြောက်ခြောက်နဲ့ မှောင်ကြီးထဲမှာ နေကြ ရတဲ့ နတ်သားကြီးတွေလို မဖြစ်ကြရလေအောင်။ ဒါနဆိုယင်—

၁။ ရိုရိုသေသေ ပြုရမယ်၊

၂။ ကိုယ်ထိလက်ရောက် ပြုရမယ်၊

၃။ လေးလေးနက်နက် ပြုရမယ်၊

၄။ မွန်မြတ်တဲ့ပစ္စည်းကိုမှရွေးချယ်၍လှူဒါန်းရမယ်၊–လို့

သက္ကစ္စဒါနဖြစ်အောင် ဒီသုတ္တန်က အချက်လေးချက် ပြောတယ်၊ ဟုတ်လား။

အရှင်ဂဝံပတိမထေရ်

ဘုန်းကြီးတို့ ပရိသတ်များ– ဟောဒီမှာ နိဂုံးချုပ်ဓာနီး စိတ်ဝင်စားစရာက ဘယ်လိုဖြစ်လာပြန်တုန်းဆိုတော့–

ဘေန ခေါ ပန သမယေန အာယသ္မာ ဂဝမ္ပတိ
အဘိက္ခဏံ သုညံ သေရီသကံ ဝိမာနံ ဒိဝါဝိဟာရံ ဂစ္ဆတိ။

ဘေန ခေါပနသမယေန၊ ထိုကဲ့သို့ ဖြစ်နေကြသော ကာလမှာ။ အာယသ္မာဂဝမ္ပတိ၊ အရှင်ဂဝံပတိ မထေရ်ကြီးသည်။ အဘိက္ခဏံ၊ မပြတ်မပြတ်။ သုညံ၊ တိတ်ဆိတ်လှစွာသော။

ကုက္ကိုပင်ပေါက်နေတဲ့ ငွေဗိမာန်က နတ်သားကြီးမှာ နတ်သမီးတယောက်မှ မရှိတော့ တိတ်ဆိတ်နေရောပေါ့။ အရောင်လဲ မထွက်၊ မှောင်ကြီးလဲကျနေတော့၊ ပိုပြီးတိတ်ဆိတ်တာပေါ့၊ ဟုတ်လား။ ဒါကြောင့်–

သုညံ၊ တိတ်ဆိတ်၍ နေပေထသော၊ သေရီသကံဝိမာနံ၊ ကုက္ကိုပင်ရှိရာ ဗိမာန်သို့။ ဒိဝါဝိဟာရံ၊ နေ့အခါ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ချမ်းသာစွာ နေဖို့ရန်၊ ဂစ္ဆတိ၊ ကောင်းစွာမသေ့ ကြွရောက်တော်မူခဲ့ပါပေသတည်း။

"သာဓု–သာဓု–သာဓုပေါ်ဘုရား"

အရှင်ဂဝံပတိ မထေရ်သည် နေ့အခါမှာ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ချမ်းသာစွာ နေချင်လို့ သေရီသကဗိမာန် ရှိရာကို နေ့တိုင်း နေ့တိုင်း၊ သို့မဟုတ် ရက်ခြား ရက်ခြား မပြတ်မပြတ် သွားပြီးတော့ နေခဲ့တယ်။

အရှင်ဂဝံပတိမထေရ်ဆိုတာ ဘုရားကိုးဆူကပ်တော့ ရာဟုထောင့်မှာနေတဲ့ မထေရ်ကြီးနော်။

ရာဟုထောင့်မှာ ဘာကြောင့် ထားသလဲဆိုတော့–

ဂဝံ၊ နွားတို့၏။ ပတိ၊ အရှင်။
ဂဝမ္ပတိ၊ နွားတို့၏ အရှင်။

နွားကျောင်းသား ဘဝကနေပြီးတော့ နွားကျောင်းသားများစွာ တို့ကိုလဲ အုပ်ချုပ်၊ နွားအုပ်ခေါင်း များစွာကိုလဲ အုပ်ချုပ် လာခဲ့သယ်၊

အဲဒီဘဝကနေ ဟက်လာတာ ဒါကြောင့်၊ သူ့ကို "ဂဝံပတိ"လို့ ခေါ်တာ။

အဲဒီတော့ ပါဠိမှာ "ပသု"ဆိုတာရှိတယ်၊ ပသုဆိုသောပါဠိသည် "သားကောင်"ဆိုသော အနက်ကို ဟောတယ်။ ရာဟုဂြိုဟ်ဆိုတာကလဲ ဆင်အငယ်စားလေး အမျိုးဆိုတော့ သူလဲပဲ "သားကောင်"ပဲ။

ပသုသဒ္ဒါက သားကောင်ဆိုသော အနက်ကို ဟောတဲ့အတွက် ကြောင့် ဆင်နဲ့နွား၊ နွားနဲ့ဆင် သားကောင်ချင်း တူသောကြောင့် သားကောင်တို့၏ အရှင်သခင်ဖြစ်သော အရှင်ဂဝံပတိမထေရ်ကို ရာဟုဂြိုဟ်ရှိရာ အရပ်မှာ ထားပါတယ်၊–တဲ့။

ဘုရားကိုးဆူ ပူဇော်ကျမ်းက ပြောတာ။ ဘုန်းကြီးတို့ ဘုရားကိုးဆူ ပူဇော်စားတာတော့ ဟုတ်ဘူးနော်၊ ဘုရားကိုးဆူ ပူဇော်တဲ့ တရားဟောတုန်းကလဲ အဲဒါ ပြောခဲ့ပါတယ်။

ဘုန်းကြီးတို့ "ဘုရားကိုးဆူပူဇော်နည်း" (ဗုဒ္ဓာဘိသေကမင်္ဂလာ) တရားဆိုပြီး ဟောပြီးထားတာ ရှိပါတယ်၊ အဲဒီအထဲမှာ ဘုန်းကြီးတို့ ပြောခဲ့ဖူးတယ်၊ ပသုသဒ္ဒါသည် သားကောင်ကို ဟောတော့ သားကောင် ဆိုယင် နွားလဲပါတယ်၊ ဆင်လဲပါတယ်။

ဒါကြောင့် သားကောင်ချင်း အတူပြုပြီးတော့ နွားတို့ရဲ့ အရှင် ဖြစ်သောကြောင့် အရှင်ဂဝံပတိကို သားကောင်အမျိုးအစားမှာပါဝင်တဲ့ ရာဟုဂြိုဟ်ရှိရာ အနောက်မြောက်ထောင့် ထားတဲ့။

အရှင်ဂဝံပတိကို အနောက်မြောက်ထောင့်မှာ ဘာကြောင့် ထားရတယ်ဆိုတဲ့ အကြောင်းဟာ ဒီအကြောင်းပဲ၊ ဟုတ်လား။

အဲဒါ ဘုရားကိုးဆူ ပူဇော်တာနဲ့ပဲ ဆိုင်တယ် ဒီသုတ္တန်နဲ့တော့မဆိုင် ဘူး၊ ဂဝံပတိဆိုလို့သာ ပြောလိုက်ရတာ၊ ဟုတ်လား။

## အရှင်ဂဝံပတိမထေရ်ရဲ့အတိတ်ဇာတ်ကြောင်း

ရှေးဘဝတုန်းက နွားမွေးတယ်၊ နွားကျောင်းသား များစွာနဲ့ နွားကျောင်းထွက်ခဲ့တယ်၊ နွားကျောင်းသားတွေ အားလုံးရဲ့ အပေါ်မှာ

သူအုပ်ချုပ်ခဲ့တယ်၊ နွားအုပ်ကြီးကိုလဲ သူသည် အုပ်ချုပ်ခဲ့တယ်တဲ့၊ အရှင်ဂဝံပတိမထေရ်က၊ ဟုတ်လား။

ဘယ်တုန်းကလဲဆိုတော့ ဟို–ကဿပမြတ်စွာဘုရား သာသနာနောက်ပိုင်းတုန်းက၊ အဲဒီလို နွားကျောင်း၍ နေယင်း နေယင်းနဲ့ တနေ့တော့ နွားကျောင်းသားများနားနေရာ နွားစားကျက်မှာ ကုက္ကိုပင်ကြီးတပင်ရှိတယ်။

အဲဒီကုက္ကိုပင်ရဲ့အရင်း တပတ်လည်မှာ မြက်တွေရှင်း အမှိုက်တွေရှင်း၊ မြေကြီးချောနေအောင်ညှိပြီး သဲဖြူလေးများ ခင်းပြီးတော့ ထားတယ်။

ထိုကုက္ကိုပင်နားကနေ မကြာ မကြာ မြတ်သန်းဖြတ်သန်းပြီးသွားတဲ့ ဆွမ်းခံမထေရ်တပါး ရှိသတဲ့၊ ထိုဆွမ်းခံမထေရ်ကို အဲဒီနွားကျောင်းသားက သန့်ရှင်းချောညှိထားတဲ့ ကုက္ကိုပင်ရင်းမှာထိုင်တော်မူစေခဲ့တယ်။

အရှင်ဘုရား–ဒီနေရာလေးမှာထိုင်ပြီး တပည့်တော်ကို ချီးမြှောက်တော်မူပါဘုရား၊

ဆွမ်းခံကိုယ်တော်က ထိုနေရာမှာထိုင်တော့ နွားကျောင်းသားတွေဟာ သူတို့စားဖို့ယူလာကြတဲ့ မုန့်ပဲသားရေစာလေးတွေကို လှူကြကပ်ကြတယ်၊ သောက်ရေသုံးရေများ ကပ်လှူကြတယ်၊ ဝတ်ကြီးဝတ်ငယ်ပြုကြတယ်၊ နေ့စဉ် နေ့စဉ် အဲဒီလိုပြုပြီးတော့ လာခဲ့တဲ့ဝတ္တရားဟာ နှစ်ပေါင်းများစွာကြာဆိုပဲ။

နွားကျောင်းသားလေးဘဝက ထိုကဲ့သို့ ဆွမ်းခံရဟန္တာမထေရ်ကို ဝတ်ကြီးဝတ်ငယ်ပြုခဲ့တဲ့ ကောင်းမှု၊

ကုက္ကိုပင်ရင်းမှာ နေရာပေးခဲ့တဲ့ကောင်းမှု၊

ပါလာကြတဲ့ ခဲဖွယ် စားဖွယ်များကို
လှူဒါန်းခဲ့တဲ့ ကောင်းမှု၊

ထိုကောင်းမှုကို အကြောင်းပြုလို့ စတုမဟာရာဇ်နတ်ပြည်မှာ ငွေဗိမာန်ကြီးပေါ်ပြီးတော့ ထိုငွေဗိမာန်ရဲ့အဝန်းမှာ အလွန်ဝေရာမှု အခက်အလက်နဲ့ ဝေဆာတဲ့ ကုက္ကိုပင်ကြီးတပင်တဲ့၊ ဖြစ်ပေါ်ခဲ့ပါတယ်၊

အဲဒီကုက္ကိုပြင်ပေါက်တဲ့ ငွေဗိမာန်မှာ သွားပြီးတော့ နတ်သားဖြစ်တယ်တဲ့။ ဘယ်သူတုန်းဆိုတော့ အခုနကပြောခဲ့တဲ့ နွားကျောင်းသား၊ ဟုတ်လား။

အဲဒီကုက္ကိုပြင်ဗိမာန်က ကွယ်လွန်တဲ့နတ်သားဟာ ဂေါတမဘုရားသာသနာကျတော့ ကောသလတိုင်း သာဝတ္ထိမြို့မှာ အမျိုးကောင်းသားတယောက် ဖြစ်လာတယ်။

အသက်ကြီးလာတော့ ရဟန်းပြုပြီး ရဟန်းတရားပွားများကြိုးကုတ် အားထုတ်တော့ ရဟန္တာမထေရ်ဖြစ်သွားတယ်၊ ထိုရဟန္တာမထေရ်ကို မြတ်စွာဘုရားက အတိတ်နဲ့ ပစ္စုပ္ပန် နှစ်မျိုးစပ်ပြီးတော့ "ဂဝမ္ပတိ–နွားတို့ရှင်အရှင်" အရှင်ဂဝံပတိလို့ သူ့ကိုခေါ်ပါတယ်။

အရှင်ဂဝံပတိ ရဟန္တာမထေရ်ကြီးသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာလဲ တယ်ပြီးတော့ မနေလိုဘူး၊ ဇေတဝန်ကျောင်းတိုက်ထဲမှာ ပရိသတ်က စည်ကားတော့ တိတ်ဆိတ်တဲ့အရသာ မရတော့ ဆိတ်ငြိမ်ရာကို ရှာတယ်၊ အခြားအခြား သံသာဘောင်တို့ကတော့ ဆိတ်ငြိမ်ရာကို ရှာတဲ့အခါ ကျောင်းတိုက်ရဲ့အပြင်ဘက်မှာရှိတဲ့ အန္ဓဝန်တောကြီးထဲ နေ့အခါ သွားပြီးတော့ ချမ်းချမ်းသာသာ နေလေ့ရှိကြတယ်တဲ့။

အရှင်ဂဝံပတိမထေရ်ကျတော့ ဆိတ်ငြိမ်ရာကိုရှာလိုက်တော့ မြန်းဆို သူက ကုက္ကိုပြင်ကြီးပေါက်နေတဲ့ ငွေဗိမာန်ကြီးကို သွားသတိရတယ်၊ သူ့နေရာဟောင်းပဲ မဟုတ်လား။

ကိုင်း လူ့ပြည်မှာ တိတ်ဆိတ်မှုတယ်မရဘူး၊ စတုမဟာရာဇ်နတ်ပြည်က ကုက္ကိုပြင်ပေါက်ရာ ငွေဗိမာန် ပေါ်သွားနေပဲလို့ သူ့နေရာဟောင်းကို သွားပြီးတော့ တိတ်တိတ်ဆိတ်ဆိတ်နေမယ်လို့ သွားလိုက်တာ ဟိုလဲရောက်ရော ပါယာသိနတ်သားကြီးက အယင်ရောက်နေတယ်။

### အရှင်ဂဝံပတိမထေရ်နဲ့ ပါယာသိနတ်သားကြီး ဆုံကြပြီ

ပါယာသိ နတ်သားကြီးရဲ့ ဖြစ်ပုံများကလဲ ကိုယ်ပိုင် ဘုံဗိမာန် သေသေချာချာမပေါ်လာသူ မရှိသူ ဘုံမပေါ်မှဗိမာန်ထဲ အားချောင်ဝင်ပြီးတော့ နေရရှာတယ်၊ အရှင်ဂဝံပတိမထေရ် နတ်သားဘဝကနေ နတ်သက်ကြွေပြီး လူ့ပြည်အရောက် ပါယာသိမင်းကြီးက သေပြီးတော့

အဲဒီဗိမာန်သွားနေတာ၊ ဖြစ်ပုံကလဲ အဲဒီလို ဆန်းဆန်းကြယ်ကြယ်တွေ ကလဲ ရှိသေးတယ်။

သူတပါးဗိမာန်ထဲ ဝင်နေရတာ၊ ကိုယ်ပိုင်အိမ်မရှိလို့ သူတပါး အိမ် ငှားနေရတာကျနေတာပဲ။

အရှင်ဂဝံပတိမထေရ်ကလဲ တိတ်ဆိတ်တဲ့နေရာ သွားမှပဲ ငါ့နေရာ ရှိသွားပဲဆိုပြီးတော့ တက်လဲသွားရော ပါယာသိနတ်သားကြီး အထဲ ရောက်နေတာ အဲဒီမှာ တွေ့ရတယ်တဲ့။

အရှင်ဂဝံပတိမထေရ်ကလဲ ဗိမာန်ထဲ ချက်ချင်းမဝင်ပါဘူး ဗိမာန် ရဲ့ အပြင်ဘက်က ကုက္ကိုပင်ရင်းမှာ အသာထိုင်ပြီးတော့ ဖလသမာပတ် ဝင်စားမလို့ ပြင်လိုက်တာ။

အဲဒီအချိန်မှာ—

အထခေါ၊ ထိုအခါမှာ။ ပါယာသိဒေဝပုတ္တော၊ ပါ ယာသိနတ်သားကြီးသည်။ ယေန၊ အကြင်အရပ်မှာ။ အာယသ္မာ ဂဝံမ္ပတိ၊ အရှင်ဂဝံပတိမထေရ်သည်။ အတ္ထိ၊ ရှိပါပေ၏။ တေန၊ ထိုအရှင်ဂဝံပတိမထေရ်ကြီးရှိရာသို့၊ ဥပသင်္ကမိ၊ ချဉ်းကပ်၍လာ ခဲ့ပါပေတယ်။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီး၍။ အာယသ္မန္တံ ဂဝမ္ပတိံ၊ အရှင်ဂဝံပတိမထေရ်ကို။ အဘိဝါဒေတွာ၊ အလွန် အလွန် ရိုသေစွာရှိခိုး၍။ ဧကမန္တံ အဋ္ဌာသိ၊ သင့်လျော်ရာမှာ၊ မတ်တတ်ရပ်၍ လက်အုပ်ချီနေခဲ့ပါတယ်။

အရှင်ဂဝံပတိမထေရ်ရှိရာ ထွက်လာခဲ့ပြီး လက်အုပ်ချီမိုး ရှိခိုးပြီး တော့ ပါယာသိနတ်သားကြီး ဟောဒီမှာ ရပ်တည်၍နေခဲ့ပြီ။ အရှင်ဂဝံ ပတိမထေရ်က ဘယ့်နှယ်တုန်း ငါ့ဗိမာန်ထဲ ဘယ်သူများ ရောက်နေပါ လိမ့်မလဲဆိုပြီး—

ကောသိတွံအာဝုသော၊

ဟေ့—မင်းဘယ်သူတုန်းကွ။—လို့

မေးလိုက်တယ်။

အဟံဘန္တေ ပါယာသိရာဇညော၊

တပည့်တော် ပါယာသိမင်းကြီးပါ ဘုရား။

အဒယ်—မင်းပါယာသိလား၊ ဟုတ်ပါတယ်။

အာဝုသော၊ ငါ့ရှင်နတ်သား။ တွံ၊ သင်သည်။ ဝေဒိဋ္ဌိတော၊ လူ့ဘဝတုန်းက ကြိုကွဲ့သို့သော မိစ္ဆာဒိဋ္ဌိ အယူကြီး ရှိသည်။ အဟောသိ နနု၊ ဖြစ်ခဲ့ဖူးတယ် မဟုတ်ပါလား။

မင်းကွယ်–ပါယာသိမင်းကြီး ဘဝတုန်းက ဤသို့ သဘောရှိတဲ့ မိစ္ဆာဒိဋ္ဌိ အယူကြီး လက်ကိုင်ထားတယ် မဟုတ်ပါလား။ မိစ္ဆာဒိဋ္ဌိ အကြောင်း ဒီနေရာမှာ ပါဠိတွေ မရွက်တော့ပါဘူး၊ ပါယာသိမင်းရဲ့ မိစ္ဆာဒိဋ္ဌိ အယူအကြောင်းကို သိပြီးသားမို့လို့ မရွတ်တော့ပါဘူး၊ ဟုတ်လား။

ဒကာဘော်နတ်သား—သင်ပါယာသိမင်းကြီး ဘဝတုန်းက မိစ္ဆာဒိဋ္ဌိကြီး မဟုတ်သား။ မိစ္ဆာဒိဋ္ဌိအယူရှိနေတဲ့ သင်ဟာ ဘယ့်နှယ်ကြောင့် အခုလို နတ်ပြည်လာမှ ဟာ တုန်း။ အမိပ္ပာယ်က ဒီလိုနော်။ ဒီတော့ ပါယာသိနတ်သားကြီးက လျှောက်ပါတယ်။

ပါယာသိနတ်သား လျှောက်ထားပြီ

[illegible] အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဝေ ဒိဋ္ဌိ[illegible]၊ ကြိုကွဲ့သို့[illegible] မိစ္ဆာအယူကြီး သည်။ အ[illegible]သိ၊ ရှိခဲ့ဖူးသည်[illegible]၊ [illegible]၊ မှန်ပါ၏ ဘုရား။
[illegible]၊ [illegible]၊ [illegible]၊ တပည့်တော်[illegible] အယျေန [illegible] ပ[illegible] မမြဲကထိ တေဒဂ်ရဘဲ [illegible]မာရ [illegible] မ[illegible]ရှိမြဲပါတာ။ ဟေသွာ ပါပကာဒိဋ္ဌိဂတာ၊ ဆိုယုတ် မာ[illegible]သော မိစ္ဆာဒိဋ္ဌိ အယူကနေပြီးတော့။ [illegible]စိတော၊ သန့်ရှင်းအောင် [illegible]သင်ခဲ့ပါတော့သည် ဘုရား။

အရှင်ကု[illegible] မ[illegible]ရဲ့သူမြတ်က တပည့်တော်ရဲ့ မိစ္ဆာဒိဋ္ဌိကို သန့်ရှင်းအော[illegible] ဟော[illegible] [illegible] မှုပါတယ်၊ [illegible]း[illegible]တော် မှုပါတယ်။ အရှင်ဘုရား [illegible] ရဲ့ ကျေးဇူးနဲ့ မိစ္ဆာဒိဋ္ဌိအဖြစ် က လွတ်ပြီး[illegible] [illegible] လွတ်ပြီးတော့ တပည့်တော်

ဒီစတုမဟာရာဇ် နတ်ပြည်ရောက်ခဲ့ရတာပါ ဘုရား၊ အရှင်ကုမာရကဿပ မထေရ်ရဲ့ ကျေးဇူးတွေ များပါတယ်လို့ သူလျှောက်ပါတယ်။

အဲဒီအခါမှာ အရှင်ဂဝံပတိ မထေရ်က အဘိညာဉ်ဝင်စားပြီး တော့ ကြည့်လိုက်တယ်။

ပါယာသိမင်းကြီးရဲ့ အလှူပွဲ အကြီးအကျယ် ဆင်နွှဲခဲ့တယ်၊ ပထမ အလှူပွဲကညံ့, ဒုတိယအလှူပွဲက အလှူမြတ်, ဒီလိုနှစ်မျိုးစီမံခဲ့တယ်။

အလှူရှင်က ပါယာသိမင်းတရား၊ အလှူကို စီမံခန့်ခွဲတာက ဥတ္တရလုလင်၊ အလှူရှင်မင်းတရားက ဟောဒီ ကုက္ကိုပင်ဗိမာန်မှာ ရောက် နေပြီးတော့ နေတယ်။

အလှူကို စီမံခန့်ခွဲတဲ့ ခေါင်းဆောင် ပုဂ္ဂိုလ်က ဘယ်ရောက်နေ ပါသလဲလို့–

အာဝုသော–ငါ့ရှင် ပါယာသိနတ်သား။

တေ၊ သင်ရဲ့။ ဒါနေ၊ အလှူဒါနမှား ဥတ္တရေနာမ မာဏဝေါ၊ ဥတ္တရလုလင်၊ ဝါဝဋ္ဋော၊ စီမံဆောင်ရွက်သည်။ အဟောသိ၊ ဖြစ်ခဲ့ဖူးတယ်။

သော၊ ထိုသင့်အလှူကို စီမံဆောင်ရွက်တဲ့ ဥတ္တရလုလင် သည်။ ကုဟိံ၊ အဘယ်အရပ်မှာ။ ဥပပန္နော၊ ဖြစ်၍နေခဲ့ပါ သနည်း။

သင့်အလှူကို စီမံဆောင်ရွက်တဲ့ ဥတ္တရလုလင် ဘယ်ဘဝရောက် နေတုန်းလို့ မေးတယ်။

အရှင်ဂဝံပတိက အဘိညာဉ်ရပဲ၊ အဘိညာဉ်ရယင် ဥတ္တရလုလင် ဘယ်ရောက်နေတယ်ဆိုတာ အလိုလို သိဖို့ကောင်းတယ်၊ ဘာဖြစ်လို့ ဒီလို မေးရသလဲဆိုတော့ သိပြီးသားပါပဲ သိလျက်သားနဲ့ ထိုစကားဖြစ်အောင် လို့မေးရတာ။

အဲဒီလိုမေးတော့ ပါယာသိနတ်သားက ဖြေကြား လျှောက်ထား တယ်။

## အသက္ကစ္စဒါနပြုခဲ့မိလို့

ဘန္တေ၊ အို–ဂဝံပတိမထေရ်သူမြတ်ဘုရား။

အဟံ၊ တပည့်တော်ကတော့။ တသ္မိံ ဒါနေ၊ ထိုကဲ့သို့သော အလှူဒါနမှာ။ အသက္ကစ္စံဒါနံဒတွာ၊ မရိုမသေ လှူခဲ့မိသောကြောင့်။ အသဟတ္ထဒါနံဒတွာ၊ ကိုယ်လက်နဲ့ မဟုတ်ပဲ သူတပါးခိုင်းပြီးတော့ လှူခဲ့မိသောကြောင့်။ အစိတ္တိကတံဒါနံဒတွာ၊ လေးလေးစားစား မလှူခဲ့သောကြောင့် မလေးမစား လှူမိခဲ့သောကြောင့်။ အပဝိဒ္ဓံဒါနံဒတွာ၊ ညံ့ကဲ့ပစ္စည်းကိုမှရွေးပြီးတော့ လှူခဲ့မိသည် ဖြစ်လေသောကြောင့်။

ကာယဿဘေဒါပရံမရဏာ၊ ခန္ဓာကိုယ်ပျက်ဘသည်မှနောက်ကာလ၌။ စတုမဟာရာဇိကာနံဒေဝါနံ၊ စတုမဟာရာဇ်နတ်ပြည်မှာ သဟဗျတံ၊ အသင်းဝင်ဖြစ်သော။ သုညံ၊ ဆိတ်သုဉ်း၍နေသော (ဝါ)တိတ်ဆိတ်၍နေသော။ သေရိသကံဝိမာနံ၊ ကုက္ကိုပင်ပေါက်ရောက်နေတဲ့ ဗိမာန်မှာ။ ဥပပန္နော၊ ကပ်ရောက်ခဲ့ရပါတော့သည်ဘုရား။

တပည့်တော် အသက္ကစ္စဒါနကြောင့် ဟောဒီ စတုမဟာရာဇ်နတ်ပြည် ကုက္ကိုပင် ပေါက်နေတဲ့ ဗိမာန်ကြီးမှာ အပေါင်းအသင်းလဲမရှိ အရောင်အဆင်းလဲမရှိပဲနဲ့ ခြောက်ကပ်ကပ် မှိန်တုတ်ကုတ်နဲ့ နတ်သားကြီးဖြစ်နေရပါတော့သည်ဘုရား။

အသက္ကစ္စဒါနကြောင့် ဒီလိုဖြစ်ရတာဘဲ၊ ဟုတ်လား။

ဘန္တေ၊ အို–အရှင်ဂဝံပတိအရှင်သူမြတ်ဘုရား။

မေ၊ ဘုရားတပည့်တော်ရဲ့၊ ဒါနေ၊ အလှူဒါနမှာ။ ဥတ္တရောနာမမာဏဝေါ၊ ဥတ္တရလုလင်ဟူသော ဝေယျာဝစ္စကရော၊ အားထုတ်စီမံဆောင်ရွက်သည့် အဟောသိ၊ ဖြစ်ခဲ့ပါ၏။

သော၊ ထိုတပည့်တော်ရဲ့ အလှူမှာ အားထုတ်စီမံ ဆောင်ရွက်တဲ့ ဥတ္တရလုလင်သည်။ သက္ကစ္စံဒါနံဒတွာ၊ ရိုရိုသေသေ လှူခဲ့သည်ဖြစ်၍။ သဟတ္ထာဒါနံဒတွာ၊ ကိုယ့်လက်နဲ့ပေးလှူခဲ့သည်

ဖြစ်၍။ စိတ္တီကတံဒါနံဒတွာ၊ လေးလေးနက်နက်အလှူဒါန ပေး လှူခဲ့သည်ဖြစ်၍။ အနုပဝိဒ္ဓံဒါနံဒတွာ၊ မှန်မြတ်တဲ့ပစ္စည်းကိုမှ ရွေး ချယ် မမှန်မြတ်တာတွေကို ဖယ်ရှားပြီးတော့ လှူခဲ့သည်ဖြစ်၍။

ထားယသဘောဒါပရံမရဏာ၊ ခန္ဓာကိုယ်ပျက်ပြီးတော့ သေ သည်မှ နောက်ကာလ၌။ ဒေဝါနံ ဘာဝတိံသာနံ၊ တာဝတိံသာ နတ်ပြည်တို့မှာ။ သဟဗျတံ၊ တာဝတိံသာနတ်တို့ရဲ့ အပေါင်း အဖော်အဖြစ်သို့၊ ဥပပန္နော၊ ကောင်းစွာမသွေ ကပ်ရောက်၍ နေခဲ့ရပါတော့သည်ဘုရား။ /

"သာဓု-သာဓု-သာဓုပါဘုရား"

ပါယာသိမင်း လျှောက်ထားလိုက်တာကတော့ တပည့်တော် အသက္ကစ္စဒါနပြုခဲ့လို့ စတုမဟာရာဇ်နတ်ပြည်က ပုက္ကိုပင်ကြီးပေါက်နေတဲ့ ဓွေ့ဗိမာန်မှာ ရောက်နေခဲ့ပါတယ်။ တပည့်ဘော်ရဲ့ တပည့်ဥတ္တရလုလင် ကတော့ သက္ကစ္စဒါနကိုပြုလို့ သူက အထက်ဖြစ်တဲ့ တာဝတိံသာနတ်ပြည် မှာ ရွှေဗိမာန်နဲ့ နတ်ပမ်းငါးရာနဲ့ ဖြစ်နေပါဘယ်လို့ လျှောက်လိုက်ဘယ်၊ ဟုတ်လား။

ဒါနနှစ်ခုရဲ့ ခြားနားချက်ကို ဟောဒီမှာ ပါယာသိနတ်သားနဲ့ အရှင်ဂဝံပတိမထေရ်တို့ရဲ့ ကုက္ကိုပင်နားက ဆွေးနွေးခန်းကလေးပေါ့၊ ဟုတ်လား။

ဒီတော့ ပါယာသိနတ်သားကြီးက မှာလိုက်တယ်။

အရှင်ဘုရား-ဟောဒီတပည့်တော်တို့ရဲ့ နတ်ပြည်ကနေပြီး လူ့ ပြည် ပြန်ကြွသွားလို့ရှိယင်—

ပါယာသိနတ်သားကြီးရဲ့မှာတမ်း

မနုဿလောကံ ဂန္တွာ ဝေမာရေစေတိ၊

လူ့ပြည်ပြန်ရောက်ယင် ဒီလိုပြောလိုက်ပါ၊ ဟောလိုက်ပါဘုရား၊ မှာလိုက်တယ်။ ပါယာသိမင်းကြီးတော့ အသက္ကစ္စဒါနပြုမိလို့ ကုက္ကိုပင် ကြီးပေါက်နေတဲ့ ဓွေ့ဗိမာန်မှာ ခြောက်ကပ်ကပ်ကြီး ဖြစ်နေပါတယ်၊ ပါယာသိမင်းကြီးတော့ အသက္ကစ္စဒါနပြုလို့ ကုက္ကိုပင်ကြီးပေါက်နေတဲ့

ငွေဗိမာန်ကြီးမှာ ခြောက်သွေ့သွေ့နဲ့ ကျောင်ကြီးမည်းမည်းနဲ့ အပေါင်း အသင်းအပေါင်းအဖော်အလုပ်အကျွေးမရှိတဲ့ နတ်သားကြီး ဖြစ်နေပါပြီ။

ဥတ္တရလုလင်ကတော့ သက္ကစ္စဒါနပြုခဲ့သည် ဖြစ်ခြင်းကြောင့် တာဝတိံသာနတ်ပြည် ရွှေဗိမာန်မှာ နတ်သမီးပေါ်ရာနဲ့ ချမ်းချမ်းသာသာဖြစ်နေပါပြီ၊ ဒီအကြောင်းကို အရှင်ဘုရား လူ့ပြည်ပြန်ရောက်ယင် ပြန်ပြီးတော့ ဟောတော်မူပါဦးဘုရားလို့ မှာလိုက်တယ်၊ လူပြည်ပြန်ရောက်ယင် ဒီနှစ်ခုခြားနားချက် ဟောပုံနဲ့ မပြီးသေးဘူး လူတွေကို တိုက်တွန်း လိုက်ပါဦးဘုရား။—တဲ့

(၁) သက္ကစ္စဒါနံဒေထ—
အလှူဒါနကို ရိုရိုသေသေပြုကြ။

(၂) သဟတ္ထဒါနံဒေထ—
ကိုယ့်ဒါန ကိုယ်တိုင်လက်ရောက်လှူကြ။

(၂) စိတ္တီကတံဒါနံဒေထ—
အလှူခံပုဂ္ဂိုလ်ကို လေးလေးမြတ်မြတ် ထားပြီးတော့ ပေးလှူကြ။

(၄) အနပဝိဒ္ဓံဒါနံဒေထ—
မွန်မြတ်တဲ့ လှူဖွယ်ပစ္စည်းကိုလဲ ပေးလှူကြ။—လို

မနုဿလောကာ၊ လူ့ပြည်သို့၊ ဂန္တွာ၊ အရှင်ဘုရားပြန်ရောက်လို့ရှိလျှင်။ မနုဿာနံ၊ လူတို့ကို။ ဝဒေ၊ ဤကဲ့သို့ တပည့်တော် လျှောက်သော မှာကြားလိုက်တဲ့အတိုင်း။ အာရောစေတိ၊ ကရုဏာရှေ့ထား မေတ္တာထားပြင့် ဟောကြားတော်မူလိုက်ပါဦးဘုရား။

"သာဓု—သာဓု—သာဓုပါဘုရား"

လူ့ပြည်ပြန်ရောက်ယင် အဲဒါ ပြန်ဟောသို့က်ပါလို့ ပါယာသိ နတ်သားကြီးက အရှင်ဂဝံပတိအား ရိုကို မှာလိုက်တယ်နေ။

အရှင်ဂဝံပတိမထေရ်မြတ်ကလဲ ကောင်းပြီကောင်းပြီလို့ဝန်ခံပြီး တနေ့တာမျှ သေရိသကဗိမာန်မှာ ချမ်းသာစွာနေပြီးတော့ ညနေစောင်း အချိန်ကုန်တော့မှ လူ့ပြည်ပြန်ဆင်းလာတယ်။

လူ့ပြည်ပြန်ရောက်တော့-ပါယာသိနတ်သားကြီး မှာလိုက်တာတွေ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်အား အပြည့်အစုံလျှောက်ထားပြီးတော့ ပြန်ဟောတယ်။

ပါယာသိမင်းကြီးကတော့ အသက္ကစ္စဒါနပြုလို့ အပေါင်းအဖော်လဲ မရှိ အရောင်အဆင်းလဲမရှိ အလုပ်အကျွေးလေးတောင်မှ မရှိ ခြောက်သွေ့သွေ့နဲ့ ကုက္ကိုပင်ကြီးပေါက်နေတဲ့ ဗိမာန်မှာဖြစ်နေရပြီ၊ ဥတ္တရလုလင်ကတော့ သက္ကစ္စဒါန ကောင်းစွာပြုလို့ တာဝတိံသာနတ်ပြည် ရွှေဗိမာန်မှာ နတ်သမီးငါးရာနဲ့ ဖြစ်နေပါပြီ။

ဒါကြောင့် ပါယာသိမင်းကြီးလို အကျိုးမဲ့မဖြစ်ရလေအောင် လှူလဲလှူရသေး အကျိုးတရားရတော့လဲပဲ ညှိုတယ်။

ဥတ္တရလုလင်ကတော့ ကိုယ့်ပစ္စည်းမဟုတ်ပေမယ့် ကိုယ်တိုင် ရိုရို သေသေ လေးလေးစားစား မွန်မွန်မြတ်မြတ် သပ်သပ်ရပ်ရပ် လှူတဲ့ အတွက်ကြောင့် ဘာဖြစ်သလဲ။

သူက အလှူရှင်ထက်သာတယ်မဟုတ်လား။

## ဝေယျာဝစ္စပြုလုပ်ကြသူတို့အားကျဖွယ်

အေး-ဒါကြောင့် ဒီဝတ္ထုလေးကို တခါတခါကျတော့ အလှူပွဲကြီးတွေမှာ မီးဖိုချောင်က ချက်ရပြုတ်ရတဲ့ ပုဂ္ဂိုလ်တွေအတွက် သီးသန့် ဟောဟောပေးရတယ်။

အလှူ အလှူဆိုယင် အလှူရှင်တွေက ထမင်းအိုး ဟင်းအိုးတက်ပြီးတော့ ကိုင်နိုင်ကြသာမှမဟုတ်ပဲ၊ ထမင်းအိုးဟင်းအိုးကိုင်ကြတာ ပန်းကန်ခွက်ယောက်တွေဆွဲကြကိုင်ကြတာတော့ ဝေယျာဝစ္စဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တွေက ဝိုင်းဝန်းလုပ်ကြတာ၊ ဒီလိုမဟုတ်လား၊ အလှူရှင်ကတော့ အချိန်ကျမှ ရေစက်ချမယ့်ခွက်သာပမာနထားပြီးတော့ ဆွဲကိုင်လိုက်ရတာနော်။

ဒီတော့ ဘုန်းကြီးတို့က အားပေးပစ်ခဲ့မယ်၊ ကိုယ့်အလှူ မဟုတ်ပေမယ့် နောက်ဖေးမီးဖိုချောင်ကနေ ချွေးတလုံးလုံးနဲ့ အိုးခွက်ပန်းကန်ကိုင်ရတဲ့ ဝေယျာဝစ္စသမားတို့ အားမငယ်ကြနဲ့ ဥတ္တရလုလင်ကိုသာ ကြည့်ကြ၊ နောက်ပိုင်းကနေ ဝေယျာဝစ္စတွေကို တိုဆောင်ရွက်ရတယ်၊

ချောင်ထဲမြောင်ထဲကဆိုပြီးတော့ စိတ်မပျက်ကြနဲ့ လုပ်ကိုင်ဆောင်ရွက် တုန်း လှူတုန်းတန်းတုန်းတော့ ချောင်ထဲမြောင်ထဲမှာ ချွေးတလုံးလုံးနဲ့ ပေါ့နော်။

အေး–အဲဒီကိစ္စတွေကို အလှူရှင်က ပြန်မကြည့်နိုင်တော့ ဝေယျာ ဝစ္စ ဆောင်ရွက်ရတဲ့ ပုဂ္ဂိုလ်များက ဒါ ငါ့အလှူပဲလို့ စိတ်တကခါတည်း ထက်ထက်သန်သန် အားပါးတရနဲ့ သက္ကစ္စရော, သဟတ္ထရော စိတ္တီကတရော, အနုပဝိဒ္ဓရော, အပြည့်အစုံ အင်္ဂါလေးရပ် တညီတည်း သတ်မှတ်ပြီးတော့ ဝေယျာဝစ္စသမားတို့ လှူနိုင်ကြမယ်ဆိုယင် ဥတ္တရ လုလင်တို့လိုပဲ အကျိုးပေးမည့်ပါဘူးဆိုတာ စိတ်သာချကြ၊ ဟုတ်လား။ ဝေယျာဝစ္စသမားတို့ နေရာတကာကြိုးစား စိတ်မပျက်ကြနဲ့၊ ဟုတ်လား။

အလှူရှင်တွေကလဲ ပါယာသိမင်းကြီးရဲ့ ဖြစ်ပုံတွေကို ကြည့်ပြီး တော့ ပေါ့ခပေါ့တန်တန်တော့ မလုပ်ကြနဲ့၊ ကိုယ်ပစ္စည်းထုတ်ပြီးတော့ လှူလဲလှူရသေး၊ တော်တော်ကြာ ပါယာသိမင်းကြီးလို ဖြစ်ကုန်ကြမယ် နော်။

(၁) အလှူခံပုဂ္ဂိုလ်ကိုလဲ ရိုသေပါ။

(၂) လှူဖွယ်ပစ္စည်းကိုလဲ လေးလေးစားစား
သပ်သပ် ရပ်ရပ် ပြင်ဆင်ပါ။

(၃) မွန်မြတ်တဲ့ပစ္စည်းကိုလဲ ရွေးချယ်ပါ၊

(၄) ကိုယ်တိုင် ကိုယ်ထိလက်ရောက်လဲ လှူလိုက်ပါ၊

အလှူရှင်တို့ အဲဒီလိုသက္ကစ္စဒါန မြောက်အောင် လှူကြပါမှ ပါယာသိမင်းလို အကျိုးမယုတ်ပဲရှိကြမယ်၊ ဟုတ်လား။

အာယသ္မာဂဝမ္ပတိ၊ အရှင်ဂဝံပတိမထေရ်သည်။ မနုဿ လောကံ၊ လူ့လောကသို့။ အာဂန္တွာ၊ ပြန်ရောက်လာခဲ့သည်ရှိ သော်။ မနုဿေ၊ လူတို့ကို။ ဝေါပစနံ၊ ဤသို့။ အာရောစေတိ၊ မိန့်ကြားတော်မူခဲ့လေပြီ။

သက္ကစ္စံ၊ အလှူပစ္စည်းကို သပ်သပ် ရပ်ရပ် မွန်မွန် မြတ်မြတ် ရိုရိုသေသေပူဇော်၍။ ဒါနံဒေထ၊ အလှူပေးကြပါ။

သဟာတ္တာ၊ ကိုယ်တိုင် ကိုယ်တိုင် ကိုယ်ထိလက်ရောက်။ ဒါနံဒေထ၊ အလှူပေးကြပါ။

စိတ္တီကတွာ၊ အလှူခံပုဂ္ဂိုလ်ရဲ့အပေါ်မှာ လေးလေး မြတ်မြတ် ပြုပြီးတော့။ ဒါနံဒေထ၊ အလှူပေးကြပါ။

အနုပဝိဒ္ဓံ၊ ညံ့ဘဲ့ပစ္စည်းကို ရွေးမထုတ်ပဲနဲ့ မွန်မြတ်တဲ့ ပစ္စည်းကိုမှ ရွေးထုတ်ပြီးတော့။ ဒါနံဒေထ၊ အလှူပေးကြပါ။-လို့

အယသ္မာဂဝမ္ပတိ၊ အရှင်ဂဝံပတိမထေရ်သည်။ မနုဿလောကံ၊ လူ့လောကသို့။ အာဂန္တွာ၊ ပြန်လာခဲ့သည်ရှိသော်။ ဧဝံ၊ ဤသို့။ အာရောစေတိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

ပါယာသိသုတ္တန်တရားတော် အစအဆုံး အကုန်လုံး အပြီးတိုင် ရောက်ပါပြီ။

## တရားသိမ်း နိဂုံး ဆုတောင်းဂါထာ

သဒ္ဓိတံ မေ မဟာပုညံ၊ ဓမ္မဒေသနသဒ္ဓိတံ။

ဘေနသဗ္ဗေသုခါယန္တု၊ ဇာနလ္လင္ဂသမင်္ဂိနော။

မေ–မယာ၊ ဒေသက ဖြစ်သော တရားဟောဆရာ ငါသည်၊ ဓမ္မဒေသနသဒ္ဓိတံ၊ ပါယာသိသုတ္တန်ကို၊ ကိုးညတိုင်တိုင် ထုတ်ပြန်ကာ ဟောဆိုရခြင်းနှင့် စပ်ယှဉ်သော။ ယံမဟာပုညံ၊ အကြင်ဓမ္မဒါန–တရား အလှူဒါနည်းဟူသော ပုညကိရိယာထူးကို၊ သဒ္ဓိတံ၊ တရားလိုလားကြသည့် အမျိုးသား အမျိုးသမီးများ အဘွက် ကြိုးစား၍ ဆည်းပူးသိုက်ရပါပြီ၊ တုဒမှတိပိ၊ တရားချစ်ခင် စိတ်ကောင်း ဝင်ကြကုန်သော သင်သူတော်စင် ပရိသတ် အပေါင်းတို့သည်လည်း၊ ယံမဟာပုညံ၊ အကြင်ဓမ္မသဝန–တရားနာကြရတဲ့ ဘာဝနာမယပုညကိရိယာ ကုသိုလ်ထူးကို။ သဒ္ဓိတံ၊ ကောင်းစွာမသေ့ ဆည်းပူးမိကြပါပြီ။

ဘေန၊ ထိုသို့ဆည်းပူး ဓမ္မဒါန ဓမ္မသဝန ဘာဝနာမယ ပုညကိရိယာ ကုသိုလ်ထူးကြောင့်။ သဗ္ဗေ၊ လူအရပ်ရပ် နတ် အဖြာဖြာ ဗြဟ္မာမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော၊ ဇနာ၊ တရားနာ ပရိသတ်နှင့်တကွ သတ္တဝါဟူ နတ်လူဗြဟ္မာ ပေါင်းများစွာတို့သည်၊ လ္လင္ဂသမင်္ဂိနော၊ မိမိတို့ လိုလားတောင့်တအပ်သော ကောင်းကျိုးချမ်းသာ လ္လင္ဂအထွေထွေ ကြက်သရေမင်္ဂလာ အပေါင်းတို့နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍။ သုခါယန္တု၊ ယနေ့ကစ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် စိတ်ရွှင်လန်း၍ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိအောင်မူကြပါစေကုန်သတည်း။

''သာဓု–သာဓု–သာဓုပါဘုရား။

စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မ သီတဂူချောင်

# သဲကုန်းဆရာတော် အရှင်ဉာဏိဿရ

၏

## သီတဂူ တရားဓမ္မ စာအုပ်များ


| သီတဂူစာအုပ် အမှတ်စဉ် | တရားတော် စာအုပ်အမည် | တန်ဖိုး |
|---|---|---|
| ၁။ | ဒါရုက္ခန္ဓောပမာသုတ္တန်တရားတော် | ၁၀ ကျပ် |
| ၂။ | အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန်တရားတော် | ၁၂ ကျပ် |
| ၃။ | အာနာပါန သတိပဋ္ဌာန်တရားတော်(အုပ်ကြီး) | ၁၂ ကျပ် |
| ၄။ | ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရားတော် | ၁၂ ကျပ် |
| ၅။ | သက္ကပဥှသုတ္တန်တရားတော် | ၂၀ ကျပ် |
| ၆။ | ဝိဇယသုတ္တန်တရားတော် | ၂၅ ကျပ် |
| ၇။ | ဖေဏပိဏ္ဍူပမသုတ္တန်တရားတော် | ၃၀ ကျပ် |
| ၈။ | စူဠဝေဒလ္လသုတ္တန်တရားတော် | ၂၅ ကျပ် |
| ၉။ | မေတ္တာသုတ္တန်တရားတော် | ၈ ကျပ် |
| ၁၀။ | ဗောဇ္ဈင်္ဂသုတ္တန်တရားတော် | ၅ ကျပ် |
| ၁၁။ | နိယာမငါးပါးနှင့် အနတ္တတရားတော် | ၁၀ ကျပ် |
| ၁၂။ | သိင်္ဂါလသုတ္တန်တရားတော် | ၂၀ ကျပ် |
| ၁၃။ | ဘဝတန်ဖိုးတရားတော် | ၃ ကျပ် |
| ၁၄။ | တိရိယပဗ္ဗတထေရအပဒါန်တရားတော် | ၆ ကျပ် |
| ၁၅။ | သာသနာကွယ်ကြောင်းတရားအပေါင်း | ၃ ကျပ် |
| ၁၆။ | မာတုဝိဘဇနသုတ္တန်တရားတော် | ၈ ကျပ် |
| ၁၇။ | ပဆာဘဝသုတ္တန်တရားတော် | ၁၅ ကျပ် |
| ၁၈။ | ဘာဝိတ အဘာဝိတ သုတ္တန်တရားတော် | ၅ ကျပ် |

| အမှတ်စဉ် | စာအုပ်အမည် | တန်ဖိုး |
|---|---|---|
| ၁၉။ | အနှစ်ကိုးပါးတရားတော် | ၁၀ ကျပ် |
| ၂၀။ | အပ္ပမာဒ တရားတော် | ၄ ကျပ် |
| ၂၁။ | ဗုဒ္ဓါဘိသေက မင်္ဂလာတရားတော် | ၅ ကျပ် |
| ၂၂။ | သစ္စာတရား | ၄ ကျပ် |
| ၂၃။ | ဗုဒ္ဓဘာသာ၏ အနှစ်သာရတရားတော် | ၅ ကျပ် |
| ၂၄။ | နိဗ္ဗကောင်းမှုတရားတော် | ၆ ကျပ် |
| ၂၅။ | သာသနာပြုတရားတော် | ၃ ကျပ် |
| ၂၆။ | သံဝေဇနီယသုတ္တန်တရားတော် | ၁၀ ကျပ် |
| ၂၇။ | သရဏဂုံတရားတော် | ၇ ကျပ် |
| ၂၈။ | ဗဟုပုတ္တိကာ သောဏာထေရီ အပဒါန်တရားတော် | ၆ ကျပ် |
| ၂၉။ | ညီတော်အာနန္ဒာ | ၆ ကျပ် |
| ၃၀။ | ဗုဒ္ဓဝါဒ အခြေခံသဘောတရားများ | ၂၀ ကျပ် |
| ၃၁။ | ပါယာသိသုတ္တန်တရားတော် | ၂၅ ကျပ် |

**သီတဂူတရားဓမ္မစာအုပ် ဖြန့်ချိရေးဌာန**

[၁] ဦးညွန့်တင်၊ ရွှေလဝင်းပရိက္ခရာဆိုင်၊
သကျသီဟဘုရားအနောက်ဘက်၊ မန္တလေးမြို့။

[၂] ဓမ္မတေးဝိဇ္ဇာမိသားစု၊
အမှတ်—၁၈၂၊ မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့။

## အမြှတ်ဆုံးဒါန

ဤပါယာသိသုတ္တန် တရားတော် စာအုပ်ကို
ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် (၁၃၄) နေ
ဦးကျော်ခင်မြင့်၊ ဒေါ်ခင်ခင်စိန် နှင့် သားများက
မ,တည်ထားသော အလှူတော်ငွေဖြင့်
စိုက်ထုတ်၍၊ ဤ စာအုပ်မှ ဖြစ်ပေါ်လာသော
အကျိုးအမြှတ်များကို အောက်ဖော်ပြပါ
ဌာနများသို့ ခွဲဝေလှူဒါန်းမည်ဖြစ်ပါသည်။

(၁) လူမှုဝန်ထမ်းဝန်ကြီးဌာန လက်အောက်ရှိ
※ ကလေးပြုစုရေးဌာန (မိဘမဲ့ကလေးများ)
ချော်တွင်းကုန်း၊ ရန်ကုန်၊
※ အမျိုးသမီးရိပ်သာ ၊ ဝင်ဒါမီယာလမ်း၊ ရန်ကုန်၊
(၂) ခရစ်ယာန် သီလရှင်များ ၏ ဘိုးဘွားရိပ်သာ
သိမ်ဖြူလမ်း၊ ရန်ကုန်၊